www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com


၁၉၈၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင်
စတင်ထုတ်ဝေသည်

**ဝင်းငြိမ်း**

စီစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၈ နိုဝင်ဘာ ၂၀၁၈

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း

စာတည်း
လင်းနိုင်ဦး

အမှုဆောင် စာတည်း
မသီတာ(စမ်းချောင်း)

ရွှေပန်းချီ
ဖေညွန့်ဝေ၊ မုတ်သုံ
တင်ထွဏ်း၊
မြင့်မောင်ကျော်
မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဝဏ္ဏ၊ ဝင်းတင့်
မောင်နိုး၊ အောင်ကျော်
ဖေသစ်တည်၊ ထွန်းအံ့
စိုးသော်တာ၊ Win Iszudia

မျက်နှာဖုံးဓာတ်ပုံ
အောင်ဇော်
(Love Space
Photo Studio)

ရွှေဓာတ်ပုံ
အောင်ဇော်
(Love Space
Photo Studio), လင်းနိုင်ဦး

ရွှေဒီဇိုင်း
နိုင်ဇင်ထွန်း
ဖြိုးဦးပိုင်

ရွှေဓာစီဓာပြု
စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင် - ကျော်စိန်ဝင်း


၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# စာဖတ်သူသို့

ရွှေအမြုတေမဂ္ဂဇင်းကို စီစဉ်တည်းဖြတ်ခဲ့တာ ဒီလမှာ အရေအတွက်အားဖြင့် ၂၉ နှစ်ပြည့်မြောက်ခဲ့ပါပြီ။ တစ်စတစ်စ မဂ္ဂဇင်းများ လျော့ပါးလာပြီး အငှားဆိုင်စနစ် ပျက်သုဉ်းသွားချိန်မှာ ၂၉ နှစ်အထိ ရပ်တည်လာအောင် အားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်များကို ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ စတင်ထုတ်ဝေစဉ်က ပေါ့ပ်အသားပေး မဂ္ဂဇင်းတစ်စောင်အဖြစ် ထုတ်ဝေခဲ့ပေမဲ့ တဖြည်းဖြည်းချင်း ရသဦးစားပေးမဂ္ဂဇင်းအဖြစ် ကူးပြောင်းခဲ့ရာမှာလည်း ကျွန်တော့် စာဖတ်ပရိသတ်များက လက်ခံအားပေးခဲ့ကြတာကြောင့် အခုလို ၂၉ နှစ်ပြည့်တဲ့အထိ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ စာပေလောကကို ဝင်ရောက်လိုကြတဲ့ ဝါသနာရှင်များ ကလောင်သွေးနိုင်အောင် ရွှေအသစ်ဆိုတဲ့ကဏ္ဍကိုဖွင့်လှစ်ပြီး ဆရာမ မသီတာ(စမ်းချောင်း)ရဲ့ အကူအညီနဲ့ ကလောင်သစ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီအတွက် ဝင်ရောက်ကလောင်သွေးကြတဲ့ ကလောင်သစ်များ ပါဝင် ရေးသားပေးကြတဲ့ စာရေးဆရာ၊ စာရေးဆရာမ ကြီးငယ်များ အားလုံးကိုလည်း ကျေးဇူးမှတ်တမ်းတင်ပါတယ်။ စာပေလောကမှာ အောင်မြင်မှုမှတ်တိုင်လို့ဆိုရမယ့် အမျိုးသားစာပေဆုကိုလည်း ကျွန်တော့်ငယ်မွေးခြံပေါက်များက ရယူနိုင်တဲ့အထိ အောင်မြင်မှု ရခဲ့ကြပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်ဝမ်းသာဂုဏ်ယူရသလို ကြိုးစားရေးသားခဲ့ကြတဲ့ ဆရာ၊ ဆရာမများကိုလည်း လေးစားစွာ မှတ်တမ်းတင်ပါတယ်။ ရွှေအမြုတေမဂ္ဂဇင်းကို ၁၉၈၉ ခုနှစ်၊ ဇူလလိုင်က စတင်ထုတ်ဝေ ခဲ့တာဖြစ်လို့ အခု ၂၀၁၉ ခုနှစ် ဇူလိုင်လဆိုရင် ထုတ်ဝေတဲ့ကာလ နှစ် ၃၀ ပြည့်မြောက်ပါမယ်။ အဲဒီအတွက်လည်း အစီအစဉ်သစ်များနဲ့ ကျင်းပနိုင်ဖို့ အခုကတည်းက စဉ်းစားဆောင်ရွက်နေပါပြီ။ ကျွန်တော်နဲ့အတူ ဆရာ၊ ဆရာမများ ပါဝင်ဆင်နွှဲနိုင်ကြဖို့ ဖိတ်ခေါ်ပါတယ်။ စာပေလောကအတွက် နှစ် ၃၀ ရပ်တည်နိုင်တဲ့ မဂ္ဂဇင်းတစ်စောင်အဖြစ် အားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်များကိုလည်း လေးစားစွာ ကျေးဇူးတင်ရှိနေမှာဖြစ်ကြောင်း ၂၉ နှစ်ပြည့် အမှတ်တရအစီအစဉ်မှာ မှတ်တမ်းတင်ဖော်ပြပေးလိုက်ပါတယ်။

လေးစားစွာဖြင့် . . .

(ဝင်းငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၉ နှစ်ပြည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်



BURMESE CLASSIC .com


**ရွှေမင်းသား၊ ရွှေမင်းသမီး**

လင်းနိုင်ဦး ၄။
မင်းသမီးတွေဖွင့်တဲ့
မင်းသမီးပိုးထည်တိုက်

**One Minute Interview**

မနှင်းသျှ ၁၂။
မြင့်မြတ်၊ ထူးအယ်လင်း
Lဆိုင်းဇီ၊ ဖြူဖြူကျော်သိန်း
Lancifer

**အင်တာဗျူး**

လင်းနိုင်ဦး ၂၈။
အခြေအနေ အချိန်အခါ
အားလုံးတိုက်ဆိုင်လို့
ရိုက်ဖြစ်တာပါဆိုတဲ့
စိုးသူ

**လှုပ်ရှားမှုဝန်းကျင်**

လင်းနိုင်ဦး ၂၂။
၉၈ နှစ်ပြည့်
မြန်မာ့
ရုပ်ရှင်နေ့နဲ့
၅၅ ကြိမ်
မြောက်
ရုပ်ရှင်
သက်ကြီး
ပူဇော်ပွဲ

လင်းနိုင်ဦး ၃၄။
ရုပ်ရှင်၊ စာပေ၊
ဂီတသက်ကြီး
ပူဇော်ပွဲများအတွက်
မေတ္တာသင်္ဂဟအဖွဲ့ရဲ့
အလှူ

လင်းနိုင်ဦး ၄၄။
Orchestra နဲ့ပါ
တွဲဖက်ဖျော်ဖြေခဲ့တဲ့
Wai La Live in 360

**ဖူးငုံပွင့်သစ်**

၅၆။ မနှင်းသျှ
မိုးတွေ ရွာတဲ့နေ့မှာ
အနုပညာတွေ စခဲ့တဲ့
နွေဦး

၆၀။ မနှင်းသျှ
လူမျိုးခွဲစိတ်မရှိဘဲ
အားလုံးချစ်တဲ့
အနုပညာရှင်
ဖြစ်ချင်သူ

**ရွှေရုပ်ရှင်**

၃၈။ လင်းနိုင်ဦး
တောင်ကြီးရဲ့
အောင်ပန်းမှာ
ရိုက်ကူးခဲ့တဲ့
တရားလား

**နိုင်ငံတကာစာမျက်နှာ**

၄၈။ ဇာနည်ညီညီမိုး
အသက်မကြီးသေးပေါင်
မောင်ရယ်

**ရွှေနှလုံးသား**

၆၄။ သဲဈေးဦး
အရည်ပျော်သွားတဲ့
ချောကလက်

**အခန်းဆက်ဝတ္ထုရှည်**

၁၃၆။ ခင်ခင်ထူး
ဂျိုးပိန်

**ရွှေဝတ္ထုရှည်စ/ဆုံး**

၈၀။ မဓန္နာ
ထိုနေ့က
တက်သောကြောင့်
ကျသည်

၂၂၀။ ခင်သန္တာ
မိခင်... သောက


www.burmeseclassic.com

www.burmeseclassic.com

## ရွှေဝတ္ထု


**ကိုငြိမ်း (မန္တလေး)** ၉၂။
ဟိုဟိုဒီဒီ

**မနှင်းမွေ့** ၉၈။
နှောင်ဖွဲ့ခြင်း

**ထူးထူးသာ** ၁၀၆။
ရှိနေသေးတယ်
ရှိမနေဘူး

**ငွေဇင်ယော်ဦး** ၁၁၂။
(မိုးကုတ်)
သမီးလေးရေ...

**ချောဒီမာန် (မန္တလေး)** ၁၁၈။
မမြင်ရတဲ့ကြိုး

**ခန့်ညီဇေ** ၁၂၄။
ရွှေစည်တော်
လျော်ဂဏန်းပေး

**ဏကာရည်ကျော်** ၁၃၀။
ရင်...အမြုတေ

**လူခါး** ၁၄၄။
ပေါ်ပေါ်စီး
ဖတ်ဖတ်စား

**နေ (ပင်လယ်ပြာ)** ၁၅၀။
နွား ၂၆၀

**ဇေဦးယျာ** ၁၅၆။
မသန်းကြည်

**ရေအေး** ၁၆၂။
ပင်လယ်

**ဆေးဆေ** ၁၆၈။
စံနှန်းပျော်ရာ

**မြစ်ကျိုးအင်း** ၁၇၄။
အပြန်

**ကိုစက်ဇေ** ၁၈၂။
ပြောသူမဲ့ပုံပြင်


## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း


**မောင်ပုတ္တ** ၇၀။
သိလျက်ကယ်နှင့်



အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁ **Email: nyeinfamily@gmail.com**

မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ - ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)၊ ဗမ္ဗူတလူပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း (၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ဗမ္ဗူတလူစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၃၉၈၂၂၀၊ စာတိုက်သေတ္တာအမှတ် ၁၂၀၅ **E-mail: zabutalu@gmail.com**

**Available at : Wun Zinn**


## ရွှေအသစ်


၂၀၂။ ---------------
၂၀၈။ ---------------
၂၁၂။ ---------------


## ရွှေသုတ


၇၆။ **မောင်သန်းဆွေ** (ထားဝယ်)
ကျွန်တော့်မှာ...
ရည်းစားခြောက်ယောက်


## အက်ဆေးအကြောင်း

## အက်ဆေး


၁၈၈။ **မောင်ရင့်မာ** (ကျောင်းကုန်း)
ဝန်မြစ်ကမ်းနဖူး၌
ရေတွင်းတူးသူများ


## ရသစာတမ်း


၁၉၄။ **မင်းချမ်းမွန်**
နှောင်ငင်ကြိုးကလေး








www.burmeseclassic.com

www.burmeseclassic.com



စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊
စန္ဒီမြင့်လွင်နဲ့ စိုးပြည့်
သဇင်တို့ ညီအစ်မ
လေးယောက်ရဲ့ မင်းသမီး
ပိုးထည်တိုက်ကို
ရန်ကုန်မြို့ အင်းလျားမြိုင်
လမ်းမှာ ဖွင့်လှစ်
ရောင်းချပေးနေပြီ
ဖြစ်ပါတယ်။
ဆိုင်ကြော်ငြာအတွက်
အောင်ဇော်
Love Space ရဲ့
ဓာတ်ပုံတိုက်မှာ
ညီအစ်မ
လေးယောက်
ရိုက်ကူးတဲ့
ပုံများနဲ့ ဆရာ
ဦးဝင်းငြိမ်းက
ရွှေအမြုတေ
မျက်နှာဖုံး
အသုံးပြုချင်တယ်
ဆိုတာကြောင့်
ဒီလတော့
စိုးညီအစ်မလေး
ယောက်ရဲ့ပုံနဲ့
မျက်နှာဖုံးတွေ့ရမှာ
ဖြစ်ပါတယ်။ ဓာတ်
ပုံရိုက်တဲ့နေရာမှာပဲ

# မင်းသမီးတွေ ဖွင့်တဲ့ မင်းသမီး ပိုးထည်တိုက်

၂၉ နှစ်ပြည့်
ချယ်ရီမဂ္ဂဇင်း
အမှတ် ၃၄၄၊ နိုဝင်ဘာ၊ ၂၀၁၈

လင်းနိုင်ဦး

ဓာတ်ပုံ - အောင်ဇော် (Love Space Photo Studio)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ညီအစ်မလေးယောက်ကို ရွှေအမြုတေပရိသတ်များအတွက် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**မင်းသမီး ပိုးထည်တိုက်လို့ ဘာကြောင့်ပေးဖြစ်တာလဲ။ ဒီနာမည်ကို ဘယ်သူက စ,ပြောဖြစ်တာလဲ။**

ဒါကတော့ ကိုယ်ပဲရှိတယ်လေ။ ကျန်တာသာသုံးမရတာ၊ ဒီနာမည်ရွေးတာကျတော့ ကိုယ်က ရွေးပေးတာလေ။ **(မကြီးစိုး-စိုးမြတ်သူဇာ)**

**မင်းသမီးတွေဖြစ်လို့ 'မင်းသမီးပိုးထည်တိုက်' လို့ ပေးလိုက်တာလား။**

ဟုတ်ပါတယ်၊ အရိုးရှင်းဆုံးက အလှဆုံးပဲလေ။ မင်းသမီးတွေ စုပေါင်းဖွင့်တဲ့ဆိုင်ကို 'မင်းသမီးပိုးထည်တိုက်' လို့ နာမည်ပေးလိုက်တာပဲလေ။(မကြီးစိုး)

**ပိုးထည်ဆိုင်ဖွင့်ဖို့ ဘယ်လိုစိတ်ကူးဖြစ်တာလဲ။ ဒါက စိုးမြတ်နန္ဒာနဲ့ ပိုပြီး ဆိုင်သွားတာလား။**

ကိုယ်တွေက အဝတ်အစားကောင်းကောင်းတွေဝတ်ဖြစ်တော့ ပိုးထည်ဆိုင်ပဲဖွင့်ဖြစ်တာပေါ့။ ထမင်းဆိုင်ဖွင့်ဖို့တော့ ဘယ်ဖြစ်မှာလဲ။ ခေတ်ကာလက မတူတော့ ဒါဒါ တစ်ယောက်တည်း မဟုတ်တော့ဘူး။ အားလုံးစုစည်းပြီး ဖွင့်မှ ဖြစ်တော့မယ်။ ဒါကြောင့် ညီအစ်မလေးယောက် ပေါင်းပြီးဖွင့်ဖြစ်တာပါ။(မကြီးစိုး)

**ဒီနေ့ ရိုက်ကူးဖြစ်တဲ့ ဝတ်စုံကို ဘယ်လိုစိတ်ကူးနဲ့ ဘယ်လိုချုပ်ပြီးဝတ်ဖြစ်ကြတာလဲ။**

ဒါက မကြီးရွေးတာ။ မကြီးဒီဇိုင်း။ အောက်က ဝတ်ထားတာက ပုဆိုးလေးတွေ။ ပုဆိုးလေးတွေကိုမှ ထဘီချုပ်ပြီးတော့ ရှေးပုံစံလေးနဲ့ ဒီဇိုင်းထွင်လိုက်တာပေါ့။(ဒါဒါ-စိုးမြတ်နန္ဒာ)

**မဒါတို့ရဲ့ 'မင်းသမီးပိုးထည်တိုက်' မှာ ဘယ်လိုဝတ်စုံ၊ အထည်မျိုးတွေ ဝယ်လို့ရနိုင်မလဲ။**

မင်းသမီးတွေ ဝတ်လို့ရမယ့် ပိုးထည်တွေရော၊ အားလုံးဝတ်လို့ရမယ့် ပိုးထည်တွေရော၊ လူလတ်တန်းစားအားလုံး ဝတ်လို့ရမယ့် ပိုးထည်အထည်မျိုးစုံပါပါမယ်။ မြန်မာအမျိုးသမီးလေးတွေရဲ့ တန်ဖိုးအထားရဆုံး ပိုးစစ်ချိတ်တွေ ရှိမယ်။ အရောင်အသွေးစုံလင်ပြီး





www.burmeseclassic.com

www.burmeseclassic.com



ရှေးဆန်တဲ့ဒီဇိုင်း ဦးစားပေး ရောင်းချသွားမယ်။ မင်္ဂလာဆောင်များ၊ ပွဲတက်များအတွက် အားလုံးရပါမယ်။ ကိုယ့်မိဘတွေကို ဆင်တူအရောင်နဲ့ ပွဲတက်စေချင်တယ်ဆိုရင်လည်း ကိုယ်ကြိုက်တဲ့ ဒီဇိုင်းအရောင်ကိုဈေးနှုန်းချိုသာစွာနဲ့အော်ဒါမှာလို့ရပါတယ်။ အလှအပချစ်သူတွေအတွက် အလှအပဆုံးနဲ့ အသေသပ်ဆုံးဖြစ်အောင် မင်းသမီးတွေ ရောင်းချပေးသွားဖို့ ကြိုးစားနေပါတယ်။

**(ညီအစ်မလေးယောက်) ထူးထူးခြားခြား ဘယ်လိုအထည်တွေ ရနိုင်ဦးမှာလဲ။**

အဲဒါကတော့ ကြာပဝါလို့ ပြောလည်းရတယ်။ သီတင်းကျွတ်မှာ မိဘဆွေမျိုးတွေကို ကန်တော့ဖို့အတွက် ပိုးပုဆိုး၊ ပိုးစစ်ချိတ်၊ ကြာပဝါ၊ ပြင်သစ်ဇာအမျိုးမျိုးနဲ့ ကြာဇင်းမယ်တွေကိုလည်း ကတ္တီပါဘူး၊ ယွန်းဘူးတွေနဲ့ လှလှပပလေး ကန်တော့လို့ရအောင်၊ လက်ဆောင်ပေးလို့ရအောင် စီစဉ်ပေးထားပါတယ်။

လိပ်စာညွှန်းရမယ်ဆိုရင် အမှတ် ၃၉၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ပါ။**(ညီအစ်မလေးယောက်)**

**နောက်ထပ်ရော ဘာတွေရှိဦးမလဲ။**

အများကြီး၊ အများကြီးပါပဲ။ မင်းသမီးပိုးထည်တိုက်တံဆိပ်နဲ့ ကိုယ်ပိုင်ဒီဇိုင်း ဆေးရိုက်လေးတွေကိုလည်း ဈေးနှုန်းချိုသာစွာ ဝယ်ယူရနိုင်မှာ ဖြစ်ပါတယ်။ ရေလျှော်၊ မီးပူတိုက်လို့ရတဲ့ စက်ရက်ကန်းချိတ် လှလှလေးတွေလည်း ရပါမယ်။ ပိုးချည်သားပေါ်မှာ ပန်းဒီဇိုင်းလှလှလေးတွေ ထိုးထားတဲ့ Cotton Fabric လေးတွေလည်း အများကြီး ရောက်နေပါပြီ။ ဒီဇိုင်း တစ်မျိုးကို ၅ ရောင် ရှိတယ်။ ဒီဇိုင်း တစ်မျိုး တစ်ရောင်ကို ၁၅ ကိုက်တည်း ထုတ်ထားပါတယ်။ အပေါ် အောက် ဝမ်းဆက်လေးတွေကို ဒီဇိုင်းလှလှလေးတွေပဲ ထွင်ချုပ်မလား၊ ဘယ်လိုဝတ်ဝတ် အရမ်းလှပနေမှာ သေချာပါတယ်။ မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ချည်သားလေးမို့ နေ့ဘက်ပွဲတက်လို့လည်း အရမ်းအဆင်ပြေမှာပါ။ မင်းသမီးတွေ ရောင်းလို့၊ အင်းလျားမြိုင်မှာ ဖွင့်တာဖြစ်လို့ ဈေးကြီးမယ်လို့ မထင်သွားစေချင်ဘူး။ အားလုံးဝတ်လို့ရမယ့် အထည်မျိုးတွေ၊ ဈေးနှုန်းအသင့်အတင့် ၅၀၀၀၊ ၆၀၀၀ ကနေ စပြီးတော့ ဈေးကြီးတာတွေရော အကုန်လုံးရှိပါမယ်။ **(ညီအစ်မ လေးယောက်)**

**မကြီးစိုးက ညီအစ်မတွေရဲ့ Idol ကြီးပဲလား။ ကိုယ်တွေကိုယ်က အနုပညာဝါသနာပါလို့ ဖြစ်ခဲ့ကြတယ်လို့ ပြောမလား။**

မကြီးရှိလို့ စိုးမြတ်ကလျာ၊ စိုးမြတ်နန္ဒာ၊ စန္ဒီမြင့်လွင်၊ စိုးပြည့်သဇင် ဆိုပြီး ဖြစ်လာကြတာပါ။ မကြီးမရှိရင် သမီးတို့ မဖြစ်နိုင်ပါဘူး။ ဒီလိုဖြစ်ဖို့ ဒီလောက် ဘယ်လွယ်ကူပါ့မလဲ။ **(ဒီးဒီ -စန္ဒီမြင့်လွင်)**

**မကြီးရှိလို့ ပိုပြီး လွယ်ကူတယ်၊ အောင်မြင်သွားတယ်လို့ ပြောမလား။**

(ဒီအချိန်မှာ ညီအစ်မသုံးယောက်လုံးက ဟုတ်တာပေါ့လို့ ဖြေကြပါတယ်။) မကြီးစိုးကတော့ 'မကြီးကတော့ အဲဒီလို မမြင်ဘူး။ ညီအစ်မတွေအားလုံးမှာ မကြီးတို့ မမြင်နိုင်တဲ့ ကိုယ်ပိုင်အရည်အချင်းလေးတွေ ရှိကြတယ်။ ကိုယ်ပိုင်အစွမ်းအစတွေ ရှိကြတယ်။ မကြီးက ကိုယ့်ညီမတွေဖြစ်လို့ ရုပ်ရှင်လောကထဲ သွင်းလာတာတော့ မှန်ပါတယ်။ သို့ပေသိ သူတို့မှာ အရည်အချင်းမရှိဘူးဆိုရင် ဒီလောကမှာ ဒီနေ့ ဒီအချိန်ထိ မရပ်တည်နိုင်ဘူးပေါ့။ သူတို့မှာ ကိုယ်ပိုင်အရည်အချင်းလေးတွေ ကိုယ်စီ ရှိကြတယ်။ မကြီးတို့က ညီအစ်မတွေဆိုပေမဲ့



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်နဲ့တစ်ယောက်က အိုက်တင်တွေ မတူကြဘူး။ အိုက်တင်တွေမတူလို့လည်း ဒီလောကထဲမှာ ဒီလိုအလုပ် လုပ်လို့ ရတာပေါ့။ ကိုယ်ပိုင် အရည်အချင်းလေးတွေ ကိုယ်စီရှိကြလို့ ဒီလိုဆက်ပြီး လုပ်လို့ရတာပါ။ သူတို့မှာ အရည်အချင်းမရှိဘူးဆိုရင် ဒီနေရာမှာ သူတို့ရှိမနေပါဘူး။ မကြီးကြောင့်ဆိုတာထက် သူတို့ကိုယ်ပိုင်အရည်အချင်းကြောင့် ဒီနေရာမှာ ရှိနေကြတာပါ´လို့ ပြောခဲ့ပါတယ်။

**မကြီးစိုး အမြဲပြောနေကျစကား ရှိပါတယ်။ ညီအစ်မတွေကို ဘယ်လိုသရုပ်ဆောင်ရမယ်လို့ မသင်ပေးဘူး၊ မလွှမ်းမိုးဘူးလို့ ဘာကြောင့်ပြောတာလဲ။**

ဒါကတော့ ဟုတ်ပါတယ်၊ မကြီး မသင်ပေးဘူးဆိုတာက အိုက်တင်တွေကိုပြောတာပါ။ လူမှုဆက်ဆံရေးနဲ့ပတ်သက်တဲ့ အရာတွေကိုတော့ Guide Lineပြပေးတာပေါ့။ လူမှုဆက်ဆံရေးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတဲ့အကြောင်း ဒီလောကထဲ ဝင်လာတဲ့အချိန်မှာ မကြီးရဲ့ အတွေ့အကြုံအရ မကြီးသိသလောက်၊ တတ်သလောက် ပြောပြတယ်။ အိုက်တင်ပိုင်းနဲ့ ပတ်သက်ပြီး မကြီး မသင်ဘူးဆိုတာက မကြီးအိုက်တင်အတိုင်း ဖြစ်နေမှာ စိတ်ပူလို့ပါ။ ဒါဒါလည်း သူ့မှာ သူ့အိုက်တင်ရှိသလို သူ့ရဲ့အိုက်တင်ကို သူ့စိတ်ကြိုက်လုပ်ပါစေ။ ဒီးဒီဆိုလည်း သူ့အိုက်တင် သူရှိတယ်။ ဖင်ဖင်(စိုးပြည့်သဇင်)လည်း သူ့အိုက်တင်နဲ့သူပဲ။ အဲဒါကို မကြီးက ဒါဒါ ဒီလိုလုပ်ပါ၊ ဒီးဒီ ဒီလိုလုပ်ပါ၊ ဖင်ဖင် ဒီလိုလုပ်ပါလို့ မကြီး သင်ပေးလိုက်ရင်၊ မကြီးလုပ်ခိုင်းသလို သူတို့လိုက်လုပ်ရင် မကြီးအိုက်တင် သူတို့ကို လွှမ်းမိုးသွားလိမ့်မယ်။ အဲဒါကြောင့် မကြီးက အိုက်တင်နဲ့ပတ်သက်ပြီး မပြောခဲ့ဘူး။ ဖင်ဖင်လည်း သူ့အိုက်တင်နဲ့ သူလုပ်တတ်သလိုလုပ်လိုက် အဲဒါမှ သူ့အိုက်တင်ဖြစ်သွားမယ်လေ။ ဒီးဒီကိုဆိုရင်လည်း သမီးလုပ်တတ်သလို လုပ်လို့ပဲ ပြောထားတယ်။ အဲဒါကြောင့်လည်း သူတို့က မကြီးနဲ့လည်း မတူဘူး။ တစ်ယောက်တစ်မျိုးစီ ရှိကြတာလေ။

**သူတို့အားလုံးက ဖက်ရှင်မှာတော့ မကြီးကို ယှဉ်လို့ မရကြဘူးနော်။**

ဒါကတော့ ဒါပေါ့။ ဖက်ရှင်နဲ့ပတ်သက်ပြီးတော့တော့ မပြောချင်ပါဘူး။ ဒါက အားနည်းချက်လို့ ပြောမလား၊ အားသာချက်လို့ ပြောမလားပေါ့။ မကြီးကလည်း ဝါသနာပါတယ်။ မကြီး ဝတ်လိုက်ရင် မကြီးအသက်အရွယ်နဲ့ လိုက်ဖက်မယ့် အရောင်၊ ဝတ်စုံလေးတွေ စဉ်းစားတယ်။ မကြီး ကုန်ပစ္စည်းတစ်ခု ကြော်ငြာတော့မယ်ဆိုရင် ဒီဖက်ရှင်သည် ဘယ်အသက်



www.burmeseclassic.com



အရွယ် ဝတ်လို့ လှမယ့်ပစ္စည်းမျိုးလဲ။ မကြီး အမြဲစဉ်းစားပေးတယ်။ ကိုယ့်အတွက်ချည်းပဲ မဟုတ်ဘူး။ လုပ်ငန်းရှင်တွေအတွက်လည်း စဉ်းစားပေးတယ်။ အပြင်လူတွေလည်း လိုက်ဝတ်နိုင်တဲ့ ဖက်ရှင်မျိုးကို မကြီး စဉ်းစားပေးတယ်။ အဲဒါကြောင့် အပြင်လူတွေလည်း လိုက်ဝတ်တယ်။ လုပ်ငန်းရှင်လည်း ပိုပြီး ရောင်းရတာပေါ့။ မကြီးတို့ မင်းသမီးတွေနဲ့ လိုက်ဖက်တဲ့ဟာ၊ ကောင်းတာ ဝတ်လို့ရပေမဲ့ အပြင်လူ လိုက်မဝတ်နိုင်ဘူးဆိုရင် ရောင်းတဲ့သူက ရောင်းရမှာ မဟုတ်ဘူး။ အဲဒါမျိုးကို နံပါတ်တစ် ဦးစားပေးပြီး စဉ်းစားပေးတယ်။ အပြင်လူတွေအနေနဲ့ ဘယ်လိုဟာမျိုးကို လိုက်ဝတ်နိုင်မလဲ။ ရိုးရိုးပဲတွေးတာပါ။ **(မကြီးစိုး)**။

ဒါကတော့ ပညာနဲ့ သမ္မာနဲ့ဆိုင်တယ်။ မကြီးဝတ်လိုက်ရင် ဘယ်ဟာနဲ့မဆို လှတယ်။**(ခင်ခင်)**

**မကြီးစိုးက ဖက်ရှင်ရောင်းချသူကိုလည်း အကြံဉာဏ်ပေးတယ်၊ ရုပ်ရှင်ထုတ်လုပ်သူတွေကိုလည်း ကားကောင်းဖို့ ဇာတ်ညွှန်းကအစ မပြည့်စုံသေးဘူးဆိုရင် ကိုယ်တိုင် အိတ်စိုက်ပြီးတော့ ပိုပြီး ပြည့်စုံအောင် အနုပညာကြေး ထပ်ပေးပြီး ရေးစေတာမျိုးလည်း ရှိတယ်နော်။**

ဟုတ်တယ်၊ သူများကို အကြံပေးရတာ သိပ်ဝါသနာပါတယ်။ မကြီးက ကောင်းစေချင်တာပါ။ မကြီးပြောလိုက်လို့ မှားသွားမယ့်စကားမျိုးဆိုရင်တော့ မကြီးပြောချင်မှ ပြောဖြစ်မယ်။ ဒါပေမဲ့ ဖြစ်နိုင်ခြေရှိမယ့် ကိစ္စမျိုးဆိုရင်တော့ မကြီးက ပြောပြချင်တာပေါ့နော်။ ဒါလေးလုပ်လိုက်ရင်တော့ ကောင်းမယ်ထင်တယ်ပေါ့။ ဒါပေမဲ့ ကောင်းမယ်ဆိုတဲ့ကိစ္စက မကြီးတစ်ယောက်တည်းအတွက်ဆိုရင် ပြောဖြစ်မှာ မဟုတ်ဘူး။ မကြီးအတွက်လည်းအကျိုးရှိရမယ်။ မကြီးနဲ့အတူပါဝင်တဲ့သူတွေအတွက်လည်းအကျိုးရှိရမယ်။ ဒီဟာကို ထုတ်လုပ်သူအတွက်လည်းလ အကျိုးရှိရမယ်။ အဲဒီလိုအဘက်ဘက်က စဉ်းစားပေးတာပေါ့။ အိုကေမယ်ထင်လို့ မကြီးပြောပြတာပါ။

**မဒါက စ,ပြောပေးပါ။ မကြီးရဲ့ အားသာချက်ဆိုရင် ဘာလဲ။ မကြီးရဲ့ အားနည်းချက်ကရော။**

အားနည်းချက်တွေက များလိုက်တာ ဒီဆိုင်ဖွင့်တော့ ကိုယ်က အကြီးဆိုပေမဲ့ သူတို့ပဲ လုပ်ကြတာ။ ကိုယ်လည်း ဘာမှမလုပ်နိုင်ဘူး။ Follow လိုက်တာ။**(မကြီးစိုး)**

မကြီးက အားတွေပေးတယ်၊ ပြီးတော့ ဒီဇိုင်းတွေ ရွေးပေးတယ်။ ဒါပေမဲ့ မကြီးရွေးပေးတာကို ဒါဒါတို့က မကြိုက်ဘူးချည်း အော်ကြတာပဲ။ ဒါက ၄က်ရပ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်၊ အုတ်နီခဲတွေလို ဖြစ်နေတယ်။ ကိုယ်တွေက အုတ်နီခဲလို့ မြင်ကြပေမဲ့ မကြီးကတော့ အုတ်ကွက်လေးတွေလို့ ပြောတယ်။ **(ဒါဒါ)**

မကြီးကကျတော့ အကုန်လုံးပြောပြပေးတယ်။ စေတနာလည်း အရမ်းပါတယ်။ ညီအစ်မတွေကို အလုပ်လုပ်စေချင်တယ်။ တစ်ခုခုပေါ့နော်။ မကြီးရဲ့ အားသာချက်ပြောရမယ်ဆိုရင် အများကြီးပဲ။ အားနည်းချက်ကတော့ မပြောရဲပါဘူး။ **(ဒီးဒီ)**

မကြီးကတော့ ခေါင်းချုပ်ကြီးပေါ့နော်။ ဂိုဏ်းချုပ်ကြီးပေါ့နော်။ မဒါ ပြောသလိုမျိုး စိုးပြည့်တို့ကို အကုန်လုံးလည်း ပြောပြတယ်။ မကြီးက အလုပ်အရမ်းများတဲ့အခါကျတော့ ဒီနေ့ ဓာတ်ပုံရိုက်ဖို့အတွက်တောင် နောင်ချိုကနေ ပြန်လာပြီး ရိုက်ပေးတာ။ ဒီနေ့ လေယာဉ်နဲ့ပြန်လာပြီး မနက်ဖြန် ပြန်သွားမှာ။ အရမ်းပင်ပန်းနေပေမဲ့ ညီအစ်မတွေအတွက် တက်ကြွနေတာပါပဲ။**(ဇင်ဇင်)**

**ဒီညီအစ်မတွေအတွက် မကြီးက အစ်မကြီးလည်း ဟုတ်တယ်၊ အမေလိုလည်း ဟုတ်တယ်နော်။**

အမေလို့ပဲလေ။ ကြောက်လည်းကြောက်တယ်။ မကြီးဆူမှာ ကြောက်လို့ ပတ်ပြေးနေရတယ်။ မကြီးဆူမှာ အမြဲကြောက်နေရတယ်။ သမီးတို့က မကြီးဆိုရင် ချစ်ကြောက်ရိုသေပါပဲ။**(ဇင်ဇင်)**

သူတို့ကသာ အဲဒီလိုပြောတာ။ မကြီးက တစ်ခါမှလည်း မဆူမိပါဘူး။ သမီးတွေလို၊ ညီအစ်မတွေလိုပါပဲ။ သူတို့အလုပ်တွေလုပ်နေရင် ဝမ်းလည်းဝမ်းသာတယ်၊ ဝမ်းလည်းဝမ်းမသာဘူး။ ဝမ်းမသာဘူးဆိုတာက ဩော်… သူတို့တွေ စီးပွားရေးလုပ်နေတော့ ပင်များ ပင်ပန်းနေမလား။ အမြဲတမ်း အဲဒီလိုတွေးတယ်။ ဒီအသက်အရွယ် ရောက်နေကြပေမဲ့ သူတို့က အငယ်ဆိုတော့ သူတို့ ပင်ပန်းနေမလား အမြဲတမ်း တွေးမိတယ်။ တကယ်တော့ အသက်တွေက ကြီးနေကြပါပြီ။ **(မကြီးစိုး)**

ညီအစ်မလေးယောက်စလုံးက မေးသမျှတွေကို သူငယ်ချင်းတွေလိုပဲ တစ်ယောက်တစ်ပေါက် အားရပါးရ ပြောပြကြတာတွေကို ရွှေအမြုတေ ပရိသတ်များ အတွက် တင်ပြပေးလိုက်ပါတယ်။ လက်ဝတ်ရတနာများကို ဖွဲ့ထက်ရွှေဆိုင်က လာရောက်ဆင်မြန်းပေးပါတယ်။ မိတ်ကပ် ဂျိုဂျိုက အလှဆင်ပေးထားပြီး ဓာတ်ပုံများကို တစ်ယောက်ချင်းရော၊ လေးယောက်တွဲပါ စိတ်ရှည်ရှည် အချိန်ယူပြီး ရိုက်ကူးပေးခဲ့တဲ့ ကိုအောင်ဇော် (Love Space Photo Studio) ကို အထူး ကျေးဇူးတင်ပါတယ်။

■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြတ် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ကားများ ရုံတင်စိပ်နေပါတယ်။ ရုံတင်ကားတွေထဲမှာ ဟာသဇာတ်ပိုများတယ် ဆိုပေမဲ့ အက်ရှင်ဇာတ်ကြမ်းလည်း ပါသလို လူငယ်အချစ်၊ ဒရာမာလည်း ပါဝင်ပါတယ်။ "ကျွန်တော်တို့ သရုပ်ဆောင်တွေဆိုတာကတော့ အဓိကအနေနဲ့ ဇာတ်လမ်းကောင်းတွေကို စိစစ်ပြီး ရိုက်ကူးကြတာပါ။ ကျွန်တော်ကတော့ ဇာတ်ရုပ်အစုံ ရိုက်ကူးပါတယ်" လို့ မြင့်မြတ်က ပြောတဲ့အတိုင်း ဒီလထဲမှာ ဝင်လာပြန်တဲ့ သူ့ရဲ့ ရုံတင်ကားတစ်ကားက အချစ်၊ ဒရာမာ **မှော်ကျောက်စာ**ပါ။ မြင့်မြတ်နဲ့ **မှော်ကျောက်စာ** ရုပ်ရှင် အထူးပွဲမှာဆုံတွေ့သခိုက်…။

**မှော်ကျောက်စာက ဇာတ်လမ်းရော၊ ဇာတ်ရုပ်ရော ထူးခြားနေတော့ ရိုက်ကူးရေးတုန်းကရော ထူးခြားတာတွေ ရှိခဲ့လား။ သရုပ်ဆောင်အနေနဲ့ မဟုတ်ဘဲ ပါဝင်ခဲ့ရတာမျိုးပေါ့။**

အဲဒီကားက ညလုံးပေါက်တွေ ရိုက်ရတာများတယ်။ ရေဝေတောင်မှာ ရိုက်တဲ့အချိန်တုန်းက ကျွန်တော့် ဆင်းနိ မပါဘူး။ တခြားဆင်းနိတွေရိုက်တဲ့ အချိန် အဲဒီမှာ ယမ်းဖောက်တဲ့ ဦးလေးကြီးကလည်း သရုပ်ဆောင် ဝါသနာပါတယ်။ ပါတော့ သူပါ အဲဒီဆင်းနိမှာ ဝင်ရိုက်နေတော့ ယမ်းဖောက်မယ့်သူ မရှိဘူး။ ကဲ ဒါဆို ကျွန်တော်ဖောက်ပေးမယ်ဆိုပြီး ယမ်းတွေ ထိုင်ဖောက်ပေးခဲ့တယ်။ ဒီကားက အားလုံး ပင်ပင်ပန်းပန်းနဲ့ ရိုက်ခဲ့ရတဲ့ ကားတစ်ကားပါ။ Location ၆ နေရာမှာ ရိုက်ကူးထားတာပါ။ ရန်ကုန်၊ ပြင်ဦးလွင်၊ တောင်ဂူ ဦးဖိုးကျားဆင်

# တတ်နိုင်သလောက်တော့ သားတာဝန်ကျေခဲ့တဲ့ မြင့်မြတ်

မနိုးသူ

စခန်း၊ အင်းဝ၊ မန္တလေး၊ ချောင်းသာ။ အဓိကတော့ ပြင်ဦးလွင်များတယ်။

**သာမန် ဇာတ်ရုပ်နဲ့လည်း ကွဲထွက်နေတယ်။ နေရာ ၆ ခုမှာလည်း ရိုက်ကူးရတယ်ဆိုတော့ တခြားကားတွေထက် ပိုပင်ပန်းမယ့် ဇာတ်ကားလို့ ပြောလို့ရလား။**

သေချာတာပေါ့။ ရိုက်ကူးချိန်ကိုက တစ်လကိုး။ တစ်လမှာ ကျွန်တော် ထင်တယ်။ ည Scene ကချည်းပဲ ၁၅ ရက်လောက်ပါတယ်။ ဒီကားက နေ့၊ ည ဆက်ပြီး မိုးလင်းတွေချည်းပဲ ချထားတဲ့ကားပေါ့။ ကားတစ်ကားရဲ့ ကြိုးစားထားမှုကို လာကြည့်ကြည့်ရင် သိမှာပါ။

**ဒီကားကို လက်ခံရိုက်ကူး ဖြစ်တဲ့အချက်က…။**

ဒီဇာတ်ကားက ဇာတ်လမ်း အရမ်းကောင်းတယ်ဗျ၊ နောက်တစ်ခုက media 7 က ကိုရွှေမန်းက ကျွန်တော်နဲ့ ညီအစ်ကို လိုပဲဖြစ်နေတာလည်း ပါတာပေါ့။

**ကိုယ့်ကားတွေချည်းပဲ ဆက်တိုက်ရုံတင်ဖြစ်နေတဲ့ အပေါ်ရော ဘယ်လိုသဘောထားဖြစ်လဲ။**

ရုံတင်တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဟိုဘက်ရုံ၊ ဒီဘက်ရုံ ကိုယ့်ကားချည်းပဲ အပြိုင်တွေ တိုက်တာတော့ မကောင်းဘူးပေါ့။ ပြီးခဲ့တဲ့တစ်ခေါက်ဆိုရင် **ဝိညာဉ်စိမ်း** ရယ်။ **ငဒူ** ရယ်။ နောက် **ဘော်ဘော်ကထော်** ရယ်။ အဲဒီလို သုံးကားဆင့်တွေတောင် ရှိတယ်။ အရမ်းအန္တရာယ်များပါတယ်။ မကောင်းပါဘူး။ ရုံတင်ပေးတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အဲဒီလို ထိပ်တိုက်ကြီးတွေ အမြဲတမ်း တိုက်နေတာကျတော့ မကောင်းတာ ပိုများတာပေါ့။

**အခု မိသားစုဘဝလေးမှာရော သားလေးကို ဘယ်လို ထိန်းကျောင်းနေလဲ။**

ဒီကောင်က လောလောဆယ်တော့ နို့စို့လိုက်၊ သေးပေါက်လိုက်၊ ပြန်အိပ်လိုက်၊ နိုးလိုက်၊ နို့စို့လိုက်၊ ပြန်အိပ်လိုက်ပေါ့။ ဒီကောင်က နို့တအားဆွဲတော့ သူ့အမေနို့ မလောက်လို့ နို့ဘူးတိုက်ရတယ်။ ပျော်ဖို့ကောင်းတယ်ဗျ။ ကြည်နူးဖို့လည်း ကောင်းတယ်။ သေချာတာကတော့ အရင်တုန်းကဆို ရှုတင်ပြီးရင် အပေါင်းအသင်းတွေနဲ့ တောင်သွားလိုက်၊ မြောက်သွားလိုက်ပေါ့နော်။ စားလိုက်၊ သောက်လိုက်ရှိတာပေါ့။ အခုကတော့ အိမ်ပြန်ချင်တာပဲ များနေတယ်။ အဲဒါကတော့ သေချာတယ်။

**သားလေးက မြင့်မြတ်ကို ပြောင်းလဲစေခဲ့တယ်ပေါ့။**

အများကြီး ပြောင်းလဲစေတာပေါ့နော်။ အိမ်ပြန်ရင်လည်း တကယ်ကို အမောပြေစေပါတယ်။ သူနဲ့ဆော့နေရတော့ ပျော်တယ်။ ခရီးတွေသွားရရင် မိန်းမကို မလွမ်းဘူး။ သားကို ပိုလွမ်းတယ်။

**သားအတွက် ဘယ်လိုအဖေမျိုး ဖြစ်ချင်လဲ။**

ကျွန်တော်ကတော့ သူ့ကို တစ်ဘဝလုံး ပျော်ပျော်ရွှင်ရွှင်ထားချင်တယ်။ သူစိတ်ချမ်းသာရင်ပြီးရော ကျွန်တော်ကတော့ ဘာမဆိုလုပ်ပေးချင်တာပေါ့။ သူ ဘာဖြစ်ချင်လဲ၊



www.burmeseclassic.com

www.burmeseclassic.com



One Minute Interview

၂၉ နှစ်ပြည့် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၄၊ နိုဝင်ဘာ၊ ၂၀၁၈

# ကြုံရာဆုံရာ တစ်မိနစ်တာ

ဘာလုပ်ချင်လဲ၊ အကောင်းဆုံး ပုံပိုးပေးချင်တယ်။ ကျွန်တော်ကတော့ သူ့ကို စိတ်ချမ်းသာအောင်ပဲ အမြဲစဉ်းစားမှာဗျ။ ဆုံးမတာ၊ ဘာညာက သူ့အမေကိစ္စ။ကျွန်တော်ကတော့ မြှောက်ပေးဖို့ပဲ။

**သားလေးကို ရော နာမည်ပေးပြီးပြီလား။အခု ရော ဘယ်လိုခေါ်နေလဲ။**

နာမည်ကတော့ မပေးရသေးဘူး။ ပေးဖို့လုပ်နေတယ်။ တိုင်ပင်ပြီးတော့မှ ပေးမှာပါ။ ကျွန်တော်ပေးရင် ဒီကောင့်နာမည် ပရမ်းပတာတွေဖြစ်ကုန်မှာ။ အခုတော့ ကျွန်တော်က ဒီကောင့်ကို ဆရာကြီးလို့ ခေါ်တယ်။ ဆရာကြီးဆိုတာက ဒီကောင်နဲ့ကျွန်တော်က မွေးနေ့တူမွေးတာလေ။ အဲဒီနေ့က မီဒီယာတွေလည်း အများကြီး လာကြတယ်။ ကျွန်တော့်မွေးနေ့မှာ ကျွန်တော့် မွေးနေ့အကြောင်း ဘယ်သူမှ မမေးကြဘူး။ သူ့အကြောင်းပဲ အကုန်တန်းစီပြီး မေးသွားကြတာ။ ဟာ... ဒီကောင် မဆိုးဘူးပေါ့နော်။ မွေးတောင် မမွေးသေးဘူး။ မီဒီယာတွေ စောင့်နေကြတယ်ဆိုတော့ ဆရာကြီးပဲလို့။ ဒါနဲ့ပဲ ဆရာကြီးလို့ ခေါ်ဖြစ်တာ။

ကိုယ်တိုင်ဖခင်တစ်ယောက် မဖြစ်ခင်ကတည်းက ဖခင်မေတ္တာ နားလည်ထားခဲ့တဲ့ မြင့်မြတ်က "ကိုယ်တိုင်လည်း သားတာဝန်ကျေခဲ့ပါတယ်။ ကိုယ်တတ်နိုင်တဲ့ အနေအထားမှာတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်"လို့ ဆိုပါတယ်။ မြင့်မြတ်က လက်ရှိမှာလည်း ဒါရိုက်တာ ပွင့်သီဂီဇော် ရိုက်ကူးတဲ့ **ရည်းစားရွေးနည်း** ဇာတ်ကားထဲမှာ ပါဝင်သရုပ်ဆောင်နေတယ်လို့ သိရပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# သမီးလေးအတွက် သီချင်းအသစ်နဲ့ ထူးအယ်လင်း

မနိုးသူ

**ထူးအယ်လင်းက ဆိုင်ကယ်ချစ်သူအဖွဲ့နဲ့ အတူ ပရဟိတအလုပ်တွေ လုပ်ဖြစ်နေပြီး တကယ်လိုအပ်နေတဲ့ နယ်မြို့များက မူလွန်ကျောင်းလေးတွေမှာ လိုအပ်ချက်များကို ဖြည့်ဆည်းလှူဒါန်းပေးနေတာပါ။ ကားနဲ့သွားလို့မရဘဲ ဆိုင်ကယ်နဲ့သာသွားလို့ရတဲ့ နယ်မြို့တွေမှာ အများဆုံးလှူဖြစ်တာကြောင့် ရန်ကုန်မှာ သိပ်မဆုံဖြစ်တဲ့ ထူးအယ်လင်းနဲ့ ကရင်ပြည်နယ်၊ မင်းဖံကျေးရွာ ရေဘေးအလှူမှာ တွေ့ဆုံဖြစ်ခဲ့တာပါ။ ထူးအယ်လင်းက နှစ်လကျော်ကြာ ရေဘေးခံစားနေရတဲ့ မင်းဖံရွာလေးမှာ လိုအပ်နေတဲ့ စားသောက်ကုန်များနဲ့ ပါဝင်အားဖြည့် လှူဒါန်းခဲ့ပါတယ်။ အလှူအကြောင်း မေးမြန်းရင်း ထူးအယ်လင်းက ပိုစိတ်ဝင်စားဖွယ်ကောင်းတဲ့ ဂီတသက်တမ်း ၁၇ နှစ် ပြည့်အကြောင်းနဲ့ အနုပညာ လှုပ်ရှားမှုတွေကို ခုလို ပြောပြခဲ့ပါတယ်။**

**Special 9 ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတာ ပရိသတ်တွေကစိတ်ဝင်စားနေတယ်။ အသစ်အဆန်းလည်း ဖြစ်နေတယ်။**

ဟုတ်တယ်။ ကျွန်တော်ဘောက်ချာကျလို့လေ။

**ဒီဇာတ်ကားမှာပါဝင်ဖို့ ဘယ်အချက်က ထူးအယ်လင်းကို ဆွဲဆောင်သွားတာလဲ။**

သူတို့က ကျွန်တော့်ကို မြင်တာပေါ့။ ဒီလူက…။ ကန်တော့နော်။ Sorry ဗျာ။ ကျွန်တော်က ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ ဒီကောင် ဘာစောက်တလွဲတွေ လုပ်မလဲ မသိဘူးပေါ့။ ပြီးတော့ သူတို့က ကျွန်တော် သီချင်း ဆိုတာကိုလည်း နားမထောင်ဘဲလည်း မနေပြန်ဘူး။ ဘယ်သီချင်းကတော့ကောင်းတယ် ဆိုပြီး Comment တွေ ရေးကြတာပေါ့နော်။ ကျွန်တော်က ရယ်တာပေါ့နော်။ ဆဲတဲ့ကောင်တွေ လည်း တွေ့ပါတယ်။ ထား ပါဗျာ။ အဲဒါက ကျွန်တော်တို့နဲ့လည်း လိုင်းမတူပါဘူး။ ပြောချင်တာက ဒီလိုပါ။ သရုပ်ဆောင်ဖြစ်တယ်ဆိုတာကလည်း ယုန်လေးပါပဲ။ အဲဒီညီလေးက ပြောနေတာ ဒါပါနဲ့ဆို နှစ်ကား ရှိပြီ။ ဟော့ကောင်လို့ ငါပြေးလို့လည်း လွတ်မှာ မဟုတ်ဘူးလို့။ မင်းခဏခဏပြောနေတာ။ ရိုက်ကွာလို့၊ ဒါနဲ့ပဲ Special 9 မှာ ပါဝင်သရုပ်ဆောင်ဖြစ်သွားတာ။

**တကယ်တမ်း လုပ်ကြည့်လိုက်တော့…။**

လုပ်ကြည့်လိုက်တော့…။ ဒီလိုဗျ။ မိုက်ကရိုဖုန်းတွေ၊ မိုက်တွေ၊ ကင်မရာတွေဆိုတာက ကျွန်တော်တို့နဲ့တော့ မစိမ်းဘူး။ သို့သော်လည်း မရင်းနှီးပါဘူး။ ဒါပေမဲ့ MTV တွေမှာလည်း ကိုယ်က သရုပ်ဆောင်ဖူးတယ်ဆိုတော့ အစ်ကိုရေ အပြင်မှာနေတဲ့အတိုင်းပဲ။ အစ်ကို စိတ်ဆိုးရင်၊ စိတ်ဆိုးတဲ့အတိုင်းပဲဆိုတော့ ကျွန်တော် စဉ်းစားလိုက်တယ်။ ကလေးတွေဆော့ရင် တစ်ယောက်က ဆရာဝန်ကြီးလုပ်တယ်။ တစ်ယောက်က လူဆိုးလုပ်တယ်။ တစ်ယောက်က ရဲသားကြီး လုပ်ပြီးဆော့ကြတယ်။ ဒီတော့ ဒါက လူကြီးဆန်ဆန်ဆော့ကြတာ။ ကျွန်တော် အဲဒီလိုပဲ သဘောထားပြီးတော့ mood သွင်းလိုက်တယ်။ ဘာမှမထူးဆန်းဘူး။ ငါစိတ်ဆိုးပေးရမလား၊ ဆိုးပေးလိုက်တယ်။ပေါပေးရမလား၊ ပေါပေးလိုက်တယ်။ ရယ်ရမလား၊ မဲ့ပြုံရမလား။ သရုပ်ဆောင်တဲ့အပေါ်မှာ စိတ်ကလေးနှစ်ပြီးတော့ပဲ ကောင်းကောင်းမွန်မွန်ဆော့တယ်ပေါ့နော်။

**ကိုယ့် သရုပ်ဆောင်မှုကို ရုပ်ရှင်ရုံထဲမှာ ကိုယ်တိုင်ကြည့် လိုက်ရတဲ့ အချိန် ဖီလင်က…။**

ကျွန်တော် ရဲရဲမကြည့်ရဲဘူး။ ကျွန်တော်ရှက်လို့။ သူများတွေကကြည့်ပြီးတော့ ဟေး၊ ဟားနဲ့ အော်နေကြတဲ့ အချိန်မှာ ကျွန်တော် ခေါင်းကြီးငုံ့ထားရတယ်။ ရှက်လို့။

**သရုပ်ဆောင် mood ရော ဝင်သွားသေးလား။**

အဲဒါက ကျွန်တော့် မေဂျာ မဟုတ်ဘူးဗျ။ ကျွန်တော် အဲဒီဘက်ကိုတော့ စိတ်မဝင်စားပါဘူးဗျ။

**ပရိသတ်အတွက် ထူးအယ်လင်းရဲ့ သီချင်းအသစ်တွေရော ပေးဖို့ ရှိလား။**


ရှိတယ်ဗျ။ အခု ၂၀၁၈၊ နိုဝင်ဘာလ ၁၉ ရက်ဆိုရင် ကျွန်တော့်ရဲ့ အိန္ဒိယတယော သက်တမ်း ၁၇ နှစ်တိတိ ပြည့်တဲ့နေ့။ အဲဒီအချိန်မှာ နောက်ထပ် Solo Album တစ်ချပ်ထုတ်မယ်။ အဲဒါကိုလည်း *ဥယျာဉ်မှူး* လို့ နာမည်ပေးထားတယ်။ အဲဒီထဲမှာလည်း ကျွန်တော်ဆိုနေကျ သီချင်းစတိုင်လေးတွေပါပဲ။ ကိုယ်ဝတ်တဲ့ အင်္ကျီစတိုင်က ကိုယ့်စတိုင်ပဲလေနော်။ သူများတွေ ဘယ်လိုပဲ ဆန်းသစ်၊ ဆန်းသစ်။ ကျွန်တော်တို့ကတော့ တီရှပ်၊ ဂျင်းပင်န်ပါပဲ။

**အသက်အရွယ်အရ ပြောင်း**



www.burmeseclassic.com

www.burmeseclassic.com




၂၉ နှစ်ပြည့် ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# ကြုံရာဆုံရာ တစ်မိနစ်တာ

လဲမှုတွေတော့ပါမှာပေါ့။

အရင်တုန်းကလိုတော့ အချစ်အကြောင်းကိုတော့ အသည်းအသန်ကြီး အရူး အမူးတော့ မဆိုတော့ဘူး။ ဒါပေမဲ့ ကိုယ်လျှောက်နေတဲ့ ဂီတလမ်းမှာတော့ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေ၊ အဖြစ်အပျက်လေးတွေကိုတော့ သီချင်းအနေနဲ့တော့ ဆိုထားတာတွေရှိတယ်။

**ဥယျာဉ်မှူးဆို တာလေးကရော...။**

ဥယျာဉ်မှူးဆိုတာက တော့ ပန်းပင်လေးတွေ စိုက်ပျိုးရတယ်။ ပန်းလေးတွေကို စောင့်ရှောက်ရတယ်ပေါ့။ မိဘတွေကလည်း ဥယျာဉ်မှူးပဲလေ။ နိုင်ငံတော်သမ္မတ၊ အစိုးရဆိုတာလည်း ဥယျာဉ်မှူးပဲ။ အဲဒီသဘောလေးကို ရည်ရွယ်တယ်။ ပန်းလေးတစ်ပွင့်ဟာ ဥယျာဉ်မှူးလက်ထဲမှာ ရှင်သန်နေမယ်ဆိုရင် အမြဲလှပနေမယ်။ ပန်းလေးကိုကြိုက်လို့ ခိုးယူလို့ပဲဖြစ်ဖြစ်၊ ခူးယူလို့ပဲဖြစ်ဖြစ်၊ ဝယ်လို့ပဲဖြစ်ဖြစ် ယူသွားရင် အဲဒီလူလက်ထဲမှာ ပက်ပက်စက်စက်လှ ခုနစ်ရက်ပေါ့။ အချိန်တန်ရင် အမှိုက်ဖြစ်သွားတယ်ဆိုတဲ့ သဘောပေါ့။ အဲဒီ မက်ဆေ့ချ်လေး ပေးချင်တာ။

ထူးအယ်လင်းက ဥယျာဉ်မှူး သီချင်းကို သမီးကြီး ဖြူဖြူစင်စင်လင်းအတွက် ရည်ရွယ်သီဆိုထားတာဖြစ်ပြီး သီချင်းစာသားထဲမှာလည်း ဝေလက ဖြူဖြူစင်စင်လင်းနာမည်ကိုပါ ထည့်သွင်းရေးစပ်ပေးထားတယ်လို့ သိရပါတယ်။ ဝေလက ဒီသီချင်းကို ထူးအယ်လင်းအတွက် ၂၀၁၀ ခုနှစ်ကတည်းက ရေးစပ်ပေးထားတာဖြစ်ပေမဲ့ ထူးအယ်လင်းက ခုမှ သီဆိုဖြစ်တာလို့ ပြောပြခဲ့ပါတယ်။

■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# အမှတ်တရသီချင်းတွေနဲ့ ပြန်လာမယ့် L ဆိုင်းဇီ

မနိုးသူ

ကိုယ့်ခေတ်တစ်ခေတ် ထူထောင်နိုင်ခဲ့ပြီးမှ ရုတ်တရက် ပရိသတ်ရှေ့ကနေ ပျောက်သွားတဲ့ အဆိုတော်တွေထဲမှာ Lဆိုင်းဇီ လည်းတစ်ဦး အပါအဝင်ပါ။ Lဆိုင်းဇီရဲ့ သီချင်းတွေက အဆိုပြိုင်ပွဲအများစုမှာ နေရာယူခဲ့သလို ကိုယ်တိုင်လည်း ပြိုင်ပွဲတော်တော်များများမှာ ဒိုင်လူကြီးလုပ်ပေးခဲ့ဖူးတဲ့ Lဆိုင်းဇီက The X Factor အဆိုပြိုင်ပွဲမှာ ဒိုင်လူကြီးအဖြစ် ပြန်ထွက်လာပါတယ်။ သီချင်းခွေတွေလည်း ပြန်လုပ်နေတယ်ဆိုတဲ့ Lဆိုင်းဇီနဲ့ တွေ့ဖြစ်ခဲ့ပါတယ်။ 'အပျိုကြီးကို အချစ်ရေး မေးရမယ်ကွာ' လို့ ကိုယ်ဆိုတော့ 'အဲဒါ မပါကြေးကွာ' လို့ဆိုပေမဲ့ မေးတော့လည်း ဖြေပေးခဲ့တဲ့ Lဆိုင်းဇီပါ။

**The X Factor မှာ ပြန်လုပ်ပေးနေတယ်နော်။ ဘာကြောင့်လဲ။**

အမှန်အတိုင်း ပြောရရင် ညီမဆုတောင်းတယ်။ ဒီဟာကို လုပ်သင့်၊ မလုပ်သင့်ပေါ့။ အရင်ကတော့ အများကြီး လုပ်ခဲ့တာလေ။ လုပ်ရင်ကောင်းမလား၊ မကောင်းလား စဉ်းစားရင်း၊ ဆုတောင်းရင်းက ဒါက ကိုယ့်အတွက် ဘုရားကပေးတာ ဖြစ်တယ်ဆိုပြီး ညီမ လုပ်ဖြစ်တာ။

**အရင်ကလည်း ပြိုင်ပွဲတွေမှာ ဒိုင်လုပ်ပေးဖူးတယ် ဆိုပေမဲ့ အခုတွေ့ရတဲ့ ဒီခေတ် လူငယ်တွေရဲ့ ပုံစံလေးတွေက ဘယ်လိုနေလဲ။**

ကောင်းပါတယ်။ ခု လူငယ်တွေက တော်ကြတာ ပဲလေနော်။ အဲ ဒီ ပြိုင် ပွဲ မှ ာ ဆို န ည် း တ ာ မ ဟု တ် ဘူ း ။ အ ယော က် တ စ် ထော င် ။ ထောင်ကမှ ရာ။ ရာကနေ ဆယ်။ ဆယ်ကနေမှ ခု။ ညီမဆို မိန်းကလေး သုံးယောက်ရွေးရတာပေါ့နော်။ ဒါပေမဲ့ အားလုံးကိုကြည့်တာ တချို့ဆို၊ အားလုံးကိုတော့ မဆိုလိုပါဘူးနော်။ တချို့ဆို Music ကို အရမ်းတော်ကြတယ်။ Music ကို ပိုင်နိုင်တယ်။ တူရိယာတစ်ခုခု ကျွမ်းကျင်စွာ တီးတတ်တယ်။ Notes တွေလည်း အရမ်းပိုင်ကြတာ တွေ့တယ်။ ညီမတို့ခေတ်နဲ့ မတူတော့ဘူး။ ခုခေတ်ကလေးတွေက အရမ်းတော်ကြသလို Talent လည်း အများကြီးရှိကြတယ်။

**ပြိုင်ပွဲမှာ မောင်လေးတွေက ဆိုင်းဇီကနေ မောင်လေးဆိုတာ အရမ်းကြိုက်သွားပြီလို့ ပြောလိုက်ရင် သူတို့ခများ သဘောတွေကျလို့။ မောင်လေးတွေကို ရော မှတ်ချက်ပေးရတာလား။**

မဟုတ်ပါဘူး အစ်မရယ်။ အဲဒါက သူတို့က Edit လုပ်ပြီး ဟာသအနေနဲ့ ထည့်တာပါ။ ညီမက အားလုံးကို တစ်ပြေးညီပါပဲ။ တကယ်က မောင်လေးတွေကို ကိုင်ရတာက ကိုဂရေဟာမ်ကိုင်တာ။ မိန်းကလေးတွေက တို့ကိုင်ရတာ။

**အခု သူတို့က ဘယ်လိုင်းတွေကို ပိုအားသာပြီး ပြိုင်ကြတာတွေ့ရလဲ။ အသံအားပြချင်တဲ့သူတွေလည်း တွေ့ရတော့ ဘယ်လို အကြံပြုချက်ပေးလဲ။**

ပေါ့ပ်များတယ်။ ပြီးတော့ အင်္ဂလိပ်သီချင်းတွေ သိပ်ပြိုင်ကြတာပဲ။ ပြီးတော့ တချို့လည်း အသံအား သိပ်ပြချင်တော့ အဲဒါနဲ့ပဲ ပြုတ်သွားတာတွေလည်း အများကြီးပဲ။ နမြောဖို့ အရမ်းကောင်းတယ်ပေါ့နော်။ ဖြစ်နိုင်ရင် တကယ့်ပြိုင်ပွဲကြီးကျမှပဲ ပညာပြပြီးဆိုတာကောင်းမယ်လို့ထင်တယ်။ ကြားဆင့်တွေမှာတော့ ကိုယ်လည်းပိုင်နိုင်ပြီး ပရိသတ်လည်းသဘောကျ၊ ဒိုင်တွေလည်း သဘောကျတဲ့သီချင်းမျိုး ရွေးချယ်ပြီး ပြိုင်တာ အကောင်းဆုံးပဲ။

**ကိုယ့်ရဲ့အနုပညာတွေ အကြောင်းလည်း ပြောပေးဦး။**

ဆိုင်းဇီ့ ညီမလေး လုပ်နေတဲ့ အခွေတစ်ခွေရှိတယ်။ သူရေးထားတဲ့ ကိုယ်ပိုင်သံစဉ်သီချင်းတွေလည်းပါမယ်။ အန်တီ အယ်လ်ခွန်းရီရဲ့ သီချင်းတွေကို ပြန်ဆိုထားတာပါ။ အဲဒီထဲမှာ ဆိုင်းဇီ ဝင်ဆိုထားပါတယ်။ အန်တီ အယ်လ်ခွန်းရီလည်းပါမယ်။ အိပ်မက်ဆုံရာ ၂၀၁၆ Winner မိုးသောက်ပါမယ်။ အစ်ကိုတစ်ဝမ်းကွဲ ဖိုးလရောင်ပါမယ်။ အခွေ Titleကို 'မိုးကောင်းကင်ခရီး' လို့ ပေးထားတယ်။ အန်တီအယ်လ်ခွန်းရီ အရမ်းအောင်မြင်ခဲ့တဲ့ သီချင်းတွေပါ။ နိုဝင်ဘာလ လောက် ထွက်မယ်။ အားပေးကြနော်။ အန်တီအယ်လ်ခွန်းရီသီချင်းတွေ လုပ်ဖြစ်တာက အခုကလေးတွေက မသိကြတော့ဘူးပေါ့နော်။ ကိုယ့်အဒေါ်သီချင်းတွေ ပြန်



www.burmeseclassic.com

www.burmeseclassic.com

One Minute Interview



အမှတ် ၃၄၄၊ နိုဝင်ဘာ၊ ၂၀၁၈

# ကြုံရာဆုံရာ တစ်မိနစ်တာ

ဖော်ထုတ်ချင်တာလည်းပါတယ်။ ကိုယ့်အဒေါ်နဲ့လည်း အမှတ်တရသီဆိုချင်တာပါတယ်။ ပြီးတော့ နောက်တစ်ခွေလည်း ၂၀၁၉ ခုနှစ်လောက်တော့ ထွက်မယ်။ အဲဒါကတော့ ညီမအဖေ လဆွန်ကျဲဝါရေးခဲ့တဲ့ သီချင်းတွေပေါ့။ လေယာဉ်ပျံ ၂ တို့၊ ပင်စင်ယူပါဦးတို့ စသဖြင့်ပေါ့။ **'လဆွန်ကျဲဝါ အမှတ်တရတေးများ'** ဆိုပြီးတော့ပေါ့။ သီချင်းအသစ်တွေလည်း လာမှာပါ။

**ဆိုင်းဇီသီချင်းလေးတွေနဲ့ မိန်းကလေးတွေ ချစ်ခဲ့ကြတယ်၊ လွမ်းခဲ့ကြရတယ်။ ကိုယ်တိုင်လည်း ချစ်ခဲ့ဖူးတာဆိုတော့ အခုအချစ်ကရော…။**

အခု အချစ်ကတော့ တည်ငြိမ်ရင့်ကျက်တဲ့ အချစ်ပေါ့နော်။ ငယ်ငယ်တုန်းကတော့ စိတ်တွေလှုပ်ရှားပြီးတော့မှ သဘောကျတဲ့အချစ်ပေါ့။ ခုချိန်မှာတော့လေ ကိုယ်က တည်ငြိမ်ရင့်ကျက်ပြီး နားလည်တဲ့ အချစ်မျိုးပဲ လိုချင်တယ်။ ဟိုးတုန်းကတော့ ကိုယ်က ကလေးဆိုတော့ လုပ်ချင်ရာလုပ်တာလေ။ အစ်မလည်း သိတဲ့အတိုင်းပဲ။ ခုတော့ အားလုံးရဲ့ အကြံဉာဏ်ယူတယ်။ ဘုရားဆုတောင်းတယ်။ ဆရာသမားတွေရဲ့ အကြံဉာဏ်လည်း ယူပြီးမှ အကောင်းဆုံး Selection ဆိုတာကို လုပ်တယ်။

Lဆိုင်းဇီက မကြာခင်ကမှ ဩစတြေးလျဖျော်ဖြေပွဲက ပြန်လာခဲ့တာဖြစ်ပြီး ဒီနှစ် သီတင်းကျွတ်မှာလည်း ဖျော်ဖြေပွဲတွေ လက်ခံထားပြီလို့ သိရပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းဖန်ခွက်လေးထဲ အနှစ်သာရရှိသော ရေတွေဖြည့်ချင်တဲ့ ဖြူဖြူကျော်သိန်း

**မန်းသူ**

'ဖြူဖြူ ပြည်ပက အနုပညာရှင်တွေနဲ့တွဲပြီး သူတို့နဲ့ အလုပ်လုပ်တယ်ဆိုတာ အစားထိုးပစ်တာ မဟုတ်ဘူး။ သူတို့ဆီကနေပါလာတဲ့၊ ကိုယ်နဲ့ အတွေးအမြင်မတူတဲ့ Idea တွေ၊ ဖန်တီးမှုအသစ်ကလေးတွေ၊ ဂီတအသစ်လေးတွေ၊ အသံအသစ်ကလေးတွေ၊ ဒါလေးတွေကို ကိုယ့်ရဲ့ဂီတရပ်ဝန်းထဲမှာ၊ ကိုယ့်ရဲ့ဖန်ခွက်ထဲမှာ ပေါ့နော်။ ကိုယ့်နိုင်ငံက ပြည်တွင်းဖန်ခွက်လေးထဲမှာ ပေါင်းစပ်ပြီးတော့ ဖြည့်လိုက်ခြင်းအားဖြင့် ရေလေးဟာ ပိုပြီးပြည့်လာမယ်။ ကြွယ်ဝလာမယ်။ ပိုလျှံလာမယ် အနှစ်သာရတွေ ပြည့်စုံသွားမယ်။ အမျိုးအမည်တွေ စုံသွားမယ်။ အဲဒီလို ခံယူချက်နဲ့ပဲ ဖြူဖြူ သူတို့နဲ့ အလုပ်လုပ်ပါတယ်' လို့ ပြောကြားလိုက်သူက တေးသံရှင် ဖြူဖြူကျော်သိန်းပါ။

ဖြူဖြူကျော်သိန်းက အမေရိကန်တေးသံရှင် Lancifer နဲ့တွဲပြီး *Storm* လို့အမည်ပေးထားတဲ့ Mini Album ကို ဖန်တီးလိုက်ပါတယ်။ ဂီတသက်တမ်း ၁၅ နှစ်ကျော်အတွင်းမှာ ထူးခြားမှုတစ်ခုမဟုတ်တစ်ခု ပေးလေ့ရှိတဲ့ ဖြူဖြူကျော်သိန်းရဲ့ ထူးခြားမှုတစ်ခုလို့လည်း ဖြစ်တာကြောင့် စိတ်ကူးသစ်၊ ဂီတသစ်၊ ဖန်တီးမှုသစ်တွေအတွက် ဖြူဖြူကို မေးခွန်းတွေနဲ့ တွေ့ဆုံမိတဲ့ အခါ…။

**အသံအနေအထားမတူတဲ့ လူနှစ်ယောက်တွဲဆိုရင် မတူတဲ့ key အတွက် ညှိရတယ်။ သူနဲ့မှာရော ဘယ်လိုညှိရတာတွေ ရှိမလဲ။**

အထွေအထူးတော့ အခက်အခဲမရှိဘူး မမရဲ့။ ဘာလို့ဆိုတော့ သူက Rapping ရွတ်တယ်။ ကိုယ်က မယ်လိုဒီ ဆိုတဲ့အခါမှာလည်း အခက်အခဲမရှိဘူး။ အတွဲသီချင်းမှာဆိုရင်လည်း ဖြူဖြူ ယူရမယ့်အပိုင်း၊ သူယူရမယ့်အပိုင်း သေချာခွဲခြားပေးထားတော့ တသီးတသန့် အခက်အခဲတော့ မရှိပါဘူး။ မှတ်မှတ်ရရတစ်ခုက ဘာရှိလဲဆိုတော့ ကိုယ့်မိခင်ဘာသာစကား မဟုတ်တဲ့အတွက်ကြောင့် ပြောရတဲ့နေရာမှာ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်နဲ့ အားပါးတရကြီး ပြောချလိုက်လို့ မရဘူးပေါ့နော်။ ဒါမျိုးလေးတော့ ရှိတာပေါ့။ *Staying the Love* သီချင်းဆိုရင် ကိုယ့်မှာ ကြိုးစားပြီးတော့ ငါ့ကို ဒီလိုလေး ရေးပေးပါလို့ ပြောတဲ့အချိန်မှာ သူရေးပေးလာတာက မြန်မာလိုရော၊ အင်္ဂလိပ်လိုရော လုံးဝကွက်တိထွက်တယ်ဆိုတော့ အရမ်းကျေနပ်ရတယ်။ နောက် အမှတ်တရတစ်ခု ဘာရှိသေးလဲဆိုတော့ သီချင်းတစ်ပုဒ်မှာ Tempo က ၁၃၀ ကနေ ၁၆၀ ကို တန်းကူးတဲ့ ဥစ္စာကို Recording မှာ တကယ်ကြီး တန်းဆိုရတာ။ Copy Paste တဲ့ Edit လုပ်ထည့်ထားတာ မဟုတ်ဘူး။ သူ့တောင်ပြောလိုက်မိသေးတယ်။ ငါ ၁၅ နှစ်တာလုံးဆိုတဲ့ အထဲမှာ ဒီသီချင်းက အခက်ခဲဆုံးပဲ။ ဒီလို Tempo ကို လူးပြီး၊ ကူးနေတဲ့ဟာမျိုး တစ်ခါမှ မဆိုဖူးဘူး။ ပြီးတော့ ရိုက်ကူးရေးဆိုရင်လည်း *တံခါးများ* ဆိုတဲ့ သီချင်းဆို သူတို့က သိပ္ပံကားလိုမျိုး ရိုက်ကြတာဆိုတော့ အေးဂျင့်ဖြူဖြူနဲ့ အေးဂျင့် Lancifer ဆိုပြီး ရိုက်ကြတယ်။ ဒါလေးတွေက အမှတ်တရပေါ့။

**မတူညီတဲ့ သူတို့ဆီက ဖြူဖြူ ဘာတွေရလိုက်လဲ။ ကိုယ့်ဆီကရော ဘာတွေပေးလိုက်ရလဲ။**

သူတို့တွေကလေ ရှိတာလေးနဲ့ အကောင်းဆုံးဖြစ်အောင်လို့ လုပ်တတ်တဲ့နေရာမှာ နည်းစနစ်ကျတယ်။ သူတို့ဆီမှာကျတော့လည်း ကျောင်းတွေ၊ သင်တန်းတွေ ရှိတာလည်း ပါတယ်။ Lighting တွေချိန်တာ၊ အယူအဆတွေ ထည့်တာ၊ Story Line စဉ်းစားတာ၊ အဲဒါတွေကအစ လုံးဝ မတူဘူး။ Edit ဆက်တဲ့အပိုင်းဆိုရင်လည်း သူတို့ကိုယ်တိုင်လုပ်ကြတယ်။ တကယ်တော့လည်း ဒီလိုလုပ်ဖို့ ဆုံးဖြတ်ရတယ်ဆိုတာက သိပ်တော့ လွယ်ကူလှတယ် မဟုတ်ဘူး။ ဘာအနှောင်အဖွဲ့မှ မရှိဘဲနဲ့၊ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းတွေ၊ ပိုက်ဆံရခြင်း၊ မရခြင်းတွေ ဘာကိုမှ ကြည့်စရာမလိုဘဲနဲ့၊ ဈေးကွက်တွေကြည့်စရာမလိုဘဲနဲ့၊ လူကြိုက်ခြင်း၊ မကြိုက်ခြင်းတွေ ကြည့်စရာမလိုဘဲနဲ့၊ ကိုယ်ဖြစ်ချင်တာ၊ လုပ်ချင်တာကို လွတ်လွတ်လပ်လပ် ပုံစံအသစ်၊ ဂီတအသစ်၊ Idea အသစ်တွေကို ပရိသတ်ကို ယူဆောင်ပြခွင့်ရလိုက်တယ်ဆိုတဲ့ အချက်ကမှ ဖြူဖြူအတွက် ပိုပြီးအရေးကြီးတယ်။ အဲဒါက သူများတွေ၊ အချို့သောသူတွေအတွက်က အရမ်းစွန့်စားရတဲ့ စွန့်စားမှုဖြစ်ကောင်းလည်း ဖြစ်နေလိမ့်မယ်။ မလုပ်ချင်တဲ့ အရာတစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်။ ဖြူ့အတွက်ကျတော့လည်း စွန့်စားရတာတော့ မှန်တယ်၊ ဒါပေမဲ့ အဲဒါလုပ်ရမှ



www.burmeseclassic.com

www.burmeseclassic.com

One Minute Interview



# ကြွေရာဆုံရာ တစ်မိနစ်တာ

၂၉ နှစ်ပြည့် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

ဖြစ်မယ်။ အရှေ့မှာထွက်ခဲ့တဲ့ နာမည်ကျုန်ခဲ့တဲ့ *April Fool* အခွေဆိုလည်း Main Stream လုံးဝမဟုတ်ခဲ့ဘူး။ မိန်းကလေးတစ်ယောက်အသည်းကွဲနေသည် တုန်းကလည်း အဲဒီခေတ်က Main Stream မဟုတ်ခဲ့ဘူး။ မိန်းကလေး ကိုယ်ပိုင်သံစဉ်ဆိုတာ လွန်ခဲ့တဲ့ ၆ နှစ်တုန်းက လုံးဝမဖြစ်နိုင်ဘူးလို့ ထင်ထားခဲ့ကြတဲ့အချိန်။ အခုပြန်ကြည့်တော့ အဲဒီလို မဟုတ်တော့ဘူး။ Main Stream ဖြစ်သွားပြီ။ အစ်မတို့ ညီမ ဖြူဖြူက လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက Main Stream မဟုတ်တာတွေပဲ လုပ်ခဲ့ဖူးတယ်။ စွန့်စားမှုဆန်ခဲ့တယ်။ ကိုယ့်အတွက်က အသစ်လို့ သူများ ထင်ထားတာတွေကို လုပ်ရတာ သိပ်ထွေထွေထူးထူး မဟုတ်တော့ဘူး။ ကိုယ့်အတွက်ကျတော့လည်း အရှေ့ကို အရမ်းပြေးနေတဲ့ ကမ္ဘာကြီးနဲ့ ယှဉ်ကြည့်ရင်ငါ အများကြီး နောက်ကျနေတယ်လို့ ခံစားရတယ်။ အမြဲအမီလိုက်နေရတယ်။ ကိုယ့်ထက်ရှေ့ပြေးတဲ့ ပရိသတ်တွေလည်း ရှိနေတာကိုး။ ကိုယ့်နောက်လိုက်မယ့် ပရိသတ်တွေကိုလည်း စာနာစိတ်နဲ့ စောင့်ကြည့်ပေးရတယ် ဆိုတော့ Mini Album အနေနဲ့ပဲ ဖြူဖြူထုတ်လိုက်တာပါ။

ဖြူဖြူကျော်သိန်းက *Storm(မုန်တိုင်း)* တေးစီးရီး Audio CD/VCD ထွက်အပြီးမှာ ၂၀၁၉ ခုနှစ်အတွက်လည်း ဂီတတွေက အသင့်နီးပါး ဖြစ်နေပါပြီ။ 'ဖြူဖြူက နိုင်ငံခြားသား ဂီတပညာရှင်နဲ့ Project က ဒီတစ်ခုတည်းပါ။ ဖြူဖြူ့လက်ထဲမှာ ကိုင်ထားတဲ့ Project တွေထဲမှာ မြန်မာအနုပညာရှင်တွေနဲ့ လုပ်ထားတာတွေက အများကြီးရှိတယ်။ ဘယ်သူမှ မသိသေးတဲ့ လူသစ်တွေနဲ့ လုပ်ထားတာတွေလည်းရှိတယ်။ ဖေဖော်ဝါရီလလောက်မှာ မှန်းထားတာဆိုရင် တေးရေး၊ တေးဆို ကော်ဘရာနဲ့ သူတစ်ကိုယ်တော်ရေးထားတဲ့ ကိုယ်ပိုင်သံစဉ်ခွေရှိမယ်'လို့ ပြောပြခဲ့ပါတယ်။ ■ **မန်းသူ**

www.burmeseclassic.com

www.burmeseclassic.com

# မြူးကြွ ရူးရှတဲ့ ဂီတတွေကို မြန်မာပရိသတ်နဲ့ မိတ်ဆက်ပေးချင်တဲ့ Lancifer

မန်းသူ

မြန်မာနိုင်ငံမှာ ထူးခြားတဲ့ Adventure Music တွေ ဖန်တီးချင်လို့ ရောက်လာတဲ့ အမေရိကန်တေးသံရှင် Lancifer က ဖြူဖြူကျော်သိန်း၊ မိစန္ဒီတို့နဲ့ သီချင်းတွေ အတူတကွ ဖန်တီးပြီး မြန်မာပရိသတ်နဲ့ တွေ့ဆုံနိုင်ဖို့ ကြိုးစားနေပါတယ်။ သင်္ကြန်မတိုင်ခင်ကမှ မိစန္ဒီနဲ့ *Hi 5* သီချင်းတစ်ပုဒ် ဖန်တီးထုတ်လုပ်ထားခဲ့ပြီးနောက် ဖြူဖြူကျော်သိန်းနဲ့ *Storm Mini Album* ထဲမှာ ပါဝင်သီဆိုထားပါတယ်။ မြန်မာစကားတွေလည်း သင်နေတဲ့ Lancifer က စာနယ်ဇင်းနဲ့ တွေ့ဆုံပွဲမှာ 'ကျွန်တော့် နာမည် Lancifer . မင်္ဂလာပါ၊ ချစ်တယ်၊ ကြိုက်တယ်၊ သဘောကျတယ်၊ လှတယ်' ဆိုတဲ့ စကားလုံးတွေနဲ့ နှုတ်ဆက်ပြီး ပျော်နေပါတယ်။ မြန်မာနိုင်ငံမှာ ဂီတတွေ စတင်လုပ်ဖြစ်ခဲ့ပုံကို Lancifer က ခုလို ပြောပြပါတယ်။

'လွန်ခဲ့တဲ့ ၄ နှစ်လောက်ကစပြီး ဖြူဖြူကျော်သိန်းနဲ့ လုပ်ဖြစ်တယ်။ ဖြူဖြူနဲ့က လွန်ခဲ့တဲ့ ၄ နှစ်လောက်က ထိုင်းနိုင်ငံ၊ မဲဆောက်မှာ လုပ်ခဲ့တဲ့ ထိုင်း-မြန်မာ ကုန်စည်ပြပွဲမှာ ဖျော်ဖြေရင်း တွေ့ခဲ့ကြတာပါ။ ဖြူဖြူက မိစန္ဒီနဲ့ ထပ်မိတ်ဆက်ပေးတယ်။ မိစန္ဒီက ကြင်နာတတ်တဲ့လူတစ်ယောက်၊ အလုပ်လုပ်ရတာလည်း ပျော်ရွှင်စရာကောင်းတယ်။ နောက်ပိုင်းမှာ Wonder Way တို့နဲ့လည်း လုပ်ဖြစ်တယ်။ သူကတော့ မြန်မာနိုင်ငံရောက်တာ ၃ နှစ် ရှိပါပြီ။ နောက်ထပ်ပြီးတော့လည်း ကျွန်တော်တို့နဲ့ အတူတွဲလုပ်မယ့်သူတွေ ရှိလာတယ်ပေါ့နော်။ အဲဒီအတွက်လည်း အများကြီး ပျော်မိပါတယ်'လို့ Lancifer က ဆိုပါတယ်။

'မြန်မာနိုင်ငံနဲ့ တခြားနိုင်ငံတွေမှာ ဂီတတွေလုပ်ရတာ အရမ်းပျော်စရာကောင်းပါတယ်။ ကျွန်တော်တို့ အမေရိကန်မှာကျတော့ ကန့်သတ်ချက်တွေရှိတယ်။ ဆိုလိုတာကလေ ကန့်သတ်ထားတယ်ဆိုတာက အစိုးရပိုင်းမှာ မဟုတ်ဘဲနဲ့ ဂီတပိုင်းမှာပေါ့နော်။ ကျွန်တော့်သူငယ်ချင်း Wonder Way ဆိုရင်လည်း သူတို့ဆီက ဂီတထုတ်တဲ့သူတွေဆီ သွားတယ်။ သူ့ရဲ့ Music ပုံစံအသစ်တွေကို သွားပြတယ်။ အဲဒီမှာ သူတို့က မင်း အဲဒီပုံစံနဲ့ မရဘူး။ လူတွေကြိုက်တဲ့ပုံစံမျိုး ချပြနိုင်မှ ပြန်လာခဲ့လို့ ပြောခံခဲ့ရတာမျိုး ရှိခဲ့တယ်။ သူ အခု မြန်မာနိုင်ငံမှာ Rap ပဲဆိုဆို၊ Hip Hop ပဲဆိုဆို ပရိသတ်က သူ့ကိုလက်ခံတာ တွေ့ရတယ်။ ဂစ်တာနဲ့ပဲဆိုဆို၊ တယောနဲ့ပဲဆိုဆို၊ ဆင်လိုပဲ အော်အော်၊ တက်ကြွတဲ့ Music ဆိုရင် ပရိသတ်က လက်ခံတာတွေ့ရတယ်။ အရမ်းပျော်ရွှင်ရပါတယ်။ ကျွန်တော်တို့ ဂီတကိုလည်း ချစ်ပါတယ်။ ဒီမှာ ဂီတကို လွတ်လွတ်လပ်လပ် လုပ်ရတာကို ကြိုက်ပါတယ်။ မိစန္ဒီနဲ့ ဖြူဖြူကျော်သိန်းကိုလည်း ခုလို ပရိသတ်နဲ့ တွေ့ဆုံဖို့ မိတ်ဆက်ပေးတဲ့အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်။ ရေဒီယိုမှာဆိုရင်တော့ Pop သီချင်းလောက်ပဲ လုပ်ခွင့်ရတာပါ။ အပြင်မှာတော့ တက်တက်ကြွကြွပုံစံ လုပ်ခွင့်ရှိတယ်။ တချို့ကတော့ ထင်လိမ့်မယ်။ အရမ်းရူးရှတဲ့ Music လို့။ ဒီလို မြူးမြူးကြွကြွ Music လေး လုပ်ခွင့်ရလို့လည်းကျေးဇူးတင်ပါတယ်'လို့လည်း Lancifer က ရင်ဖွင့်ပါတယ်။

'မြန်မာနိုင်ငံ ပရိသတ်အတွက် သီချင်းတွေ ဖန်တီးတဲ့နေရာမှာ တွေ့ရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကိုလည်း ပြောပြပါဦး' ဆိုတော့ Lancifer က 'ပထမဆုံးတွေ့တဲ့ အခက်အခဲကတော့ ဘာသာစကား အခက်အခဲပေါ့။ အခုလက်ရှိတော့ အဲဒါကို လေ့လာနေပါတယ်။ ပြဿနာနဲ့ အခက်အခဲတိုင်းမှာတော့အဖြေဆိုတာရှိတယ်။ ဂီတအတွက်ဆိုရင် ဖြူဖြူရှိတယ်။ ပြီးတော့ ထိုင်းနိုင်ငံကျောင်းက သီချင်းရေးဆရာရှိတယ်။မှတ်မှတ်ရရ ဆိုရင် Editing လုပ်တဲ့ညတွေဆိုရင် နောက်ကျမှ အိပ်ကြရတယ်။ ကျွန်တော်တို့ Energy တွေ သောက်ပြီး ဆက်လုပ်ခဲ့ကြတာ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါတွေဟာ စိန်ခေါ်မှု ဆိုပေမဲ့၊ အခက်အခဲတွေဆိုသော်ငြားလည်း ဂီတကို ဖန်တီးရတဲ့အတွက် ကျွန်တော်တို့ ပျော်ပါတယ်။ ဂီတကို ဆက်လုပ်သွားမှာပါ'လို့ ဆိုပါတယ်။

Lancifer နဲ့ ဖြူဖြူကျော်သိန်းရဲ့ *Storm* က Audio CD ရော၊ VCD ရော တစ်ပြိုင်နက် ဖြန့်ချိတာပါ။ ရိုက်ကူးရေးပိုင်းကိုလည်း ပရိသတ်စိတ်ဝင်စားဖွယ်ဖြစ်အောင် ထူးထူးခြားခြား စဉ်းစားရိုက်



www.burmeseclassic.com

www.burmeseclassic.com



One Minute Interview

၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# ကြုံရာဆုံရာ တစ်မိနစ်တာ

ကူးထားတယ်လို့ဆိုပါတယ်။ သီချင်းတွေ၊ ဂီတတွေကိုတော့ တကယ့်ကို မြူးမြူးကြွကြွနဲ့ တက်ကြွတဲ့ ဂီတတွေ ဖန်တီးထားတာကြောင့် ပရိသတ်တွေ ကောင်းကောင်း ခံစားပေးပါလို့လည်း Lanciferက ဆိုပါတယ်။

အခက်အခဲတွေ အများကြီးရှိပေမဲ့လည်း Lancifer ကတော့ ဂီတကို စိတ်မပျက်သေးပါဘူး။ အထူးသဖြင့် မြန်မာနိုင်ငံမှာ လုပ်ရတဲ့ ဂီတတွေကိုပါ။ မြန်မာနိုင်ငံက အခြားအနုပညာရှင်တွေနဲ့လည်း Lancifer က ပူးတွဲလုပ်ဆောင်ချင်နေပြီး ထပ်လုပ်မယ့် အစီအစဉ်တွေလည်း ရှိနေပါသေးတယ်။

‘ဖြူဖြူကျော်သိန်းဆိုရင် မြန်မာနိုင်ငံမှာ ဂီတနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ ဒီကိုလာတယ်။ သီချင်းတွေပူးပေါင်းသီဆိုကြတယ်။ ဂီတ တစ်စိတ်တစ်ပိုင်းတွေ ဖြစ်လာတယ်။အဲဒီလိုပဲ ကျွန်တော်တို့ ရှေ့ဆက်ပြီး ဂီတကို အတူတကွ ကြိုးစားသွားမှာပါ’လို့ ပြောပါတယ်။ Lancifer က ‘မြန်မာပရိသတ်ကြီးကိုလည်း ချစ်ပါတယ်။ အားပေးကြပါဦး။ ဝိုင်းဝန်းကူညီပေးကြတဲ့သူတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်’လို့ နှုတ်ဆက်ခဲ့ပါတယ်။ ■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com







# ၉၈ နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့နဲ့ ၅၅ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ

လင်းနိုင်ဦး

အောက်တိုဘာလ ၁၃ ရက်နေ့ကို မြန်မာ့ရုပ်ရှင်နေ့လို့ သတ်မှတ်ထားကြပြီး မြန်မာ့ရုပ်ရှင်နေ့မှာ ရုပ်ရှင်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ကျင်းပလေ့ ရှိပါတယ်။ ဒီနှစ်ဆိုရင် မြန်မာရုပ်ရှင်နေ့က ၉၈ နှစ်ပြည့် မြောက်လာပြီး သက်ကြီးပူဇော်ပွဲက ၅၅ ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၇ ခုနှစ်ကစလို့ မြန်မာ့ရုပ်ရှင်နေ့နဲ့ ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ ကျင်းပခဲ့ပါတယ်။ ဒီနှစ်မှာလည်း နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာပဲ ထပ်မံကျင်းပခဲ့တာ ဖြစ်ပါတယ်။

ပထမဦးစွာ ၉၈ နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားကို မနက် ၉ နာရီမှာ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီအစီအစဉ်မှာ နာယကကြီးများဖြစ်ကြတဲ့ စည်သူ ဗိုလ်ကလေးတင့်အောင်၊ ဦးစိန်တင်၊ ဦးညွန့်ဝင်း၊ စည်သူ ဒေါ်မြင့်မြင့်ခင်နဲ့ ဒေါ်စံရှားတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါတယ်။

၅၅ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အပေါ်ဆုံးထပ်မှာ ကျင်းပခဲ့တာဖြစ်ပြီး ပထမဆုံး အစီအစဉ်ကတော့ အကန်တော့ခံ သက်ကြီးအနုပညာရှင်များနဲ့ မိတ်ဆက်ပေးတာ ဖြစ်ပါတယ်။ သရုပ်ဆောင် မင်းသမီးလေးများက အဘိုး၊ အဘွား တစ်ဦးချင်းစီရဲ့ နောက်မှာ ရံပြီး မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီနောက် ပါဝင်လှူဒါန်းပေးကြတဲ့ အလှူငွေများကို လက်ခံပေးတဲ့အစီအစဉ် ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ အောက်တိုဘာလ ၃ ရက်နေ့က ကွယ်လွန်သွားခဲ့တဲ့ သရုပ်ဆောင် မင်းသွေးအတွက် ရည်စူးပြီး မင်းသွေးရဲ့ သူငယ်ချင်းများနဲ့ ချစ်ပရိသတ်များ လှူဒါန်းပေးကြတဲ့ အလှူငွေ ၄၅ သိန်းကို သရုပ်ဆောင် စည်ဖြိုးက ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဒါကြောင့် သက်ကြီးပူဇော်ပွဲမှာ မင်းသွေးအတွက် ရည်စူးပြီး လှူဒါန်းပေးကြတဲ့ အလှူငွေများကို ခွဲခြမ်းပြီး လှူပေးတာကြောင့် ဘိုးဘွားသက်ကြီး တစ်ဦးကို နှစ်သောင်းခွဲစီ လှူဒါန်းနိုင်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့ Love 2 Film Production က ဖုန်း ၇ လုံး မဲဖောက်ပေးခဲ့တာ ဖြစ်ပြီး ကံထူးခဲ့တဲ့ ဦးရွှေစင်၊ ဦးမောင်မောင်မြင့်၊ ဒေါ်ကြည်ကြည်ညွန့်၊ ဦးသန်းထွဋ်၊ ဦးရွှေဝင်း၊ ဦးမြင့်သိန်း၊ ဒေါ်နွဲ့နွဲ့စမ်းတို့ကို ပေးအပ်ခဲ့ရာ အားလုံးရဲ့ကိုယ်စား ဒေါ်နွဲ့နွဲ့စမ်းက လက်ခံရယူပေးခဲ့ပါတယ်။

ကန်တော့ခံ သက်ကြီးအနုပညာရှင်ကြီးများကို အလှူငွေကန်တော့တဲ့အစီအစဉ်မှာ သရုပ်ဆောင် ထူးသာက ကန်တော့ချိုးကို တိုင်ပေးခဲ့ပါတယ်။

'မြန်မာ့ရုပ်ရှင် စဉ်ဆက်မပြတ် တတ်သည့်ပညာ စေတနာဖြင့် ကျေးဇူးထမ်း



www.burmeseclassic.com



ရွက် ပေးလက်ဆောင်ကမ်း၊ ခရီးလမ်းဝယ်၊ မောပန်းချွေးသိပ်၊ မေးမိုတ်နားခို၊ ရွယ်အိုသက်ကြီး၊ မညည်းညူသေး၊ ချွေးဖြင့် ထုဆစ်၊ လောကသစ်ကို ပင်ပျိုကိုင်းခက်၊ ဖူးပွင့်ဆက်အောင်၊ ဦးဆောင်ရှေးရှု၊ ကျေးဇူးပြုသည့် ဂုဏဝယ၊ နှစ်ဖြာဝုဒ္ဓိ ပြည့်စုံဘိသား ဘိုးဘွားမိဘ ပူဇော်ကြပြီး ကာယဝစီ၊ မနောညီလျက်၊ အဥ္စလီစုံမိုး ရှိခိုးပါသည်' လို့ ရွတ်ဆိုပြီး ကန်တော့ခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ အဘိုးအဘွားတစ်ဦးချင်းစီကို အနုပညာရှင်များက ကိုယ်တိုင် အလှူငွေများနဲ့ လှူဖွယ်ပစ္စည်းများ လိုက်လံပေးအပ်ခဲ့ပါတယ်။ ကန်တော့ငွေနဲ့ ပစ္စည်းများ လှူဒါန်းပေးပြီးနောက် ကန်တော့ခံသက်ကြီးများကိုယ်စား စည်သူ ဗိုလ်ကလေးတင့်အောင်က ဆုပေးဩဝါဒစကား ပြန်လည်ပြောကြားခဲ့ပါတယ်။

ဒီနှစ်မှာတော့ ကန်တော့ခံသက်ကြီး ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ စုံစုံညီညီ လာရောက်ကန်တော့ခံခဲ့ကြသလို နာမည်ကြီး သရုပ်ဆောင်တော်တော်များများလည်း လာရောက်ကန်တော့ခဲ့ကြတာ တွေ့ခဲ့ရပါတယ်။


မြန်မာ့ရုပ်ရှင်နေ့နဲ့ ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အောင်မြင်စွာ ကျင်းပပြီးတဲ့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းရဲ့ ပီတိစကားကို မေးမြန်းကြည့်တဲ့အခါ 'ကျွန်တော်တို့က အနုပညာရှင်များကိုလည်း ကြိုးစားပြီး ဖိတ်ကြားခဲ့ပါတယ်။ သက်ကြီးပူဇော်ပွဲလုပ်ခဲ့တာ ၅၅ ကြိမ်မြောက်လည်း ရှိပါပြီ။ ရုပ်ရှင်နဲ့ ပတ်သက်လို့ အနုပညာရှင်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





များ စုံညီတာ နှစ်ပွဲရှိပါတယ်။ တစ်ပွဲကတော့ အကယ်ဒမီပေးပွဲပါ၊ ဒါကတော့ ပိုစုံလင်ပါတယ်။ ဒုတိယပွဲကတော့ ဒီသက်ကြီးပူဇော်ပွဲပေါ့။ ဒါကတော့ ပိုပြီး အနှစ်သာရပြည့်ဝပါတယ်။ ကိုယ့်ရဲ့ ဘိုးဘွားမိဘများကို ပူဇော်ကန်တော့ရတာ ဖြစ်လို့ပါ။ နောင် အမှုဆောင်အဆက်ဆက်နဲ့ လောကသားများကလည်း ဆက်လက်ထိန်းသိမ်းသွားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

'ဒီနေ့မှာတော့ ကျွန်တော်တို့ လှူနိုင်တာ တော်တော်များပါတယ်။ လှူတဲ့သူတွေက ထပ်ထပ် ထပ်ထပ် ပြီးဝင်လာတော့ ငွေသားအားဖြင့်ဆိုရင် တစ်ဦးကို နှစ်သိန်းခွဲ၊ သုံးသိန်းနီးပါးလောက် လှူဒါန်းနိုင်ပါတယ်။ ပစ္စည်းကိုတော့ တန်ဖိုးတွက်လို့ မရနိုင်ပါဘူး။ ပစ္စည်းတွေကများလို့ပါ။ ဒီနေ့ပွဲမှာ ပီတိဖြစ်စရာ အကောင်းဆုံးကတော့ သက်ကြီးတွေ တစ်ဦးနဲ့တစ်ဦး ဒီလိုပွဲမှာမှ ပြန်ဆုံတွေ့ခွင့်ရကြတာဖြစ်ပြီး ကိုယ့်ရဲ့ အနုပညာသားသမီးတွေနဲ့လည်း ဒီပွဲမှာမှ စုံစုံညီညီ ဆုံတွေ့ရတာဖြစ်လို့ အရမ်းဝမ်းသာနေကြပါတယ်။ ဒီမြင်ကွင်းတွေက စောစောက ကန်တော့လိုက်တဲ့ ငွေသား၊ ပစ္စည်းတွေထက် ပိုပြီးတန်ဖိုးရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ သက်ကြီးများကလည်း သူတို့လုပ်ဖော်ကိုင်ဖက်တွေနဲ့ တစ်နှစ်တစ်ခါ ပြန်ဆုံကြရတယ်။ ကျွန်တော်တို့ လူငယ်များကလည်း ကန်တော့ခွင့်ရကြတယ်။ တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းသယ်ဆောင်သွားရမယ့် ကောင်းသော အစီအစဉ်ပါ' လို့ပြောကြားခဲ့ ပါတယ်။

သက်ကြီးပူဇော်ပွဲအပြီးမှာ နောက်ထပ် ကျင်းပပေးတာကတော့ နိဗ္ဗာန်ဈေးအလှူပွဲပဲ ဖြစ်ပါတယ်။ သရုပ်ဆောင်များ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များ၊ စေတနာရှင်များက စားသောက်ဖွယ်ရာမျိုးစုံကို နိဗ္ဗာန်ဈေးလှူဒါန်းပေးကြတာဖြစ်လို့ ဟိုဆိုင်ကခေါ်၊ ဒီဆိုင်ကပေးနဲ့ ပျော်စရာကောင်းပြီး အစားအသောက်တွေ စုံစုံလင်လင် လှူဒါန်းပေးနိုင်တဲ့ အစီအစဉ်ဖြစ်ခဲ့ပါတယ်။

လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ မြန်မာ့ရုပ်ရှင်က နှစ် ၁၀၀ ပြည့်မြောက်တော့မှာဖြစ်လို့ နှစ် ၁၀၀ ပြည့် မြန်မာ့ရုပ်ရှင်နေ့အတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးတော့ အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပြုလုပ်ပေးသွားဖို့ ညှိနှိုင်းဆွေးနွေးနေကြတယ်လို့လည်း သိရပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




အခြေအနေ အချိန်အခါ

# အားလုံးတိုက်ဆိုင်လို့ ရိုက်ဖြစ်တာပါ ဆိုတဲ့ စိုးသူ

**လင်းနိုင်ဦး**

သရုပ်ဆောင်၊ အဆိုတော်၊ ဆရာဝန် စိုးသူက ၁၉၉၅ ခုနှစ်က **အောင်မြင်သောနေ့** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိခဲ့သူဖြစ်ပါတယ်။ အောင်မြင်တဲ့ တစ်ကိုယ်တော်တေးစီးရီးများလည်း ထွက်ရှိထားပါတယ်။ အိမ်ထောင်ပြုပြီးတဲ့နောက်ပိုင်းမှာတော့ အနုပညာအလုပ်တွေကို ၁၉ နှစ်ကျော်ကြာ နားလိုက်ပြီးမှ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးတဲ့ **တရားလား** ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ရိုက်ကူးခဲ့ပါတယ်။ စိုးသူနဲ့ ပြန်လည်လှုပ်ရှားဖြစ်တဲ့ အနုပညာအကြောင်းများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**'တရားလား' ဇာတ်ကားကို ပြန်ရိုက်တော့ ကိုပေါက်စ (စိုးသူ)ကို အရင်က အတူတွဲပြီး သရုပ်ဆောင်ခဲ့သူတွေရော၊ အားပေးခဲ့တဲ့ ပရိသတ်တွေရော၊ အခုတွဲ ဖက်သရုပ်ဆောင်တဲ့ သူတွေရောက ကိုပေါက်စ သရုပ်ဆောင်သွားတာကို သဘောကျကြတယ်တဲ့။ ကိုယ်တိုင်ရော အားရကျေနပ်မှုရှိခဲ့ရဲ့လား။**

ကိုယ်နဲ့ တွဲဖက်သရုပ်ဆောင်တဲ့သူတွေ သဘောကျတယ်ဆိုတော့ ပိုပြီး ကျေနပ်ရတာပေါ့။ သူတို့ အကောင်းမြင်တာလည်း ပါပါမယ်။ ရုပ်ရှင်ကို ၁၉ နှစ်ကျော်ပြီးမှ ပြန်ရိုက်ဖြစ်တယ်ဆိုတော့ ကျွန်တော့်မှာ တော်တော် တာဝန်ကြီးပါတယ်။

အရင်တုန်းက ဆောင်ရွက်ခဲ့တဲ့ အနုပညာကိစ္စအတွက်ရော အားလုံးက တာဝန်ကြီးတယ်။ အရွယ်အရလည်း ပိုပြီးတော့ အလေးအနက်ထားပြီးလုပ်ရမယ့် အခြေအနေဖြစ်နေတော့ အနန္တောအနန္တငါးပါးကို ဦးထိပ်ထားပြီးတော့ အစွမ်းဆောင်နိုင်ဆုံး လုပ်ခဲ့တာပါပဲ။ ဒီလိုလုပ်နိုင်ခဲ့တာ ကျွန်တော့် တစ်ယောက်တည်းကြောင့် မဟုတ်ပါဘူး။ ကျွန်တော့် ဖေဖေကလည်း 'မင်းနောက်မကျစေနဲ့၊ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်။ ကိုယ်က ပံ့ပိုးနိုင်အောင်လုပ်' လို့ အသိပေးတယ်။ မဒါ(စိုးမြတ်နန္ဒာ)ကလည်း 'ရှင် နောက်မကျစေနဲ့၊ အလုပ်လုပ်တာဖြစ်လို့ သေသေချာချာလေးလုပ်ပါ' လို့ တိုက်တွန်းတယ်။ ဒါရိုက်တာ ကျော်ဇော



www.burmeseclassic.com

www.burmeseclassic.com

လင်းကလည်း 'ဒါတွေ ဒါတွေ ဒီလို လိုချင်တယ်။ အစ်ကိုလုပ်ပေးပါ၊ အဲဒီလိုမဟုတ်ရင်တော့ မရဘူး။ ကိုပေါက်စရဲ့ အပြင်ကာရိုက်တာက နူးညံ့နေတော့ အဲဒီပုံစံနဲ့ မရဘူး။ စိုးသီဟရဲ့ ကာရိုက်တာက ဒီလို ဒီလို ရှိတယ်' ဆိုတာ ကြိုပြီးပြောထားလို့ပါ။

**ဆယ်စုနှစ် ၂ ခုလောက်တောင် သရုပ်ဆောင်အလုပ် မလုပ်ဖြစ်တာ ဇာတ်လမ်းမကြိုက်လို့လား ဒါမှမဟုတ် မရိုက်ချင်တော့လို့လား၊ မဆက်စပ်ဖြစ်တာလား။**

အကြောင်းမတိုက်ဆိုင်ဘူးပဲ ပြောရမှာပေါ့။ အဝေးရောက်နေတာဖြစ်တဲ့အတွက် ရုပ်ရှင်ရိုက်ဖို့ ဘယ်လိုမှ အကြောင်းတိုက်ဆိုင်မှု မရှိတော့ဘူး။ ဒီပြန်ရောက်လာတော့လည်း အမေ့နာရေးအတွက် ပြန်ရောက်လာတယ်။ ရွှေ့ပိုင်းမှာလာတုန်းကလည်း အမေ နေမကောင်းလို့ လာတယ်။ လာတဲ့အချိန်မှာ ကမ်းလှမ်းကြသူတွေရှိပေမဲ့ ဒီလို သေသေချာချာ ပြန်ရိုက်ဖို့ စိတ်မကူးမိတာလည်း ပါတယ်။ ကိုယ့်ဟာကိုယ်လည်း လုပ်ခဲ့တဲ့ ဇာတ်ရုပ်တွေပေါ်မှာ ပြန်ကြည့်ပြီးတော့ ဒီတစ်ခါမှာ မလုပ်ဖြစ်သေးတဲ့ ဇာတ်ရုပ်၊ အရွယ်နဲ့လိုက်တဲ့ ဇာတ်ရုပ်နဲ့ ကိုယ့်ဘက်က အဆင်သင့်ဖြစ်မှ ရိုက်ချင်လို့ပါ။ အခုတော့ အကုန်လုံး အကြောင်းတိုက်ဆိုင်လာတယ်။ ထုတ်လုပ်သူ ကိုထွန်းဦးကလည်း တိုက်တွန်းတာ ပါတယ်။

**ကြားထဲမှာ ကြော်ငြာတွေရော၊ ကားရိုက်တွေပါ ကမ်းလှမ်းကြတာတွေရှိပေမဲ့ ကိုပေါက်စက ဘာဖြစ်လို့သိပ်မရိုက်ဖြစ်တာလဲ။**

မေမေကွယ်လွန်ပြီးတဲ့ နောက်ပိုင်း ပထမဦးဆုံး ရန်ကုန်မှာ တစ်ကိုယ်တော်ရှိုး ဆိုတဲ့အချိန် မတိုင်ခင်နဲ့ ဆိုပြီး





www.burmeseclassic.com

www.burmeseclassic.com

တဲ့အချိန်တွေမှာ ကြော်ငြာနည်းနည်း ရိုက်ဖြစ်တယ်။ သီချင်းတွေ ရိုက်ဖြစ်တယ်။ အဲဒီအချိန် တီးဝိုင်းက ညီအစ်ကိုတွေနဲ့ သီချင်းတွေပို လုပ်ဖြစ်တော့ သီချင်းတွေဘက်ရောက်သွားတာလည်း ပါတာပေါ့။ သရုပ်ဆောင်မှု ကမ်းလှမ်းကြပေမဲ့ လည်း ဒီအရွယ်နဲ့လိုက်တဲ့ ဇာတ်ရုပ်မျိုး မတိုက်ဆိုင်ဘူးလို့ ထင်လို့မရိုက်ဖြစ်တာပါ။ အဓိက,ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် အဆင်သင့် မဖြစ်သေးဘူးလို့ထင်နေတာပေါ့။ အခုနောက်ပိုင်းကျတော့ တဖြည်းဖြည်းစဉ်းစားပြီး ပြန်လုပ်ဖို့သဘောပေါက်လာတယ်။

**အခု ရိုက်ဖြစ်သွားတာ အကြောင်းတိုက်ဆိုင်တာလား၊ တိုက်တွန်းကြလို့လား၊ ကိုယ်က လုပ်ချင်နေတဲ့အချိန် ဖြစ်သွားလို့လား။**

အကြောင်းတိုက်ဆိုင်တာလို့ ပြောလို့ရပါတယ်။ ပရိသတ်ကလည်း ကျွန်တော့်ကို ပြန်ရိုက်စေချင်တယ်။ ကျွန်တော်ကလည်း အမှတ်တရနဲ့ ပရိသတ်အတွက် ထူးထူးခြားခြားဖြစ်မယ့် အနုပညာပစ္စည်းလေးတွေ ထုတ်လုပ်တင်ပြချင်စိတ်ရှိတယ်။ ဇာတ်ရုပ်နဲ့လည်း လိုက်ဖက်တယ်၊ ပြေတီဦး၊ ဝတ်မှုံရွှေရည်တို့နဲ့လည်း တွဲဖက်ပြီး ရိုက်ရမှာ ဖြစ်လို့ပါ။

**အတူ လက်တွဲသရုပ်ဆောင်နေတဲ့သူတွေကရော ဘယ်လိုတွေ ကြိုဆိုကြလဲ။**

အဲဒါကတော့ အကုန်လုံးပါပဲ။ တီတီ(ပြေတီဦး)၊ ကစ်ကစ်(ဝတ်မှုံရွှေရည်)၊ ကိုငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ယွန်းရွှေရည်၊ နန္ဒကျော်စွာ၊ ကိုဟိန်းမင်းတို့ အကုန်လုံး၊ အကုန်လုံး ကူညီပေးကြလို့ပါ။ ဒါကြောင့်လည်း အဆင်ပြေပြေနဲ့ လုပ်နိုင်ခဲ့တယ် ထင်ပါတယ်။

**၁၉ နှစ်ကျော်ပြီးမှ ပြန်ရိုက်ရတော့ ကာရိုက်တာ အတွက် အသစ်လိုဖြစ်နေတာ ပြန်ပြီးနွှေးရသေးလား။**

ကျွန်တော့်ခံစားချက်ကတော့ ဘယ်ကားမဆို အသစ်တစ်ယောက်လိုပဲ စိတ်ထားပြီး စွမ်းဆောင်နိုင်သလောက် အကောင်းဆုံး ကြိုးစားပြီး အားစိုက်လုပ်တာပါပဲ။ ဒါက ကျွန်တော့်တစ်ယောက်တည်း အယူအဆပါ။ ဇာတ်ကောင်စရိုက်ကိုတော့ ပြန်မွေးယူရတာပေါ့။

အောင်ပန်းကို ရောက်,ရောက်ချင်း ညမှာပဲ ဒါရိုက်တာကျော်ဓာလင်းက ကျွန်တော်လုပ်ရမယ့် စိုးသီဟ ဇာတ်ရုပ်ကို ဒီလို ဒီလိုလုပ်ဆိုပြီး အစမ်းတောင် အဲဒီညမှာ ရိုက်ကြည့်လိုက်သေးတယ်။ ကျွန်တော်ကလည်း ဒါရိုက်တာကို ပြန်ပြောလိုက်တယ်။ စိုးသူကိုတော့ ဟိုတယ်မှာ ချန်ထားရစ်ခဲ့ပြီး စိုးသီဟကိုပဲ လွှတ်လိုက်တော့မယ်။ အဲဒီလိုစိတ်နဲ့သွားပြီး ရိုက်ခဲ့တာပါ။

**ဒီကားမှာ ပြေတီဦးနဲ့ကအပြိုင်လို့ ပြောရတယ်။ နှစ်ယောက်စလုံးက စီးပွားရေး သမားလည်း ဖြစ်နေတယ်လေ။**

ဟုတ်ပါတယ်၊ စီးပွားရေးသမားနှစ်ယောက်ရဲ့ အပြင်းစားဇာတ်ရုပ်ပါ။ ဇာတ်ကောင်စရိုက်အရ ပြိုင်ရတာ ါ။

**အခုတစ်ကားရိုက်ပြီးပြီ ဆိုတော့ နောက်ကားတွေမှာ ကိုယ်လုပ်ချင်တဲ့ ဇာတ်ရုပ်မျိုးဖြစ်မယ်ဆိုရင် ဆက်ရိုက်ဖြစ်မှာလား။**

အားလုံး အဆင်သင့်ပဲ။ အကြောင်းတိုက်ဆိုင်တယ်ဆိုရင် ရိုက်ဖြစ်မှာပါပဲ။

**ကိုပေါက်စက သရုပ်ဆောင်အလုပ်ကို ပိုလုပ်ချင်တာလား၊**









www.burmeseclassic.com

www.burmeseclassic.com

**သီချင်းဆိုတာကို ပိုလုပ်ချင်တာလား။**

အရင်တုန်းကတော့ သီချင်းဆိုတာကို ပိုလုပ်ချင်တယ်။ အခုချိန်မှာတော့ သီချင်းဆိုတာကိုရော၊ ရုပ်ရှင်သရုပ်ဆောင် လုပ်ရတာကိုရော မျှမျှတတ လုပ်ဖြစ်လိမ့်မယ်ထင်တယ်။ အဲဒီလိုလည်း လုပ်ချင်စိတ်ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အများကြီး လုပ်ဖြစ်မှာ မဟုတ်လို့ပါ။ အဲဒီတော့ လုပ်တဲ့ဟာလေးကို သပ်သပ်ရပ်ရပ် လုပ်ချင်တယ်။

**တေးစီးရီးနဲ့ ပတ်သက်ပြီး လုပ်ထားတာတွေ ဘယ်တော့လောက် ထွက်လာနိုင်မလဲ။**

စီးရီးကတော့ တစ်ခွေထွက်ထားတယ်ပေါ့။ တစ်ခု ရှိတာက ကျွန်တော် အရင်တုန်းက ကိုယ်ပိုင်သံစဉ်ဆိုတာကို သေသေချာချာ ဂဃနဏ မသိဘူး။ ဆိုဖြစ်ခဲ့တာလည်း ကော်ပီသီချင်းတွေ များနေတာကိုး။ နောက်ပိုင်းကျတော့မှ ကိုယ်ပိုင်သံစဉ်ဟာ ကိုယ့်ရဲ့အနုပညာ ဖန်တီးထုပ်လုပ်မှုဖြစ်လို့ အားပါးတရ ရှိတယ်လို့ ထင်တယ်။

ကျွန်တော် နိုင်ငံခြား မသွားခင်ကလည်း Majester Band က ကျွန်တော့်ညီအစ်ကိုတွေနဲ့ပဲ အဲဒီတုန်းက ကိုယ့်နှေ့သစ်များ ကိုယ်ပိုင်သံစဉ် လုပ်ဖြစ်ခဲ့တယ်။ ပြန်ရောက်တော့ *အမြတ်နိုးဆုံး မင်းအကြောင်းလေး* ပေါ့။ အခုကျတော့ အရင်လို ကက်ဆက်ခွေခေတ်၊ ဓာတ်ပြားခေတ် မဟုတ်တော့ဘဲ စီဒီတောင်မှ အရင်လို အပြားကြီးတွေ မဟုတ်တော့ဘဲ ခေတ်မီနည်း စနစ်တွေနဲ့ဆိုတော့ တချို့ပရိသတ်တွေက သီချင်းအဟောင်းလေးတွေ ပြန်နားထောင်ချင်ကြတယ်။ နားထောင်ချင်ပေမဲ့ ရှာလို့ မလွယ်တော့ဘူး။ အဲဒါတွေကြောင့် ပရိသတ်က သီချင်းအဟောင်းလေးတွေ ပြန်လုပ်ပေးပါ၊ ပြန်လုပ်ပေးပါနဲ့ ပြောကြတယ်။

ဒါကြောင့်လည်း မလွဲမရှောင်သာ ပွဲတိုင်းလို ဆိုပေးရတဲ့၊ ဒီနေ့ အဆိုတော်တွေလည်း ပြန်ဆိုထားကြတဲ့ *သိပ်ချစ်တာ သူသိပါကွယ်* တို့၊ *ကြည်ဖြူပါမေရယ်* တို့၊ *အချစ်လမ်းဆုံး* အဲဒီလို သီချင်းမျိုးတွေ ဆိုပေးမှ ဖြစ်တော့မယ်ဆိုပြီး Majester က ညီအစ်ကိုတွေနဲ့ ပြောဖြစ်တယ်။ လုပ်တောင်လုပ်ဖို့ သူတို့ ပြင်ဆင်နေကြပြီ။ ကျွန်တော်ကတော့ ကဲ… လုပ်ရင်လည်း သေသေချာချာလေး ပြင်ဆင်ပြီး လုပ်ကြမယ်။ လောလော လောလော မလုပ်ကြပါနဲ့လို့ ညီအစ်ကိုတွေကို တောင်းပန်ထားရတယ်။ ဒါပေမဲ့ လုပ်ကိုလုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်က နားထောင်ချင်နေကြတာကိုး။

**ကိုပေါက်စ အနုပညာအလုပ် သိပ်မလုပ်ဖြစ်တာ ဘာသာရေးဘက်ကို ဦးစားပေးဖြစ်နေလို့လား။ အခုတောင် ဒါပြီးရင် အဖေနဲ့ တရားထိုင်တော့မယ်လို့ ပြောလို့ပါ။**

ဟုတ်ပါတယ်၊ ကျွန်တော်က နောက်ပိုင်း ဘာသာရေးဘက် လုပ်နေတယ်ဆိုတာကို မပြောမိအောင် သတိထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးတည်ပြီး ပြောချင်တာက အခုမှ ဒီအဆုံးအမတွေ ကြားနာပြီး သိရတယ်ဆိုတဲ့







www.burmeseclassic.com

www.burmeseclassic.com

အတွက်၊ ဝမ်းပန်းတသာနဲ့ တစ်ခါမှ မသိရဖူးသေးတဲ့ အရာတွေကို သိလိုက်ရတဲ့အတွက် တရားတွေကို ကြည်ညိုတဲ့စိတ်နဲ့ လုပ်ဖြစ်တာပါ။ ကျွန်တော် နားလည် သလောက်ပြောမယ်ဆိုရင် ဘုရားတရားဆိုတာ ဝါသနာ ပါလို့ လုပ်လို့လည်း မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဂါရဝ မဖြစ်စေဖို့ပါ။ ဒါကလည်း ဆရာတော် အရှင်သူမြတ်ကြီးတွေ၊ ဆရာကြီးတွေ၊ ဆရာမကြီးတွေရဲ့ လမ်းညွှန် သွန်သင်ပြမှုနဲ့ နားလည်လာရလို့ပါ။ ဒါကြောင့် ဪ… ဒါဟာ အင်မတန် တန်ဖိုးရှိတဲ့ အနှစ်သာရလေးပါလား ဆိုတာ သိလာ ရတော့ လုပ်ဖြစ်သွားတာပိုပြီးပါ,ပါတယ်။

**ကိုပေါက်စကို တစ်ခု မေးချင်တာက သရုပ်ဆောင်၊ အဆိုတော်လိုင်းဘက်ကို ရွေးခဲ့တဲ့အတွက် ဆရာဝန်လိုင်း စွန့်လွှတ်ခဲ့တာ အခုအချိန်မှာ နောင်တရမိလား။**

အဲဒီလိုတော့ မရှိပါဘူး။ ဆေးပညာ ဆိုတာကလည်း ကျွန်တော် တစ်ယောက်တည်း တော်လို့၊ တတ်လို့၊ ကြိုးစားလို့ အောင်လာတာမှ မဟုတ်ဘဲ။ ဆရာသမားတွေရဲ့ သွန်သင်ညွှန်ကြားပြသပေးမှု၊ စိတ်ရှည်ပေးမှုတွေပါတယ်။ စိတ်ရှည်ကြတယ်။ မိဘနှစ်ပါးရဲ့တိုက်တွန်း မှုတွေလည်း ပါတယ်။ ကျွန်တော်က ရုပ်ရှင်သမား၊ ဂီတသမားဖြစ်နေတာကို အနုပညာ သမားတွေကလည်း နားလည် ပေးခဲ့ကြတယ်။ ဆေးကျောင်း အတူတူတက်ခဲ့ကြတဲ့ သူငယ် ချင်းတွေကလည်း Recording Studio တွေ၊ ရှူတင်တွေထိ လိုက်ပြီး စာတွေရှင်းပြ၊ အဲဒီလိုတွေ ကူညီခဲ့ကြလို့၊ တိုက်ဆိုင်ခဲ့ကြလို့ ကျွန်တော် ဆေးကျောင်းအောင်ခဲ့တာပါ။

**နောက်ဆုံးတစ်ခုအနေနဲ့ မေးချင်တာက ဒီအတိုင်းပဲ တစ်ယောက်တည်း နေသွားတော့မှာလား။**

ဒီအတိုင်းပဲ မနေတော့တဲ့အချိန်အထိ ဒီအတိုင်းလေးပဲပေါ့ -လို့ ဖြေကြားခဲ့ပါတယ်။

■ လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com




# ရုပ်ရှင်၊ စာပေ၊ ဂီတ သက်ကြီးပူဇော်ပွဲများအတွက် မေတ္တာသင်္ဂဟအဖွဲ့ရဲ့ အလှူ

လင်းနိုင်ဦး

သရုပ်ဆောင် ခန့်စည်သူ ဦးဆောင်ပြီး ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များနဲ့ မေတ္တာသင်္ဂဟလို့ အမည်ပေးထားတဲ့ အဖွဲ့အစည်းကို ၂၀၁၁ ခုနှစ် မေလ ၇ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ပါတယ်။ မေတ္တာသင်္ဂဟအဖွဲ့ဟာ လိုအပ်တဲ့နေရာများကို အချိန်မရွေး လှူဒါန်းပေးနိုင်ဖို့ အစီအစဉ်နဲ့ ဖွဲ့စည်းခဲ့ပြီး ရွှေပိုင်းနှစ်များမှာ လစဉ်နီးပါး လှူဒါန်းပေးခဲ့ကြပါတယ်။

အနုပညာရှင်များအပြင် စီးပွားရေးလုပ်ငန်းရှင်များ၊ သရုပ်ဆောင် ခန့်စည်သူရဲ့မိတ်ဆွေများလည်း ပါဝင်တဲ့ မေတ္တာသင်္ဂဟအဖွဲ့က ၆၆ ကြိမ်မြောက် လှူဒါန်းပြီးတဲ့အချိန်မှာ သိန်းပေါင်း ၂၇၅၈ သိန်း လှူဒါန်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

၆၇ ကြိမ်မြောက် လှူဒါန်းတဲ့အစီအစဉ်ကိုတော့ မကြာခင်ကျရောက်တော့မယ့် မြန်မာ့ရုပ်ရှင်နေ့မှာ နှစ်စဉ်ကျင်းပနေကျအတိုင်း ရုပ်ရှင်သက်ကြီးများကို ပူဇော်ကန်တော့နိုင်ဖို့ တစ်တပ်တစ်အား ပါဝင်လှူဒါန်းပေးတာ ဖြစ်ပါတယ်။ ရုပ်ရှင်သက်ကြီးပူဇော်ပွဲနဲ့



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဂီတသက်ကြီး ပူဇော်ပွဲ၊ သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲများအတွက် လှူဒါန်းဖြစ်တာနဲ့ ပတ်သက်ပြီး ဦးဆောင်သူတစ်ဦးဖြစ်တဲ့ ခန့်စည်သူက 'ကျွန်တော်တို့ မေတ္တာသင်္ဂဟအဖွဲ့ရဲ့ လှူဒါန်းမှုက ဒီနေ့အလှူနဲ့ဆိုရင် ၆၇ ကြိမ်မြောက်ရှိပါပြီ။ နှစ်စဉ်နှစ်တိုင်းလည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သက်ကြီးပူဇော်ပွဲအတွက် အမြဲတမ်း လှူဒါန်းနိုင်အောင် ကျွန်တော်တို့ ကြိုးစားခဲ့ကြပါတယ်။ ဒီအဖွဲ့ကို မဖွဲ့ခင်ကတည်းကလည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို တစ်ဦးချင်းအနေနဲ့ လှူဒါန်းခဲ့ကြတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုလည်း လှူချင်တယ်။ ဂီတအစည်းအရုံးကိုလည်း လှူချင်တယ်။ သက်ကြီးသတင်းစာပညာရှင်တွေကိုလည်း လှူချင်တယ်။ ဒါ့အပြင် သဘင်တို့၊ လူရွှင်တော်တို့ စတဲ့ အဖွဲ့အစည်းတွေကိုလည်း လှူချင်ပါတယ်။ ဒါပေမဲ့ အနီးစပ်ဆုံး ကြည့်လိုက်တဲ့အခါ မကြာခင်မှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပတဲ့ သက်ကြီးပူဇော်ပွဲက အရင်ဆုံးဖြစ်မယ်။ ဒီဇင်ဘာမှာဆိုရင်လည်း ဂီတသက်ကြီး ပူဇော်ပွဲ လုပ်မယ်။ ပြီးတော့ သက်ကြီးသတင်းစာပညာရှင်ပူဇော်ပွဲလည်း အနီးစပ်ဆုံးရှိနေတဲ့အတွက် ဒီသုံးနေရာအတွက် အားလုံးစုပေါင်းတိုင်ပင်ပြီးတော့ လှူဒါန်းဖြစ်ပါတယ်။

'လှူဒါန်းဖြစ်တယ် ဆိုတာကလည်း ရုပ်ရှင်တို့၊ ဂီတတို့၊ စာပေတို့ဘက်မှာ ခက်ခဲပင်ပန်းစွာ ဒီလမ်းကို ဖောက်ခဲ့ကြတဲ့ ကျွန်တော်တို့ ရဲ့ မိဘဘိုးဘွားတွေကို ကျေးဇူးသိတတ်တဲ့အနေနဲ့ ပြန်ပြီး ပူဇော်ကန်တော့တာပါ။ မကြာခင် ဝါလကင်းလွတ်သီတင်းကျွတ်ရာသီ ရောက်တော့မှာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ဘိုးဘွားမိဘတွေ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေကို ကျွန်တော်တို့ မေတ္တာသင်္ဂဟအဖွဲ့က ဂါရဝပြုတဲ့အတွက် ပူဇော်ကန်တော့လှူဒါန်းခြင်းဖြစ်ပါတယ်'လို့ ပြောကြားခဲ့ပါတယ်။

အလှူငွေ မလှူဒါန်းမီအထိ တက်ရောက်လာတဲ့ အနုပညာရှင်များက လှူဒါန်းပေးတဲ့ အလှူငွေများကို အဆိုတော် ရတနာနဲ့အဖွဲ့က လက်ခံပေးခဲ့ပြီး ရရှိလာတဲ့ ငွေများထဲက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ်သိန်း ၂၀၊ ဂီတသက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် ၁၀



www.burmeseclassic.com

သိန်းနဲ့ စာပေသက်ကြီး ပူဇော်ပွဲအတွက် အလှူငွေ ကျပ် ၁၀ သိန်း၊ စုစုပေါင်း ကျပ်သိန်း ၄၀ လှူဒါန်းပေးခဲ့ရာ ရုပ်ရှင်အစည်းအရုံးအတွက် နာယကကြီး ဦးနှင်းမိုးနဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က လက်ခံရယူခဲ့ပါတယ်။ ဂီတအစည်းအရုံးအတွက် လှူဒါန်းပေးတဲ့ အလှူငွေကိုတော့ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေးနဲ့ အတွင်းရေးမှူး ဦးဇော်ထူးအောင်တို့က လက်ခံရယူပေးပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲအတွက် သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ ဦးမြတ်ခိုင်က လက်ခံရယူပေးခဲ့ပါတယ်။

အလှူငွေများ လှူဒါန်းလို့အပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားတဲ့အစီအစဉ်မှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက "ဒီနေ့မင်္ဂလာရှိတဲ့ အလှူပွဲမှာ ကျွန်တော်ပြောကြားလိုတာကတော့ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် မေတ္တာသင်္ဂဟအဖွဲ့က ပါဝင်ပြီးတော့ အခုလို လှူဒါန်းပေးတဲ့အတွက် ရုပ်ရှင်လောကသားများအားလုံးရဲ့ကိုယ်စား လေးလေးစားစား ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ် ခင်ဗျာ။ အထူးသဖြင့် ဝမ်းသာမိတာကတော့ အရင်နှစ်တွေဆိုရင် ဒီအချိန်၊ ဒီအခါမျိုးမှာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးရဲ့ ရုပ်ရှင်သက်ကြီးများအတွက် လာရောက်ပြီးတော့ လှူဒါန်းလေ့ရှိတာ တွေ့ရပါတယ်။

"ဒီနှစ်မှာတော့ ပိုမိုတိုးချဲ့ပြီးတော့မှ သတင်းစာ ပညာရှင်များရော၊ ဂီတပညာရှင်ကြီးများကိုပါ တိုးချဲ့ပြီး လှူဒါန်းလာတာ တွေ့ရတဲ့အတွက် အလွန်မှပဲ ကြည်နူးပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ မုဒိတာပွားရပါတယ်။ ဒီနှစ်(၂၀၁၈)မှာ ၉၈ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကျရောက်တာဖြစ်လို့ ၂၀၂၀ ပြည့်နှစ်မှာ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဟာ သက်တမ်း နှစ် ၁၀၀ ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ နှစ် ၁၀၀ ပြည့်မြောက်မယ့် ကာလအတွက်လည်း အခုကတည်းကိုကပဲ ဘာတွေကြိုတင်စီစဉ်ကြမယ်၊ ပြင်ဆင်ကြမယ်ဆိုတာကို ကြိုတင်လုပ်ဖို့ ရည်ရွယ်နေကြပြီဖြစ်ပါတယ်။ မကြာခင် လပိုင်းအတွင်းမှာပဲ ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆွေးနွေးပါ့မယ်။ မေတ္တာသင်္ဂဟအဖွဲ့သူ၊ အဖွဲ့သားများအနေနဲ့လည်း ပါဝင်ပြီးတော့ ဆွေးနွေးပေးကြပါ။ ဝိုင်းဝန်းဖေးမ ,ပေးကြပါလို့ ဒီနေရာက မေတ္တာရပ်ခံချင်ပါတယ်။

"အထူးအားဖြင့်တော့ ၂၀၁၁ ခုကနေ စတင်တည်ထောင်ခဲ့တဲ့ မေတ္တာသင်္ဂဟအဖွဲ့ကြီး ရှေ့ကဆရာများ မိန့်ကြားသွားသလိုပါပဲ ဒီကနေ့အထိ တည်မြဲနေတာ၊ ကနေ့အထိ ညီညွတ်နေတာ၊ ဒီကနေ့အထိ တက်ကြွနေတာကို အလွန်မုဒိတာဖြစ်ရပါတယ်။ အလွန်လည်း ဝမ်းမြောက်မိပါတယ်။ မေတ္တာသင်္ဂဟအဖွဲ့ကြီး အစွန့်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်"လို့လည်း ပြောကြားခဲ့ပါတယ်။

အလှူငွေများ ပေးအပ်လှူဒါန်းကြလို့အပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လှေကားမှာ အမှတ်တရဓာတ်ပုံများ ပျော်ပျော်ကြီး ရိုက်ကူးခဲ့ကြပြီး မေတ္တာသင်္ဂဟအဖွဲ့ရဲ့ အလှူကို အောင်မြင်စွာ ကျင်းပခဲ့ကြပါတယ်။ ၆၇ ကြိမ်မြောက် လှူဒါန်းလို့အပြီးမှာတော့ မေတ္တာသင်္ဂဟအဖွဲ့က သိန်းပေါင်း ၂၇၉၈ သိန်း လှူဒါန်းနိုင်ခဲ့ပြီလို့ ဝမ်းမြောက်ဖွယ်ရာ ကြားသိခဲ့ရပါတယ်။ ■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com

ပိုးပိုးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကိုကျော်နဲ့ မင်းခိုက်စိုးစန်တို့ ရေးသားထားတဲ့ ဇာတ်လမ်းကို ကိုကျော် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်) ရိုက်ကူးပေးထားသော **တရားလား** ရုပ်ရှင်ဇာတ်ကားကို တောင်ကြီးမြို့နဲ့ အောင်ပန်းမြို့ အနီးတစ်ဝိုက်တို့မှာ သွားရောက် ရိုက်ကူးခဲ့ကြပါတယ်။ **တရားလား** ရုပ်ရှင်ဇာတ်ကားမှာ စိုးသူ၊ ပြေတီဦး၊ ဝတ်မှုံရွှေရည်၊ ယွန်း ရွှေရည်၊ ချိုပြုံး၊ ဟိန်းမင်း၊ ငှက်ပျောကြော်၊ နန္ဒကျော်စွာ၊ မျိုးမျိုးခိုင်၊ ဒေါင်းဝေ၊ သုတ၊ ရဲလေးမ၊ အိတုံ၊ ထက်ကိုလင်း စတဲ့ သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ပေးထားကြပါတယ်။ အောင်ပန်းမြို့အထွက်နားမှာ ရိုက်ကူးခဲ့တဲ့ ဇာတ်ဝင်ခန်းကတော့ စိုးသူနဲ့ ပြေတီဦး တို့ တစ်ယောက်နဲ့တစ်ယောက် အပြိုင်ကြပြီး သရုပ်ဆောင်ကြတဲ့ ဇာတ်ဝင်ခန်းကို




# တောင်ကြီးနဲ့ အောင်ပန်းမှာ ရိုက်ကူးခဲ့တဲ့ တရားလား

ယဉ်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကူးခဲ့ပါတယ်။ လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ပြေတီဦးက သူ့ရဲ့တပည့်များကို အလုပ်ခွင်မှာ ညွှန်ကြားခိုင်းစေနေတုန်းမှာပဲ စိုးသူက ကားနဲ့ရောက်လာပြီး သူ့ညီမ ဝတ်မှုံရွှေရည် ပျောက်နေတဲ့အတွက် 'ငါ့ညီမ ဘယ်မှာလဲ' လို့ ပြေတီဦးကို မေးပြီး ထိုးမယ်၊ ကြိတ်မယ် တကဲကဲနဲ့ နှစ်ယောက် အပြိုင်ကြဲကြတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးကြပါတယ်။

ဒီဇာတ်ဝင်ခန်းနဲ့ ပတ်သက်ပြီး ဒါရိုက်တာ ကျော်ဇောလင်းက 'စိုးသူရဲ့ ညီမ ဝတ်မှုံရွှေရည်က ပျောက်သွားတယ်။ သူနဲ့အတူ မူးယစ်ဆေးသုံးတဲ့ ကောင်မလေးက ဆေးလွန်ပြီး အဲဒီနေရာမှာတင် သေသွားတယ်။ ဒါကြောင့် ဝတ်မှုံရွှေရည်က သွေးပျက်ပြီး ညကြီးမင်းကြီး အဲဒီနေရာကနေ ထွက်ပြေးသွားတဲ့အတွက် လုံးဝပျောက်သွားတယ်။ ထွက်ပြေးတဲ့အချိန်မှာ မူးယစ်ဆေးသုံးတဲ့ သူ့ရဲ့ သူငယ်ချင်းအိမ်မှာ ဖုန်းကျန်ခဲ့တယ်။ ရဲက ဖုန်းကနေ ခြေရာခံပြီး လိုက်ရင်းနဲ့ စိုးသူတို့အိမ်ကို ရောက်လာတယ်။ 'ခင်ဗျား ညီမကတော့ ဘယ်ရောက်နေလဲ မသိဘူး။ သူနဲ့အတူ မူးယစ်ဆေးသုံးတဲ့ ကောင်မလေးတော့ ဆုံးပြီ။ ခင်ဗျားတို့ အိမ်မှာ ခင်ဗျား ညီမရှိမလားဆိုပြီး ကျွန်တော်တို့လာရှာတာပါ' လို့ ပြောတော့ လုံးဝ သိမထားတဲ့ စိုးသူက သူ့ရဲ့ညီမကို အမြန်ဆုံးပြန် ရှာပေးဖို့ ရဲကို အကူအညီတောင်းတယ်။

'ဒါကြောင့် နောက်တစ် ဆင်း(န်)မှာ ပြေတီဦးရှိတဲ့ နေရာလာပြီး 'မင်းကြောင့် ငါ့ညီမ ဒီလိုဖြစ်သွားတာ။ မင်း သစ္စာမရှိလို့။ အခု ငါ့ညီမ ဘယ်မှာလဲ။ ငါ့ညီမ ပျောက်နေပြီ။ ငါ့ညီမ တစ်ခုခုဖြစ်ရင် မင်းကို အသတ်ပဲ' လို့ စိုးသူက ပြောလိုက်တော့ ပြေတီဦးကလည်း 'ခင်ဗျား ညီမ တစ်ခုခုဖြစ်လည်း ခင်ဗျားအတွက်ကြောင့် ခင်ဗျား ညီမဖြစ်ရတာ။ ဒါကြောင့် ခင်ဗျား လဲသာသေလိုက်' လို့ ပြန်ပြောတဲ့ ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးခဲ့ကြပါတယ်။

အဲဒီအချိန်မှာပဲ နောက်က ကျောက်မိုင်းမှာလည်း မိုင်းတွေ









www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးပြီးတစ်လုံး ဖောက်ခွဲနေတဲ့အသံတွေနဲ့ စိတ်လှုပ်ရှားဖွယ်ရာ ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။

ဇာတ်ရဲ့အကြောင်းအရာကတော့ အောင်ပန်းလို စီးပွားရေးအချက်အချာကျပြီး အလုပ်လုပ်လို့ ကောင်းတဲ့ မြို့တစ်မြို့မှာ စိုးသူကလည်း စီးပွားရေးလုပ်ငန်းရှင်၊ ပြေတီဦးကလည်း ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦးရဲ့သား၊ ကျောင်းပြီးတော့ စီးပွားရေးလုပ်မယ့်သူပေါ့။ ပြေတီဦး အဖေလက်ထက်တုန်းက အောင်မြင်တဲ့ စီးပွားရေးနဲ့ပေါ့။ ကျောင်းမပြီးသေးလို့ ပြေတီဦးက စီးပွားရေးလုပ်ငန်းထဲ မဝင်ဖြစ်သေးတဲ့ အချိန်မှာပဲ စိုးသူရဲ့ ညီမ ဝတ်မှုံရွှေရည်နဲ့ တွေ့ခဲ့ကြတယ်။ အဲဒီကနေပဲ လူငယ်သဘာဝ ငြိခဲ့ကြတယ်။ ဒါကို သိတဲ့ စိုးသူက ပြေတီဦးဘက်က အသိုင်းအဝိုင်းကို စုံစမ်းလိုက်တော့ မဆိုးဘူး၊ အသိုင်းအဝိုင်းကြီးတာပဲ နေပါစေဆိုပြီး မသိချင်ယောင်ဆောင်ထားလိုက်တယ်။ သူ့ညီမ ချစ်သူရွေးတာ မဆိုးဘူးပေါ့။

သူ့ညီမကိုလည်း စီးပွားရေးလုပ်ငန်းကိုဝင်မယ်ဆိုရင် နိုင်ငံတကာက အသိအမှတ်ပြု ဘွဲ့လက်မှတ်တစ်ခု ရှိနေစေချင်တဲ့အတွက် နိုင်ငံခြားကို လွှတ်လိုက်တယ်။ ဝတ်မှုံရွှေရည်ကလည်း သူ့အစ်ကိုဖြစ်စေချင်တဲ့ ဘွဲ့ရပြီးရင် သူလည်း သူလိုချင်တာ လုပ်လို့ရဖို့ ခွင့်တောင်းမယ်ပေါ့။ အဲဒီလို အကြံနဲ့ နိုင်ငံခြားထွက်သွားတာပါ။ သူတို့




www.burmeseclassic.com

www.burmeseclassic.com

မောင်နှမနှစ်ယောက်ကလည်း သူငယ်ချင်းလို ပေါင်းကြတာကိုး။ ဝတ်မှုံရွှေရည် နိုင်ငံခြားထွက်သွားတဲ့အချိန်မှာ မထင်မှတ်တဲ့ အချိုးအကွေ့တွေ ဝင်လာရတော့တယ်။ ပြေတီဦး တစ်ယောက် ကျောင်းပြီးလို့ စီးပွားရေးလောကထဲ ဝင်လာ ပြေတီဦးက ဒီဘဲကြီး လုပ်ခိုင်းလိုက်တာပဲလို့ စိတ်ထဲမှာ ထင်မှတ်သွားပြီး တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးတွေ ဖြစ်လာကြတော့တာပါပဲ။

'အဲဒီလိုနဲ့ ဝတ်မှုံရွှေရည် ပြန်လာတဲ့အခါ စိုးသူက ပြေတီဦးနဲ့ အဆက်အသွယ်သမားဖြစ်သွားတာပါ' လို့ ပြောပြခဲ့ပါတယ်။ **တရားလား** ရုပ်ရှင်ဇာတ်ကားမှာတော့ စိုးသူက ဝတ်မှုံရွှေရည်ရဲ့အစ်ကို စိုးသီဟ ကာရိုက်တာပါ။ နယ်မြို့တစ်မြို့ရဲ့ စီးပွားရေးလောကမှာ လက်ရှိအောင်မြင်နေသူတစ်ယောက် ဖြစ်တယ်။ မိဘတွေမရှိတော့ ညီမကို သူငယ်ချင်းလို ပေါင်းသင်းပြီးတော့







ရချိန် ပထမပိုင်းမှာ စိုးသူနဲ့ ပြေတီဦးတို့ အစ်ကိုကြီးရေ၊ ညီလေးရေပေါ့။ ကြိုဆိုကြတာတို့၊ အားကျတာတို့နဲ့ စခဲ့ပေမဲ့ နောက်ပိုင်း စီးပွားရေး လုပ်ရတာ နည်းနည်းကျပ်တည်းလာတဲ့အခါ တချို့ ရှားရှားပါးပါးရလာတဲ့ ခွင်လေးတွေကို ပြေတီဦးက လူငယ်တစ်ယောက်အမြင်နဲ့ လက်ဦးသွားတာတွေ ရှိတဲ့အခါကျတော့ စိုးသူ နားရွက်ကို တံတွေးဆွတ်ခံရတဲ့အဖြစ်မျိုး ဖြစ်လာတယ်။ ဒီကြားထဲ ပြေတီဦးရဲ့ အတွင်းရေးမှူးသူဟာသူ အက်ဆီးဒင့်ဖြစ်ပြီး သေသွားတာဖြစ်ပေမဲ့ အဖြစ်အပျက်ကို ပြန်သုံးသပ်ကြည့်တဲ့အခါ စိုးသူရဲ့တပည့်တွေလည်း အနီးနားမှာ ရောက်နေတော့ လာကူညီတာကို လုံးဝ မလုပ်ရလို့ အမိန့်ထုတ်လိုက်တော့ ဝတ်မှုံရွှေရည်ဘက်မှာတော့ ဩော် . . . သူတို့ဟာသူတို့ ယောကျ်ားချင်းတွေ စီးပွားရေးလောဘတက်ပြီး တစ်ယောက်နဲ့တစ်ယောက် ဖြစ်ကြတဲ့အချိန် မိန်းမသားတွေက အမြဲတမ်း ဓားစာခံလို၊ အနှင်းခံလို ဖြစ်ရတာ တရားသလား၊ နှစ်ယောက်စလုံး နာပြီသာမှတ်ဆိုပြီး ဝတ်မှုံရွှေရည်က အစ်ကိုကိုလည်း စိတ်နာ၊ ချစ်သူကိုလည်း နာကြည်းတဲ့စိတ်နဲ့ ငါ့ကို ထိခိုက်အောင် လုပ်တဲ့သူတွေ ဒီ့ထက်နာကြည်းရစေမယ်ဆိုပြီး သူများကို မလုပ်ဘဲနဲ့ သူ့ကိုယ်သူ ပြန်ဖျက်ဆီးလိုက်တဲ့ ဇာတ်လမ်းလေးပါပဲ။ သူ့ကိုယ်သူ ပြန်ဖျက်ဆီးရင်းနဲ့ မူးယစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ခွင့်လည်း ပေးထားတယ်။ ဒါပေမဲ့ စိုးသူက သူ့အတ္တကြောင့် အုပ်ချုပ်ပုံကြမ်းပြီး လောဘလည်း ကြီးတယ်။ သူ့စီးပွားရေး ထိလာရင်အထိ မခံနိုင်တဲ့သူတစ်ယောက် အဖြစ် သရုပ်ဆောင်ထားပါတယ်။

ပြေတီဦးကတော့ စီးပွားရေးလောကမှာ လူငယ်ခြေသွက်တစ်ယောက်၊ လူငယ်ပီပီ မှန်တယ်ထင်ရင် နောက်မဆုတ်တတ်တဲ့ သူတစ်ယောက်။ အမေဆုံးမတာကိုတောင် သူမှန်တယ်လို့ထင်ရင် နောက်မဆုတ်ဘဲ ဇွတ်တရွတ် မဖြစ်ဖြစ်အောင် လုပ်တတ်တယ်။ ငါသာရင် ပြီးရော၊ ငါပြောလို့ရရင် ပြီးရော ဆိုတဲ့ စိတ်မျိုးရှိတဲ့သူပါ။

ဝတ်မှုံရွှေရည်ကတော့ မိန်းကလေးဖြစ်ပေမဲ့ ဓားစာခံ မဖြစ်ရဘူး၊ မြေစာပင် မဖြစ်ရဘူးဆိုတဲ့စိတ်မျိုး ရှိတဲ့သူပါ။ သူ့အတွေးက တစ်ခါတစ်ရံမှာတော့ တရားနည်းလမ်းမကျ ထင်လို့ ဒုက္ခပေးတဲ့နေရာမှာ လမ်းကြောင်းရွေးတာ မှားသွားပြီး သူ့ကိုယ်သူ ပြန်ဒုက္ခပေးလိုက်တာ သူ့မှာပဲ ဒုက္ခတွေပင်လယ်ဝေသွားတယ်။ သူ့ပေးတဲ့ ဒုက္ခက သူ့အတွက်ရော၊ သူ့ချစ်သူအတွက်ပါ ဒုက္ခရောက်ရတဲ့ ဇာတ်ကောင်စရိုက်နဲ့ သရုပ်ဆောင်ပေးထားပါတယ်။ အားလုံးအပြိုင်ကြိုကြတဲ့ ဇာတ်ဝင်ခန်းတွေပါပဲ။

နှစ် ၂၀ လောက် ကား မရိုက်ဖြစ်တဲ့ စိုးသူကို **တရားလား** မှာ သရုပ်ဆောင်သွားတာ ဒီကားမှာ ပါဝင်တဲ့ သရုပ်ဆောင် တော်တော်များများကတော့ ကိုပေါက်စ (စိုးသူ)ကို တော်တော်လေး ချီးကျူးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့စိတ်ထဲမှာ ကိုပေါက်စဟာ ရှေ့ပိုင်းကာလမှာ ရိုက်ထားတာတွေက စိုးသူသည် နုနုနယ်နယ် ချောချောမောမောလေးနဲ့ ပျော့ပျော့ပျောင်းပျောင်း သရုပ်ဆောင်တတ်သူပေါ့။ ဖိုက်တင်တွေ ချတာ ချတာပဲ။ သူ့ရဲ့ အပြင်ကာရိုက်တာက နူးနူးညံ့ညံ့နဲ့ အေးအေးဆေးဆေးနေတတ်သူဆိုတာ သိထားကြတော့ နှစ် ၂၀ လောက် ကွာဟပြီး ပြန်လုပ်တဲ့ ဇာတ်ရုပ်က ပြင်းထန်တဲ့ ဘက်ကို သွားရတာဖြစ်တော့ ဦးကျော်ဟိန်းတို့၊ ဒွေးတို့ ရိုက်လေ့ရိုက်ထရှိတဲ့ ဇာတ်ရုပ်မျိုးကို စိုးသူက အကောင်းဆုံးဖြစ်အောင် လုပ်ပေးသွားတဲ့အတွက် ရှေ့ပိုင်းကာလမှာ ပရိသတ်အဖြစ် အားပေးခဲ့သူတွေရော၊ တွဲပြီး သရုပ်ဆောင်ဖြစ်ခဲ့ သူတွေရော၊ နောက်ပိုင်းကာလ သရုပ်ဆောင်တွေပါ စိုးသူ ဒီလောက်ထိတောင် စိတ်ပါဝင်စားစွာ လုပ်နိုင်လိမ့်မယ်လို့ မထင်ထားကြောင်း ရိုက်ကွင်းပေါ်မှာ ချီးကျူးပြောဆိုခဲ့ကြတယ်လို့ ကြားသိရပါတယ်။ ■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# Orchestra နဲ့ပါ တွဲဖက်ဖျော်ဖြေခဲ့တဲ့ Wai La Live in 360

လင်းနိုင်ဦး

တေးသံရှင် ဝေလက ဂီတလောမှာ *မိတ်ကပ် မကြိုက်သောသီချင်းများ၊ ၁၉၈၂၊ အခ်ိပတိဖွား၊ အတုများတဲ့မြို့၊ ခုတင်နံပါတ် ၁၈* စတဲ့ တစ်ကိုယ်တော်တေးစီးရီးများ ထွက်ရှိထားပြီး ထွက်ထားတဲ့ တေးစီးရီးအားလုံးလည်း အောင်မြင်တဲ့ သီချင်းတွေ ဖြစ်ခဲ့ပါတယ်။ ဝေလက သူ့ရဲ့ The Runner Band နဲ့ သီဆိုနေကျဖြစ်ပေမဲ့ ပထမဆုံးကျင်းပမယ့် တစ်ကိုယ်တော်ရှိုးပွဲကိုတော့ The Runner အပြင် မိရာမိုရ်ရဲ့ **ဂီတကဗျာ** Orchestra အဖွဲ့နဲ့ပါ ပူးပေါင်းပြီး **Wai La Live in 360** လို့ အမည်ပေးကာ စက်တင်ဘာလ ၂၉ ရက်နေ့ ညက ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာ ကျင်းပခဲ့ပါတယ်။ ဝေလက သူ့ရဲ့ တစ်ကိုယ်တော်ရှိုးပွဲအတွက် အချိန် လေးလလောက် ပြင်ဆင်ပြီး လူ ၆၀ လောက် ပါဝင်တီးခတ်ပေးမယ့် ဂီတကဗျာ Orchestra အဖွဲ့နဲ့ပါ သီဆိုတာဖြစ်လို့ သီချင်းရွေး၊ သီချင်းတိုက်ကို အချိန်ယူပြီး ကြိုတင်ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။ တစ်ကိုယ်တော်ရှိုးပွဲ လုပ်မယ်လို့ စာနယ်ဇင်းမိတ်ဆက်ပွဲလုပ်တဲ့အချိန်မှာ လက်မှတ် ၈၀ ရာခိုင်နှုန်းလောက်က ရောင်းချပြီး ဖြစ်နေပါပြီ။ ကျန်တဲ့ ၂၀ ရာခိုင်နှုန်းကလည်း မကြာခင် ကုန်သွားတာဖြစ်လို့ ပွဲစီစဉ်သူ ရွှေစင် Event Creation က ကိုအီကြာကွေးနဲ့ တိုင်ပင်ပြီး လက်မှတ် မရလိုက်တဲ့သူတချို့ အားပေးလို့လည်းရအောင် အလှူငွေလည်းရအောင် အစီအစဉ်တစ်ခုကို ထပ်မံလုပ် ခဲ့ကြပါတယ်။

အဲဒါကတော့ ပွဲမတိုင်မီ ၂ ရက်ဖြစ်တဲ့ စက်တင်ဘာလ ၂၇ ရက် နေ့လယ်ပိုင်းက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ဖူဂျီယောက်စ် စားသောက်ဆိုင်မှာ အထူးလက်မှတ် စီစဉ်ပြီး ပရဟိတအလှူလုပ်ဖို့ လက်မှတ်တစ်စောင်ကို သုံးသိန်းနဲ့ ၁၅ စောင် ရောင်းချပေးပါတယ်။ အဲဒီသုံးသိန်းတန် လက်မှတ်ဝယ်ထားသူများက အမျိုးသားဇာတ်ရုံ ဇာတ်ခုံရှေ့ ပိုက်ဒရောလစ်နဲ့ ချလို့ရတဲ့ နေရာမှာ ထိုင်ခုံ ၁၅ ခုံ ခင်းကျင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆုံးကနေ အားပေးလို့ရအောင် စီစဉ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ လက်မှတ် ၁၅ စောင်ကို မင်္ဂလာလှူငယ် ပရဟိတအသင်းက ကူညီရောင်းချပေးခဲ့တာ ဖြစ်ပါတယ်။ ရရှိလာတဲ့အလှူငွေ ၄၅ သိန်းကို ဝေလက အာစိဏ္ဏသီရိ မိဘမဲ့ပရဟိတကျောင်းကို လှူဒါန်းပေးခဲ့ပါတယ်။

ပွဲကျင်းပတဲ့ စက်တင်ဘာလ ၂၉ ရက်နေ့ ည ၇ နာရီအတိမှာ ဂီတပွဲကို စတင်ခဲ့ပြီး ရှေ့ပိုင်းမှာ မိတ်ဆွေတေးဂီတအဖွဲ့များရဲ့ ဖျော်ဖြေမှုများနဲ့ စတင်ပြီး ည ၈ နာရီတိတိမှာ ဝေလရဲ့ ဖျော်ဖြေမှုအစီအစဉ်ကို စတင်ခဲ့တာ ဖြစ်ပါတယ်။

ပထမဦးစွာ ဂီတကဗျာ Orchestra အဖွဲ့ အဖွင့်တီးလုံးနဲ့ ဧည့်ခံပြီးတဲ့အချိန်မှာ ဝေလက *အဓိပတိဖွား* သီချင်းနဲ့ စတင်လိုက်တယ်ဆိုရင်ပဲ ပရိသတ်များက Orchestraနဲ့ရော၊ The Runner Bandနဲ့ ပါ တီးခတ်ပေးတဲ့ အစီအစဉ်မှာ ရသစုံ ခံစားနားဆင်ရတဲ့အတွက် အားလုံးကျေနပ် ပီတိဖြစ်ပြီး အမျိုးသားဓာတ်ရှံထဲမှာ ဝေလရဲ့ ရော့ခ်သီချင်းများနဲ့ လျှံတက်လို့ နေပါတယ်။

ဝေလက သူ့ရဲ့တစ်ကိုယ်တော် ဖျော်ဖြေပွဲကို အပိုင်းသုံးပိုင်းခွဲပြီး ပထမပိုင်းမှာ *အဓိပတိဖွား၊ ၃၆၀၊ လွယ်လွယ်လေးရခဲ့တော့၊ ကီးဘုတ်လူမိုက်၊ ကြိုးဆိုပါ၏၊ ဒဿသစ်၊ ရွှေရုပ်၊ အတုများတဲ့မြို့* သီချင်းများနဲ့ ဖျော်ဖြေပေးခဲ့ပါတယ်။

အပိုင်းသုံးပိုင်းမှာ သီချင်း ၈ ပုဒ်စီ သီဆိုပေးခဲ့ပြီး လာရောက်အားပေးကြတဲ့ သီချင်းချစ်သူများကလည်း လေဝရဲ့ သီချင်းတွေကို အားလုံးလိုက်ပါသီဆိုပေးခဲ့ကြတဲ့အတွက် ဝေလရဲ့ ပထမဦးဆုံး တစ်ကိုယ်တော်ရှိုးပွဲကတော့ အောင်အောင်မြင်မြင် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

လာရောက်အားပေးတဲ့ ပရိသတ်များက ဝေလ သီချင်းကောင်းတွေ အများကြီးကျန်သေးတဲ့အတွက် နောက်ထပ်၊ နောက်ထပ် တစ်ကိုယ်တော်ရှိုးပွဲတွေ ထပ်လုပ်ပေးဖို့ တောင်းဆိုကြသံတွေ ကြားခဲ့ရပါတယ်။ တီးခတ်သီဆိုနေကျ The Runner Bandနဲ့အပြင် ဓိရာမိုရ်ဦးစီးတဲ့ ဂီတကဗျာ Orchestra အဖွဲ့နဲ့ပါ ဝေလရဲ့ သီချင်းများကို နားဆင်ခံစားခဲ့ရတဲ့အတွက် အားရကျေနပ်ကြတယ်လို့လည်း ဖွင့်ဟပြောဆိုခဲ့ကြပါတယ်။

ဒုတိယပိုင်းမှာ ဝေလက *နင်မသိတဲ့ အချစ်၊ မီးတောင်နဲ့ ပင်လယ်ရှိတဲ့ အခန်း၊ လမ်းဘေးမှာရှိသည်၊ လူနာ၊ အများကြီးပေးသူ၊ ဘာမှမရသူ၊ မချစ်ရဘူးတဲ့လား၊* ခုတင်အမှတ် ၁၈ သီချင်းများကို ဖျော်ဖြေပေးခဲ့ပြီး တတိယပိုင်းအစီအစဉ်မှာတော့ ပရိသတ်များပိုပြီး






www.burmeseclassic.com

www.burmeseclassic.com



သဘောကျမယ့် သီချင်းများဖြစ်တဲ့ မိတ်ကပ်မကြိုက်သော သီချင်းများ၊ ခင်လေး စိမ်းတယ်၊ နောက်ဆုံးက စောင့်နေမယ်၊ ပြတ်တုန်း လပ်တုန်း ၂၃၊ အမိုက်မ၊ သူငယ်တန်း၊ အနီးဆုံး ရန်သူ သီချင်းများနဲ့ နောက်ဆုံးပိတ်အဖြစ် လူဖြစ်ခွင့်ပေးပါ သီချင်းကို ဝေလနဲ့အတူ အားလုံးလိုက်ပါသီဆို ခဲ့ကြပြီး ဝေလရဲ့ ပထမဆုံးတစ်ကိုယ်တော် ရှိုးပွဲဖြစ်တဲ့ Wai La Live in 360 ရှိုးပွဲကို အောင်မြင်စွာ ကျင်းပ ခဲ့ပါတယ်။ ဝေလရဲ့ ရှိုးပွဲ Title ကိုတော့ အဆိုတော် ကျားပေါက်က ရွေးချယ်ပေးခဲ့တာဖြစ်ပြီး ဝေလ သီဆိုထားတဲ့ သီချင်းများထဲမှာ ၃၆၀ လို့ အမည်ပေးထားတဲ့ သီချင်းပါဝင်တာကြောင့် ကျားပေါက်က Wai La Live in 360 လို့ အမည်ပေး ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

■ လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ထုတ် People မဂ္ဂဇင်းမှာ ဖော်ပြထားတဲ့ ရုပ်ရှင်မင်းသမီးကြီး ဂျိန်းဖွန်ဒါရဲ့ အင်တာဗျူးကို ဖတ်ရတဲ့အခါ မန္တလေးမြို့က အငြိမ့်မင်းသမီးကြီး ညိုညိုဆန်း သီဆိုခဲ့တဲ့ ထန်းရွက်ပုတီး သီချင်းကို သွားသတိရမိတယ်။ 'အသက်မကြီးသေးပေါင် မောင်ရယ်၊ ထန်းရွက်ပုတီးကလေးနဲ့ ရွှေစာရံကို အရောက်သွားချင်သေးတယ်' ဆိုလားပဲ။

ဂျိန်းဖွန်ဒါကတော့ ထန်းရွက်ပုတီး မလိုပေမဲ့ သူ့အသက်က ၈၀ ပြည့်ခဲ့ပါပြီ။ ဒါကြောင့် အသက် ၈၀ ပြည့်တဲ့ ရုပ်ရှင်မင်းသမီးကြီးရဲ့ အင်တာဗျူးကို ဖော်ပြပေးချင်ပါတယ်။ အသက် ၂၀ ကျော်အရွယ်မှာ ရုပ်ရှင်မင်းသားကြီး ဟင်နရီဖွန်ဒါရဲ့ သမီး ဂျိန်းဖွန်ဒါကလေးဟာ ဟောလိဝုဒ်မှာ ရုပ်ရှင်မင်းသမီးဖြစ်လာခဲ့ပြီး ဂန္ထဝင်တွင်ရစ်တဲ့ ရုပ်ရှင်ကားပေါင်း များစွာကို ရိုက်ကူးခဲ့ပါတယ်။ သူ့ဘဝမှာ အောင်မြင်မှုတွေရှိခဲ့သလို ဝမ်းနည်းကြေကွဲစရာတွေလည်း တစ်ပုံကြီးပါပဲ။ လက်ရှိမှာ Netflix က ရိုက်ကူးနေတဲ့ ဇာတ်လမ်းတွဲ တစ်ခုဖြစ်တဲ့ **Grace and Frankie** ဇာတ်လမ်းတွဲမှာ သရုပ်ဆောင်နေပြီး အော်စကာဆု နှစ်ကြိမ်ရခဲ့တဲ့ မင်းသမီး ဖြစ်ပါတယ်။ သူ့ဘဝမှာ သုံးကြိမ် အိမ်ထောင်ပြုခဲ့ပြီး သုံးကြိမ် ကွာရှင်းပြတ်စဲခဲ့သူ ဖြစ်ပါတယ်။



# အသက်မကြီးသေးပေါင် မောင်ရယ်

ဇာနည်ညီမိုး

၂၈ နှစ်ပြည့်
ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းဆိုင်မောဖွန်ဒါကို နယူးယောက်မြို့တော်တွင် ၁၉၃၇ ခုနှစ်က မွေးဖွားခဲ့သည်။ သူမ၏ဘဝမှတ်တမ်းရုပ်ရှင်ကားတွင် 'ကျွန်မကတစ်ယောက်တည်းကြီးပြင်းခဲ့ရတာပါ' ဟု ပြောကြားခဲ့သည်။



ဖွန်ဒါက သူမ၏ ဖခင်ဖြစ်သူ ဟင်နရီဖွန်ဒါမှာ ၁၉၆၀ ခုနှစ်များအတွင်းက အမေရိကန်ပြည်သူလူထု၏ အသည်းကျော် ဖြစ်ခဲ့ပြီး 'ကျွန်မက ဟင်နရီဖွန်ဒါရဲ့သမီးပေါ့။ အမိပွာယ်ကယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ အနုပညာသမားဆိုပေမဲ့ သာမန်မိန်းကလေးတစ်ယောက်လို နေထိုင်တယ်။ ဒါတွေက ကိုယ့်ကိုယ်ကိုတောင် မသိလိုက်ဘဲ ဖြစ်သွားခဲ့တာပါ' ဟု ပြောကြားခဲ့သည်။



'ကျွန်မက ဖေဖေ့ကို အမြဲတမ်း နှစ်သိမ့်မှု ပေးချင်ခဲ့ပါတယ်' ဟု ဖွန်ဒါကဆိုသည်။ ပုံမှာ ၁၉၄၀ ပြည့်နှစ်က မောင်ဖြစ်သူ ပီတာဖွန်ဒါနှင့် တွေ့ရပုံဖြစ်သည်။



'ကျွန်မတို့က အမေရိကန်တွေရဲ့ အိပ်မက်ထဲက သူတွေလို နေနိုင်ခဲ့ပါတယ်။ ချမ်းသာတယ်၊ ရုပ်ချောတယ်၊ မိသားစုဝင်ချင်း တရင်းတနှီးရှိတယ်။ ဒါတွေက လုပ်ယူတာ မဟုတ်ပါဘူး။ အလိုလိုဖြစ်လာတာပါ' ဟု ဖွန်ဒါက ဆိုသည်။ ပုံမှာ ဖခင်ဖြစ်သူ ဟင်နရီက ညီအစ်မကွဲတော်စပ်သူ ဖရန့်စစ္စဒီဗီးလားဟိုကြောယ်ကို ချီထားပုံဖြစ်သည်။ မိခင်ဖြစ်သူ ဖရန့်စစ္စမှာ သူ့ကိုယ်သူ သတ်သေသွားခဲ့သည်။

ရုပ်ရှင်မင်းသမီးအဖြစ်နဲ့သာ ကျော်ကြားသူမဟုတ်ဘဲ ကမ္ဘာတစ်ဝန်းမှ အမျိုးသမီးများအတွက် လေ့ကျင့်ခန်းလုပ်နည်း သင်ပြခဲ့သူအဖြစ်လည်း ထင်ရှားပါတယ်။ နိုင်ငံရေးကို စိတ်ဝင်စားပြီး အမေရိကန်ပြည်ထောင်စုက ဗီယက်နမ်နိုင်ငံကို ကျူးကျော်ဝင်ရောက်တဲ့ ဗီယက်နမ်စစ်ပွဲကိုလည်း ဆန့်ကျင်ခဲ့သူအဖြစ် ထင်ရှားပါတယ်။ အစားအသောက်မမှန်တဲ့ရောဂါကို နှစ်ရှည်လများ ခံစားခဲ့ရသူဖြစ်ပြီး မိခင်ဖြစ်သူက သူ့ကိုယ်သူ သတ်သေသွားတာကြောင့် ဝမ်းနည်းကြေကွဲမှုကို ကာလရှည်ကြာစွာ ခံစားခဲ့ရသူလည်း ဖြစ်ပါတယ်။

အခု အသက် ၈၀ ပြည့်တဲ့အချိန်မှာ ဂျိန်းဖွန်ဒါက သူ့အတိတ်ဖြစ်ရပ်များနဲ့ ပတ်သက်ပြီး 'ကျွန်မဘဝမှာ အနိမ့်အမြင့်၊ အတက်အကျတွေ များလွန်းခဲ့ပါတယ်' လို့ ဆိုခဲ့ပါတယ်။ သူ့ဘဝဇာတ်ကြောင်းကို HBO က မှတ်တမ်းတင်တဲ့အနေနဲ့ Jane Fonda in Five Acts ဆိုတဲ့အမည်နဲ့ မော်ကွန်းရုပ်ရှင်ကားတစ်ကား ရိုက်ကူးခဲ့ပြီး စက်တင်ဘာလ ၂၄ ရက်နေ့က စတင်ကာ ပြသနေပြီ ဖြစ်ပါတယ်။

ဂျိန်းဖွန်ဒါက 'ကျွန်မ သူတို့ကိုပြောပါတယ်။ ကျွန်မနဲ့ပတ်သက်ပြီး သူတို့ မှတ်တမ်းရုပ်ရှင်ရိုက်မယ်ဆိုတော့ ကျွန်မဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်သာ မဟုတ်တဲ့အတွက် မရိုက်ပါနဲ့လို့ ပြောခဲ့ပါသေးတယ်' လို့ ဆိုပါတယ်။ The Jess Cagle Interview ဆိုတဲ့ကားထုပ်မှာ ဂျိန်းဖွန်ဒါက People မဂ္ဂဇင်းရဲ့ စာတည်းချုပ်ကို သူ့ဘဝ၊ သူ့အချစ်များအကြောင်း အိတ်သွန်ဖာမှောက် ပြောကြားခဲ့ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး သူ့ဘဝမှာ ပြီးပြည့်ပြီရယ်လို့ မဆိုနိုင်သေးတဲ့အတွက် လေ့လာသင်ယူနေဆဲ ပါပဲလို့လည်း ဆိုခဲ့ပါတယ်။ 'ကျွန်မ ရယူစရာတွေ အများကြီးရှိပါသေးတယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့သာ မဟုတ်ဘဲ လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တာတွေကို ယူရဦးမှာပါ' လို့ ပြောခဲ့တဲ့ မင်းသမီးကြီးရဲ့အင်တာဗျူးကို လေ့လာကြည့်ရအောင်ပါ။

❑

**ကိုယ့်ဆန္ဒထက် သူ့ဆန္ဒကို ဦးစားပေးသူ။**

'ကျွန်မ အသက် ၆၀ ကျော်တဲ့အရွယ်အထိ ကျွန်မဘဝထဲမှာ ဝင်လာတဲ့ အမျိုးသားတွေနဲ့ပတ်သက်ပြီး လေ့လာသင်ယူဆဲ ဖြစ်ခဲ့ပါတယ်' လို့ ဖွန်ဒါက ဖခင်ဖြစ်သူ သရုပ်ဆောင် မင်းသားကြီး ဟင်နရီဖွန်ဒါ အပါအဝင် ခင်ပွန်းသည် သုံးယောက်နဲ့ ပတ်သက်လို့ ပြောကြားခဲ့ပါတယ်။ သူ့ခင်ပွန်းသည် သုံးဦးကတော့ ရော်ဂျာဗာဒင်၊ တွမ်ဟေဒင်နဲ့ တက်ဒ်တန်နာတို့ပါပဲ။

'ကျွန်မ ငယ်ငယ်ကတည်းက လူတိုင်းကို ကျေနပ်စေချင်တဲ့ဆန္ဒ ရှိခဲ့တယ်။ အထူးသဖြင့် အဖေက ကျွန်မကို ချစ်စေချင်ခဲ့တာပါ။ ဒါကြောင့်လည်း အဖေ့ဆန္ဒအတိုင်း ရုပ်ရှင်မင်းသမီးဖြစ်လာခဲ့တာပါ။ ကျွန်မဆန္ဒကြောင့်သာဆိုရင်တော့ မင်းသမီးဖြစ်မလာနိုင်ပါဘူး' လို့ ဖွန်ဒါက ဆိုပါတယ်။

အိမ်ထောင်ဖက်များနဲ့ ပတ်သက်ပြီးတော့လည်း သူ့ခံယူချက်က ဒီအတိုင်းပါပဲ။ ကိုယ့်လိုဘထက် အိမ်ထောင်ဖက်များရဲ့ ဆန္ဒကိုသာ ဖြည့်ဆည်းပေးခဲ့သူဖြစ်ပါတယ်။ နောက်ဆုံးရိုက်ကူးခဲ့တဲ့ မော်ကွန်းရုပ်ရှင်တစ်ခုမှာ 'တကယ်တော့ ကျွန်မဘဝမှာ ကျွန်မဖြစ်ချင်တာ ဘာမှ မဖြစ်ခဲ့ပါဘူး' လို့ ဆိုခဲ့ပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

**ငယ်ဘဝမှာ ကြေကွဲစရာတွေ ကြုံခဲ့ရပေမဲ့ မိဘများကို ခွင့်လွှတ်ခဲ့သူ။**

ဖွန်ဒါ အသက် ၁၂ နှစ်အရွယ်မှာ မိခင်ဖြစ်သူ ဖရန့်စစ္စဖို့ဒ်ဆိုင်မောဟာ အသက် ၄၂ နှစ်ရှိပြီး စိတ်ရောဂါဆေးရုံမှာ ကုသမှုခံယူနေရင်း သူ့ကိုယ်သူ လည်ပင်းကို ဓားနဲ့လှီးပြီး အဆုံးစီရင်သွားခဲ့ပါတယ်။ '၂၀၀၅ ခုနှစ်တုန်းက ကျွန်မရေးခဲ့တဲ့ **My Life So Far** ဆိုတဲ့ စာအုပ်ကို အမေ့အတွက် ရည်စူးတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါကလည်း အမေ့ဘဝကို ကျွန်မနားလည်တယ်ဆိုတာ ပြချင်လို့ပါပဲ။ ကျွန်မ အမေ့ကို တကယ်နားလည်ခဲ့တာပါ' လို့ ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

'ကျွန်မအမေ ခံစားရတာက အင်မတန်ရှုပ်ထွေးတဲ့ လူမှုရေးတွေဖြစ်ပြီး အမေဟာ အလွန်အလွန်လှတဲ့ မိန်းမဖြစ်ပေမဲ့ အမြဲတစေ နာမကျန်းသူတစ်ယောက်လို အများက မြင်ကြပါတယ်' လို့ ဖွန်ဒါက သူ့ဘဝမှတ်တမ်းရိုက်ကူးထားတဲ့ ရုပ်ရှင်မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

'အမေက အဖေ့ကို အင်မတန်မြတ်နိုးတယ်။ ဒါပေမဲ့ အဖေ့ဘက်က တစ်ခါတလေမှာ တူညီတဲ့ တုံ့ပြန်မှု မပေးနိုင်ခဲ့ဘူး' လို့လည်း ဖွန်ဒါက သူ့မိဘနှစ်ပါး ဆက်ဆံရေးကို ပြောကြားခဲ့ပါတယ်။

အသက် ၄၂ နှစ်အရွယ် မိခင်ကွယ်လွန်သွားပြီးတဲ့နောက်မှာ ဖခင်ဖြစ်သူက အသက် ၁၂ နှစ်အရွယ်ရှိ ဖွန်ဒါကလေးကို မီးရထားပေါ်တင်ပြီး ကျောင်းအိပ်ကျောင်းစားနေရတဲ့ ကျောင်းတစ်ကျောင်းသို့ ပို့ထားလိုက်ပါတယ်။ ဒါကြောင့် ဖခင်ဖြစ်သူကို စိတ်နာခဲ့ပြီး အရွယ်ရောက်လာချိန်မှာ ဖခင်နဲ့ ကင်းကွာနေခဲ့ပါတယ်။

၁၉၈၁ ခုနှစ်မှာ **On Golden Pond** ရုပ်ရှင်ဇာတ်ကားရိုက်ကူးတော့မှသာ အဖေနဲ့ ပြန်လည်သင့်မြတ်ခဲ့ပါတယ်။

❑

**အိမ်ထောင်သုံးဆက်ပြုပြီးတဲ့နောက်မှာ နောက်ထပ် ချစ်သူ မထားတော့ဘူးလို့ ဆိုတယ်။**

ဖွန်ဒါကို အချစ်ရေးနဲ့ ပတ်သက်ပြီး မေးကြတဲ့အခါမှာ 'ကျွန်မ ဆိုင်ပိတ်လိုက်ပြီရှင့်' လို့ ဖြေတတ်ပါတယ်။ 'အမျိုးသားတွေက ကျွန်မနဲ့ တွဲသွားတွဲလာလုပ်ဖို့တောင် စိတ်မဝင်စားကြတော့ပါဘူး' လို့လည်း ဆိုတတ်ပါတယ်။ ဒါပေမဲ့ ဖွန်ဒါက အချစ်ဟောင်းတွေနဲ့ ပတ်သက်ပြီး စိတ်လိုလက်ရပြောတတ်ပြန်ပါတယ်။

ပထမခင်ပွန်းသည်က ပြင်သစ်ဇာတ်ညွှန်းရေးဆရာနဲ့ ဒါရိုက်တာဖြစ်တဲ့ ရော်ဂျာဗာဒင်ပါ။ ၁၉၆၈ ခုနှစ်မှာ ဖွန်ဒါနဲ့ **Barbarella** ဆိုတဲ့ ရုပ်ရှင်ကား ရိုက်ကူးရင်း ချစ်ခဲ့ကြတာပါ။ သူနဲ့ပတ်သက်ပြီး ဖွန်ဒါက 'ရိုက်ကွင်းပေါ်ရှိတဲ့ သူမှန်သမျှ သူ့ကိုမချစ်တဲ့သူ မရှိဘူး။ သူက ပြိုင်စံရှားလောက်အောင် ဆွဲငင်အား ကောင်းတယ်။ ကျွန်မကလည်း အသက်ငယ်သေးတော့ ချစ်မိတာပေါ့။ သူက ကျွန်မကို မိန်းမတစ်ယောက်ဆိုတာ ဘယ်လိုလဲဆိုတာ သိသွားအောင် သင်ပေးခဲ့ပါတယ်'။

သို့သော် သူတို့ နှစ်ယောက် အိမ်ထောင်ရေးက မနိုင်မြဲခဲ့ပါဘူး။ ရော်ဂျာက မိန်းမလိုက်စားပြီး လိင်ကိစ္စကို မြိန်ရေရှက်ရေ ရှိပါတယ်(ရော်ဂျာနဲ့ပတ်သက်ပြီး ဖွန်ဒါက သူ့တစ်သက်တာ မှတ်တမ်းမှာ ရော်ဂျာဟာ တခြားမိန်းမတွေကို သူနဲ့အိပ်တဲ့ အိပ်ရာမှာ အိပ်ဖို့တောင် ခေါ်လာတဲ့ သူပါလို့ မှတ်တမ်းတင်ခဲ့ပါတယ်)။ မော်ကွန်း ရုပ်ရှင်မှာတော့ 'သူနဲ့လက်ထပ်ပြီးကတည်းက မကြာခင်မှာ ကျွန်မဟာ သူ့ကို ခွဲရလိမ့်မယ်ဆိုတာ နားလည်ထား



'ကျွန်မက ကိုယ်လုံးတီး ရုပ်ရှင် ရိုက်ရမှာ မကြိုက်ပါဘူး' ဟု ဖွန်ဒါက ဆိုသည်။ ထိုစဉ်က ခင်ပွန်းသည် ဖြစ်သူ ရော်ဂျာ ဗာဒင်က အရက် တိုက်ကာ ရိုက်ကူးခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါတယ်' လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

❑

**ရိုက်ကူးပြီးစီးခဲ့တဲ့ ရုပ်ရှင်ကားများအတွက် နှမြောတသ ခြင်းမရှိ။**

'ကျွန်မက မိန်းမဘဝကို မြတ်နိုးတဲ့သူတစ်ယောက်လို့ ပြောရမယ်။ ဖြစ်နိုင်မယ်ဆိုရင် ကိုယ့်လေယာဉ်ပျံကို ကိုယ်တည်ဆောက်ချင်တဲ့ မိန်းမပါ' လို့ ဟာသလုပ်ပြီး ပြောတတ်တဲ့ မင်းသမီးကြီးပါ။ အဲဒီလို ခက်ရာခဲဆစ်အလုပ်တွေကိုလုပ်ဖို့ စိတ်အားထက်သန်ပေမဲ့ ရုပ်ရှင်ကားများမှာ ကိုယ်လုံးတီးအရိုက်ခံဖို့ကို



Monster-in-Law(2005) ရုပ်ရှင်ကားကို ၁၅ နှစ်ကြာမှ ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားၡ် ဇာတ်ကောင်စရိုက်မှာ တက်ဒ်တန်နှာ၏ စရိုက်ကို စိတ်သွင်းယူခဲ့သည်ဟု ဆိုသည်။



အမျိုးသမီးများ အခွင့်အရေးတောင်းဆိုသည့် 9 to 5 ရုပ်ရှင်ကားတွင် ဖွန်ဒါက လီလီတော်မ်လင်၊ ဒေါ်လီပါတန်တို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။



Klute ဇာတ်ကားတွင် ဖွန်ဒါသည် ပြည့်တန်ဆာကလေးတစ်ဦးအဖြစ် ဒေါ်နယ်ဆာသာလန်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး ထိုကားဖြင့် အော်စကာဆုကို ပထမဆုံးအကြိမ် ရခဲ့သည်။

တော့ အင်မတန်ဝန်လေးပါတယ်။

'ကျွန်မက ရုပ်ရှင်ကားတစ်ကားအတွက် ကိုယ်လုံးတီးအရိုက်ခံဖို့ လုံးဝ မလိုလားပါဘူး။ ခင်ပွန်းသည်ဖြစ်တဲ့ ရော်ဂျာက ကိုယ်လုံးတီးအရိုက်ခံလိုက်ပါ။ မင်းအရုပ်တွေပေါ်မှာ စာတန်းထိုးမှာဖြစ်လို့ ဘာမှတွေ့ရမှာ မဟုတ်ပါဘူးလို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူညာခဲ့တာပဲ။ ရိုက်ကွင်းပေါ်မှာ ကျွန်မကို ဗော်ဒဂါအရက်တိုက် ပြီးတော့ ရိုက်ခဲ့တယ်။ တစ်ရက်နဲ့မပြတ်တော့ နောက်တစ်နေ့ ရိုက်ဖို့ သူပြောသေးတယ်။ ကျွန်မသိသွားပြီဖြစ်လို့ မရိုက်တော့ပါဘူး' လို့ ပြောပြပါတယ်။

၁၉၇၁ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Klute ဆိုတဲ့ ဇာတ်ကားမှာ ဖွန်ဒါက ပြည့်တန်ဆာမကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ရပါတယ်။ အဲဒီကားမှာ သူ ပထမဆုံး အော်စကာဆုကို ရခဲ့တာပါ။ ဒီကားရိုက်ဖို့အတွက် ဇာတ်ကောင်စရိုက်တွေပီသအောင် ပြည့်တန်ဆာအစစ်များနဲ့ လက်ပွန်းတတီးနေထိုင်ပြီး လေ့လာခဲ့တာပါ။ 'ကျွန်မ သူတို့ ကိုကင်း သွားဝယ်ရင်လည်း လိုက်သွားတာပဲ။ ညဥ့်နက်သန်းခေါင် ကလပ်မှာ ဖောက်သည် မရသေးလို့ စောင့်နေရင်လည်း သူတို့နဲ့အတူတူ ထိုင်နေတယ်။ ဒါကြောင့် သူတို့ဘဝကို အများကြီးသိခဲ့ရတယ်။ ကျွန်မတွေ့ခဲ့ရတဲ့ မိန်းကလေးတွေဟာ တကယ်တော့ ဘဝနာနေရှာတဲ့ မိန်းကလေးတွေပါ' လို့ ဆိုပါတယ်။

❑

**နိုင်ငံရေးလှုပ်ရှားမှု လုပ်ခဲ့တဲ့အတွက် ဂုဏ်ယူပေမဲ့ မှားခဲ့တယ်လို့ ဆိုတဲ့ ဖွန်ဒါ။**

၁၉၇၂ ခုနှစ်မှာ အမေရိကန်နဲ့ ဗီယက်နမ်တို့ စစ်ဖြစ်နေကြတဲ့ မြောက်ဗီယက်နမ်နိုင်ငံသို့ ဖွန်ဒါသွားခဲ့ပါတယ်။ စစ်ဆန့်ကျင်ရေးကို တောင်းဆိုလိုတဲ့အတွက် လေယာဉ်ပစ်အမြောက်နဲ့ ဓာတ်ပုံတွေရိုက်ပြီး ကမ္ဘာတစ်ဝန်းကို ပျံ့နှံ့စေခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး သူ့ကို ဟန္နိုင်းဂျိန်း ဆိုတဲ့နာမည် တွင်စေခဲ့ပါတယ်။

အဲဒီကစပြီး သူ့အတွက် မကောင်းကျိုးတွေက ဆက်တိုက်ခံစားရပါတော့တယ်။ 'ကျွန်မက မှန်တယ်ထင်ရင် နောက်တစ်ကြိမ် မစဉ်းစားဘဲ လုပ်တတ်တဲ့ မိန်းမတစ်ယောက်ပါ။ ဗီယက်



www.burmeseclassic.com

www.burmeseclassic.com

နမ်မှာ အဲဒီလိုလုပ်ခဲ့တာတွေကို မှန်တယ်လို့ ကျွန်မယူဆတာကြောင့် ဆက်တိုက်လုပ်ခဲ့ပါတယ်။ ဟောပြောပွဲတွေလည်း လုပ်ပြီး ဗီယက်နမ်မှာ အမေရိကန်တွေ တိုက်နေတဲ့ စစ်ပွဲဟာ မတရားဘူးလို့ ပြောခဲ့တယ်'။ သို့သော် ဒီနေ့ကာလမှာတော့ ဖွန်ဒါက အဲဒီလုပ်ရပ်တွေအတွက် နောင်တရခဲ့ပါပြီ။ 'ကျွန်မစိတ်မကောင်းအဖြစ်ဆုံးကတော့ လေယာဉ်ပစ်အမြောက်ပေါ်မှာထိုင်ပြီး ဓာတ်ပုံ အရိုက်ခံခဲ့ခြင်းပဲ။ ဘာကြောင့် ကျွန်မ ဒီလိုအရိုက်ခံခဲ့တယ်ဆိုတာလည်း အခုနေမှာတော့ ရှင်းမပြတတ်တော့ဘူး။ ပြန်ကြည့်ရင် ရူးနေသလိုပဲ'လို့ သူ့ဓာတ်ပုံများနဲ့ပတ်သက်ပြီး ဆိုပါတယ်။ ၂၀၁၅ ခုနှစ်က ဗီယက်နမ်စစ်ပွဲပြန် အမေရိကန်စစ်မှုထမ်းဟောင်းများနဲ့တွေ့ဆုံရာမှာ ဖွန်ဒါက 'ကျွန်မသေတဲ့အထိ အင်မတန်မှားတဲ့ အမှားကြီးတစ်ရပ် အမေရိကန် စစ်သားတွေအပေါ်မှာ ကျူးလွန်ခဲ့မိတယ်လို့ နောင်တတရားကို ရင်မှာပိုက်သွားမှာပါ' လို့ ဆိုခဲ့ပါတယ်။

❑

**နိုင်ငံရေးတက်ကြွသူ ဒုတိယ ခင်ပွန်းသည် ၂၀၁၆ ခုနှစ်က ကွယ်လွန်သွားခဲ့တဲ့ တွမ်ဟေဒင်ကို လွမ်းနေဆဲပါ။**

'သူက သတ္တိအရမ်းပြောင်မြောက်တယ်။ လူပ်ရှားမှုတွေနဲ့ ပတ်သက်ရင် သူ ဟာ ငွေကြယ်တစ်ပွင့်လို ထွန်းလင်းတောက်ပသူပါ'လို့ ဖွန်ဒါက တင်စားပါတယ်။ တွမ်နဲ့ ဖွန်ဒါရဲ့ အိမ်ထောင်ရေးကတော့ အဆင်မပြေခဲ့ပါဘူး။ 'ခင်ပွန်းတစ်ယောက်အနေနဲ့ဆိုရင်တော့ ချစ်ဖို့မသင့်တဲ့ သူတစ်ယောက်ပါ။ သူက မိန်းမ လိုက်စားတယ်။ အရက်သေစာကို ချစ်တယ်'လို့ ဖွန်ဒါက ဒုတိယခင်ပွန်းသည်နဲ့ ပတ်သက်ပြီး မှတ်ချက်ပေးပါတယ်။ အဲဒီအချိန်မှာပဲ ဖွန်ဒါက **Coming Home** ဆိုတဲ့ ဓာတ်ကားအတွက် ဒုတိယမြောက် အော်စကာဆုကို ဆွတ်ခူးခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပဲ ကမ္ဘာမှာ ရောင်းအားအကောင်းဆုံး ဗီဒီယိုဖြစ်တဲ့ ဖွန်ဒါရဲ့ လေ့ကျင့်ခန်းဗီဒီယိုက အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ အထီးကျန်ဖြစ်နေတဲ့ တွမ်က အခြားအမျိုးသမီးတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့ပါတယ်။ 'သူတစ်ယောက်တည်း အထီးကျန်ဖြစ်နေလို့ တစ်ယောက်ယောက်နဲ့ ချစ်သွားတယ်ဆိုတာ ကျွန်မ သိလိုက်ပါတယ်။ အဲဒီလိုလုပ်သွားတာကိုလည်း ကျွန်မက ဝမ်းသာမိတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကိုခွာချင်နေတဲ့ကျွန်မ ဆင်ခြေပေးလို့ရသွားတာပေါ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ကျွန်မဘက်က ခွာလို့မရအောင်ဖြစ်နေမှာ'လို့ ဖွန်ဒါက ပြောခဲ့ပါတယ်။ တွမ်ကွယ်လွန်




**Barefoot in the Park(1967)**
ရုပ်ရှင်ကားတွင် တွဲဖက်သရုပ်ဆောင်ရသူ ရောဘတ်ရက်ဖို့ဒ်က ချောလွန်းသဖြင့် သူမ ပြောရမည့်စကားများကိုပင် မေ့သည်အထိ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ရုပ်ရှင်သမားတစ်ဦးဖြစ်သည့်
ခင်ပွန်းဟောင်း ရော်ဂျာဗာဒင်နှင့်ပတ်သက်၍
'သူက လူတိုင်းကို ညှို့ယူနိုင်စွမ်းရှိပါတယ်'ဟု ဖွန်ဒါက ဆိုသည်။
၁၉၆၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ သူတို့နှစ်ဦးပေါင်းဖက်ခဲ့ကြသည်။
'ကျွန်မ အရင်က ဘာရစ်ဂျစ်ဘားဒေါ့တ်၊ ကက်သရင်းဒီနျူးဗ်တို့နဲ့
သူအိမ်ထောင်ကျခဲ့ဖူးပါတယ်'ဟု ဖွန်ဒါကဆိုသည်။

ဖြစ်ပါတယ်။ ဒါပေမဲ့ ဖွန်ဒါက 'ကျွန်မ ကိုယ်စောင့်နတ်က ကျွန်မကို ပြောနေတယ်။ မင်း ဒီအတိုင်းနေမယ်ဆိုရင်တော့ မင်းဘယ်သူဆိုတာ ဘယ်သူမှ မသိလိုက်ဘဲ သေသွားလိမ့်မယ်လို့ သတိပေးနေတာကြောင့် ကျွန်မ လမ်းခွဲခဲ့ပါတယ်'လို့ ဆိုပါတယ်။

❑

**မိခင်ကောင်းတစ်ဦး မဖြစ်ခဲ့ခြင်းအတွက် အမြဲတစေ ဝမ်းနည်းနေတဲ့ ဖွန်ဒါ။**

ဖွန်ဒါက သူဟာ သားသမီးသုံးယောက် ထွန်းကားခဲ့ပေမဲ့ ဒီသားသမီးသုံးယောက်စလုံးနဲ့ အဆင်မပြေမှုတွေရှိတာကြောင့် မိခင်ကောင်းတစ်ဦး မဟုတ်ဘူးလို့ သူ့ကိုယ်သူ အပြစ်တင်ပါတယ်။


'ကျွန်မက ကလေးသုံးယောက်စလုံးအတွက် မိခင်ကောင်းတစ်ဦး

သွားပြီးတဲ့နောက်မှာတော့ ဖွန်ဒါက တွမ်ရဲ့ ကျန်ရစ်သူ မဆိုးမဖြစ်တဲ့ ဘာဘရာ၊ သားဖြစ်သူ လီယမ်တို့နဲ့ တရင်းတနှီးရှိတယ်လို့ ဆိုပါတယ်။ 'သူတို့က ကျွန်မအတွက် မိသားစုဝင်တွေလိုဖြစ်နေပြီး ချစ်လည်းချစ်ကြပါတယ်'လို့ ဆိုပါတယ်။

❑

**တက်ဒ်တန်နာက အကောင်းဆုံးယောကျ်ားဖြစ်ပေမဲ့ လမ်းခွဲရပြန်တယ်။**

'သူက အရမ်းချောပါတယ်။ ဆွဲဆောင်မှုလည်း အပြည့်ရှိတယ်။ ဉာဏ်ရည်လည်းထက်ပါတယ်'လို့ ဖွန်ဒါက ခင်ပွန်းသည် တက်ဒ်နဲ့ ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။ တက်ဒ်က မီဒီယာလောကမှာ အလွန်ထင်ရှားတဲ့ သူဌေးကြီးတစ်လည်းဖြစ်ပြီး အခု အသက် ၇၉ နှစ် ရှိပါပြီ။ ဖွန်ဒါ ဝါသနာပါတဲ့ မြင်းစီးခြင်းကို တက်ဒ်က အားပေးခဲ့ပါတယ်။ ဘယ်တော့မဆို ဖွန်ဒါလိုအပ်ချက်ကို ဦးစားပေးပြီး သူလုပ်ချင်တာကို နောက်ထားတတ်တဲ့သူလည်း



တက်ဒ်တန်နာနှင့်ပတ်သက်၍ ဖွန်ဒါက
'သူနဲ့သာ ဆက်ပေါင်းနေရင်တော့
ရုပ်ရှင်ရိုက်ဖြစ်တော့မှာ မဟုတ်ဘူး'ဟု
ရယ်ရယ်မောမောပြောခဲ့သည်။
သန်းကြွယ်သူဌေး တက်နှင့်
ဆယ်နှစ်တာပေါင်းသင်းပြီး
၂၀၀၁ ခုနှစ်တွင်
ကွာရှင်းပြတ်စဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး' လို့ သူ့အတ္ထုပ္ပတ္တိမော်ကွန်းရုပ်ရှင်ကားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ 'ဒါပေမဲ့ အခုတော့ အရင်တုန်းက မသိခဲ့တာတွေကို သိလာပြီဖြစ်လို့ ကျွန်မ အရာရာကို ပြင်နိုင်အောင် ကြိုးစားနေပါတယ်။ သူတို့က ကျွန်မကို ချစ်စေချင်သလို ကျွန်မလည်း သူတို့ကို ချစ်ချင်ပါတယ်' လို့ ဆိုပါတယ်။

❑

**အစားအသောက်မမှန်တဲ့ရောဂါ ခံစားခဲ့ရတဲ့ ဖွန်ဒါ။**


ဖွန်ဒါက အသက်လေးဆယ်ကျော်အရွယ်အတွင်းမှာ အစားအသောက်မမှန်တဲ့ ရောဂါကို ခံစားခဲ့ရပါတယ်။ တကယ်တော့ ဒီရောဂါက ဆယ်ကျော်သက်ဘဝကတည်းက စတင်ဖြစ်ပွားခဲ့တာပါ။ ဖခင်ဖြစ်သူက ဖွန်ဒါရဲ့ ခန္ဓာကိုယ်တည်ဆောက်မှုကို အပြစ်တင်ပြောကြားတိုင်း ဖွန်ဒါက အငတ်ခံပြီး ပိန်အောင်ကြိုးစားခဲ့တာဖြစ်လို့ ဆယ်ကျော်သက်ဘဝကစပြီး အစားအသောက်မမှန်ဖြစ်ခဲ့ပါတယ်။

'ဆယ်ကျော်သက်မှာ အစားအသောက်မမှန်ဖြစ်ခဲ့ပေမဲ့ ဒီအတိုင်းဆက်နေသွားမယ်ဆိုရင် အသက်ကြီးတဲ့အထိ နေရမှာမဟုတ်ဘူးလို့ သဘောပေါက်လာတဲ့အတွက် ကျန်းမာအောင် ဂရုစိုက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အခုအသက်အရွယ်အထိ အဲဒီရောဂါက ပြန်ပေါ်မလာတော့ပါဘူး' လို့ ပြောပြပါတယ်။

အသက် ၈၀ အရွယ်ရှိပြီဖြစ်တဲ့ ဂျိန်းဖွန်ဒါရဲ့ အတွေ့အကြုံများကို လေ့လာကြပြီးတဲ့အခါမှာ ကျွန်တော်တို့တစ်တွေလည်း သူ့အမှားတွေကို ထောက်ချင့်နိုင်ကြသလို သူ့ကောင်းကွက်တွေကိုလည်း အတုယူနိုင်ကြပါစေ။

■ ဇာနည်ညီမ်း

***Ref: 1, October, 2018, People.***



နိုင်ငံရေးလှုပ်ရှားတက်ကြွသူ တွမ်ဟေးဒင်နှင့် ပထမဆုံး တွေ့သည့်ညတွင် ဖွန်ဒါက သူ့သူငယ်ချင်းအား 'ကိုယ် သူနဲ့ လက်ထပ်ဖြစ်လိမ့်မယ်' ဟု ဆိုခဲ့သည်။ သူတို့နှစ်ဦး ၁၉၇၃ ခုနှစ်မှ ၁၉၉၀ အထိ ပေါင်းဖက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၂၈ နှစ်ပြည့်
ရွှေအမြုတေ
ချစ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# မိုးတွေရွာတဲ့နေ့မှာ အနုပညာတွေစခဲ့တဲ့ နွေဦး

**မန်းသူ**

အနုပညာကို ဥမမည်၊ စာမမြောက် ကလေးဘဝကတည်းက အိပ်မက်တွေထဲပါ ထည့်မက်ခဲ့တဲ့ ကောင်လေးတစ်ဦး၊ မိုးတွေရွာတဲ့နေ့မှာ မှတ်မှတ်ထင်ထင် အနုပညာခရီးကို စတင်ဖို့ လမ်းစ ပေါ်ခဲ့ပေမဲ့ ပေးထားတဲ့ အနုပညာ နာမည်ကတော့ နွေဦး တဲ့။ ပြီးတော့ သူက ရဲတိုက်၊ ဒေါင်းတို့ရဲ့ ဆာတိုရီညီလေး တစ်ဦးလည်းဖြစ်တယ်။ နွေဦးက စာတွေ သိပ်ဖတ်တယ်။ စာတွေသိပ်ဖတ်တဲ့ နွေဦးက သူ့ကို အင်တာဗျူးတဲ့ ကိုယ့်ကိုတောင် ပေးတဲ့ အမှတ်တရ လက်ဆောင်က စာအုပ်လေး။စကားပြော ကောင်းတဲ့ကောင်လေးက သရုပ်ဆောင်ကောင်း ဖို့လည်း အဆင်သင့်ပြင်ဆင် ထားပြီ ဆိုတော့…။

**နွေဦးဆိုတဲ့နာမည်က အနုပညာစကတည်းက နာမည်ပဲလား။**

ကျွန်တော် အနုပညာ လောက ထဲ စ,ဝင်တော့ ဂုဏ်ကျော်အောင်နဲ့ စ, ဝင်တယ်။ နွေဦးဆိုတဲ့ နာမည်ပြောင်း တာကတော့ တစ်နှစ်ပြည့်တော့မယ်၊ ကိုရဲတိုက် စထွက်လာချိန်မှာ စပြောင်း ဖြစ်တာ။

**အနုပညာလောကထဲ စဝင်ခဲ့တဲ့ အချိန်လေးကို မှတ်မိသေးလား။ အဲဒီ တုန်းက ဘယ်လိုပုံစံနဲ့ စဝင်ခဲ့မိပြီး အခုရော ဘယ်လိုအနေအထားနဲ့ ဆက်လျှောက်နေတာလဲ။**

အနုပညာလောကထဲ ကို စဝင်ဖို့ ဆုံးဖြတ်ချက်က ကျွန်တော်ကလေး





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဘဝကတည်းက အိပ်မက်ကြီးတစ်ခုလို မက်ခဲ့ရတယ်။ အဲဒီအိပ်မက်ကို အကောင်အထည်ဖော်ခွင့်ရဖို့အတွက် မိုးတွေရွာတဲ့တစ်နေ့မှာ ကျွန်တော် အခွင့်အရေး တစ်ခုရခဲ့တယ်။ ကျွန်တော်က Facebook သုံးတယ်။ အဲဒီမှာ ဆာတိုရီက Audition ခေါ်တယ်။ အဲဒီမှာ သွားလျှောက်ပြီးတော့ ဒီလမ်းကြောင်းကို စဝင်လာဖြစ်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကပေါ့။

**အသစ်တစ်ယောက်အနေနဲ့ ကြုံတွေ့ရတဲ့ အနုပညာလောက အနေအထားက…။**

ကျွန်တော်က ဒီလောကထဲကို မဝင်ခင်ကတည်းက၊ ဒါမှမဟုတ် လုပ်ငန်းတစ်ခုပေါ့။ ဘယ်လုပ်ငန်းပဲလုပ်လုပ်၊ ဘယ်အရာမှ မလွယ်ကူဘူးဆိုတဲ့ အတွေးတစ်ခု ကျွန်တော် လက်ခံထားတယ်။ အဲဒီအရာက ဘာဖြစ်စေလဲဆိုတော့ ကျွန်တော်အတွက် တွေ့ကြုံလာရတဲ့ အခက်အခဲတွေကို အသာလေးပဲ ကျော်လွှားလိုက်နိုင်တယ်။

**ဒါပေမဲ့လေ တချို့မထင်ထားတာတွေနဲ့အတွေ့မှာရော ကိုယ့်အတွက် ခါးသက်ခဲ့လား၊ ချိုမြိန်ခဲ့လား၊ ကြမ်းတမ်းခဲ့တာလား။**

တချို့ဟာတွေက အရမ်းကြမ်းတမ်းပြီး၊ အချို့ဟာတွေက ချိုမြိန်တယ်၊ ဒါဟာဘဝပဲလေ။ ဒီလောကတစ်ခုတည်းအတွက် ကွက်ပြီးပြောလို့ မရပါဘူး။ဘယ်လောကမဆို ကြမ်းတမ်းတယ်။ ခက်ခဲတယ်။ ပြီးရင် ပြန်ပြီး ချိုမြိန်တယ်။ ဒါဟာ အမှန်တရားတစ်ခုလို ကျွန်တော်တို့ လက်ခံထားတယ်။

**အခု ဆာတိုရီနဲ့ လေးနှစ်တာကာလအတွင်းမှာ သိပ်အများကြီး လုပ်မပြသေးတာလား။ အချိန်ယူနေတာလို့ ပြောလို့ရလား။**

ကျွန်တော်က အတွေ့အကြုံတွေကို ကျေညက်အောင် ကြိုးစားတယ်။ ဥပမာ- ဆာတိုရီမှာနေတဲ့ တစ်လျှောက်လုံး ကျွန်တော့်ကိုယ် ကျွန်တော် ဘယ်လိုပြည့်ဝအောင် ထားမလဲ။ ကျွန်တော့် Actor Life ကို ဘယ်လိုပြည့်စုံအောင် နေမလဲဆိုတဲ့ မေးခွန်းတွေနဲ့ အရင်ဆုံး ကျွန်တော်ဖြည့်တယ်။ ကျွန်တော့်ဘက်က ယုံကြည်မှုတွေရှိလာပြီဆိုတဲ့ အချိန်ကျရင် Activities တွေလာမယ်။ အဲဒီလှုပ်ရှားမှုတွေ မလာခင်မှာ ဖြည့်ဆည်းမှုတွေကတော့ တရစပ် ရှိနေတာပဲ။

**ကိုယ့်ရှေ့က ဆာတိုရီ ညီအစ်ကိုတွေ ရှိမယ်။ အနုပညာ စီနီယာတွေ ရှိမယ်။ သူတို့ကိုကြည့်ပြီး နမူနာပေါင်းများစွာကို ရင်ဘတ်ထဲမှာ ဘယ်လိုသင်ခန်းစာတွေ ယူနိုင်ပြီလဲ။**


သူတို့တွေက ဘဝတစ်ခုဆီပဲ ဖြတ်သန်းသွားကြတာလေ။ သာမန်ပြည်သူတစ်ယောက်ရဲ့ဘဝပါပဲ။ ကျော်ကြားတယ်။ လူသိတယ်။ ဒါပါပဲ။ လောကစံရဲ့ ကြမ်းတမ်းမှု၊ ချိုမြိန်မှု၊ ဒါတွေကို သူတို့ ခံစားသွားကြတယ်ပေါ့။ ကျွန်တော့်အတွက် ဥပမာပြုစရာကတော့ တစ်ယောက်ချင်းစီမှာ တစ်ချက်စီ ရှိနေကြပါတယ်။

**နွေဦးကရော ခက်ခဲကြမ်းတမ်းပါတယ်ဆိုတဲ့ လမ်းကို ဘာကြောင့်လျှောက်ချင်ရတာလဲ။ စိတ်ဓာတ်တွေ Perfect ဖြစ်နေပြီလား။**

ယုံကြည်ချက် ပြင်းနေပါပြီ။

နွေဦးက ရဲတိုက်နဲ့တွဲပြီး ရုပ်ရှင်တစ်ကား ရိုက်ကူးဖို့ ပြင်ဆင်နေပြီလို့လည်း သတင်းပေးခဲ့ပါတယ်။ ■

**မန်းသူ**









www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

၂၉ နှစ်ပြည့်
ချယ်ရီမဂ္ဂဇင်း
အမှတ် ၃၄၃၊ နိုဝင်ဘာ၊ ၂၀၁၈

# လူမျိုးခွဲစိတ်မရှိဘဲ အားလုံးချစ်တဲ့ အနုပညာရှင်ဖြစ်ချင်သူ

**မနှင်းသူ**

'ညီမက ဒီလောကထဲကို မဝင်ခင်ကတည်းက သေချာတော့ စဉ်းစားတယ်။ ငါ ဘယ်လောက်ထိ သွားနိုင်မလဲ။ ဘယ်လိုရပ်တည်မလဲပေါ့။ ညီမ ဘယ်လိုအခြေအနေမျိုးမဆို ရှိနေမှာပါ။ အနုပညာလောကထဲမှာ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ အနုပညာအလုပ်တွေကို ပုံမှန်လေးလုပ်နေမှာပါ'လို့ သရုပ်ဆောင် ဖြစ်ချင်စိတ်တစ်ခုတည်းနဲ့ ရန်ကုန်မြေကို တစ်ဦးတည်း စွန့်စားရောက်ရှိလာတဲ့ ဆာရာဆောင်းဦးက ပြောတာဖြစ်ပါတယ်။ ဆာရာဆောင်းဦးက ရဝမ်-လီဆူး ကပြားတိုင်းရင်းသူလေးတစ်ဦးပါ။

'ရဝမ် အနုပညာရှင်ဆိုတာမျိုးကြီးပဲလည်း မဖြစ်ချင်ဘူး။ ကချင်လူမျိုး အနုပညာရှင်ဆိုတာကြီးပဲလည်း မဖြစ်ချင်ဘူး။ တစ်နိုင်ငံလုံးနဲ့ သဟဇာတ ဖြစ်မယ့် အနုပညာရှင်မျိုးပဲ ဖြစ်ချင်တယ်။ အားလုံးနဲ့ ချစ်ချစ်ခင်ခင်ရှိတဲ့ အနုပညာရှင်ပဲ ဖြစ်ချင်တယ်။မြန်မာနိုင်ငံရဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ချင်တယ်' လို့လည်းဆိုတဲ့ ဆာရာနဲ့ ဖူးငုံပွင့်သစ်လမ်းကြောင်းတွေ ပြောဖြစ်ခဲ့ကြပါတယ်။

**အသစ်တစ်ယောက်ရဲ့ အနုပညာခရီးအစကို ဘယ်လိုစ,ခဲ့ရလဲ။**

ကိုယ်က လုပ်ချင်တာပဲ သိတာ



www.burmeseclassic.com

ကိုးနော်။ အစကတော့ သရုပ်ဆောင်သင်တန်းတွေက ပေါ့။ ညီမတို့ကျတော့ အဆက်အသွယ် မရှိတာလည်းပါတယ်။ နယ်က လာတာလည်းပါတယ်။ သင်တန်းလေးတက်လိုက်၊ နယ်ပြန်သွားတစ်လှည့်၊ ပြန်လာတစ်လှည့်နဲ့ ကြာခဲ့တာပေါ့နော်။ သေချာမလုပ်ရဘူး။ လက်တွဲခေါ်မယ့်သူ မရှိတာလည်းပါတယ်။ ၂၀၁၇ ခုနှစ်၊ လွန်ခဲ့တဲ့ ဒီဇင်ဘာကမှ စပြီးတော့ Miss Newyears 2018 ဆိုပြီးတော့ ပြိုင်ပွဲဝင်ပြိုင်ဖို့ ဆရာသမားတွေကလည်း အားပေးကြတာနဲ့ ဝင်ပြိုင်ဖြစ်တယ်။ အဲဒီ Miss ပြိုင်ပွဲမှာ ညီမက မထင်မှတ်ဘဲနဲ့ Winner ရသွားတယ်။ ဒါကလည်း သူ့အချိန်ကျတယ်လို့ပဲ ပြောလို့ရတာပေါ့နော်။ အရှေ့မှာ သုံး၊ လေးနှစ်လောက် အကြာကြီး ဖြတ်သန်းခဲ့ရပြီး ကိုယ်က လမ်းကြောင်းမမိခဲ့တာ။ Miss ရပြီးနောက်ပိုင်းတွေမှာတော့ ကိုယ်က ပွဲတွေတက်ဖြစ်တယ်။ Showတွေလျှောက်ဖြစ်တယ်။ ကိုယ့်ကိုလာကမ်းလှမ်းပြီး Show လျှောက်ပေးပါဆိုရင် ကိုယ်က ပိုက်ဆံကို မမြင်ဘူး။ ပွဲကိုပဲမြင်နေတယ်။ ကြိုးစားခဲ့တာနှစ်တွေများပေမဲ့ ဒီလိုနဲ့လမ်းကြောင်းပေါ် စ,ရောက်တာက ၂၀၁၈ ကမှပါ။

**အခုလို သရုပ်ဆောင်ဖို့အတွက်ကရော…။**

အဲဒါက Miss ရလိုက်တော့ Show တွေလျှောက်ရင်း၊ ပွဲတွေတက်ရင်းနဲ့ သူငယ်ချင်းတွေနဲ့လည်း နည်းနည်း အဆက်အသွယ်ရလာပြီးတော့မှ ၂၀၁၈ မေလမှာ Lucky Seven က ရုပ်ရှင်ကားကြီးမှာ စတင်ပါဝင်ခွင့်ရတယ်။ အဲဒီကားကြီးကို ပြင်ဦးလွင်မှာ သွားရိုက်တဲ့အချိန်မှာ ကိုစတီးတို့နဲ့ တွေ့တယ်။ သူက သမီးကို သူ့ရဲ့ နောက်ရိုက်မယ့် ရုပ်ရှင်ကားတွေမှာ ထည့်သုံးမယ်ဆိုပြီး **နိုင်ငံကြီးသား** ကားကြီးမှာ ပါဝင်ခွင့်ရတယ်။ ညီမရဲ့ဒုတိယမြောက် ရုပ်ရှင်ကားပေါ့။ ညီမကို သူတို့ကလည်းဖြစ်စေချင်တဲ့စိတ်နဲ့ အသစ်တစ်ယောက်ကို ထည့်သုံးပေးကြတယ်ပေါ့နော်။

**သရုပ်ဆောင်ဘဝစစချင်း ကာရိုက်တာတွေ အကြောင်းလည်း ပြောပြပါဦး။**

ညီမတို့အသစ်တွေ အနေနဲ့က ကာရိုက်တာ ရွေးချယ်ခွင့် မရှိဘူး။ ရွေးလည်း မရွေးချင်ဘူး။ အကုန်လုံး လုပ်ချင်တဲ့ စိတ်ပဲရှိတယ်။ ဘယ်လိုနေရာမှာ ဘယ်လောက်ပဲ လုပ်ရ၊ လုပ်ရ ပေါ့နော်။ သရုပ်ဆောင် ကြည့်ချင်တဲ့ စိတ်ပဲရှိတယ်။ ကာရိုက်တာက သုံးလေးမျိုး လောက်တော့ရှိပြီ။ **ကိုယ် အခုလုပ်ခဲ့**



www.burmeseclassic.com

www.burmeseclassic.com

**ရသမျှတွေထဲမှာ စိတ်ဓာတ်ကျ စရာတွေများ ကြုံနေရပြီလား။ အခက်အခဲဆိုတာ ဘယ်လိုမျိုးလဲ။**

စိတ်ဓာတ်ကျမယ် ဆိုလည်း ကျချင်စရာကောင်းပါတယ်။ ဘယ်လိုလဲဆိုတော့ အသစ်တစ်ယောက်အနေနဲ့ တောင်ပေါ်ကနေပြီး ဆင်းလာတော့ အရမ်းကြီးကွာဟတဲ့ အသိုင်းအဝိုင်းနှစ်ခုပေါ့။ ကိုယ်က ရန်ကုန်ကို ခြေစုံချပြီး ဝင်လာတဲ့အခါမှာ ကိုယ့်နောက်က မိဘတွေကလည်း ပါလာတာ မဟုတ်ဘူးလေ။ မိဘတွေက စကားနဲ့ပဲ လှမ်းအားပေးနိုင်ကြတာဆိုတော့ စိတ်ဓာတ်ကျမယ်ဆိုလည်း ကျလို့ရတယ်။ ညီမကတော့ စိတ်ဓာတ်မကျတတ်ဘူး။ သေချာလေးလည်း ဆုံးဖြတ်ချက်ချထားတဲ့ အလုပ်တစ်ခု။ ဖြစ်အောင်လုပ်မယ်လို့ ဆုံးဖြတ်ချက်ချလုပ်ခဲ့တာဆိုတော့ အခက်အခဲတွေ့လည်း ဘယ်လိုကြိုးစားရမယ်ဆိုတဲ့ စိတ်ဓာတ်က ရှိနေတယ်။

**Miss တစ်ယောက်ဖြစ်တဲ့အတွက် ပရဟိတတွေ လုပ်ဆောင်ရမှာပေါ့။ ကိုယ့်ပြည်နယ်ဘက်မှာရော ဘာတွေ လုပ်ပေးဖြစ်ခဲ့လဲ။**

ညီမတို့ဘက်မှာကျတော့ ပညာရေးဘက်မှာက အရမ်းလိုအပ်နေတာ။ အရမ်းလည်း ခက်ခဲတယ်။ ညီမက အဲဒီလောက်လည်း မလုပ်နိုင်ဘူး။ ကိုယ်က တအားကြီးလည်း နာမည်မကြီးသေးတော့ လုပ်နိုင်တဲ့ အခြေအနေရောက်အောင် ကြိုးစားနေပါတယ်။ အခွင့်အရေးရရင်တော့ ညီမတို့ ပူတာအိုဘက်မှာ အားနည်းနေတာက ပညာရေးဆိုတော့ ကလေးတွေ၊ လူငယ်တွေရဲ့ အနာဂတ်အတွက် အရေးပါတယ်။

**ကချင်ပြည်နယ်ဘက်က အနုပညာရှင်တွေ များစွာထွက်တယ်။ တခြား တိုင်းရင်းသားတွေမှာလည်း ရှိတယ်။ သူတို့တွေက အောင်မြင်သွားရင် ကိုယ့်လူမျိုးကို ပြန်ကြည့် ကူညီကြတယ်။ ညီမကရော အောင်မြင်တဲ့ အနုပညာရှင်ဖြစ်ချင်တာ ကိုယ့်လူမျိုးတွေကို ပြန်ထောက်ပံ့ကူညီချင်လို့လား။ တခြားအကြောင်းရော ပါသေးလား။**

ညီမကလေ လူမျိုးအစွဲရှိတဲ့သူတော့ မဖြစ်ချင်ဘူး။ ကိုယ်တိုင်က ကပြားဖြစ်နေလို့ ဆိုပြီးလည်း ပြောလို့ ရချင်ရပေမဲ့ ပြောလို့လည်း မရဘူး။ ညီမက တစ်မျိုးတည်းအတွက် ရပ်တည်တဲ့သူမျိုးကို သိပ်အားမကျဘူး။ အနုပညာရှင်ဖြစ်ချင်တယ်။ ပြီးတော့ အားလုံးကို ချစ်နိုင်တဲ့သူ ဖြစ်ချင်တယ်။

ဆာရာဆောင်းဦးက 'ရဝမ်-လီဆူး ကပြားဖြစ်တဲ့အတွက် တိုင်းရင်းသားတွေကို အရမ်းချစ်တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံကို အရမ်းချစ်တယ်။ အားလုံး ချစ်ချစ်ခင်ခင်နေတာကို ပိုလိုချင်တယ်။ ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုးဆိုတာတော့ မလိုချင်ဘူး။ အားလုံးစည်းလုံးနေရင် စိတ်ချမ်းသာတယ်' လို့လည်း ဆာရာဆောင်းဦးက ပြောပြပါတယ်။

ဆာရာ ဆောင်းဦးက ရုပ်ရှင်ကားကြီး ငါးကားရိုက်ကူးပြီးထားပြီဖြစ်ပြီး ရုံတင်ရင်အားပေး ဝေဖန်ပေးကြပါလို့လည်း ဆိုပါတယ်။

■ မန်းသူ





www.burmeseclassic.com

www.burmeseclassic.com

သံချိုင်းနိုး

# အရှည်မျှော်သွားသော ချောကလက်


ဟိုတယ် အဝင်အဝက အနက်ရောင်ကြမ်းခင်းပေါ်မှာ ရွှေအိုရောင်ပန်းတစ်ပွင့်စီ ကပ်ထားတဲ့ မိန်းမစီးရှူး ဖိနပ်ရဲ့ ခွာသံက လိုအပ်တာထက် ပိုမိုကျယ်လောင်နေသလိုပင်။ စီးကွင့်များပါတဲ့ ပိုးပဝါစ အနက်ရောင်ကို ပခုံးနှစ်ဖက်အောက်မှာ ခပ်လျော့လျော့ တင်ထားပြီး အနက်ရောင် Leather ပိုက်ဆံအိတ်ကို ခပ်တင်းတင်း ကိုင်ဆောင်ကာ ခန်းမအတွင်းကို တစ်လှမ်းချင်း ဝင်ရောက်လာသူကတော့ ညိုမီ သို့မဟုတ် ချောကလက် ဆိုတဲ့ မိန်းမတစ်ယောက် ပဲပေါ့။ ဝင်ဝင်ချင်း Lobby ဧည့်ခန်းမ ဘယ်ညာ နှစ်ဖက်တွင် အဖြူရောင် ကနုတ်များပါတဲ့ ဓာတ်ပုံ မှန်ပေါင်ကြီးထဲမှာ သတို့သား၊ သတို့သမီးတို့ရဲ့ အလှဓာတ်ပုံက နေရာအပြည့်ယူထားကြတယ်။ ကြည့်ပါဦး၊ သတို့သားက ခါတိုင်းလိုပဲ ဆံပင်ကို ဆီရွှဲနေအောင် လိမ်းပြီး နောက်ကို





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကော့လန်နေအောင် လှန်ဖြီးထားလိုက်တာ လွန်ခဲ့တဲ့ ၁၃ နှစ်တုန်းက ပုံစံနီးပါး ပြန်မြင်နေမိတယ်။ နဖူးနည်းနည်းပြောင်ချင်ပြီး မျက်နှာပိုဖောင်းလာတာ၊ ဗိုက်နည်းနည်းထွက်ချင်ပြီး ပိုဝ,လာတာကလွဲရင်ပေါ့လို့ မီ တွေးမိတယ် မောင်။

'မောင်' သွားစမ်းပါ၊ အကျင့်ပါစွာနဲ့ မောင်လို့ နှုတ်က တီးတိုးရေရွတ်နေမိသေးတယ်။ မှိုပါးစပ်ထဲက၊ ရင်ခေါင်းထဲက၊ အတွင်းကလီစာတွေထဲက ထုတ်ဖော်ခေါ်ရလောက်အောင် ခေါ်ဆိုဖို့ တန်သေးလို့လား မောင်။ မောင့်ကို ကျောင်းတုန်းကလို 'တို့' လို့ပဲ ခေါ်တော့မယ်နော်။

ခတ်ပုံ မှန်ပေါင်ဘက်မှ အကြည့်တို့ကို ရုပ်သိမ်းလိုက်ပြီး Corridor မှတစ်ဆင့် မင်္ဂလာခန်းမဘက် ခြေလှမ်းလှမ်းနေဆဲ ခန်းမအဝင်ပေါက်မှာ မာမီရယ်၊ မာမီ နည်းနည်းပိန်သွားတယ်နော်၊ ဒက်ဒီမရှိတော့တာလွဲရင် ခဲနုရောင်ချိတ်ဝမ်းဆက်နဲ့ အရင်က မာမီလိုပါပဲ။

ဟော မှိုကို တွေ့သွားပြီ။ မာမှီ့မျက်နှာပေါ်မှာ အရောင်တွေ၊ အရောင်တွေ၊ အနီရောင်၊ ပြီးတော့ အညိုရောင်၊ ပြုံမလို မိုးတိမ်တောင် အရောင်တွေလို။ 'မီ သမီး လာတယ်နော်' လို့ တုန်ယင်ကာ မာမီ ရေရွတ်ရင်း မှီ့လက်ကို လှမ်းပြီး ဆုပ်ကိုင်လိုက်တယ်နော်။ မာမှီ့လက်တွေက နွေးထွေးလိုက်တာ။

မြင်ကွင်းတို့က မျက်ဝန်းထဲမှာ ဝေဝါးလာစေတာကြောင့် မှီဘာသာ ချက်ချင်း

u efemrnf
ndy
'D
o wbm;&J..
ajym vbu frfy
rifu
oBU
r , m;uDy vb
ra [ oDuDy vb
ajym vbu frfy
rD , f
rDwfcrfwbu
wkf, if, if
eD x ,a x ,G
jzpfae vdh , f
&Sfrjre
ao ,G m;awG
Aa v mifq ,G fum
Okft eDvb
t pG f
jyae u w , f

ပြန်ပြင်ရတော့မယ်။ ပြုံးစမ်း မီ၊ အလှဆုံးပြုံးစမ်း။ 'ဂျူလီယာရောဘတ်လို ပါးစပ်ပြဲပေမဲ့ ချောကလက်နှုတ်ခမ်းလေးက စေ့လိုက်ရင် ပြုံးထိထိနဲ့ ကြည့်လို့သိပ်ကောင်းတာပဲလို့' တိုး ပြောသံတွေကို ကြားလာမိပြန်တယ်။

'မီ၊ သမီး ဘာလို့လာတာလဲကွယ်' ဆိုတဲ့ မာမှီ့စကားကို မကြားသလိုနေလိုက်ရင်း တိုးပြောသလို နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ရင်း ပြုံးထားမိနေတယ်။ လာရမှာပေါ့ မာမီရယ်၊ တိုးနဲ့ ပတ်သက်ခဲ့ဖူးတဲ့ မိန်းမပဲလေ။ ပြီးတော့ တိုးကြောင့် မာမီလို့ ခေါ်ခွင့်ရခဲ့တဲ့ မိန်းမ၊ ဖူးကလေးရဲ့… ဟုတ်ပါရဲ့၊ ဖူးကလေးရော၊ ဖူးကလေးရော လို့ အယောင်ယောင် အမှားမှားရှာနေမိတယ်။ စိတ်ကို ပြန်တင်းထားစမ်း၊ ထိန်းချုပ်ထားစမ်း မီ။ ဒီမင်္ဂလာညစာစားပွဲကို ညိုမီ ဆိုတဲ့ ချောကလက်တစ်ယောက် ရှိကိုရှိနေသင့်တာပေါ့နော်။ ဒီပွဲကိုလာဖို့ မှီ့မှာ ဘယ်လောက် ကြိုတင်ပြင်ဆင်အားထုတ်ရသလဲဆိုတာ ခုပထမဆုံး မာမီနဲ့ ရင်ဆိုင်နေရပြီ။ 'ပြောမရတော့လည်း မာမီ လက်လျှော့လိုက်ပါပြီ၊ ခေါင်းမာလွန်းတဲ့ မင်းတို့နှစ်ယောက်ရဲ့ ရေစက်ပေါ့။ ဒါပေမဲ့ မာမီ ဖူးကလေးကို သနားတယ်ကွယ်' ဆိုတဲ့ မာမှီ့ စကားသံတွေကို မီ ပြန်ကြားနေရပြီ။

'မာမှီ့ကို မုန်းတယ်၊ I hate you, I don't wanna love you' ဆိုတဲ့ ဖုန်းထဲက ဖူးကလေးပြောတဲ့ စကားသံတွေကိုလည်း ကြားနေရပြီ။ 'မာမီ မီ ဘယ်မှာထိုင်ရမလဲ၊ မီ နေရာယူတော့မယ်' ဆိုပြီး မာမှီ့ကို စကားဖြတ်မိနေပြီ။

မီ နေရာယူတော့မယ်ဆိုပါလား၊ အခုအချိန်ရောက်မှ နေရာယူဖို့ စဉ်းစားနေမိပြန်ပြီပေါ့။ တိုး ကျောင်းမပြီးခင် အတူနေချင်ပါတယ် မာမီဆိုပြီး ဖွတ်ပူဆာခဲ့တဲ့၊ တိုး အခန်းမှာပဲ နှစ်ယောက်အိပ်ခုတင်ချ၊ စာကြည့်စားပွဲတစ်လုံးနဲ့ ဆိုရင် မီတို့ မင်္ဂလာဦးအခန်းလေးက ပြီးပြည့်စုံနေပါပြီလို့ ဆိုခဲ့တဲ့၊ တိုး ဘာမှမပူနဲ့၊ တိုး ကျောင်းပြီးဖို့ ၂ နှစ် လိုနေတဲ့ ကျောင်းစရိတ်ကို မီ အလုပ်ကနေ ရှာပေးမယ်။ ဘာမှမပူနဲ့ တိုးရယ်။ အဓိကက မီ တိုးနဲ့ မခွဲနိုင်ဘူးဆိုတဲ့ မှီ့ကို 'ချောကလက် ဘေဘီကတော့ ဖွတ်ပဲကွာ၊ တိုးလည်း ချောကလက်နဲ့ နီးချင်တာပေါ့။ ချောကလက် သဘောပဲကွာ၊ ကြိုက်သလိုသာ စီစဉ်ပါ' ဆိုပြီး တိုးပြောခဲ့တာ။ အဲဒီကတည်းက မီ နေရာယူခဲ့တာလား၊ ပေးဆပ်ဖို့အတွက် စ,တည်ခဲ့တာလား။ မီ ပြန်မစဉ်းစားချင်။

'မီတို့ ငယ်သူငယ်ချင်းတွေအတွက် သားက တစ်ဝိုင်းလုပ်ပေးထားတယ်' လို့ မာမီပြောတဲ့အတိုင်း ရောက်နှင့်နေကြတဲ့ ချိုချို၊ ခိုင်ခိုင်၊ သက်ဇော်တို့ဝိုင်းမှာ မီ နေရာယူလိုက်ရပြီ။

'မီရယ်၊ မတွေ့တာကြာလှပေါ့။ သူငယ်ချင်းတွေကိုလည်း မဆက်သွယ်နဲ့ ဒီပွဲကျမှ ပြန်တွေ့ရတော့တယ်' ဆိုတဲ့ ချိုချို့အပြောကို ပြုံးပြရုံကလွဲလို့ မီ ဘာမှပြောလိုစိတ်မရှိဘဲ ဟိုဟိုဒီဒီကြည့်ဆဲ ဟော… ဟိုမှာ ပန်းဆီရောင် ဂါဝန်ကိုယ်ကျပ်လေးနဲ့ ၁၀ နှစ်အရွယ် သမီးလေး ဖူးကလေး။ ဆံပင်ကုပ်ကုပ်၊ နှုတ်ခမ်းပြဲပြဲလေးတို့က မီ ငယ်ငယ်က ပုံရိပ်တို့ကို ပြန်ကြည့်နေရသလို။ ဟော မှီ့ကို ဖူးကလေး မြင်သွားပြီ။ ဟုတ်ပါတယ်၊ စားပွဲဝိုင်းတွေ လိုက်ကြည့်ရင်း မှီ့ကိုတွေ့လိုက်တော့ ဖူးကလေး မျက်ဝန်းတွေဝိုင်းစက်ပြီး ခဏရပ်တန့်သွားတာကို ကြည့်ပါလား။ 'ဖူး' လို့ လှမ်းခေါ်ရင်း လက်ပြလိုက်တော့ ဆံပင်ကုပ်ကုပ်



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ဝေ့ယမ်းသွားအောင် တစ်ဖက်ကို ချာခနဲလှည့်ထွက်သွားလိုက်တာ။ တိုးလိုပါပဲလား ဖူးကလေးရယ်။

❑

'မင်း ငွေရှာနိုင်တယ်ဆိုပြီး လူပါးမဝ,နဲ့။ ငါ့မှာလည်း ငါ့ငွေနဲ့ ငါဖြစ်နေပြီ။ ငါ ဆစ်ဒနီ သွားမယ်၊ မင်း အလုပ်ကထွက်ပြီး ငါ့နောက်လိုက်ခဲ့'။ အလုပ်က ထွက်၊ ထွက်ဆိုတဲ့ တိုးစကားသံတွေ။ တိုး ဒီလိုပြောတဲ့အချိန်မှာ မီက ပြင်သစ်၊ ဂျာမန်၊ အင်္ဂလိပ်ဘာသာစကားတွေကို အထူးကျွမ်းကျင်တဲ့ ခပ်ငယ်ငယ် Guide တစ်ယောက် မဟုတ်တော့ဘူး မောင်။ ပဲရစ်မြို့ပေါ်မှာရှိတဲ့ နိုင်ငံတကာဆက်ဆံရေးရုံးချုပ်မှာ Deputy Executive Manager ရာထူးနဲ့ အလုပ်သွားမှာကို သိလျက်နဲ့။ မောင် ကျောင်းတက်ခဲ့တယ်ဆိုတာလည်း မီ Guide လုပ်လို့ရတဲ့ income နဲ့လေကွယ်။ ကုမ္ပဏီတစ်ခုရဲ့ Project တစ်ခုမှာ အလုပ်ဝင်တော့လည်း မောင်စီးဖို့ Cardina Van လေးကလည်း မောင်သိပ်ချစ်တဲ့ ချောကလက်ကဝယ်ပေးခဲ့တာပဲကွယ်။ မောင့်သူငယ်ချင်းတွေနဲ့ ညပိုင်းဆိုင်ထိုင်ရင်လည်း မောင်မျက်နှာမငယ်ရအောင် မောင့်ပိုက်ဆံအိတ်ထဲ ငွေအပြည့်ဖြည့်ပေးထားသလို မီးခံသေတ္တာသော့ပါ အပ်ထားတာ မီပါ မောင်ရယ်။ အခုမီ ပဲရစ်မှာ ၃ နှစ် အလုပ်သွားမှာ သိလျက်သားနဲ့ ဘာဖြစ်လို့ ဂျစ်တိုက်ချင်ရတာလဲကွယ်။

'မင်္ဂလာညစာ စားပွဲစတင်ကျင်းပတော့မှာ ဖြစ်ပါတယ်' အစချီပြီး မင်္ဂလာသတို့သားနဲ့ သတို့သမီးတို့ အခမ်းအနားစင်မြင့်ထက်သို့ နေရာယူပေးကြပါရန် ဆိုတဲ့ စကားသံအဆုံးမှာပဲ စန္ဒရားသံနဲ့အတူ လက်ချင်းချိတ်လို့လား၊ လက်တွဲလာလို့လား မျက်လုံးထဲမှာ ဝေဝါးချင်သလိုလို Dinner ဝတ်စုံဂါဝန်အနီကလေးနဲ့ မီတို့နဲ့ မတိမ်းမယိမ်း မိန်းမတစ်ယောက် မောင့်ဘေးမှာပေါ့။

G-mail inbox ထဲမှာ Invitation ဆိုတဲ့ Subject စာတန်းကို Click လုပ်ပြီး Dinner Reception at Sedona ဆိုတဲ့ မောင့်ရဲ့ဖိတ်စာ၊ မီတို့ မင်္ဂလာဆောင်ဖိတ်စာလိုပဲ ခဲရောင်နောက်ခံ ဖိတ်စာကတ်၊ ဆက်ဆက်လာခဲ့နော် ချောကလက်တဲ့။ ဟုတ်ပါရဲ့၊ ပဲရစ်သွားဖို့၊ ဆစ်ဒနီကို လိုက်ခဲ့ဖို့ဆိုတဲ့ လွန်ဆွဲပြိုင်ပွဲမှာ ပဲရစ်ကို မီ အရင်ထွက်သွားခဲ့တာနော်။ 'ဒီအလုပ်ကို မလုပ်ပါနဲ့ဆိုတာကို လုံးဝဂရုမစိုက်တဲ့မိန်းမ၊ ငွေရှာနိုင်တယ်ဆိုပြီး ဘဝင်ထိပ်ခေါင်တက်နေတဲ့မိန်းမ၊ ပဲရစ်မှာသာ အပြီးနေလိုက်ပါကွာ။ ဖူးကလေးကိုလည်း သံယောဇဉ်မရှိ၊ ကိုယ်လုပ်ချင်တာကို လုပ်ချင်တဲ့ မင်းဆီကို ကွာရှင်းစာချုပ် ပို့လိုက်တယ်။ နောက်ဆုံးအကြိမ်နဲ့ ထပ်ပြောလိုက်မယ်။ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးမလား၊ ဒါမှမဟုတ် ဖူးကလေးနဲ့ငါ ရောက်နေတဲ့ ဆစ်ဒနီကို မင်းလိုက်လာမလား။ ကြိုက်တာ ရွေး'တဲ့။ မီ ပြန်မသွားဘဲ စာချုပ်မှာ လက်မှတ်ထိုးလိုက်ရင် မီ့အပြစ်တွေချည်းပဲပေါ့။ ဒီလိုဖြစ်စေချင်တာ မဟုတ်လားမောင်။ မီ ဂျာမနီကို Training သွားနေတဲ့အချိန် မောင့်သတင်းတွေ၊ မောင်တို့ Site ကနေ လျှို့ထွက်ပြီး မီ ရှိနေရာအရပ်ထိ ရောက်လာခဲ့တယ်နော်။ မောင့်လက်အောက်ကလ/ ထ အင်ဂျင်နီယာနဲ့ မောင်မခွဲ အတူ၊ နံနက်စာအတူ၊ နေ့လယ်စာအတူ၊ ညစာအတူစား၊ သံယောဇဉ်တော်တော်ကြီးပြီး သိပ်တွယ်တာနေပြီလား မောင်။

မောင် စက်မှုတက္ကသိုလ်ဒုတိယနှစ်တက်ဆဲ ကျောင်းပိတ်ရက်ရှည်တွေတုန်းက မီ့ကို တွေ့ချင်လွန်းလို့ ၄၂ ဘတ်စ်ကားကြီး တွယ်စီးပြီး မီ့ဆီလာခဲ့တာ။ ကျင်တို့အိမ်အသစ်မှာ ခဏခဏ ချိန်းတွေ့ကြရအောင်ဆိုပြီး (ကျင်တို့အိမ်အသစ်က) ဒန်းလေးပေါ်မှာ မုန့်တွေ အပြန်အလှန်ခွံ့ကျွေးကြတာ၊ မီ့လွယ်အိတ်ကို မချတမ်းလွယ်ပေးပြီး မီ့ဆီက ကိုယ်သင်းရနံ့လေးကို သိပ်ကို နှစ်လိုခဲ့တဲ့ မောင်ဟာလေ- အိမ်ထောင်ကျပြီး ဖူးကလေး ကိုယ်ဝန်ရှိချိန်တွေမှာ မီ့ကို ရှူးမတတ်ဂရုစိုက်ခဲ့တာ။ မောင့်သူငယ်ချင်းတာဝန်ကျတဲ့ ဆေးရုံမှာပဲ ဖူးကလေးကို မွေးခဲ့တာ။ မွေးပြီးပြီးချင်း အသားဝါ သွေးလဲရတော့ နှစ်ယောက်လုံး ကလေးကို သနားလွန်းပြီး အပူမီးကြီးခဲ့ရတာ။

အင်ဂျင်နီယာကြီး စာဖတ်ဖို့ အခန်းသတ်သတ်ပါအောင် Condo တိုက်ခန်းနှစ်ခန်း ဘေးချင်းယှဉ်လျက်ဝယ်ပြီး အလယ်နံရံကို ဖွင့်ချကာ မောင့်စိတ်ကြိုက် ဧည့်ခန်း၊ စာကြည့်စာဖတ်ခန်း၊ မီတို့အိပ်ခန်း၊ ဖူးကလေးဆော့ဖို့ ကစားကွင်းလေးလို ဖန်တီးထားတဲ့အခန်း၊ ပြီးတော့ မောင် စာထွက်ထွက်ဖတ်တဲ့ ဝရန်တာလေးတွေ။

❑

လက်ခုပ်သံတွေကြားမှာ ပျံ့လွင့်မျောနေတဲ့ စိတ်တွေနဲ့ လက်ဖျားတွေဆီ အားအင်တွေပို့ပြီး လက်ဝါးနှစ်ဖက်ရိုက်ခတ်သံကို အများနည်းတူ ဖန်တီးခဲ့ရတာ။ စတိတ်စင်နဲ့ မီ့စားပွဲက ရှေ့ဆုံးစားပွဲတစ်ဝိုင်းကျော်မှာ။ Cheers လုပ်ရန် အားလုံးမတ်တတ်ရပ်လိုက်ချိန်တွင် ရှူးဖိနပ်အမြင့်ကြောင့် ပရိသတ်တွေကြား ဝင့်ကြွားနေသော မီ့အရပ်၊ မီ့သဏ္ဍာန် စင်ပေါ်ကနေ Cheers ပြန်လုပ်နေတဲ့ မောင် တွေ့သွားပြီနော်။ ငါ့အရွဲ့တိုက်ပြီး ဖိတ်တာကို မင်းက ငါ့ကို အရွဲ့တိုက်ရုံတင်မက မျက်နှာပြောင်တိုက်ပြီး လာရဲသေးတယ် ကွာလို့ မောင့်မျက်ဝန်း၊ မဟုတ်ဘူး၊ မောင် မဟုတ်ဘူး။ တိုးမျက်ဝန်းတွေက ဆိုနေပြီလား။ 'မင်းကွာ၊ မင်းကွာ၊ မင်းကို ငါ ဘယ်လိုနားလည်ရမလဲ' ဆိုတဲ့ တိုးနှုတ်ခမ်းဟပဟလေးတွေ။

ဟဟ ဘယ်ရမလဲ တိုးရယ်၊ တိုးသိပ်ချစ်ခဲ့တဲ့ ချောကလက်အကြောင်း တိုး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းသိပါတယ် နော်။ ဝိုင်ထည့်ထားတဲ့ ဖန်ခွက်လေးကို ညာဘက်လက်ကလေးနဲ့ ခပ်အုပ်အုပ်ကိုင်ရင်း Cheers ဆိုကာ တိုးမျက်နှာကို ခပ်စူးစူး ပြုံးထေ့ထေ့ကြည့်ပြီး ဝိုင်တစ်ခွက်လုံးကို ခပ်ပြတ်ပြတ်မော့ချလိုက်တယ် တိုး။

သောက်လေ တိုးရယ်၊ တိုးသိပ်ကြိုက်တဲ့ Gold Lable မဟုတ်လို့လား။ ပြင်သစ်က မီ ပို့ပေးတဲ့ ဝိုင် မဟုတ်လို့လား။ ဒီမင်္ဂလာပွဲကို ကျင်းပနိုင်တဲ့အထိ တိုး ရှာဖွေစုဆောင်းနိုင်တာ မီ သိပ်ဝမ်းသာပါတယ်လို့ Congratulation သွားလုပ်ရင် မီ့ကို ထ,ထိုးဦးမလား။

တိုးလုပ်သမျှ မီ အကုန်နားလည်ခွင့်လွှတ်ပေးနိုင်တယ်။ တိုး နောက်တစ်ယောက်နဲ့ ထပ်တွဲတာ၊ ဖောက်ပြန်တဲ့ လုပ်ရပ်မျိုးလုပ်တာ မီ ခွင့်မလွှတ်နိုင်ဘူး။

'ဘာပြောတယ်၊ မင်းကို အရွဲ့တိုက်တာ ဟုတ်သလား တိုး'။ ချောကလက်အရည်မပျော်နိုင်ဘူး တိုးရေ။ Deep Freezer ထဲမှာ ထည့်ထားတဲ့ မာတင်းနေတဲ့ ချောကလက်ရဲ့ မျက်နှာပြင်ကို တိုး ဘယ်လိုချိုးဖဲ့ချင်လဲ။ လက်နဲ့ချိုးလို့မရတော့ ကတ်ကြေးနဲ့ ညှပ်မှာလား၊ ဓားနဲ့ ခုတ်ပစ်မှာလား တိုးရယ်။

စင်ပေါ်က ဆင်းလာကြပြီလား၊ ဘယ်သူ့ဆီ လာနေတာလဲ။ အန်ကယ်ကျော်တို့ လင်မယားကို တိုး နှုတ်ဆက်ပြီး ဒုတိယဝိုင်းမှာ ရှိတဲ့ မီ့ဆီကို လာနေတာပဲ။ သိပ်ကိုရက်စက်ယုတ်ညံ့တဲ့ မောင်။

v @cbwb
13 Epfa u mfu
t ifv m;uef
jruf ifyifu
Dinner rS
Elwfq ufcl
u wkefu wku
rDa b;rS
t ckawmh
wku rDU
ru ESc ifq kdfS
&yfv kd
rD u fu kd
wkU ZeDu
q kfu kdfv kd

'ဖူးကလေးနဲ့ ဖုန်းပြောချင်လို့ပါ မောင်ရယ်' လို့ ငိုယိုတောင်းပန်ပေမဲ့ 'သမီးကမင်းကို မုန်းနေတာ၊ ဖုန်းပေးမပြောနိုင်ဘူး' ဆိုတဲ့ မောင့်ကြောင့် မီနဲ့ ဖူးကလေး တစ်ယောက်နဲ့တစ်ယောက် အဝေးကနေ ဖုန်းလေးတောင် ပြောခွင့်မရတော့ဘူးလား မောင်။

ဆစ်ဒနီကို မလိုက်နိုင်ပါ။ မီ့ဆုံးဖြတ်ချက်ကို မပြင်နိုင်ပါဆိုတဲ့ မီတစ်ယောက်ကွာရှင်းစာချုပ် လက်မှတ်ထိုးဖို့ထိတော့ မငံ့ရဲခဲ့ပါ မောင်။

Facebook ပေါ်မှာ တင်ထားတဲ့ မောင်နဲ့ မောင့်အသစ်တစ်ယောက်တို့ ဆစ်ဒနီမှာ တွဲရိုက်ထားတဲ့ပုံတွေ ဘာလို့ တင်လိုက်တာလဲ မောင်။ အဝေးမှာရောက်နေတဲ့ မီ Facebook ပေါ်မှာ တင်ထားတဲ့ မောင့်ဓာတ်ပုံတွေ၊ ဖူးကလေးဓာတ်ပုံတွေ ကြည့်ပြီး အလွမ်းဖြေနေရတာပါ မောင်။ ဂျာမနီမှာ တစ်နှစ်သင်တန်းကာလအပြီး Training ဆင်းတဲ့ရက်တွေမှာ ညတိုင်း မောင့်ဆီ ဖုန်းခေါ်တာ မောင်အသိဆုံးပါ။ ဖူးကလေးကို အမေမုန်းတီးရေးသင်တန်းတွေပို့ချခဲ့သူပီပီ မင်းဒီလောက်ပြောချင်မှတော့ သမီးရေ လာ မာမီနဲ့ ဖုန်းလာပြောလိုက်တဲ့။ ဝမ်းသာလိုက်ရတာ။ သမီး ဖူး… ဖူးကလေးလို့ အငမ်းမရအော်ခေါ်နေတဲ့ ဖုန်းထဲက မီ့ရဲ့ စကားသံကို 'မာမီ I hate you, I don't wanna talk you' တဲ့လား ဖူးကလေးရယ်။ ဒက်ဒီကို ချစ်တယ်၊ မာမီ့ကို မုန်းတယ်။ မာမီ မရှိလည်း နေတတ်အောင် ဒက်ဒီက လေ့ကျင့်ပေးထားတယ်ဆိုတဲ့ လက်ရာတွေ ဖူးကလေးရဲ့ ခေါင်းထဲမှာ စွဲမြဲကုန်ကြပြီကွယ်။

Facebook ပေါ်မှာ မောင့်စုံတွဲပုံတွေ တင်တာနဲ့ အားမရသေးဘဲ မီတို့ ကုမ္ပဏီရဲ့ website ထဲမှာ မီ့ကို သိက္ခာချထားတဲ့ သတင်းတွေတင်ပြီး သိက္ခာအကြီးအကျယ်ချတဲ့ မောင့်ကို 'ဟုတ်ပါတယ်၊ ဇွဲသည်ရဲ့ ဖိနပ် ကိုင်ပေးခဲ့ရဖူးပါတယ်။ Customer is always right ဆိုတာ မီတို့လုပ်ငန်းလုပ်တဲ့သူတိုင်း နားလည်ပြီးသားပါ။ မီ့ကို မီ့ညီသည် အမျိုးသားတွေနဲ့ စွပ်စွဲတာ၊ ဓော်ကားလွန်းတဲ့ စာသားတွေ တင်ထားတတ်လာတဲ့ မောင့်ကို မီ အပြစ်ပေးမယ်ကွယ်၊ စာကြည့်အံဆွဲအောက်ဆုံးအဆင့်ထဲမှာ ထိုးထည့်ထားတဲ့ စာချုပ်အလိပ်လေးကို ဆွဲထုတ်ပြီး ဘယ်တော့မှ ဖြေမကြည့်ဖူးတဲ့ ကြိုးကို ဖြေလိုက်ပြီး စာရွက်တွေကို ဖြန့်လိုက်ချိန်မှာ မျက်ရည်တို့က စာချုပ်ပေါ်ကို အတားအဆီးမဲ့ ကျရောက်သွားတာ။ ကွာရှင်းပြတ်စဲခြင်းစာချုပ်မှာ မီ လက်မှတ်ထိုးပေးလိုက်ပြီ မောင်။ မုန်းပါ၊ မုန်းပါ ဖူးကလေး။ အားလုံးကို စွန့်လွှတ်နိုင်အောင် ကြိုးစားထိန်းချုပ်ရင်း အလုပ်တို့ကိုသာ သိမ်းကျုံးလုပ်ရင်းနဲ့ မီ့အချိန်တွေ ကုန်လွန်စေခဲ့တယ်။

'တစ်ယောက်တည်းလား ချောကလက်တဲ့'။ ဟော… သွေးတိုးစမ်းပြီး လာနှုတ်ဆက်နေပြန်ပြီ။ ပြီးတော့ ဒါ ကေခိုင်လေတဲ့။ လာပြီး မိတ်ဆက်ပေးနေပြန်ပြီ။ တိုး မီ့ကို လာမဆွနဲ့နော်။ မီ့သွေးသားထဲမှာ ဝိုင်နီနီတန်ခိုးတွေပြေးပြီး ဆူပွက်ရှိန်းနီနေကြတယ်။

'ကေ၊ ဒါ ကိုယ့်သူငယ်ချင်းဟောင်း ချောကလက်' တဲ့။ ဘာသူငယ်ချင်းဟောင်းလဲကွယ်၊ မီက ဟုတ်ပါတယ်၊ အရင်းအနှီးဆုံး သူငယ်ချင်းပါလို့ မီ ပြောမယ်ထင်လား။

တွေ့ရတာ ဝမ်းသာပါတယ်။ Congratulation နော်။ ကျွန်မနာမည် ညိုမီပါ'။ ဒီက သတို့သားရဲ့…၊ ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်စမ်းပါ။ မင်းက သူ့ရဲ့ မယားကြီးပါလို့။ မဟေသီကြီးပါလို့ ပြောလိုက်စမ်းပါ မီရယ်။ မို့နှုတ်ခမ်းတို့က တုန်ယင်ယင် နီထွေးထွေးဖြစ်နေလိမ့်မယ်။ ရှိန်းမြမြနဲ့ သွေးသားတွေ ဗလောင်ဆူပွက်ကာ ပိုင်အနီတို့ အစွမ်းပြနေကြတယ်။

ကမ်းပေးလာသော လက်အိတ်အဖြူစွပ်ထားတဲ့ လက်အစုံကို မီ ပြန်လည်ဆုပ်ကိုင်နှုတ်ဆက်လို့ တည်ရှိနေပြန်တယ်။

လွန်ခဲ့တဲ့ ၁၃ နှစ် ကျော်က အင်းလျားကန် မြက်ခင်းပြင်က Dinner မှာ နှုတ်ဆက်ခဲ့ကြတုန်းက တိုးက မို့ရဲ့ဘေးမှာ၊ အခုတော့ တိုးက မီရဲ့ မျက်နှာချင်းဆိုင်မှာ ရပ်လို့ မို့လက်ကို တိုးရဲ့ ဇနီးက ဆုပ်ကိုင်လို့။

ဆုပ်ကိုင်ထားတဲ့ တိုးဇနီးရဲ့ လက်ထဲမှာ ချောကလက်တွေ အရည်မပျော်စေရဘဲ မာကျောတောင့်တင်းနေစမ်းပါ မီ။ ကိုယ့်ကိုယ်ကို အားတင်းရင်း Congratulation နော်လို့ တိုးရဲ့ဇနီးကို တိုးသိပ်ကြိုက်တဲ့ နှုတ်ခမ်းထောင့်စွန်းလေးပဲပြုံးပြီး ထပ်ပြောလိုက်မိတယ်။ 'မမကို ကေသိပါတယ်၊ ခုလို ကြွရောက်ချီးမြှင့်အတွက် Thank you ပါ မမ'။

ဩော် မို့ကိုတောင် သိပြီးသားဆိုပါလားကွယ်။ တိုးဇနီးကို ခေါင်းတစ်ချက်ညိတ်ပြလိုက်အပြီး အပြုံးတို့ကို ပြန်လည်အသက်သွင်းမိနေပြန်တယ်။

တိုးရေ မို့အပြုံးတွေရဲ့ နောက်မှာ အလင်းတန်းလေးဖြစ်တဲ့ မို့ဆုံးဖြတ်ချက်လေးကို မီ အကောင်အထည်ဖော်တော့မယ်နော်။

၁။ ပဲရစ်မှာ မီ သုံးနှစ်အလုပ်လုပ်ပြီးသွားရင် မီတို့မိသားစုသုံးယောက်ဘဝ ပြီးပြည့်စုံပြီးရင်း ပြည့်စုံစေချင်တဲ့ မို့ဆန္ဒကို မသိခဲ့တာလား တိုးရယ်။ မို့မှာ ရှိရှိသမျှဟာ မောင်နဲ့ ဖူးကလေးတို့အတွက်ပါပဲ တိုးရယ်။

၂။ ပဲရစ်ကနေ ဆစ်ဒနီကို မီလိုက်လာတုန်းကလည်း ခဏလေးသာအတွေ့ခံပြီး ငါတို့ပြတ်သားကြရအောင်လို့ မောင်ကိုယ်တိုင်ပဲ တွန်းအားပေးခဲ့တာ။ ဆစ်ဒနီက ပြန်လာပြီးပြီးချင်း ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးဖြစ်ခဲ့တာပါ။

၃။ မို့ကို နာကျင်ကြေကွဲအောင်ပြင်းထန်တဲ့ စွပ်စွဲချက်တွေ တင်လာတဲ့ မောင့်ရဲ့ထိုးစစ်တွေကို မီ မခံနိုင်တော့ဘဲ မောင်စိတ်ချမ်းသာပါစေဆိုတဲ့စိတ်နဲ့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တာပါ။

တစ်ပိုင်းတည်း အတူကျနေတဲ့ သူငယ်ချင်းတွေနဲ့ ဘယ်လိုစကားတွေ ပြောဖြစ်ခဲ့တယ် မသိ။ ကားစက်နှိုးပြီး ကားအဲယားကွန်းကို အဆုံးထိတင်မိလိုက်တယ် တိုးရေ။ ချွေးတွေစို့ရွှဲစေတဲ့အထိ မို့သွေးလည်ပတ်နှုန်းတွေ၊ သွေးခုန်နှုန်းတွေ သိပ်ကိုမြန်လွန်းနေပြီပေါ့။ ဂျာမနီက မြန်မာနိုင်ငံ ရုံးချုပ်ကို အပြီး ပြောင်းလာကတည်းက မို့ဘေးမှာ ဖူးကလေးကို ပြန်ခေါ်ထားချင်စိတ် မကြာမကြာ ဖြစ်ပေါ်နေပါတယ်။ တိုးရဲ့ လက်ချာတွေမိနေတဲ့၊ မို့ကို မုန်းနေတဲ့ ဖူးကလေးကို မီ အကြိမ်ကြိမ် ပြန်ခေါ်ဖို့ ကြိုးစားပေမဲ့ တကယ်တမ်းကျတော့ ဖူးမျက်ဝန်းတွေကို ရင်မဆိုင်ရဲတာကြောင့် ပြန်မခေါ်ဖြစ်ခဲ့ပါဘူး။ ခုချိန် တိုးဘေးမှာ ဇနီးချောသစ်လေး ရှိနေပြီဆိုတော့ ဖူးကို မီ ဘာပဲဖြစ်ဖြစ် ပြန်ခေါ်ပါတော့မယ်။ ဘယ်နည်းနဲ့မှ မင်းကို မပေးနိုင်ဘူး။ မာမီနဲ့ ဘယ်တော့မှ မလိုက်ဘူးဆိုတဲ့ သားအဖနှစ်ယောက်စကားတွေကို မီ ဂရုစိုက်မှာ မဟုတ်ဘူးနော်။ ရုံးတော်ကို တိုင်တည်ပြီး ဖူးကို ပြန်ခေါ်ထားဖို့ မီ ကြိုးစားပါတော့မယ်။ အရည်ပျော်လုချင်ဖြစ်နေတဲ့ မီရဲ့စိတ်ဓာတ်တွေကို မီကိုယ်တိုင် ပြန်ကောက်တင်ပါတော့မယ်။ ကျန်တော့တဲ့ မို့ဘဝ လက်ကျန်အချိန်တွေမှာ သမီးလေး ဖူးနဲ့ ဆက်လျှောက်သွားမယ်ဆိုတဲ့ အတွေးနဲ့တင် ညိုမီ၊ တိုးခေါ်သလို ချောကလက်ဆိုတဲ့ မီရဲ့ ချောကလက်တွေ မာကျောတောင့်တင်းမရတော့ဘဲ ဖူးကလေးကြောင့် အရည်ပျော်ကုန်ပါပြီ တိုးရယ်။

ကျန်ရှိမယ့် အချိန်တွေကို တိုးနဲ့မဟုတ်ဘဲ သမီး ဖူးကလေးနဲ့ ဖြတ်သန်းရင်း တန်ဖိုးရှိတဲ့အချိန်တွေ၊ ဘဝတွေ ပြီးဆုံးစေရမယ်ဆိုတဲ့ အတွေးတွေနဲ့တင် မို့ရဲ့ဘဝက ပြန်လည်သက်ဝင်လို့ လာမှာ အသေအချာပင် ဖြစ်ပါတော့တယ်။ ■

**သံဗျင်ဦး**

**ပြင်ဆင်ချက်**

၂၀၁၈ ခုနှစ် အောက်တိုဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်း အမှတ် ၃၄၇ တွင် စာရေးဆရာ ပြေ(ဆေး-၂) ရေးသားသည့် **'မှိုင်းမှုန်ဝေရီ'** ဝတ္ထုရှည်စ/ဆုံး စာမျက်နှာ ၂၃၇ ပထမကော်လံတွင် ဖော်ပြပါရှိသည့် *(နောင်အခါ ကျွန်တော် ဝတ္ထုတို လုံးချင်း၊* ***ကာတွန်းပုံကို ကိုမျိုးမြင့် ဆွဲပေးသည်။*** *မဂ္ဂဇင်းဝတ္ထု သရုပ်ဖော်ပုံများကိုလည်း ကိုမျိုးမြင့်၊ ကိုမြိုးတို့ ဆွဲပေးဖူးသည်။ ကိုမြိုးတော့ ဆုံးရှာပြီ။ နောက်တော့ ခင်မြဇင်က ဝတ္ထုတိုအရေးများသော စာရေးဆရာ ဖြစ်လာသည်)* ဟုဖော်ပြရာတွင် **ကာဗာပုံကို ကိုမျိုးမြင့် ဆွဲပေးသည်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ပန်ကြားအပ်ပါသည်။ မှားယွင်းဖော်ပြသည့်အတွက် စာရေးဆရာ ပြေ(ဆေး-၂)နှင့် စာဖတ်သူများအား တောင်းပန်အပ်ပါသည်။

■

**အယ်ဒီတာ**

**(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com



# သိလျက်ကယ်နှင့်

## မောင်ဝဏ္ဏ


မောင်စိန်သောင်းသည် ယောက်ျားအများစု ရှုပ်လေ့ရှုပ်ထရှိသည့်အတိုင်း ရှုပ်ပါသည်။ ထို့ကြောင့် မရှင်းမရှင်းကလေးများ ရှိခဲ့ပါသည်။ မောင်စိန်သောင်းသည် ယောက်ျားဆိုတာ စုံမှဟူသော ဘိုးအေတစ်ယောက်၏ ဩဝါဒကို အလွန် သဘောကျခဲ့လေသည်။ အမှန်မူ မောင်စိန်သောင်း၏ အဘိုး၏ အဖေဖြစ်သော ဘိုးအေကြီးကား လူပျော်၊ လူတော်ကြီးဖြစ်၏။ မောင်စိန်သောင်း မသိမမီ လိုက်သော်လည်း ဘွားအေများ၊ ကြီးတော်များ၏ ပြောပြ ချက်အရ ထိုဘိုးအေကြီး၏ ပျော်ပုံ၊ တော်ပုံ၊ စုံပုံကို ပုံပြင်သဖွယ် ကြားရဖူးလေသည်။

ထိုဘိုးအေကြီးကား အစုံလုပ်သည်ဟူသတတ်။ အရက်သောက်၏၊ ဖဲရိုက်၊ မြင်းလောင်း၏၊ မယားငယ် ယူ၏၊ မြာပွေ၏။ သူနှင့် သက်တူရွယ်တူ အဘိုးကြီးများ နှင့် မပေါင်း၊ ကာလသားများနှင့်သာ ပေါင်း၏။



www.burmeseclassic.com

www.burmeseclassic.com




## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာ မောင်ဝဏ္ဏ ရေးသားပြီး ၁၉၈၃ ခုနှစ်၊ အမှတ် (၂၈)၊ စက်တင်ဘာလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'သီလျှက်ကယ်နှင့်' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*

ထိုကာလသားများ အသက်နည်းနည်း ကြီးသွားသောအခါ နောက်ထပ် ဖြစ်လာသော ကာလသားများနှင့် ဆက်ပေါင်း၏။ အသက် ၈၀ အထိ ဘိုင်စကုတ်၊ ပွဲလမ်းသဘင်များကို လူငယ်များနှင့်အတူ သွားကြည့်လေ့ရှိ၏။

အဘိုးကြီး သေဆုံးပုံ၊ သေဆုံးနည်းမှာ ညတစ်ည ဘိုင်စကုတ် သွားကြည့်ရာမှ အပြန် မူးတယ်၊ မူးတယ်ဟု ပြောရင်း ဇက်ကျိုးကျသွားပြီး သေဆုံးခဲ့လေသည်။ လေဖြတ် သွားသည်လား၊ သွေးတိုးလွန်ပြီး ဦးနှောက်ကြော ပြတ်သွား



www.burmeseclassic.com

သည်လား မည်သူမျှမသိ။ ရပ်ထဲရွာထဲကတော့ 'အဘိုးကြီး သရဲတွေနဲ့ ပေါင်းတာကိုး။ သရဲတွေမွေးပြီး မှန်မှန် အစာ မကျွေးတော့ သရဲက ကုပ်ချိုး သတ်လိုက်တာပေါ့' ဟု ပြောကြ လေကုန်သတည်း။ အဘိုးကြီးကလည်း အဘိုးကြီးပင်။ သူ့ ဝင်းထဲ၌ စပါးလင်ပင်များ စိုက်၏။ အမဲသားများ ကျွေးရ သည်ဆိုလား လုပ်၏။ ပြီးတော့ အရပ်ထဲတွင် 'အဘိုးကြီး၏ ခြံဝင်းအတွင်း သူခိုးဝင်တာ ဘယ်က ဘယ်ကမှန်းမသိတဲ့ ထွက်လာတဲ့ လက်ကြီးနဲ့ လိုက်ရိုက်လို့ ထွက်ပြေးရသတဲ့' ဟူသော သတင်းစကားကို လွှင့်၏။

ဤသို့နှင့် သူ့ခြံဝင်းသည် လုံခြုံမှုရလေသတည်း။ ပြီး တော့ အဘိုးကြီးက ကင်းသမား လူငယ်များနှင့် ပေါင်းထား သည်။ လန်ချားကုလားများသည်လည်း သူ့အပေါင်းအသင်း များ။

လန်ချားဆရာတို့မည်သည် ဘယ်အရပ် ဘယ်နေရာ၌ ဘာရှိသည်ကိုသိ၏။ အရပ်တစ်ရပ်သို့ ရောက်လျှင် လန်ချား ဆရာကို မေး၊ အရက်လိုသလား၊ မိန်းမလိုသလား၊ ဘာလို သလဲ လန်ချားဆရာအများစုက သိ၏။ အချို့သော လန်ချား ဆရာ သူတော်ကောင်းများသာ ထိုကိစ္စမျိုးနှင့် မပတ်သက်။ အများစုကတော့ သူတို့လုပ်ငန်း အဆင်ပြေရေးအတွက် ထိုထို ကိစ္စများကို သိထားနားလည်ကြရသည်။

မောင်စိန်သောင်း၏ ဘိုးအေကြီးသည် လန်ချားဆရာများ နှင့် အဖွဲ့ကျသည်ဆိုကတည်းက ထိုထိုသော ဘိန်းဘင်း၊ ကစော်၊ လှော်စာအရက်၊ မိန်းမဖက်မည်မှာ သေချာ၏။ သို့ သော် အဘိုးကြီးက စည်းကမ်းစနစ်ရှိသည်။

> u ef u aeW , fq kd½ kdv u fae&awmh
> v mEkdif Sr [ kvfb l/ n b u fv nf
> t kdmwkdif awG c P c P &Sdewm
> o ydfc u fwmy J rESif&n f& , f t kdmwkdifom q kdv , f
> q &mo rm;awG n falumu fae&ao;wm olwkdU
> t m; v kdukdcyfv G fv G f&r , fc: n f x i fw w fwm

တန်ရုံသာရှုပ်၏။ ဘေးအန္တရာယ် ဖြစ်စေသည်အထိ မရှုပ်။ အရက်မူးပြီး လဲဖူးသည်မရှိ။ ဘာညာ စွဲသွားသည်မရှိ။ မိန်းမများကြား ဗျာများရသည်မရှိ။

ထို့ကြောင့် သူက သားများ၊ တူများ၊ မြေးများကို ဩဝါ ဒပေး၏။ 'ယောက်ျားဆိုတာ စုံမှကောင်းတယ်။ ဒါပေမဲ့ မကောင်းတာကို မကောင်းမှန်းသိဖို့ လိုတယ်။ မကောင်း ဘူးဆိုတာ သိရင် ရပ်တန်းက ရပ်တော့။ မရပ်ရင် ဖိနပ်ဖြစ် မယ်'။

မောင်စိန်သောင်းကား ထိုဩဝါဒကို တစ်ဆင့်စကား ကြားနာရသော်လည်း နောက်ပိုင်းက 'ရပ်တန်းကရပ်၊ မရပ်ရင် ဖိနပ်ဖြစ်မယ်' ဟူသည်ကို ဖြတ်၍ 'ယောက်ျားဆိုတာ စုံမှ ကောင်းတယ်' ဟူသော ဩဝါဒကိုသာ ခံယူပြီး အစုံလုပ်လေ ၏။

မောင်စိန်သောင်း၏ အစုံထဲတွင် မိန်းမလည်းပါ၏။ သို့ သော် မောင်စိန်သောင်းကား ရည်းစားများများထားရန် အခြေအနေ အခွင့်အရေးက မပေး။ မှတ်မှတ်ရရ ရည်းစား ဟူ၍ တစ်ယောက်သာ ရှိသည်။ ထိုရည်းစားပင်လျှင် ဇနီး မယား ဖြစ်ခဲ့လေ၏။ သို့သော် စုံချင်သော မောင်စိန်သောင်း သည် ငွေပေးလျှင် ရသော မိန်းမများနှင့် ရှုပ်ဖူးလေ၏။ သူ့ ရုပ်ရည် ရူပကာယက မိန်းမများ ကျလောက်သည်မဟုတ် သဖြင့် ရှုပ်ချင်သော မောင်စိန်သောင်းသည် ထိုနည်းနှင့်ပင် ရှုပ်ခဲ့ရလေသည်။

❑

၂။

မောင်စိန်သောင်း၏ သူငယ်ချင်း စာရေးဆရာ မောင်မောင်ဝေသည်လည်း ထိုကိစ္စမျိုး၌ ဝါသနာပါ၏။ မောင်စိန်သောင်းနှင့် မောင်မောင်ဝေသည် အသက် ၃၀ ကျော် သည်အထိ အိမ်ထောင်မကျကြသေး။ ထို့ကြောင့်ပင် ထင်ပါ သည်။ သူတို့နှစ်ယောက် လက်တွဲညီညီ ဖြစ်ခဲ့ကြ၏။

တစ်နေ့သ၌ မောင်စိန်သောင်းနှင့် မောင်မောင်ဝေ တို့သည် အမျိုးသမီးကလေးတစ်ယောက်နှင့် ဆုံကြ၏။ ကြေး က နည်းနည်းကြီးသည်။ မိန်းကလေးကို ကြည့်လိုက်ပြန် တော့လည်း လက်လွှတ်မခံနိုင် ဖွယ်ရာ အချိုးအဆက်၊ မျက်နှာ ပေါက်မျိုးရှိနေ၏။ နှစ်ယောက် သား ပိုက်ဆံစုတွက်သည်။ ငွေ ငါးဆယ်လောက် လိုနေသည်။

မောင်မောင်ဝေက အကြံ ပြုသည်။ ထုတ်ဝေသူ သူငယ် ချင်း တစ်ယောက်ထံသို့ သွား မည်။ အရေးတကြီးလို၍ ငွေ တစ်ရာပေးရန် တောင်းမည်။ ဤသို့နှင့် ထုတ်ဝေသူ သူငယ် ချင်းထံ ရောက်၏။ ထုတ်ဝေသူကလည်း ချက်ဆို နားခွက် ပင်မက ပြောင်းဝကပါ မီးတောက်သူဖြစ်သဖြင့် 'ကိုယ်လည်း လိုက်မှာပေါ့ကွာ' ဟု ဆိုသည်။ ပြီးမှ ဖြစ်ချင်ရာဖြစ်။ ပြဿနာ ဆိုသည်မှာ ရှင်းတတ်လျှင် လွယ်လွယ်နှင့် ရှင်းသွားမည်။ မရှင်းတတ်လျှင်လည်း ခက်ခက်ခဲခဲနှင့် ရှင်းသွားမည်။

'ကဲ- လိုက်ခဲ့ပေတော့ သူငယ်ချင်းရေ့'

အငှားကားတစ်စီး ငှားလိုက်သည်။ ဘိုးအေကြီးတို့ ခေတ်က လန်ချားဆရာ၊ ယခုတော့ ပရိုက်ဗစ် တက္ကစီ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာ၊ ပရိုက်ဗစ်ဟုလည်း ဆိုသည်။ တက္ကစီဟူသည့် စကားလည်း ပေါင်းထည့်ထားသည်။ ကိုယ်ပိုင် အငှားဟူ၏။

‘ဟူ၏’ ဆိုသည်မှာ ယုံချင်ယုံ၊ မယုံချင်နေဟု အဓိပ္ပာယ်ပေါက်ပါသည်။

မောင်စိန်သောင်းသည် ဒရိုင်ဘာအား ခပ်တည်တည်နှင့် အမိန့်ပေးလိုက်၏။

‘ပန်းဆိုးတန်း မောင်းကွာ’

ပန်းဆိုးတန်းသို့ ရောက်၏။ ရပ်စေချင်သော နေရာ၌ ရပ်ခိုင်းလိုက်သည်။ ကားဆရာက ရပ်ပေးရင်း ပြုံးသည်။ သူသိပြီးသား ကိစ္စပေမဲ့ မောင်စိန်သောင်းသည် ပန်းဆိုးတန်းလမ်းရှိ တိုက်တစ်တိုက်၏ လေးထပ်မြောက်ရှိ အခန်းတစ်ခန်းသို့ ရောက်ပြီးသကာလ…။

မောင်စိန်သောင်းသည် မိန်းကလေးရှိနေသော အခန်းသို့ ခပ်တည်တည်ပင် ဝင်လိုက်သည်။ မိန်းကလေးက ပြုံးပြသည်။ နှုတ်ခမ်းသည် ပိပိရိရိရှိ၏။ ပြတ်သားမည့်ပုံပေါ်သည်။ နှုတ်ခမ်းဆိုးဆေး အနံ့ကို မောင်စိန်သောင်း မှတ်မိသည်။ မက္ကစဖက်တာနံ့။ ဤနှုတ်ခမ်းဆိုးဆေးမျိုးကို သုံးနိုင်သော မိန်းကလေးသည် သာမန်အဆင့်မဟုတ်ဟု သူ နားလည်၏။ အများအားဖြင့် သူတို့သည် ဝယ်ရလွယ်သော နှုတ်ခမ်းဆိုးဆေးမျိုးကို သုံးကြ၏။ သည်ကောင်မလေးကတော့ ရစလွယ် နှုတ်ခမ်းဆိုးဆေးကို မသုံး။ ထို့ကြောင့် သူ့ကို ရရန် ခက်ခဲခဲ့ခြင်း ဖြစ်ဟန်တူသည်။

‘ကို့ကို ဒေစီ သိပါတယ်’

မောင်စိန်သောင်း နည်းနည်းတော့ အံ့သြသွားသည်။

‘အေးလေ၊ သိချင်သိမှာပေါ့’

မိန်းကလေးက ရယ်သည်။

‘သိရုံ ဘယ်ကမလဲ၊ အစ်ကိုတို့ အိမ်နားမှာ နေဖူးတယ်’

‘ဟုတ်လား’

ဘာမျှ အရေးမကြီးသကဲ့သို့ သဘောထားသဖြင့် မောင်စိန်သောင်းသည် ‘ဒေစီ’ ၏ လက်မောင်းကို နမ်းရင်းပြောလိုက်၏။

❑

ဒေစီနှင့် သုံးကြိမ်မြောက် တွေ့သောအခါ မောင်စိန်သောင်းသည် နည်းနည်း ငြီးငွေ့လာ၏။ ထို့အတူ ဒေစီလည်း ငြီးငွေ့လာသည်။ ဒေစီသည် အစပထမ၌ မောင်စိန်သောင်းအား တစ်မျိုးထင်သွား၏။ မောင်စိန်သောင်းကို စည်းရုံးထားလျှင် အခြား အခြားသော ဖောက်သည်များ ရလာနိုင်လိမ့်မည်ဟု တွက်ခဲ့သည်။ သို့သော် မောင်စိန်သောင်းသည် ‘ငတုံး’ တစ်ကောင်ဖြစ်ကြောင်း ဒုတိယအကြိမ် တွေ့သည်၌ပင် သတိပြုမိ၏။ သို့သော်လည်း ကံစမ်းမဲသဘောထား၍ တတိယအကြိမ် ချိန်းဆိုခဲ့၏။

မောင်စိန်သောင်းသည် မိမိတစ်ယောက်တည်းကိုသာ ချိန်းဆိုသည်အထင်နှင့် ဒေစီထံ ရောက်သွားသည်။ ဒေစီက ပွင့်ပွင့်လင်းလင်းပင် မေးရတော့သည်။

‘တခြား ဧည့်သည် ခေါ်မလာဘူးလား’

‘ဟင့်အင်းလေ၊ ကိုယ့်ကိုပဲ ချိန်းတာမဟုတ်လား’

ဒေစီသည် သက်ပြင်းချရင်း ခေါင်းခါ၏။ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံပေါ်သည်။

မောင်စိန်သောင်းလည်း သိသည်။ တစ်ကြိမ် တွေ့ပြီးနောက် သူသည် ဒေစီအား နောက်ထပ်တွေ့ဆုံရန် မကြိုးစားတော့ဟု ဆုံးဖြတ်လိုက်သည်။ ဒေစီကလည်း ထိုနည်းလည်းကောင်းပါပဲ။

❑

၃။

မနှင်းရည်နှင့် လက်ထပ်ပြီးနောက် မောင်စိန်သောင်းသည် အိမ်ခန်းကလေးတစ်ခန်း ငှားနေသည်။ ပုဇွန်တောင်ဘက်၌ ဖြစ်သည်။

သူတို့၏ အိမ်ခန်းသည် ပျဉ်ထောင် ရှေးအိမ်တစ်လုံး၏ အထက်ထပ် လက်ယာဘက်အခန်းဖြစ်သည်။

အိမ်ကြီးသည် လမ်းထောင့်ချိုးတစ်ခုတွင် တည်ရှိသဖြင့် လမ်းချိုးသို့ ဝင်သူထွက်သူများကို မောင်စိန်သောင်းတို့၏ အခန်းပြတင်းပေါက်မှ ကြည့်သာမြင်သာသည်။

မောင်စိန်သောင်းသည် အိမ်ခန်းကိုရောက်သည့်နေ့၌ပင် စတင်၍ တုန်လှုပ်ချောက်ချားရတော့သည်။

အိမ်ကို ဆေးကြောသန့်ရှင်းပြီးနောက် မောမောနှင့် ပြတင်းပေါက်ပေါင်၌ လက်တင်ရင်း အပြင်သို့ လှမ်းကြည့်ရာ ဒေစီကို တွေ့ရလေ၏။ ဒေစီသည် မောင်စိန်သောင်းတို့၏ အိမ်နှင့် အတန်ငယ်မျှသာ လှမ်းသော အိမ်တစ်အိမ်သို့ ဝင်ရောက်သွားလေသည်။

ပြန်ထွက်လာလေမလားဟု ခဏစောင့်ကြည့်သေးသော်လည်း ပြန်ပေါ်မလာ။ ခဏတစ်ဖြုတ် အလည်လာတာဖြစ်ပါစေဟု ဆုတောင်း၏။ သို့သော် သူ့ဆုတောင်း မပြည့်။ ဒေစီနှင့် သူ၏ အဒေါ်ဆိုသူသည် ထိုအိမ်ခန်း၌ ငှားရမ်းနေထိုင်ခြင်း ဖြစ်လေ၏။

နံနက် ဆယ်နာရီခန့်တွင် ဒေစီသည် ခြင်းတောင်းတစ်လုံးနှင့် ရုံးသွားမည့်ဟန်ပန်တိုင်း ထွက်သွားတတ်၏။ ညနေ နေဝင်ရီတရောတွင် ရုံးမှ ပြန်လာသည့်ဟန်ပန်အတိုင်း ပြန်လာလေ့ရှိသည်။ တစ်ခါတစ်ရံ ညဥ့်ဆယ်နာရီခန့်မှ ပြန်လာတတ်သည်။ အိဗာတိုင်းဆင်းရ၍ ပင်ပန်းသယောင်လည်း ပြုတတ်သည်။ ဤသည်တို့ အားလုံးကို မောင်စိန်သောင်း တစေ့တစောင်း လေ့လာမိခဲ့လေသည်။

မောင်စိန်သောင်းသည် ဒေစီက သူ့ကိုတွေ့ပြီး နှုတ်ဆက်မည်ကို စိုးရိမ်၏။ ထိုထက် ပို၍ကား သူ့ဇနီး မနှင်းရည်သည် ဒေစီ့အကြောင်းကို သိသွားမည်ကို စိုးရိမ်၏။ ထိုသို့ ဒေစီ့အကြောင်းကို သိပြီး ဒေစီက မောင်စိန်သောင်းနှင့် သိကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အရိပ်အမြွက် နှုတ်ဆက်ပြလျှင် ပြဿနာဖြစ်လာနိုင်သည်။ ထို့ကြောင့် မောင်စိန်သောင်းသည် ဒေစီနှင့် မတွေ့အောင် ရှောင်ကွင်းလေ့ရှိသည်။

❑

သို့သော် တစ်နံနက်၌ မောင်စိန်သောင်း အိပ်ရာမှအထ, တွင် အိမ်ရှေ့၌ မနှင်းရည်နှင့် ဒေစီတို့ စကားပြောနေသည်ကို တွေ့လိုက်ရလေသတည်း။

မောင်စိန်သောင်းသည် ညဉ့်နက်မှ အိပ်လေ့ရှိပြီး အိပ်ရာထ နောက်ကျလေ့ရှိ၏။ မောင်စိန်သောင်း အိပ်ရာမှ မနိုးမီ မနှင်းရည် ဈေးဝယ်သွားလေ့ရှိသည်။ မောင်စိန်သောင်း နိုးလျှင် မနှင်းရည် ဈေးမှ ပြန်ရောက်နေပြီးသာ ဖြစ်လေ့ရှိ၏။

ထိုနေ့တွင်မူ မောင်စိန်သောင်းသည် မိန်းမတစ်ယောက်၏ ခပ်လွင်လွင်ရယ်သံကို ကြားသဖြင့် အိပ်ရာမှ ထ,ကာ အပြင်ဘက် ဧည့်ခန်းကို ခန်းဆီးကြားမှ ချောင်းကြည့်လိုက်၏။ ဒေစီကို တွေ့ရသည်။ မနှင်းရည်က ဒေစီကို ဧည့်ခံနေ၏။

'ခဏထိုင်ဦးနော်၊ ကော်ဖီဖျော်လိုက်ဦးမယ်'

'နေပါစေ၊ ကိစ္စမရှိပါဘူး'

'အို…ခဏလေးပါ'

မနှင်းရည် အတွင်းခန်းကို လှမ်းဝင်လာ၏။ မောင်စိန်သောင်း ကြောင်၍ ရပ်နေမိပြီးမှ အိပ်ခန်းအတွင်းသို့ အသာကလေး ပြန်ဝင်၏။

မနှင်းရည် နောက်ဖေးခန်းသို့ ဝင်သွားသည်။

မောင်စိန်သောင်း ဓာချေးပြန်လာ၏။ မနှင်းရည်နှင့် ဒေစီတို့ မည်သို့ ရင်းနှီးကြလေသနည်း။

]q&m ukdelaomif tydfwkefyJvm;}
][kvfw,fxifw,folu nnu pma&;w,fav}
rESif&nf\ pum;ü um;olEdk nfenfyonf
olW ifawmfarmif pma&;q&mjzpfaumif
um;vkd[ef&S/ pma&;q&m [lonfrS
um;p&m[km; xifav a&mlo vm;

ဒေစီအကြောင်း မနှင်းရည် သိပြီးပြီလား၊ သိလျှင် ပြဿနာ။ ဒေစီနှင့် မပေါင်းသင်းအပ်ကြောင်း မနှင်းရည်ကို ပြောရမည်လား။ ဤသို့ဆိုလျှင်လည်း အဘယ်ကြောင့် မပေါင်းသင်းအပ်ကြောင်း ရှင်းပြရမည်။ ဒေစီသည် မိန်းမရှုပ်တစ်ယောက်ဖြစ်ကြောင်း မောင်စိန်သောင်းက မည်သို့သိသည်ဟူသော ကိစ္စ ပေါ်လာမည်။ သို့ဆိုလျှင် ဒေစီနှင့် မောင်စိန်သောင်းတို့ ပတ်သက်ခဲ့ကြောင်းသည် ဘူးကွယ်၍ မရနိုင်သော ပြဿနာဖြစ်လာမည်။ 'ဒီမိန်းမနယ် နံ့ရှုံ့ကောကွာ။ ဒီဟာမနဲ့မှ အပေါင်းအသင်း ဖြစ်ရတယ်လို့'ဟု မနှင်းရည်ကို စိတ်ထဲမှ ငေါက်ပစ်မိ၏။

မနှင်းရည် ကော်ဖီဖျော်ပြီး ဒေစီ့ရှေ့နား သွားချပေး၏။

'မအေးမိသာ မပြောရင် ကျွန်မ ဘာမှ သိမှာမဟုတ်ဘူး'

မောင်စိန်သောင်း ခေါင်းထဲ၌ ထိုးခနဲ ကျင်သွား၏။ ဒေစီ ဘာတွေပြောပြီးပြီနည်း။

'ကျွန်မက သူ့ကိုသိနေတာ ကြာပြီ။ ဒါကြောင့် သတိပေးလိုက်တာ'

'ကျေးဇူးတင်ပါတယ် မအေးမိရယ်။ နောက်လည်း အိမ်ကို အလည်လာပါ။ အိမ်နီးနားချင်းပဲဟာ။ ကျွန်မလည်း အစ်ကို မြို့ထဲသွားရင် တစ်ယောက်တည်း ပျင်းပျင်းနေတာ'

'လာခဲ့ပါ့မယ်။ ဒါပေမဲ့ ကျွန်မက နေ့လယ်ဆို ရုံးတက်နေရတော့ လာနိုင်မှာ မဟုတ်ဘူး။ ညဘက်လည်း အိုဗာတိုင်းတွေက ခဏခဏရှိနေတာ။ သိပ်ခက်တာပဲ မနှင်းရည်ရယ် အိုဗာတိုင်းသာဆိုတယ် ဆရာသမားတွေလည်း ကြောက်နေရသေးတာ။ သူတို့က အားလုံးကို ခပ်လွယ်လွယ်ရမယ်ချည်း ထင်တတ်တာ'

မောင်စိန်သောင်းသည် အခန်းထဲမှ နားထောင်နေရင်း ရယ်ချင်ချင်ဖြစ်သွား၏။ သို့သော် ချက်ချင်းပင် သတိရသည်။ ဒေစီသည် သူ့ကို မတွေ့သေး။ မျက်နှာချင်းလည်း မဆိုင်မိသေး။ သည်အရပ်ထဲ ရောက်သည်မှာလည်း လပိုင်းသာ ရှိသေး၏။ နည်းနည်းတော့ စိတ်အေးစရာရှိ၏။ သို့သော် ဒေစီစကားအရ 'ကျွန်မ သူ့ကို သိနေတာ ကြာပြီ'ဆိုသဖြင့် ဒေစီသည် မောင်စိန်သောင်း နှင့် သူနှင့် ပတ်သက်ခဲ့ကြောင်း မနှင်းရည်ကို ပြောပြပြီး ဖြစ်ကောင်းဖြစ်မည်။

'ဆရာ ကိုစိန်သောင်း အိပ်တုန်းပဲလား'

'ဟုတ်တယ်ထင်တယ်။ သူက ညညကျ စာရေးတယ်လေ'

မနှင်းရည်၏ စကား၌ ကြွားသံ နည်းနည်းပါသည်။ သူ့လင်တော်မောင် စာရေးဆရာဖြစ်ကြောင်း ကြွားလိုဟန်ရှိ၏။ စာရေးဆရာဟူသည်မှာ ကြွားစရာဟုများ ထင်လေရော့သလား။

'ကျွန်မ ကိုစိန်သောင်းဝတ္ထုတွေ ဖတ်ဖူးပါတယ်။ ကြိုက်လည်း ကြိုက်ပါတယ်။ သူ့ကိုတွေ့ရင် မိတ်ဆက်ရဦးမယ်။ မနှင်းရည်က မိတ်ဆက်ပေးပါလား'

'ဒါလေးများ မအေးမိရယ် အိမ်နီးနားချင်းတွေ ဥစ္စာ'

သေချာပြီ။ ဒေစီသည် သူနှင့်ပတ်သက်ခဲ့ကြောင်း မပြောသေးသည်မှာ သေချာလှ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးကြီးပါပေ့ ဒေစီခေါ် မအေးမိခေါ်…အဲ နာမည်အများကြီးရှိတဲ့ မိန်းကလေးရယ်။

မောင်စိန်သောင်းသည် စိတ်အေးသွားသဖြင့် အခန်းနံရံတွင် ကပ်ထားသော ကိုယ်ကို ခွာလိုက်၏။ နံရံကြွက်လှေျာက်တန်းပေါ်တွင် တင်ထားသော ဆေးပုလင်းတစ်လုံးကို လက်ဖြင့် တိုက်မိသွားသည်။ ပုလင်းကျကွဲ၏။

‘ဟော…’

မအေးမိခေါ် ဒေစီ၏အသံ။

‘ကို…နိုးပြီလားမသိဘူး’

မနှင်းရည်၏အသံ။

‘အေး…ဘာလဲကွ’

မောင်စိန်သောင်း၏အသံ မူမမှန်ပါ။

‘ဘာဖြစ်တာလဲ’

ပြောပြောဆိုဆို မနှင်းရည် အိပ်ခန်းထဲဝင်လာ၏။

မောင်စိန်သောင်းသည် ပုလင်းကွဲအစများကို လိုက်စုရင်း-

‘နေနေ၊ မင်းခြေထောက် ရှဦးမယ်’

‘ဘယ့်နှယ်ဖြစ်ပြီး ဆေးပုလင်း ကျကွဲတာလဲ’

‘ငါ အပြင်ထွက်မယ်လုပ်တုန်း ကြွက်တစ်ကောင်တွေ့တာနဲ့ လှမ်းရိုက်လိုက်တာ’

သူ့စကားအဓိပ္ပာယ် ရှိမရှိ မစဉ်းစားဘဲ ပြောလိုက်သည်။

မနှင်းရည်ကလည်း ဘာမျှ အရေးတကြီး သဘောထားပုံမပေါ်။ သူ့စိတ်ထဲ၌ မအေးမိနှင့် မောင်စိန်သောင်းကို တွေ့ပေးချင်နေ၏။

‘အစ်ကိုနဲ့ မိတ်ဆက်ပေးရဦးမယ်။ အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်’

‘ဟုတ်လား’

‘မျက်နှာမြန်မြန်သစ်ပြီး ထွက်ခဲ့လေ’

‘အေး…အေး’

❑

မောင်စိန်သောင်း ခန်းဆီးကို လှပ်၍ ဧည့်ခန်းသို့ ထွက်လိုက်သည်။

ဒေစီခေါ် မအေးမိခေါ်…သူသည် မောင်စိန်သောင်းကို တစ်ချက်မျှသာ ကြည့်ပြီး ပြုံးပြ၏။

မောင်စိန်သောင်းသည် ဒေစီ့ နှုတ်ခမ်းကို အဓိပ္ပာယ်ဖော်ကြည့်၏။ မရ။

‘ကို…ဒါ မအေးမိတဲ့၊ ဟိုဘက်လမ်းထဲမှာနေတာ’

‘သြော်…ဟုတ်ကဲ့…ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်’

‘ကျွန်မ ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါ။ ဆရာနဲ့ တွေ့ချင်တာ ကြာလှပြီ။ မနှင်းရည်ကိုတော့ တွေ့တွေ့နေသား၊ ဒီနေ့မှဆုံဖြစ်တာ’

‘ဟုတ်တယ် ကိုရဲ့၊ ဈေးထဲမှာ ခါးပိုက်နှိုက်တစ်ကောင်နှင်းရည်နား လာကပ်တာ မအေးမိက သတိပေးပြီး ဆွဲခေါ်လာလို့၊ နို့မို့ အိတ်ထဲ ပါသွားတာလေး ပြောင်မှာ’

‘ကျေးဇူးတင်ပါတယ်ဗျာ’

မောင်စိန်သောင်းသည် ကျေးဇူးနှစ်ခု တင်ပစ်လိုက်၏။

‘ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ ကူညီနိုင်တာ ကူညီတာပဲဥစ္စာ။ သွားဦးမယ် ဆရာ၊ ရုံးတက်ဖို့ အချိန်နီးနေပြီ’

ဒေစီသည် ပြောပြောဆိုဆိုပင် ထ,ရပ်၏။ ပြီး မောင်စိန်သောင်းကို ကြည့်၍ ပြုံးရင်း-

‘နောက်တွေ့ရင်လည်း နှုတ်ဆက်ပါရစေနော် ဆရာ’

‘အား…ရပါတယ်၊ ရပါတယ်’

ဒေစီ နှုတ်ဆက်ပြီး ထွက်သွား၏။

❑

‘မင်းနဲ့ ဘယ်တုန်းက သိတာလဲ’

မနှင်းရည်ကို မောင်စိန်သောင်းက မေး၏။

‘မျက်မှန်း တန်းမိနေတာ ကြာပြီ။ ဒီမနက်မှ စကားပြောဖူးတာ’

‘ဟုတ်လား၊ သူက ဘယ်ကလဲ၊ ဘယ်ရုံးမှာ လုပ်တာလဲ’

‘မသိဘူးလေ၊ ခုမနက်မှ သိတာပါဆို’

‘သြော်…အေး အေး ဟုတ်သားပဲ။ ဒါပေမဲ့ ကြည့်ပြီးပေါင်းကွာ။ လူတွေက စိတ်ချရတာ မဟုတ်ဘူး။ ခါးပိုက်နှိုက်ကို သိတယ်ဆိုတဲ့ မိန်းမဟာ အဲဒီအသိုင်းအဝိုင်းထဲက ဖြစ်နိုင်တာပေါ့’

‘အိုး…သူ့ယောကျ်ားက သဘောၤသားတဲ့။ ဒီတစ်ခေါက်တီဗွီပါလာမယ် ပြောတယ်’

‘အေး…အဲဒါမျိုး ပိုဆိုးတယ်။ မင်း သူနဲ့ သိပ်ရင်းနှီးအောင် မလုပ်နဲ့၊ နားလည်လား’

‘ဘာလို့လဲ’

‘တယ် နားဝေးတဲ့ မိန်းမပဲ။ မင်း ဘာမှမသိသေးဘူး။ ဒီမိန်းမနဲ့ မပတ်သက်နဲ့ဆို မပတ်သက်နဲ့ကွာ၊ ငါ သိပ်မယုံဘူး’

‘ကို,ကလည်း သူက စေတနာနဲ့ လာသတိပေးလို့ ခါးပိုက်နှိုက်မခံရတာ။ သူ့ကြည့်ရတာ စိတ်ထားကောင်းပုံရပါတယ်’

‘တော်ကွာ၊ ငါ သိပ်မသင်္ကာဘူး။ လူအမျိုးမျိုး ရှိတယ်ကွ။ မျက်နှာဟန်ဆောင်ကောင်းပြီး နောက်ကွယ်မှာ ကောက်ကျစ်တာတွေ အများကြီး’

❑

ဒေစီခေါ်၊ မအေးမိခေါ်…သူသည် မောင်စိန်သောင်း၏အိမ်မှ အထွက်တွင် သပ်သပ်ရပ်ရပ်ကလေး မဲ့ပြုံး ပြုံး၏။

‘သူနဲ့ သိပ်ရင်းနှီးအောင် မပေါင်းနဲ့’

ဟူသော မောင်စိန်သောင်း၏ စကားကို နားစွန်နားဖျားကြားလိုက်မိသည်။ ဒေစီ ပြုံး၏၊ ပြုံးလိုက်ပါ၏။ ■

**မောင်ဝဏ္ဏ**

*အမှတ်(၂၈)၊ ၁၉၈၃၊ စက်တင်ဘာလ၊ ပေဖူးလွှာမဂ္ဂဇင်း။*




www.burmeseclassic.com

၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၀၊ နိုဝင်ဘာ၊ ၂၀၁၈

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ ရက်တစ်ရက်တွင် ကျွန်တော်တို့ ယဉ်ကျေးမှုဝန်ကြီးဌာနရုံး၌ ဝန်ကြီးက အစည်းအဝေး ပြုလုပ်ပါသည်။ တစ်လတစ်ခါ အစည်းအဝေး လုပ်နေကျဖြစ်ပါသည်။ အစည်းအဝေးတွင် ဝန်ကြီးနှင့် ဒုဝန်ကြီး နှစ်ဦး၊ ဌာနကြီး ၃ ခုမှ ညွှန်ချုပ် ၃ ဦး၊ ဒုညွှန်ချုပ် ၃ ဦး၊ ညွှန်မှူးများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ အစဉ်တက်ရောက်ရပါသည်။ ကျွန်တော်သည် ထိုစဉ်က ဒုတိယဝန်ကြီးဖြစ်၍ အစည်းအဝေး တက်ရောက်ရပါသည်။

အစည်းအဝေးတွင် ဝန်ကြီးက–

"နိုင်ငံခြားရေးရုံးက စာလာထားတယ်၊ ယူနန်ပြည်နယ်က ဒလီဂေးရှင်း လာမယ်တဲ့။ သူတို့က အင်္ဂလိပ်လိုမတတ်ဘူးလို့ ပြောတယ်။ သံရုံးက မြန်မာစကားပြန်နဲ့ လာမှာပေါ့။ ကျွန်တော် မတွေ့တော့ဘူး။ ယူနန်ဒလီဂေးရှင်းကို ဒုတိယဝန်ကြီး အဘ ဦးသန်းဆွေ တွေ့ပြီး ဧည့်ခံလိုက်ပါ"ဟု ပြောသွားပါသည်။




# မောင်သန်းဆွေ(ထားဝယ်)

# ကျွန်တော့်မှာ ... ရည်းစားခြောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်က ကျွန်တော့်ကိုယ်ရေး အရာရှိကို
ကိုယ်ရေးအရာရှိဟု မပြောဘဲ ကျွန်တော့်သားဟု မိတ်ဆက်ပေးသည်
ကျွန်တော့်ကိုယ်ရေး အရာရှိသည် ဗိုလ်ကြီးဟောင်းဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးစကားကြားရသော ကျွန်တော်သည် အတော်ပင် ရယ်ချင်သွားသည်။ ယူနန်ဒလီဂေးရှင်းက လူများ အင်္ဂလိပ်လိုမတတ်ဆို၍ မြန်မာစကားပြန်နှင့် ပြောရမည်ဖြစ်သောကြောင့် ဝန်ကြီးက မတွေ့တော့ခြင်းဖြစ်သည်ဟု ဆိုရာ ရောက်နေသည်။ အမှန်မှာ သူ့တွင် တခြား ကိစ္စရှိ၍ မတွေ့ခြင်းဖြစ်ပါလိမ့်မည်။ သို့သော် သူ့စကားအရ ယူနန်ဒလီဂေးရှင်းကလူများသည် အင်္ဂလိပ်လို မတတ်၍ မြန်မာစကားပြန်နှင့်ပြောရမည် ဖြစ်သောကြောင့် ဝန်ကြီးက မတွေ့ဆုံလိုသည့်သဘော သက်ရောက်နေသည်။

'ဝန်ကြီးခင်ဗျား၊ ဝန်ကြီးမြန်မာလို မပြောတတ်လို့ မတွေ့ဆုံတာပါလား'ဟု ပြန်မေးလိုက်ချင်သည်။ သို့သော် ဝန်ကြီးနှင့် ဒုဝန်ကြီးဖြစ်နေ၍ မရိုသေရာကျမည်စိုးသောကြောင့် မမေးလိုက်တော့ပါ။

နောက်နှစ်ရက်လောက်အကြာတွင် ယူနန်ဒလီဂေးရှင်း ဝန်ကြီးဌာနသို့ ရောက်လာပါသည်။ ကျွန်တော်တို့ ဝန်ကြီးဌာနတွင် ယခင်က ဝန်ကြီးသည် နိုင်ငံခြားဧည့်သည်တော်များနှင့် တွေ့ဆုံသည့်အခါ မည့်သည့်အခါမှ သူတစ်ဦးတည်း မတွေ့ဆုံပါ။ ဒုဝန်ကြီးနှစ်ဦးနှင့် ဌာနကြီး ၃ ခုမှ ညွှန်ချုပ်များ၊ ဒုညွှန်ချုပ်များ၊ တာဝန်ရှိသူများကို ခေါ်ထားလေ့ရှိပါသည်။

ယခုလည်း ကျွန်တော်သည် ယူနန်ဒလီဂေးရှင်းကို ဝန်ကြီးပြုလုပ်သည့်အတိုင်း ဌာန ၃ ခုမှ ညွှန်ချုပ်များ၊ ဒုညွှန်ချုပ်များ၊ တာဝန်ရှိသူများကို ခေါ်ထားပါသည်။ အခြားဒုဝန်ကြီးမှာ မရှိ၍ မတက်ရောက်နိုင်ပါ။ ယူနန်ဒလီဂေးရှင်းသည် အားလုံး ၁၂ ယောက်ရှိသည်။ အမျိုးသမီး ၈ ဦးနှင့် အမျိုးသား ၃ ဦးပါသည်။ ကျန်အမျိုးသမီးတစ်ဦးမှာ စကားပြန်ဖြစ်၏။

သူတို့သိလိုသည်များကို မေးသမျှ ဖြေကြားရပါသည်။ လက်ဆောင်ပဏ္ဏာများ လဲလှယ်သောအခါ သူတို့လက်ဆောင်တွင် 'to the minister'(ဝန်ကြီးသို့)ဟု ရေးထားသည်။ ကျွန်တော်ကမူ

, eef
t r;cb rDm;onf
uleafwmh
uk,fa&;t&m&Sdjyif
wlunfhu nfhESh
oabmuaeluonf
]tdaxmi&Sdm;} [k
ar;&m
uk,fawmfacmu
acifcyD
tdaxmif
ruao;bJ [k
vdajymvdkufyonf

ကျွန်တော့်ကိုယ်ပိုင်ငွေဖြင့် ယွန်းထည်ပစ္စည်းလေးများ ပေးသည်။ ဌာနမှ ထုတ်ဝေသော ပုဂံဓာတ်ပုံများစွာပါသည့် အင်္ဂလိပ်စာအုပ်တစ်အုပ်စီကို ဌာနအနေဖြင့် လက်ဆောင်ပေးလိုက်သည်။ သူတို့သည် ပုဂံသို့ သွားကြမည်ဖြစ်၏။

သူတို့လက်ဆောင်တွင် 'to the minister'(ဝန်ကြီးသို့)ဟု ရေးထားသဖြင့် ကျွန်တော် မယူဘဲ ဝန်ကြီးထံ ပို့လိုက်ပါသည်(နောက်ပိုင်းတွင် ဝန်ကြီးက ကျွန်တော့်ထံ ပြန်ပို့ပါသည်)။ ဒလီဂေးရှင်းအဖွဲ့နှင့်တွဲ၍ စုပေါင်း ဓာတ်ပုံရိုက်ကြရသည်။ သူတို့ပြန်သွားသောအခါ ကျွန်တော့်ဌာနမှ ဒုတိယညွှန်ချုပ် ဦးအောင်မြင့်(ယခု ညွှန်ချုပ်)က-

'အဘ ဒလီဂေးရှင်းအဖွဲ့က ညစာစားဖို့ ဖိတ်တယ်။ အဘနဲ့ အဘရဲ့ P.S.O (ကိုယ်ရေးအရာရှိ)တို့နှစ်ယောက်နဲ့ ကျွန်တော်ပါ သုံးယောက်လာမယ်လို့ ပြောလိုက်ပါတယ်။ ည ၇ နာရီမှာပါ'

ဟု လာပြောပါသည်။

ဒုညွှန်ချုပ် ဦးအောင်မြင့်ပြောထားသည့်အတိုင်း ည ၇ နာရီတွင် နေပြည်တော် ဟိုတယ်များရှိရာလမ်းမှ တုံကပူရီဟိုတယ်ဝင်းအတွင်းရှိ စားသောက်ဆိုင်သို့ ကျွန်တော်နှင့် ကျွန်တော့်ကိုယ်ရေးအရာရှိတို့နှစ်ယောက် သွားကြရသည်။

ယူနန်ဒလီဂေးရှင်းမှ အမျိုးသမီးများသည် အသက် ၄၀ ဝန်းကျင်အရွယ်ရှိသူများ ဖြစ်ပါသည်။ အမျိုးသား ၃ ဦးကမူ ငယ်ကြသေးသည်။ အသက် ၃၀ ဝန်းကျင်သာ ဖြစ်ပုံရ၏။ သူတို့က စားသောက်ဆိုင်တွင် အရင်ရောက်နေသည်။ ဦးအောင်မြင့်လည်း ရောက်နေပါသည်။ ကျွန်တော်နှင့် ကိုယ်ရေးအရာရှိတို့နှစ်ယောက် ရောက်သွားသောအခါ အားလုံးစားသောက်ဆိုင်အဝသို့ လာရောက်ကြိုဆိုကြပါသည်။

ကျွန်တော်က ကျွန်တော့်ကိုယ်ရေးအရာရှိကို ကိုယ်ရေးအရာရှိဟု မပြောဘဲ ကျွန်တော့်သားဟု မိတ်ဆက်ပေးသည်။ ကျွန်တော့်ကိုယ်ရေးအရာရှိသည် ဗိုလ်ကြီးဟောင်းဖြစ်သည်။ အသက် ၂၀ ကျော် ၃၀ မျှသာ ရှိသေးသည်။ မကြာသေးမီကမှ အိမ်ထောင်ကျသည်။ ကိုယ်ရေးအရာရှိသည် လူချောလေးဖြစ်၏။ ထို့ကြောင့် ဒလီဂေးရှင်းမှ အမျိုးသမီးများက-

'ဝန်ကြီးသားက သိပ်ချောတာပဲ'

ဟု ပြောကြသည်။ ကျွန်တော်က-

'အဖေနဲ့ တူလို့ပါ'

ဟု ပြန်ပြောလိုက်သည်။

စားသောက်ကြမည့် စားပွဲတွင် ထိုင်ကြသောအခါ သူတို့က-

'ဝန်ကြီး စားလိုတာ မှာပါ'

ဟု ပြောကြသည်။ ကျွန်တော်က-

'ရပါတယ်၊ ခင်ဗျားတို့ကြိုက်တာသာ မှာပါ။ ကျွန်တော်က အမဲသားနဲ့ ဝက်သား မစားဘူး၊ ခင်ဗျားတို့ ဝက်သားစားချင်လည်း မှာပါ။ ကျွန်တော် မစားရုံပဲ ရှိတာပဲ'

ဟု ပြန်ပြောလိုက်သည်။

သူတို့အချင်းချင်း တရုတ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com

ကြပြီး စားစရာမှာနေကြသည်။ စားစရာများ စောင့်နေရစဉ် သူတို့ထဲမှ အမျိုးသားတစ်ယောက်က-

'ကျွန်တော်တို့ ယူနန်မှာ အရင်က အင်္ဂလိပ်ကျောင်း မရှိဘူး။ ဒါကြောင့် အင်္ဂလိပ်စာမသင်ရလို့ ကျွန်တော်တို့ အရွယ်တွေ အင်္ဂလိပ်လို မတတ်တာပါ။ အခုတော့ အင်္ဂလိပ်စာသင်ရလို့ ခုခေတ်ကလေးတွေ အင်္ဂလိပ်လို တတ်ကြပါတယ်'

ဟု ပြောပြပါသည်။

ယူနန်အမျိုးသမီးများသည် ကျွန်တော့်ကိုယ်ရေးအရာရှိကိုပင် တကြည့်ကြည့်နှင့် သဘောကျနေကြသည်။

'အိမ်ထောင်ရှိလား'

ဟု မေးရာ ကိုယ်တော်ချောက ခေါင်းခါပြီး အိမ်ထောင်မကျသေးဘူးဟု လိမ်ပြောလိုက်ပါသည်။ အမျိုးသမီးများသည် ပို၍ သဘောကျသွားကြပုံရ၏။

'ဒီလိုဆိုရင် သိပ်ကြိုက်တဲ့သူပေါ့မှာပဲ'

ဟု ပြောကြသည်။ ဤသို့ ပြောနေကြသည်များမှာ စကားပြန်ကောင်မလေးမှတစ်ဆင့် မြန်မာလိုပြောနေကြခြင်းဖြစ်ပါသည်။ သူတို့အချင်းချင်း တရုတ်လိုပြောသော်လည်း စကားပြန် ကောင်မလေးက ကျွန်တော်တို့ကို မြန်မာလိုဘာသာပြန်ပြသည်။

'ရည်စား ဘယ်နှယောက်ရှိလဲ'

ဟု မေးပြန်ရာ ကိုယ်တော်ချောက-

'အများကြီးပဲ'

ဟု ပြန်ပြောလိုက်သည်။ ယူနန်ဒလီဂေးရှင်းမှ အမျိုးသမီးများက ဝါးခနဲရယ်လိုက်ကြ၏။ တစ်ယောက်သောအမျိုးသမီးက-

'သားတောင် ဒီလောက်များရင် အဖေလည်း ငယ်ငယ်က ရည်းစားများမှာပဲနော်'

ဟု ဝင်ပြောသည်။ ထိုသို့ ပြောသည်ကို စကားပြန်ကောင်မလေးက ကျွန်တော်တို့အား မြန်မာလို ပြန်ပြသည်။ ကျွန်တော်က ဘာမျှမပြောရခင် စကား

wpf , muf om

t r(pd rDu ]om;awmif

'D vmuf m;&if

tazv nf i , f i , fu

&nf pm; r m; r S ydaem f [ k

0if ajymonf

xkd t ajymonfukd

pum; yef aumif av;u

u ef awmf wkd t m;

jref m v kd jyef jyonf

u ef awmfu bmr

raj ym&cif pum; yef

aumif av; onf

olwkd t m;

w½kwf v kd ajym v kd uf onf

olwkd onf

oabmu pGzif h

v uf ck f v uf 0 ;

wD u \

ပြန်ကောင်မလေးသည် သူတို့အား တရုတ်လို ပြောလိုက်သည်။ သူတို့သည် သဘောကျစွာဖြင့် လက်ခုပ်လက်ဝါးတီးကြ၏။

'ဟဲ့ နင်ဘာပြောလိုက်လို့ သူတို့ သဘောကျသွားကြတာလဲ'

ဟု စကားပြန်မလေးအား မေးလိုက်ရာ-

'ကျွန်မက အန်ကယ် တက္ကသိုလ်တုန်းက ရည်းစားခြောက်ယောက်တောင် ရှိတယ်လို့ ပြန်ပြောလိုက်လို့ပါ'

ဟု ဖြေသည်။

'ဗုဒ္ဓေါ...၊ နင်က ဘယ်လိုလုပ်သိပြီး ဒီလိုပြောရတာလဲ'

'ကျွန်မက အန်ကယ်ရေးတဲ့ **ကံ့ကော်မြေသို့ အလွမ်းပြေ** စာအုပ်ဖတ်ထားတယ်လေ'

'ဒီစာအုပ်က နင်တို့ ယူနန်ကို ရောက်လာလို့လား'

'ကျွန်မက ယူနန်က မဟုတ်ဘူး၊ ရန်ကုန် တရုတ်တန်းကပါ။ သံရုံးမှာ စကားပြန်လုပ်နေတာပါ'

ဟု ပြောလိုက်သည်။

'သြော်...သူက တရုတ်တန်းကကိုး၊ ဒါကြောင့် ဒီစာအုပ် ဖတ်ဖူးတာပေါ့'

ဟု တွေးလိုက်မိသည်။

ကျွန်တော်တို့ခေတ်က ရန်ကုန်တက္ကသိုလ်အကြောင်းနှင့် ပတ်သက်ပြီး ရေးချင်စိတ်ဖြစ်ပေါ်လာသဖြင့် ရန်ကုန်တက္ကသိုလ်ကို 'ကံ့ကော်မြေ' ဟု တင်စားရေးကြသောကြောင့် **ကံ့ကော်မြေသို့ အလွမ်းပြေ** ဆိုသည့် ဝတ္ထုများကို မဟေသီမဂ္ဂဇင်းတွင် ရေးခဲ့သည်။ အားလုံး၂၇ ပုဒ် ရှိပါသည်။ **ကံ့ကော်မြေသို့ အလွမ်းပြေ** အမည်ဖြင့် လုံးချင်းစာအုပ်ကို စာရေးဆရာမ အဖြူရောင်(ရွှေ)က ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေခဲ့သည်။

ကျွန်တော့်အကြောင်းလည်း တစ်စွန်းတစ်စ ပါ၏။ သူများအကြောင်းတွေလည်း ပါသည်။ ကျွန်တော်နှင့် ပတ်သက်သူများသာမက ကံ့ကော်မြေ၌ ဖြစ်ပျက်ခဲ့သည့်သူများအကြောင်းတွေကိုပါ ရေးခဲ့၏။ စိတ်ကူးယဉ်ဖန်တီးထားချက်များ မပါပါ။ ကံ့ကော်မြေတွင် အမှန်တကယ်ဖြစ်ပွားခဲ့သည့် အကြောင်းများသာ ဖြစ်သည်။ တချို့ သက်ရှိထင်ရှားရှိသေး၍ အရပ်ဒေသနှင့် လူအမည်များကို ပြောင်း၍ ရေးရသည်။ အချို့မှာမူ နာမည်အမှန်များသာ ဖြစ်ပါသည်။

သို့သော် ဝတ္ထုထဲမှ ဇာတ်ကောင်များအချို့ကို 'ကျွန်တော်' ဆိုသည့် နာမ်စားဖြင့် ရေးသားသဖြင့် စကားပြန်တရုတ်မလေးက ကျွန်တော့်တွင် ရည်းစားခြောက်ယောက်ဟု မှတ်ထင်သွားပုံရပါသည်။

ကျွန်တော်လည်း ဒလီဂေးရှင်းမှ အမျိုးသမီးများကို ရှင်းပြမနေတော့ပါ။ သူတို့သည် မြန်မာပြည်မှ ယဉ်ကျေးမှုဒုတိယဝန်ကြီးသည် တက္ကသိုလ်နေစဉ်က ရည်းစားခြောက်ယောက်ရှိခဲ့သည်ဟု ပြန်ပြောနေကြပေလိမ့်မည်။ အထင်ကြီးခံရ နည်းသလား။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com




၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

မစန္ဒာ

# ထိုနေ့က တက်သောကျောင်း ကျသည်

လည်ချောင်းထဲတွင်
ယားကျိယားကျိ ဖြစ်လာတော့
ကိုလူမောင် တဟင်းဟင်းနှင့်
ချောင်းဟန့်သည်။ သို့သော်
ဟန့်၍မရဘဲ
တဟွတ်ဟွတ်ဖြစ်လာသည်။
ချောင်းဆိုးချင်စိတ်ကို
အတင်းထိန်းပြီး အေးစက်စက်
ရေနွေးကြမ်းခွက်ကို
ကောက်မော့လိုက်သည်။
ချောင်းဆိုးရက်ရှည်နေပြီ
ဖြစ်သော်လည်း ဘာဆေးကိုမျှ
ဟုတ်တိပတ်တိ မသောက်ဖြစ်သေးချေ။
'ဟော…လာပါပြီ'
သားအကြီးကောင် နင်းလာသော
ဆိုက်ကားက
သီသာထင်ရှားလှသည်မို့
အဝေးကပင် မြင်နိုင်သည်။
ဆိုက်ကားနင်းသူ၏ အနောက်ဘက်တွင်
ထီးတစ်ချောင်း စိုက်ထူထားသည်။
ခိုင်ခိုင်မတ်မတ် ထီးရိုးပေါ်တွင်
ထီးရွက်ပြာ
ပြာကြီးက အုပ်မိုး
ထားသည်။
ထိုမျှသာ
မကသေးပါ။ ထိုထီးရွက်
အပြာပေါ်တွင်
ရွှေရောင် စာလုံးများကလည်း
ထင်းနေသည်။
'ရွှေဒေါ်လာ'ပါတဲ့။




အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ငယ်တုန်းက လည်း စာရေးဆရာများကို အားကျအထင် ကြီးပြီး စာရေးဆရာ ဖြစ်ချင်လိုက်သည်မှာတစ်ပိုင်းသေနေသည် ဆရာကြီး သော်တာဆွေက မြင်းလှည်းသမားဘဝမှ စာရေးဆရာ ဖြစ်လာသည် ဆိုတော့ သူ့ကိုယ်သူလည်း ဆိုက်ကား သမားဘဝမှ နာမည်ကျော်
စာရေးဆရာ ဖြစ်လာ
နိုင်သည်ပဲဟု
အတွေး
အိပ်မက်တွေ
အကြိမ်ကြိမ်
မက်ခဲ့ရသည်





www.burmeseclassic.com

www.burmeseclassic.com

ကကျီ၊ ကကျီနှင့် မြည်နေသော ဆိုက်ကားကို အိမ်ရှေ့တွင် အသာရပ်လိုက်ရင်း သူ၏ သားအကြီးကောင်က အိမ်ပေါ်ကိုလှမ်းကြည့်သည်။ ထို့နောက် ရှေ့ထိုင်ခုံတွင် ချထားသော ကန်စွန်းရွက်နှစ်စည်းကို လှမ်းယူသည်။

'တချို့တွေများ အဖေက ဆရာဝန်၊ သားကလည်း ဆရာဝန်တဲ့၊ ကောင်းလိုက်တာနော်။ အဖေက အင်ဂျင်နီယာ၊ သားကလည်း အင်ဂျင်နီယာ၊ အဲဒါလည်း ကောင်းတာပဲ။ အဖေက စာရေးဆရာ၊ သားကလည်း စာရေးဆရာ။ အကောင်းတကာ့ အကောင်းဆုံးပါပဲဗျာ'

အိမ်ပေါ်တက်လာသော အကြီးကောင်ကို လှမ်းကြည့်ရင်း ကိုလူမောင်က တွေးနေမိသည်။ အသားညိုညို၊ မျက်နှာချိုချိုနှင့် သားသည် သူ ငယ်ငယ်တုန်းကနှင့် တူသည်။ သားရေအိတ်လေးတစ်လုံးကို စလွယ်သိုင်းလွယ်ပြီး ပုဆိုးကို တိုတိုဝတ်ထားသည်။

'အင်း…ငါတို့သား အဖကျတော့ အဖေကဆိုက်ကားဆရာ၊ သားကလည်း ဆိုက်ကားဆရာတဲ့လေ၊ ဟင်း…၊ အဖေ့ခြေရာဆိုတာ နင်းတိုင်းလည်း မကောင်းပါကလားနော်'

ကိုလူမောင်က ကြမ်းပေါ်တွင် ထိုင်ကာ နံရံကို ခပ်လျော့လျော့ မှီထားသည်။ ခြေနင်းကြမ်းသော သားက အနားမှဖြတ်သွားတော့ သူ၏ တင်ပါးအောက်မှ ကြမ်းခင်းများသည် ညွတ်ခနဲ ညွတ်ခနဲ ဖြစ်သွားသည်ဟုပင် ထင်

q ku fu m;c
ap;w u f&;
t pD p0fu k
t u Daumifu
w ijyawmh
t m; v ku 0kfí
a x mu cHu o nf
]o km v rfu k
i;&m i;&m
v rfu kckp&m
t oG t jyef
a x mifS&m
t JD kwmifrS
jzpfS
q efu rfawmif
wpjy nf
u k&m u aeyD
a x mif v ;&m
jzpfo GyDv }

လိုက်မိသည်။ အိမ်ရှင်ကတော့ အိမ်ကို ပြင်ပေးတော့မည် မဟုတ်ပေ။ အိမ်ငှားများကိုဖယ်ကာ ကန်ထရိုက်တိုက်ဆောက်ရန် စိတ်စောနေပြီဖြစ်လေသည်။

'ကန်စွန်းရွက်က တစ်စည်းကို လေးရာတဲ့ အမေရေ၊ ဆစ်လို့လည်း မရဘူး'

သူ့အမေ ဒေါ်ခင်ရွှေက ကန်စွန်းရွက်နှစ်စည်းကို လှမ်းယူကာ ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း 'ဈေးက ပိုကြီးသွားပေမဲ့ အစည်းကတော့ သေးသွားသလိုပဲဟဲ့' ဟု ပြောသည်။ အကြီးကောင်က ဘာမှ ပြန်ပြောမနေဘဲ ကိုလူမောင်၏ ဘေးတွင် ဝုန်းခနဲ ဝင်ထိုင်သည်။ ကြမ်းခင်းများလည်း ညွတ်ခနဲ ဖြစ်သွားပြန်သည်။

'အဖေ ပြောတဲ့ ချောင်းဆိုးပျောက်ဆေးက တစ်ပုလင်းကို သုံးထောင့်ငါးရာတဲ့။ ပိုက်ဆံမလောက်လို့ မဝယ်ခဲ့ရသေးဘူး၊ ညနေကျမှ ဝယ်ခဲ့မယ်…နော်…အဖေ့'

အကြီးကောင်က ကိုလူမောင်အား ခပ်ချော့ချော့ ပြောသည်။ ဆေးပါမလာသဖြင့် အဖေကို အားနာသနားပုံရ၍ ကိုလူမောင် အနေခက်သွားသည်။ 'ငါဟာ… သနားစရာကောင်းများ ဖြစ်နေပြီလား…'ဟု တွေးမိပြီး ကိုယ့်ကိုယ်ကို မကျေနပ်သလိုလို၊ ရှက်သလိုလို ဖြစ်သွားသည်။

'ဒေါ်လာဈေးတက်လို့တဲ့ အဖေရယ်၊ ဈေးတွေကတော့အကုန်တက်ပဲ၊ ကန်စွန်းရွက်တောင် မကျန်ဘူး'

ရွှေဈေးတွေ၊ ဒေါ်လာဈေးတွေ အတက်ကြမ်းနေသော်လည်း ကိုလူမောင်တို့က ကိုယ်နှင့်မဆိုင်ဟု ထင်ခဲ့သည်။ ကိုယ်က ရွှေဝယ်နိုင်သူလည်းမဟုတ်၊ ဒေါ်လာကိုင်နိုင်သူလည်း မဟုတ်တော့ 'နေသာသပ၊ လေညာက'ဟု ထင်ခဲ့မိသည်။ အခုတော့ လေညာက လူတွေလည်း မနေသာကြတော့ပေ။ လေနီကြမ်းတိုက်နေပြီဖြစ်သည်။

ယခုပဲကြည့်၊ ဒေါ်လာဈေးတက်တော့ ဆေးတွေလည်း ဈေးတက်သည်။ နိုင်ငံခြားဆေးများကို ဒေါ်လာနှင့် ဝယ်ရသောကြောင့် ဖြစ်သည်တဲ့။ အကြောင်းက ဒီလိုရှိတော့ အကျိုးတရားကလည်း ဒီလိုဖြစ်လာတာပေါ့ဟု ကိုလူမောင် တွေးသည်။

ယာဉ်ငှားခတွေလည်း ဈေးတက်သည်။ ဓာတ်ဆီဈေးတက်သောကြောင့် ယာဉ်ငှားခတွေလည်း ဈေးတက်ရတာပါဟု တက္ကစီဆွဲသူများက ဖြေရှင်းသည်။ ပြည်တွင်းအတွက် လိုအပ်သော ဓာတ်ဆီကို နိုင်ငံခြားမှ တင်သွင်းရသည်၊ နိုင်ငံခြားမှ တင်သွင်းရသော ဓာတ်ဆီကို ဒေါ်လာနှင့်ဝယ်ရသည်တဲ့။ အကြောင်းတရားနှင့် အကျိုးတရားက ဒီလို ဒီလို ဆက်နွယ်နေသည်ပဲ မဟုတ်လား။

ထိုအထိတော့ သူတို့ကို ထိခိုက်သည်ဟု ကိုလူမောင် မထင်မိသေးချေ။ သူတို့က နိုင်ငံခြားဆေးဆိုတာကို မဖြစ်မနေ လိုအပ်မှသာ အသုံးပြုသူများဖြစ်သည်။ တော်ရုံတန်ရုံကတော့ 'ဆရာမောင်'တို့၊ 'ဆရာနီ'တို့နှင့် ပြီးသည်။ တက္ကစီဟူသည်ကိုလည်း သူတို့နှင့် မဆိုင်ရေးချ မဆိုင်ဟု သတ်မှတ်ထားသူများဖြစ်သည်။ နီးလျှင် လမ်းလျှောက်ပြီး ဝေးလျှင် ဘတ်စ်ကားစီးသည်။ အလေးအပင်သယ်စရာရှိလျှင် ဆိုက်ကားကို သုံးသည်။ ကိုယ့်ဘဝနှင့်ကိုယ် နေ၍ဖြစ်နေသားပင်။

အခုတော့ သူတို့အားပြု၍ စားနေရသော ကြက်ဥ၊ ဘဲဥနှင့် ဘူးသီး၊ ခရမ်းသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်များအထိ တက်ဈေးက ရိုက်ခတ်လာပြီဖြစ်သည်။ ဆန်နှင့်ဆီကတော့ လှုပ်လှုပ်ရှိတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ခုန်၍ခုန်၍ တက်တတ်သူများမို့ သူတို့ကိုလည်း လက်မှိုင်ချထားရသည်။

‘စိုက်ခင်းထဲ သွားဝယ်ရင်တောင် အရင်ဈေးမရနိုင်တော့ဘူး။ ဒီအထိ ရောက်အောင် သယ်လာရတဲ့ စရိတ်စကကလည်း အများကြီးတက်လာတယ်လေ။ ကျွန်မတို့လည်း ပေါပေါလောလောရောင်းချင်ပါတယ်ရှင်။ မရောင်းနိုင်လို့ပါ။ နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲရတဲ့ အလုပ်ကို မလုပ်ချင်ပါဘူး’

ဒါကတော့ ကုန်စိမ်းသည်များ၏ စကားဖြစ်သည်။

‘ရေကြီးလို့ ပျက်ထားတဲ့ လယ်တွေ၊ ယာတွေက မနည်းမနောဘဲလေ။ ဆန်ရော၊ ဆီရော တက်မှာပဲ။ နောက်ပြီး ငရုတ်၊ ကြက်သွန်၊ ပဲ အကုန်လုံးလည်း တက်ဈေးချည်းပဲ။ ပိုက်ဆံရှိရင်တော့ ပိုပိုမိုမို ဝယ်ထားပေါ့’

ကုန်စုံဆိုင်တွင်တော့ ထိုစကားကို ကြားရသည်။ မနေ့တုန်းက နှစ်ရာတန် ဆားတစ်ထုပ်ပင် ဒီနေ့သွားဝယ်တော့ အလိုလို ဈေးမြောက်ပြီး နှစ်ရာ့ငါးဆယ် ဖြစ်သွားသည်။

‘ခုတ်ဆီဈေးကြီးတော့ ကုန်ကားကြီးတွေလည်း သိပ်မထွက်နိုင်ဘူး။ ကုန်အရောက် နည်းတယ်လေ’

ဝယ်သူက ဘာမှမပြောရသေးမီ ရောင်းသူက အလျင်ညည်းနေသည်။ ကဲ ဘာလုပ်ကြရမည်နည်း။ အကြောင်းရင်းတစ်ခုတည်းအပေါ်တွင် ရိုက်ခတ်လာသော အကျိုးတရားများက များပြားလှသည်။

‘ကျွန်တော်သာ ဝတ္ထုကောင်းကောင်း ရေးတတ်မယ်ဆိုရင် ကန်စွန်းရွက်ဝယ်ရတဲ့ အတွေ့အကြုံလေးကို ရေးပြချင်လိုက်တာ အဖေရာ။ သူကလည်း ရောင်းမယ့်သာ ရောင်းနေတာ ညည်းလိုက်တာကို ချူသံပါလို့။ ကျွန်တော်တောင် ဘယ်လိုညည်းရမလဲ မသိတော့ဘူး။ ကိုယ့်ကိုယ်ကိုပဲ သနားရမလား၊ သူ့ကိုပဲ သနားရမလား ဝေခွဲလို့တောင် မရတော့ဘူး’

အကြီးကောင်က စာပေဝါသနာပါသည်။ ခံစားတတ်ပြီး ထိရှလွယ်သည်။ ကိုးတန်းနှင့် ကျောင်းထွက်ပြီး ဆိုက်ကားနင်းနေသော်လည်း သူကျောင်းနေစဉ်ကာလက ကျောင်းနံရံကပ် စာစောင်များတွင် သူ၏ လက်ရာလေးများကို မကြာခဏ ဖော်ပြခံရသည်။

အကြီးကောင် စာပေဝါသနာပါသည်မှာ သူနှင့်တူသောကြောင့်ဟု ကိုလူမောင်က မကြာခဏ ပြောတတ်သည်။ သူငယ်ငယ်တုန်းကလည်း စာရေးဆရာများကို အားကျအထင်ကြီးပြီး စာရေးဆရာဖြစ်ချင်လိုက်သည်မှာ တစ်ပိုင်းသေနေသည်။ ဆရာကြီး သော်တာဆွေက မြင်းလှည်းသမားဘဝမှ စာရေးဆရာဖြစ်လာသည်ဆိုတော့ သူ့ကိုယ်သူလည်း ဆိုက်ကားသမားဘဝမှ နာမည်ကျော်စာရေးဆရာဖြစ်လာနိုင်သည်ပဲဟု အတွေးအိပ်မက်တွေ အကြိမ်ကြိမ် မက်ခဲ့ရသည်။ ဝတ္ထု၊ ကဗျာလေးများကို အကြိမ်ကြိမ်ရေး၊ အကြိမ်ကြိမ် စပ်ပြီး မဂ္ဂဇင်းတိုက်များကို ပို့ခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ အရွေးအချယ်မခံခဲ့ရပေ။ သူ့စာတွေ ပုံနှိပ်စာလုံး ဖြစ်မလာသော်လည်း သူ့တွင် သူစိတ်တိုင်းကျ ရွေးထားသော ကလောင်အမည် ရှိသည်၊ ‘ရွှေ’တဲ့။

‘ရွှေ’ဟု တစ်လုံးတည်း ဖြစ်၍ မိန်းမယောကျ်ား ခန့်မှန်း၍မရ။ ဘယ်စိန်၊ ဘယ်ကျောက် ဘယ်လောက်ပင် အဖိုးတန်တန် ရွှေမပါလျှင် လက်ဝတ်ရတနာမဖြစ်နိုင်ဟူသော အတွေးကလေးနှင့်ဖြစ်သည်။ သားကြီးက သူ့လိုပင် စာပေဝါသနာပါပြီး စာတိုပေစလေးများ စမ်းပြီး ရေးလာသောအချိန်က အလွန် ပီတိဖြစ်ခဲ့ရသည်။ သား၏စာ၊ သား၏ကဗျာလေးများ ရေးကပ်ထားသော ကျောင်းနံရံကပ် စာစောင်ကို ကျောင်းအထိ လိုက်သွားပြီး ဖတ်ခဲ့ရလေသည်။ သားအတွက် ကလောင်အမည် ‘ရွှေဒေါ်လာ’ ဟူသည်ကိုလည်း သူ ရွေးပေးခဲ့ခြင်းဖြစ်သည်။ သူ့ဘဝ၊ သူ့လောကတွင် ရွှေကလည်း အဖိုးတန်၊ ဒေါ်လာကလည်း အဖိုးတန်မို့ သူ၏ ကလောင်အမည် ‘ရွှေ’တွင် ဒေါ်လာကိုထပ်ဆင့်ပြီး ခေါ်တွင်စေခဲ့ခြင်းဖြစ်သည်။

ဘဝပေးအခြေအနေအရ ကိုးတန်းနှစ်တွင် ကျောင်းထွက်ပြီး သူ့လိုပင် ဆိုက်ကားနင်းရရှာတော့ သား၏ ကလောင်အမည် ‘ရွှေဒေါ်လာ’သည် ကျောင်းက နံရံပေါ်တွင် ကျန်ခဲ့လေသည်။ ဆက်လက်ကြီးထွားမလာဘဲ မှေးမှိန်သွားသည်။

သို့သော် သားက သူ၏ အမည် ‘ရွှေဒေါ်လာ’ကလေးကိုမမေ့၊ သူ့ဆိုက်ကားကို အဆန်းထွင်ပြီး ထီးမိုးထားသော ထိုထီးပေါ်တွင် ရွှေရောင်နှင့် ရေးထားသည်က ‘ရွှေဒေါ်လာ’ပါတဲ့ဗျာ။

စာကလေး၊ ပေကလေး ရေးစဉ်က လူမသိခဲ့သော ရွှေဒေါ်လာသည် ဆိုက်ကားနင်းတော့မှ လူသိများလာတော့သည်။ ရွှေဒေါ်လာဟူသည်မှာ ဆိုက်ကားအမည်လား၊ လူအမည်လား၊ မည်သူမျှ ခွဲခြားမနေကြတော့ချေ။ ဘိုးဘိုး၊ ဘွားဘွား၊ ကြီးကြီး၊ ငယ်ငယ် အရွယ်အလတ် အားလုံးက ‘ရွှေဒေါ်လာ’ဟုပင် ခေါ်ကြတော့သည်။ ထို့ကြောင့် သူ၏ အမည်သည် မှတ်ပုံတင်ထဲတွင် ‘သန်းမြတ်ထွဋ်’ဖြစ်ပြီး အိမ်တွင်တော့ ‘အကြီးကောင်’ဖြစ်လေသည်။ အရပ်ထဲတွင် လူသိအများဆုံး အမည်သည်ကား ‘ရွှေဒေါ်လာ’ဖြစ်နေလေသည်။

သူ့ခမျာ ဆိုက်ကားသာ နင်းနေရသော်လည်း စာပေပိုးလေးက ရှိနေတော့ သူ၏ အတွေ့အကြုံလေးများကို ထိရှခံစားရင်း ‘ကျွန်တော်သာ…ဝတ္ထုကောင်းကောင်း ရေးတတ်ရင်…ရေးချင်လိုက်တာ အဖေရာ’ဟု မကြာခဏ ပြောတတ်သည်။ ယခုလည်း ကန်စွန်းရွက်တစ်စည်း လေးရာနှင့် ရောင်းလိုက်သော ကန်စွန်းရွက်သည်၏ ညည်းချင်းကို စာဖွဲ့ချင်သည်တဲ့။ အခြေအနေသာပေးလျှင်၊ မြေတောင်မြှောက်ပေးမည့်သူသာရှိလျှင် သူ၏သား ဘဝသမားသည်



www.burmeseclassic.com

www.burmeseclassic.com

ဘဝသရုပ်ဖော် စာရေးဆရာ တစ်ဦး ဖြစ်လာနိုင်ပါသည်။

'ဒါကတော့ ကွမ်းရွက်နဲ့ လျက်ဆား အဖေရေ၊ ကျွန်တော်ကိုတွေ့တော့ ဦးကြီးပြုံးက လှမ်းခေါ်ပြီး ပေးလိုက်တာ။ အဖေ့ကိုလည်း ဆူနေတယ်။ မနေ့တုန်းက ချောင်းတဟွတ်ဟွတ်နဲ့ ဆိုက်ကားနင်းနေလို့တဲ့။ သေသွားလိမ့်မယ် သတိထားတဲ့။ နေမကောင်းသေးရင် ခဏနားပါဦး…တဲ့'

ဦးကြီးပြုံးက ဈေးအဝင်ဝတွင် ကွမ်းယာဆိုင်ဖွင့်ထားသည်။ ဈေးထဲဝင်လိုက်လျှင် ဦးကြီးပြုံး၏ဆိုင်ကို အလျင်ဆုံး တွေ့နိုင်သည်။ ဦးကြီးပြုံးဆိုင်မှ ကြည့်လိုက်လျှင်လည်း ဈေးအဝင်အထွက် ပေါက်နားတွင် လူစောင့်နေကြသော ကိုလူမောင်တို့ အနေးယာဉ်ရဲဘော်များကို မြင်ရရုံမျှမက ပြောနေသော စကားများကိုပါ အသေအချာ ကြားနိုင်လေသည်။

သူ့ဆိုင်သေးသေးလေးတွင်လည်း ဆေးလိပ်၊ ကွမ်းယာ ရောင်းရုံမျှမက စာကလေးခွေ၊ ပီကေ၊ ချိုချဉ်၊ တံဆိပ်ခေါင်း၊ ဖုန်းငွေဖြည့်ကဒ် စသည်များလည်း ရနိုင်သည်။ ငှက်ပျောသီးဖီးကြမ်းနှင့် သီးမွှေးငှက်ပျောသီးတို့ကိုလည်း တစ်ဖီးစီ ချိတ်ထားသည်။ သူက ကွမ်းယာရောင်းသူမို့ ကွမ်းရွက်သက်သက် လာဝယ်လျှင် ဘယ်တော့မှ မရောင်း၊ သူ့ဆီသွားပြီး 'ကွမ်းရွက်တစ်ရာဖိုးလောက်ပေးပါ' ဟု ပြောလျှင် 'တစ်ရာဆိုရင် တစ်ရွက်ပဲရမယ်' ဟု မျက်နှာထိ မျက်နှာ

]tar&dueaf':vm
ap;wufwmeSYJ
oY
qkduf;cuy
ap;wu&w,fvkd
lum;zJay;if
[ef...
emrnfukd nf
a&;xm;ao;
]a&Ta':vm}wJh
jynfwGifzpf
a':vmuDurm;
luDu,fvkd
ao...ao...
oGao
aovkduafwmh

ထားနှင့် အပေါက်ဆိုး မှတ်တတ်သူဖြစ်လေသည်။ ထိုသို့သော သူ၏ ကွမ်းရွက်ကို တိုတိုထွာထွာရှိလှသော ဦးကြီးပြုံးတစ်ယောက် စေတနာပေါက်လာရအောင် သူက မည်မျှ သနားစရာကောင်းနေသည်လည်း မသိနိုင်။ ဗာဒံပင်ရိပ်က ဝါးကွပ်ပျစ်ပေါ်တွင်ထိုင်ရင်း တဟွတ်ဟွတ် ဖြစ်နေခဲ့သည်ကား အမှန်ပင်။

'ပြောလိုက်သေးတယ်၊ ငါ့မှာ မနေနိုင်လွန်းလို့ ကွမ်းရွက် အလကားပေးရတာ နောက်ကနေ လျက်ဆား

ပါ စိုက်ရသေးတယ်' လခွမ်း' တဲ့'။

ကိုလူမောင် တုပ်ကွေးကွေးပြီး အဖျားပျောက်သွားချိန်တွင် ချောင်းဆိုးက မပျောက်ဘဲ ကျန်နေခဲ့သည်။ လည်ချောင်းထဲတွင် ယားယားပြီး အဆက်မပြတ် ဆိုးလိုက်သည်မှာ တစ်ခါတစ်ခါ ဆိုးပြီးလျှင် မောပြီးကျန်ရစ်သည်။ သို့ပါသော်လည်း သူတို့ဘဝက ကြာကြာ လှန်လှော လုပ်၍ရသော ဘဝမျိုးမဟုတ်ပေ။ အဖျားက ပျောက်နေပြီမို့ ဆိုက်ကားပေါ် ပြန်တက်သည်။ အစားအသောက်ပျက်နေသည့်အတွက် လူကတော့ ခပ်ယိုင်ယိုင်နှင့် အားမရှိလှချေ။

ယခင်က ပေါ့ပေါ့ပါးပါး နင်းနိုင်ခဲ့သော ခရီးကို ယခုကျတော့ ပန်းဟိုက်ချင်သည်။ ပိုဆိုးသည်က ချောင်းဆိုးခြင်းပင်။ အားစိုက်နင်းလိုက်၊ တဟွတ်ဟွတ် ဆိုးလိုက် ဖြစ်နေတော့ စီးရသူက စိတ်ချမ်းသာဟန်မတူ။ 'ရှင့်မလည်း ပင်ပန်းလိုက်တာရှင်၊ တော်ပြီ၊ တော်ပြီ၊ ဒီနေရာမှာပဲ ရပ်တော့၊ ဝင်စရာကလေး ရှိနေလို့' ဟု ပြောကာ ဆိုက်ကားပေါ်မှ ဆင်းသည်။ ဆိုက်ကားခပေးရင်းလည်း 'ဆေးလေးဘာလေးလည်း ဝယ်သောက်ဦးမှပေါ့ ဆရာကြီးရဲ့' ဟု မျက်နှာထား ညိုညိုနှင့် ပြောသည်။ အမှန်စင်စစ်အားဖြင့် ဝင်စရာရှိသောကြောင့် ရပ်ခိုင်းခြင်းဟုတ် ဟန်မတူ၊ ချောင်းဆိုးကူးမှာ စိုးသောကြောင့်သာ ဆိုက်ကားပေါ်မှ ဆင်းပြေးခြင်း ဖြစ်ဟန်တူသည်။

'ခရီးသည် ဆင်းပြေးတော့မှ မဖြစ်ချေပါဘူးဆိုပြီး ဆေးသောက်ဖို့ စဉ်းစားမိတာပေါ့ကွာ၊ ချောင်းဆိုးတာများ ဆေးသောက်ရကောင်းစေလို့ တောင် မထင်ခဲ့ပါဘူး'

ကိုလူမောင်က ကွမ်းရိုးလေးကို ဖြတ်ပြီး ပါးစပ်ထဲထည့်ကာ ဝါးလိုက်သည်။ ကွမ်းနံ့က ချက်ချင်း မွှေးတက်လာပြီး စပ်ရှားရှား အရသာလေးသည် လည်းလျှာထဲတွင် ပြန့်သွားသည်။

'အဖေကတော့ ဆေးသောက်ဖို့ လိုနေပါပြီဗျာ၊ ကျွန်တော်တို့ကလည်း ပေါ့ပါတယ်။ ကျွန်တော် ညနေကျရင် အဖေပြောတဲ့ဆေး ဝယ်ခဲ့ပေးပါ့မယ်။ နောက်ပြီး ဒီလောက်ဖျားပြီး နာလန်ထ၊ လာတာ အားဆေးလေးဘာလေးလည်း သောက်ရင် ကောင်းတာပေါ့။ အင်နာဖွန်စီဆိုတာ ကောင်းတယ်တဲ့'

'မလိုပါဘူးကွာ။ ငါတို့မှာ ဇီတာမင် ကန်စွန်းရွက် ရှိပါတယ်'

'အဲဒီ ဇီတာမင် ကန်စွန်းရွက်က တစ်စည်းကို လေးရာလေ… ကိုကြီးလူရဲ့။ အညွန့်က သုံးညွန့်ပဲပါတယ်။ အောက်ဘက်မှာ အရိုးအရင့်တွေကို ရောစည်းထားတာ'

ကန်စွန်းရွက်ခြွေနေသော ဒေါ်ရွှေခင်က ဝင်အော်သည်။ အသက်ငါးဆယ်မှ သီသီစွန်းရုံသာရှိသေးသော်လည်း သူ့ကိုကြည့်ရသည်မှာ အသက်ခြောက်ဆယ်လောက် ထင်ရလေသည်။ အဖြူရောင်အတော်များများ ရောနေသော ဆံပင်များက ဆီခြောက်ပြီး ပွရောင်းရောင်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'မကြာဖူးပါဘူး တော်၊ ကန်စွန်းရွက်တစ်စည်းကို လေးရာပေးပြီး စားရမယ်လို့။ တစ်သက်လုံးလည်း ယောင်လို့တောင် မတွေးမိပါဘူး။ ကိုယ့်ပါးစပ်တောင် ကိုယ်မသဒ္ဓါပါဘူး'

ဒေါ်ရွှေခင်က တစ်စုံတစ်ဦးနှင့် ဒေါင်းတင်မောင်းတင် ထ,ပြီး ရန်ဖြစ်နေသလို စိတ်တွေ တိုနေလေသည်။ အရင်တုန်းကတော့ သူလည်း ဈေးထဲတွင် ပန်းရောင်းသည်။ သူ့ဝင်ငွေက အနည်းအပါးဟု ဆိုသော်လည်း ဈေးဖိုးလေးတော့ ထောက်ကူမိသားပင်။ နောက်ပိုင်းကျတော့ ဒူးနာလာသည်။ သူ့ဒူးက ထိုင်ပြီးလျှင် မထ,နိုင်၊ ထ,ပြီးလျှင်လည်း ထိုင်ဖို့ခက်သည်မို့ ဈေးကြို ဈေးရောင်း သိပ်မလုပ်နိုင်တော့။ အပြင်မှာသာမဟုတ်၊ သူ့ခမျာ အိမ်မှာလည်း ဒုက္ခရောက်ရှာသည်။ ကုလားထိုင်အမြင့်လေးပေါ်တွင် ထိုင်ရလျှင် အထိုင်လည်းသက်သာ၊ အထ,လည်းသက်သာသော်လည်း သူတို့အိမ်တွင် ကုလားထိုင်မရှိ။ အသက်ကြီးသောကြောင့် ဒူးဆီခန်းခြင်းဖြစ်သည်ဟု ပြောကြသည်။ သူတို့ပတ်လည်တွင်လည်း ဒူးနာသူတွေ ဒုနှင့်ဒေးဆိုတော့ ပရုတ်ဆီလေးလိမ်းရုံ၊ အကြောဖြေဆေးလေးလိမ်းရုံသာလုပ်တတ်သည်။ နူဖလမ်ဆိုသော ဆေးသောက်လျှင် သက်သာသည်ဟု ပြောသူကပြောသော်လည်း ဆေးတစ်ဘူးကို သောင်းကျော်ပေးရ၍ စိတ်ကူးထဲမထည့်နိုင်။ ယခုလည်း ကြမ်းပေါ်တွင် ဖင်ချထိုင်ရင်း ကန်စွန်းရွက်ခြွေနေသည်။ ထ,လျှင် လေးဖက်ထောက်ပြီး တကျွတ်ကျွတ်၊ တကျက်ကျက် အော်ရရှာချေဦးမည်။

'နည်းနည်းများ သက်သာမလားလို့ အနှစ်ထွက်ခါနီးနေတဲ့ ကြက်ဥအက်အက် အခွံကွဲကလေးဝယ်မလို့ မေးမိပါတယ်။ တစ်လုံး တစ်ရာနှစ်ဆယ်တဲ့။ တစ်ရာနှစ်ဆယ့်ခြောက်ကျပ်ဆိုတာ ကျွန်မတို့ငယ်ငယ်တုန်းက အဖေ့ရဲ့ လစာလေ။ ကျွန်မတို့အဖေ စာရေးကြီးရဲ့ လခတစ်လစာ၊ အခု စာရေးလခတစ်လစာနဲ့ ဈေးဝယ်ရင် ကြက်ဥအခွံကွဲတစ်လုံးကြီးများတောင် ရမယ်တဲ့။ အဲဒါတွေ တကယ်ဖြစ်နေတာပါ အမေရဲ့'

ဒေါ်ရွှေခင်က ခိုညည်းသလို ညည်းနေသည်။ အိမ်ဦးနတ်ကို လှူမောင်ခမျာလည်း တညီညီ ကြားနေရသော ညည်းချင်းတွင် မသက်မသာ စီးမျောရင်း ကန်စွန်းရွက်နှစ်စည်းကို သူ၏ မီးဖိုချောင်နတ်သမီးကြီးက မည်ကဲ့သို့ စီမံလိမ့်မည်နည်းဟု တွေးနေသည်။ ကြော်မည်လော၊ ပြုတ်မည်လော၊ သုပ်မည်လော သို့တည်းမဟုတ် ငါးပိစိမ်းစားလေး လက်မလောက်ထည့်ပြီး ချဉ်ရည်ကျဲ ချက်မည်လော။ ဘယ်လိုလုပ်လုပ် သိပ်ပြီးတော့ မစားချင်လှ။

သူ့ပါးစပ်က သားကြီးငါးကြီးလည်း မစားချင်၊ အသီးအရွက်လည်း မစားချင်၊ ဆာ၍သာ ကြိတ်မှိတ်မျိုပြီး ရေသောက်ချလိုက်ရသော်လည်း ဘာအရသာကိုမျှ မတွေ့။

သူ တမ်းတမ်းတတ စားချင်နေသည်က ငါးရံ့ခြောက်ဖုတ်ဖြစ်လေသည်။ ငါးရံ့ခြောက်အကောင်ကြီးကြီး၊ အသားမြှောင်းထူထူကို နပ်နေအောင် မီးဖုတ်၊ မွနေအောင် သာသာထုပြီး နှမ်းဆီရွှဲရွှဲလေး ဆမ်းကာ ထမင်းကြမ်းလေးနှင့် စားလိုက်ရလျှင်…။

'အမေရေ… ဆာတယ်'

'ဟော…'

သားအငယ်ကောင်က အိမ်ပေါ်ကို ခပ်သုတ်သုတ် တက်လာသည်။ သူကလည်း အကြီးကောင်လိုပင် ခြေနင်းက ကြမ်းကြမ်းမို့ ကြမ်းခင်းများက ညွတ်ခနဲ၊ ညွတ်ခနဲ ဖြစ်သွားပြန်သည်။

'ဟ… ကောင်ရ၊ အိမ်ပြိုမယ်'

သူနင်းတုန်းက သူ့ဟာသူ မသိသော်လည်း သူများနင်းတော့ အကြီးကောင်က ထ,အော်သည်။

အငယ်ကောင်က အကြီးကောင်လိုမဟုတ်။ နားတွင် နားသန်သီးနှင့်၊ ပါးတွင် ပါးကွက်နှင့်၊ လက်ဖျံ နှစ်ဖက်တွင် တက်တူးနှင့်၊ ဆံပင်ရှည်များက ကုပ်ကျော်ကျော်တွင် ဖြောင့်ဖြောင့်စင်းစင်း ကျနေသည်။ ကြည့်ရသည်မှာ ရှိစုမဲ့စု ပိုက်ဆံနှင့် သူ့ဆံပင်ကိုသူ ပိုက်ဆံပေးပြီး ဖြောင့်ထားပုံရလေသည်။

သူကတော့ အသက်တစ်ဆယ့်ရှစ်နှစ်ရှိပြီး ဆယ်တန်းကို တစ်ခါကျရှုံးခဲ့ပြီးဖြစ်သည်။ ဒီနှစ် ဆယ်တန်းကို အလွတ်ဖြေမည်ပြောသော်လည်း ဖြေဖြစ်ပါ့မလား မသိရ။ ကျောင်းမနေတော့ဘဲ သူ့ဟာသူ ကျောင်းထွက်လာကာ တာမွေလမ်းဆုံတွင် လက်ပွေ့ဂျာနယ်ရောင်းသည်။ တစ်ခါတစ်ရံလည်း ကွမ်းယာဆေးလိပ်၊ တစ်ခါ တစ်ရံလည်း စံပယ်ပန်း၊ ခရေပန်း ရောင်းတတ်သည်။ အကြီးကောင်လို ရသမျှပိုက်ဆံ အမေကို အပ်တတ်သူ မဟုတ်ချေ။ သို့သော် ဆန်ဝယ်လာလိုက်၊ ဆီဝယ်လာလိုက်နှင့် မီးဖိုချောင်ကိုတော့ ဖြည့်ရှာသည်။ တစ်လလျှင် နှစ်ခါ၊ သုံးခါလောက်တော့ 'ဟင်းကောင်းလေးချက်ပါ အမေရ' ဟု ပြောပြီး သူ့အမေကို သုံး,လေး,ငါးထောင် ကျိတ်ပြီး ပေးတတ်လေသည်။

'ခရမ်းချဉ်သီးငါးပိချက် ရှိတယ်သား၊ ခဏစောင့်ပါလား၊ ကန်စွန်းရွက်ကြော်လိုက်ဦးမယ်'

'မစောင့်တော့ဘူး အမေရာ…ဆာလှပြီ'

အငယ်ကောင်က မီးဖိုချောင်သို့ တန်းဝင်သွားပြီး ထမင်းအိုးဖွင့်သည်။ ခရမ်းချဉ်သီး ငါးပိချက်သည် ငါးပိရည်ကျဲထက် ပို၍ စားကောင်းသည်မို့ သူ ကြိုက်သည်။ ခဏနေတော့ ထမင်းဇလုံကိုင်ပြီး ပြန်ထွက်လာသည်။ အကြီးကောင်လိုပင် အဖေ့ဘေးတွင် လာထိုင်သည်။

'မင်း ဆံပင်တွေ ဖြောင့်ထားတာလား'

'မိုက်ရဲ့လား အစ်ကိုရ'

'မင်းကွာ… ဘယ်လောက် ကုန်သွားလဲ'

'အဟက်… နည်းနည်းပါ'

အကြီးကောင်က ခပ်တည်တည်၊ ခပ်အေးအေး။



www.burmeseclassic.com

www.burmeseclassic.com

အငယ်ကောင်က ခပ်သွက်သွက်၊ ခပ်ပျော်ပျော်။ ပုံစံချင်းက နည်းနည်းမှ မတူကြချေ။ ပညာဘက်တွင် ထူးထူးချွန်ချွန် မရှိကြသည့်အတွက် စိတ်မကောင်းဖြစ်ရသော်လည်း သူတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး ချစ်ကြသည့်အတွက် စိတ်ချမ်းသာရသည်။

‘ကျွန်တော် ချမ်းသာအောင် ကြိုးစားနေတယ် အစ်ကိုရ၊ ကံကောင်းရင် တစ်ချက်ပဲ’

‘မင်းနော်၊ ဖြတ်လမ်းလိုက်ပြီး ဆေးပြားတွေ မသယ်နဲ့နော်၊ တစ်ခါတည်း ရဲဘက် ရောက်သွားမယ်’

အကြီးကောင်က စိုးရိမ်တကြီး ပြောသည်။

‘စိတ်တောင်မကူးပေါင်ဗျာ’

‘နှစ်လုံးထီလည်း မရောင်းနဲ့’

‘မလုပ်ပါဘူး အစ်ကိုရာ၊ ကောင်းရောင်းကောင်းဝယ် ရိုးရိုးသားသားနဲ့ ချမ်းသာအောင် ကြံနေတာပါ’

‘မင်း ဘာလုပ်မလို့လဲ’

အကြီးကောင်က သူ့ညီကို မသင်္ကာသော အကြည့်နှင့် ကြည့်နေသည်။ ကောင်းရောင်းကောင်းဝယ်နှင့် ဘယ်လိုများ ချမ်းသာအောင် လုပ်မလို့လဲဟု စဉ်းစားရင်း စိတ်ရှုပ်သွားပုံရသည်။

‘တစ်လကို ထီတစ်စောင် ထိုးတယ်လေဗျာ၊ ကံကောင်းရင် တစ်စောင်တည်းနဲ့ သိန်းတစ်သောင်းပဲ၊ ဟက်…ဟက်…။ ထမင်းကလည်း စားကောင်းလိုက်တာဗျာ၊ ထပ်ထည့်လိုက်ဦးမယ်’

]eifwl
ap;w u fwm u
o bm0 u y w , f
'ayrl
i u v nf
iH mi
ren fwlfx my D
o le&wm}
rr00u
ql fum;ab;wGf
acwå x m;a o m
y v wp wpf
jcifawmif
Epf wmifukl
b , fwpf uf
nmwpf uf
jyefq G nf
x lemuf
pwif
v rfa v mu fo nf

အငယ်ကောင်က ရယ်ရယ်မောမောနှင့် ထ,ပြေးသည်။ အစိုးရိမ်ကြီးတတ်သော အစ်ကိုအား ကသိကအောက်ဖြစ်အောင် မကြာခဏ စ,တတ်နောက်တတ်သည်ကတော့ သူ၏ အကျင့်ဖြစ်သည်။

‘ခွေးတိရစ္ဆာန်လေး ငါ့မှာဖြင့် လန့်သွားတာပဲ’

စဉ်းစားဆင်ခြင်ဉာဏ်နည်းပြီး မိုက်မဲချင်လျှင် ဘဝပျက်မည့် မူးယစ်ဆေး၊ စိတ်ကြွဆေးများက လက်တစ်ကမ်းတွင်ပင် ရှိနေသည့်အတွက် အကြီးကောင် အစိုးရိမ်ကြီးသည်ကိုလည်း အပြစ်မဆိုသာဟု ကိုလူမောင်တွေး၍မှ မဆုံးသေး၊ လည်ချောင်းက ယားလာပြန်သည်။ ချောင်းက ဆိုးပြန်သည်။

‘အဖေ့ ကွမ်းရွက်… ကွမ်းရွက်…’

အကြီးကောင်က ကွမ်းရွက်ထဲသို့ လျက်ဆား နည်းနည်းထည့်ကာ လေးခေါက်ချိုးလိုက်ပြီး လှမ်းပေးသည်။

‘ညနေကျရင် ဆေးဝယ်ခဲ့ပါမယ် အဖေရာ’

‘တော်ပြီ သား၊ ကွမ်းရွက်နဲ့ လျက်ဆားက ကောင်းပါတယ်’

ပါးစောင်တွင် ငုံထားသော ကွမ်းရွက်ထဲမှ လျက်ဆားရည်လေးများ စိမ့်ထွက်ကာ ကွမ်းရွက်ရည်နှင့် ရောပြီး လည်ချောင်းထဲ ဆင်းသွားသည်။ ယားနေသည်များ သက်သာသွားသည်။

‘သွားလိုက်ဦးမယ် အဖေရာ’

အကြီးကောင်က နေရာမှ ထ,သည်။ နေ့ခင်းတိုင် ဆိုက်ကားဆွဲ၍ မကောင်းလှသော်လည်း ကြိုးကြားကြိုးကြား ရောက်လာတတ်သော ခရီးသည်ကို ဗာဒံပင်ရိပ်တွင် စာဖတ်ရင်း စောင့်တတ်သည်။

ကန်စွန်းရွက် ခြွေပြီးပြီမို့ လေးဖက်ထောက်ပြီး ထ,ရန် ကြိုးစားနေသော ဒေါ်ရွှေခင်ကို အငယ်ကောင်က ဆွဲထူနေသည်။ အကြီးကောင်က စိတ်မကောင်းဟန်နှင့် လှမ်းကြည့်သည်။

‘အဖေရော ဘာလေးများ စားချင်လဲဟင်’

အကြီးကောင်က အိမ်ပေါ်မှ ဆင်းမည့်ဟန်ပြင်ရင်း နောက်ပြန်လှည့်ကြည့်ကာ မေးသည်။ မေးသူရှိတော့လည်း ရင်ထဲတွင် ရှိနှင့်နေသော စကားက ထွက်သွားသည်။

‘ငါးရံ့ခြောက်ဖုတ် ကောင်းကောင်းလေးများ ရမယ်ဆိုရင်တော့…’

သတိ ကပ်လိုက်မိတော့ ပြောလက်စ စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ငါးရံ့ခြောက်ကောင်းကောင်းက မည်မျှအထိ ဈေးမြောက်နေမည်နည်း သူ မမှန်းတတ်။ ငွေတစ်မတ်နှင့် ငါးမြင်းခေါင်း ခဲချင်သလို ဖြစ်နေပေရော့မည်။

‘အစ်ကိုရေ့…နေရာတကာ ဈေးတက်နေတာ အစ်ကို့ ဆိုက်ကားခကိုရော မတက်သေးဘူးလား။ ဒါမှမဟုတ် ဒေါ်လာနဲ့ တောင်းဗျာ။ အဖေ့ကို ငါးရံ့ခြောက်ကောင်းကောင်း ဝယ်ကျွေးရအောင်’

အငယ်ကောင်က လှမ်းအော်သည်။ အကြီးကောင်က ကြားလား၊ မကြားလား မသိရ။ ဘာမှ ပြန်မပြောဘဲ ဆိုက်ကားပေါ် တက်သွားသည်။

‘ဟုတ်တာပေါ့၊ ဗမ္ဗူဒီပါ လကျ်ာတောင်ကျွန်း နိမိတ်ထွန်းတယ်တဲ့။ ယူအက်စ်ဒေါ်လာဈေးတက်ရင် ရွှေဒေါ်လာလည်း ဈေးတက်ရမှာပေါ့။ ကန်စွန်းရွက်တောင် လေးရာဖြစ်နေမှဟာ။ ငါတို့ ဆိုက်ကားတွေလည်း တက်ဈေးနဲ့ နင်းမှ မျှမျှတတနဲ့ တရားသဖြင့် ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အများနည်းတူ တိုးတောင်းရမှာပဲ။ အကြီးကောင်ရေ… တိုးသာတိုး၊ တက်သာတက်၊ တောင်းသာတောင်းလိုက် စမ်းဟ၊ ဒါမှလည်း စားလောက်မှာ’

ကိုလူမောင်က တွေးရင်း တောရင်း အံကိုပင် မသိမသာ ကြိတ်လိုက်မိသည်။

ရွှေရောင်စာလုံး အထင်းသားနှင့် နင်းလိုက်တိုင်း ကကျိုကကျိုမြည်နေသော ဆိုက်ကားကတော့ လမ်းမဘက်သို့ ချိုးကွေ့သွားပြီဖြစ်လေသည်။

❑

‘ဟုတ်တယ်ကွ၊ တက်သင့်တာကတော့ တက်သင့်နေပြီ။ ချစ်လို့၊ ခင်လို့၊ အားနာလို့ဆိုပြီး လုပ်နေလို့ မရဘူး။ ငါလည်း တိုးတောင်းချင်နေတာ ကြာလှပြီ။ ကိုယ်တစ်ယောက်တည်း ချွန်ထွက်နေမှာစိုးလို့’

ဆိုက်ကားခ ဈေးတက်ရေးအစီအစဉ်ကို အကြီးကောင်က တင်ပြတော့ အားလုံးက ဝိုင်း၍ ထောက်ခံကြသည်။

‘သုံးရာလမ်းကို ငါးရာ၊ ငါးရာလမ်းကို ခုနစ်ရာ၊ အသွားအပြန် ထောင့်နှစ်ရာ။ အဲဒီလိုတောင်းမှ ဖြစ်မှာ။ ဆန်ကြမ်းတောင် တစ်ပြည် ကိုးရာကနေပြီး ထောင့်လေးရာ ဖြစ်သွားပြီလေ’

ကိုတိုးဝေက တော်တော်တက်ကြွနေသည်။

‘အခုတောင် လူက ခပ်ပါးပါးရယ်၊ ဈေးတက်တယ်ဆိုရင် စီးမှစီးကြပါတော့မလားဗျာ’ အကြီးကောင်ကတော့ နည်းနည်းစိုးရိမ်သည်။

‘အောင်မယ်လေး ကိုရွှေဒေါ်လာရယ်၊ မစီးချင်ရင် လမ်းလျှောက်ပေါ့။ ရှင်းနေတာပဲ’

သူတို့တစ်တွေ ခေါင်းချင်းဆိုင်ကာ တကျိတ်ကျိတ်ဖြစ်နေကြသည်ကို ဦးကြီးပြုံးက လှမ်းကြည့်ပြီး ရယ်နေသည်။ သူကလည်း သူ့ကွမ်းယာကို ဈေးတက်ဖို့ ဟန်ပြင်နေပြီ ဖြစ်လေသည်။

‘အရင်တုန်းက တစ်နေ့ ငါးထောင်လောက်ဝင်ရင် စားလို့ ဖြစ်တယ်၊ အခု မဖြစ်တော့ဘူး။ ခုနစ်ထောင်၊ ရှစ်ထောင်လောက်ဝင်မှ ငါတို့မိသားစု စားဖြစ်တယ်။ ကျဈေးနဲ့ ဝင်ပြီး ပိုက်ဆံက တက်ဈေးနဲ့ ထွက်နေတာကိုး။ အဝင်အထွက်မျှဖို့ဆိုရင် ရှစ်ထောင်ရမှ ဖြစ်မှာ’

‘ဆိုက်ကားမစီးဘဲ လမ်းလျှောက်ကုန်ကြရင်ရော…’

‘ဒီလိုဆိုရင်လည်း လျှောက်ပေါ့ကွာ၊ အရေးကြီးတာ ငါတို့လူညီဖို့ပဲ။ မပေးရင် မလိုက်ဘူးလို့ အားလုံးညီရင် ပေးကိုပေးလာရမှာပေါ့။ ပြောနေကြာတယ်၊ ခုအချိန်က စပြီး တက်ကြမယ်ကွာ။ အရင်ဈေးနဲ့ မလိုက်ကြေး။ ညီစေနော် ဘော်ဒါတို့’

သူတို့အားလုံး အင်အားစုပြီး မောင်းတင်ထားကြသည်။ စီးသူနှင့် နင်းသူ အားစမ်းကြရမည်။

အလေးအပင်ဆွဲကာ လမ်းလျှောက်ပြီး ထွက်လာမည့် ဈေးပြန်များကို မျှော်နေသော်လည်း ပေါ်မလာသေး၊ ထိုအချိန်တွင် အငှားကားတစ်စီး ဝူးခနဲ ထိုးဆိုက်လာပြီး ပျာယီးပျာယာဆင်းလာသူက အပျိုကြီး ဒေါ်ထူးမေ ဖြစ်သည်။ သူများတွေ ဈေးပြန်မည့်အချိန်ကျမှ ဈေးသို့ရောက်လာပြီး ကားနောက်ခန်းမှ ခရမ်းချဉ်သီးတောင်းကို အတင်းဆွဲချနေသည်။ ကားသမားကလည်း မကူ၊ သူ့ဟာသူလည်း မနိုင်ရှာချေ။

‘ကားဆရာ ကိုမသာရယ်၊ ကိုယ့်အမေအရွယ်ကြီး မနိုင်မနင်းဖြစ်နေတာ မမြင်ဘူးလားဟဲ့’

ဒေါ်ထူးမေက ခပ်တိုးတိုး ရေရွတ်သည်။ ကားဆရာကြားအောင်တော့ မပြောရဲရှာ။ ဒါမှမဟုတ် ကားဆရာက ကြားလျက်နှင့် မကြားချင်ဟန်ဆောင်နေခြင်းလည်း ဖြစ်နိုင်သည်။

‘နေ… နေ ကြီးတော်ထူး၊ ကျွန်တော် ချပေးမယ်’

အကြီးကောင်က ပြေးသွားပြီး ကူသည်။ ခရမ်းချဉ်သီးသာမက ထောပတ်သီးနှင့် နဂါးမောက်သီးများလည်း ပါလာသေးသည်။

‘နောက်ကျနေပါတယ် ဆိုမှ လမ်းကလည်းကျပ်၊ ဒီကြားထဲ ရှေ့မှာ ကားနှစ်စီးတိုက်ပြီး ကာလနာတိုက်နေကြသေးတယ်။ ဒုက္ခပါပဲဟယ်၊ ဈေးတောင် ကွဲနေပြီလား မသိပါဘူး’

‘အခုမှ ရှစ်နာရီပဲရှိသေးတာ၊ ဈေးကွဲချိန်တော့ မဟုတ်သေးပါဘူး အပျိုကြီးရာ။ ဒါပေမဲ့ ဈေးကတော့ မိုးလင်းကတည်းက ကွဲနေတာ။ ဈေးထဲမှာ လူကိုမရှိဘူး’

ဦးပြုံးကပါ လာကူပေးရင်း ဝင်ပြောသည်။ အငှားယာဉ်မောင်းကို ‘ဘယ့်နှယ်လဲ ဆရာကြီး ကိုက်ရဲ့လား’ ဟုလှမ်းမေးတော့ ယာဉ်မောင်းက မျက်နှာရှုံ့ပြီး လက်ခါပြသည်။ သူ့ကိုကြည့်ရသည်မှာလည်း စိတ်တိုစိတ်ရှုပ်ပြီး ပင်ပန်းနေပုံရသည်။

ကြီးတော်ထူး၏ တောင်းများကို ဦးပြုံးနှင့် အကြီးကောင်က ဈေးထဲထိ သယ်ပို့ပေးလိုက်သည်။ ခရမ်းချဉ်သီးက တော်သေးသည်။ နဂါးမောက်သီးနှင့် ထောပတ်သီးကတော့ လေးလှသည်။ သူတို့နှစ်ဦးလုံး ချွေးပြိုက်ပြိုက်ကျသွားသည်။

‘ရွှေဒေါ်လာရေ မင်းမပူနဲ့၊ ငါတို့ ဆိုက်ကားနင်းမကောင်းရင် ကူလီလုပ်စားလို့ရပြီ’ ဟု ဦးပြုံးက အပြောင်အပြက် ပြောနေသည်။

သူတို့အတွက် လုပ်အားခကို အပျိုကြီးက တစ်ယောက် ငါးရာစီ ပေးသည်။

‘ကူတာပါဗျ၊ အချင်းချင်းပဲဟာ။ ပေးစရာမလိုပါဘူး’ ဟု ပြောသော်လည်း ဦးပြုံးက လက်အရင်လှမ်းပြီး ဖြစ်နေ၍ အပျိုကြီးက ရယ်သည်။ အကြီးကောင်ကတော့ ‘ကျွန်တော့်ကို နဂါးမောက်သီးတစ်လုံးလောက် ပေးပါလား ကြီးတော်ရာ၊ အဖေ့ကို ကျွေးချင်လို့ပါ’ ဟု အရိုးခံနှင့် ပြောမိသည်။

‘အေး… နင့်အဖေ အတော်ဖျားလိုက်တာနော်၊ တစ်နေ့တုန်းကတော့ ခဏတွေ့လိုက်တယ်။ ပိန်သွားတယ်ဟဲ့။ နင့်အမေရော နေကောင်းရဲ့လား ရွှေဒေါ်လာရယ်။ ရော့… ရော့ ဒါကသေးပေမဲ့ အနီသီးထက် ပိုပြီး ဆေးဖက်ဝင်တယ်။ ငါရောင်း


www.burmeseclassic.com

www.burmeseclassic.com

ရင် တစ်လုံး ရှစ်ရာနဲ့ ရောင်းတာ’

နဂါးမောက်သီး ထည့်ထားသော ကြွပ်ကြွပ်အိတ်လေး တယမ်းယမ်းနှင့် ဈေးထဲမှ ထွက်လာပြီး ဆိုက်ကားနား ပြန်ရောက်တော့ အပြာရောင်ဝမ်းဆက်ဝတ်ထားသော ကောင်မလေးတစ်ယောက်ကို တွေ့ရသည်။

‘အားလား’

‘ဘယ်လဲ’

‘စိန်ပန်းနီလမ်းထဲ’

စိန်ပန်းနီလမ်းသည် ငါးရာလမ်းဖြစ်သည်။ အတန်ငယ်လှမ်းသော်လည်း လမ်းကောင်းသည်။ လူချမ်းသာများသောလမ်း ဖြစ်သည်။

‘ခုနစ်ရာနော်’

‘ဟင်··· ခုနစ်ရာတောင်’

ကောင်မလေးက နောက်တွန့်သွားသည်။

‘အခါတိုင်း ငါးရာပဲပေးရတာပါ။ မနေ့တုန်းကတောင် ငါးရာပဲဟာ’

‘မရတော့ဘူး၊ ဒေါ်လာဈေးက တက်နေတာ’

မဆီမဆိုင်ပြောခြင်းမဟုတ်သော်လည်း ကောင်မလေးကတော့ မဆီမဆိုင်တွေ ပြောနေသည်ဟု ထင်သွားလေသည်။ နှုတ်ခမ်းကလေး တင်းတင်းစေ့ပြီး သူ့ကို ခပ်စူးစူးကြည့်သည်။ ထီးပေါ်တွင် ရေးထားသော ရွှေစာလုံးကိုလည်း လှောင်သလိုလို ကြည့်သည်။

‘မရရင် မစီးဘူး’

‘မစီးရင် လျှောက်ပေါ့ဗျာ’

အကြီးကောင်က ခပ်တင်းတင်းပြောလိုက်သည်။ ကောင်မလေးသည် ချာခနဲလှည့်ထွက်သွားသည်။ ပေါက်ဆတ်ပေါက်ဆတ်နှင့် လျှောက်ရင်း မကြားတကြားတော့ ပြောသွားသည်။

‘အမေရိကန်ဒေါ်လာဈေးတက်တာနဲ့ပဲ သူ့ဆိုက်ကားခကပါ ဈေးတက်ရတယ်လို့၊ ကြားဖူးပေါင်၊ ဟွန်း··· နာမည်ကိုလည်း ရေးထားသေး၊ ‘ရွှေဒေါ်လာ’ တဲ့။ ပြည်တွင်းဖြစ်ဒေါ်လာကြီးကများ ကြီးကျယ်လို့ သေ··· သေ··· သွားသေ၊ သေလိုက်တော့’

အကြီးကောင်ကို ဦးပြုံးက ချီးကျူးသလိုကြည့်သည်။ ပြန်ပြီးလက်မထောင်ပြလိုက်ရသော်လည်း ရင်ထဲတွင်တော့ သိပ်မကောင်း။ ခုနစ်ရာမရဘဲ ငါးရာလွတ်သွားပြီမို့ ဖြစ်သည်။

မကြာမီ ရောက်လာသူကတော့ အန်ကယ်ချစ် ဖြစ်သည်။ ပင်စင်စားအဘိုးကြီးဖြစ်သော်လည်း သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ် ရှိသည်။ သူက မနက်တိုင်း လမ်းလျှောက်ပြီး အပြန်ကျတော့ ဈေးကိုဝင်တတ်သည်။ သူစားချင်သောအသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်ဝယ်သည်။ ဈေးကပြန်တော့ ဆိုက်ကားစီး၍ ပြန်တတ်သည်။ ဈေးထဲရှိ ဈေးသည်များနှင့်သာမက ဆိုက်ကားဆရာများနှင့်ပါ ခင်မင်ရင်းနှီးနေသူဖြစ်သည်။ ဒီတစ်ခါအလှည့်ကျသူကတော့ ကိုမောင်အုန်းဖြစ်သည်။

‘အန်ကယ်ချစ်ရေ ဈေးတက်သွားပြီနော်’

‘ဟေ··· ဘယ်လောက်လဲ’

‘အန်ကယ်ချစ်အိမ်ဆိုရင် ခုနစ်ရာ’

‘ဘာ···’

အန်ကယ်ချစ်က အော်သည်။ မျက်မှောင်ကိုလည်း အတွန့်ချိုးထားသည်။

‘ဒေါ်လာဈေးတက်တော့ အစစအရာရာ ဈေးတက်တယ် အန်ကယ်ချစ်ရဲ့။ ကျွန်တော်တို့လည်း မတတ်သာလို့···’

‘ဟေး··· တက္ကစီ’

အန်ကယ်ချစ်က ဆုံးအောင်ပင် နားမထောင်၊ ဖြတ်သွားသော တက္ကစီကို ဖမ်းထားလိုက်သည်။

‘မုဒိတာလမ်းထဲကို ငါ့တူ၊ ဒီတစ်ကွေ့လေးတင်ပဲ။ တည့်တည့်ဆက်ထွက်ရင် လမ်းမကြီးပေါက်တယ်။ အေး တစ်ထောင်ပေးမယ်’

အန်ကယ်ချစ်အသံက လိုအပ်သည်ထက် ပို၍ကျယ်နေသည်ဟု ထင်မိသည်။ ထို့နောက် ကိုမောင်အုန်းကို မပြုံးတပြုံးငဲ့ကြည့်ရင်း တက္ကစီပေါ် ခပ်ကြွားကြွားတက်သွားသည်။ အဓိပ္ပာယ်ကတော့ ‘မင်းတို့ဆိုက်ကားကို နေပူခံပြီး ခုနစ်ရာပေးမစီးဘူး။ တစ်ထောင်ပေးပြီး ကားစီးမယ်’ဟု ဆိုလိုဟန်ရှိသည်။ ကိုမောင်အုန်းသာမက သူတို့အားလုံး မအီမလည်ဖြစ်ကာ ကျန်ခဲ့ကြသည်။ သူတို့ကို လှမ်းကြည့်နေသော ဦးကြီးပြုံးပင် မပြုံးနိုင်ဘဲ တွေတွေကြီး ဖြစ်နေသည်။

နောက်တစ်ခါ ရောက်လာသူက ကျောင်းစိမ်းကလေးနှစ်ယောက်ကို လက်ဆွဲထားသော ကလေးအမေဖြစ်သည်။ ကလေးများကို သနပ်ခါးညီညီညာညာနှင့် ပါးကွက်များ ကွက်ပေးထားသော်လည်း သူဝတ်ထားသော ဘလောက်စ်အင်္ကျီတွင် ကြယ်သီးတလွဲ တပ်ထားသည်။ ကလေးတွေ ကျောင်းမမီမှာစိုး၍ ကတိုက်ကရိုက် ဖြစ်နေရှာသည်။

အခါတိုင်း သုံးရာတောင်းနေကျလမ်းကို ငါးရာတောင်းလိုက်တော့ ကလေးအမေက ဦးပြုံးကို မျက်စောင်းခဲပြီး ရန်သူလိုကြည့်သည်။ သို့သော် ဆိုက်ကားပေါ် တက်ထိုင်လိုက်၍ ဦးပြုံး အောင်မြင်သွားသည်ဟု ဆိုရမည်။ ဦးပြုံး တစ်ယောက် အပြုံးမျက်နှာနှင့် ပြန်လာမည်ထင်မိသော်လည်း ရှုံ့ရှုံ့မဲ့မဲ့ ပြန်လာသည်။

‘ကလေးအမေက ပိုက်ဆံနှစ်ရာ ပိုပေးရတာဆိုတော့ ပေးရတာနဲ့ တန်အောင် ညည်းတော့တာကိုး။ ငါကလည်း ညည်းသံညူသံဆိုရင် ကြားကို မကြားချင်တာကွ။ အိမ်မှာလည်း မိန်းမက ညည်း၊ အပြင်ရောက်ပြန်တော့ ခရီးသည်ကညည်းနဲ့ ဟုတ်တာမှန်တာတွေပေမဲ့လည်း မကြားချင်ဘူးကွာ။ နားထဲကို ပူနေတာပဲ။ သူ့လက်ထဲ ဆိုက်ကားအပ်ပြီး ‘ကဲ ခင်ဗျားဟာ ခင်ဗျားပဲ ဆက်နင်းသွားတော့ဗျာ’ လို့ ပြောပြီး ဆင်းနေရစ်ခဲ့ချင်တာ’

ဟိုး···ဘုရင်တွေ လက်ထက်တုန်းက အိုင်ချင်း၊ တြာချင်း ဆိုတာတွေကို ရေးကြ၊ စပ်ကြ၊ သီကုံးကြသည်

www.burmeseclassic.com

www.burmeseclassic.com

ဟု ကြားဖူးသည်။ အခု အသစ်ပေါ်လာသည်က ညည်းချင်းဖြစ်သည်။ တွေ့လိုက်လျှင် ညည်းချင်းချသူချည်း ဖြစ်နေတော့ အကြီးကောင်လည်း မကြားချင်။

'ငါတို့ စစ်ဆင်ရေးက ဟုတ်မှ ဟုတ်ပါ့မလား ရွှေဒေါ်လာရေ၊ ခါတိုင်းလောက်တောင်မရဘဲ ငတ်ကိန်းဆိုက်နေပြီ'

ကိုမောင်အုန်းက တီးတိုးပြောသည်။ အကြီးကောင်လည်း ငိုင်တိုင်တိုင်ဖြစ်နေသည်။ ဒီလိုပုံနှင့်ဆိုလျှင် ဆန်ဖိုး ဆီဖိုးလေးပင် ရမှရနိုင်ပါ့မလား မသိရ။ အဖေ့အတွက် ချောင်းဆိုးပျောက်ဆေး ဝယ်နိုင်ဖို့တော့ သိပ်မလွယ်လှ။

'ရွှေဒေါ်လာရေ ပြန်မယ်ဟေ့'

ဒီတစ်ခါ ရောက်လာသူက သုံးရက်နေမှ တစ်ခါသာ ဈေးလာသော မမဝဝ,ဖြစ်သည်။ သူကလည်း အန်ကယ်ချစ်တို့ လမ်းထဲတွင်ပင်နေသည်။ ပြီးခဲ့သောနှစ်က ယောကျ်ားဆုံးသွား၍ မူလတန်းအရွယ် ကလေးသုံးဦး ကျန်ခဲ့သည်။ အတူနေ မိခင်ကြီးက ရောဂါသည်ဟု ပြောသည်။ ဘာရောဂါမှန်းတော့ အကြီးကောင်မသိ။ မိခင်ကြီးကို ပြုစုရန် ခေါ်ထားရသော အဒေါ်အပျိုကြီးကလည်း ဟိုဟာမစားဘူး၊ ဒီဟာ မစားဘူး၊ ခါးနာတယ်၊ ခေါင်းကိုက်တယ်နှင့် ထွေလီကာလီတွေ များလွန်း၍ သူ့ကို တစ်ခါထပ်ပြီး ပြုစုနေရရှာသည်။

မမဝဝက မျက်နှာလေးလှသော်လည်း လူကတော့ တော်တော်ဝ,သည်။ သူ့ကလေး သုံးယောက်ကလည်း သူ့လိုပင် ဖက်တီး၊ ဝတုတ်ကလေးများဖြစ်သည်။ သူကတော့ သူတို့အမျိုးကိုက 'ဝ'တဲ့မျိုးဟု ပြောသည်။

'ဈေးတက်သွားပြီနော် အစ်မ'

'ဟော…တော့'

သူက ခြင်းတောင်းနှစ်တောင်းကို တစ်ဖက်စီ ဆွဲထားသည်။ သုံးရက်တစ်ခါသာ ဈေးလာသူမို့ ဈေးခြင်းများက လေးလေးလံလံရှိလှသည်။ သူ့ခြင်းထဲကို ကဲကြည့်လိုက်တော့ အာလူး၊ ကြက်သွန်နှင့် နဂါးမောက်သီးနှစ်လုံးကိုပါ တွေ့ရသည်။ နောက်တစ်ခြင်းထဲ တွင်တော့ ဂေါ်ရခါးသီး၊ ပုံလုံသီး၊ ရွှေဖရုံသီးများကို တွေ့ရသည်။ အောက်ဘက်ရောက်နေသော အသား ငါးများကိုတော့ မမြင်ရ။ သူက 'ခုနစ်ရာ'ဟု ပြောတော့ မမဝဝက သက်ပြင်းချရှာသည်။

'ခုနစ်ရာဖြစ်သွားပြီလားဟယ်'ဟု ခပ်တိမ်တိမ်ပြောသည်။

ခြင်းတောင်း အလေးကြီးနှစ်တောင်းကို သူ့အိမ်အထိ ဆွဲနိုင်မည်မဟုတ်။ သူ၏ ဆိုက်ကားကို မဖြစ်မနေစီးကိုစီးရမည်ဟု အကြီးကောင်က တွက်သည်။

သို့သော် မမဝဝက သူတွက်သလို ဖြစ်မလာ။

'နင်တို့ ဈေးတက်တာက သဘာဝကျပါတယ်။ ဒါပေမဲ့ ငါကလည်း ငါ့ဟာငါ မနည်းတိုင်းထွာပြီး သုံးနေရတာ'

မမဝဝက ဆိုက်ကားဘေးတွင် ခေတ္တချထားသော ပလတ်စတစ်ခြင်းတောင်းနှစ်တောင်းကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် ပြန်ဆွဲသည်။ ထို့နောက် စတင်၍ လမ်းလျှောက်သည်။

'ဟာ… အစ်မ၊ နိုင်လို့လား'

'နိုင်ပါတယ်ဟယ်၊ ဒီလိုပဲ နားနားပြီး ဆွဲသွားရမှာပေါ့'

နဂိုကမှ ဝ,ရသည့်အထဲ အလေးအပင်ကို လက်နှစ်ဖက်လုံးက ဆွဲထားရတော့ သူ့ကိုကြည့်ရသည်မှာ မသက်သာ။ ပုံပျက်ပန်းပျက် ဆွဲထားသော ကာတွန်းရုပ်ကြီးနှင့် တူနေသည်။

ခြေလှမ်းနှစ်ဆယ်လောက် ကြိုးစားလျှောက်ပြီးတော့ သူ ခဏနားသည်။ ခြင်းတောင်းနှစ်တောင်းကို ခေတ္တချသည်။ ထို့နောက် ခြင်းတောင်းများကို ပြန်ဆွဲသည်၊ ပြန်လျှောက်သည်။ နှစ်ခါနား နှစ်ခါလျှောက်ပြီး သုံးကြိမ်မြောက်နားသောအခါတွင်တော့ အကြီးကောင် ကြည့်မနေနိုင်တော့။ သူ့နောက်သို့ ဆိုက်ကားတွန်းပြီး လိုက်သွားသည်။

'အစ်မရာ… မောလှပါတယ်၊ ကဲ… တက်၊ တက်၊ အရင်ဈေးပဲ ပေးပါတော့'

အကြီးကောင်က ခြင်းတောင်းကို လှမ်းဆွဲသည်။ သူ့ခမျာ စိတ်ဆောင်နေ၍သာ အတင်းလျှောက်နေရသော်လည်း မျက်နှာကြီး နီမြန်းကာ တဟောဟောနှင့် မောနေသည်။

မမဝဝက သူ့ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သည်။ ထို့နောက် အကြီးကောင်လက်ထဲမှ သူ၏ ခြင်းတောင်းကို ပြန်ဆွဲသည်။

'အရင်ဈေးတောင် မပေးနိုင်ဘူး ရွှေဒေါ်လာရယ်။ ငါ့အိတ်ထဲမှာ လေးရာပဲ ကျန်တော့တယ်။ ဒါတောင် ကုလားဟင်းအတွက် ရုံးပတီသီး မဝယ်ဖြစ်ခဲ့လို့'

အကြီးကောင်ခမျာ စိတ်လည်းညစ်၊ ရယ်လည်း ရယ်ချင်သွားသည်။ သူတို့က ကိုယ့်ထက် ချမ်းသာသော်လည်း ကိုယ့်ထက်ပင် ဒုက္ခကြီးနေကြဟန်ရှိလေသည်။

ကိုမောင်အုန်းတို့၊ ဦးပြုံးတို့ကို လှမ်းကြည့်တော့ သူတို့ ဘာပြောနေသနည်း နားစွင့်နေကြပုံရလေသည်။ နည်းနည်းလေး လှမ်းသွားပြီမို့ အသေအချာ ကြားရဟန်တော့ မတူချေ။ မမဝဝ,ကတော့ တဟောဟောနှင့် ဆက်လျှောက်ရန် ဟန်ပြင်နေသည်။ 'နှစ်ရာတော့ တိုးမပေးနိုင်၊ သေချင်လျှင်လည်း သေပါစေတော့'ဟူ၍များ သန္နိဋ္ဌာန်ချထားလေသလား မသိရ။

'ကဲ…ကဲ… လေးရာဆိုရင်လည်း လေးရာပဲပေးပါတော့ အစ်မရာ၊ တက်… တက်။ ကျွန်တော် လိုက်ပို့ပါ့မယ်'

ဒီလိုနှင့်ပင် အမျိုးသမီး ဝဝ,ကြီးသာမက လေးလေးလံလံ ခြင်းတောင်းကြီးနှစ်တောင်းလည်း ဆိုက်ကားပေါ်သို့ ရောက်လာသည်။ လှမ်းကြည့်နေကြသော ဦးပြုံးတို့၊ ကိုမောင်အုန်းတို့ကတော့


www.burmeseclassic.com

www.burmeseclassic.com

မမဝဝခမျာ ဆက်မလျှောက်နိုင်၍ ရွှေဒေါ်လာကို အရှုံးပေးလိုက်သည်ဟု ထင်ကြပေလိမ့်မည်။

‘ငါက ကတ်တာမဟုတ်ပါဘူး ကောင်ကလေးရယ်။ တကယ်ကို ချွေတာနေရလို့ပါ။ ယောက်ျားမသေခင် ရင်းနှီးမြှုပ်နှံထားခဲ့တဲ့ အတိုးရင်းပွားလေးတွေနဲ့ စားနေရတာ။ ဘာစီးပွားရေး၊ ဘာဝင်ငွေမှ မရှိဘူးဟဲ့’

သူက သဘောကောင်းကောင်း၊ ပါးစပ်ဖွာဖွာဆိုတော့ သူ၏ စီးပွားရေးအခြေအနေကို မမေးဘဲနှင့် ပြောနေသည်။

‘အမေ့အတွက် ဆေးတွေ မဝယ်လို့ မရဘူး။ ခေါ်ထားတဲ့ အမေ့ညီမကလည်း အမေနဲ့ အဖော်အလျော်ရအောင်၊ အမေ့ဘေးနေရအောင် ခေါ်ထားတာ သူကပါ ရောပြီး အမေ့လို အပြုအစုခံချင်နေတယ်။ အိမ်မှာ အိမ်ဖော်လည်း မထားနိုင်တော့ဘူး။ တစ်လရှစ်သောင်းဆိုတဲ့ လခကိုမှ မပေးနိုင်တာ။ ငါ့ဟာငါချည်းပဲ လုပ်ရတာ’

ခုနတုန်းက တဟောဟော မောနေသော အစ်မကြီးသည် အခုတော့လည်း တသောသော ပြောနေသည်မှာ ပါးစပ်မပိတ်တော့။ ‘အစ်မရေ…မောမယ်လေ၊ မောမယ်၊ ပါးစပ်ပိတ်ထားပါလား’ဟု ပြောချင်စိတ်ပေါက်လာသည်။ သူကလည်း ဦးပြုံးလိုပင် နားပူခံချင်သူမဟုတ်။ ညည်းသံ ညူသံကြားချင်သူ မဟုတ်။

‘တစ်လတလေ မကုန်မဖြစ်လို့ ကုန်နေရတဲ့ ပိုက်ဆံတွေက အများကြီး။ အမေ့ဆေးဖိုး၊ ကလေးတွေ ကျူရှင်ဖိုး၊ ကျောင်းကားခ၊ ရေဖိုး၊ မီတာဖိုး၊ တစ်လောက မော်တာပျက်တော့လည်း ကုန်ရပြန်ရော။ ဒီကြားထဲ စားသောက် စရိတ်တွေကတက်၊ နင်တို့တွေ ဆိုက်ကားခတိုးတောင်းတာ ငါ အပြစ်မတင်ပါဘူးဟယ်။ နားလည်ပါတယ်။ ဒါပေမဲ့ နင်တို့လည်း နင်တို့ ဒုက္ခနဲ့နင်တို့၊ ငါကလည်း ငါ့ဒုက္ခနဲ့ငါပဲလေ။ တစ်ပြား၊ နှစ်ပြား ခွာပြီး သုံးနေရတာ’

ဦးပြုံးက ပိုက်ဆံနှစ်ရာဖိုး နားပူခံခဲ့ရသည်ဟု ပြောသည်။ သူကတော့ တစ်ရာလျှော့ယူပြီး နားပူခံခဲ့ရသည်မို့ ပို၍ပင် ဒုက္ခကြီးနေသေးသည်။ ဦးပြုံးလိုပင် ‘ကဲ… ရော့ အစ်မကြီး၊ ဆိုက်ကားကို ကိုယ့်ဟာကိုယ်သာ ဆက်နင်းသွားပါတော့။ ကျွန်တော် ဆင်းနေရစ်တော့မယ်’ဟူ၍ပင် ပြောချင်စိတ်ပေါက်လာသည်။ ရှင်းရှင်းပြောရလျှင် ညည်းသံ ညူသံတွေကို ကြားကို မကြားချင်တော့။

သူ့မှာလည်း ‘ချင်’တွေ ရှိသည်။

အဖေ့အတွက် ချောင်းဆိုးပျောက်ဆေး ဝယ်ချင်သည်။ အင်နာဗွန်စီဝယ်ချင်သည်။ ငါးရံ့ခြောက်ကောင်းကောင်း ဝယ်ချင်သည်။ ကြက်စွပ်ပြုတ်လေး တိုက်ချင်သည်။ အမေ့ဒူးနာကိုလည်း ဆေးကုပေးချင်သည်။ နူဖလမ်ဆိုသောဆေး ဝယ်တိုက်ချင်သည်။ အငယ်ကောင်ကိုလည်း ကျောင်းခန်းထဲ ပြန်ပို့ချင်သည်။ ချင်… ချင်…ချင်…။ သူ၏ ချင်တွေက သိပ်ပြီး မကြီးကျယ်လှသော်လည်း သူ့မှာ ပြည့်ဖို့မလွယ်။ အကုန်လုံးကို ထိန်းချုပ်ထားရသည်။

လေယာဉ်ပျံစီးသူက လေး,ငါးထောင် တိုးပေးရန် မခဲယဉ်းသော်လည်း၊ တက္ကစီစီးသူက လေး,ငါးရာ တစ်ထောင် တိုးပေးနိုင်သော်လည်း ဆိုက်ကားစီးသူများအတွက်တော့ တစ်ရာ၊ နှစ်ရာ တိုးပေးရန် မလွယ်ကူကြောင်းကို ကောင်းကောင်းသဘောပေါက်သွားသည်။

‘ငါတို့ကို အခြေခံလူတန်းစားလို့ ခေါ်ကြတာကို အခုမှ သဘောပေါက်တော့တယ်။ အောက်ခြေမှာနေပြီး အလူးအလဲခံနေရတဲ့ လူတွေမို့လို့ကိုး’

အကြီးကောင်က ရင်ထဲမှ တီးတိုးပြောမိသည်။

‘အားနာပါတယ်ဟယ်’

မမဝဝက နှစ်ရာတန် ခပ်နွမ်းနွမ်း နှစ်ရွက်ကို လှမ်းပေးသည်။ သူကတော့ ကိုတိုးဝေတို့၊ ဦးပြုံးတို့ မေးလျှင် ဘယ်လိုဖြေရပါ့မလဲ စဉ်းစားနေသည်။ အမှန်အတိုင်းပြောလျှင် ‘မင်း… သစ္စာဖောက်တယ်၊ လျှော့ဈေးနဲ့ မပို့ကြေးလေကွာ’ဟု ပြောကြလိမ့်မည်။ ထို့နောက် ရယ်ကြလိမ့်မည်။ လိမ်ပြီးတော့လည်း မပြောချင်။ မပေါ်ဘဲနေမည်လည်း မဟုတ်။

တော်ပါပြီ။ အိမ်ပြန်တာပဲ ကောင်းပါတယ်။

❑

‘ဟော… သားကြီး ပြန်လာပြီ’

အဖေက ဆီး၍ နှုတ်ဆက်သည်။ ဦးကြီးပြုံး၏ လျက်ဆားတန်ခိုးနှင့် ချောင်းဆိုးသက်သာနေပုံရသည်။ ရေမိုးချိုးပြီး လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

‘အဆင်ပြေရဲ့လား သား’

အဖေက သူ၏ အတွေ့အကြုံကို နားထောင်ချင်လွန်း၍ မျှော်နေခြင်းဖြစ်ဟန်တူသည်။ သူတို့တွေ ဒီနေ့ ဈေးတက်ဖို့ အကြံအစည်ရှိသည်ကို သိထားသည် မဟုတ်ပါလား။ အကြီးကောင်ခမျာမှာတော့ အဖေ့ကို တွေ့တော့မှ ပိုပြီး စိတ်ညစ်သွားရှာသည်။ ထို့ကြောင့် ဘာမှ ပြန်မပြောသေးဘဲ ရေအိုးစင်ဆီသို့ တန်းသွားကာ သောက်ရေတစ်ခွက်ကို ပြည့်ပြည့်ခပ်ပြီး အချိန်ဆွဲကာ သောက်နေမိသည်။

‘သားကြီး ထမင်းဆာပြီလား’

အမေက လှမ်းမေးသည်။ အမေ့လက်ထဲတွင် ချဉ်ပေါင်ရွက်များကို တွေ့ရသည်။ သံဇလုံထဲတွင် ထည့်ထားသော မျှစ်ဝါဝါလေးများကိုလည်း တွေ့ရသည်။

‘ချဉ်ပေါင်ကြော်မလို့လား အမေ၊ ဆီရောရှိရဲ့လား’

‘အငယ်ကောင်က ဆီတစ်ပုလင်းနဲ့ ကတ်သပိုးလေးတွေ လာပေးသွားတယ်။ ငါးလေးတွေက လတ်ကလတ်နဲ့၊ ဆီရှိတုန်း ငါးလေးကြော်ပြီး ချဉ်ပေါင်ကို မျှစ်လေးနဲ့ ပျစ်ပျစ် ချက်ပေးမယ်လေ’

အမေ့မျက်နှာက ပြုံးနေသည်။ သားကလေး၊ ငါးကလေးများ ချက်ရလျှင် အမေက ဝမ်းသာနေတတ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သူလည်း အတော် ဝမ်းသာသွားသည်။ အိမ်တွင် ဆီနှင့်ဆန်သာမက ဟင်းပါရှိနေတော့ ဒီနေ့တစ်နေ့အတွက် စိတ်အေးသွားရပြီမို့ ဖြစ်သည်။

‘ကြီးတော်ထူးက တောင် အမေ့ကို မေးလိုက်သေးတယ်၊ နေကောင်းရဲ့လားတဲ့’

အဖေနှင့် စကားပြောရမှာ ကြောက်၍ အကြီးကောင်က အမေ့ကို စကားစရှာပြီး ပြောနေခြင်းဖြစ်သော်လည်း ရှောင်၍မရ။ အဖေက သူတို့နား လာထိုင်သည်။ အခါတိုင်း သားဖြစ်သူပြန်လာလျှင် အဖေနားထိုင်ပြီး တွေ့ခဲ့၊ ကြုံခဲ့ရသမျှကို ပြောနေကျမို့ ဒီတစ်ခါလည်း အတွေ့အကြုံအသစ်အဆန်းလေးများကို ကြားချင်စိတ်စောနေဟန်ရှိသည်။ လွယ်လွယ်ကူကူဈေးတက်၍ရခဲ့ပြီး အခါတိုင်းတက် ဝင်ငွေကောင်းခဲ့သည်ဟုလည်း ထင်နေပုံရသည်။ ခက်တော့နေပါပြီ။

‘ခုနတုန်းကပဲ အိမ်ရှေ့မှာ ဖြတ်သွားတဲ့လူတွေ ပြောသွားကြတယ်။ အမေရိကန်ဒေါ်လာက ထောင့်ခြောက်ရာတောင် ကျော်သွားပြီတဲ့။ ပြောပါဦး၊ ငါ့သားကြီး မြန်မာဒေါ်လာ၊ ရွှေဒေါ်လာကရော ဘယ်နှရာကျော် ဖြစ်လိုက်ပြီလဲ’

‘ဟိုဒေါ်လာဈေးတက်ပေမဲ့ ဒီဒေါ်လာကတော့ ဈေးကျတယ်အဖေရေ့’ဟု ပြောပစ်လိုက်ချင်သော်လည်း ‘ဒီတစ်ခါ ငါတို့ တက်ရမယ့်အလှည့်ပဲ၊ သူတို့တက်ရင် ငါတို့လည်း တက်မှာပေါ့’ဟူ၍ မျှော်လင့်တကြီး အားတက်သရောဖြစ်နေသော အဖေ့ကို နည်းနည်းသနားသွားသည်။

‘ဒေါ်လာဆိုတိုင်း တူတာမှ မဟုတ်တာပဲ အဖေရယ်။ တစ်ခါတလေကျတော့ တစ်ဖက်က တက်သွားတာဟာ နောက်တစ်ဖက်ကျသွားဖို့လည်း ဖြစ်နေတတ်တာပဲ’

အကြီးကောင်က သူ့အမိပွာယ်နှင့်သူ ပြောလိုက်သည်။ အဖေက နားမလည်။ ကြားချင်နေသော စကားမဟုတ်၍ အာသာမပြေဖြစ်သွားသည်။ မရွှင်လှသောသား၏ မျက်နှာကိုလည်း အခုမှ သတိပြုမိပုံရလေသည်။

သူက အဖေ၏အကြည့်ကို ရှောင်လွှဲကာ အိမ်ပေါ်မှ ဆင်းခဲ့သည်။ ပေါက်ဆတ်ပေါက်ဆတ်လျှောက်ရင်း မကြားတကြား ပြောသွားသော ကောင်မလေးကို သတိရသည်။

‘ပြည်တွင်းဖြစ် ဒေါ်လာကြီးကများ… ကြီးကျယ်လို့…၊ သေ…သေ…သွားသေ…သေလိုက်တော့’ တဲ့လေ။

သူ ဆိုက်ကားပေါ် ပြန်တက်သည်၊ ပြန်နင်းသည်။ နင်းမယ့်သာနင်းရသော်လည်း ဘယ်ကိုသွားရမည်မသိ။ အိမ်မှာလည်း မနေချင်၊ ဆိုက်ကားဂိတ်ကိုလည်း ပြန်မသွားချင်။ ကဲဟာ…ရောက်ချင်ရာရောက်…ပေါက်ချင်ရာပေါက်…နင်းသာနင်း…ဆက်နင်း…။

နင်းလိုက်တိုင်း ကကျီ၊ ကကျီနှင့် မြည်နေသော ဆိုက်ကားတစ်စီးသည် နေကျဲကျဲပူနေသော လမ်းပေါ်တွင် မောမောပန်းပန်း ပြေးနေသည်။

‘ကကျီ…ကကျီ…က…ကျီ…က…ကျီ…ကျီ…ကျီ…ကျီ…ကျီ’

■

**မစန္ဒာ**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဟိုဟိုဒီဒီ

ကိုဖြိုး(မုန္တလေး)

၁။

ဘော့ဒကာ
မဟုတ်သော်လည်း
နံရံကို မှီထိုင်။
ထနောင်းပိုင်ဖြစ်သော်
လည်း နံရံကို မှီထိုင်။
ဟန်ဘာဂါ
မဟုတ်သော်လည်း
နံရံကို မှီထိုင်။
နှမ်းဖတ်ချဉ်ဖြစ်သော်
လည်း နံရံကိုမှီထိုင်။
ဘာပဲဖြစ်ဖြစ်
နံရံတွေကတော့
မှီထိုင်လို့ရတာချည်းပဲ
မဟုတ်လား။ မှန်၏။
'မှတ်ဆိတ်ဖြူကြီး'
နံရံကိုမှီထိုင်နေ၏။ နံရံကို
မှီထိုင်ခြင်းများ၌
ဥရောပဆန်အောင်
မှီထိုင်ခြင်းနှင့်
မြန်မာဆန်အောင်
မှီထိုင်ခြင်းမျိုး
ရှိမရှိကိုတော့
မှတ်ဆိတ်ဖြူကြီးသည်
တစ်ခါမျှ အားအား
ယားယား ထည့်သွင်း
စဉ်းစားခြင်းမျိုး လုံးဝ
မရှိခဲ့ချေ။ ကမ္ဘာ့တိုက်ကြီး
များထဲက မည်သည့်တိုက်
သားမဆို နံရံကို
မှီထိုင်ကြလျှင် သူကဲ့သို့သာ
မှီထိုင်ကြမည်ဟု
မှတ်ဆိတ်ဖြူကြီးယုံသည်။
မြောက်ဘက်အရပ်
မရှိတော့သော
မြောက်ဝင်ရိုးစွန်း၏
ရေခဲနံရံတွင် မှီထိုင်နေသူက
နောက်ထပ်
မြောက်ဘက်အရပ်တွေ
ရှိနေသေးသလား
အတွေးမျိုးအထိ
မှတ်ဆိတ်ဖြူကြီးက
တွေးနေချင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အပြင် မုတ်ဆိတ်ဖြူကြီးသည် သူ၏ လွန်စွာ မှေးမှိန်သောနှင့် လွန်စွာမရေရာလွန်းသော အတိတ်ရာဇဝင်များဆီက တိုးသဲ့သော အသံများကို သူ၏ ထိုင်းသောနားဖြင့် ပြန်၍ ကြားရန်လည်း အားထုတ်လျက်ပင် ရှိသေးသည်။

အနုပညာ ဖန်တီးမှုကိုသာ ကိုးကွယ်ရာ ထင်ခဲ့သော မုတ်ဆိတ်ဖြူကြီး အသက်မှာ ၇၀ နှစ်ပင် ကျော်ခဲ့ပြီဖြစ်သည်။ မုတ်ဆိတ်ဖြူကြီးသည် သူ့အသက် ၇၀ ကျော်ကို မေ့လျော့ပြီး ဇရာကို စက်ဘီးတစ်စင်းဖြင့် ရှောင်ပြေးရှောင်နင်း လုပ်ချင်နေတုန်းသာဖြစ်သည်။

သည်ပြီးခဲ့သော ဖြတ်သန်းခဲ့သော ကာလများတွင် သူ အမှားတွေလုပ်ခဲ့တာလည်း ရှိမည်။ အမှန်တွေပြောမိလို့ လူမုန်းများခဲ့တာတွေလည်း ရှိမည်။ ထိုအရာများကို ပြန်တွေးသည့်အခါ၊ ပြန်စဉ်းစားကြည့်သည့်အခါ…သူ့အတွေးပေါင်းများသည် ဟိုရောက်ဒီရောက်နှင့် 'ဟိုဟိုဒီဒီ'တွေသာ များခဲ့ပြီ။ ဒါ့အပြင် မုတ်ဆိတ်ဖြူကြီး အတွေးက ဟိုဟိုဒီဒီနှင့်သာ မရပ်။ 'ဘဝမှာ သူ ဘာတွေ များများစားစား လုပ်ခဲ့ပြီလဲ' နှင့် 'ဘဝမှာ ဘာတွေ တူတူတန်တန် လုပ်နိုင်ခဲ့ပြီလဲ'ဆိုသော ဘဝဖြတ်သန်းမှု ဟိုတစ်စ ဒီတစ်စ လိုက်လံ၍ ကောက်သင်းကောက်အလုပ်၊ ကောက်သင်းကောက်အတွေးမျိုးကိုလည်း တွေးမိနေတာမျိုးပင်။

အမှန်တော့ မုတ်ဆိတ်ဖြူကြီးက သူ့ခေါင်းကို စက်ဘီးလက်ကိုင်သဖွယ် 'ကွေ့'ကြည့်ခြင်းသာဖြစ်သည်။ ဒီတော့ သူ့ခေါင်းက မငြိမ်။ ကွေ့ပုံ အပျော့အမာ မတူ။ ကွေ့ပုံတွေက တစ်ခါတစ်ရံ မိန်းမငယ်၏ လက်သည်းခွံ ညှပ်စကလေးများ၊ တစ်ခါတစ်ရံ 'ဖက်လိပ်မြင်းသံခွာ'တွေ။ ပြန်တွေးကြည့်တော့ အဲဒီတုန်းက ကြွေခဲ့တဲ့ သစ်စေ့တွေ၊ အခု အပင်ပြန်ပေါက်ပြီး သူတို့သစ်စေ့တွေတောင် ပြန်ကြွေနေကြပြီဆိုတော့ မုတ်ဆိတ်ဖြူကြီးရဲ့ ဟိုဟိုဒီဒီတွေကလည်း…။ မှန်သည်။ ထို ဟိုဟိုဒီဒီတွေကလည်း…။

ajrmufbuf t&yf&Swmh aom ajrmuf0if2;bef\ a&ceD&HwGf rSxkdeaolu aemufxyf ajrmufbuf t&yfawG &Seao;ovm; tawG;pdt xd rkvfq dvjzL u;Du aw;aec ifol jzpfonf

❑

'လက်တွေနဲ့ စကားပြောဖြစ်ခဲ့တယ်၊ လက်တွေကပြောတယ်၊ လက်တွေကို အပြစ်မပြောကြနဲ့။ ဘယ်ဘာသာဖြစ်ဖြစ် ဘုရားရှိခိုးတဲ့နေရာမှာ 'လက်'ပါတာချည်းပဲ'တဲ့။

❑

ကိုယ်နှုတ်နှစ်ပါး ယဉ်ကျေးတတ်ချင်လို့။ သိုးဆောင်း စကားပုံတွေနဲ့ သွားပြီး တိုင်ပင်မိပါတယ်။ သင်းတို့က–

'ခြစည်းရိုး ကျော်ကျော်ကြည့်နေတဲ့ အကောင်ထက် မြင်းခိုးသွားတဲ့ အကောင်ကမှ တော်သေးတယ်'တဲ့။

❑

ဘာမဆို မသိချင်တဲ့ အချိန်တွေရှိခဲ့၊ အနုပညာဝါဒစုံအပေါ်။ ဒါပေမဲ့ ဘာမှမသိခြင်းဟာ ဘာမဆိုပြင်နိုင်မှန်း မသိခဲ့တာ နာတယ်။

❑

ခေါက်လေ့ကားက လှောင်တယ်။ 'ငါ့ကို ပြင်တဲ့ကောင်ကမှ အပေါ်ကိုရောက်တဲ့အခါရှိသေး'တဲ့။

❑

ဒုက္ခသည်ဘဝမှာ ကယ်ဆယ်ရေးချက်လက်မှတ်လာပေးသူကို သမ္မန်စာ လာပို့သူထင်ပြီး ပုန်းနေမိတဲ့ အဖြစ်။

❑

ဘဝကို ဘောလုံးပွဲတစ်ပွဲဖြစ်အောင်အထိ ချုံ့ကြည့်ဖူးတယ်။

'ကံကြမ္မာက ငါ့ခြေထောက် ဈေးပေါပေါနဲ့ ဝယ်ပြီး တစ်ဖက်သင်း ဂိုးထဲမဝင်အောင် ဘေးချော် ကစ်လိုက်တယ်'

(ဘယ့်နှယ်နေလဲလို့တောင် ငါ့ကို မေးသွားသေးတာ)

❑

ခေါင်းက တစ်ခေါင်းတည်း၊ ဖြေကြားနေရတာက 'မနုဿဗိဟစိတ်'ရဲ့ မေးခွန်းတွေ။ ရှေးရောမတို့ရဲ့ ဂျေနုစ် (Janus)လို မဏ္ဍိတော် နှစ်လုံးပူးရှိမှ ဖြေနိုင်မှာ။

❑

ကမ္ဘာ့ဌာန်း အရွေးမှားတော့ သမာဓိနေရာလွဲကရော၊ ကဗျာဆရာလည်း ဟုတ်တိပတ်တိ မဖြစ်ခဲ့ပါဘူး။

❑

တစ်ခါက မီးခလုတ်ကို ဆတ်ခနဲ ပိတ်ပြီး မမှောင်ခင်မှာ ခုတင်ပေါ် ရောက်နေနှင့်အောင် လှုပ်ရှားပြနိုင်တဲ့ အထိ မြန်တဲ့ ဝံပုလွေတစ်ကောင်နဲ့ မိတ်ဆွေဖြစ်ခဲ့။

ငါ…။ အရက်ပုလင်းဖော့ပိတ်၊ ခုန်ထွက်၊ မျက်နှာကြက်မှန်၊ စားပွဲပေါ် ဖော့ပိတ်မကျမီ အရက်တစ်လုံး ကုန်အောင် ငါ သောက်ပြလိုက်တယ်။

❑

အသက် ၇၀ ရောက်တဲ့အထိ ရေးခဲ့တဲ့ ဝတ္ထုတွေက လွမ်းလောက်စရာ သိပ်မရှိခဲ့ဘူး။

ရိုရယ်လစ်ဇင်မဆန်၊ မော်ဒန်လည်းမဟုတ်။ သက်



www.burmeseclassic.com

www.burmeseclassic.com

သက်မဲ့ လူရုပ်ရုပ်ထဲ လောင်းကုတ်နဲ့ လမ်းလျှောက်ခဲ့တာ။

❑

မိတ်ဆွေ အတူယှဉ်ကောင်တွေ လောက်ပေါချိန်က သူတို့က ဟန်ဘာဂါ ကျွေးတယ်၊ ငတ်တော့ စားလိုက်တယ်။ ဟန်ဘာဂါထဲ 'သံဖြတ်လွှ' ညှပ်ထားတာ မသိလိုက်ဘူး။

❑

အတွန့်ချိုး မြင့်တက်သွားတဲ့ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်ကို မဲ့ပြုံးဖြစ်အောင် မလုပ်တတ်တာလေးနဲ့ဗျာ အလုပ်က ဖြုတ်ပစ်လိုက်ကရော။

❑

ချက်ကော့ဗ်က သူ့ဝတ္ထုတစ်ပုဒ်မှာ-

'သူမ၏ သီချင်းသံက မှည့်ရွှန်းသော၊ ချိုမြသော၊ သင်းပျံ့သော ဖရဲသီးလေးကို စားရသည့်အလားဖြစ်မည်' ရေးဖွဲ့ခဲ့ဖူးသည်။ (အဲဒီအချိန်ပေါ့၊ ဒုဋ္ဌဝတီမြစ်ဘေးက ဖရဲခင်းတွေမှာ နွားတွေ ဖရဲသီး စားနေကြတာ နည်းမှ မနည်းပဲ)

❑

သင့်အပြုံး

သကြားလို ချိုတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဆီးချိုရောဂါသည်တွေရှေ့မှာ မဆင်မခြင် ပြုံးရင်တော့ အဲဒါ မချိုဘူး။

❑

ခြေသံကိုတောင်...

စက္ကူစက္ကူချင်း၊ စာအုပ်စာအုပ်ချင်း ထပ်သံမျိုးထွက်အောင် လမ်းလျှောက်တတ်ပါပေတယ်။ ဒါနဲ့ ခင်ဗျား စက္ကူမပေါ်မီက

jzwfoefcdlom
umvrm;wGif
ol
trSawG
vkyfcJvmvnf
&Sdnf
trSawG
ajymrdvdk
vkdufrm;cJvm
awG nf&Sdnf
xkd &mrm; ukd
jyefawGonftc
jyefpOfpm;
unfonftc...
olY
tawG [mifrm;
onf
[kd&muf
'D&mufESihf
][k[kDawGm
rm;cJyD

စာရေးဆရာဖြစ်ခဲ့တာလား။

❑

နေရာဆိုတာ လိုတယ်၊ ရှိတယ်။

အာဖရိကတောတွင်းနေ မုဆိုးတစ်ဦးကို ကျွဲပေါင်တစ်ဖက် လက်ဆောင်ပေးပြီး သူ့ဆီက မျက်နှာရချင်လို့တော့ ဘယ်ဖြစ်မလဲ။

❑

ဝင်ရိုးစွန်းတွေဆီ မသွားနိုင်လို့ 'ရေခဲပြင်အတု' လုပ်လို့ရတဲ့ စက်ကလေးတီထွင်ခဲ့။

စက်နဲ့ရေလှောင်ကန်ကြီးတစ်ခုကို ရေခဲပြင်အတု လုပ်ခဲ့တယ်။ စကိတ်စီးနိုင်တဲ့ ရာသီ တိုးချဲ့ပေးလိုက်တာပေါ့။ ဒါပေမဲ့ ရေခဲပြင်အတု လုပ်တဲ့ ကောင်ဆီမှာ ရေခဲပြင်စီး စကိတ်မရှိ။ သူ့မှာ... ဟော်ကီရိုက်တဲ့ စကိတ်ပဲရှိတယ်။

❑

သွားပွတ်တံရောင်းသူ။ ။ 'ကျွန်တော်တို့ကုမ္ပဏီက ထုတ်လုပ်တဲ့ ဒီသွားပွတ်တံကို သုံးခြင်းအားဖြင့် သွားကု ဆရာဝန်ပေးရမယ့် ပိုက်ဆံကို ကျွန်တော် ကားဝယ်စီးလိုက်ပါမယ် ခင်ဗျ'

(ရသယောင်ဆောင်ကြော်ငြာ ဆောင်းပါးတစ်ပုဒ်နဲ့ ရင်ဆိုင်ခဲ့ရစဉ်က...)

❑

တယ်လီဖုန်းတစ်လုံးမှ မရှိပေမဲ့ တယ်လီဖုန်းလမ်းညွှန်စာအုပ် သုံးအုပ်ရှိပါတယ်။

တခြား အဓိပ္ပာယ်တစ်ခုခုရှိမလားလို့ တွေးချင်သူများအတွက်ပါ။

(တယ်လီဖုန်း ရှားပါးစဉ်က အတွေ့အကြုံ)

❑

၂။

အစကတော့ မုတ်ဆိတ်ဖြူကြီးက နံရံကို မှီထိုင်နေခြင်းဖြစ်သည်။ အခုတော့ သည်လိုမဟုတ်တော့။ ပြောင်းပြန်ပင်။ မုတ်ဆိတ်ဖြူကြီး နံရံကိုမမှီ။ နံရံကသာ မုတ်ဆိတ်ဖြူကြီးကို မှီ..မှီရပ်နေခြင်းသာ ဖြစ်တော့သည်။ ဖြစ်ရပုံမှာ မကြာခင်မှာပင် မုတ်ဆိတ်ဖြူကြီး နံရံကို ထမ်းတော့မှာလား ထင်ရသည်။

သူ့ စဉ်းအတွေးလိုတော့ မုတ်ဆိတ်ဖြူကြီး အခုထိ မတွေ့သေး။ 'ဘဝမှာ ဘာတွေများများစားစား လုပ်ပြီးခဲ့ပြီလဲ' ဆိုတာတွေကို မုတ်ဆိတ်ဖြူကြီး အဖြေမရသေး။ အသက် ၇၀ တန်းရောက် လူသားကြီးတစ်ဦး၏ ဘဝဖြတ်သန်းမှုကား ဆုပ်ဆုပ်ကိုင်ကိုင် မပြနိုင်သေး။ ပြက်ပြက်ထင်ထင် မမြင်ရသေး။ ပြက်ကယ်ပြက်ကယ်တွေသာ များနေမှန်း မုတ်ဆိတ်ဖြူကြီး သိပါသည်။ သို့သော် သူ့စိတ်ကတော့ သူ့စက်ဘီးလက်ကိုင်များကွေ့ရာ-

ဟိုဟိုဒီဒီများ...

ဟိုဟိုဒီဒီများ...

ဟိုဟိုဒီဒီများ ရှိရာသို့သာ။

❑

'တောက်!

နန်းတော်ဆယ်ခုလောက်ရှိတဲ့ တိုင်းပြည်မှာ စာရေးဆရာ ဖြစ်ခဲ့ရင်တောင် ငါက 'တော်ဝင်စာဆို' ဖြစ်ဖို့ မလွယ်တဲ့ အကောင်'

❑

အတွေးအခေါ် အပေါက်အလမ်း မတည့်မှုတွေရဲ့ ရိုက်အလှဲခံရပြီးနောက် စာမရေးတော့ဘဲ ၈ နှစ်တိတိ ဆေးပေါ့လိပ် ထိုင်သောက်နေခဲ့။

❑

ကျောက်ဖြာပေါ် အိပ်ဖူးပါရဲ့။ 'ထတော်မူပါ' မရှိ။ ဖုတ်သွင်းရထားလမ်းချော်ထင့်။ အအေးပတ်သွားတာပဲ အဖတ်တင်။

❑



www.burmeseclassic.com

www.burmeseclassic.com

ငိုဖူးတယ်။ ငိုပုံဟန်မကျ။ လျှော့မွေးကို ငိုချင်းရှည်နဲ့ လိုက်မယ်ထင်တုန်းက။

❑

ဂျုံစေ့လှော်ရောင်းသူ။ ။ 'အစာကြေ၍ သွားနိုင်လိုလျှင် ဂျုံစေ့လှော်စားပါ'

ကျွန်ုပ်။ ။ 'ယုံပါသည်'။

ဆင်သွားတင်ထရပ်ကားမောင်းသူ။ ။ 'ကိုကာကိုလာ သံဘူးခွံလေး ကျုပ်ကားနဲ့ တက်နင်းမိတာ ဘူးက ပိန်တောင် မပိန်ဘူး'

ကျွန်ုပ်။ ။ 'ယုံပါသည်'။

ပညာရှင်တစ်ဦး။ ။ 'လွန်ခဲ့တဲ့ နှစ်တစ်သန်းကတီကောင်ရဲ့ အရိုးစုရုပ်ကြွင်း ကျုပ် တွေ့ထားတယ်'

ကျွန်ုပ်။ ။ 'ယုံပါသည်'။

(ဘာပြောပြော ယုံရသော ကာလများကို နှစ်ပေါင်း ၅၀ ကျော် ဖြတ်သန်းခဲ့)

❑

အဆိုတော်ကြီး 'ပါဗရော့တီ' ကို ကမ္ဘာကျော်ဘွဲ့ ပေးတာ ရေချိုးခန်းထဲမှာ သီချင်းဆိုလို့ မဟုတ်ဘူး။

(အစကတော့ အဲဒီ ပုဂ္ဂိုလ် ပါးစပ်နဲ့ပဲ သီချင်းဆိုတာထင်ခဲ့)

❑

သစ်ပင်တွေ သဘောကောင်းပါတယ်ဆိုတာတောင် ဘယ်သစ်ပင်မှ 'ဖုတ်ပြီးသားမုန့်' သီးမပေးဘူး။

(သားအမေက ဖုတ်ပြီးသားမုန့် သီးတယ်)

❑

စာရေးဆရာဆိုတာ

rkvfq dvfzL uDu
oYc ifuk
pufbD
v ufu kfo zG f
]au G
l u nfc ifo m
jzpfo nf
'Dwmh
oYc ifu r idf
au Gk
t aymHt rm rwl
au GkwG
wpfc wp&H
redfri , f\
v ufo nfcH
n Sfu a v ;rm;
wpfc wp&H
]zufvGdf ifoeG

ကိုယ့်ဆီကကို ပြန်လာဘ်မစားရ။

❑

…အဲဒီအတွက် ဥပမာပေးလို့ အကောင်းဆုံးကတော့ အာဖရိကတိုက်တောတွင်း သာသနာပြုဆရာက သူ့ကို တိုက်ခိုက်ရန် ဝိုင်းအုံလာကြသော သားရိုင်းကောင်ကြီးများအား 'ချစ်သားတို့ ငါသည် ဘုရားသခင်၏ သိုးထိန်းများ ဖြစ်တော်မူ၏' ဟု ပြောလိုက်သောအခါ သားရိုင်းကောင်များ ရုတ်တရက်တန့်သွားကြပြီး သူက 'အလှူငွေကို နောက်မှ ကောက်ခံပါမည်' ဟု ပြောလိုက်သောအခါ–

❑

ရေးထားတာ ဘောလုံးပွဲနောက်ခံဝတ္ထုလေးပါ။ ဝေဖန်ရေးဆရာက ဘောကန်ဖိနပ်နေရာမှာ 'ဟသ်ာခြေနင်း' ဆိုရင် မြန်မာဆန်ပြီဗျတဲ့။

❑

မင်း ကုလားအုတ်မောင်းသမားလုပ်မယ်ဆိုရင် ဒူးအထိ လိပ်တင်လို့ရမယ့် ဘောင်းဘီပွကြီးတစ်ထည်တော့ လိုတာအမှန်ပဲ။

❑

၂၄ နာရီအတွင်း အချိန်အခါမဟုတ် နှင်းများ ပြိုဆင်းလာနိုင်ပါသည်ဆိုတဲ့ ရာသီဥတု သတိပေးသတင်းမျိုးဟာ အပူပိုင်းဒေသအတွင်းမှာသာ သတင်းဖြစ်ကြောင်း သတင်းသမားလေး တစ်ဦးအား ပြောမိရာ–

ရိုက်မယ် နှက်မယ် လုပ်လို့ ပြေးခဲ့ရ။

❑

ရှိုက်ညီနောင်ဟာ ပုစဉ်းတွေကို စိတ်ဝင်စားခဲ့ရင် အက်ဒီဆင်လည်း ပိုးစုန်းကြူးဖင်တွေ စိတ်ဝင်စားခဲ့မှာပဲ။

❑

ဆပ်ကပ်ရုံထဲက ကောင်းကင်ကြိုးတန်းမှာ အမျိုးသမီး ဆပ်ကပ်မယ်တစ်ဦး လမ်းလျှောက်ပြနေတယ်။ ထိုစဉ် ဘောလုံးကို မြန်မာဆန်အောင် ဟသ်ာခြေနင်းနဲ့ ကန်ဖို့ အကြံပေးခဲ့တဲ့ ဝေဖန်ရေးဆရာ ရောက်လာတယ်။ သူက မြန်မာဆန်ဖို့ပဲ သိတာဆိုတော့ 'လမ်းလျှောက်ပုံကလည်း ဆင်မယဉ်သာစံနဲ့ မကိုက်ဘူး' တဲ့။

❑

သို့ ကဗျာဆရာကြီး

လွမ်းတယ်၊ အမြန်ပြန်လာပါ။ ဒီက သေတော့မယ်။

ပုံ ချွေးမလေး

(သိမ်းထားခဲ့ဖူးသော သတင်းစာဖြတ်ပိုင်းဟောင်းလေး)

❑

ဒီသေနာကောင်က စကားပြောရင်း မုတ်ဆိတ်မွေးကို ခဏခဏဆွဲသပ်နေတယ်။ သူ့ စိန်လက်စွပ် ပြချင်လို့ မဟုတ်မှန်း နောက်မှ သိခဲ့။

❑

'သူတစ်ပါးအကျိုးဆောင်ရွက်တာ ကျွန်မရဲ့ ဒုတိယနာမည်ပဲ'

'ဒါပေမဲ့ ကျုပ်အခန်းမှာက တစ်ယောက်အိပ်ခုတင်တစ်လုံးပဲရှိတယ်'

'တစ်ယောက်အိပ်ခုတင်မှာ နှစ်ယောက်အိပ်လို့ မရဘူးလားရှင့်'

'ကျုပ်က သချိုင်္ဂဆို အင်မတန် မုန်းတာ'

(ရေးပြီးမှ အသက်အရွယ်အရ ပြန်ဖျက်ခဲ့ရတဲ့ ဝတ္ထု ဒိုင်ယာလော့ခ်တစ်ခု)

❑

မြင့်မားတဲ့ တောင်ထိပ်တစ်ခုဆီတက်ဖို့ လူသိများတဲ့ တောင်တက်လမ်း အမျိုးမျိုး ရှိနိုင်တယ်။ ဒါပေမဲ့ လူတွေ မသိသေးတဲ့လမ်းလည်း ရှိနိုင်တာပဲ။ အဲ့လိုလမ်း ကြိုးစား တက်မယ်ဆိုရင် လမ်းပြမြေပုံဟောင်းတွေ ဆွဲဆုတ်ပစ်လို့ရတယ်။ လမ်းပြပေးစရာ



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံလည်း မကုန်တော့ဘူး။

(အသစ်ဖန်တီးမှုနဲ့ ပတ်သက် လျှာရှည်ခဲ့ပုံ)

❑

အင်နီနဲ့ ဝေးရာကိုတော့ လွတ်အောင် ပြေးနိုင်မယ်ဆိုပါတော့ ဟုတ်လား။ နှစ်တွေ ဘယ်လောက်ကြာကြာ ဂရုမစိုက်ဘူး ဆိုပါတော့ ဟုတ်လား။ အင်နီဟာ ကိုကို့အတွက် ထည့်စဉ်းစားစရာ မလိုတော့တဲ့ လူတစ်ယောက် ဆိုပါတော့ ဟုတ်လား။

(ဘုရားကျောင်းတစ်ခု အနီး အ,အကြီးဖြစ်ခဲ့စဉ်က)

❑

ကိုယ့်မုတ်ဆိတ် ပျားလာစွဲတာတောင် ဖွပ်မစားခဲ့ဘူး။

❑

ဆေးတံခဲပြီး မှန်ရှေ့ရပ် အိုက်တင်လုပ်လိုက်တယ်။ မှန်ထဲမှာ ပေါ်လာတဲ့ပုံက နှာခေါင်းပျောက်မှာထက် ဆေးတံပျောက်မှာ ပိုပြီး စိုးရိမ်သလိုပုံ။

❑

မိဘမဲ့ကလေးများ မွေးစားရေး ကိုယ်စားလှယ်ဌာနမှ အကြီးတန်းညွှန်ကြားရေးမှူး ဒေါက်တာ စောဘရန် ငြိမ်းသည်–

မွေးစားချင်သူတွေက များပြီး မိဘမဲ့ကလေး နည်းနေခြင်းအပေါ်…

(အလုပ်ရှိတိုင်း ပျော်စရာကောင်းပါသလား)

❑

မျက်မမြင် ကောင်မလေးရေ…

ငါက မင်းအတွက် တောင် မချောတဲ့ကောင်ကြီး ပေါ့နော်…

❑

ခြင်တွေ ကျန်းမာကြပါစေ။

ခြင်တွေ ချမ်းသာကြပါစေ။

ခြင်တွေ အသက်ရှည်ကြပါစေ။

(ခြင်ဆေးခွေ ထုတ်လုပ်ရောင်းချသူ၏ ပို့သသော မေတ္တာဖြစ်သည်)

❑

(၁) မြေပုံစာရွက်တစ်ရွက် ရှာပါ…(ရပြီ)

(၂) လမ်းညွှန်အိမ်မြှောင်တစ်ခုရှာပါ…(ရပြီ)

(၃) ရှေးဦးသူနာပြုသေတ္တာတစ်လုံးရှာပါ…(ရပြီ)

(၄) ရိက္ခာခြောက် ထည့်ဖို့ ကျောပိုးအိတ်ရှာပါ…(ရပြီ)

ပြီးရင် ကျောပိုးအိတ်လွယ်ပြီး ထိုင်ချလိုက်ပါ… (ထိုင်ပြီးပြီ)

မြေပုံ၊ အိမ်မြှောင်နဲ့ ဆေးသေတ္တာ ပြန်စစ်ဆေးပါဦး… (စစ်ဆေးပြီးပါပြီ)

ဒါဆို မင်း စိတ်ကူးနဲ့ ခရီးသွားလို့ ရပါပြီ။

(အချုပ်အချယ် ကန့်သတ်မှုကြီးများအောက် ရှိစဉ်က)

❑

၃။

မုတ်ဆိတ်ဖြူကြီးသည် 'လူ'မဟုတ်တော့။ သူကိုယ်တိုင် နံရံဖြစ်သွားပါပြီ။ သူက ဘာကိုမှ မမှီသလို ဘာကမှလည်း သူ့ကိုမမှီတော့။ သူသည် အသက် ၇၀ ဝန်းကျင်မှာပင် ခိုင်ခိုင်ခံ့ခံ့ ညံ့ဖျင်းလျက်ရှိသေးသည်။ နံရံပီပီလည်း ဟိုဟိုဒီဒီတွေ မပျံ့လွင့်နိုင်တော့။ သို့သော် ကျောက်ချနံရံအဖြစ်နဲ့တော့ သူကိုယ်သူ 'ထောင်'လျက်ပင် ရှိသေး၏။

ဘဝမှာ ဘာတွေ တူတူတန်တန် လုပ်နိုင်ခဲ့ပြီလဲ။ ဘဝမှာ ဘာတွေ များများစားစား လုပ်နိုင်ခဲ့သလဲ ဆိုတာတွေကို သူရှာဖွေခဲ့သော ဟိုဟိုဒီဒီတွေထဲတွင် ရှာမရခဲ့ပေ။ ဆုပ်ကိုင်ပြစရာသော်လည်းကောင်း၊ ကိုင်ပေါက်ပြစရာသော်လည်းကောင်း မည်မည်ရရမရှိခဲ့။

သို့သော် နံရံတို့မည်သည် မပျံ့လွင့်စကောင်း။ ဒါ လူတိုင်းသိ၊ မုတ်ဆိတ်ဖြူကြီးလည်း သိ။ ထို့ကြောင့် အလုပ်မဖြစ်သော သူ့ ဟိုဟိုဒီဒီများ အနည်ထိုင်သွားသော အခါ စက်ဘီးကလေးတစ်စီး ပေါ်လာသည်ကို သူတွေ့လိုက်ရသည်။ ထိုအခါ သူသည် စက်ဘီးကလေး၏ လက်ကိုင်ကို ဟိုဟိုဒီဒီ ကွေ့ကြည့်လိုက်မိပြန်သည်။ စက်ဘီးကလေး ကွေ့ဝင်သွားသော လမ်း၌ 'စက်ဘီးမဝင်ရ'ဆိုင်းဘုတ်ရှိနေသည်။

စက်ဘီးမဝင်ရ ဆိုင်းဘုတ် မြင်ပြီးအခါ မုတ်ဆိတ်ဖြူကြီး 'စက်ဘီး… စက်ဘီး'ဖြစ်လာပြန်တော့သည်။ သည်တော့မှ အသက် ၇၀ ဝန်းကျင်အထိ သူ အများဆုံး လုပ်နိုင်ခဲ့တာတွေကို သူ သတိပြုမိပါတော့တယ်။

အဲဒါက သူ့ဘဝမှာ တူတူတန်တန် လုပ်နိုင်ခဲ့တာ ဆိုလို့ ဘာမှမရှိ။ သူအများဆုံး လုပ်ခဲ့တာကလည်း သူ့စက်ဘီးလေး လေထိုးပေးတဲ့ အလုပ်ပဲ သူ များများလုပ်ခဲ့တာဖြစ်သည်။ သူဟာ ဘဝမှာ စက်ဘီးလေးကို လေတွေ အများကြီး ထိုးပေးခဲ့တဲ့ကောင်။ သူဟာ စက်ဘီးလေထိုးသူကြီး…လေထိုးသူကြီး… လေထိုးသူကြီး။

❑

၄။

မုတ်ဆိတ်ဖြူ နံရံသည် သူ့အဖြေအတွင်းမှာပင် တစ်ကိုယ်တည်း ကျဉ်းကျပ်လျက်ရှိသည်။ အဖြေရပြီဖြစ်သော်လည်း ထိုအဖြေပေါ်တွင် ဖြေသာသည့် အခြေအနေလေး တစ်ရပ် သူလိုချင်နေသေးသည်။

သို့ကြောင့် တတ်နိုင်သမျှ လေးသော ခွန်အားကို ညှစ်ထုတ်ပြီး အနီးအနားရှိ ဟိုဟိုဒီဒီကလေးတွေဆီရောက်အောင် သူ့ကိုယ်သူ လှုပ်ခါလိုက်သောအခါ…။

❑

မနက်လင်းလာလို့ ဘီယာဘူးခွံထဲမှာ စိုက်ထားတဲ့ တစ်ချောင်းတည်းသော သွားပွတ်တံကို မြင်တိုင်း နောက်အိမ်ထောင်ပြုရန် သမီးလေး တိုက်တွန်းတာ မှန်တယ်လို့ ကိုယ်တိုင် သဘောပေါက်မိချိန်။

❑

မုတ်ဆိတ်ဖြူကြီးသည် တရားဥပဒေ စာမျက်နှာကို လှန်လိုက်သည်တွင် မိကောင်းဖခင် သားသမီးများဟု ဆိုအပ်သော…။

ကိုခနဲ့ မနုကျယ်တို့ပင် လက်မထပ်ဘဲ အတူပေါင်းသင်း နေထိုင်နေကြပြီဖြစ်ကြောင်း…။

❑

မုတ်ဆိတ်ဖြူကြီးလည်း နံရံဘဝမှ ကျွတ်၍ အိပ်ပျော်သွားလေတော့သတည်း။ ■

**ကိုငြိမ်း၊မန္တလေး၊**



www.burmeseclassic.com

'တိရစ္ဆာန် မွေးတယ်ဆိုတာ
သံယောဇဉ်အပိုရှာတာပဲ၊
ကိုယ့်အပူကိုယ်ရှာတာပဲ။
အဲဒါကြောင့် ကျွန်မ
အိမ်မှာ ဘာကောင်မှ
မမွေးဘူး' ဟု
ဒေါ်ခင်မြိုင်
အမြဲပြောလေ့ရှိသည်။
တိရစ္ဆာန်ချစ်တတ်သော
အပျိုကြီးစာရင်းတွင်
ဒေါ်ခင်မြိုင် မပါပေ။
ထို့ကြောင့် သူ့အိမ်တွင်
သူ့စကားအတိုင်း
မည်သည့်တိရစ္ဆာန်မျှ
မမွေးသလို သူ့ခြံထဲ၊
အိမ်ထဲ အမှတ်မထင်
ရောက်လာတတ်သော
အနီးအပါး အိမ်များမှ
ခွေးများ၊ ကြောင်များကို
တွေ့လျှင်လည်း
ချက်ချင်း မောင်းပစ်၊
နှင်ပစ်၊ ခြောက်လှန့်ပစ်
လုပ်တတ်လေသည်။
မိဘနှစ်ပါး
ချန်ရစ်ခဲ့သော
အုတ်ညှပ်နှစ်ထပ်အိမ်တွင်
ဒေါ်ခင်မြိုင်နှင့်အတူ
ညီမဖြစ်သူ
ဒေါ်ခင်လေးတို့
မိသားစုလည်း
နေထိုင်ကြသည်။

# ညှောင်ဖွဲ့ခြင်း

**မနှင်းရွှေ**

၂၉ နှစ်ပြည့်
ချပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၉၊ နိုဝင်ဘာ၊ ၂၀၁၈





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဒေါ်ခင်လေးက မုဆိုးမတစ်ဦးဖြစ်ပြီး သမီးတစ်ယောက်ရှိသည်။ သမီး ကေသီက ကျောင်းမပြီးခင် ရှေ့နေလေးတစ်ဦးနှင့် အိမ်ထောင်ကျပြီး သားလေး ဖိုးပြည့်ကို မွေးတော့ သူတို့အိမ်တွင် ဒေါ်ခင်မြိုင် အပါအဝင် မိသားစုဝင် ငါးဦး ရှိလာသည်။

အသက်အကြီးဆုံးလည်းဖြစ်ပြီး အနေတည်သော ဒေါ်ခင်မြိုင်ကို တစ်အိမ်သားလုံးက ရိုသေသမှုရှိပါသည်။ အပျိုကြီးပီပီ အရာရာတွင် ဇီဇာကြောင်တတ်သည်ကိုလည်း နားလည်ခွင့်လွှတ်ကာ သူဩဇာပေးသမျှ လိုက်လျော နာခံကြသူတွေချည်း ဖြစ်သည်။

ကေသီ အိမ်ထောင်ကျခါစက ဒေါ်ခင်မြိုင်၏ တူသမက်ဖြစ်လာသော ရှေ့နေလေး ထွန်းထွန်း၏ ဥပဒေစာအုပ်အချို့ ကြွက်ကိုက်ခံရသည်။ ထွန်းထွန်းက သူ့စာအုပ်များကို ကြည့်၍ နှမြောတသ ယူကျုံးမရဖြစ်ပြီး ကြွက်ရန်က ကာကွယ်ရန်အတွက် အိမ်တွင် ကြောင်တစ်ကောင်လောက် မွေးချင်ကြောင်း ဒေါ်ခင်မြိုင်ကို အရေးဆိုဖူးသည်။

ဒေါ်ခင်မြိုင် ခေါင်းခါခါ လည်ခါခါနှင့် ချက်ချင်း ငြင်းဆိုသည်။

'ကြောင်တော့ မွေးဖို့ စိတ်မကူးပါနဲ့ မောင်ထွန်းထွန်းရယ်။ ကြီးကြီးက ကြောင်သေးနံ့လည်း မခံနိုင်ဘူး၊ ကြောင်ချေးနံ့လည်း မခံနိုင်ဘူး၊ ကြောင်သန်းကိုက်တာလည်း မခံနိုင်ဘူး။ ကြွက်

zkyvnf
a'cifrdfukd
r;ufvkwfvpfcuf
vSefunfbonf
wpfatmifeawmh
Elwfcrfukd
wifwifaphí
acifiMGonf
zkyvnfwkd
pdwfaumuf vyD
zkyvnf
pdwfaumufvif
jyrhavSSom
tkdufwifzpfbonf
zkyvnf
qEjyawmhnf
zkyvnfqEjyvif
wpfaeYjkd
bmrrpm; bmr
rajymbEJwfcrf
wifwifaphí
idfxkdaernf
jzpfbonf

ရန်က ဝေးချင်ရင်တော့ ကြွက်ထောင်ချောက်နဲ့ထောင်၊ မိရင် ဝေးဝေးသွားပစ်၊ ဒါပဲရှိတယ်။ ကြောင်တော့ မွေးလို့ မဖြစ်ဘူး'

ဒေါ်ခင်မြိုင်၏ တင်းတင်းပြတ်ပြတ် အပြောကြောင့် ထွန်းထွန်း ဘာမျှ မကွန့်ဝံ့တော့ချေ။

'ပြောသားပဲ၊ ရမှာ မဟုတ်ဘူးလို့' ဟုသည် ကေသီ့ထံမှ တိုးတိုးတိတ်တိတ် အသံထွက်လာပြီး မကြာခင် ထွန်းထွန်းတစ်ယောက် သံဗီရိုတစ်လုံး ပြေးဝယ်ကာ သူ့စာအုပ်မှန်သမျှ သံဗီရိုထဲထည့်၍ သိမ်းဆည်းခြင်းအမှုသာ ပြုနေလေတော့သည်။

ဒေါ်ခင်လေး တယုတယ စိုက်ပျိုးထားသော သစ်ခွပန်းအိုးများ အခိုးခံရတုန်းကလည်း ဒေါ်ခင်လေး မရဲတရဲ ပြောဖူးသေးသည်။

'သူခိုးက ခြံစည်းရိုးကျော်ဝင်ပြီး အမျိုးကောင်းသစ်ခွတွေမှ အေးအေးဆေးဆေး ရွေးခိုးသွားတာ မမမြိုင်ရဲ့။ အိမ်မှာ ခွေးလေးတစ်ကောင်သာရှိရင် ခုလိုဖြစ်မှာမဟုတ်ဘူး'

'ဘာတုံး၊ ညည်းက ခွေးမွေးချင်သေးလို့လား။ တော်ပါအေ ခွေးများတော့ ငါက စိတ်နာလွန်းလို့။ ငါ့သူငယ်ချင်း မပုလေး ခွေးရူးပြန်ပြီး သေသွားတာ ညည်းမှတ်မိမှာပေါ့။ အဲဒီခွေးက သူ့ခွေး။ အဲဒီခွေးကိုလည်း သူ့မှာ ချစ်လိုက်တာ တုန်လို့။ ခွေး နေမကောင်းတာကို ပြုစုပေးရင်း ခွေးသွားနဲ့ သူ့လက် နည်းနည်း ခြစ်မိသွားတာ တစ်ခါတည်း သူပါ ခွေးရူးပြန်ရောဂါရပြီး သေပါရောလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့'

'ခုခေတ်ကတော့ ကာကွယ်ဆေးတွေ ဘာတွေ ရှိနေပါပြီ။ တိရစ္ဆာန်ဆရာဝန်ပြပြီး ထိုးထားလို့ရတယ်တဲ့'

'တော်ပါ၊ တော်ပါ။ ဘယ်သတ္တဝါဖြစ်ဖြစ် အိမ်ပေါ် ရောက်လာရင် သံယောဇဉ်က တွယ်ဦးမှာ။ ငါ အခု ဘာသံယောဇဉ်မှ မတွယ်ချင်တော့ဘူး။ ဘာဒုက္ခမှလည်း မခံချင်တော့ဘူး။ အပူမရှာချင်လို့ အပျိုကြီးလုပ်နေတာပေါ့'

ဒေါ်ခင်လေးသည်လည်း ခွေးမွေးဖို့ကိစ္စ ထပ်မဟ,ဝံ့တော့သဖြင့် ထိုအချိန်မှစ၍ နှစ်အတန်ကြာသည်အထိ ဒေါ်ခင်မြိုင်တို့အိမ်တွင် မည်သည့် အိမ်မွေးတိရစ္ဆာန်၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့ပေ။

❑

ဒေါ်ခင်မြိုင်က သံယောဇဉ် မတွယ်ချင်ဘူး၊ အပူမရှာချင်ဘူးဟု တွင်တွင်ပြောနေပေမဲ့ သူ့တူမ ကေသီမွေးသည့်မြေး ဖိုးပြည့်ကိုတော့ သူတော်တော် ချစ်သည်။ တော်တော် သံယောဇဉ်ကြီးသည်။ ဒေါ်ခင်လေး ကေသီ့ကို မွေးစဉ်တုန်းက ဘာသိ ဘာသာ နေခဲ့သလောက် ကေသီက ဖိုးပြည့်ကိုမွေးတော့ သူ့မှာ ဥပေက္ခာ မပြုနိုင်။ ကလေးကို မြူဟယ် ချော့ဟယ်၊ ချီဟယ် ပိုးဟယ် လုပ်လာလေသည်။

ကလေးက တွတ်တီးတွတ်တာ ပြောတတ်သည့်အရွယ်ရောက်တော့လည်း ကလေးပြောသမျှ သဘောအကျကြီးကျကာ အနေတည်သော အပျိုကြီးမှာ တပြုံးပြုံးဖြစ်နေခဲ့သည်။ ကျောင်းနေသည့်အရွယ် ရောက်ပြန်တော့ ဖိုးပြည့်၏ အရေးကိစ္စမှန်သမျှကို စိတ်ဝင်တစားရှိပြီး ဖိုးပြည့်ဆန္ဒကို ဖြည့်ဆည်းပေးရင်း၊ အလိုလိုက်ရင်း၊ အကြိုက်ဆောင်ရင်း တဖြည်းဖြည်းနှင့် ဖိုးပြည့်သည် ဒေါ်ခင်မြိုင်၏ သည်းညှာနဖြစ်လာလေတော့သည်။

❑

တစ်ညနေ။

ကောင်းကင်ယံတွင် တိမ်ညိုများကြောင့် အုံ့ပျ



www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိသော တစ်ညနေ။

သုံးတန်းကျောင်းသားလေး မောင်ဖိုးပြည့်သည် သူတို့လမ်းထိပ်ရှိ သူ့ဆရာမနေအိမ်တွင် ကျူရှင်တက်အပြီး ကြောင်လေးတစ်ကောင်ကို ရင်ခွင်ထဲပိုက်လျက် အိမ်ပြန်လာသည်။

အရောင်မွဲမွဲ၊ အမွေးကျဲကျဲ၊ နံရိုးပေါ်ပေါ်နှင့် အရုပ်ဆိုးဆိုး ကြောင်ပေါက်စလေးကို ရုတ်တရက် မြင်လိုက်ရတော့ ထ,ခုန်မတတ် လန့်ဖျပ်သွားသူက ဒေါ်ခင်မြိုင်ဖြစ်သည်။

‘အောင်မယ်လေး… ငါ့မြေးလက်ထဲက ဘာကောင်လဲ၊ ကြောင်လား၊ ဘုရား ဘုရား၊ ဘယ်ကကောက်လာတာလဲ ဖိုးပြည့်ရယ်’

ဖိုးပြည့်က ကျောပိုးအိတ်ကို ပခုံးထက်မှ ချွတ်ပစ်ပြီး ကုလားထိုင်ပေါ် ထိုင်၍ ကြောင်လေးကို ပေါင်ပေါ်တင်ကာ အသာပွတ်သပ်ပေးရင်း-

‘ကောက်လာတာ မဟုတ်ပါဘူး ဘွားမြိုင်ရဲ့၊ ဆရာမဆီက သားသားတောင်းလာတာပါ’

‘ဟေ… တောင်းလာတာ ဟုတ်လား၊ ဘာလုပ်ဖို့တောင်းလာတာတုံး’

‘သားသား မွေးချင်လို့ပါ’

‘အလိုတော်၊ ဒီအိမ်မှာ ကြောင် ဘယ်တုန်းက မွေးရလို့လဲ၊ ပြောပါဦး’

‘ဒီကြောင်လေးက သိပ်သနားစရာကောင်းတာ ဘွားမြိုင်ရဲ့။ သူ့အမေက ကြောင်ငါးကောင် တစ်နေ့တည်းမွေးတာလေ။ သူတို့အမေ သူတို့ကို နို့တိုက်တဲ့အခါ တခြားကောင်တွေက အတင်းလုစို့ကြတယ်။ ဒီကောင်လေးက အငယ်ဆုံးဆိုတော့ မလုနိုင်ဘူး။ သူ ဘယ်တော့မှ နို့ကောင်းကောင်း မစို့ရဘူး ဘွားမြိုင်ရဲ့။ ကြည့်ပါလား၊ သူ့ခမျာ ပိန်ညှောင်လို့။ ဒါကြောင့် သားသားက သနားလို့ ခေါ်လာတာ။ သားသား မွေးမယ်နော် ဘွားမြိုင်’

ဒေါ်ခင်မြိုင် မျက်မှောင်ကြုတ်သွားသည်။

‘နေပါဦး သားရဲ့၊ နို့မဝ,တဲ့ကြောင် ခေါ်လာပြီး သားက ဘယ်ကြောင်မရဲ့ နို့ကို ဝ,အောင်တိုက်မှာလဲ၊ ပြော’

‘သားသားသောက်တဲ့ နွားနို့ထဲက သူ့ကို နည်းနည်းခွဲတိုက်မှာပေါ့ ဘွားမြိုင်ရဲ့။ ပန်းကန်ပြားလေးထဲ ထည့်တိုက်ရင် သူ သောက်တတ်တယ်။ အဲဒီလို မွေးရင်ရတယ်တဲ့၊ ဆရာမက ပြောတယ်’

‘အောင်မယ်လေး နွားနို့တိုက်ပြီး မွေးဦးမလို့တဲ့။ မဖြစ်ဘူး၊ မဖြစ်ဘူးသား။ ကြောင်သေးနံ့၊ ကြောင်ချေးနံ့က သိပ်နံတာ၊ ပြန်ပို့လိုက်၊ ဘွားမြိုင် ခွင့်မပြုဘူး’

‘သား မွေးချင်တယ် ဘွားမြိုင်။ မင်းရဲထွတ်တို့၊ ဝေယံတို့၊ ဥက္ကာတို့ဆီမှာ ကြောင်တွေရှိတယ်။ သားသားမှာပဲ မရှိတာ’

‘အလို…သူများဆီမှာရှိတိုင်း ကိုယ်က မွေးစရာလား၊ မဟုတ်တာ။ ဒီမှာသား၊ တခြား ကစားစရာလိုချင်တာပြော၊ ဘွားမြိုင် ဝယ်ပေးမယ်၊ ကြောင်တော့ မရဘူး’

‘ဟင့် အင်း…ဟင့်အင်း… သားသား ကြောင်ပဲ မွေးချင်တယ်၊ ပေးမွေးနော် ဘွားမြိုင်နော်’

‘အို… မရပါဘူးဆို၊ ဒီကလေးတော့…’

ဒေါ်ခင်မြိုင်၏ မျက်နှာက တင်းပြီး အသံမာလာတော့ ဖိုးပြည့် မျက်နှာလေး ငယ်သွားသည်။

ဖိုးပြည့် ဒေါ်ခင်မြိုင်ကို မျက်လုံးတစ်ချက် လှန်ကြည့်သည်။ တစ်အောင့်နေတော့ နှုတ်ခမ်းကို တင်းတင်းစေ့၍ ခေါင်းငုံ့သွားသည်။

ဖိုးပြည့်တို့ စိတ်ကောက်လေပြီ။ ဖိုးပြည့် စိတ်ကောက်လျှင် ပြုမူလေ့ရှိသော အိုက်တင်ဖြစ်သည်။ ဖိုးပြည့် ဆန္ဒပြတော့မည်။ ဖိုးပြည့် ဆန္ဒပြလျှင် တစ်နေ့လုံး ဘာမျှမစား၊ ဘာမျှမပြောဘဲ နှုတ်ခမ်းတင်းတင်းစေ့၍ ငြိမ်ထိုင်နေမည်ဖြစ်သည်။ ဘယ်သူ ကျွေးကျွေး မစား၊ ဘယ်သူ ချော့ချော့ မပျော့၊ နောက်ဆုံး တစ်အိမ်လုံး ဝမ်းနည်းပက်လက်ဖြစ်သည်အထိ ဖိုးပြည့်တို့ ဖွဲကောင်းတတ်သည်။

ထင်သည့်အတိုင်း ဖိုးပြည့် တိုက်ပွဲစတင်သည်။ ထင်သည့်အတိုင်း ညစာထမင်းစားချိန် ရောက်သောအခါ ဖိုးပြည့်က ဝမ်းမပူပေမဲ့ ဒေါ်ခင်မြိုင်ရင်တွေ ပူလာသည်။ ဖိုးပြည့် မလျှော့တော့ ဒေါ်ခင်မြိုင် လျှော့ရသည်။

သည်လိုနှင့်ပဲ…။

နောက်ဆုံးတော့လည်း-

အမြီးက သာမန်ကြောင်တွေထက် အနည်းငယ် ပိုရှည်သဖြင့် ‘မြီးရှည်’ဟု လွယ်လွယ် နာမည်ပေးထားသော ကြောင်ထီးကလေးတစ်ကောင်သည် အပျိုကြီး ဒေါ်ခင်မြိုင်၏ အိမ်ဂေဟာတွင် အခြားအိမ်သားများနှင့်အတူ နေထိုင်ရန် နေထိုင်ခွင့်ပါမစ် ရရှိသွားလေသည်။

❑

အိမ်ပေါ်ကို ကြောင်ရောက်လာတော့ ဒေါ်ခင်လေးက အလုပ်အရှုပ်ဆုံး၊ စိတ်အညစ်ရဆုံး ဖြစ်သည်။ မနက်ပိုင်း စားသောက်အပြီး ထွန်းထွန်းတို့၊ ကေသီတို့၊ ဖိုးပြည့်တို့က ကျောင်းသို့၊ ရုံးသို့ အသီးသီး ထွက်ခွာသွားလျှင် အိမ်မှာ ထုံးစံအတိုင်း ဒေါ်ခင်မြိုင်နှင့် ဒေါ်ခင်လေး နှစ်ယောက်သာ ကျန်သည်။

ထိုအခါ ဒေါ်ခင်မြိုင်က ကြောင်နှင့်ပတ်သက်၍ အမျိုးမျိုးသော မြည်တွန်တောက်တီးမှုကို ပြုသည်။ သူပြုသမျှ ဒေါ်ခင်လေးက ခါးစည်းခံရသည်။

‘နံလိုက်တဲ့ သေးစော်၊ သေးတကာ့သေး ကြောင်သေးက အနံ့ဆိုးပဲ။ ညည်းတို့ကြောင် စည်းကမ်းမရှိချက်ကတော့ ဘယ့်နှယ်တော်၊ ပြတင်းပေါက် ပေါင်ပေါ်မှတက်ပြီး သေးပန်းရတယ်လို့’

‘ကျွန်မ စည်းကမ်းလေး လုပ်ပါ့မယ် မမမြိုင်ရယ်၊ ဒီကောင်လေးက ရောက်စဆိုတော့ မသိသေးလို့ပါ။ ဟဲ့…မြီးရှည်၊ နောက်ဒီလိုမလုပ်ရဘူးနော်’

‘အောင်မယ်လေးလေး…ဒေါ်ခင်လေးရေ…



www.burmeseclassic.com

www.burmeseclassic.com

ညည်းကြောင်လုပ်ပုံက လာကြည့်ဦး၊ ဘုရားစင်အောက် တည့်တည့် ချေးလာပါထားရတယ်လို့။ ငါလေ ပြောမပြောချင်တော့ဘူး… ဟင်း… ဟင်း…ဟင်း'

'ကျွန်မ အခုပဲ ကျုံးလိုက်ပါ့မယ် မမ။ ပြာလင်ပန်းပေါ် ဖင်ဆောင့်ပြီး သင်ပေးထားတာပဲ။ ဒီကောင်လေး မှတ်မထားဘူး။ မြီးရှည်၊ အခု နင် အဆူခံရပြီမဟုတ်လား'

'ဟောကြည့်၊ ငါ ထမင်းစားပွဲပေါ် တင်ထားတဲ့ ငါးကြော်တစ်ပိုင်း ဘယ်ရောက်သွားပါလိမ့် လို့၊ ခင်လေးရေ၊ ညည်းကြောင်ခိုးစားထားတာ။ လာကြည့်လှည့်၊ လာကြည့်လှည့်။ ဒီမှာပေပွနေတာပဲ'

'လာပါပြီ မမ၊ လာပါပြီ။ မြီးရှည်ရယ်၊ နင်ကလည်းလေ လုပ်လိုက်ရင် ပြောစရာချည်းပဲကိုး။ နင့်ကို ငါ့လောက် ကျွေးထားရက်နဲ့ ဘာလို့ ခိုးစားရတာလဲ။ ဒီတစ်ခါပဲ သည်းခံလိုက်မယ်နော်၊ နောက်တစ်ခါဆိုရင်တော့ အရိုက်ပဲ။ ဟောဒီမှာ ကြည့်ထား၊ တံမြက်စည်းရိုး'

တစ်နေ့တစ်နေ့ ကြောင်အမှု၊ ကြောင်ကိစ္စ၊ ကြောင်ဝေယျာဝစ္စ လုပ်ကိုင်ပြောဆိုနေတာနှင့်ပဲ ဒေါ်ခင်မြိုင်တို့ ညီအစ်မနှစ်ယောက်မှာ အားရနားရ၊ ပုတီးစိပ်ရ၊ တရားနာရချိန်ပင် မရှိတော့ပေ။

❑

ဒေါ်ခင်မြိုင်တို့ အိမ်ရောက်ပြီး သုံး,လေးလ

jymo kv vnf
a&m ufyDzpfojzifh
rDS fwk
tdfv nfwwfyD
jzpfo nf
n0Db ufqkv if
tdfS
aymufaymufoGyD
wpfcwpfc
n0fauf S
wpfcwpf&H
rkv ifrS
jyef
jyefvmwwfo nf
jyefvmvifv nf
oYkd ay rS
' P &m
' P c ufESh
ao p
ao@awESh

လောက် ကြာတော့ မြီးရှည် တစ်ကောင် တစ်သွေးတစ်မွေး ဖြစ်လာသည်။ ငါး ထမင်းနယ်နှင့် ကြောင်စာကို စားပြီး ဖိုးပြည့်က မကုန်နိုင်ဘူးဟုဆို၍ တမင်သက်သက် ချန်ထားသော နွားနို့ လက်ကျန်တွေကို သောက်ရဖန်များသဖြင့် ဝဝ,ဖြိုးဖြိုး ဖြစ်လာသည်။

အဖြူနှင့် အနက် စပ်ထားသော သူ့အမွေးအမှင်တွေကလည်း ထူထူသိပ်သိပ်နှင့် ပြောင်လက် အရောင်ထွက်လာသည်။ ဖန်ဂေါ်လီလုံးလို ဝိုင်းစက်နေသော သူ့မျက်လုံးပြာပြာကလည်း ကြည်လဲ့နေသည်။ ရောက်စကလို ပိန်လိုလို၊ မွဲခြောက်ခြောက်၊ အရုပ်ဆိုးဆိုး ကြောင်ပေါက်စလေး မဟုတ်တော့ပေ။ တကယ်သားသားနားနား လှတပတ ချစ်စရာ ကြောင်ထီးလေးတစ်ကောင် ဖြစ်လာသည်။

အနေအထိုင်၊ အစားအသောက်လည်း စည်းကမ်းရှိလာသဖြင့် ဒေါ်ခင်မြိုင်၏ ငြူစူခြင်း၊ မျက်မုန်းကျိုးခြင်းကိုလည်း သိပ်မခံရတော့ပေ။ တိရစ္ဆာန်ဆရာဝန်နှင့် ပြသ၍ လိုအပ်သည့်ကာ ကွယ်ဆေးများ ထိုးထားပြီးဖြစ်သဖြင့် ဖိုးပြည့်က ကြောင်နှင့် ဆော့ကစားသည်ကိုလည်း ဒေါ်ခင်မြိုင် အလွန်အမင်း ဟန့်တားခြင်း မပြုတော့။

သို့သော် မြီးရှည်ကိုတော့ သိပ်မျက်နှာသာမပေး။ မြီးရှည်က သူ့ခြေထောက်အနား လာဆော့ကစားလျှင် အရင်လို ကန်ကျောက်မပစ်တော့တာပဲ ရှိသည်၊ တစ်ကြိမ်တစ်ခါမှ ကောက်ယူပွေ့ချီခြင်း မရှိ။

ဇည့်သည်စောင်သည် ရောက်လာ၍ 'ဟယ်…ကြောင်ကလေးက လှလိုက်တာ၊ သူ့ကမှ တကယ့် ဘလက်အင်ဂိုက်ဖက်ရင်' ဟု ပြောလျှင် 'အောင်မယ်လေး၊ မြေးလေးဖိုးပြည့် ခေါ်လာတာလေ။ ပြောမရဆိုမရနဲ့ ကြည့်နေရတာ။ ကျွန်မကတော့ ကြောင်မချစ်တတ်ဘူး' ဟု မလိုမလား ပြောနေဆဲ။

❑

တစ်ခါမှာတော့ ခေါင်းရင်းအိမ်မှ ကြောင်ဝါကြီးနှင့် မြီးရှည်တို့ ရန်ဖြစ်ကာ ခြံထောင့်တွင် တခွီးခွီး ကိုက်ကြသည်။ အမှန်တော့ မြီးရှည်က ကြောင်စွာ။ သူများအိမ်ဝင်း၊ သူများခြံစည်းရိုးဘေး အေးအေးဆေးဆေး နေဆာလှုံနေသော ကြောင်ဝါကြီးကို ရန်သွားစ၍ ပြန်ပြေးအလာ ကြောင်ဝါကြီးက စိတ်ဆိုးပြီး သည်ဘက်ခြံအထိ ကူးလာပြီး ကိုက်ကြခြင်းဖြစ်သည်။

ဦးဆုံး စ,တွေ့သူက ဈေးသွားရန် အိမ်မှထွက်လာသော ဒေါ်ခင်မြိုင်။

'ဟဲ့…ဟဲ့…လုပ်ကြပါဦး၊ လုပ်ကြပါဦး။ ဟိုမှာ ကိုက်ကုန်ပြီ။ ကေသီတို့၊ ထွန်းထွန်းတို့ရေ လာကြပါဦး ဟဲ့…'

ဒေါ်ခင်မြိုင် အလန့်တကြား အော်သည်။

ကြောင်နှစ်ကောင်က ဒေါ်ခင်မြိုင်တို့ ခြံထောင့်တွင် တခွီးခွီး၊ တခွမ်းခွမ်းနှင့် သဲကြီးမဲကြီး ကိုက်နေကြသည်။

ဒေါ်ခင်မြိုင် အော်သံကြားကြားချင်း ထွန်းထွန်းက ရေချိုးခန်းမှ ရေတစ်ပုံးဆွဲလာပြီး ကြောင်ရှိရာကို ရေဖြင့် လှမ်းပက်လိုက်သည်။ သည်တော့မှ ကြောင်နှစ်ကောင် ကြောင်ချင်းကွဲသွားကာ မြီးရှည်က အိမ်ထဲဝင်ပြေးသလို ကြောင်ဝါကြီးကလည်း သူ့ခြံဘက် ပြေးထွက်သွားသဖြင့် ရန်ပွဲ ပြီးငြိမ်းသွားလေသည်။

ဒေါ်ခင်မြိုင်ကသာ သွားစရာရှိတာ ဆက်မသွားနိုင်ဘဲ အိမ်ဘက်လှည့်၍ အော်ပြောနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

‘ဟဲ့…အိမ်ကကြောင် ဘာဖြစ်သွားသေးလဲ၊ ကြည့်ကြက်ပြီး ဆေးလေးဘာလေး ထည့်ပေးလိုက်ဦး၊ ကြောင်အငယ်ဆိုပေမဲ့ ကြောင်ကြီးတွေက ညှာတာ မဟုတ်ဘူး။ ကြားလား ကေသီတို့၊ ထွန်းထွန်းတို့’

‘ဟုတ်၊ ကြားပါတယ် ကြီးမြိုင်’

‘အလဲ့… အိမ်ကကြောင်ဆိုပါလား ကေသီ။ ဒါ မြီးရှည်ကို အသိအမှတ်ပြုလိုက်တဲ့သဘောပဲ’

‘ဟုတ်တယ် ကို၊ ပြီးတော့ ကြီးမြိုင် စကားကြီးက အနှောင့်အသွား မလွတ်သလိုပဲ။ သူများကြောင်ကို အပြစ်တင်သံကြီး ပါနေတယ်နော်။ မြီးရှည်ဘက်က နာနေပုံ ထောက်ရင် အင်း… သံယောဇဉ်… သံယောဇဉ် တွယ်လာပြီနဲ့တူတယ်၊ ဟီဟိ’

❑

မြီးရှည် အရွယ်ရောက်ပြီ။ ကြောင်လူပျိုဖြစ်ပြီ။

ပြာသိုလလည်း ရောက်ပြီဖြစ်သဖြင့် မြီးရှည်တို့ အိမ်လည်တတ်ပြီဖြစ်သည်။ ညဉ့်ဦးဘက်ဆိုလျှင် အိမ်မှ ပျောက်ပျောက်သွားပြီး တစ်ခါတစ်ခါ ညဉ့်နက်မှ၊ တစ်ခါတစ်ရံ မိုးလင်းမှ ပြန်ပြန်လာတတ်သည်။ ပြန်လာလျှင်လည်း သူ့ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်နှင့်၊ သွေးစသွေးနတွေနှင့်။

‘အင်း…မိန်းမပြိုင်ပိုးရတဲ့အလုပ်က လူလည်း မကောင်းဘူး၊ ကြောင်လည်း မကောင်းဘူး။ တယ်ရန်များတာပဲ’ဟု ထွန်းထွန်းက ကေသီကို တိုးတိုးပြောသည်။

တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ ဒဏ်ရာဒဏ်ချက်တွေနှင့် ပြန်ပြန်လာသော မြီးရှည်ကို ဒေါ်ခင်မြိုင် မျက်စိနောက်လာသည်။

‘ဒီပုံဆိုရင် နင်တို့ကြောင် ကြာရင် သေလိမ့်မယ်နော်။ ဒီနေ့ကစပြီး သူ့ကို အပြင်ပေး မထွက်နဲ့တော့။ ညနေစောင်းတာနဲ့ သူ့ကို စတိုခန်းထဲထည့်ပြီးတော့ သော့ပိတ်ထားလိုက်’

ဒေါ်ခင်မြိုင် ထုတ်သော အမိန့်ကို အားလုံးက မလိုက်နာလို့မရ။ ကြောင်စာတစ်ပန်းကန်၊ ရေတစ်ခွက်နှင့် အခန်းထဲ ထည့်ထားလိုက်ရသည်။

သို့သော် ပိတ်လှောင်ခံထားရသော မြီးရှည်က အခန်းထဲ ကြာကြာ မနေနိုင်။ အပြင်ထွက်ချင်သဖြင့် တညောင်ညောင်အော်သည်။ တစ်ချိန်လုံး တံခါးကို လက်ဖြင့် ကုတ်ခြစ်သည်။ ဝမ်းခေါင်းသံကြီးဖြင့် နာကျင်စွာ အော်ပြီး ဆန္ဒပြသည်။ ညဉ့်နက်လေ ပိုဆိုးလေဖြစ်သည်။ မည်သူမျှ အိပ်မရတော့။

‘လွှတ်ပေးလိုက်ရအောင် မမမြိုင်ရယ်၊ နားငြီးလွန်းလို့ပါ’

‘ဟုတ်ပါတယ် ကြီးမြိုင်ရယ်၊ သူ့ရာသီ ရောက်ပြီဆိုတော့ မတားကောင်းပါဘူး။ လူတောင် သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်ရသေးတာပဲ၊ ဟီဟိ’

ကေသီ့ကိုတော့ ဒေါ်ခင်မြိုင်က မျက်စောင်းထိုးသည်။

‘ဘာတုံး၊ ညည်း စကားက’

‘ကေသီ ရိုးရိုးပြောတာပါ ကြီးမြိုင်ကလည်း၊ ဟဲ… ဟဲ…’

‘ဘွားမြိုင်၊ မြီးရှည် သနားပါတယ်၊ လွှတ်ပေးလိုက်ပါနော်။ သားသား မြီးရှည်ကို ပြောထားလိုက်ပါ့မယ်၊ စောစောပြန်လာခဲ့လို့။ ဘယ်သူနဲ့မှလည်း ရန်မဖြစ်လာနဲ့လို့’

ဖိုးပြည့်ကပါ ဝင်ပူဆာပြီဆိုတော့ ဒေါ်ခင်မြိုင် တောင့်မခံနိုင်တော့ပါ။

‘အေး… နင်တို့ကြောင် သွေးထွက်သံယိုနဲ့ ပြန်လာရင် နင်တို့ပဲ စိတ်မကောင်းဖြစ်မှာနော်၊ ငါက အနေသာကြီး’

ဒေါ်ခင်မြိုင် မီးစိမ်းပြတော့ ကမန်းကတန်း တံခါးဖွင့်ပေးကြသည်။

မြီးရှည်ကလည်း မြီးရှည်ပင်။ အောင်မယ်လေး တံခါးဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဝမ်းသာအားရ ကဆုန်ပေါက် ပြေးထွက်သွားလိုက်သည်မှာ နောက်ကြောင်းကို တစ်ချက်လေးပင် လှည့်ကြည့်ဖော်မရတော့ပေ။

‘မြီးရှည်ရေ စောစော ပြန်လာနော်၊ ဘယ်သူနဲ့မှ ရန်မဖြစ်…’

ဖိုးပြည့်ပင် စကားဆုံးအောင် မမှာလိုက်ရ။

ထိုညက မြီးရှည် လုံးဝ အိမ်ပြန်မလာ။ မနက် မိုးလင်းလျှင် ရောက်လာမှာပဲဟု ထင်ထားကြသော်လည်း ရောက်မလာခဲ့။

နောက်တစ်နေ့လည်း ပြန်မလာ။ တစ်နေ့လုံး၊ တစ်ညလုံး ပျောက်နေသည်။

နောက်တစ်နေ့လည်း ပြန်မလာသေး။

လေးရက်လောက်ကြာတော့ တစ်အိမ်လုံးက စိတ်ပူလာသည်။ ဒေါ်ခင်လေးနှင့် ကေသီတို့က မနေနိုင်။ အိမ်အနီးအပါး ဟိုဟိုဒီဒီ လျှောက်ရှာကြသည်။ ‘မြီးရှည်ရေ’၊ ‘မြီးရှည်ရေ’နှင့်လည်း တကြော်ကြော် ခေါ်ကြည့်သည်။ ဟိုမေးဒီမေး မေးကြသည်။ သို့သော် မြီးရှည်သတင်းက အစအန ပျောက်နေသည်။ ကြောင်ကို လွှတ်ပေးဖို့ သူကိုယ်တိုင် တောင်းဆိုခဲ့သော ဖိုးပြည့်ကလည်း သူ့အပြစ်နှင့်သူမို့ ငိုမဲ့မဲ့ဖြစ်နေသည်။

‘ကဲ…ငါမပြောလား၊ နင်တို့ကြောင် ကောင်းကျိုးပေးပြီ မဟုတ်လား’

ဒေါ်ခင်မြိုင် အောင်နိုင်သော လေသံဖြင့် ငေါ့သည်။ သို့သော် သူ့မျက်နှာကလည်း တကယ်တော့ မရွှင်ပျလှ။ ညဘက် အိပ်ရာဝင်တော့လည်း မြီးရှည်တစ်ကောင် ဘွားခနဲ ပေါ်လာမလားဟူသော အတွေးနှင့် ပျော်တစ်ဝက် နိုးတစ်ဝက်။ မနက်လင်းတော့ မျက်ကွင်းတွေ မသိမသာ ညိုနေသည်။

တစ်ပတ်တစ်ခါ အိမ်လာအဝတ်လျှော်၊ မီးပူတိုက်ပေးသော မလုံးတင်က အရေးထဲ အလိုက်ကန်းဆိုး မသိ ပြောနေသေးသည်။

‘အရက်သမားတွေက ကြောင်သား သိပ်ကြိုက်တာတဲ့ ကြီးကြီးမြိုင်ရဲ့။ ကြောင်သားက အရက်နဲ့ အလိုက်ဆုံးတဲ့’

ဒေါ်ခင်မြိုင်၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ရှုံ့မဲ့သွားသည်။

'တချို့ကျတော့ ရင်ကျပ်သမားတွေကို ကြောင်သားဟင်း ချက်ကျွေးကြတယ်။ ကြောင်သားက ပူတော့ ရင်ကျပ်သက်သာတယ်ဆိုလားပဲ'

'ဟဲ့ ...လုံးတင်မ၊ တော်တော့။ ညည်းပါးစပ်ပိတ်တော့။ ဘယ့်နှယ် မဟုတ်ကဟုတ်က၊ နိမိတ်မရှိနမာမရှိတွေ လာပြောနေတယ်။ သွား၊ ကိုယ်လုပ်စရာရှိတာလုပ်'

မလုံးတင်ကို ဒေါ်ခင်မြိုင် စိတ်တွေဆိုးရသေးသည်။

❑

တစ်ပတ်လောက်အထိ မြီးရှည်က ပျောက်နေသဖြင့် တစ်အိမ်သားလုံး နေမထိထိုင်မထိ ဖြစ်ကုန်သည်။ အချင်းချင်းကြား သက်ပြင်းချသံဖွဖွကိုလည်း မကြာခဏ ကြားရသည်။

'အင်း... လူဆိုရင်လည်း ရဲတိုင်လို့ရသား၊ ကြောင်ဆိုတော့ ခက်တယ်'

ဒေါ်ခင်လေးက စိတ်လက်မချမ်းသာစွာ ညည်းသည်။ ဖိုးပြည့်က မြီးရှည်ကို သတိရတယ်ဟုပြောပြီး တရှုပ်ရှုပ် ငိုသည်။ ဖိုးပြည့်ငိုတော့ ဒေါ်ခင်မြိုင်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။ ဖိုးပြည့်က စာကောင်းကောင်း မကျက်တော့သလို ဒေါ်ခင်မြိုင်နှင့် ဒေါ်ခင်လေးတို့ကလည်း ကြည့်နေကျ ကိုရီးယားဇာတ်လမ်းတွဲ လာချိန်ကိုပင် မေ့နေကြသည်။

မြီးရှည် ပျောက်သွားသည့် ကိုးရက်မြောက်နေ့ဖြစ်သည်။

အချိန်က ည ဆယ်နာရီ ခွဲခန့်ရှိပြီ။ အိမ်သူအိမ်သားအားလုံး အိပ်ရာပေါ်မှာ၊ စာကြည့်စားပွဲမှာ အသီးသီး ရှိနေသော အချိန်ဖြစ်သည်။ ထိုအချိန်တွင်-

'ညောင်း...'

ကြောင်တစ်ကောင်၏ အော်သံက တိတ်ဆိတ်ငြိမ်သက်နေသည့် ညကို ရုတ်တရက် ဖောက်ခွင်းလိုက်သည်။

'ဟင်'

အိပ်ရာပေါ်ရောက်နေသော ဒေါ်ခင်မြိုင်ရော၊ ဒေါ်ခင်လေးပါ ငေါက်ခနဲ ထ,ထိုင်သည်။

'ညောင်း...'

နောက်တစ်ကြိမ် ထပ်ကြားတော့ သေချာသွားပြီ။ အလွန် သေချာသွားပြီ။ ရင်းနှီးနေသော၊ မျှော်လင့်နေသော၊ စောင့်စားနေသော မြီးရှည်၏ အော်သံ အစစ်အမှန်ဖြစ်သည်ကို သိလိုက်ကြသည်။

ဒေါ်ခင်မြိုင်တို့ ညီအစ်မနှစ်ယောက်လုံး ခုတင်ပေါ်မှ ဆင်းကာ အသံကြားသည့် အိမ်နောက်ထွက်ပေါက် တံခါးရှိရာသို့ သွက်သွက်လျှောက်လာကြသည်။

သစ်သားတံခါးကို ဆွဲဖွင့်လိုက်တော့ တွေ့ပါပြီ။ သံဘာဂျာအပြင်ဘက်တွင် ငုတ်တုတ်လေးထိုင်နေသော ကိုရွှေမြီးရှည်။

'အောင်မယ်လေး... မြီးရှည်ရယ်၊ မင်း ဘယ်တွေ လျှောက်သွားနေတာလဲ၊ ငါတို့မှာဖြင့် စိတ်ပူလိုက်ရတာဟယ်'

ဒေါ်ခင်လေးက အလွမ်းသယ်လိုက်သေးသည်။

'ဝင်ခဲ့လေသား၊ ဝင်ခဲ့လေ'

အမှန်မှာ မြီးရှည် ပြန်လာလျှင် အလွယ်တကူ ဝင်နိုင်ဖို့ သံဘာဂျာတံခါးကို သော့သုံးဆင့်ခတ်၍ သစ်သားတံခါးမကြီးကိုတော့ ချက်မချဘဲ ခပ်ဟဟ,ထားပေးခဲ့သည်မှာ မြီးရှည်ပျောက်သွားပြီး သုံးရက်မြောက်နေ့ကတည်းကဖြစ်သည်။

မြီးရှည်က အိမ်ထဲဝင်မလာဘဲ သမံတလင်း ခုံတွင် ငုတ်တုတ်လေးထိုင်နေသည်။

'လာလေ၊ ဝင်ခဲ့လေသား'

'ဟယ်...မြီးရှည် ပြန်လာပြီကိုး'

အပေါ်ထပ်တွင် အိပ်သော ထွန်းထွန်းနှင့် ကေသီတို့လည်း ဆင်းလာကြသည်။ သူတို့လည်း ဝမ်းတွေသာလို့။

'ကြည့်စမ်း၊ စိမ်းသွားလိုက်တာဟယ်။ ခေါ်တာ ချက်ချင်းမလာဘူး။ ဝင်ခဲ့သားရဲ့၊ မင်းကို ဘယ်သူမှ မဆူဘူး'

ဒေါ်ခင်လေးက ချော့မော့ ခေါ်သော်လည်း မလာ။

'ကဲပါအေ၊ ဘာဂျာတံခါးကြီးပါ ဖွင့်ပေးလိုက်စမ်းပါ'

ဒေါ်ခင်မြိုင့် အမိန့်နှင့် ဘာဂျာတံခါး ဆွဲဖွင့်ပေးသော်လည်း မြီးရှည်က ထိုင်မြဲထိုင်နေကာ မျက်လုံးအဝိုင်းသားနှင့် ဒေါ်ခင်မြိုင်တို့ကို ပြူးကြည့်နေသည်။

'ဟာ...ဟိုမှာလည်း ကြောင်တစ်ကောင်'

ဘယ်အချိန်က ရောက်လာမှန်းမသိသော ဖိုးပြည့်၏ အသံကြောင့် ဖိုးပြည့် လက်ညှိုးထိုးပြရာ နေရာကို လှမ်းကြည့်ကြသည်။

ဟုတ်ပါရဲ့၊ မြီးရှည်နှင့် မတိမ်းမယိမ်းအရွယ် ကြောင်လေးတစ်ကောင်။ မိုးမျှော်ရေတပ်ပင်စိုက်ထားသော ပန်းအိုးဘေးကွယ်ပြီး ဒေါ်ခင်မြိုင်တို့ကို ချောင်းကြည့်နေသည်ကို တွေ့ရသည်။

ဒေါ်ခင်လေးက မြီးရှည်ကို ပွေ့ချီရန် လက်ကမ်းလိုက်ရာ မြီးရှည်က အဖမ်းမခံဘဲ နောက်ကိုဆုတ်ပြေးပြီး ပန်းအိုးဘေးက ကြောင်အနားတွင် သွားရပ်၍ တညောင်ညောင် အော်နေလေသည်။

'ဟင်...ဘယ်လိုဖြစ်တာလဲ မြီးရှည်'

အားလုံးက မြီးရှည်၏ အပြုအမူကို နားမလည်ဖြစ်နေချိန်တွင် ထွန်းထွန်းက တဟားဟား အော်ရယ်သည်။

'လက်စသတ်တော့ မြီးရှည်က မိန်းမ ခိုးလာတာကိုး...ဟား...ဟား...ဟား...'

'ဟင်...ဟုတ်လား'

အားလုံး၏ အာမေဍိတ်သံက တစ်ပြိုင်တည်း ထွက်လာသည်။

'ဖေဖေ၊ တကယ်ပြောတာလား'

ဖိုးပြည့်က သူ့အဖေ မျက်နှာကို မော့ကြည့်ရင်း တအံ့တသြ မေးသည်။

'တကယ်ပေါ့ သားရဲ့၊ အဲဒါ သူ့မိန်းမလေ'

ကေသီက ထွန်းထွန်းကို မျက်စောင်းထိုးကြည့်တော့-

'ဘာလဲ၊ မယုံဘူးလား။ မယုံရင် အဲဒီကြောင်ကို သေချာကြည့်။ ကြောင်မမှ ကြောင်မအစစ်။ မြီးရှည်က



www.burmeseclassic.com

www.burmeseclassic.com

သူ့ကြောင်မ သူခေါ်လာပြတာဗျား'

'နို့… ဘာဖြစ်လို့ အိမ်ထဲ မဝင်တာလဲ'

'ကြီးကြီးမြိုင်က လက်ခံမလား၊ လက်မခံဘူးလား မသိလို့လေ။ ကြီးကြီးမြိုင်လက်ခံရင် အိမ်ထဲဝင်မယ်၊ လက်မခံရင် တခြားသွားမယ်လို့ ပြောနေတာခင်ဗျ'

အားလုံး၏ မျက်လုံးတွေက ဒေါ်ခင်မြိုင်ထံ စုပြုံရောက်ရှိလာပြန်တော့ ဒေါ်ခင်မြိုင်၏ မျက်နှာက ငိုမလို၊ ရယ်မလို ဖြစ်သွားသည်။

ဖိုးပြည့်က ဒေါ်ခင်မြိုင်၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း-

'လက်ခံပေးလိုက်ပါ ဘွားမြိုင်ရယ်နော်၊ လက်ခံပေးလိုက်ပါ'ဟု တွင်တွင်ပြောနေသည်။

ဒေါ်ခင်မြိုင်က စိတ်ညစ်ညူးစွာဖြင့် သက်မကြီးချသည်။

'ဘွားမြိုင် လက်မခံလို့ မြီးရှည် တခြားထွက်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ လက်ခံတယ်လို့ ပြောလိုက်နော်၊ နော် ဘွားမြိုင်နော်'

ဒေါ်ခင်မြိုင် နှုတ်ဆိတ်နေသည်။ အားလုံးကလည်း ဒေါ်ခင်မြိုင် ဘာပြောမလဲဟု နားစွင့်နေကြသည်။ ငါးမိနစ်ခန့် တိတ်ဆိတ်နေပြီးမှ ဒေါ်ခင်မြိုင်၏အသံ ထွက်လာသည်။

'အဲဒါမှ ဒုက္ခ၊ ဒုက္ခ။ ငါက ဘာသံယောဇဉ်မှ ထပ်မရှာချင်ဘူး။ ဘာအပူမှ ထပ်မခံချင်တော့ဘူးလို့ ပြောထားရက်နဲ့။ အခုတော့ ငါ့ကို တစ်ပူပြီးတစ်ပူ၊ အပူတွေ ပေးနေကြပြန်ပြီ။ အင်းလေ၊ ဖိုးပြည့်က စ,တဲ့အပူကိုး။ ဘယ့်နှယ်လုပ်မလဲ။ ငါလည်း မသိတော့ဘူးဟေ့၊ မသိတော့ဘူး။ ဘာမှလည်း မပြောချင်တော့ဘူး။ မင်းတို့သဘော၊ မင်းတို့သဘော…'

ဒေါ်ခင်မြိုင်က ပြောပြောဆိုဆို တံခါးပေါက်မှ ချာခနဲ လှည့်ထွက်ကာ သူ့အိပ်ခန်းရှိရာသို့ တရွေ့ရွေ့လျှောက်သွားလေတော့သည်။

မရှေးမနှောင်းမှာပင် ဒေါ်ခင်လေး၏ အသံလွင်လွင်ကိုလည်း တစ်ဆက်တည်း ကြားလိုက်လေသည်။

'လာ… လာ… လာ… မီး… မီး… မီး… နှစ်ကောင်စလုံးလာ၊ နှစ်ကောင်စလုံးလာ'

❑


နောက် ခြောက်လ၊ ခုနစ်လခန့် ကြာသောအခါ -

ကြောင်အဖေ မြီးရှည်၊ ကြောင်အမေ ဖွေးဖွေးနှင့် ကြောင်သားသမီး ခြောက်ကောင် ပါဝင်သော ကြောင်မိသားစုကြီးတစ်စုသည် အပျိုကြီး ဒေါ်ခင်မြိုင်၏ အိမ်ထဲ၊ ခြံဝင်းထဲ၊ ပန်းအိုးကြို ပန်းအိုးကြား တပျော်တပါး ခုန်ပေါက်မြူးထူး ဆော့ကစားလျက် ရှိနေကြသည်ကို လမ်းသွားလမ်းလာများ တွေ့မြင်ကြရသည်။

အိမ်နီးချင်းတွေကတော့-

'အင်း…အပူမရှာချင်တဲ့ အပျိုကြီး၊ ရှာမယ့်ရှာတော့လည်း တစ်မြို့ တစ်မကြီးပါလား'ဟု ပြောရင်း ရယ်မောနေကြလေသည်။ ■

**မနှင်းဖွေး**




ဓားရိုးကမ်းစာအုပ်ဟာ ဗီယက်နမ်စစ်ပွဲအတွင်း သူလျှိုများရဲ့ခြေရှုပ်ခဲ့မှုများ၊ အမေရိကန်တို့ရဲ့ရက်စက်တဲ့စစ်ရေးများ၊ တောင်မြောက် ဗီယက်နမ်တို့ရဲ့ ပြင်းထန်တဲ့တိုက်ပွဲများကို အခြေခံ ရေးထားပါတယ်။ ဒီစာအုပ်ထွက်လာတဲ့အခါ တစ်ကမ္ဘာလုံး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရပါတယ်။ အရှေ့တောင်အာရှဖွား စာရေးဆရာများရဲ့စာအုပ်တွေထဲမှာ အကောင်းဆုံးတစ်အုပ်လို့တောင် အင်ဒီပန်းဒန့် သတင်းစာကြီးကနေ ချီးကျူးခဲ့ပါတယ်။ အထူးခြားဆုံးကတော့ ၂၀၁၆ ခုနှစ်အတွက် ပူလစ်ဇာဆုရရှိခဲ့ပါတယ်။ ဗီယက်နမ်စစ်ပွဲကို အမေရိကန်မှုပြုတယ်လို့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ပြောဆိုကြပါတယ်။ ဒါကို ယခုစာအုပ်ရေးသူ Viet Thanh Nguyen က အခုစာအုပ်နဲ့ ပြောင်းပြန်လှန်ခဲ့ပါတယ်။ ဗီယက်နမ်စစ်ပွဲကြီးရဲ့ဖုံးကွယ်ခံထားရတဲ့ အမှန်တရားတွေကို လှစ်ဟပြသခဲ့ပါတယ်။ တစ်ကမ္ဘာလုံးသိထားတဲ့ ဗီယက်နမ်စစ်ပွဲပေါ် အမြင်တွေကို ဗီယက်နမ်ပြည်သူတွေကိုယ်စား အမှန်အတိုင်း ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။ ရာပြည့် မြန်မာပြန်ဆိုတဲ့ "ဓားရိုးကမ်း" စာအုပ်ကို မှာယူလိုသူများအနေနဲ့ ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့ ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့ မက်ဆေ့ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



# ကျးကျးသံ၏ ရှိသေးတယ် ရှိမနေဘူး

သဲကြီးမဲကြီး
ရှာနေတဲ့ မိုးရေတွေကို
ငေးမောနေရင်း ထူးဆန်းတဲ့
ပန်နဆူလာန့်ကို
ရှုရှိုက်မိနေတုန်း
အနားကို မြန်းဆို သူ
ရောက်လာခဲ့တယ်။
ရောက်လာမယ်ဆိုတာ
ကြိုသိထားပေမဲ့ ကိုယ်နဲ့
မရင်းနှီးတဲ့ နေရာတစ်ခုမှာ
သူ့ကို ရုတ်တရက်
တွေ့လိုက်ရတော့
ရင်ထဲမှာ
အားကိုးစိတ်နဲ့
လှုပ်ခနဲ ပျော်ရွှင်
သွားမိတယ်။
သူ ဦးဆောင်ရာဘက်ကို
လျှောက်လိုက်လာပြီးမှ
ရေမြုပ်နေတဲ့
လမ်းမပေါ်က မမြင်ရတဲ့
ချိုင့်ခွက်တွေရှိတယ်ဆိုတဲ့
သတိပေးစကားကြောင့်
ကိုယ်ရောက်နေတာ
စင်ကာပူမှမဟုတ်ဘဲ၊
ရန်ကုန်မြို့ကြီးပါလားဆိုတဲ့
သတိ ဝင်လာခဲ့တယ်။
ရန်ကုန်ရဲ့ မိုးက
နှစ်ငါးဆယ်အတွင်း
အများဆုံးပဲဆိုလား…။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို တစ်ခါတလေ ကြည့်တတ်တဲ့
သူ့မျက်ဝန်းတွေကို၊ ဆုံတွေ့ပြီး
လမ်းခွဲကြချိန်တိုင်း ပြန်ရောက်ရင်
ဖုန်းဆက်ဦးဆိုတဲ့ သူ့အမှာစကားတွေကို
ကိုယ်အမြဲပွာယ် ကောက်ယူ
မလွဲဘူးဆိုရင် သေချာတယ် သူ့မှာ
ကိုယ်နဲ့ ပြောစရာစကားတွေ –
ရှိ... နေ... ရ... ဦး...မယ်...


www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က သွန်ချသလို ရွာတဲ့ မိုးရေစက်တွေထဲ ထီး တစ်ယောက်တစ်ချောင်းနဲ့ လျှောက်ခဲ့တဲ့ လမ်းကလေး က ဘာကြောင့် ဒီလောက် သာယာနေပါလိမ့်။

မိုးများခြိမ်းလို့ လျှပ်စီး များလည်းလက်… လို့ဆိုတဲ့ သန်းနိုင်ရဲ့ သီချင်းကို ဖျတ်ခနဲ သတိရမိသွားပေမဲ့ သူ့ အမုန်းများနဲ့ လမ်းခွဲခဲ့တဲ့ ည နေတော့မဟုတ်ဘူး၊ ဆုံတွေ့ ရတဲ့ ညနေပဲလို့ ကိုယ့်ကိုယ် ကို အားတင်းခဲ့။

တစ်ယောက်ကို တစ် ယောက် မကူညီနိုင်လောက် အောင် အထုပ်တွေကိုယ်စီနဲ့ မို့ နယ်မြေကျွမ်းတဲ့ သူ့ရဲ့ 'ဒီ နေရာမှာ ချိုင့်ရှိတယ်' ဆိုတဲ့ စကားကိုပဲ အားကိုးပြီး ရန်ကုန်ချိုင့်ခွက်တွေကို ကျော် ဖြတ်ရတဲ့ အချိန်မှာ ကိုယ် ကလေးတစ်ယောက်လို ပျော် ရွှင်နေတုန်းပဲ။

ရှေ့ကနေ ပေါက်ဆတ် ပေါက်ဆတ်နဲ့ လျှောက်သွား လိုက်၊ နောက်က ယိုင်နဲ့နဲ့ လျှောက်လာတဲ့ ကိုယ့်ကို လှည့်ကြည့်ပြီး စောင့်ရင်း တစ်ခုခု ပြောလိုက် လုပ်နေတဲ့ သူ့ကို ငေးကြည့်ရင်း ကိုယ် သူ့ကို တကယ်ပဲ ချစ်မိသွား တာပါလားဆိုတာ သေချာ သည်ထက် သေချာသွားပြီ ကွယ်။

ဒါဟာ ကိုယ့်အိပ်မက် တွေထဲကို မဖိတ်ခေါ်ဘဲ ရောက်ရောက်လာတတ်တဲ့ ကဗျာတစ်ပုဒ် ဒါမှမဟုတ် အချစ်ဝတ္ထုတစ်ပုဒ်…။

'ပြောစရာရှိတယ်၊ နောက်မှပြောတော့မယ်' ဆိုတာကို ချက်ချင်းပြောဆိုလို့

u ieaf wmf
wpaf , mufwnf
ae&wm
t om;u aelyD v
cpfw , &JU
aem u fu
aem u fq u fwG
awGukdu ieaf wmf
cpfm;EIdf , f
r x ifbJ
t x Jozifh
redfr
wpaf , muaf , muf
eSJwfo u fzkd
u ieaf wmf
wpfc;rS
pdvf u Jcbb J

'ကျွန်မနာမည်ကို ရှင်က အိပ်မက်ထဲမှာ အဖျားဆွတ် ပြီး ခေါ်တယ်လို့ အိပ်မက် မက်တာ၊ မနက်ကျတော့ ရှင့် မက်ဆေ့ချ်က ကျွန်မ အိပ် မက်ထဲကအတိုင်းပဲ ကျွန်မ နာမည်ကို အဖျားဆွတ်ခေါ် ထားပြီး ဝင်နေရော'လို့ ကိုယ် ပြောတာ တကယ့် စိတ်ရင်း အတိုင်း၊ အဖြစ်မှန်အတိုင်း ရိုးရိုးလေး ပြောပြတာပါ။ ဒါ ဟာ သူ့ကို တမင်ရင်ခုန် အောင် ဖန်တီးလီဆယ်ပြော တာ မဟုတ်သလို၊ ဘယ်လို အကြံအစည်နဲ့မှလည်းမဟုတ်။

ခင်ဗျားက ကျွန်တော့်ကို အိပ်မက်ထဲ ထည့်မက် တယ်ဆိုတော့ လာနောက်နေ တာလား၊ ကျွန်တော် ရင်ခုန် သွားတာဗျ'တဲ့။ တကယ် တမ်း သူ ရင်ခုန်မခုန်တော့ မသိပေမဲ့ ကိုယ်က ရင်ခုန် သွားခဲ့ရတာ အမှန်။

ရှုပ်ပွနေတဲ့ သူ့အခန်း လေးကို လှည့်ပတ်ကြည့်ရင်း ကိုယ့်ကိုယ်ကို ဘာကြောင့် ဒီနေရာအထိ လာခဲ့တာလဲ ဆိုတဲ့ မေးခွန်းကို အထပ်ထပ် မေးနေမိတယ်။

အဝတ်လဲပြီး ပြန်ထွက် လာတဲ့ သူက 'ရေတွေစိုနေ သေးလား'လို့ မေးစရာမလို တဲ့ မေးခွန်းကို မေးတယ်။ ဒီလောက်သည်းတဲ့ မိုးရေ ကြားမှာ မလုံ့တလုံထီးလေးနဲ့ လျှောက်လာမှတော့ မစိုဘဲ ဘယ်နေပါ့မလဲကွယ်။ အမေး ရှိတော့လည်း အဖြေရှိရမှာ ပေါ့။ 'ရပါတယ် မစိုပါဘူး' လို့ ကိုယ်ပြုံးပြရင်း ပြန်ဖြေ လိုက်တယ်။

ကိုယ်တို့နှစ်ယောက် ကြားက စကားတွေက သား သခင်အကြောင်း၊ စနစ်သစ် ကြောင့် အလံတစ်ဝက် လွှင့် ထူတယ်ဆိုတဲ့ အမျိုးသမီး အကြောင်း၊ ပြီးတော့… နိုင်ငံ ရေးကိစ္စတွေ၊ ငြိမ်းချမ်းရေး ကိစ္စတွေ… သတင်းတွေ၊ အတင်းတွေ။ တကယ်တော့ နှစ်ယောက်စလုံး ပြောချင် တာ ဒီအကြောင်းတွေမှမဟုတ် ဘဲ။ ဒါကလည်း ကိုယ့်ဘက် က အတွေးသာပါ။

သူအထဲ ပြန်ဝင်သွားပြီး ပြန်ထွက်လာတော့ လက်ထဲ မှာ ဂစ်တာတစ်လက်နဲ့။ ကိုယ့် ကို ဂစ်တာကမ်းပေးတယ်။ ဂစ်တာကြိုးညှိသံ တင်တင် တောင်တောင်… စကား တွေက ဂစ်တာကြိုးညှိတဲ့ အကြောင်းကို ရောက်သွား ပြန်ရော…။ တကယ့် တကယ် ကြိုးညှိသွားပြန် တော့လည်း ဘာသီချင်းမှ မဆိုမတီးချင်ကြပြန်ဘူး။ မဆိုမတီးဖြစ်ကြပြန်ဘူး။ ဂစ်တာကို ဘေးချပြီး ဆက် ပြောဖြစ်တဲ့ အကြောင်းတွေ ကလည်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး…သတင်းတွေ၊ အတင်းတွေ… သားသခင် တွေ၊ သီဟတင်စိုးတွေ…။

အချိန်တန်တော့ ကိုယ် အိမ်ပြန်ရတော့မယ်…။

ကားဆီထိလိုက်ပို့ပြီး လက်ပြနှုတ်ဆက်ကျန်ခဲ့တဲ့ သူ့ဆီက ကိုယ် ဘာတွေများ မျှော်လင့်ခဲ့မိပါလိမ့်။

လမ်းတစ်ဝက် မရောက်ခင် ကိုယ့်ဖုန်းမြည် တော့ သူ…။

'ကျွန်တော့်ကို တစ်ခုခု ပြောစရာ မရှိဘူးလား'

ကိုယ့်မှာ ရုတ်တရက် ကြီးမို့ ဆွံ့အ,ပြီး ဘာမှပြန် မပြောနိုင်သေးတဲ့ အချိန်တင် ပဲ 'ဘာမှ ပြောစရာမရှိရင် လည်း ဒါပဲ၊ တာ့တာ ဥတ် နိုက်'ဆိုပြီး သူ ဖုန်းချသွား ပြန်တယ်။

'မဟုတ်ဘူး ပြောစရာရှိ တယ်၊ ကျွန်မ ရှင့်ကိုချစ် တယ်၊ ကျွန်မကို မဟားနဲ့ နော်'

စိတ်ထဲက ပြောချင်တာ တွေကို တကယ်တမ်း စကား နဲ့ မပြောဖြစ်ပေမဲ့ မက်ဆင် ဂျာ ဖွင့်ပြီး စိတ်မြန်လက်မြန် ရေးလိုက်မိပြီ။

မိန်းမသိက္ခာ…အို… ဒါတွေမလိုပါဘူး။ သူဖိတ်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်တဲ့ သူ့ပိုင်နက်ဆီအထိကို မိုးထဲလေထဲ အရောက်လာခဲ့ကတည်းက သူရိပ်မိပြီးသား ဖြစ်မှာပါ။

ကိုယ် ပြန်မျှော်လင့်မိတာက-

'ကျွန်တော်လည်း တူတူပဲ'၊ ဒါမှမဟုတ် 'ကျွန်တော် ပြောချင်တဲ့ စကားကို ခင်ဗျား အရင်ပြောသွားပြီ'

ကိုယ်သိပ်ကို စိတ်ကူးယဉ်မိသွားပါသလား…။

သူ့ဆီက ပြန်လာတာက-

'ကျွန်တော် ခင်ဗျားကို မဟားပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာ ဘာမှလည်း ပြောစရာမရှိသေးပါဘူး'တဲ့။ကိုယ်တို့ ရင်ခုန်သံချင်းဟာ ကိုယ်ညှိခဲ့တဲ့ ဂစ်တာကြိုးတွေလို ညီမနေပါလား။

ပူနွေးသွားတဲ့ ပါးပြင်နှစ်ဖက်ကို ကိုင်စမ်းကြည့်ရင်း ပြန်ပြောလိုက်တယ်။

'မဖြစ်နိုင်ဘူး ရှင့်မှာ ပြောစရာ ရှိပါတယ်'လို့။ စာလုံးတွေအဖြစ် မဟုတ်ပါဘူး၊ ရင်ထဲကသာ ပြန်ပြောဖို့ အင်အားရှိတာပါ။

ကိုယ်တို့နှစ်ယောက်ကြားမှာ ပြောစရာက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းတွေ၊ အတင်းတွေ၊ ရယ်မောစရာ ဟာသတွေ… သားသခင်တွေ၊ သီဟတင်စိုးတွေ…ဒါတွေတင်ပဲလား။

မဟုတ်သေးဘူး၊ ကိုယ့်ကို တစ်ခါတလေ ကြည့်တတ်တဲ့ သူ့မျက်ဝန်းတွေကို၊ ဆုံတွေ့ပြီး လမ်းခွဲကြချိန်တိုင်း ပြန်ရောက်ရင် ဖုန်းဆက်ဦးဆိုတဲ့ သူ့အမှာစကားတွေကို ကိုယ်အဓိပ္ပာယ်

]&Sfu ku ef
cpfw , fwb m;
ci A m;
aem u fyefyDy h
'g [ m
ciAm; w u , f
ajymaewm v kd
u efwmf
r , kH J
'ayrH
w u , f
ajymaewm v kd
v nf
jzpfapcifyefw , f

ကောက်ယူမလွဲဘူးဆိုရင် သေချာတယ် သူ့မှာ ကိုယ်နဲ့ ပြောစရာစကားတွေ-

ရှိ… နေ… ရ… ဦး…မယ်…။

ဒါပေမဲ့ အဓိပ္ပာယ် လွဲမှားစွာ ကောက်ယူမိတာဆိုရင်တော့ သူ့မှာ တကယ်ပဲ ကိုယ့်အတွက် ပြောစရာစကားတွေ-

ရှိ… မ… နေ… ဘူး… ပေါ့…။

ကိုယ့်ကို 'ရှိနေရဦးမယ်'က တိတ်တိတ်လေး မျှော်လင့်ချက်ပေးတယ်၊ 'ရှိမနေဘူး'က သေမိန့်ပေးတယ်။

အဲဒီနေ့ကရွာတဲ့ မိုးလောက် ကိုယ့်ရင်ထဲမှာ တစ်ခါမှ မသည်းဖူးဘူး။

❑

ကျွန်တော်ဟာ အတွေ့တွေနဲ့ တစ်ကိုယ်တော် အသားကျနေတဲ့ သူတစ်ယောက်ပါ။

တခြားသူ တစ်ယောက်နဲ့ ဘဝကို မျှဝေဖို့ဆိုတာ ကျွန်တော့်အတွက် တစ်ခါမှ မစဉ်းစားဖူးသလို အဲဒီလို မျှဝေခံစားဖို့ ဆိုတာကိုလည်း ကြောက်နေမိတာ အမှန်ပါပဲ။ အဲဒီနေ့က ခင်ဗျားကို လာခဲ့ပါလားလို့ ပြောလိုက်ချိန်မှာ ခင်ဗျား တကယ်ရောက်လာလိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် ကိုယ့်ဥခွံလေးထဲ ကိုယ့်ဘာသာ အေးအေးဆေးဆေး ငြိမ်သက်နေချင်တဲ့ အချိန်လေ။ ခင်ဗျားကို တွေ့ချင်လားဆိုရင်တော့ မကွယ်ဝှက်ဘဲ ပြောရရင် တွေ့ချင်တာပေါ့။ ဒါပေမဲ့ ဒီလောက် မိုးတွေ သဲသဲမဲမဲ ရွာနေချိန်မှာတော့ အပြင်မထွက်ချင်တာ အမှန်ပဲ။ ဒါကြောင့်လည်း လွယ်လွယ်ပဲ 'တွေ့ချင်လာခဲ့လေ၊ တို့ကတော့ ခပ်ချေချေပဲ'လို့ ရွှတ်နောက်နောက် ပြောလိုက်မိတာ။ ခင်ဗျား တကယ် လာလိမ့်မယ်လို့တော့ ထင်ကို မထားခဲ့တာ။ ကျွန်တော်တို့ နှစ်ယောက်က အဲဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် ပေါက်တတ်ကရတွေ ဖောက်နေကျ မဟုတ်လား။

နောက် တစ်ခုက ခင်ဗျားကို ကျွန်တော်က မိန်းမတစ်ယောက်လို ကို သဘောမထားခဲ့ဘူး။ ခင်ဗျားနဲ့ တွေ့ရရင် ပျော်တာတော့ မှန်တယ်။ ဒါဟာ တခြား ကျွန်တော်ရဲ့ ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ တွေ့ရရင် ပျော်သလိုမျိုးပဲ။ အဲဒီလို ကျွန်တော်ထင်ခဲ့ပါတယ်။

ခင်ဗျားဟာ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်၊ နောက်နောက်ပြောင်ပြောင် နေတတ်တယ်။ ကျွန်တော့်ကိုလည်း အမြဲတမ်း စ,နောက်နေတတ်တာဆိုတော့ ခင်ဗျားပြောသမျှဟာ ကျွန်တော့်ကို နောက်နေတာလို့ပဲ ထင်မိခဲ့တာ အမှန်ပါ။

ခင်ဗျားက ကျွန်တော့်ဆီကို မိုးသည်းသည်းကြားမှာ တကယ်ရောက်လာခဲ့တာနော်။

ခါတိုင်းနဲ့မတူတဲ့ ဝတ်စားဆင်ယင်မှုနဲ့(ပြောရရင် မိန်းကလေးတစ်ယောက်လို ဝတ်ထားတဲ့) ခင်ဗျားကို ရုတ်တရက် ကျွန်တော် တွေ့လိုက်ရချိန်မှာ ရင်ထဲတစ်မျိုးတော့ ဖြစ်သွားမိတယ်။ ရင်ခုန်တာလားဆိုတော့ ကျွန်တော်မှ ရင်မခုန်ဖူးတာ၊ မပြောတတ်ဘူးလေ။ စိတ်လှုပ်ရှားတယ်လို့ ပြောရင်တော့ ရပါတယ်။ ရုပါမားကတ်ကြီးရှေ့မှာ ကျွန်တော့်ကို ရပ်စောင့်နေတဲ့ ခင်ဗျားနောက်ကျောကို ကြည့်ပြီး ပျော်သွားတဲ့ အပျော်ကတော့ ဘာနဲ့မှ မတူဘူးဗျာ။

ခင်ဗျားမှာ ကျွန်တော့်ကို ပြောစရာစကားတွေ ရှိနေလိမ့်မယ်ဆိုတာတော့ ကျွန်တော်ရိပ်မိတယ်။ ဒါကြောင့်လည်း ကျွန်တော့် အခန်းလေးကို မိုးရေထဲကနေ ခေါ်သွားမိတာပေါ့။ မိန်းမတစ်ယောက်ကို အဲဒီလို ကျွန်တော်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ အခန်းကို ခေါ်သွားတာဟာ သင့်တော်ရဲ့လား ဆိုတာလည်း ကျွန်တော်က စဉ်းစားတဲ့ကောင် မဟုတ်ပါဘူး။ ဘာလို့ မစဉ်းစားလဲဆိုတော့ ခုနက ဆိုခဲ့သလို ကျွန်တော်ဆိုတဲ့ကောင်က ဘယ်သူ့အတွက်၊ ဘယ်ဝါ့အတွက်ဆိုပြီး စဉ်းစားဖူးတတ်သူမှ မဟုတ်တာ။

ကျွန်တော့်အခန်းလေးထဲ လိုက်လာခဲ့ပေးတဲ့ ခင်ဗျားကို တကယ် ကျေးဇူးတင်ပါတယ်။ ရေမြုပ်နေတဲ့ ချိုင့်တွေ ရှောင်ရှားရင်း ယိုင်နဲ့နဲ့ လျှောက်လာတဲ့ ခင်ဗျားကို လှည့်ကြည့် စောင့်ခေါ်ရတဲ့ အချိန် ကြည်နူးမှုက ကျွန်တော့်ရင်ကို နွေးထွေးစေတာ အမှန်ပဲ။ အဲဒီအချိန်မှာ ခင်ဗျားက ထူးထူးခြားခြား မိန်းမဆန်နေသလိုပဲ။

'ဒီလမ်းကလေးက အရမ်းလျှောက်လို့ကောင်းတာ၊ သိပ်သာယာတာ သိလား'

ကျွန်တော်ရှင်းပြတာ အူကြောင်ကြောင်များ ဖြစ်သွားလာ မပြောတတ်ဘူး။ ဒီလောက်မိုးသည်းသည်းမှာ ထီးတစ်ဖက် အထုပ်တွေတစ်ဖက်နဲ့ လျှောက်နေရတာ ဘယ်လိုလမ်းမျိုးက သာယာမှာတဲ့လဲ။ ကျွန်တော် အဲဒီလို ပြောတော့ ခင်ဗျားက ဘာမှ ပြန်မပြောဘဲ ပြုံးပြီးကြည့်နေပြန်တယ်။

ဘာတဲ့ ခင်ဗျားက ကျွန်တော့်ကို အိပ်မက်ထဲ ထည့်မက်တယ်တဲ့လား။ ခင်ဗျား အဲဒီလို ပြောတုန်းက ကျွန်တော် ရုတ်တရက်တော့ ရင်ခုန်သွားမိတာပေါ့ဗျာ။ ပြီး

u ieâwmh
&ifb wfawG
wifu yfvmw , f
t'J [m
u ieâwmf
ciAm;ukd
cpfbGwmvm;
u ieâwmf
ciAm;ukd
ar;unbifw , f
'ayrd
u ieâwmf
bmukd&Sfrodb J
alumufaerdw , f
]&Sfukd
uefcpfw , f
qkdvd
pmalumifav;ukdU
t xyfx yf
t xyfx yf
zwfaerdw , f

တော့ ဆက်ပြောသေးတယ် ခင်ဗျားက၊ 'မရယ်ရဘူးလား' တဲ့။ ကျွန်တော်လည်း ရယ်ရတာပေါ့လို့ ပြန်ပြောလိုက်တယ်။ ဒါဟာ ခင်ဗျားရဲ့ စ၊ နောက်မှုတွေထဲက တစ်ခုပဲ မဟုတ်ဘူးလားဗျာ။ တကယ်တော့ ဒါဟာ ရယ်စရာ မဟုတ်ပါဘူး။ ကျွန်တော် တကယ် မရယ်ပါဘူး။ ခင်ဗျားက မရယ်ရဘူးလား ဆိုတဲ့ အချိန်မှာ ဘာကြောင့် ရယ်မသိ ကျွန်တော်ဝမ်းနည်းသွားမိတာပါ။

ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှ ချစ်တယ်လို့ မပြောခဲ့ဖူးဘူး။ ဒီအသက် ဒီအရွယ်ကြီးအထိ ကျွန်တော် တစ်ယောက်တည်း နေရတာ အသားကျနေပြီလေ။ ချစ်တယ်ရဲ့ နောက်က နောက်ဆက်တွဲတွေကို ကျွန်တော် ခံစားနိုင်မယ် မထင်ဘူး။ အထူးသဖြင့် မိန်းမတစ်ယောက်ယောက်နဲ့ ပတ်သက်ဖို့ ကျွန်တော် တစ်ခါမှ စိတ်မကူးခဲ့ဘူး။ ကျွန်တော်တစ်ယောက်တည်း အချိန်တွေကို ဘယ်သူ့ကိုမှ ခွဲမပေးချင်တာလည်း ပါတာပေါ့။

ဒါပေမဲ့ ခင်ဗျားက ကျွန်တော့်ရင်ထဲ ဝင်လာတာ သိပ်ကို သိမ်မွေ့လွန်းတယ်။ ကျွန်တော့်ဘာသာ မရိပ်မိခင်မှာ ခင်ဗျား ကျွန်တော့်ရင်ထဲ ရောက်လာတယ် ဆိုတာကိုတော့ ကျွန်တော် ဝန်ခံပါတယ်။ ခင်ဗျားကို ကျွန်တော် ခဏခဏ သတိရနေမိတယ်။ ကျွန်တော် အရင်းနှီးဆုံး သူငယ်ချင်းနဲ့ ဘီယာသောက်တဲ့ အချိန်တိုင်း ခင်ဗျားအကြောင်းချည်း ပြောမိတတ်လို့ သူငယ်ချင်းက စ၊တာတောင် ခံရတယ်။

ဂစ်တာကြိုးတွေကို ငုံ့ကြည့်ပြီး ညီအောင်ညှိနေတဲ့ ခင်ဗျားကို ကြည့်ရင်း ကျွန်တော့် ရင်ခုန်သံတွေ မြန်လာခဲ့တယ်။ အဲဒါကို ဖုန်းကွယ်ချင်လို့ ကျွန်တော့် ဂစ်တာလေး ဘယ်လိုဝယ်ခဲ့တယ်၊ ဘယ်လောက်ပေးရတယ်တွေ လျှောက်ပြောနေမိတာ။ ခင်ဗျားက မလှုပါဘူး။ ဒါပေမဲ့ ခင်ဗျားဆီမှာ ဆွဲအားတစ်ခု ရှိနေတယ်လို့ ကျွန်တော် ထင်တယ်။

ကြိုးညှိသွားလို့ ရုတ်တရက် မော့ကြည့်လာတဲ့ ခင်ဗျားနဲ့ အကြည့်ချင်း ရှောင်လွှဲဖို့ ကျွန်တော့်မှာ အချိန်ရခဲ့ပါတယ်။

'သီချင်းတစ်ပုဒ်လောက် ဆိုလေဗျာ'

အဲဒီလို ခင်ဗျားက မိန်းမတစ်ယောက်လို စကားမပြောတတ်တာကိုက ကျွန်တော်ကို သက်သာရာရစေတာ အမှန်ပဲ။

'မဆိုချင်ဘူး'

ကျွန်တော် တုံးတိပဲ ငြင်းလိုက်တယ်။ ခင်ဗျားကလည်း ဂစ်တာကြိုးတွေကို တို့တို့တိတိ တစ်ချက်နှစ်ချက်တီးပြီး ဘေးကိုချထားလိုက်ပြန်တယ်။

အဲဒီညက ကျွန်တော်တို့ ပြောခဲ့တဲ့ စကားတွေက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သတင်းတွေ၊ အတင်းတွေ၊ ပြီးတော့ သားသခင်တွေ၊ သီဟတင်စိုးတွေ၊ မြန်မာအိုက်ဒေါ်တွေ... ရယ်စရာဟာသတွေ။ ခင်ဗျားပြောချင်နေတာ ဒီအကြောင်းတွေ မဟုတ်လောက်ဘူး။ ကျွန်တော် ပြောချင်နေတာလည်း ဒီအကြောင်းတွေ မဟုတ်ဘူး။

စကားသံတွေ တိတ်ဆိတ်သွားချိန်မှာ ကျွန်တော်လည်း ပြောမိပြောရာ ကျွန်တော် ချက်ထားတဲ့ ဟင်းအကြောင်း ပြောမိပြန်တယ်။ အမဲသားနဲ့ တညင်းသီးကို စိတ်ကူးတည့်သလို ချက်ထားတာလေ။

'စားကြည့်မလား' ဆိုတော့ ခင်ဗျားက 'ဟင့်အင်း' တဲ့။

ကျွန်တော်တို့ နှစ်ယောက်စလုံး မပြောချင်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ စကားတွေကို သိုင်းသိုင်း ဝိုင်းဝိုင်း စိတ်ပါလက်ပါ ပြောနေကြတာ အချိန်တောင် အတော် လင့်ရောပေါ့။

'ပြန်တော့မယ်'

ခင်ဗျား အဲဒီလို ပြောလိုက်တဲ့အချိန်မှာ ကျွန်တော့် ရင်ထဲက တစ်စုံတစ်ခုကို ဆွဲထုတ်ခံလိုက်ရသလိုပဲ။ တစ်ခုခုကို ဆုံးရှုံးတော့မှာပါလား ဆိုတဲ့ ခံစားချက်မျိုး ကျွန်တော် ခံစားလိုက်ရတယ်။

'အဲဒီလမ်းကလေးက မိုးမရွာတဲ့ ရက်တွေဆို ပိုပြီး လျှောက်လို့ကောင်းမှာနော်'

အစပ်အဆက်မဲ့ တဲ့ စကားကို ခင်ဗျားဆိုပြန်တော့ ကျွန်တော့်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘူး။ ခင်ဗျား ဒီလမ်းကလေးကို နောက်တစ်ခါ ထပ်လာဦးမယ်လို့ ပြောတာလား ဒါမှမဟုတ် ညနေက ကျွန်တော် ပြောတဲ့ သိပ်လျှောက်လို့ ကောင်းတယ်ဆိုတာကို ထောက်ခံပြောဆိုတာလား။ ဒီလိုနဲ့ပဲ ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ခဲ့ပြန်ဘူး။

ခင်ဗျားကို ကားဆီအထိ လိုက်ပို့ရင်း ကျွန်တော် တိတ်တဆိတ် စဉ်းစားနေမိတယ်။ ကျွန်တော် ဘာဖြစ်နေတာလဲ ဆိုတာကိုပေါ့။ ပြီးတော့ ခင်ဗျားကို ကျွန်တော် ဘာပြောရမှာလဲ ဆိုတာကိုပေါ့။ ပြီးတော့ ခင်ဗျား ကျွန်တော့်ကို တစ်ခုခု ပြောစေချင်မိပြန်တယ်။ ခင်ဗျားမှာ ကျွန်တော့်ကို ပြောစရာတွေ ရှိနေလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။

ခင်ဗျားတက်စီးတဲ့ ကား ထွက်သွားတဲ့အချိန်မှာ မျက်စိတစ်ဆုံး ငေးကြည့်ရင်း ကျွန်တော့်ရင်ထဲ တစ်ခါမှ မခံစားဖူးတဲ့ အထီးကျန်တဲ့ ဝေဒနာတစ်ခုကို ခံစားလိုက်ရသလိုပဲ။ အဲဒါနဲ့ပဲ ခင်ဗျားနာမည် မှတ်ထားတဲ့ နံပါတ်ကို ကျွန်တော် အလောတကြီး ခေါ်လိုက်မိတာ။ ပြီးတော့ ကျွန်တော် ဘာပြောရမလဲ မသိတော့ပြန်ဘူး။

'ဟယ်လို' ဆိုတဲ့ ခင်ဗျားအသံလေးကို ကြားတော့ ကျွန်တော် ဘာလုပ်ရမယ် မသိတော့ဘဲ 'ခင်ဗျား ကျွန်တော့်ကို တစ်ခုခု ပြောစရာရှိလား၊ မရှိဘူးလား။ မရှိရင် ဖုန်းချလိုက်တော့မယ်၊ တာ့တာ ဂွတ်နိုက်' ဆိုပြီး တကယ်ပဲ ဖုန်းကို ချလိုက်တယ်။

ခဏနေတော့ ကျွန်တော့် မက်ဆင်ဂျာထဲကို ဝင်နေတဲ့ ခင်ဗျားရဲ့ မက်ဆေ့ချ်ကို ကျွန်တော် ဖတ်လိုက်ရတာပဲ။

'ရှင့်ကို ကျွန်မ ချစ်တယ်' တဲ့လား။ ခင်ဗျား နောက်ပြန်ပြီပေါ့။ ဒါဟာ ခင်ဗျား တကယ်ပြောနေတာလို့ ကျွန်တော် မယုံဘူး။ ဒါပေမဲ့ တကယ်ပြောနေတာလို့လည်း ဖြစ်စေချင်ပြန်တယ်။ ကျွန်တော် ဘာပြန်ပြောသင့်လဲ။

'ခင်ဗျားလိုပဲ ကျွန်တော်လည်း ခင်ဗျားကို ချစ်ပါတယ်' လို့ ပြန်ပြောလိုက်ရင် ခင်ဗျားက 'နောက်တာဗျ' လို့ ကျွန်တော့်ကို ပြန်ပြောမှာ မဟုတ်လား။ အဲဒီဝေဒနာကို ကျွန်တော် မခံစားနိုင်ဘူး။

မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို အရင်စ,ပြီးတော့ ချစ်ပါတယ်လို့ ပြောပါ့မလား။ မဖြစ်နိုင်ဘူး ထင်ပါတယ်နော်။

တကယ်ဆိုရင်တော့ ကျွန်တော်က စ,ပြီး ပြောရမှာ။ ခင်ဗျားကို ကျွန်တော် ချစ်တယ်လို့။ အဲဒီလို ပြောချင်ခဲ့ပေမဲ့ ကျွန်တော့်ရဲ့ အတ္တက ခွင့်မပြုဘူး။ ကျွန်တော်ဟာ တစ်ယောက်တည်းဘဝနဲ့ကို နေသားကျခဲ့ပြီ။ နှစ်ယောက် ခွဲဝေပြီး ဘယ်လိုနေရမှန်း မသိသေးတာ အမှန်ပဲ။

ကျွန်တော့်ရင်ဘတ်တွေ တင်းကျပ်လာတယ်။ အဲဒါဟာ ကျွန်တော် ခင်ဗျားကို ချစ်သွားတာလား။ ကျွန်တော် ခင်ဗျားကို မေးကြည့်ချင်တယ်။ ဒါပေမဲ့ ကျွန်တော် ဘာကိုမှန်းမသိဘဲ ကြောက်နေမိတယ်။ 'ရှင့်ကို ကျွန်မချစ်တယ်' ဆိုတဲ့ စာကြောင်းလေးကိုပဲ အထပ်ထပ်၊ အထပ်ထပ် ဖတ်နေမိတယ်။ ခင်ဗျားကို ကျွန်တော် ဘာပြန်ပြောသင့်လဲ၊ တစ်ခုခု ပြန်ပြောရမှာတော့ ကျွန်တော် သိတယ်။

'ကျွန်တော့်မှာ ဘာမှ ပြောစရာမရှိသေးပါဘူး'

ဒီလိုပြောလိုက်ပေမဲ့ ကျွန်တော့်မှာ ခင်ဗျားကို ပြောချင်တဲ့စကားတွေ အများကြီး ရှိ… နေ…ပါ…တယ်။

ဒါပေမဲ့ ကျွန်တော့်မှာ လုံးဝ ရှိ… မ… နေ… တာ…က…ခင်ဗျားကို ချစ်တယ်လို့ ပြောဖို့ သတ္တိတွေ။

မကြုံစဖူးပဲ အဲဒီညနေက ရွာတဲ့ မိုးလောက် ကျွန်တော့် ရင်ထဲမှာ တစ်ခါမှ မသည်းဖူးဘူး။ ■

**တူးတူးသာ**


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com

၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၉၊ နိုဝင်ဘာ၊ ၂၀၁၈

တစ်နေ့တာလုံး မတ်တတ်ရပ်နေခဲ့ရသည့်
ပင်ပန်းညောင်းညာမှုတို့နှင့်
ကျွန်မ၏ အဆောင်ရောက်ကာ
ကျောချချိန်က ဘဝမှာ
အသာယာဆုံး အခိုက်အတန့်ပင်။
'ညောင်းလိုက်တာ'
ဝတ်လာသည့်
ကြိုးသိုင်းဒေါက်မြင့်ဖိနပ်ကို
ဖြုတ်ဖို့ရာပင် အင်အားမရှိစွာ
ခုတင်ပေါ် ခြေတန်းလန်းချ၍
ကျွန်မ လှဲအိပ်ပစ်လိုက်သည်။
ဘဏ်တစ်ခု၏ ငွေကြိုဝန်ထမ်း
တစ်ယောက်မျှသာဖြစ်သော

# သမီးလေးရေ...

ရွှေဇင်ယော်ဦး၊ မိုးကုတ်၊

ကျွန်မ၏ တစ်နေ့တာ
အဆုံးသတ်ချိန်က ဒီလိုပါပဲ။
ဒါနှင့်ပဲ ရက်၊ လ၊
နှစ်တွေတောင် တိုင်ခဲ့ပြီ။
'သမီးလေးရေ...'
ကျွန်မ အာရုံတွေက
အသံလာရာ နံရံဘက်ဆီ
ရောက်ရှိသွားသည်။ အစဉ်အမြဲ
တိတ်ဆိတ်နေလေ့ရှိသော
တစ်ဖက်အခန်းမှာ လူသစ်
ရောက်လာခဲ့ပြီထင်သည်။
အသံက အကျယ်လှကြီး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပေမဲ့ နံ့ရုံချင်းကပ်နေသည့် ကျွန်မအခန်းက ထိုအသံကို သဲကွဲသေချာစွာ ကြားရနေသည်။ ကျွန်မသည် မျက်လုံးတွေကိုမှိတ်လျက် တိတ်ဆိတ် ငြိမ်သက်စွာ လဲလျောင်းနေမိသည်။

'သမီးလေး ဘာလုပ်'

အသံသြပြီး ခပ်ကျယ်ကျယ်နိုင်ပေမဲ့ စကားလုံးတွေမှာတော့ မိခင်တစ်ယောက်၏ ချစ်ခင်ကြင်နာမှုတို့နှင့် စွတ်စိုပြည့်နှက်ကာနေသည်။ သူမ သမီးလေးနှင့် ဖုန်းပြောနေပုံရသည်။ ကျွန်မသည် အမေ့ဆီ ဖုန်းမဆက်ဖြစ်တာကို သတိရသွားသည်။ အမေကော နေကောင်းရဲ့လား။ ဒီတစ်လ လစာထုတ်လျှင်တော့ အမေ့အတွက် အားဆေးလေးပါ ဝယ်ပို့ပေးရဦးမည်။ မောင်လေးကလည်း မြင့်မြင့်ခင် ထိုးမုန့် စားချင်သည်ဟု အရင်တစ်ခေါက် ဖုန်းဆက်တုန်းက မှာထားသေးသည်။ ဆယ်တန်းတက်နေသည့် ညီမလေးကလည်း ဝမ်းဆက်တစ်စုံ ဝယ်ပို့ပေးဦးဟု ပူဆာနေသည်။ မိတ်ကပ်ရည်ကလည်း ကုန်နေပြီဖြစ်သည်။ ကျွန်မက ဧည့်ကြိုဝန်ထမ်းဆိုတော့ မိတ်ကပ်ကို ဂရုတစိုက် မခြယ်သဘဲနေ၍မရပါ။ ဧည့်သည်ကို တိုက်ရိုက် ခရီးဦးကြိုပြုရသူပီပီ တစ်နေကုန် လှနေမှဆိုတော့ မိတ်ကပ်တာရှည်ခံအောင် ဝယ်သင့်တာတွေ ဝယ်သုံးရသည်။

'သမီးလေးကို မေမေပို့ပေးလိုက်တာလေးတွေ ရတယ်မလား၊ ကြိုက်လား။ မူကြိုသွားရင် အဲ့ဒါလေးတွေ

t pfu W W eY
q &wm
n D
oyfu a u mi;fwmyJ
p0;fpm; u n a v
n D v k
t o u fo;k ,fm;
u yaewb
t da x mi fu G
wpck yf
relfu a v; u k n;f
v u fx yf, 0D , f
o r a v ; u k
wm0ef
, ay;0D , f
q kwmh
n Da v m u f
u a u mi;fwb l
&0D S v m; v k

ဝတ်ပေးလို့ ဘွားဘွားကို ပြောလိုက်နော်'

သြော်… သူ့သမီးလေးက မူကြိုတောင် တက်နေပြီတဲ့လား။ ဒီအရွယ်ဆိုတာ ရင်ခွင်ပိုက်အရွယ် မဟုတ်ဘူးလား။ အဲ့ဒီအရွယ်လေးကို ထားပြီး သူက မန္တလေးမှာ အဆောင်လာနေ၊ အလုပ်လာလုပ်နေတာလား။ ကလေးအဖေကကော…။

'အေးပါ…အေးပါ။ ပို့ပေးမှာပေါ့။ မေမေက အခုနေရာသစ်ပြောင်းလာတော့ ပိုက်ပိုက်ကုန်သွားလို့ပါ သမီးလေးရယ်။ ပို့ပေးမှာပေါ့။ မေမေ့အချစ်ဆုံးက ဒီသမီးလေးတစ်ယောက်တည်းရှိတာ။ ဟင်… ဦးဦးကိုလား။ အံမယ်လေး… ငါ့သမီးလေး စကားတတ်ချက်။ ငါ့သမီးလေးကို အချစ်ဆုံးပါနော်။ သမီးလေးက မေမေ့ဘဝမှာ နံပါတ်တစ်ပါ သဲရယ်'

ကျွန်မ မျက်မှောင်ကြုတ်မိသွားပါသည်။

❑

'သမီးလေးရေ…'

ဟော… ကျွန်မသည် နားမထောင်ရပါဘဲနှင့် သေသေချာချာ ကြားနေရသည်။ သူ့အသံလေးကို ဒီထက်နည်းနည်း ပိုတိုးလျှင် အဆင်ပြေမည်။ အခုတော့ သူ၏ ကိုယ်ရေးကိုယ်တာတွေကို သူစိမ်းတစ်ယောက်က နားမထောင်ဘဲ ကြားနေရတာကို သူသိလိမ့်မည်မဟုတ်ပါ။ လမ်းဟိုဘက် ဒီဘက်ကို မျက်နှာမူထားကြသည့် အိမ်ချင်းကျောကပ်ကို အဆောင်ငှားထားကြသည်မို့ ကျွန်မနှင့် သူ့အခန်းက ပျဉ်တစ်ချပ်မျှသာ ခြားသည်။ အိမ်ချင်းကပ်တော့မတတ် နီးနီးလေးပေမဲ့ သူ့အခန်းက နောက်ဘက်မှာ ပြတင်းပေါက်မရှိရာ ကျွန်မသည် သူ့အသံကိုသာ ကြားနေရပြီး သူ့ကို မြင်ဖူးခွင့်မသာပါ။ ထို့ကြောင့် သူ ဘယ်သူလဲ၊ ဘယ်လိုရုပ်ရည်လဲ၊ ဘယ်လိုအသက်အရွယ်မျိုးလဲဆိုတာလည်း ကျွန်မ သိခွင့်မရပါချေ။

'ဟုတ်လား။ သမီးလေး ဖျားနေတာလား။ ဘွားဘွားတို့က ဂရုမစိုက်ဘူးလား။ ဘွားဘွားကို ဖုန်းပေးလိုက် သမီး'

သူ့သမီးလေး ဖျားနေသည်တဲ့။ သူ၏နှလုံးသားထဲမှ ထွက်ပေါ်လာသည့် စိုးရိမ်ပူပန်ရိပ်ပြည့်နေသောအသံကို ကျွန်မပင် ခံစားမိနေသည်။

'အမေ သမီးလေးက ဘယ်လိုဖြစ်တာလဲ။ ဆေးခန်းပြမပေးကြဘူးလား။ ပိုက်ဆံမရှိဘူးဟုတ်လား၊ လ,ဝက်ကမှ သမီး ငါးသောင်းပို့ထားပေးသေးတယ်လေ။ ကုန်ပြီလားအမေရဲ့ တစ်ပတ်တောင် မရှိသေးဘူး။ အဖေ ချဲထိုးပစ်ပြန်ပြီလား'

ကျွန်မ သက်ပြင်းရှိုက်မိသွားသည်။ အလုပ်မှ ပင်ပန်းလာသဖြင့် လူက ခေါင်းနည်းနည်းကိုက်ချင်နေသည်။

'စိတ်ညစ်ပါတယ်၊ အဖေနဲ့လည်း။ သမီးကိုလည်း သနားကြပါဦးလို့။ မန္တလေးမှာလည်း အလှကုန်ဈေးကွက်က အရင်လိုကောင်းတော့တာမဟုတ်ဘူး။ သမီးမှာ မနည်းရုန်းနေရတာ။ အဖေက သမီးပို့သမျှ ချဲထိုင်ထိုးနေတော့ သမီး ဘယ်အချိန်မှ အိမ်ပြန်ရတော့မှာလဲ။ ပြောရင်လည်း သမီးပဲ ငရဲကြီးဦးမယ်။ အဖေ ချဲထိုးကောင်းလို့ သမီးပါ ချဲသမားရဲ့မယား ဖြစ်ခဲ့ရပြီးပြီ။ ဒုက္ခပင်လယ် ဝေခဲ့ရပြီးပြီ။ သမီးကိုလည်း ပြန်ကြည့်ပေးကြပါဦး။ ကြာရင် သမီးလည်း လုပ်ချင်တာလုပ်ပစ်တော့မယ်'

ဒုက္ခပါပဲ။ နေနေကျအခန်းလေးထဲ ကျွန်မအသက်ရှူကျပ်လာမိသည်။ မန္တလေး၏ အပူဒဏ်က ယခုညမှ ပိုပြင်းလာသလိုပင်။

❑



www.burmeseclassic.com

www.burmeseclassic.com

'အစ်ကို့အိမ်ကို အရင် ပြေလည်အောင် ပြောကြည့်ပါဦး။ ညီမဆီလည်း အစ်ကို လိုက်နေလို့ အဆင်ပြေမယ် မထင်ဘူး။ ညီမတို့က ရန်ကုန် အစွန်အဖျားမှာမှ ကျုုးတဲလေးတွေ သဘောမျိုး နေကြရတာ အစ်ကိုရဲ့။ အစ်ကိုလိုက်လာရင် ဘာမှ လုပ်ကိုင်စားတတ်မှာ မဟုတ်ဘူးရယ်'

ဩော် ... အဲ့ဒါက သမီးလေး၏ ဦးဦးဆိုသူလား။ သူက အကုန်လုံးကို ပွင့်ပွင့်လင်းလင်း ပြောပြနေတာမို့ သူ့ရှိုးသားမှုကို ကျွန်မ အသိအမှတ်ပြုမိသည်။

'အဲ့ဒီလိုဆိုရင်တော့ ဝမ်းသာစရာပေါ့ အစ်ကိုရယ်။ အစ်ကို့ဘက်ကို မမြင်ဖူးသေးပေမဲ့ ညီမရဲ့သမီးလေးကိုပါ လက်ခံပေးနိုင်တယ်ဆိုတာနဲ့တင် ညီမ အပေါ် သိပ်ကောင်းလွန်းနေပါပြီ။ မှန်တာပြောရရင် ညီမ အဓိက စဉ်းစားတာ သမီးလေးပါပဲ။ သမီးလေးက ညီမဘဝရဲ့ နံပါတ်တစ်ပါ။ ပြီးတော့ ညီမတစ်ယောက်တည်း မန္တလေးမှာ ရုန်းကန်နေရတာလည်း ပင်ပန်းလှပါပြီ အစ်ကိုရယ်။ အစ်ကို အရင်တစ်ခေါက် မန္တလေးအထိ လာခေါ်မယ်ဆိုတုန်းက ညီမ မလိုက်ရဲတာက ညီမမှာ တစ်ကိုယ်တည်း ကိုယ်လွတ်ရုန်းနိုင်စွမ်း မရှိသေးတော့ အဘက်ဘက်က စဉ်းစားနေရသေးတာမို့ပါ။ ပြီးတော့ အွန်လိုင်းကနေ ကြိုက်ရတာက အလိမ်အညာတွေလည်းရှိတော့ ညီမလည်း အကဲခတ်ချင်သေးတယ် လေနော်။

b , fhS f
rcpf&rSwfk
orJav;& , f
ararlb 0rS
orJav;u om
t cpfq kd v ;y
cpfv ef
v Gfv efv kdS
arar wkd
aewHm; u
& x m; u Jaw G
jzwfo G;wkdf
o d v ;&Sv kdq D kd
wpf w n f
ajy; v kd fo G;c ifwm
t [ kvf

ဩော် ... အစ်ကိုလိမ်မှာ ကြောက်လို့ဆိုတာထက် ညီမက အိမ်ထောင်ရေးနွံထဲ တစ်ခါနစ်ဖူးတော့ နောက်တစ်ခါ ပြန်နစ်မှာ ကြောက်တာပေါ့ အစ်ကိုရယ်။ ဒါပေမဲ့ အခုတော့ နားလည်မှုရှိတဲ့ အစ်ကို့လိုလူနဲ့ ဆုံရတာ ညီမ သိပ်ကံကောင်းတာပဲ။ စဉ်းစားကြည့်လေ၊ ညီမလို အသက်သုံးဆယ်နားကပ်နေတဲ့ အိမ်ထောင်ကွဲ တစ်ခုလပ် မိန်းကလေးကိုလည်း လက်ထပ်ယူဦးမယ်။ သမီးလေးကိုပါ တာဝန်ယူပေးဦးမယ်ဆိုတော့ ညီမလောက်ကံကောင်းတဲ့သူ ရှိဦးမှာလားလို့။ ဒီတစ်ခါ အစ်ကိုခေါ်ရာနောက်ကို ညီမ တကယ်လိုက်လာတော့မှာပါ'

သူ့ချစ်သူ 'အစ်ကို'က ဘယ်မြို့သားပါလိမ့်ဟု ဘာရယ်မဟုတ် ကျွန်မသိချင်မိ၏။

❑

'အယ် ... ပြန်ပြောပြရမှာလား။ အေးပါ၊ အေးပါ။ စိတ်မကောက်ပါနဲ့။ မေမေ ပြန်ပြောပြမှာပေါ့။ သမီးလေးမှာတာတွေက ထမင်းအိုးရယ်၊ ဒယ်အိုးရယ်၊ ဘာဘီရုပ်လေးရယ်၊ ဆရာဝန် နားကြပ်လေးရယ်၊ နှာစ်မခေါင်းဆောင်းလေးရယ် ... ပြီးတော့ ... အဲ ... ပြီးတော့ ဘာပါလိမ့်'

သူထစ်အ,နေပုံကို နားထောင်ပြီး ကျွန်မ လွတ်ခနဲ ပြုံးမိသည်။ ကလေး အမေ ဘဝက တကယ် မလွယ်ပါ။ ကျွန်မလို မှတ်ဉာဏ်မကောင်းပုံမျိုးနှင့်ဆိုလျှင် ကျွန်မ၏ သားသမီးလေးတွေက ကျွန်မကို မကြာခဏ စိတ်ကောက်နေကြရပေလိမ့်မည်။

'အရှုံးပေးပြီကွာ၊ သမီးလေးပဲ ပြန်ပြောပြတော့။ ဩော် ... စိတ်မကောက်ပါနဲ့ သမီးလေးရယ်။ မေမေ့မှာက မှတ်စရာတွေအများကြီးလေ သဲရဲ့။ ဟုတ်ကဲ့ပါရှင့်။ နောက်တစ်ခါဆို သေသေချာချာ မှတ်ထားပါမယ်ရှင့်။ ကဲ ကျေနပ်ပြီလား။ ဩော် ... ဘယ့်နှယ် မချစ်ရမှာတုံး သမီးလေးရယ်။ မေမေ့ဘဝမှာ သမီးလေးကသာ အချစ်ဆုံးလေးပါ။ ချစ်လွန်းလွမ်းလွန်းလို့မှ မေမေတို့နေတဲ့နားက ရထားကြီးတွေဖြတ်သွားတိုင်း သဲလေးရှိတဲ့ဆီကို တစ်ခါတည်း ပြေးလိုက်သွားချင်တာ အဟုတ်'

ကျွန်မတို့က ဘူတာကြီးနှင့် အနီးတစ်ဝိုက်တွင် နေထိုင်ကြသည်မို့ ရထားသံကြားတိုင်း ကျွန်မလည်း အမေ့အိမ်ကို လွမ်းစိတ်နှင့် ပြေးလိုက်သွားချင်ဖူးတာ သတိရမိသည်။ သူကလည်း သူ့သမီးလေးကို လွမ်းသည့်အခါ ရထားကြီးတွေနောက်သို့ တစ်ခါတည်း ပြေးလိုက်သွားချင်သည်တဲ့။ တစ်နေ့နေ့တော့ သူ့ဆန္ဒလေးတွေ တကယ်အကောင်အထည်ပေါ်ပါစေဟု စာနာနှလုံးသားအစုံဖြင့် ကျွန်မ ဆုတောင်းပေးမိပါသည်။

❑

'ဩော် မယူချင်လို့ ပြောနေတာမှ မဟုတ်တာ အစ်ကိုရယ်။ ဒါပေမဲ့ ညီမမှာလည်း ငွေလေးဘာလေး နည်းနည်းပါးပါးတော့ စုဆောင်းပြီးမှ အစ်ကို့နောက် လိုက်ချင်တာပေါ့။ အစ်ကို ရှာကျွေးမှာ ညီမယုံပါတယ်။ ညီမကို အပင်ပန်းမခံစေချင်တာလည်း ညီမသိပါတယ်။ ဒါပေမဲ့ ညီမမှာက မိဘတွေနဲ့ ငဲ့စရာ မောင်နှမတွေလည်း ရှိသေးတယ်လေ။ ညီမ မရှိရင် သူတို့ ဘယ်လိုရပ်တည်ကျန်ခဲ့ကြမလဲ။ အို .... ရပါတယ် အစ်ကိုရယ်။ သူတို့တွေအထိတော့ အစ်ကိုလိုက်ပြီး တာဝန်ယူပေးလို့ ဘယ်ဖြစ်မှာလဲ။ ညီမအိမ်ထောင်မပြုခင် သူတို့အတွက်လည်း တစ်ခုခု ထူထောင်ပေးခဲ့ချင်တယ်။ ညီမက အကြီးဆုံးမဟုတ်လား။ အိမ်ထောင်ပြုပြီးမှ ဟိုကနေ လှမ်းထောက်ပံ့လို့ရတယ်ဟုတ်လား။ အစ်ကိုတို့မိသားစုက မမြင်ဖူးဘဲနဲ့တောင် ညီမ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် သိပ်ကောင်းလွန်းနေပါပြီ။ ညီမတောင် ဘယ်လိုပြောရမယ်မှန်း မသိတော့ပါဘူး။ ညီမက အစ်ကိုပေးတဲ့ နားလည်မှုတွေ၊ အချစ်တွေနဲ့ တကယ်ထိုက်တန်တဲ့ မိန်းကလေးဖြစ်ရဲ့လားတောင် ကိုယ့်ကိုယ်ကို မသိတော့ပါဘူး။ အစ်ကို့မိသားစုကို ညီမလိုက်တွေ့ရမှာတောင် တကယ်မျက်နှာပူမိပါတယ်။ ညီမဘဝမှာလေ အူဝဲဆိုကတည်းက ဒုက္ခတွေနဲ့ အရွယ်ရောက်ကြီးပြင်းခဲ့ရတာပါ။ အဖေက သိပ်ဆိုးတော့ မိသားစုဝန်ကို သမီးအကြီးဆုံးဖြစ်တဲ့ ညီမကပဲ ငယ်ငယ်လေးကတည်းက ဒိုင်ခံထမ်းပိုးလာခဲ့ရတာ။ ပညာရေးလည်း ဆုံးခန်းမတိုင်ခဲ့ရဘူး။ ဆယ့်ခြောက်နှစ်အရွယ်လေးနဲ့ ကုမ္ပဏီတစ်ခုရဲ့ လခစားဝန်ထမ်းအနေနဲ့ အလုပ်ကုန်လိုက်ရောင်းနေရပြီ။ ရသမျှ အကုန်အိမ်ပို့ပေးရတယ်။ ပို့သမျှလည်း မလောက်ငဘူး။ ဒီကြားထဲ အသက်နှစ်ဆယ့်နှစ်နှစ်မှာ အဖေ့ချဲကြွေးတွေ ကျေဖို့အတွက် ညီမထက် ခုနစ်နှစ်ကြီးတဲ့ ရပ်ကွက်လူမိုက်နဲ့ ယူခဲ့ရတယ်။ အလုပ်လည်းလုပ်ရသေး၊ နှိပ်စက်က ခံရသေးတယ်။ နောက်တော့ သူလည်း လောင်းကစားမှုနဲ့ ထောင်ကျပြီး ညီမလည်း သမီးလေးကို အမေတို့နဲ့ထားခဲ့ပြီး အလုပ်ထွက်လုပ်နေခဲ့တော့တာ နှစ်နှစ်ရှိပြီ။ ဟိုလူလည်း ထောင်ထဲမှာသေသွားပြီဆိုတော့ ရန်တော့ကင်းပါပြီ။ ဒီလိုမိန်းကလေးကို အစ်ကို့ဘက်က အားလုံးခွင့်လွှတ်ကြည်ဖြူပြီး လက်ထပ်ယူမယ်ဆိုတော့ ညီမလောက်ကံကောင်းတဲ့လူ ဒီကမ္ဘာမှာ ရှိဦးမှာလားဟင်'

t pfu kd , f
nDv nf
t pfu kdu kd
cpfyw , f
'ayrd
t pfu kdq D
u wdwmh
awmif&r , f
t pfu kdvkd
e , fpyfrdt xd
v kdufv myDSwmh
nDu kd
ypf xm;& bJaemf
v rf;jcm;
q kdjyDwmhv nf
cjcm;
r q ufq&bl

သူ့အသံလေး နားထောင်ပြီး ကျွန်မပင် မျက်ရည်လည်မိသည်။ သနားစရာကောင်းလိုက်တဲ့ အမျိုးသမီးလေးပါလား။

'ဒါပေမဲ့ ညီမကို နောက်ထပ် တစ်နှစ်လောက် ဖြစ်ဖြစ် အစ်ကိုစောင့်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ ပြီးရင် အစ်ကို့နောက်ကို ညီမ တကယ်လိုက်ပါ့မယ်။ ညီမလည်း တစ်သက်လုံး နွေးထွေးတဲ့ရင်ခွင် ငတ်လာတဲ့သူပါ အစ်ကိုရယ်။ အယ်... အခုချက်ချင်းကြီးတော့ မဖြစ်နိုင်ဘူးထင်တယ် အစ်ကိုရယ်။ သိပ်မြန်မနေဘူးလား။ အစ်ကိုပြောတာ ညီမသဘောပေါက်ပါတယ်။ အစ်ကို့မိသားစုက တွေ့ချင်နေမှာလည်း ညီမနားလည်ပါတယ်။ ဒါပေမဲ့ ညီမမှာက...'

သူ့အသံ တိတ်သွားသည်။ ကျွန်မလည်းအသက်အောင့်ထားမိသည်။

'ညီမကို တစ်ရက် နှစ်ရက်တော့ စဉ်းစားခွင့်ပေးပါ အစ်ကိုရယ်။ ညီမလည်း အစ်ကို့ကို ချစ်ပါတယ်။ ဒါပေမဲ့ အစ်ကို့ဆီက ကတိတော့ တောင်းရမယ်။ အစ်ကိုတို့ နယ်စပ်မြို့အထိ လိုက်လာပြီးမှတော့ ညီမကို ပစ်မထားရဘူးနော်။ လူမျိုးခြားဆိုပြီး တော့လည်း ခွဲခြားမဆက်ဆံရဘူး'

အို... နယ်စပ်အထိ တောင်တဲ့လား။ ဘယ်လိုနယ်စပ်လဲ။ တရုတ်ပြည်နယ်စပ်လား။ ယိုးဒယား(ထိုင်း)နယ်စပ်လား။ အိန္ဒိယနယ်စပ်လား။

ထိုညက ကျွန်မ အိပ်မပျော်ပါ။

❑

နောက်ညတွေကစပြီး သူ့အခန်းဘက်ဆီက အသံမကြားရတော့ပါ။ ကျွန်မသည် ရုံးပိတ်ရက်တွေမှာ အရှေ့ဘက်ထွက်၍ နံဘေးခြံဘက် အရိပ်အခြည်ကြည့်မိတာ မကြာခဏပင်။ သို့ပေမဲ့ အမြဲပိတ်ထားလေ့ရှိသော ထိုအိမ်၏ ပြတင်းမှန်တစ်ချပ်ချပ် ပွင့်လာပြီး တစ်ယောက်ယောက် လာရပ်နေလျှင်တောင် ထိုတစ်ယောက်ဟာ 'သူ'ဟု ကျွန်မ မသိနိုင်ပါ။

ဘာကြောင့်လဲဆိုလျှင် ကျွန်မမှ သူ့ကို မမြင်ဖူးခဲ့ဘဲလေ။

ကျွန်မသည် ဝရန်တာဘက် ငေးမျှော်ကြည့်မိရင်း တစ်ယောက်တည်း မချင့်မရဲဖြစ်နေမိသည်။ သူသည် မိသားစုနှင့်ဖုန်းပြောသည်။ ချစ်သူနှင့် ဖုန်းပြောသည်။ သို့ပေမဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ယောက်နှင့် ဖုန်းပြောတာကို ကျွန်မ တစ်ခါမှ မကြားခဲ့ဖူးပါ။ သူ့မှာ သူငယ်ချင်းတစ်ယောက်ယောက်သာရှိနေခဲ့လျှင် ခုနေခါမှာ ကျွန်မပြောချင်နေသည့်စကားလုံးမျိုးတွေကို သူကြားခွင့်ရပေလိမ့်မည်။ သူ့ကို ပြန်အားကိုးနေကြသည့် မိသားစုကို တိုင်ပင်၍ မရရှာသောသူကလည်း 'စဉ်းစားကြည့်ပါဦးမယ်'ဟု ဆိုင်းငံ့ထားသည့် ကာလငယ်အတွင်း ထိုသူငယ်ချင်းကို မုချသေချာတိုင်ပင်ပြီး အကြံဉာဏ်တောင်းရှာလိမ့်မည်။ မိန်းမသားတို့၏ ဘဝမှာ အိမ်ထောင်ရေးဆိုတာ တခြားသူဆီက အကြံဉာဏ် အလိုအပ်ဆုံး တိုင်ပင်စရာကိစ္စရပ်ကြီးတစ်ခု မဟုတ်ပါလား။ ထိုသူငယ်ချင်းလေးက ကျွန်မသာဖြစ်ခဲ့လျှင်ကော သူ့ကို ဘယ်လိုအကြံဉာဏ်မျိုးတွေ ပေးဖြစ်မည်နည်း။

အချိန်ယူပါဦး အစ်မရယ်။

ယောကျ်ားတိုင်း မကောင်းဘူးလို့ ဝါးလုံးရှည်နဲ့ သိမ်းကျုံးမယမ်းလိုပေမဲ့ အစ်မချစ်သူလောက် ကောင်းနိုင်မယ့်ယောကျ်ားမျိုးက



www.burmeseclassic.com

www.burmeseclassic.com

တော့ ဒီနေ့ခေတ်ကြီးမှာ အဲ့ဒီလောက် လွယ်လွယ်တွေ့နိုင်လိမ့်မယ်လို့ ကျွန်မကတော့ တကယ်မထင်ပါဘူး။ ဒီလိုနစ်မွန်းခံဘဝလေးထဲက အစ်မကို သူသာမက သူ့မိသားစုကပါ ဝမ်းပန်းတသာ ကြိုဆိုပြီး ရွှေဘုံစံထားကြဦးမှာတဲ့လား။

ဟုတ်ချင်လည်း ဟုတ်မှာပေါ့ အစ်မရယ်။

ဒါပေမဲ့… မဟုတ်ခဲ့ဘူးဆိုရင်ကောဟင်။ မဟုတ်ခဲ့ဘူးဆိုရင် ကျွန်မတို့ ဘာဆက်လုပ်ကြတော့မလဲ။

ပြီးတော့ …သူ က အဝေးကြီးမှာနေတာတဲ့ အစ်မ။ အစ်မ သူ့နောက်ကို လိုက်သွားပြီးမှ အဲ့ဒီနေရာက ကျွန်မတို့ အစ်မတို့ ထင်ထားတာထက် ပိုဝေးတဲ့နေရာတစ်ခု ဖြစ်နေခဲ့ရင်ကော။ အစ်မ သမီးလေးကိုခေါ်ဖို့ မပြောနဲ့ အစ်မသမီးလေးဆီ ဘယ်တော့မှ ပြန်လာလို့မရနိုင်တော့အောင် အဝေးဆုံးနေရာတစ်ခု ဖြစ်နေခဲ့ရင်ကော…။

ကျွန်မကပဲ သံသယများလွန်းနေမိတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ပေမဲ့ တာဝန်ကျေသည့် သာမန် မိဘနှစ်ပါးက မွေးဖွားခဲ့ပြီး ဘွဲ့လက်မှတ်လေးတစ်ခုနှင့် ကိုယ်လိုပညာတတ်တွေကြား(သူ့ထက်စာလျှင်) သက်သောင့်သက်သာ ကျင်လည်ခွင့်ရနေသည့် ကျွန်မပင်လျှင် ကျွန်မဝန်းကျင်အပေါ် မျက်စိစုံမှိတ် အယုံကြည်မလွယ်သေးလျှင်….။

မွန်းကျပ်လွန်းသည့် ဘဝကပဲ ဆင်ခြင်တုံတရားတွေကို မျက်ကွယ်ပြုပြီး ဆင်ကန်းတောတိုး လွတ်မြောက်သွားချင်လောက်အောင်အထိ သူ့နှလုံးသားကို ညှို့ငင်ဖြား ယောင်းသွားခဲ့လေသည်လား။

ဘာပဲဖြစ်ဖြစ် သူ့ကို အချိန်လေးတစ်ခုယူပြီး ထပ်စဉ်းစားဖို့တော့ ကျွန်မသေချာပေါက် တိုက်တွန်းဖြစ်ပေလိမ့်မည်။

ကျေးဇူးပြု၍ ကျွန်မ စိတ်မပူရလေအောင် 'သမီးလေးရေ' ဆိုတဲ့ အသံလေး ပေးပါဦးလား ဟိုဘက်အခန်းက အစ်မရေ…။

❑

သူသည် သူချစ်သည့် အစ်ကိုဆိုသူနောက်ကို လိုက်သွားဖြစ်သလား။ သူသိပ်ချစ်ပါသည်ဆိုသည့် သမီးလေးဆီကိုပဲ ပြန်သွားလေသလား။ ဒါမှမဟုတ် မပြောင်းလဲသေးသည့် လက်ရှိအခြေအနေနှင့်ပဲ ဟိုဘက်အခန်းမဟုတ်သည့် နေရာသစ်တစ်ခုခုမှာ ရောက်ရှိကျင်လည်ခဲ့ပြီလား။

ကျွန်မ မသိပါ။

ဖွံ့ဖြိုးဆဲ၊ ထူထောင်ဆဲ တိုင်းပြည်တစ်ခု၏ အဖြေရှာမရသော ပုစ္ဆာတွေဆိုတာ ဒီခေတ်ကြီးထဲမှာ အံဝင်ခွင်ကျ လူဖြစ်လာခဲ့ကြသည့် ကျွန်မတို့အတွက် စိမ်းသက်သော အရာတွေ မဟုတ်ခဲ့ပါ။ သူသည်လည်း ကျွန်မဝန်းကျင်ရှိ အဖြေရှာမရခဲ့သည့် ပုစ္ဆာများထဲမှ တစ်ပုဒ်သာဖြစ်ပါသည်။

ဒါပေမဲ့ ကျွန်မကတော့ အိပ်ရာဝင်တိုင်း တစ်ဖက်ခန်းဆီမှ 'သမီးလေးရေ…' ဟူသည့် အသံလေးကို အခုချိန်ထိ ယောင်ယမ်းနားစွင့်နေမိဆဲ၊ ရထားဖြတ်သွားသံကြားတိုင်း ရထားတစ်စင်းစင်းပေါ် သူ လိုက်ပါသွားတန်ကောင်းရဲ့ဟု မျှော်လင့် ဆုတောင်းပေးနေမိဆဲပင်။

■

**ငွေဇင်ယော်ဦး၊မိုးကုတ်၊**

BURMESE CLASSIC .com



www.burmeseclassic.com

ချောနှင်းမာန်(မန္တလေး)

# မမြင်ရတဲ့ ကြိုး

'အစ်မရေ၊
လက်ဆောင်ပစ္စည်းလေးတွေ
ကားဂိတ်ကနေ
ပို့လိုက်တယ်။ မနက်ဖြန်
ကျေးဇူးပြုပြီး
သွားယူလိုက်ပါနော်၊
ဖုန်းဆက်ပါလိမ့်မယ်'
မထင်မှတ်ထားတဲ့
စကားသံချိုချိုလေးကြောင့်
မြတ် အံ့ဩသွားတယ်။
'ဘာလက်ဆောင်တွေ
လဲ ညီမလေး'
'စားစရာ
နည်းနည်းပါးပါးရယ်၊
ကချင်ထဘီရယ်ပါ အစ်မ'
'ဘာလို့များ
ပို့ပေးရတာလဲ၊
ဒုက္ခများလိုက်တာ'

'မများပါဘူး အစ်မရယ်။
အထက်က အစားအစာတွေ
လတ်လတ်ဆတ်ဆတ်
စားစေချင်လို့ရယ်၊
ထဘီလေးကတော့
အစ်မအရပ်အမောင်း
အသားအရေနဲ့လိုက်
လို့ပါ၊ အားနာစရာ
မလိုပါဘူး'
'ကျေးဇူးပါ၊
မနက်ဖြန် သွား
ယူလိုက်မယ်လေ'
'ဟုတ် အစ်မ၊ ဒါပဲနော်၊
သူပြန်လာတော့မှာမို့
ဖုန်းချလိုက်တော့မယ်'
သူ...။
ကောင်မလေး ဖုန်းချသွားပြီး



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

> jrwf armifuk tlyDvkif pEf/Tv&awmh,f rykdfqkdcif uwnfu ½kdyDom;rkd armif jrwfuk cGfvTvf jrwf armifuk cpfclyw,fvk qkdvmufom armifuk qufpaecGh ESvkm;u vufcHy;vk r&

ချိန်ထိ ငေးငိုင်နေမိတယ်။ ရင်းနှီးသွားမှ ခေါ်မိတဲ့ ညီမလေး နာမည်က ခိုင်မေဇင်တဲ့။ ညီမလေးလို့ မြတ် နှုတ်က အလွယ်တကူ စီးမျော ခေါ်မိသွားတာလည်း အံ့သြစရာပင်။ တကယ်ဆို မြတ်တို့နှစ်ယောက်က သူစိမ်းဆန်ဆန် ရန်ဘက်တောင် ဖြစ်ကြရဦးမှာ။ ခုတော့ ခင်မင်ရင်းနှီးသူတွေတောင် ဖြစ်လို့။ သူ့အနားမှာ ခင်မင်ရင်းနှီးသူ မိတ်ဆွေကောင်းလည်းမရှိ၊ တစ်ဦးတည်းသော သမီး။ ပိုက်ဆံလည်း ချမ်းသာတယ်။ ဘယ်သူ့ကို ယုံကြည်ကိုးကွယ်ရမှန်းမသိတဲ့ သူဟာ မြတ်ကို မိတ်ဆွေကောင်းစာရင်းထဲ ထည့်ကာ ခုတော့ ဖုန်းတွေ မကြာခဏ ဆက်ပြီး လက်ဆောင်တွေ ပို့လို့။ တကယ်တော့ ဒီလိုဖြစ်စဉ်မျိုး ဖြစ်လာလိမ့်မယ်လို့ မြတ်လည်း မယုံနိုင်။ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ကို ပြောပြတော့ ဟုတ်ရဲ့လား၊ ထဲထဲဝင်ဝင် ပူးသတ်ခံနေရဦးမယ်၊ သတိထားဆိုပြီး သတိပေးတယ်။ မြတ် စိတ်ထဲမှာတော့ ဘာကြောင့်မှန်းမသိ၊ စိတ်ယုတ်ရှိမယ့် မိန်းကလေးတစ်ယောက် မဟုတ်ဘူးလို့ ယုံကြည်မိတယ်။

'... အရင်တုန်းက အစ်မကို သိပ်မုန်းတာ။ အသံလည်း မကြားချင်၊ မြင်လည်း မမြင်ချင်ဘူး။ နောက်တော့ အစ်မကို အရမ်းတန်ဖိုးထား၊ အစ်မစိတ်ကို အရမ်းလေးစားပြီး အစ်မ စကားဆို မြေဝယ်မကျ နားထောင်တတ်တဲ့ သူ့ကို အံ့သြလွန်းလို့ တွေ့ချင်လာတယ်။ စကားပြောချင်လာခဲ့တယ်'တဲ့။

အဲဒီတုန်းက ခိုင်မေဇင်လို့ပဲ ခေါ်ခဲ့သေးတယ်။ သူ့စကားတွေထဲမှာ မြတ်နဲ့ မောင့်အကြောင်း မသိတာမရှိ။ အရမ်းသိလွန်းလို့ မေးကြည့်တော့ မြတ်နဲ့မောင် ရေးထားတဲ့ စာတွေကို မောင့်ဖုန်း PWသိလို့ ခိုးဖွင့်ကြည့်တာတဲ့။ အိုး...အံ့သြလို့ ရင်ဘတ်ဖိမိတယ်။ ဒီတော့ ခိုင် မြတ်ကို မုန်းတာ ဘာဆန်းသလဲ။ 'အခြားမိန်းကလေးတွေတုန်းက သူတွဲရင် ခဏပဲ။ ဘယ်တော့မှလည်း မချီးကျူးဘူး။ ခု အစ်မကိုကျ တမ်းတမ်းစွဲဖြစ်ပြီး သူမခွဲနိုင်တာ ဘာကြောင့်လဲ။ အစ်မဆိုရင် မသိခင်တုန်းကလည်း အရမ်းချီးကျူးတယ်။ ဒါကြောင့် 'မြတ်'ဆိုတာ ဘယ်လို အမျိုးသမီးမျိုးလဲဆိုတာ သိချင်လို့ စုံးစမ်းခဲ့တယ်'တဲ့။

နောက်ဆုံး တွေ့တယ်ပေါ့။ သိပ်မစုံစမ်းရပါဘူး။ အားလုံးလိုလို သိခဲ့ရတယ်။ မုန်းမုန်းနဲ့ စုံစမ်းတဲ့ထဲမှာ ကြားရတာ မြတ် မကောင်းကြောင်း တစ်ခုမှမပါဘဲ မြတ်ဟာ ဘယ်လိုတော်ကြောင်း၊ ဘယ်လိုမိန်းမ ပီသကြောင်း၊ မြန်မာအဝတ်အစားကလွဲရင် မဝတ်ကြောင်း၊ ကျောင်းသားကျောင်းသူတွေ ချစ်ကြကြောင်း၊ ယဉ်ကျေးသိမ်မွေ့ကြောင်း စုံလို့ပါပဲ။ ခိုင် ပြောတဲ့ထဲမှာ မြတ်ကို သီးသန့်ချီးမွမ်းခန်းဖွင့်နေသလား အောက်မေ့ရတယ်။ မြတ်ပင် မနေတတ်။

ခိုင်က သူ့စိတ်မှာ အကန့်တစ်ခုရှိနေလို့သာ မောင့်ဖုန်းထဲကစာတွေ ခိုးဖတ်ပြီးကတည်းက ဒီအမျိုးသမီးဘက်က မဆိုးဘူးလို့ မှတ်ချက်ပေးပြီးသားပါတဲ့။ မောင့်ရဲ့ စွဲလမ်းတွယ်တာမှု၊ မြတ်အပေါ် ချိုချိုနွဲ့နွဲ့ ကဗျာဆန်ဆန် နှစ်သက်စရာကောင်းတဲ့ စာသားတွေကို သူတစ်သက် မြတ်ကိုရေးတဲ့ စာထဲမှာသာ ဖတ်ဖူးခဲ့တာ။ ဝါသနာတွေကလည်း တူကြတော့ မိန်းမစိတ်ပီပီ ဖတ်နေရင်း သဝန်တို ကြေကွဲခံစားရပြီး အိပ်မပျော်တွေ ဖြစ်ခဲ့တယ်။ နောက်ဆုံး မောင့်ကို မျက်နှာချင်းဆိုင် မေးကြည့်မယ်လို့ ဆုံးဖြတ်လိုက်ချိန်မှာ မောင့်နှုတ်က ဝန်ခံလိုက်မှာကို သိပ်ကြောက်သွားခဲ့တယ်တဲ့။

ခု ခိုးဖတ်တဲ့ စာတွေထဲမှာရော ဝန်ခံတာထက်ဆိုးတဲ့ မြတ်ကို ဘယ်လိုချစ်ကြောင်း၊ မခွဲနိုင်ကြောင်း၊ အရမ်းချစ်သွားကြောင်းတွေ ပါခဲ့တာ မဟုတ်လား။ ခိုင် နောက်ဆုံး မောင့်နှုတ်က ဝန်ခံလိုက်မှာကိုတော့ ခိုင် တကယ်ကြီးကြောက်နေပုံပါ။ ဒီလိုနဲ့ မြတ်အကြောင်းတွေစုံစမ်း၊ အရဲစွန့်ပြီး ပထမဆုံး ဖုန်းဆက်လာတဲ့နေ့က မြတ်က ပုံမှန်စကား ပြန်ပြောနိုင်ပေမဲ့ ခိုင်က အသံတွေ တုန်နေတယ်။ တုန်လှုပ်နေခဲ့တယ်။

'အစ်မဆီ ဖုန်းဆက်ဖို့ ခိုင် အတော် အားယူခဲ့ရတယ်။ စိတ်ထဲမှာ အစ်မကို မောင်နဲ့ ဆက်သွယ်ဖြတ်ဖို့ ပြောမယ်လို့ စိတ်ကူးခဲ့တယ်။ မအောင်မြင်ဘူး။ စာထဲမှာ အစ်မဘက်က ပြတ်ပြီးသား၊ မောင့်ဘက်ကသာ မပြတ်နိုင် ဖြစ်နေတာ ဖတ်ရသားပဲ။ နောက်တော့ ဘယ်ကစ,ပြောရမှန်း မသိတော့ဘူး။ အစ်မဘက်က ဟုတ်ကဲ့၊ ပြောပါရှင်လို့ သုံးခါလောက် ထူးတော့မှ ခိုင် အသံထွက်လာနိုင်တော့တယ်။ ရန်ထောင်ချင်စိတ်တွေလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး'တဲ့။

ဟုတ်တယ်၊ ခိုင့်ဘက်က မောင့်ဇနီးပါလို့ စ,မိတ်ဆက်လိုက်ချိန်မှာ မြတ်လည်း အသံတွေ တိတ်သွားခဲ့တယ်။ နောက် မောင့်ဇနီး ခိုင့်ဆီကနေ အိမ်ထောင်ရေး အက်ကွဲမှုတွေအကြောင်း၊ မောင်ဟာ မိသားစုကို အရင်လို ဂရု



www.burmeseclassic.com

www.burmeseclassic.com

မစိုက်တော့ကြောင်း ခိုင်က အချစ်ဦးဖြစ်တဲ့အတွက် အဆုံးရှုံးမခံနိုင်ကြောင်း၊ သားနဲ့ သမီးကို သနားကြောင်း၊ အစ်မ စကားဆို သူက နားထောင်ကြောင်း၊ ညတိုင်း အရက်ဆိုင်မှာ အဖော်တွေနဲ့ အရက်သောက်ကြောင်း စုံလို့ပါပဲ။

‘အခုက ခိုင် ညီမလေး ဘာဖြစ်ချင်တာလဲ’

မြတ်က မေးတော့ ခိုင်က ငိုပါတယ်။

‘သူ့ကို ဟိုးအရင်တုန်းကလို ခိုင်နဲ့ မိသားစုအပေါ် ချစ်ပြီး ဂရုတစိုက်လေး ပြန်ဖြစ်စေချင်တယ်။ အစ်မရဲ့ စိတ်နဲ့ အစ်မအကြောင်းကို သိပါတယ်။ အစ်မ စကားဆို သူက အရမ်းနားထောင်တယ်လေ’

‘ဟိုးအရင်တုန်းကလို ဆိုရင် ဘာမှ မရှိခင်၊ မဖြစ်ခင် အခြေအနေလေးဆီ ခိုင် ပြန်သွားချင်တယ်ဆိုရင် ရနိုင် မရနိုင်တော့ အစ်မ မသိဘူး။ ဟိုးအရင်က ညီမပုံစံအပြောင်းအလဲတွေက သူ့စိတ်ကို ပြောင်းလဲစေခဲ့တယ်။ ဒါတွေကို အစ်မသိတယ်။ အစ်မက ကြည်ဖြူစွာနဲ့ ညီမနား ပြန်လွှတ်ခဲ့ပြီးသားပါ။ စည်းဝိုင်းထဲမှာ ညီမ ပြန်ကိုင်တွယ်တတ်ဖို့တော့ လိုတာပေါ့။ ညီမ နားလည်လား မသိဘူး’

‘ဟုတ် အစ်မ’

‘မိသားစု ပြိုကွဲမှာကိုတော့ အစ်မ မလိုလားဘူး’

‘အစ်မ’

‘ပြောလေ’

‘သူ့ကို အစ်မ တကယ်ချစ်ခဲ့တယ်မဟုတ်လား’

‘သူ့အပါအဝင် သူ့မိသားစု မပြိုကွဲစေချင်လို့

pmta&;tom; aumifwbl armifpmawGukd zwfcJhwm tuif jzpfaewlt wGif &ifxJrSawmh tawmfukd [mwmwmeY t x,Du ef jzpfcJw ,f armif r&SdawmhwlD qkdaf v;ukd nf ra&mujzpfawmh armifcYGcbwD ae&mwkdf ajc0,D rvSn,Zpfa tmif aecbw ,f

ချစ်ပေမဲ့ ပြန်လွှတ်ခဲ့တာ’

‘ကျေးဇူးတင်ပါတယ် အစ်မရယ်၊ အစ်မကြောင့် သူ အိမ်ပြန်ရောက်လာတာ’

‘ကျေနပ်တယ် မဟုတ်လား’

‘ဘယ်လိုမှ ထင်မထားဘူး၊ အရမ်းပျော်ခဲ့တယ်’

‘ခု အိမ်မှာ ညီမကို နှိပ်စက်လား’

‘မနှိပ်စက်ပါဘူး။ ကလေးတွေ ကျောင်းကြိုပို့ လုပ်ပေးတယ်။ သူ အပြင်ထွက်တာများတယ်။ ညီမနဲ့ စကား သိပ်မပြောဘူး’

‘သူက စိတ်ဒဏ်ရာကြီးကြီးနဲ့ ညီမဆီ ပြန်ရောက်လာတာ။ အလိုက်သင့်နေပေးလိုက်ပါ။ အရင်လို သူ့ကို ငြူစူနေရင် ပြန်ထွက်သွားလိမ့်မယ်။ အစ်မကတော့ ပြန်လွှတ်ပြီးသားမို့ လက်မခံပါဘူး။ အခြားကိုင်း ကူးသွားရင် အစ်မလည်း တာဝန်မယူနိုင်ဘူး။ ညီမ သတိထားရလိမ့်မယ်’

‘ဟုတ်ကဲ့ အစ်မ၊ ညီမ သူ ပြန်မလာတော့မှာကို စိုးရိမ်ပြီး အရက်သောက်တဲ့နေရာထိ လိုက်သွားတယ်’

‘မလိုက်ပါနဲ့ ညီမရယ်၊ သိက္ခာကျပါတယ်။ ယောကျ်ားတွေသွားတဲ့ နေရာတိုင်းကို မိန်းမတွေလိုက်တာ မကောင်းဘူး။ ပတ်ဝန်းကျင်ကတွေ့ရင် ညီမအလွန်ဖြစ်လိမ့်မယ်။ သူ့ကို စိတ်လွတ်လပ်ခွင့် ပေးလိုက်ပါ’

‘ဟုတ်၊ အစ်မပြောသလိုပါပဲ။ ပတ်ဝန်းကျင်က ညီမကို ကဲ့ရဲ့ကြတယ်၊ အတင်းပြောကြတယ်၊ ဘေးလူတွေကတော့ ဒီလို သစ္စာမရှိတဲ့ ယောကျ်ား ကွဲပစ်လိုက်။ သူက နှစ်ယောက်တွဲရင် ကိုယ်က သုံး,လေးယောက် တွဲပစ်လိုက်၊ စိတ်ဆင်းရဲခံမနေနနဲ့လို့ ပြောကြတယ်’

‘အဲဒါမျိုး မလုပ်ရပါဘူး၊ မိန်းကလေးက အရွဲ့တိုက်ရင် ကိုယ်ပဲ နာမှာပေါ့။ သူတို့ပြောသလို ညီမတကယ်ကွဲနိုင်လို့လား’

‘မကွဲနိုင်ပါဘူး အစ်မရယ်’

‘ဒါဆို စိတ်ဆင်းရဲမခံပါနဲ့။ ညီမ အိမ်ပြန်ရောက်လာပြီပဲ။ ညီမ သူ့ကို တကယ်ချစ်ရင် ကိုယ့်ဘက်ကလည်း စည်းရုံးတတ်ဖို့လိုတယ်လေ။ သူ အပြင်တွေချည်း ထွက်စားတာ ဘာလို့လဲ၊ အပြင်ရောက်ရင် အဖော်ပါတော့ သောက်ဖြစ်တယ်။ နေ့တိုင်း ညီမရဲ့ ပြီးစလွယ် ထမင်းဝိုင်းက သူ့အပေါ်ကို မဆွဲဆောင်စေဘူးဆိုရင် အပြင်ထွက်စားမှာ သဘာဝပဲလေ။ နောက်ပြီး နားလည်မှု အပြန်အလှန်ပေးရလိမ့်မယ် ညီမ’

‘ဟုတ်ကဲ့၊ ညီမ ကြိုးစားပါ့မယ်။ အစ်မကို ပြောရတာ ကိုယ့်သွေးသားရင်းတစ်ယောက်ကို တိုင်ပင်ရသလိုပဲ။ စိတ်ထဲမှာလည်း အေးသွားတယ်။ နောက်လည်း မကြာမကြာ ဖုန်းဆက်မယ်နော်’

ခိုင့်ဘက်က ဖုန်းချသွားတာ ကြာပေမဲ့ အတွေးတွေထဲ လွင့်မျောနေဆဲ။ ကောင်မလေးကို သနားစိတ်လည်း ဝင်လာပြီး သူ့ကို ဘယ်သူကမှ လမ်းကြောင်းမှန်ပေါ် တည့်မပေးနိုင်ဘူးဆိုတဲ့ စိတ်တွေနဲ့ မြတ် နှစ်သိမ့်နားလည်ပေးခြင်းပါ။ ဒီလိုပဲ မောင့်အပေါ်မှာလည်း နှစ်သိမ့်ပေးမှုတွေကတစ်ဆင့် အတိုင်းအတာတစ်ခုထက် ကျော်လွန်တဲ့ သံယောဇဉ်တွေ မြတ်ကိုယ်တိုင် ချည်နှောင်ခံရတာပါပဲ။ မောင့်ကို စ,သိတုန်းက မောင့်ကို အိမ်ထောင်ရှိမှန်း လုံးဝ မသိခဲ့တာပါ။

❑

မောင်က သူ့သူငယ်ချင်းနဲ့ စပ်တူ အခွေကူးဆိုင်မန္တလေးမှာ လာဖွင့်တယ်။ မြတ်က တစ်ပတ်ကို နှစ်ခါ, သုံးခါ ရောက်တယ်။ တရား



www.burmeseclassic.com

www.burmeseclassic.com

ခွေ၊ ဟောပြောပွဲခွေ၊ သင်တန်းခွေ၊ သီချင်းခွေတွေကို အမြဲကူးနေကျ။ အဲဒီဆိုင်လေးမှာ မျက်နှာစိမ်း မောင့်ကို စ၊ တွေ့ခဲ့ရတယ်။ အပြုံးချိုချိုနဲ့ ဝန်ဆောင်မှုကောင်းတဲ့ မောင်နဲ့မြတ် မကြာခင် ရင်းနှီးသွားပြီး မြတ်ကို သီချင်းတွေ ကူရွေးပေးပြီး သူကိုယ်တိုင် အဖုံးကာဗာ လှလှလေးတွေနဲ့ စနစ်တကျ ကူးပေးတယ်။ နောက်ပိုင်း မြတ် ကားပေါ်ဖွင့်ဖို့ အချစ်သီချင်းလေးတွေ သီးသန့်ကူးပေးတယ်။ နောက် ဖုန်းနံပါတ်တောင်းတယ်။ ဖုန်းဆက်တယ်။ ဖုန်းဆက်တာတွေ စိပ်လာပြီး မောင့်အကြောင်းလေးတွေ သိလာရတယ်။ နောက် အအေးဆိုင်မှာ တွေ့ဖြစ်လာကြတယ်။ CB ကနေ မနက်တိုင်ဆို good morning အရုပ်လေးတွေနဲ့အတူ နိုးထ၊ တတ်လာတယ်။ ညဆိုရင် ညဉ့်နက်နက်ထိ စကားပြောတတ်လာတယ်။ ရုပ်ရှင်အတူ ကြည့်ဖူးလာတယ်။ တစ်ခါတစ်ရံပါ။ အများအားဖြင့်ကတော့ ဘုရားသွားတာများတယ်။ ကုသိုလ်တော် ခရေရိပ်အောက် စကားပြောရတာ၊ မန္တလေးတောင်တက်ရတာ၊ ဦးပိန်တံတားပေါ် လမ်းလျှောက်ရတာကို မောင်က ပိုသဘောကျတယ်။ မြတ်က တက္ကသိုလ်က ဆရာမတစ်ယောက်ဖြစ်တဲ့အတွက် နေရာစုံသွားတာကို မကြိုက်။

ဒီလိုနဲ့ အပေးအယူမျှနေတဲ့ ဘဝလေးထဲကို မောင်က တစ်နေ့တော့ သူ့မိသားစုအကြောင်း ဖွင့်ဟပြောခဲ့တယ်။ သူ မညာခဲ့ပါဘူး။

**wpf;wavawmh armif\ pjpjepfepf vGefvmwJh tcsdef\ pmav; wpfuvmif;avmuf ½dkuf ciff;pdkvfu renf; wm;rpf&w ,f vkd;ay:rS pdk;aewmav;uk ai;u nSif armifv nf 'DvdkyJ aerSyJ vkd awG;dkv ,f**

ဒါပေမဲ့ မောင်နဲ့ မြတ်က သံယောဇဉ်တွေ ချည်နှောင်မိကြပြီ၊ ဘယ်လိုလုပ်မလဲ။ မြတ် မောင့်ရင်ခွင်ထဲမှာ အဲဒီနေ့က ငိုခဲ့တယ်။ ဘာကြောင့်မှန်းမသိ ဝမ်းနည်းလွန်းခဲ့တယ်။ မောင်က အိမ်ထောင်ရေး အဆင်မပြေမှုနဲ့ အိမ်ပေါ်က ဆင်းလာတာတဲ့။ မောင့်မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်။ ချစ်လို့ယူခဲ့ကြတဲ့ အိမ်ထောင်တစ်ခုမှာတောင် အတွေးမတူတော့ ဝေးခဲ့ကြတယ်။ မောင်က တက္ကသိုလ်ဆရာဖြစ်ချင်သူ၊ ဖြစ်နိုင်ခဲ့ပါလျက် ခိုင်တို့ဘက်ရဲ့ ဩဇာလွှမ်းမိုးမှုတွေကြောင့် စီးပွားရေးလိုင်းထဲ ဇွတ်တိုးဝင်ခိုင်းခဲ့တယ်။ မောင့်လိုင်းမဟုတ်တာကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်တဲ့အခါ ရှုတ်ချကြတယ်။ ခိုင်ကိုယ်တိုင်က ငွေစကားပြောတတ်တယ်၊ နှိမ်ချင်လာတယ်။ အိမ်မှာ အိမ်ဖော်နဲ့သာ အချက်အပြုတ် ပစ်ထားပြီး ပြီးစလွယ် ထမင်းပိုင်းကိုဖြတ်သန်းစေခဲ့တယ်။ အိမ်ဖော်ရဲ့ အပါးခိုမှုကြောင့် ဆိုင်ဟင်းတွေကို စားရင်း ငြီးငွေ့လာတတ်တယ်။ ဒီလိုနဲ့ အရာရာကို ငြီးငွေ့လာတဲ့အခါ မောင်ဟာ ပေါက်ကွဲစေတဲ့ ရန်ပွဲတွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ သည်းမခံနိုင်တော့ အိမ်က ဆင်းလာပြီး သူငယ်ချင်းအခွေကူးဆိုင်ထဲ ရှယ်ယာထည့်ပြီး မန္တလေးရောက်လာခဲ့တယ်။ မြတ်နဲ့တွေ့တော့ မြတ်ကိုယ်တိုင်ချက်ထားတဲ့ အိမ်ထမင်း အိမ်ဟင်းကို မောင်က အရမ်းနှစ်သက်တယ်။

'မောင် မြတ်ကို ဘယ်လိုချစ်သွားမှန်းကို မသိလိုက်ဘူး'

ဒီစကားကြားတော့ မြတ်ရင်တွေ ခုန်ခဲ့တယ်။

အမှန်အတိုင်း ဖြေရရင် မြတ်လည်း မောင့်ကို ဘယ်လိုချစ်သွားမှန်း မသိလိုက်ဘူး။ သိလိုက်တဲ့အချိန်မှာ မောင့်ကို မြတ် အရမ်းချစ်မိနေပြီပဲ။ မောင့်အကြောင်းသိရချိန်မှာ မြတ် ကြေကွဲတယ်။ ဒါပေမဲ့ ချစ်နေတာက လျော့မသွားဘူး။ မောင်နဲ့မြတ်ရဲ့ ရှေ့ခရီးက ခက်ပြီ။ မောင်ကတော့ ခိုင်နဲ့ ဆက်ပေါင်းဖို့ မဖြစ်နိုင်လို့ ကွဲမယ်တဲ့။ ဒီလိုကြီးလည်း မြတ် လက်မခံနိုင်။ တခြားမဟုတ် သူ့အဖေကို သိပ်ချစ်တဲ့ကလေးနှစ်ယောက် ရှိသေးတယ်။ မောင်က နောက်ဆုံး မြတ်နဲ့ မခွဲနိုင်လို့ ဒီလိုလေးပဲ ချစ်သွားကြမယ်တဲ့။ ဟင့်အင်း၊ ရေရှည်က ရှိသေးတယ်လေ။ မြတ် မောင့်ကို ချစ်ရတာ ပျော်ပါတယ်။ ပျော်ခဲ့တယ်။ ဒါပေမဲ့လည်း မွန်းကျပ်လာပြန်တယ်။ အတွေးတွေ များလာတယ်။ မေမေ့ စကားအရ သမီးအိမ်ထောင်ပြုမယ်ဆိုရင် ကိုယ်ရွေးချယ်လိုက်တဲ့ လူကို ပတ်ဝန်းကျင်က 'ဟင်'ဘွဲ့ မရစေနဲ့ သမီး။ 'ဟင်'ဆိုတာ ခံစားမှုအမျိုးမျိုးရှိတယ်ဆိုတာ သမီး သိတယ်နော်။

မေမေပြောတဲ့ 'ဟင်'ဘွဲ့ကို မြတ်ချစ်တဲ့ မောင်က ရနေတာ အသေအချာ။ ဒီတော့ မေမေက ခါးခါးသီးသီး ငြင်းဆန်လိမ့်မယ်။ နောက်ဆုံး မောင့်ကို မြတ် စကားပြောရတော့မယ်။ ရင်ထဲမှာတော့ ထွက်ရမယ့် စကားလုံးတိုင်းက နာကျင်လွန်းလှတယ်။ အရင်တုန်းက ကုသိုလ်တော်ဘုရား ခရေရိပ်က အေးမြသလောက် ခုတော့ ရှုက်ကြိုရှုက်ကြားက နေပြောက်လေးတောင် မခံနိုင်အောင် ပူလောင်နေတယ်။ ညကလည်း တစ်ညလုံး အိပ်မပျော်၊ မြတ်တို့ တွဲနေတာကို သိလာတဲ့ မေမေက စုံစမ်းထောက်လှမ်းမှုတွေနဲ့ မြတ်ကို မေးလာခဲ့တယ်။ မြတ်မေမေဟာလည်း သောကတွေနဲ့ သူမသိတာ မရှိခဲ့ပါလား။

'သမီးချစ်သူက အိမ်ထောင်သည်ဆို'



www.burmeseclassic.com

www.burmeseclassic.com

မေမေ့ မေးခွန်းကရင်ကို သံဆူးချွန်နဲ့ ထိုးသလိုပါပဲ။ မြတ် မေမေ့ကို လိမ်ဖို့ မရည်ရွယ်ပါ။ အကုန်ပြောပြလိုက်တယ်။ မေမေ အခုလိုမပြောခင်ကတည်းက မြတ် မောင့်ကို ဖြတ်ဖို့ ဆုံးဖြတ်ပြီးသားပါ။ မြတ် မောင့်ကို အပြီးတိုင် စွန့်လွှတ်ရတော့မယ်။ မပိုင်ဆိုင်ခင်ကတည်းက ရှုံးနိမ့်ပြီးသားမို့ မောင် မြတ်ကို ခွင့်လွှတ်ပါ။ မြတ် မောင့်ကို ချစ်ခဲ့ဖူးပါတယ်လို့ ဆိုရုံလောက်သာ။ မောင့်ကို ဆက်ချစ်နေခွင့် နှလုံးသားက လက်မခံပေးလို့မရ။ မဖြစ်နိုင်တာကတော့ မောင်နဲ့မြတ်ရဲ့ ကံကြမ္မာပေါ့လေ။

❑

မောင့်မိသားစုဆီ ပြန်ဖို့ မောင့်ကို ပြောပြတဲ့အခါ မောင်က ခါးခါးသီးသီး လက်မခံခဲ့ပါဘူး။ နောက်ပိုင်း မောင်က မညာတတ်တဲ့အတွက် နိုင် နေ့တိုင်း ဖုန်းဆက်လာပြီး ကလေးတွေနဲ့ စကားပြောခိုင်းကြောင်း၊ ဖုန်းထဲမှာ သမီးက အရမ်းငိုကြောင်း၊ ဖေနဲ့မကြေးမှာ အရင်လို အတူတူ အိပ်ချင်ကြောင်း သမီးက ပြောတာတွေကို ပြန်ပြောပြတယ်။ မောင်လည်း သမီးနဲ့သားကို လွမ်းနေပုံပါ။ သမီးရဲ့ မွေးနေ့က နီးလာပြီမို့ အဖေ့ကို မျှော်နေကြောင်း၊ မြတ်ရှေ့တင် ဖုန်းဆက်လာတဲ့အခါ မြတ် မျက်ရည်ကျမိတယ်။

‘မောင် ကလေးတွေဆီ ပြန်သွားပါနော်’

‘မြတ်’

‘ကလေးတွေအတွက် လုံခြုံမှု မေတ္တာတရားတွေလိုတယ်မောင်။ ခု မောင်အကြားကြီး ပစ်ထားတာ၊ ဖုန်းသံထဲမှာ မောင့်သမီးအသံက ဟန်လုပ်နေတာ မဟုတ်ဘူးမောင်။ သူ့မွေးနေ့လေးကို မောင် အတူ ပျော်ပေးလိုက်ပါ။ မြတ်ကြောင့် မိသားစုပြိုကွဲတာကို မလိုလားဘူး’

‘မောင် မြတ်ကို မခွဲနိုင်ဘူး ဖြစ်နေတယ်’

‘မခွဲရပါဘူး၊ မြတ်တို့ မိတ်ဆွေရင်းတွေလို ခင်နိုင်နေသေးတာပဲလေ’

‘မြတ်ရယ်… မောင်က ချစ်တာလေ’

အဲဒီနေ့က မောင့်ရင်ခွင်ထဲ နောက်ဆုံး မြတ်လည်း မျက်ရည်ကျ၊ မောင်လည်း မျက်ရည်ကျခဲ့ရတဲ့ နေ့ပါပဲ။

မောင့်ကို စကားတွေနားဝင်အောင်ပြောရင်း မောင့်သမီး မွေးနေ့အမီ မြတ်စကားကိုနားထောင်ပြီး မောင် သူ့ရဲ့ မြို့လေးဆီ ပြန်သွားခဲ့ပါတယ်။ သမီးလေးနဲ့ Birthday ကိတ်ခွဲနေပုံလေးတွေ ပို့ပေးခဲ့တယ်။ Cb က စာလေးတွေ မောင့်ဘက်က နွေးနွေးထွေးထွေး ပို့လာပေမဲ့ မြတ်ကတော့ ပုံမှန်ပဲ ပြန်ပို့ပေးခဲ့တယ်။ နောက်ပိုင်း တဖြည်းဖြည်း မပို့ဖို့ထိ စဉ်းစားထားတယ်။ စာအရေးအသားကောင်းတဲ့ မောင့်စာတွေကို ဖတ်ခဲ့ရတာ အကျင့် ဖြစ်နေတဲ့ အတွက် ရင်ထဲမှာတော့ အတော့်ကို ဟာတာတာနဲ့ အထီးကျန်ဖြစ်ခဲ့ရတယ်။ မောင် မရှိတော့တဲ့ ဆိုင်လေးကိုလည်း မရောက်ဖြစ်တော့။ မောင်နဲ့ သွားခဲ့တဲ့နေရာတိုင်း ခြေဦးမလှည့်ဖြစ်အောင် နေခဲ့တယ်။ မောင့်ကို ဖြတ်ပြီဆိုမှတော့ Fb ကိုဘလော့လုပ်လိုက်ရမလား စဉ်းစားတော့ မောင် ပြေးလာမှာကို ကြောက်မိတယ်။ အကြိမ်ကြိမ် တောင်းပန်ထားတဲ့ မောင့်စကားကြောင့် မြတ် မလုပ်ရက်ခဲ့ပါ။

‘မြတ်ရယ်၊ မြတ်စိတ်အတိုင်း မောင်ပြန်မယ်လေ။ ဒါပေမဲ့ မောင့်ကိုတော့ ကမ္ဘာကြီး မှောင်မိုက်သွားအောင်ထိ တော့မလုပ်လိုက်ပါနဲ့။ မနက်တိုင်းတော့ မောင် တစ်ခေါက်လောက်တော့ ကြည့်ပါရစေ၊ မြတ်ရဲ့ မျက်နှာလေးကို’

မောင်နဲ့ ဆက်သွယ်ပြတ်ပြီးကတည်းက ဘာမှ မတင်ဖြစ်တော့ပါ။ မောင်ကတော့ သူ့စိတ်ထဲက အလွမ်းတွေကို ကဗျာတွေအဖြစ် ဖွဲ့သီမြဲ။ ကြည့်ရုံလေးသာ ကြည့်ပြီး အသာလေး ပြန်ထွက်ရတဲ့ မြတ်ရဲ့ အလုပ်တစ်ခုလို။ တစ်ခါတလေတော့ မောင့်ကို ရူးရူးနှစ်နှစ် လွမ်းလာတဲ့အချိန်မှာ စာလေးတစ်ကြောင်းလောက် ရိုက်ချင်စိတ်ကို မနည်း တားမြစ်ရတယ်။ လိုင်းပေါ်မှာ စိမ်းနေတာလေးကို ငေးကြည့်ရင်း မောင်လည်း ဒီလိုပဲနေမှာပဲလို့ တွေးမိတယ်။ နောက်ပိုင်းမှာ မောင်နဲ့ တဖြည်းဖြည်း ဝေးကွာသွားဖို့ မြတ် အချိန်တိုင်း စဉ်းစားနေမိတယ်။ အရာအားလုံးကို နိဂုံးချုပ်လိုက်ချင်ပြီ။

ခု မထင်မှတ်ဘဲ တစ်ထောင့်ငါးရာမေတ္တာကြိုးကို ဖြတ်ပြီးခါမှ သူနဲ့ဆက်နွယ်နေတဲ့ ငါးရာနှစ်ဆယ့်ရှစ်တစ်ကြိုးက ထပ်တိုးလာခဲ့ပြန်ပြီ။ မြတ်ကို အားကိုးတကြီး ဖြစ်သွားတဲ့စိတ်နဲ့ လာတိုင်ပင်ပြီး မောင့်အပေါ် ဘယ်လိုနေထိုင်ပြင်ဆင်ရမယ်ဆိုတဲ့ အကြံဉာဏ်တွေကိုပါ တောင်းလာတဲ့ နိုင့်ကိုလည်း သနားမိတယ်။ မောင့်အကြောင်းကို သူ့ထက် မြတ်က အစစအရာရာ ပိုသိနေခဲ့တယ်။ ဒါကလည်း မြတ် မောင့်အပေါ်ထားရှိခဲ့တဲ့ မေတ္တာတရားကသေးမှ မသေးဘဲ။ ကိုယ့်အတ္တနဲ့ကြည့်ရင် ကိုယ်ကတော့ မှန်မှာပဲလေ။ ဒါကြောင့် နိုင်ရဲ့ အတ္တတွေ လျှော့ဖို့ တိုက်တွန်းမိတယ်။ ဆိုင်ဆိုတာကလည်း မမြင်ခဲ့ရတဲ့ ကြိုးလေးတစ်ကြိုးပါပဲ။ နိုင်က မြတ်စကားကို နားထောင်လာတယ်။ မကြာမကြာ ဖုန်းဆက်တတ်တဲ့ နိုင်နဲ့မြတ် တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်မိပြီး အပြန်အလှန် မေတ္တာထားနေတာကိုတော့ မောင့်ကို မသိစေချင်။ ဒါက နှစ်ယောက်စလုံးရဲ့ ဆန္ဒပါ။

နိုင်ပို့လိုက်တဲ့ ခေါပုတ်၊ မုန့်ညင်းချဉ်၊ ဂျူးပဲပုပ်ကြော်၊ မက်မန်းယိုစုံနဲ့ ကချင် ထဘီလေးကို ကြည့်ရင်း ပြုံးမိတယ်။ စာခေါက်လေးက ချစ်ခင်ရတဲ့ အစ်မစားဖို့တဲ့။ နိုင့်ကို ပြန်ပို့ပေးဖို့အတွက် သရက်ခြံကို ဖုန်းဆက်လိုက်တယ်။

‘မနက်ဖြန် စိန်တစ်လုံး သရက်တစ်ခြင်း ကုက္ကိုရွက်နဲ့ သေချာအုပ်ပေးပါ၊ ကားဂိတ်ကနေ လက်ဆောင်ပို့ပေးမလို့ပါ’

‘စိတ်ချပါ အစ်မ’

စိန်တစ်လုံးသရက်သီးက မောင် သိပ်ကြိုက်တဲ့ သရက်သီးမို့ပါလေ။ ။ ■

**ချောအိမာန်၊မန္တလေး၊**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရွှေစည်တော် လျော်ဂကာန်းပေး

**ခန့်ညီဇေ**

ကျွန်တော်
ရောက်သွားခဲ့ဖူးတဲ့
'ရွှေစည်' ဆိုတဲ့
ရွာလေးမှာ
ရွာခံတစ်ယောက်နဲ့
အေးအေးလူလူ
ထန်းရည်သောက်ရင်း
လေဖောင်းခဲ့တာလေး
ပြန်ဖောက်သည်ချချင်
ပါတယ်။ အဲဒီရွာလေးဟာ
အညာဒေသ
ဧရာဝတီမြစ်ရဲ့
အရှေ့ဘက်ကမ်းက
ရွာလေးတစ်ရွာပေါ့။
အညာဒေသထုံးစံ
ထန်းတောပတ်လည်က
ရွာကို ဝန်းရံထားပြီး
ဖုန်တလုံးလုံးနဲ့
ရွာလယ်လမ်းမကြီးက
ဖြူးလို့ပါ။ ရွာထဲမှာလည်း
မန်ကျည်းပင်
အုပ်အုပ်တွေက ဟိုတစ်စု
ဒီတစ်စုနဲ့ အတော်
အေးချမ်းနေပုံပါပဲ။
မိတ်ဆွေကခေါ်ဆောင်သွား
တဲ့ ရွာခံလူရဲ့
အိမ်ရှေ့သစ်ပင်ရိပ်
အောက်မှာ
ထိုင်ဖြစ်ခဲ့ကြပါတယ်။
ဧည့်ဝတ်ကျေလွန်းတဲ့
အိမ်ရှင်က ထန်းပင်ကျ
ရည်မြူတွေရယ်၊
ကြက်ကြော် မွမွတွေရယ်နဲ့
ဧည့်ခံပြီး စကား
ကောင်းခဲ့ကြပါလေရော။
စကားကောင်းတယ်ဆိုရာမှာ
ကျွန်တော်တို့က
ပြောတာထက်
အိမ်ရှင်ရွာခံလူ ပြောတာ
ကိုပဲ ကျွန်တော်တို့
ခေါင်းတညိတ်ညိတ်နဲ့
နားထောင်ခဲ့ရတယ်
ဆိုတာက ပိုမှန်ပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ထန်းရည်မူးလာလို့ ပြောတာလား၊ နားထောင်ခဲ့တဲ့ ကျွန်တော်ပဲ မူးတာလား ဆိုတာတော့ မသိတော့ပါဘူး။ သူပြောတာလေးတွေ နားထောင်ကြည့်ကြရအောင်လားဗျ။ သေချာတာကတော့ 'ရွှေစည်'ဆိုတဲ့ ရွာကလေးကို ထန်းပင်ကျရည် ချိုပြင်းလေးရယ်၊ ကြက်ကြော်မွှမွှလေးရယ်နဲ့ တွဲပြီး တစ်သက်လုံး အမှတ်ရနေတော့မှာပါ။

❑

ခင်ဗျားတို့ကို ပြောပြချင်တယ်။ ကျုပ်တို့ရွာက လူတွေအကြောင်းပေါ့။ ပြောရရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းဆိုသလို သိပ်တော့ အရသာမတွေ့လှပေဘူး။ သို့ပေမဲ့လည်း ပြောရေးက ရှိလာတော့ ပြောရတော့မှာပေါ့ဗျာ။ ခင်ဗျားတို့က ထင်လိမ့်မယ်၊ ဒီကောင်က ဒီရွာသားမစစ်လို့ အပုပ်ချနေတယ်လို့။ ဘယ်ကလာဗျာ ဒီရွာသားစစ်မှစစ်။ ဒီရွာမှာမွေး၊ ဒီရွာမှာကြီး၊ ဒီရွာကရေကိုသောက်၊ ဒီရွာလယ်လမ်းလျှောက်ပြီး ကြီးလာခဲ့တဲ့ကောင်ပါဗျာ။ အဲဒါကြောင့်လည်း ဒီရွာက လူတွေအကြောင်း'စောဖေတို့က နောကျေနေပြီးသား'။ ကျုပ်တို့ရွာကလူတွေ မညီညွတ်ချက်ကတော့ လက်ဖျားခါလောက်တယ်။ ရွာလယ်လမ်းမကြီးက တောင်မြောက်တန်းနေလေတော့ သိတယ်မဟုတ်လား အလိုလိုနေရင်းကို အရှေ့ပိုင်း၊ အနောက်ပိုင်း ကွဲကရော။ ရွာက အိမ်ခြေလည်းများတော့ ဘုန်းကြီးကျောင်းက လေးကျောင်းတောင် ရှိ

x|jcm;wmu
oYkvfqdvfarG
t&Snfu|awG
oXifbwf
tv,favmufxd
wvGfvGaY
vawG vnf
oY&SdkifyD
xkdfu nfael u
olu vnf
alumif
awmifawmif
ar;aw;aw;
r;ufvkdwGaY
lu nfae
w'*Fwmh
wdvfqdvf
aewmyJ

သဗျာ။ အရှေ့ပိုင်းမှာ နှစ်ကျောင်း၊ အနောက်ပိုင်းမှာ နှစ်ကျောင်းဆိုတော့ တစ်ခါထပ်ကွဲကြပြန်လေရော။ ဒီတော့ စုစုပေါင်း လေးခြမ်းလေးကျောင်းနဲ့ လှလှပပကြီးကို ကွဲချင်တိုင်းကွဲ၊ လွဲချင်တိုင်းလွဲကြပေါ့။ ကထိန်ဆိုလည်း လေးပွဲ၊ ဆွမ်းကြီးလောင်းပွဲဆိုလည်း လေးပွဲ၊ မြသပိတ်တောင်လေးလုံးထားတဲ့ရွာ ခင်ဗျ။ တစ်ခုခုဆို သူတို့အပိုင်းကမှ ကောင်းတယ်၊ ကျန်တာ အပလာဆိုပြီး လေးပိုင်းလုံး ခံယူချက် တူမှတူ။ စားဖို့သာ အနိုင်နိုင်ရယ်၊ ပကာသနပြိုင်ရမယ် ဆိုလို့ကတော့ လာခဲ့စမ်း။ ရမ်းလိုက်ကြတဲ့ဖြစ်ခြင်း။ မနက်ဖြန်မှ စားစရာမရှိ ဗိုက်မှောက်နေမယ်ဆိုတဲ့ အစားမျိုးတွေပါဗျာ။

စကားကြော ရှည်နေတာနဲ့ ရွာနာမည်ပြောဖို့ မေ့သွားတယ်ဗျ။ 'ရွှေစည်'တဲ့။ ဘာလဲ နာမည်ကို ဆန်းတယ်ထင်လား။ အဟုတ်ပါဗျ။ အဲဒါပေမဲ့ 'ရွှေစည်'ဆိုတာ ဒီဘက်ခေတ်ကျမှ ပြောင်းထားတာ။ ကျုပ်တို့တောင်မမီသေး။ ရွာထိပ်မှာ ဆိုင်းဘုတ်အစိမ်းကြီးနဲ့ ဘာရွာညာရွာရေးတော့မှ နာမည်လှအောင်ဆိုပြီး တစ်ရွာလုံးက ဝိုင်းပြောင်းပေးလိုက်ကြတာ။ အံ့မယ်၊ အဲဒီတုန်းကတော့ ညီညွတ်ကြပါပေ့ဗျာ။ ဟင်း… ဟင်း ညီညွတ်မှာပေါ့လေ၊ အရင် နာမည်ကြီးကိုမှ မကြိုက်ကြတာ။ အရင်နာမည်လား၊ အင်း ပြောရရင် နည်းနည်း ပေရှည်မလားပဲ။ အတိုချုပ်ပြောရရင်ဗျာ ရှေးလူကြီးတွေ ပြောခဲ့ကြတာ ဟိုးအရင်က ရွာနာမည်က 'ထင်းစည်း'တဲ့ဗျာ။ ကာလရွေ့လျောပြီး နောက်ဆုံးသိရတဲ့နာမည်က 'တင်စည်း'ဖြစ်သွားရော။ အဲဒီတင်စည်း (တင်စီးတယ်)ဆိုတာကြီး မကြိုက်ကြတော့ 'ရွှေစည်'ဆိုတဲ့ နာမည်ကို ညီညွတ်စွာ ကြိုက်ကြရောပေါ့ဗျာ။ ဒါတောင် ရွေးခွင့်မရှိလို့နေမှာ။ ရွေးခွင့်များရှိရင်လည်း တစ်ယောက်တစ်ပေါက် ကွဲလွဲကြဦးမှာပါလေ။ ဘာလို့ ရွေးခွင့်မရှိတာလဲ ဟုတ်လား။ ခင်ဗျားမို့ မေးတတ်ပလေဗျာ။ ဒီလောက်ဆိုးတဲ့ သူကြီး 'ဦးတုတ်ပေါ'ရွေးခဲ့တာလေ။ ဘယ်သူမှတောင် ငြင်းဖို့နေနေ သာသာ နားရွက်တောင်မခတ်ရဲကြဘူး(အလကား စ,တာပါဗျာ။ ခင်ဗျားတို့ ကျုပ်တို့က နားရွက်မှ မခတ်တတ်တာချည်းကို)။ ဒီလိုနဲ့ ကျုပ်တို့ရွာ'ရွှေစည်'သမိုင်းကြောင်းကကုန်သလောက်ရှိပါပြီ။ ခုလား၊ အင်း 'ဦးတုတ်ပေါ'ကြီးက တရားသံဝေဂရသွားထင်ပါ့ဗျာ၊ သူ့မယားပါသား 'ကိုဆောင်'ကို သူကြီးတာဝန်လွှဲပေးပြီး အနားယူနေလေရဲ့။ ဒါပါအဲဗျာ၊ ထင်းစည်းကြီးလို ညီညွတ်တဲ့ ကျုပ်တို့ရွာအကြောင်း။

ကျုပ်ကလည်း မညီညွတ်တဲ့အကြောင်း၊ မကောင်းတာပဲပြောနေတယ်ဖြစ်ဦးမယ်။ ကျုပ်တို့ရွာသားတွေ ညီညွတ်တဲ့နေရာမှာတော့ အသားကုန် ညီညွတ်ရှာကြပါတယ်။ ခင်ဗျား စိတ်ဝင်စားသွားပြီမဟုတ်လား။ နေပါဦးဗျာ အာခြောက်သွားလို့ ပင်ကျရည်ချိုပြင်းလေးတစ်ငွတ်လောက် မော့လိုက်ဦးမယ်။ ခင်ဗျားတို့ရော ချကြပါဗျ။ အားမနာစမ်းပါနဲ့ဗျာ။ အေ့ ခုမှ အာစိုသွားတော့တယ်။ ဘယ့်နှယ်လည်း ကောင်းရဲ့မဟုတ်လား။ အင်း ဒီညီညွတ်ရေးက စ,ပြောမယ်ဗျာ။ ကျုပ်တို့ရွာသားတွေက ဒီအမူးတော့ လွတ်ကြိုက်ဗျ။ ထန်းရည်ပေါ်ချိန် ထန်းရည်၊ ထန်းရည်မရတော့ရင် ထွေးညို၊ ဩော်ကိုယ့်ဆရာနှယ် ထွေးညိုဆိုတာ ရွာမှာတင် ထန်းလျက်နဲ့ ချက်တဲ့ တောအရက်ပြောသာ။ ဗျာ…ချက်ခွင့်ကတော့ တရားဝင် ဘယ်ရှိပါ့မလဲ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဆရာရယ်။ သူကြီးလေဗျာ၊ သူ့ကိုတော့ လိုင်းကြေးပေးပြီး ဂါရတာပ။ ခုတော့ ခေတ်မီလာပါပြီဗျ။ သူကြီး ႇကိုဆောင်ႇလက်ထက်မှာ စည်ဘီယာဆိုင်တောင် ရွာလယ်မှာ ငွားငွားစွင့်စွင့် ကျက်သရေရှိစွာ ဖွင့်လိုက်နိုင်ပါပြီ။ ဒါမှလည်း အဆင်ပြေမှာပါဗျာ။ နို့မဟုတ်လို့ရှိရင် ရွာသားတွေ တိုင်ပတ် မူးနေကြရမှာ။ အဲဒီနေရာမှာ ကျုပ်တို့ရွာသားတွေ စည်းလုံးတယ်။ ထန်းတောထဲတို့၊ ထွေးညိုတဲတို့၊ ဘီယာဆိုင်တို့မျှား လာကြည့်ပါလား၊ အို အရှေ့အနောက် တောင်မြောက် ကျောသားရင်သား ဘာသားမှ မခွဲပါဗျာ။ ညီညွတ်ပါ့။ တဝုန်းဝုန်း တရုန်းရုန်းနဲ့ လက်ရည်တစ်ပြင်တည်း သောက်စားနေလိုက်ကြတာများ ကြည်နူးစရာ ကောင်းမှကောင်း။ အရှေ့ထန်းတောကုန်ရင် အနောက်တောပြောင်းသောက်၊ အနောက်ကပြတ်ရင် တောင်ဘက်ဆန်တက်။ အို လန့်ထွက်နေအောင် ညီကြသား။

နောက်ထပ်လည်း ရှိသေးပါ့ဗျာ။ ကျုပ်တို့ရွာသားတွေက ကစားလည်းမက်ကြသေးတယ်။ ဩော် ခင်ဗျားနယ် ထုပ်ဆီးတိုး၊ ဖန်ခုန်ကစားတာ ပြောစရာလားဗျ။ လောင်းကစားပြောတာ။ ခင်ဗျားလုပ်ပေါက်နဲ့ လူသိတော့မှာပဲ။ အင်း၊ ထူးတော့လည်း မထူးပါဘူးဗျာ။ ခုလည်း လူတိုင်းသိနေမင့်ဟာပဲကို။ တကယ်ဗျာ၊ လောင်းကစား ဝါသနာကြီးချက်။ ခင်ဗျားတွေ့မှာပါ။ ရွာလယ်မှာ ဘိလိယက်ခုံ၊ လက်တောက်ခုံ၊ ကြွေဝိုင်း၊ ကျားခုံဆိုတာများ ခလုတ်မတိုက်မိအောင် မနည်းရှောင်နေရတယ်။ ကျန်တဲ့ ဖဲဝိုင်း၊ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး ဆိုတာတော့ ပြောမနေနဲ့။ စားစရာသာ မရှိနေနေရမယ်။ ခင်ဗျားဒိုင်အိမ်သွားကြည့်၊ ဝင်လိုက်ထွက်လိုက်နဲ့ အလျှုအိမ်လားအောက်မေ့ရတယ်။ အင်း... ကျုပ်တို့ရွာသားတွေကလည်း လောင်းကစားမလုပ်ရရင်ကို မနေနိုင်လောက်အောင် ဝါသနာကြီးပေတာဗျ။ လောင်းစရာမရှိ ဗိုက်ကြီးသည် မသောင်း ဗိုက်ထဲက ကလေး ယောကျ်ားလေးမွေးမလား၊ မိန်းကလေးမွေးမလားဆိုပြီး လောင်းလားလောင်းရဲ့။ ရွာထိပ်က အပျိုကြီး ဗိုက်ပူတာလည်း ဖျင်းစွဲတာနဲ့ ကိုယ်ဝန်ရှိတာဆိုပြီး နှစ်လေးတစ်လေးနဲ့တောင် လောင်းခဲ့ကြသေး။ နောက်ဆုံး လောင်းကစားလုပ်စရာမရှိ ပိုက်ဆံရှေ့ချပြီး...ဗျာ... ဂဏန်းပွတ်တာ ဟုတ်လား။ ခင်ဗျားဗျာ၊ ဂဏန်းပွတ်တာ လောက်များ စကားထဲ ထည့်ပြောပါ့မလား ငါ့ဆရာနယ်၊ ရိုးသာ။ ရိုးရိုးလောင်းတာ မပြောပါဘူးဗျာ၊ ခုဟာက ရှေ့ချပြီး ယင်ကောင် အရင်နားတဲ့လူက အရှုံး။ အဲ့သလိုမျိုး ရှာရှာဖွေဖွေကို လောင်းတတ်ကြတာ။ နောက်ဆုံး ကုန်ကုန်ပြောရရင် ဆရာတော်ဆွမ်းခံကြွတာတောင် ကျောင်းဘယ် အပေါက်ကထွက်မယ် ဆိုပြီးတောင်လောင်းကြတာ။ ဒါတွေကို ႇကိုဆောင်ႇမသိရှိပါ့ မလားဗျာ၊ အုပ်ချုပ်သူသူကြီးမင်းဟာပဲ။ ဒါပေမဲ့ သူ့အတွက် ဝင်ငွေ အပေါက်အလမ်း ဖြောင့်နေတဲ့ ထမင်းအိုးကြီး တုတ်နဲ့ အလကားထိုးပါ့မလားဗျ။ မသိခြင်ထောင် ထောင်နေတာပေါ့။ ဘာရယ်... သူက လူအေးဟုတ်လား။ အင်း...ခင်ဗျားတို့ အထင်ပါလေ။ ဒီကောက်ကောက်ကြီးရဲ့ မယားပါသားကောက်ကွေးကွေးလေးပဲပေါ့ဗျ။ သူက သူကြီးနေရာ မထိနိုက်ရင်ပြီးတာပဲ။ ခင်ဗျားမယုံရင် အမူးသောက်ပြီး ရွာလယ်လမ်းတစ်လျှောက် အော်ဆဲနေလိုက်ဦး၊ သူ့သာ မထိနိုက်လို့ကတော့လေ ရေတောင် လာတိုက်ဦးမှာ။ ဩော်...ဒါကြောင့် အေးတယ်ပြောတာလား။ အင်း...ဟုတ်မှာပေါ့။ သူကလည်း ရတာနာသိုက် ဖင်ခုထိုင်ထားတာဆိုတော့ အေးရာအေးကြောင်း လုပ်ရှာပေမပေါ့။ ဘာဗျ၊ ခင်ဗျားက ကျုပ်တို့ရွာ အထင်သေးတာလား။ ဘာရတနာရှိလို့လဲဟုတ်လား။ ကဲပါ၊ အများကြီး မပြောပါဘူး။ ဥပမာပါးပါးလေး တစ်ခုတည်းပါ။ ဟိုးမှာ ခင်ဗျား မြင်လား၊ ခုလို ရေကျချိန် တစ်မျှော်တစ်ခေါ်ကြီး မြင်နေရတဲ့ မြေနုကျွန်းတွေ။ အဲဒီဟာတွေ တန်ဖိုး ခင်ဗျား နားလည်လား။ နှစ်တိုင်းသီးနေတဲ့ ပဒေသာပင်တွေဗျ။ ဟုတ်တာပေါ့၊ ခင်ဗျားတောင် အကင်းပါးလာပြီ။ အဲဒီ သခွားမွှေးတို့၊ ဆေးရွက်ကြီးတို့ စိုက်ထားတာတွေက ရွှေတွေပေါ့ဗျ။ ဟာ... ကျုပ်တို့ ရွာသားတွေက အပင်ပန်းခံ စိုက်မနေပါဘူး။ တခြားက ကောင်တွေ နေရာလာငှား စိုက်တာပေါ့။ အဲဒီကိစ္စတွေမှာ ဦးဆောင်ရတဲ့ သူကြီးမှမထော ဘယ်သူထောမှာလဲ။ သူက တခြားရွာက လုပ်မယ့် ကိုင်မယ့်ကောင်တွေခေါ်လာပြီး လုပ်ခိုင်း၊ သူပေးသလောက်ပဲ ရွာသားတွေက ရတာပေါ့။ မထူးပါဘူးဗျာ။ ဘယ်သူမှလည်း လက်ကြောတင်းအောင် မလုပ်ချင်ကြတော့ ရသမျှအမြတ်ပေါ့။ ဒါပေါ့ဗျ၊ ဒါကြောင့်လည်း ကျုပ်တို့ရွာသားတွေ ကစားဝိုင်းမှာ အချိန်ဖြုန်းနေနိုင်တာပေါ့။ အင်း၊ မဆိုးဘူး။ ခင်ဗျား တွေးတတ်တယ်။ ဒါအကင်းပဲ ပြောသေးတာနော်။ ရွာနောက်က ရွာထင်းစိုက်ခင်းတို့၊ ရွာပိုင် စားကျက်မြေတွေတို့၊ အင်ကြင်းကျောက်ထွက်တာတွေတို့ မပါသေးဘူး။ ပြီးတော့ မြစ်ဆိပ်ကမ်းက တရားမဝင် ထင်းလှေ၊ သစ်လှေတွေဆီက ရတာတွေဆိုတာများ သောက်သောက်လဲပဲ။

ပြောစရာတွေ ပလ္လင်ခံနေရတာနဲ့ ခင်ဗျား ပျင်းသွားပြီလား။ နေဦးဗျ၊ ကျုပ်ပြောချင်တာက အခုမှ စ,မှာ။ ခုန ကပြောတဲ့ လောင်းကစား၊ သိပ်ဝါသနာကြီးကြတာ။ အထူးသဖြင့် နှစ်လုံး သုံးလုံးပေါ့ဗျာ။ ဘယ်သူ့ရဲ့ ဘယ်ဂဏန်းက ကောင်းပြီဆို တဝုန်းဝုန်း လိုက်ကြတော့တာ။ ဘယ်ဘိုးတော်၊ ဘယ်ဘုန်းကြီး၊ ဘယ်အကြားအမြင်၊ ဘယ်နတ်ကတော် နာမည်ကြီးရင် သူတို့ ရောက်ကြပြီ။ နောက်ဆုံးဗျာ လမ်းပေါ်က အရူးတို့၊ မွေးခါစကလေးတို့တောင် မနေရမှတော့ ကမ်းကုန်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်ဗျ၊ သူတို့က သိပ်မစဉ်းစားကြဘူး။ သူများပြော ပစ်ယုံလိုက်ကြတော့တာပဲ။ တစ်ခါတလေ စွတ်ရွတ်ပြီး တည့်သွားတဲ့အခါမျိုးလည်း ရှိတာပေါ့လေ။ ဒါကြောင့်လည်း စွဲနေတာနေမှာပေါ့။ ကဲပါ၊ ပြောပါပြီဗျ။ ခင်ဗျားကလည်း လွှတ်လောနေလိုက်တာ။ နားထောင်ပြောပြမယ်၊ တကတဲ။

ဒီဇာတ်လမ်းစ,တာ တောင်ပိုင်းက အူကြောင်ကျား 'ငမိုး'က စ,တာဗျ။ ဒီကောင်က တစ်ဆိတ် တစ်အိတ်လုပ်တတ်တဲ့ကောင်။ အခမဲ့ သတင်းဖြန့်ချိရေးပေါ့ဗျာ။ တစ်ရွာလုံး သူ မရောက်တဲ့နေရာ မရှိဘူး။ လူကြီးတွေ တရားဝိုင်းကနေ ကန်တော့ပါရဲ့ဗျာ ခွေးဖင်ပူးတာထိအောင် ပါတယ်ဗျ။ တကယ်ပြောတာ။ ဒီကောင်မူးလာပြီဆို ပိုပါးစပ်ဖွာတော့တဲ့ကောင်။ ပြောရရင် ပါလေရာစံဖဲပေါ့ဗျာ။ ပြီးတော့ ရွာနီးချုပ်စပ်လည်း သဝေထိုးနေတဲ့ကောင်ဆိုတော့ ဟိုနေရာဘာဖြစ်၊ ဟိုရွာ ဘယ်လိုနေဆိုတာ ဒီကောင်က သိနေတတ်သေးတာကိုး။ ဘယ်ဘိုးတော်ပေါ်ပြီဆို သူအရင်သိ။ ဒီကောင်က နတ်လမ်းညွှန်ပေါ့ဗျာ။

ဒီလိုနဲ့ တစ်ရက်သားပေါ့။ နေ့ခင်း နေပြင်းပြင်း အချိန်ဆိုတော့ ရွာသားတွေ အိမ်မှာ တစ်ရေးတစ်မော နပ်နေကြတာ တစ်ရွာလုံး တိတ်ဆိတ်လို့။ ခွေးတွေ၊ ကြက်တွေတောင် ငြိမ်နေကြချိန် ဒီကောင် အသံပြဲကြီးနဲ့ ရွာထဲလိုက်အော်နေတာ။ အကုန်လုံးလည်း နိုးရော ဒီကောင်

[ ykRcdw fu
jyef , fq kwvdkU
ykdMyD
x ,&yfawmhw , f
'D c ef u
t m; v Hk;kdfyD
* P ef
awmi;fv kdu wm
q ln yGu fv kd
'D c ef[ kd
ykRcdw fu
v awG kdu n fyD
v u Epf u eY
u mwm;wgkd
v kjfy w , f
y&dwf
t m; v kq D
v Sfv SfyJawmh
v u 0;Epf u eY
wm;wgkdH
v yfv yfyD
t m; v kdu kdw , f

က ပြောတယ်၊ စောစောက သူ ဟိုဘက်ရွာကနေ ထန်းရည်သောက်ပြီး ပြန်အလာ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ သူတော်စင် လူထူးလူဆန်းတွေ့ခဲ့လို့တဲ့။ သွားပြီး လှူတန်းရင်း ဂဏန်းလေးဘာလေးမေးကြရအောင် တိုက်တွန်းတော့ အားလုံးကောက်ခနဲထ,လိုက်သွားကြတာ တရုန်းရုန်းနဲ့ပဲ။ လူတွေတင်မကဘူး ခွေးတွေကလည်း တစီစီနဲ့ ရွာလမ်းမကို ဖုတ်တွေသောခြင်းထ,လို့။ ကျုပ်မပြောဘူးလားဗျ၊ ဒီကိစ္စဆို ညီညွတ်ကြပါတယ်ဆို။ ကျုပ်လား မပါဘဲ ဘယ်နေလိမ့်။ ကျုပ်လည်း 'ရွှေစည်'သားပဲဥစ္စာ။

ရွာထိပ် ညောင်ပင်ကြီးက အုပ်ဆိုင်းအေးမြနေပြီး အရိပ်ကလည်း ကောင်းဆိုတော့ နေ့ခင်း နွားတွေလှန်ထားတာဗျ။ လူတွေကလည်း တိုးဝှေ့ပြီးဝင်၊ နွားတွေကလန့်၊ ခွေးတွေကဟောင် အို…ဝရုန်းသုန်းကားနဲ့ ကျုပ်ဖြင့် ရယ်တောင်ရယ်ချင်သေး။ ဒါပေမဲ့ မရယ်အားပါဘူးဗျာ။ လူတွေကြားထဲ တိုးဝှေ့ပြီး သူတော်စင်ကို မနည်း မြင်အောင်ကြည့်နေရတာ။ နည်းနည်းတိုးလိုက်တော့ တွေ့ပါပြီဗျာ။ ညောင်ပင်အခြေက အမြစ်ပျဉ်းကြီးကို ကျောမှီပြီး ထိုင်နေတာဗျ။ သူ့ရဲ့ ကြောင်စီစီ ခပ်မှေးမှေး မျက်လုံးတွေနဲ့ လူတွေကို ကြည့်နေတာ။ ရှေ့ဆုံးကပါလေရာနဲ့ နတ်ကတော် 'ဝင်းအောင်'က ယပ်တောင်ကိုယ်စီနဲ့ ယပ်တော်သွင်းနေကြလေရဲ့။ ဖြစ်လည်းဖြစ်တဲ့ဟာတွေဗျ။ ကျုပ်လည်း တဖြည်းဖြည်း ရှေ့တိုးရင်း လေ့လာနေမိတယ်။ အသားက ခပ်ဖြူဖြူ၊ ခေါင်းက ပြောင်ပြောင်၊ မျက်လုံးကမှေးမှေးနဲ့ ဘယ်လိုပုံမှန်း မပြောတတ်ပါဘူးဗျာ။ ရာသီဥတုကမှ ပူတယ်ဆို ကုတ်အင်္ကျီအရှည်ကြီးက ဝတ်ထားသေး။ အောက်က ဇင်ဝတ်စုံအပြာက တစ်ပိုင်းတစ်စ မြင်နေရတယ်။ လွယ်အိတ်ခပ်ကြီးကြီးနဲ့ တောင်ဝှေးက သူ့ဘေးချထားတယ်။ ထူးခြားတာက သူ့မုတ်ဆိတ်မွေးအရှည်ကြီးတွေဗျ။ သူ့ရင်ဘတ် အလယ်လောက်ထိ တလွှင့်လွှင့်နဲ့။ လူတွေကလည်း သူ့ရှေ့ဝိုင်းပြီး ထိုင်ကြည့်နေကြ၊ သူကလည်း ကြောင်တောင်တောင် မှေးတေးတေး မျက်လုံးတွေနဲ့ ကြည့်နေ။ တဒင်္ဂတော့ တိတ်ဆိတ်နေတာပဲ။ အဲဒီအချိန် နတ်ကတော်က စ,လောဆော်လိုက်တာ အားလုံး ယောင်တောင်ပေါင်တောင်နဲ့ ကန်တော့ကြပါလေရော။ လူအုပ်ထဲ ကျုပ်တစ်ယောက်တည်း ထီးထီးကြီး ကျန်နေတော့ မြင်မကောင်းတာနဲ့ ကျုပ်လည်း သူ့နောက်က ရုက္ခစိုးမင်းကြီး စိတ်ကမှန်းပြီး ဦးချလိုက်ရတယ်။ ဟာဗျာ…ခင်ဗျားကလည်း၊ ခုမှတွေ့တဲ့သူကို ဘာမှန်းညာမှန်းမသိ မကန်တော့နိုင်ပါဘူးဗျ။ သူတို့ကတော့ ပြောမနေနဲ့။ ခင်ဗျားကို အစကတည်းက မပြောဘူးလား၊ ပိန်းပါတယ်ဆို။ ဒါနဲ့ နတ်ကတော်က အသံညောင်နာနာနဲ့ မေးပါလေရော။ အရှင်ဘယ်က ကြွလာတာလဲတဲ့။ သူကလည်း နားမလည်တဲ့ပုံနဲ့ ခေါင်းယမ်းပြနေတာ။ နှစ်ခါလောက်မေးတာ နားမလည်ဘူးဆိုတာသိတော့ လက်ဟန်ခြေဟန်နဲ့ မေးတယ်။ အံမယ် နတ်ကတော်က ဒါကျအကျွမ်းသားဗျ။ ကျုပ်တောင် စိတ်ထဲက ချီးမွမ်းမိသေး။ ဒီတစ်ခါတော့ သူက နားလည်သွားပုံရပါတယ် ခေါင်းညိတ်ပြီး တစ်ခွန်းတည်း တိုတိုပြတ်ပြတ်ဖြေတယ်။ အသံကြီးကလည်း အက်ကွဲကွဲနဲ့။ ဘာတဲ့၊ သူဖြေတာက၊ နေပါဦး၊ ဩော် 'မော်စကို'တဲ့။ ဒီအချိန် နတ်ကတော်က အသံသေး



www.burmeseclassic.com

www.burmeseclassic.com

အသံကြောင်နဲ့ အိုအဝေးကြီး ကြွလာရတာ တို့အရှင်ကဆို ပြီး ရေတွေတိုက်၊ ယပ်တွေ လိုမ့်ခတ်လိုက်နဲ့ နေတော့တာ ပဲ။ ခဏနေတော့ ဟိုပုဂ္ဂိုလ် က ပြန်မယ်ဆိုတဲ့ပုံစံပြပြီး ထ,ရပ်တော့တယ်။ ဒီအချိန် ကျ အားလုံးဝိုင်းပြီး ဂဏန်း တောင်းလိုက်ကြတာ ဆူညံ ပွက်လို့။ ဒီအချိန် ဟိုပုဂ္ဂိုလ်က က လူတွေကိုကြည့်ပြီး လက် နှစ်ဖက်နဲ့ ကာတားတဲ့ပုံလုပ်ပြ တယ်။ ပရိသတ်အားလုံးဆီ လှည့်လှည့်ပြီးတော့ လက်ဝါး နှစ်ဖက်နဲ့ တားတဲ့ပုံစံ လှုပ် လှုပ်ပြီး အားလုံးကိုပြတယ်။ အကုန်လုံးလည်း အသက် တောင် မရှူနိုင်လောက်အောင် တိတ်ဆိတ်သွားတာပေါ့။ ပြီး မှ သူက ပါလေရာ ငမိုးနဲ့ နတ်ကတော် ဝင်းအောင် နှစ် ယောက်ကို စိုက်ကြည့်ပြီး လက်ဝါးကာပြထားတဲ့ လက် နှစ်ဖက်ကို ငြိမ်နေအောင် ရပ် ထားလိုက်တယ်။ အားလုံး မျက်လုံးတွေက သူ့လက်ဖဝါး နှစ်ဖက်ဆီ စူးစိုက်ကြည့်နေ လိုက်ကြတာ ကသိုဏ်း ပေါက်ဖြစ်လောက်တယ်ဗျ။ သူက လက်ဝါးနှစ်ဖက် ဖြန့် တားထားတဲ့ အထဲ က ညာဘက်လက်မကို အောက် ကွေးချပြတယ်။ ပြီးမှ အဲဒီ လက်နှစ်ဖက်ကို ပရိသတ် တွေဆီ တလှုပ်လှုပ် တခါခါနဲ့ လိုက်ပြတယ်။ လူတွေအား လုံး ပါးစပ်က အသံတစ်ခု တစ်ပြိုင်တည်း ထွက်သွား ကြတယ်။ အားလုံးရဲ့အသံ တွေ ငြိမ်သွားတော့ သူက ငမိုးနဲ့ ဝင်းအောင်ဘက် ပြန် လှည့်ပြီး ငြိမ်နေအောင် စိုက် ကြည့်နေပြန်တယ်။ ပြီးတော့မှ သူကွေးချထားတဲ့ ညာဘက် လက်မကို ပြန်ထောင်လိုက် ပြီး ကျန်ညာလက်လေး ချောင်းကို အောက်ပြန်ကွေး ချလိုက်ပြီး စောစောကလို အားလုံးရှေ့ တဆတ်ဆတ်နဲ့ လိုက်ပြတော့ ပရိသတ်တွေ ဆီကလည်း နောက်ထပ်အသံ တစ်သံတစ်ပြိုင်တည်း ဆူညံ သွားတာပဲ။ အသံတွေအား လုံး ငြိမ်သွားတော့ စောစောက လိုပဲ လူတွေကို မျက်နှာတွေ လိုက်ကြည့်နေတယ်။ အသံ တွေကလည်း တိတ်ဆိတ်လို့ ပေါ့။ ကျုပ်လည်း မဆီမဆိုင် ရင်တွေတောင် ဒိန်းဒိန်းခုန် လာသဗျ။ သူကအားလုံးတစ် ပတ်လည်ကြည့်ပြီးတော့ နတ် ကတော် ဝင်းအောင်မျက်နှာ ကို စိုက်ကြည့်နေတယ်။ အို အားလုံးက စိတ်ဝင်တစားနဲ့ ငြိမ်နေလိုက်ကြတာများ သစ် ရွက်လေတိုးသံတောင် ကြား နေရသေး။ ဒါနဲ့ လက်ကို စောစောကပုံစံအတိုင်း ညာ ဘက် လက်မထောင် နေရာ ကနေ ဖျတ်ဆို လက်မကို အောက်ကွေးချပြီး ကျန် ညာ လက်လေးချောင်းလည်း ထောင်၊ ပရိသတ်တွေအားလုံး ရှေ့ လက်ကို တဆတ်ဆတ်နဲ့ လည်းပြလိုက်ရော ပထမဆုံး အော်လိုက်တဲ့ အသံအတိုင်း ဝိုင်းအော်လိုက်ကြတာ ကျိုး ကန်းတွေတောင် လန့်ပျံကုန် တဲ့အထိပါဗျာ။ သူတို့တစ် ယောက်တစ်ပေါက်နဲ့ ဝမ်း သာအားရ ဆူညံနေကြတုန်း ဟိုပုဂ္ဂိုလ်ပြန်သွားတာတောင် သတိမထားမိနိုင်လောက် အောင်အထိပဲ။

❑

ပြောလက်စ စကားကို ရပ်လိုက်ပြီး သူက ထန်းရည် ပဲ တစ်ကျိုက်ပြီးတစ်ကျိုက် သောက်နေတော့တယ်။ ကျွန် တော်လည်း သူ့ပုံစံကြည့်ပြီး စိတ်ထဲ သိချင်စိတ်က တား မရဘူး။

'ဒါနဲ့ နေပါဦးဗျာ၊ ခင်ဗျားတို့ရွာက နောက်ဆက် တွဲ အကြောင်းလေးတွေ ကျွန် တော် မပြန်ခင် အဆုံးသတ် မေးပါရစေဦး'

'ခင်ဗျားကလည်း ဘာ မေးစရာရှိလဲဗျ။ ဆက်မပြော တော့ကတည်းက သဘော မပေါက်ဘူးလား'

သူက ကြက်ကြော်တစ် ဖတ်ကို ကောက်ဝါးလိုက်ပြီး ကျွန်တော့်ကို စိတ်မရှည်တော့ သလို ပြန်မေးတယ်။

'သဘောတော့ ရေး တေးတေး ပေါက်သလိုလိုပါ။ ဒါပေမဲ့ ခင်ဗျားက အပြော ကောင်းတော့ နားထောင်ချင် ပါသေးတယ်။ မဟုတ်လည်း ကျွန်တော်ပြန်မှာ နောက်ကျ မယ့်အတူတူ ပြောစမ်းပါဦး ဗျ။ အဲဒီဂဏန်းက အကျိုး ပေးသွားသလားဗျ'

'အဲဒီဂဏန်းက အကျိုး ပေးတယ် မပေးဘူး မသိဘူး၊ နဂိုက ဒီတစ်ခုပဲ ရှားရှားပါး ပါး ညီညွတ်တဲ့ဟာပါ လစ် သွားရော။ ဟိုလူ့ အပြစ်ပုံချ၊ ဒီလူ့ကို ရန်လိုနဲ့ တစ်ယောက် နဲ့တစ်ယောက် မခေါ်နိုင် မပြောနိုင်တွေကို ဖြစ်လို့ဗျာ။ ဟိုပုဂ္ဂိုလ်လည်း ပြန်ရော အဲဒီ ဂဏန်း ဝိုင်းထိုးလိုက်ကြတာ ဘာပြောကောင်းမလဲ အိမ် တိုင်ပါချွတ်ထိုးကြတာ။ တ ကယ်ဗျ၊ အပို မပြောဘူး။ ကျုပ်တို့ရွာက အိမ်တိုင်တွေ က ကျွန်းတိုင်တွေဆိုတော့ ခုခေတ် ဈေးမတရားကောင်း တာ။ အဲဒါချွတ်ရောင်းပြီး ထိုးကြ၊ နွားရောင်းပြီးထိုးကြ၊ လက်ဝတ် လက်စား ရွှေတို ရွှေစပါမကျန် ရှိသမျှ အသား ကုန် တွယ်ကြတော့တာပဲ'

'ဆက်ပြောပါဦး၊ အဲဒီ ဂဏန်းပေါက်ရောလားဗျ'

'ပေါက်မပေါက် မပြော တော့ဘူး။ ခင်ဗျားပြန်ရင် ရွာ လမ်းတစ်လျှောက် ကြည့် သွားတော့။ အိမ်တိုင်ချွတ် ထားလို့ တဲနဲ့နေ,နေရတဲ့သူ တွေ တစ်ပုံကြီးပဲ။ ဟား… ဟား…အတော် အကျိုးပေး တဲ့ ဂဏန်း။ အိမ်ပေါ်ကလူ တဲထဲရောက်၊ တဲထဲကလူ ဘုန်းကြီးကျောင်းရောက်အောင် ကို စွမ်းတဲ့ဂဏန်းဗျ'

'သိပါပြီဗျ၊ ခင်ဗျားတို့ ဂဏန်းစွမ်းတာ။ ဒါနဲ့ နေပါ ဦး၊ ခင်ဗျားကတော့ ပါ မသွားဘူးပေါ့။ ဒီတော့ ပြော အားရှိနေတာပေါ့လေ'

သူက သူ့မျက်ထောက် နီကြီးနဲ့ ကျွန်တော့်ကို မလှမပ မျက်စောင်းလှမ်းထိုးရင်း ထန်းရည်ခွက်ကို ငွပ်ခနဲ မော့ ချလိုက်တယ်။ ပြီးမှ ပါးစပ် ပေနေတဲ့ ထန်းရည်တွေကို သူ့ပုဆိုးအပေါ်နားနဲ့သုတ်ရင်း-

'ကျုပ်လည်း 'ရွှေစည်' သား အစစ်ပဲဥစ္စာဗျာ၊ ဘယ် နေလိမ့်'


စကားအဆုံး သူ့ခြံထောင့် နေရာဆီ မေးငေါ့ပြတယ်။ ကျွန်တော်လည်း လှမ်းကြည့် လိုက်တော့ ခြံထောင့် နွား တင်းကုပ်နဲ့ နွာ တစ်ရှဉ်းစာ ချည်တိုင်မှာ နွားပိန်မတစ် ကောင် အစာစားနေတာ တွေ့ လိုက် ရတော့တယ်။ ■

**ခန့်ညီဖေ**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၂၉ နှစ်ပြည့်
ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# ရင် . . . အမြုတေ

၁။
ငွေကြေးသုံးစွဲမှုနှင့်
အဆောင်အယောင်၊ အခမ်း
အနားပြင်ဆင်မှုတို့အရ
မည်သို့မျှ အကျဉ်းချုံးဟု
ခေါ်ဆို၍
မရနိုင်သော်လည်း
ရင်းနှီးသူ
မိတ်ဆွေအချို့လောက်သာ
ရွေးဖိတ်တာတော့
သေချာလှသော
စေ့စပ်ကြောင်းလမ်းပွဲမို့
ကိုဗ ခပ်စောစောပဲ
သွားလိုက်သည်။
အသစ်ဖွင့်သော
နိုင်ငံတကာ ဟိုတယ်
အပေါ်ထပ်က
ခန်းမလတ်တစ်ခုမှာ
ကျင်းပမှာဖြစ်၍
နေရာရှာရန်
အချိန်ချန်ချင်တာလည်း
ပါသပေါ့။
တကယ်တမ်းကျတော့
ဓာတ်လှေကားထဲက
ထွက်ပြီး ဥရောပ
စားသောက်ဆိုင်ကလေး
တစ်ခုကို
ဖြတ်အလျှောက်မှာတင်
တွေ့ရသည်။ ခန်းမကို
မဟုတ်ပါ။
သတို့သမီးလျာ၏ ဖခင်
ကိုလတ်ပါ။
ကိုလတ်နှင့် ကိုဗက
တစ္ဆသိုလ်ကတည်းက
အပေါ်တန်း၊ အောက်တန်း
တက်ရင်း
ရင်းနှီးခဲ့ကြသူများဖြစ်၍
ကိုလတ်က ကိုဗကို
'အစ်ကို'ဟု
ခေါ်လေ့ရှိသည်။
နှစ်ပေါင်း သုံးဆယ်
ကျော်ကြာမြင့်ခဲ့ပြီး ကိုဗက
ဓမ္မိုးမြင့် ဆိုသည့်
နာမည်တစ်လုံးနှင့်
သတင်းလောကမှာ
ထင်ရှားလာချိန်မှာ
ကိုလတ်ကလည်း
အောင်မြင်သော
စီးပွားရေးလုပ်ငန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ဖြစ်နေခဲ့ပြီ သည်။

သူတို့နှစ်ယောက် အဓိက မတူတာကတော့ ကိုဗက လူပျိုကြီးဖြစ်လာခဲ့ပြီး ကိုလတ်က သားတစ်ယောက်၊ သမီးတစ်ယောက် ဖခင်ဖြစ်ခဲ့တာ ဖြစ်သည်။ သတို့သမီးလျာဖြစ်သော ငြိမ်းစုသည်ပင်လျှင် ကိုဗကို ဦးလေးအရင်းတစ်ယောက်လိုချစ်သူဖြစ်ပြီး 'အန်ကယ်ဗ စောစောလာခဲ့ရမယ်နော်' ဟု ပူဆာခဲ့သူ ဖြစ်လေသည်။

'လာ အစ်ကို ထိုင်။ ကျွန်တော်က ကော်ဖီသောက်နေတာ။ အစ်ကိုရော ကော်ဖီပဲလား၊ အိုင်ရစ်ချ် (Irish) လည်း ရှိတယ်'

ကိုလတ်က စားသောက်ဆိုင်ထဲသို့ ကိုဗကို လက်ဆွဲခေါ်ပြီး နေရာချပေးသည်။ ကိုဗက လက်ကာပြသည်။

'ဟာ... မလုပ်နဲ့၊ နှလုံးရောဂါ စပြီးကတည်းက Non- Alcoholic လုပ်နေတာ။ လာတေးပဲ မှာ။ နေပါဦး၊ မောင်ရင်က ပွဲကျရင်လည်း ကော်ဖီသောက်မယ့်ဟာကို ဘာလို့ စောပြီး လာထိုင်သောက်နေရတာလဲ'

ကိုလတ်က စားပွဲထိုးကို 'လာတေး တစ်ခွက်' ဟု လှမ်းမှာပြီး ကိုဗကို လှည့်ကြည့်၍ ရယ်သည်။

'သမီးကလည်း မိတ်ကပ်ပြင်၊ မိန်းမကလည်း မိတ်ကပ်ပြင်၊ သားက နိုင်ငံခြားက ပြန်မလာ။ ကျွန်တော်လည်း ဘာမှလုပ်စရာမရှိတော့ ယောင်ချာချာပေါ့ အစ်ကိုရာ'

## u|eáwmfb r|av; u|eáwmfh &ifGfx Jh$ Epfay|if Epfq , áumf aecJDyD q uáe&if b , fv bbOr|d ae&r , fq kvm u|eáwmf t ukfodw , f o l r ;&ifGf x Jh$ t q ifajyyhvm;

ကိုလတ်က သူ့ရှေ့က 'မိုခါး' ကော်ဖီကို တစ်ကျိုက် ထပ်သောက်ရင်းက ရယ်ပြန်သည်။

'နမလင်နေ မောင်ဖင်ကျိန်းဆိုတဲ့စကားပဲ ထွင်ခဲ့ကြတာ ဆိုးတာပေါ့။ ကျွန်တော်က သမီးစေ့စပ်၊ အဖေက ရင်ထဲ ဗလောင်ဆူနေတာ နှိုင်းစရာ စကားပုံမရှိ ဖြစ်နေတယ်'

ကိုဗ မျက်လုံးပြူးသွားသည်။

'ဟ၊ ဟိုကလေးလည်း မျိုးကောင်းရိုးကောင်း၊ ပညာတတ်ကလေးပဲ မဟုတ်လား။ ငါကြားသလောက်တော့ အရှုပ်အရှင်းလည်း ဘာမှမရှိပါဘူး။ ပြီးတော့ သူတို့ချင်း ချစ်သူတွေဖြစ်ပြီး နှစ်နှစ်လောက်ကြာမှ သဘောတူလိုက်တာဆို'

စားပွဲထိုးကလေးက ကိုဗရှေ့မှာ လာတေးကော်ဖီခွက် လာချပေးသည်။ ကိုလတ်က ကိုဗ ကော်ဖီမွှေနေသည်ကို ငေးကြည့်နေရင်းက တိုးတိုးပြောသည်။

'အစ်ကို ဘာမှမသိနိုင်ပါဘူး'

ကိုဗ မျက်လုံးပြူးသွားပြန်သည်။

'မင်းက ဘာတွေ သိထားလို့လဲ'

ကိုလတ်က တိုးတိုးရယ်၍ ပခုံးတွန့်ပြသည်။

'ကျွန်တော်လည်း ဘာမှ မသိပါဘူး'

'ဘာလဲဟ'

ကိုဗ မျက်လုံးပြူးကြည့်တော့ ကိုလတ်က အော်ရယ်သည်။

'ကျွန်တော်ပြောချင်တာ အဲဒါပဲလေ အစ်ကိုရာ။ ကျွန်တော့်သမီးလေး ကျွန်တော့်ရင်ခွင်ထဲမှာ နှစ်ပေါင်းနှစ်ဆယ်ကျော် နေခဲ့ပြီးပြီ။ ဆက်နေရင် ဘယ်လိုဘဝမျိုး နေရမယ်ဆိုတာ ကျွန်တော် အကုန်သိတယ်။ သူများရင်ခွင်ထဲမှာ အဆင်ပြေပါ့မလား။ ဘယ်လိုမှ ရာနှုန်းပြည့် အာမခံချက် မရှိဘူးနော်။ အခု အဆင်ပြေမယ်ထင်တယ်ဆိုတာ အပေါ်ယံ အသွင်အပြင်ပဲ ကြည့်ပြောရတာ။ အဖေအနေနဲ့ကျတော့ သမီး စိတ်ချမ်းသာရမယ်ဆိုတာ ရာနှုန်းပြည့် အာမခံချက်လိုချင်တာ။ အဲဒါနဲ့ ဗလောင်ဆူနေတာ'

ကိုဗ ခေါင်းခါသည်။

'သမီးရှင်တိုင်း ဒီလိုနေ့ကို ကြုံခဲ့ရတာပဲလေ။ မင်းဟာက တစ်တီတူး ဖြစ်မနေဘူးလား'

ကိုလတ်က ရုတ်တရက် ဘာမှပြန်မဖြေဘဲ မင်္ဂလာခန်းမဘက်မှာ ဓာတ်ပုံဆရာအဖွဲ့ နေရာယူ ပြင်ဆင်နေကြတာကို လှမ်းငေးကြည့်နေသည်။ ခဏနေမှ ကော်ဖီကို အဆုံးသတ် မော့သောက်ပြီး ခွက်ကို ပြန်ချသည်။

'အစ်ကိုကတော့ စာပေသမားဆိုတော့ ဖတ်ဖူးမှာပဲ။ ကျွန်တော် ဖတ်ဖူးတဲ့ ဝတ္ထုတို ကလေးတစ်ခု ရှိတယ်။ ဆရာဝန်၊ စာရေးဆရာတစ်ယောက်ရေးတာ 'အမြုတေ ရတနာ' တဲ့။

ကိုဗ ခေါင်းညိတ်ပြသည်။ သူ ထိုစာရေးဆရာနှင့် ရင်းနှီးသည်။

'ကြာပါပြီ။ ဆယ်နှစ်လောက်ရှိပြီ။ သူ့ဝတ္ထုထဲမှာ သူ့သမီး ဆယ့်သုံးနှစ်သမီးလောက်မှာ ရည်စားစာအပေးခံရတော့ အဖေလုပ်တဲ့လူ တုန်လှုပ်တာကို ရေးထားတာလေ။ ကျွန်တော့် ရင်ထဲကို စွဲနေရော။ သူ့သမီးဟာ သူပိုင်ဆိုင်သမျှ ရတနာအားလုံးရဲ့ အမြုတေပါပဲတဲ့။ သူ့သမီး စိတ်မချမ်းမသာဖြစ်ရမယ့် ကိစ္စ သက်သာမကင်းဖြစ်စရာလေးတောင် သူ မခံစားနိုင်ဘူးတဲ့လေ။

ကိုဗ သက်ပြင်းချသည်။

'မင်းသမီးက အရွယ်ရောက်ပြီလေ။ ပညာလည်း စုံနေပြီ၊ စဉ်းစားတတ်၊ ချင့်



www.burmeseclassic.com

www.burmeseclassic.com

ချိန်တတ်နေပြီ။ ဒါနိုင်းစရာလား’

ကိုလတ် ပြုံး၍ ခေါင်းညိတ်ပြသည်။

‘ကျွန်တော် သိပါတယ်၊ ကျွန်တော် အစိုးရိမ်ပိုနေမှန်း။ ဒါပေမဲ့ အစ်ကိုက လူပျိုကြီးနော်။ ကျွန်တော့်လို သမီးရှင်တွေ၊ အထူးသဖြင့် ဖခင်တွေ ရင်ထဲ ဘယ်လိုရှိမှန်း ကိုယ်ချင်းစာတတ်မှာ မဟုတ်ဘူး။ ဒါက တကယ် ကြီးထည့်လိုက်ရတော့မှာ။ အိမ်ထောင်ရေးဆိုတာ ထီထိုးရသလိုပဲတဲ့။ လူငယ်တွေက ထိုးရဲတယ်၊ ချစ်စိတ်တွေက တက်နေကြတာကိုး။ အဖေတွေက မထိုးရဲဘူး။ ကျွန်တော်တို့ရင်ထဲမှာ အမြဲတေ ရတနာက သူတို့ပဲရှိတာ။ အစားပြန်မရနိုင်ဘူး’

ကိုဗ သက်ပြင်းချသည်။

မင်္ဂလာဆောင်ခါနီး တွေဝေနောက်ဆုတ်ချင်တာကို အင်္ဂလိပ်တွေက Cold Feet ဟုခေါ်ကြသည်။ ခြေအေးဝမ်းရောင်ပေါ့။ သို့သော် အဲဒါက သတို့သား၊ သတို့သမီးလောင်းအတွက် ထွင်ထားသော စကားလုံးဖြစ်သည်။ အခု ကိုလတ်က Cold Feet ဖြစ်နေတာ အမှန်ပင် ဖြစ်သော်လည်း သူက သတို့သမီးအဖေ ဖြစ်နေသည်။ သတို့သမီးတောင် ခေါ်၍ မရသေး၊ စေ့စပ်ပွဲမို့ သတို့သမီးလျာဟုသာ ခေါ်ကြသည်။

ဒါကတော့ နည်းနည်းလွန်နေမလား မသိ။ သူပြောသလိုပင် မိမိက လူပျိုကြီးမို့ ကိုယ်ချင်းမစာတတ်တာလည်း ဖြစ်နိုင်ပါသည်။ ပြုံး၍ပင် တိုးတိုးချေပလိုက်ရသည်။

‘ငါ့မှာလည်း သမီးတပည့်တွေ အများကြီးပါကွာ။ ဒါတွေက ဒီလိုပါပဲ’

❑

၂။

ဂျာနယ်တိုက်ရောက်တော့ တာဝန်ခံ စာတည်းကို ထုံးစံအတိုင်း ကွန်ပျူတာတစ်လုံးရှေ့မှာ အလုပ်ရှုပ်နေတာ မြင်ရသည်။

ကွန်ပျူတာ မော်နီတာပေါ်မှာ သူ စာတည်းချုပ်လုပ်သော ဂျာနယ်၏ မျက်နှာဖုံးအသစ်ကို မြင်ရတော့မှ ဖောင်ပိတ်ခါနီးနေပြီဆိုတာ သူသတိရမိသည်။

‘အို ကေနေပြီလားဟေ့’

တာဝန်ခံ စာတည်းက သူ့ကို လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြသည်။

‘ကျန်တာ အိုကေနေပြီ။ ဂျယ်ရမီဟန့် လာမယ့်ကိစ္စသုံးသပ်ချက် သူများတွေ အပြိုင်အဆိုင်ထည့်နေကြတာ ကျွန်တော်တို့ပဲ ကျန်တယ်။ အစ်ကိုကြီး ရေးမလား’

ကိုဗ လက်ထဲက အိတ်ကြီးကို သူ့စားပွဲပေါ် ချ၍ ဝင်ထိုင်ရင်း ဖြေသည်။

‘မင်းပဲ ရေးလိုက်’

တာဝန်ခံ စာတည်းက လှည့်ကြည့်၍ မျက်မှောင်ကုတ်သည်။

‘အစိုးရခေါင်းဆောင်တွေနဲ့ရော၊ တပ်ခေါင်းဆောင်တွေနဲ့ပါ သီးခြားတွေ့ခွင့်တောင်းထားတာ။ အိုင်စီစီကိစ္စတွေလည်း ရှုပ်နေတဲ့အချိန်။ ဒီလောက်အရေးကြီးတဲ့ဆောင်းပါး အစ်ကိုကြီးကိုယ်တိုင် ဘာလို့မရေးတာလဲ’

သူ ပခုံးတွန့်ပြသည်။

‘အဲဒါကြောင့် မရေးတာ။ အခန့်မသင့်ရင် ဖဖ(ဃ) နဲ့ ထောင်ထဲရောက်သွားနိုင်တယ်။ ငါရောက်ရင် အားလုံး ဒုက္ခရောက်ကြမှာ။ မင်းရောက်ရင် မင်းမိန်းမနဲ့ ကလေးတွေ ငါကြည့်ထားပေးမယ်’

အဲဒီတော့မှ သူအတည်ပေါက်ကြီး နောက်နေမှန်း ရိပ်မိသွားပြီး အားပါးတရ ရယ်သည်။

‘မေတ္တာထားပါပေ့ အစ်ကိုကြီးရာ။ ဒါဖြင့်လည်း အစ်ကိုကြီးသမီးပဲ ရေးခိုင်းလိုက်’

အကြီးတန်း အယ်ဒီတာတစ်ဦးဖြစ်သူ မစိုးမှာ သူ့သမီးလို ဖြစ်နေသောတပည့်ဖြစ်၍ အားလုံးက သမီးကြီးဟု ခေါ်ကြသည်။

‘ဘာဖြစ်လို့လဲ’

‘သူက ဗိုက်နဲ့ဆိုတော့ ချမ်းသာပေးမလားလို့’

‘အောင်မယ်လေးကွာ၊ ဖဖ(ဃ)က ဗိုက်နဲ့လူ ငဲ့ညှာတယ် တစ်ခါမှ မကြားဖူးပါဘူး။ ငါ့သမီး ထောင်ထဲသွားမွေးနေရပါဦးမယ်၊ နေပါဦး’

သူ ရုတ်တရက် သတိရပြီး ဘေးဘယ်ညာလှည့်ကြည့်မိသည်။

‘ဒီနေ့လည်း မတွေ့ပါလား’

တာဝန်ခံ စာတည်းက သက်ပြင်းချသည်။

‘မလာတာ သုံးရက်ရှိပြီ အစ်ကိုကြီး။ အစ်ကိုကြီးလည်း ရှုပ်နေလို့ တိုက်ဘက်မလှည့်နိုင်တာနဲ့ မပြောရသေးတာ။ ဖုန်းဆက်တော့လည်း ပိတ်ထားတယ်’

သူ စိတ်ပူသွားသည်။

‘နေများမကောင်းလို့လားကွာ။ အရင်အပတ်ကပဲ ကိုယ်ဝန်အပ်မယ်၊ ခွင့်တစ်ရက်ပေးပါဆိုလို့ ပေးလိုက်သေးတယ်။ ပြန်လာတော့ အကောင်း။ ကလေးလည်း အားလုံးကောင်းတယ်တဲ့။ ဒီက အပြန် ဝင်ဦးမှပါပဲ’

‘တာမွေက တိုက်ခန်းဆိုရင်တော့မဝင်နဲ့ အစ်ကိုကြီး။ ကျွန်တော်တစ်ယောက် လွှတ်ကြည့်ခိုင်းပြီးပြီ၊ ပိတ်ထားတယ်။ ပြန်မလာတာ သုံးရက် ရှိပြီတဲ့။

သူ့ယောကျ်ားလည်း ပြန်လာတာ မတွေ့ဘူးလို့ ဘေးအိမ်က ပြောတယ်။ ရွှေပြည်သာက သူ့အဒေါ်အိမ်ပဲ ပြန်သလားပဲ’

သူ သက်ပြင်းချသည်။

‘အေးကွာ၊ ရွှေပြည်သာပဲ လိုက်သွားလိုက်ဦးမှပါပဲ’

ရွှေပြည်သာက အိမ်ကို လိုက်သွားတော့ မစိုးကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့သည်။

မျက်နှာ နည်းနည်း ညှိုးရော်နေတာကလွဲ၍ နေမကောင်းပုံ မပေါ်ပါ။ ကိုယ်ဝန်ငါးလခန့်ရှိပြီဖြစ်သော်လည်း ပေါ့ပေါ့ပါးပါးပါပဲ။

အဒေါ်ကလည်း မျက်နှာမကောင်း။ သူ့ကို နှုတ်ဆက်ပြီး နောက်ခန်းထဲ ဝင်သွားသည်။

သူနှင့် မစိုး ဧည့်ခန်းထဲမှာ ထိုင်ပြီးတော့ သူက စ, မေးသည်။

‘သမီး နေမကောင်းဘူးလား၊ စိတ်ပူပြီး လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com

တာ'

'ကောင်းပါတယ် ဆရာ'

မစိုးက ရုတ်တရက်ငို ချလိုက်တော့ သူ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။

နောက်တော့ စိတ်ကို တည်ငြိမ်အောင်ထား၊ စဉ်းစားပြီး မစိုးကို ခဏပေးငို ထားလိုက်သည်။ ရှိုက်သံ အနည်းငယ်ကျဲသွားပြီးမှ သူ တိုးတိုးမေးသည်။

'ယောက်ျားနဲ့ ပြဿနာ ဖြစ်တာလား သမီး'

မစိုးက မျက်ရည်လည် ရွှဲနှင့် မော့ကြည့်ပြီး ခေါင်းခါသည်။

'သမီး အလုပ်ထွက်ချင်လို့ ဆရာ'

သူ ခေါင်းခါပြသည်။

'အလုပ်က အဓိကမကျဘူး သမီး။ သမီးကို ဆရာ့ သမီးအရင်းလို သဘောထားတာ အားလုံး အသိ။ သမီး ဘာဖြစ်တာလဲဆိုတာ ဆရာ့ကို အရင်ပြောပြမှ ဆရာ ဝိုင်းအဖြေရှာပေးနိုင်မှာပေါ့'

မစိုးက ခေါင်းငုံ့၍ တွေဝေတိတ်ဆိတ်နေသည်။ ပြီးမှ တိုးတိုးပြောသည်။

'သူ နေမကောင်းဘူး ဆရာ'

'ယောက်ျားလား'

ခေါင်းညိတ်ပြသည်။

'အခု ဘယ်မှာလဲ'

တိတ်ဆိတ်နေပြန်သည်။ ပြီးမ ၂ 'ထွက်သွားတယ်၊ ဘယ်သွားမလဲတော့ မသိဘူး' ဟု တိုးတိုးဖြေသည်။

သူ ကြေကွဲနေသော မှန်ကူကွက်များကို ဆက်စပ်တတ်သွားသည်။

oZifu
pkWfom
ruf vkm;EShf
oYkd
armhu nfo nf
]orDwkdif HS
rdbu
tcdyfnfh
rapmifh&Suf
Ekdfwt cdfS
refryfdv;awGkd
b, fobwG
apmifh&Su fy;ae
ovJ

'အိတ်ချ်အိုင်ဗွီလား'

ခေါင်းညိတ်ပြသည်။ သူ့ငယ်ထိပ် မိုးကြိုးပစ်သလို ခံစားလိုက်ရသည်။

'သမီးရော'

မျက်ရည်တွေနှင့် မော့ကြည့်သည်။

'သမီးက စစ်ပြီးပြီ။ မရှိဘူးတဲ့။ ဒါပေမဲ့ ခြောက်လနေရင် ထပ်စစ်ပြီးမှ သေချာမှာတဲ့။ ခက်တာက ခြောက်လဆိုရင် ဒီကလေးက မွေးပြီးသွားပြီ။ တကယ်လို့ ရှိနေရင် ဒီကလေးမကူးအောင် ကာကွယ်ရဦးမှာ။ သမီးတော့ ခေါင်းမီးတောက်နေပြီ။ သေ တောင်သေပစ်ချင်တာ၊ ဒီကလေးကို ငဲ့နေလို့'

သူ ပျာပျာသလဲ လက်ကာသည်။

'ဟာ… မဟုတ်တာ။ သမီး တကယ်မရှိတာပဲ နေမှာပေါ့။ ခြောက်လမစောင့်ရဘဲ သိတဲ့နည်းတွေ ရှိပါတယ်။ ဆရာ့အသိ သမားတော်ကြီးတွေ၊ အိုဂျီတွေနဲ့ တိုင်ပင်ပြီး လုပ်ပေးပါမယ်။ အလုပ်လည်း ခဏနားနေ။ မထွက်နဲ့ဦး။ သမီးယောက်ျား အခြေအနေကြည့်ပြီး သူပြန်မလာရင် ဒီကလေးကို သမီး တစ်ယောက်တည်း ပျိုးထောင်ရဦးမှာ'

'သူ ပြန်လာလည်း သမီး လက်မခံတော့ပါဘူး'

မျက်ရည်တွေနှင့် လေသံပြတ်ပြတ်ပြောမှ သူ ဖျတ်ခနဲ သတိရသွားသည်။ စီးပွားရေးပေါင်းစုံလုပ်သော ဒီကောင်လေးနှင့် ဒီသမီး ရည်ငံကြပြီး လက်ထပ်ခါနီးမှာ သူပဲ တိုက်တွန်း၍ နှစ်ယောက်လုံး သွေးစစ်ကြသေးသည်။ အဲဒီတုန်းက နှစ်ယောက်စလုံး အိတ်ချ်အိုင်ဗွီ မရှိ။ ဒါဆိုရင် အိမ်ထောင်သည်ဘဝကျမှ ရတာပေါ့။ ဘုရား၊ ဘုရား။ သူ့မှာလည်း မိဘမရှိ၊ ကိုယ့်မှာလည်း သားသမီးမရှိသဖြင့် ကိုယ့်သမီးလို၊ ကိုယ့်အမြုတေ ရတနာလို တန်ဖိုးထားရသော ကလေးတစ်ယောက်ကို ဘေးကင်းလုံခြုံစေဖို့ စောင့်ရှောက်ရတာ ထင်သလောက် မလွယ်ကူပါလား။

'အေးလေ၊ ဒါတော့ သမီးဟာသမီး စဉ်းစားပေါ့။ လောလောဆယ် တစ်လလောက်နားလိုက်။ ဆရာ့အသိ ဆရာဝန်တွေနဲ့ တိုင်ပင်ပြီးရင် သမီးကို ဆေးစစ်ဖို့ ဆရာ လာခေါ်မယ်။ ဘယ်ဟာမှ အရင်စလို မဆုံးဖြတ်နဲ့။ ကြားလား'

သူပြန်ခါနီးမှာ မစိုးက မျက်ရည်လည်ရွှဲနှင့် ကြမ်းပေါ်မှာ ထိုင်ကန်တော့သည်။

'ဟိုညီမလေး သဇင်က သမီးသိတာ အားလုံးသိတယ်။ သမီး သေသေချာချာ သင်ပေးထားတယ်။ အလုပ်လည်း တအားစေတနာရှိတယ်။ သမီးမရှိတုန်း ဆရာ အဆင်မပြေမှာစိုးရင် သဇင့်ကို ခိုင်းပါနော်'

သူ ခေါင်းညိတ်ပြသည်။

သဇင်ဆိုသည့် သတင်းထောက်မလေးကို သိသည်။ အလုပ်ကြိုးစားသည်။ အသက်ကငယ်တော့ အတွေ့အကြုံက နည်းသည်။ ဘယ်သူ့ကို အင်တာဗျူးခိုင်း ဗျူးခိုင်း 'ဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်ကို့ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားမှုကလေးကို သိပါရစေ' ဆိုသည့် မေးခွန်းတစ်မျိုးသာ မေးတတ်သူမျိုး။

ဘာပဲဖြစ်ဖြစ် သင်ပေးပြီး သုံးရမှာပေါ့လေ။ ရွှေပြည်သာက ပြန်တော့ ညကတော်တော်မှောင်နေပြီ။ ကောင်းကင်မှာ ကြယ်တစ်လုံး ကြွေသွားတာ တွေ့လိုက်ရသည်။

❑

၃။

ညှိခန်းစားပွဲပေါ်မှာ ကင်မရာအကြီးတစ်လုံး တင်၍ အဲဒီရှေ့ ကုလားထိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ကြောင့်ထိုင် မှိုင်နေသော သဇင့်ကို တွေ့ရသည်။ ဂျင်းဘောင်းဘီရှည်ဝတ်ထား၍သာ တော်တော့သည်။

သူက သဇင့်ကို ဖြတ်လျှောက်ခဲ့ပြီးနောက် ကွန်ပျူတာ မော်နီတာကို စူးစူးစိုက်စိုက် ကြည့်နေသည့် တာဝန်ခံ စာတည်းအနား ရပ်၍ မေးလိုက်သည်။

‘ဟိုကောင်မလေး ဘာဖြစ်နေတာလဲ’

‘သဇင်လား’

တာဝန်ခံ စာတည်းက လှည့်မကြည့်ဘဲ ပြန်မေးသည်။

‘အေး’

‘မသိဘူး၊ ဟိုလူသတ်မှုတရားခံ မိပြီဆိုတော့ အောင်ထွေးကို သတင်းလိုက်ခိုင်းတော့ သူသွားချင်တယ် ပြောပြီး တောင်းသွားတာပဲ။ ကျွန်တော်ကလည်း တရားခံက မိန်းကလေးဆိုတော့ ဗျူးခွင့်ရရင် သူဗျူးတာပိုကောင်းမလားလို့ လွှတ်လိုက်တာ။ ဘာဖြစ်လာတယ် မသိဘူး၊ ပြန်လာတော့ မရေးချင်တော့ဘူးဆိုပြီး ထိုင်မှိုင်နေတာပဲ’

သူ သက်ပြင်းချ၍ ဧည့်ခန်းဘက် ပြန်လျှောက်လာခဲ့ပြီး သဇင့်ရှေ့ကုလားထိုင်မှာ ဝင်ထိုင်သည်။ သဇင်က ရှိသေသမှုဖြင့် ခြေထောက် ပြန်ချထိုင်သည်။

‘သတင်းရခဲ့လား သမီး’

‘ဟုတ်ကဲ့ ဆရာ’

‘မရေးချင်တော့ဘူး ဆို’

သဇင်က သက်ပြင်းချ၍ တိုးတိုးဖြေသည်။

‘ဆရာ ရေးခိုင်းရင် ရေးပါမယ်။ ဒါပေမဲ့ ဆရာရယ်…’

သဇင်က အဝေးကို ငေးကြည့်နေရင်းက တိုးတိုးဆက်ဖြေသည်။

‘ရည်းစားထားတာ ယူမယ် ထင်လို့ အတူလည်းနေခဲ့သတဲ့။ နယ်စပ်ကို ခေါ်တာလည်း လိုက်သွားသတဲ့။ ဟိုရောက်မှ ရောင်းစားတော့ သိလို့ ရရာနည်းနဲ့ ထွက်ပြေးလာရတာတဲ့။ အမှုသွားဖွင့်တော့ ဘယ်မှ လက်မခံလို့တဲ့။ စိတ်နာတာနဲ့ ပြန်လာတာ စောင့်သတ်တာတဲ့’

သူ့ရင်ထဲ နင့်ခနဲ ဝင်သွားပြန်သည်။

‘ဒါပေမဲ့ ဒါက မမှန်ဘူးလေ သမီး’

သဇင်က ခေါင်းခါသည်။

‘သူ့လုပ်ရပ် မမှန်တာ သမီး သိပါတယ်။ သူကိုယ်တိုင်ရော ဘယ်လိုလူစားမျိုးလဲ တခြားလူတွေကပြောတာပါ နှစ်ဖက်မျှနားထောင်ရဦးမယ်ဆိုတာလည်း သမီး သိပါတယ်။ ဒါပေမဲ့ ဆရာ မှတ်မိမလားတော့ မသိဘူး၊ ဟိုတက္ကစီငှားစီးရင်း အသတ်ခံရတဲ့ ဝန်ထမ်းမိန်းကလေးကိစ္စကို’

သူ ခေါင်းညိတ်ပြသည်။

‘အဲဒီသတင်းလည်း သမီးပဲ ရေးခဲ့တာပဲလေ။ အဲဒီတော့ သမီး စဉ်းစားနေမိတာက…’

သဇင်က စိုစွတ်သော မျက်လုံးများနှင့် သူ့ကို မော့ကြည့်သည်။

‘သမီးတို့နိုင်ငံမှာ မိဘက အချိန်ပြည့် မစောင့်ရှောက်နိုင်တဲ့အချိန်မှာ မိန်းမပျိုလေးတွေကို ဘယ်သူတွေ စောင့်ရှောက်ပေးနေသလဲလို့ပါ’

သူ ရုတ်တရက် ဆွံ့အ၍ သွားပါသည်။ ■

**လက်ဘာရည်ကျော်**

ကြော်ငြာ



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# ခင်ခင်ထူး၏

# ဂိုးပိုး



ရုပ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်

၁။

မန္တလေးမြို့ တောင်ဖျားဆီက အရှေ့မြောက်ဖျားဆီကို ဝန်စည်စလယ်အထုပ်အထည် တစ်ပွေ့တစ်ပိုက်နဲ့ ကျွန်မတို့ မိသားစု ပြောင်းလာရလိမ့်မယ်လို့ ယောင်လို့မှ မတွေးခဲ့မိတာ အမှန်ပါ။ သည်တစ်ခါ ပြောင်းရရွှေ့ရတာနဲ့ဆိုရင် ကျွန်မတို့ အိမ်ပြောင်းရတာ ဘယ်နှခါများ ရှိမှာပါလိမ့်။

ကျွန်မတို့ အိမ်ထောင်ကျစက အမေ့အိမ်မှာလိုလို၊ တိုက်ခန်းငှားနေမှာလိုလို ရှိခဲ့ကြရာက အမေတို့ရပ်ကွက်နဲ့ မနီးမဝေး ကမ်းနားမှာ တိုက်ခန်းတွဲတွေဆောက်လာတော့ အဲသည်မှာပဲ တစ်ခန်းငှားနေဖို့ စိတ်ကူးရကြတယ်။ ကိုယ့်အိမ်ထောင်နဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာတော့ သီးသီးသန့်သန့် နေချင်တာရော၊ အမေ့အိမ်နဲ့ နှစ်ဖာလုံလောက်ပဲ ဝေးတာရောဆိုတော့ တိုက်ခန်းတစ်ခန်း ငှားနေခဲ့ကြ တယ်။ အိမ်ထောင်ဦးဆိုတော့ ပစ္စည်းပစ္စယရယ်လို့ များများမဖြည့်နိုင်သေးပါဘူး။ နေဖြစ်ရုံပေါ့။ စားအိုးစားခွက် တချို့၊ ထမင်းစား စားပွဲဝိုင်းကလေးတစ်လုံးနဲ့ စာအုပ်စင်ကြမ်းကြီး တစ်စင်လောက်နဲ့ ဘဝစ,ခဲ့ကြတယ် ပြောပါတော့။ သူ့သေတ္တာ ကိုယ့်သေတ္တာ ပေါင်းလို့မှ မြင်းလှည်းနှစ်ခေါက်စာ အနိုင်နိုင်ပါ။ တိုက်ခန်းငှားနေမယ်ဆိုတော့ တိုက်ခန်းအလွတ်တွေဝယ်ထားတဲ့ တိုက်ခန်းပွဲစား တိန့်ရှောင်ဖိန်ဆီကို ပြေးရတယ်။ တစ်နှစ်စာကို ဆယ့်သုံးလစာပေး စာချုပ်ပြီး ပထမဆုံး နေခဲ့ကြတာ တိုက်အမှတ် ၆-ပါ။ နောက်တော့ တိန့်ရှောင်ဖိန်က တိုက်-၆ က ကျွန်မတို့နေလက်စအခန်း ဝယ်သူရှိလာလို့ တိုက် ၁၁-ပြောင်းပါတဲ့။ ပြောင်းပေါ့။ တစ်ခါ တိုက် ၁၁-မှာ နေသားကျမယ်မှ မကြာသေးဘူး။ ဝယ်သူပေါ်လာပြန်လို့ တိုက် ၁၂-ပြောင်းဖို့ ပြောလာတော့ စိတ်ညစ်သွားတယ်။ တကယ်တမ်း ကျွန်မတို့ ပိုင်တာဆိုလို့ စာအုပ်တွေကများတာဆိုတော့ ထုပ်ရသိမ်းရမယ့်ကိစ္စက မလွယ်တော့ဘူးကိုး။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ပြောင်းကြရပြန်ရော။

နောက်တော့ ကျွန်မတို့ စုမိသမျှငွေကလေးနဲ့ စည်ပင်မှာ အခန်းဝယ်လိုက်ကြတယ်။ တိုက် ၁၂-မှာပါပဲ။ အပေါ်ဆုံးလေး ထပ်ကို အထပ် D(ဒီ)ခေါ်လေတော့ တိုက် ၁၂၊ အခန်း ဒီ-၅နဲ့ ဒီ-၆ ကို နှစ်ခန်းဝယ်၊ အလယ်က အုတ်နံရံကိုဖောက်လိုက်တော့ တော်တော်ကျယ်ကျယ်လေး နေရတယ်။ လေးနှစ်လောက်ကြာတော့ မန္တလေးမြို့သစ်မှာ မြေကွက်ကလေး ဝယ်နိုင်ပါပြီ။ မြေကွက်ကလေးဝယ်ပြီး တိုက်ခန်း ပြန်ရောင်းရတဲ့ငွေကလေးနဲ့ တစ်ထပ်နံထောင် လုံးချင်းကလေး ဖျစ်ညှစ်ပြီး ဆောက်လိုက်ကြတယ်။ ပေသုံးဆယ်ပတ်လည် နံထောင်တိုက်ကလေးပါ။ သမီးကလေးလည်း ရှိပြီဆိုတော့ ကိုယ့်ခြံ ကိုယ့်မြေကလေးနဲ့ နေလိုက်စမ်းမဟဲ့ရယ်လို့ ရှန်းလိုက်ကြရတာ။ ဆယ်စုနှစ်တစ်စုစာလောက် အကြွေးနဲ့ နပန်းလုံးခဲ့ကြရတယ်။ စာရေးဆရာတွေဆိုတော့ ဘယ်ကမှ ဝင်ငွေမရှိကြဘူးကိုး။ ရေးလိုက်ကြရတာများ မပြောပါနဲ့တော့။ သည်လိုနဲ့နေရင်းက အခက်အလက် စုံကြရတာပါ။ သည်အချိန်မှာတော့ စာအုပ်တွေကများပြီ၊ ပရိဘောဂတွေကစုံပြီ။ ဘုရားဆောင်နဲ့ ဧည့်ခန်းကလေးတစ်ခန်းကတွဲလျက်။ အိမ်ကဆရာအတွက် ဆယ်ပေပတ်လည် အခန်းတစ်ခန်းထပ်ချဲ့။

ကျွန်မတို့အိမ်မှာ တခြား ပစ္စည်းပစ္စယထက် စာအုပ်တွေက ပိုများလေတော့ စာအုပ်စင်တွေက ဧည့်ခန်းထဲမှာ၊ ထမင်းစားခန်းထဲမှာ၊ ဆရာ့နေအခန်းထဲမှာ၊ ကျွန်မတို့သားအမိ အခန်းထဲမှာ အပြည့်။ ဥဒယကျေးရွာ စာအုပ်တိုက်ရယ်လို့ ထူထောင်ပြီး ကိုယ်ရေးတဲ့စာအုပ်ကလေးတွေ ကိုယ့်တိုက်က ကိုယ်ထုတ်ရင်းက စာအုပ်တွေသိုလှောင်ဖို့ အရှေ့ဘက်မှာ အိမ်မနဲ့တွဲ၊ ဖေးကလေးချပြီး အခန်းထပ်ချဲ့ရပြန်တယ်။ စာအုပ်တွေကို အိမ့်အဆင်တန်ဆာ၊ အိမ့်ကျက်သရေ သဘောထားကြသူတွေဆိုတော့ များသည်ထက် များလာတဲ့ စာအုပ်တွေကြား သားအဖတစ်တွေ တိုးဟယ်ဝှေ့ဟယ် နေကြရသလို ဖြစ်လာတယ်။ ကျွန်မတို့ ချစ်မက်စွာ နေလာခဲ့ကြတဲ့ တိုက်ကလေးက ရှိတဲ့ငွေကလေးနဲ့ ဖြစ်အောင် ဆောက်ခဲ့ကြတာ မဟုတ်လား။ သည်ကြားထဲ ဖြစ်ချင်တော့ သံချောင်းနဲ့ အင်္ဂတေနဲ့ ခိုင်ခိုင်မာမာ မဟုတ်လေတော့ ဟိုကအက်၊ သည်ကကျွံနဲ့ ဖြစ်လာ ပြန်ရော။ အက်ရောပေါ့။ ကျွံရောပေါ့။ သံချောင်းမပါ၊ အင်္ဂတေပါလေကာနဲ့ နေလာခဲ့ကြတာပဲ တွက်ကြည့်တော့ ဆယ့်လေးနှစ်ရှိခဲ့ပြီ။ မိတ်ဆွေ အင်ဂျင်နီယာကိုခေါ်ပြတော့ အန္တရာယ်ရှိတယ်၊ ပြင်ဆောက်မှ ကောင်းမတဲ့။ ပြင်ဆောက်ကြရုံပဲ ရှိတော့တာပါ။

မိတ်ဆွေ အင်ဂျင်နီယာနဲ့ ပုံစံဒီဇိုင်းဆွဲပြီး အပ်ဖြစ်ကြပြီဆိုတော့ လက်ရှိတစ်ထပ် တိုက်ကလေးကို လိုအပ်စွာ ဖြိုရဖျက်ရတော့မယ်။ အိမ်ဟောင်းဝယ်မယ့်သူရှိပြီဆိုတာနဲ့ ကျွန်မတို့ ချက်ချင်းဖယ်ရတော့မှာကိုး။ သည်တစ်ခါလည်း အိမ်ကမောင်တွေခေါ်ပြီး ထုပ်ကြပြယ်၊ ပိုးကြပြယ်ပေါ့။ သည်တစ်ခါ ထုပ်ကြပိုးကြ၊ ပြောင်းကြရွှေ့ကြရတာကတော့ အပင်ပန်းဆုံးပါပဲ။ အိမ်ထောင်ပရိဘောဂတွေရော၊ စာအုပ်တွေရောဆိုတော့ ကျွန်မတို့မှာ စိတ်ပန်းလူပန်းဖြစ်ကြရပုံများတော့။ အိမ်ဟောင်းဝယ်မယ့်သူက ဖျက်မယ့်ရက်ချိန်းပေးနေပြီ။ ကျွန်မတို့က နေစရာရှာကြရတုန်း။ ကျွန်မတို့အိမ်နဲ့ မျက်နှာချင်းဆိုင်မှာ မြေကွက်လပ်ကြီး အလွတ်တစ်ကွက်ရှိလေတော့ တဲကလေးတစ်လုံး ဆောက်နေကြမယ်ရယ်လို့ ငှားချေးမေးကြည့်တော့ ဈေးက ခေါင်ခိုက်လို့။ လုံးချင်းအိမ်ကလေး တစ်လုံး ငှားနေဖို့ မေးကြည့်တော့လည်း အိမ်ကလေး ပေါက်စနကို တစ်လ ငါးသိန်းတဲ့။ နည်းနည်းကြီးတာက ခုနစ်သိန်းတဲ့။ ဘာပဲပြောပြော တိုက်တစ်လုံးဆောက်တာ ကိုးလ၊ ဆယ်လလောက် ကြာနိုင်တာဆိုတော့ သည်ကုန်ကျစရိတ်က ကျွန်မတို့ အဖို့ရာ ခေါင်းကြီးစရာ မဟုတ်လား။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ သည်နည်းပဲ ရှိတာဆိုတော့ ငှားကြမယ်ပေါ့။ ငှားကြ

ulefuvnfenfenfy;y;rSt oH&Gyapawmh , fvkd
pum;p,lunfw , f]*(pyefu ref,lu duf wmvm;}
]rludu f&J& , f
]b , ft oifudu fv}J
]qGfavmif t oif
t em;rS&S&ewbdorDu rxif Sv fbJum; vkdu&wb
pum;alumifx ifyJ&J& , fvkdu fwmav/



www.burmeseclassic.com

www.burmeseclassic.com

ရှံ့ပေါ့။

သည်မှာတင် ဇနက္ကမင်း သဘော်ပျက်သခိုက် မဏိမေခလာ နတ်သမီးပေါ်လာသလို ကျွန်မတို့နဲ့ရင်းနှီးတဲ့ ကုမ္ပဏီပိုင်ရှင် မိတ်ဆွေက အိမ်ကို ဆိုက်ဆိုက်ကြီးရောက်လာခဲ့တယ်။ လာတုန်းကတော့ အလည်လာတာပါ။ အထုပ်အပိုးတွေ စီကာဆင့်ကာ ပုံထားတာမြင်တော့ မေးရော။ ကျွန်မတို့ကလည်း အခက်အခဲကို ပြောပြရတာပေါ့။ သည်ဆရာက သူတို့ကုမ္ပဏီက ပိုင်တဲ့ သုံးထပ်အဆောက်အဦကြီးတော့ ရှိတယ်။ အပေါ်ဆုံးထပ်က အားတယ်၊ ကြည့်လှည့်ပါ၊ နေလို့ရရင် တစ်နှစ်လောက် နေကြပါလို့ ပြောလှာတော့ ကျွန်မတို့လည်း အပြေးအလွှား သွားကြည့်ကြတယ်။ အဆောက်အဦကြီးက လူမနေတာ ကြာပြီဆိုပေသိ နေလို့ဖြစ်တယ်။ မီးရှိတယ်၊ ရေရှိတယ်။ အခန်းဖွဲ့ထားတာတွေ ရှိပြီးသား။ ရေအိမ် ရေချိုးခန်းကလည်း ရှိပြီးသား။ ရုံးအဆောက်အဦဆိုတော့ တချို့ အခန်းတွေက လေအေးပေး စက်တွေတောင် ပါသေးကိုး။

ကျွန်မတို့လည်း ပြောင်းဖြစ်တယ်ပြောပါတော့။ ပရိဘောဂတွေနဲ့ အသုံးအဆောင်တွေကို စက္ကူပုံး၊ ပလတ်စတစ်ပုံးတွေနဲ့ ထုပ်ပိုးပြီး အမေ့အိမ်ကိုပို့၊ လက်ငင်း ကိုယ်နဲ့ပါရမယ့် စာအုပ်တချို့နဲ့ အဝတ်အစားတွေ၊ မီးဖိုချောင်ပစ္စည်းတွေလောက်ကို ကျွန်မတို့နဲ့အတူ သယ်လာပေါ့လေ။ သည်လိုနဲ့ မန္တလေးမြို့သစ် တောင်ဖျားဆီက အရှေ့မြောက်စွန်ကို ရောက်ရပြန်တယ်။ ကျွန်မ ပြောသလိုပါပဲ။ ဘယ်လိုမှထင်မထားတဲ့နေရာ၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ နေရာကို ကံအလှည့်ပေးလို့ရောက်ရပြန်တော့ ကူညီကြသူ အားလုံးနဲ့တကွ အထူးသဖြင့် ရေအစုံမီးအစုံနဲ့ အဆင်ပြေတဲ့ကာလအထိ နေကြပါလို့ ခွင့်ပြုတဲ့ မိတ်ဆွေကို ကျေးဇူးတင်လိုက်တာလေ။ မောင်မင်းကြီးသားများ ကျန်းမာချမ်းသာကြပါစေ။

ပစ္စည်းတွေကြိုပို့ပြီး နေ့ကောင်းရက်သာ တစ်မနက်မှာ ကျွန်မတို့မိသားစု အဲသည်အဆောက်အဦကြီးဆီ ပြောင်းခဲ့ကြတယ်။

❑

၂။

သည်အဆောက်အဦကြီးက အရှေ့အနောက် ခပ်ရှည်ရှည် သုံးထပ် အဆောက်အဦကြီး။ ရှေ့က ကွက်လပ်ကြီးကလည်း အကျယ်ကြီးဆိုတော့ နေရထိုင်ရတာ ကျယ်ဝန်းလွတ်လပ်မှုတော့ ရှိတယ်။ အဆောက်အဦကြီးက အထက ကျောင်းကြီးလောက် ရှိတာဆိုတော့ အပေါ်ဆုံးထပ်မှာ မီးဖိုခန်း၊ ဧည့်ခန်း၊ လူနေခန်းတွေ ပါပြီးသား။ အလယ်ထပ်မှာတော့ တစ်ခါကတရုတ် စီးပွားရေးလုပ်ငန်းရှင်တွေ ရုံးရယ်လို့ ငှားရမ်းနေကြဖူးသတဲ့။ ကျွန်မတို့ရောက်တော့ တစ်ဖွဲ့လုံး ပြောင်းသွားကြပါပြီ။ စီမံကိန်းအရာရှိ သုံးယောက်နေကြသေးတယ် ဆိုပေမဲ့ မနေတာ ခပ်များများလို့ ဆိုတယ်။ တစ်ခါတလေမှ ခဏတစ်ဖြုတ်လောက် ပြန်လာနေကြတာမျိုးလောက် ရှိတာပေသိ နေတော့လည်း တစ်ညအိပ်၊ နှစ်ညအိပ်ရှံ့တဲ့။ ဒါကလည်း ကျွန်မတို့အတွက် အနှောင့်အယှက်မဖြစ်ပါဘူး။ သူတို့က အပေါ်ထပ်ကို မလာကြသလို ကျွန်မတို့ကလည်း အလယ်ထပ်ရယ်လို့ တစ်ခါမှ မရောက်လေ့ဘူး။ အောက်ဆုံးထပ်ကတော့ စီမံကိန်းတုန်းက ကျန်တဲ့ အဆောက်အဦ ဒီဇိုင်းပုံစံတွေ၊ ကုမ္ပဏီပိုင်ပစ္စည်းတွေ၊ ပရိဘောဂတွေ၊ ရုံးသုံးပစ္စည်းတွေတော့ ရှိနေသေးတယ်။ ဒါလည်း နေ့စောင့်ညစောင့်ထားပြီး စောင့်ရှောက်ကြတာကလွဲလို့ ပုံမှန်အားဖြင့် အဆောက်အဦကြီးတစ်ခုလုံး ခြောက်သွေ့နေတာတောင် ပိုသေးတာပါ။ ကျွန်မတို့က အပြင်ထွက်ချင်ရင်တော့ အောက်ဆုံးထပ်အထိ ဆင်းရတယ်။ အပေါ်ပြန်တက်ချင်တော့လည်း အောက်ဆုံးထပ် ဧည့်ခန်းကျယ်ကို ဖြတ်ရတယ်။ သည်လောက်ပါပဲ။ သည်မှာတင် ကျွန်မတို့မျှော်မှန်းမထားတဲ့ နေရာစိမ်းတစ်နေရာကို ကျွန်မတို့ရောက်ရပြီပေါ့လေ။ ကျွန်မမောင်တစ်ယောက်က ကျွန်မတို့နဲ့အတူ လာနေပေးလေတော့ ကျွန်မတို့စာပေဟောပြောပွဲသွားတာမျိုးမှာ အိမ်စောင့်ပေးတာမျိုး၊ သမီးလေးကို ကျောင်းကြိုကျောင်းပို့တာမျိုးတွေမှာ အားကိုးရတယ်။

‘ဆရာတို့၊ ဆရာမတို့ စိတ်ချမ်းသာအောင်နေကြပါ။ ကျွန်တော်တို့ရုံးက မြို့ထဲမှာဆိုတော့ ကျွန်တော်လည်း ခဏခဏတော့ လာနိုင်မှာမဟုတ်ဘူး။ အောက်ထပ်မှာအစောင့်ဝန်ထမ်းလေးယောက်ရှိတယ်။ နေ့တာဝန်နှစ်ယောက်၊ ညတာဝန်နှစ်ယောက်ပါ။ ခိုင်းစရာရှိတာခိုင်းပါ၊ ကျွန်တော်ပြောထားပါတယ်။ အထူးသဖြင့် ကိုဂျော်နီကို ပြောပါ’

ကျွန်မတို့ ရောက်ကြတော့ မိတ်ဆွေ ကုမ္ပဏီပိုင်ရှင်က မိတ်ဆက်ပေးတယ်။

‘သူက ကိုဂျော်နီပါ။ အစောင့်ဝန်ထမ်းလေးယောက်ရဲ့ ကြီးကြပ်သူ၊ ကျွန်တော်တို့ ရုံးနဲ့ဆက်သွယ်သူပါ။ သူက ဂျိုးပိန်၊ အထွေထွေဝန်ထမ်းပါ’

ကျွန်မတို့က ကျေးဇူးတင်ကြောင်းပြောတော့ ဂျိုးပိန်က ကျွန်မတို့သားအဖတစ်တွေကို လူကောင်းလူဆိုး အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်နေလေရဲ့။ ကျွန်မတို့ မိတ်ဆွေပြန်သွားတော့ ကျွန်မတို့က အပေါ်ဆုံးထပ်ကို မတက်ကြသေးဘဲ အပြင်ထွက်ကြည့်ကြတယ်။ ခြံဝင်းက တော်တော်လေးကျယ်ပါတယ်။ ဝင်းထဲမှာ ကားကလေး လေး,ငါးစီး ရပ်ထားတာလည်း တွေ့တယ်။ ဝင်းအပြင်မှာတော့ မီးရထားသံလမ်းတစ်လမ်းရှိတယ်။ ရေနီမြောင်းကြီးကလည်း ရှိနေတော့ အပေါ်ကများ ဆီးကြည့်ရင် ရေမြောင်းတစ်လျှောက် အဝတ်လျှော်နေကြသူတွေ၊ ရေချိုးနေကြသူတွေ တစ်မျှော်တစ်ခေါ် ရှိနေကြလေရဲ့။ ဖွပ်လျှော်ထားတဲ့ အဝတ်ရောင်စုံတွေကတော့ ရထားသံလမ်းတစ်လျှောက် လှန်းထားလိုက်ကြတာ ပြည့်လို့။

မီးရထားသံလမ်းက သည်အဆောက်အဦကြီးရဲ့ အရှေ့ဘက် အုတ်နံရံနားက ဖြတ်သွားတာပါ။ ကိုဂျော်နီက မနက်စောစောတစ်ခါ၊ ညနေမိုးချုပ်ချုပ်တစ်ခါတော့ မီးရထားက ဖြတ်တယ်လို့ ပြောတယ်။ ကျွန်မသိတာပေါ့။ လေးနှစ်လောက်


www.burmeseclassic.com

www.burmeseclassic.com

စီးခဲ့ရတဲ့ မီးရထားပဲဟာ။ မီးရထားစီးပြီး မတ္တရာဘက် ကျောင်းသွားတက်ခဲ့ရတဲ့ ကျောင်းဆရာမဘဝက နွေးခနဲ ရင်ထဲရောက်လာသေးတော့။ မတ္တရာနဲ့ မန္တလေး၊ မန္တလေးနဲ့ မတ္တရာ။ အခုကော မန္တလေးကနေ ကျောင်းသွားတက်ရတဲ့ ရွာကျောင်း ဆရာဆရာမ တွေရှိကြသေးလား၊ ရထားကြီးကို စီးကြတုန်းပဲလား။

ကိုဂျော်နီက ပတ်ဝန်းကျင်ကိုလိုက်ပြရင်း လမ်းငါးဆုံ မီးပွိုင့်နားမှာ မနက်ဈေးလေးရှိကြောင်း၊ ညနေဆို မြန်မာမုန့် သည်တွေ၊ အကြော်သည်တွေ ထွက်ကြကြောင်း၊ လက်ဖက် ရည်ဆိုင်တွေကတော့ များလှကြောင်း ရှင်းပြနေလေရဲ့။ ကျွန်မ တို့ သားအဖတွေနဲ့ မလှမ်းမကမ်းက ပါလာတဲ့ ဂျိုးပိန်ကတော့ ဘာစကားမှ ပြောတာ မကြားရသေးဘူး။ ဂျိုးပိန်တဲ့။ အလွယ် ခေါ်ကြထင်ပါရဲ့။ နာမည်ရင်းတော့ ရှိမှာပေါ့။ ကိုဂျော်နီက အားနာလို့ထင်ပါရဲ့။ ဂျိုးပိန် ဆရာမတို့ကို စကားလေးဘာ လေး ပြောလှည့်လေကွာဆိုတော့ မျက်နှာအောက်ကြီးနဲ့ ပြော စရာမှမရှိတာတဲ့။

အဆောက်အဦကြီးရဲ့ အောက်ဆုံးထပ် ဧည့်ခန်းထဲကိုပြန် ရောက်ကြတော့ ဧည့်ခန်းလို နေရာကျယ်ကျယ်မှာချထားတဲ့ ဆိုဖာဟောင်းနှစ်လုံးမှာ ဝင်ထိုင်ကြတယ်။ အနားမှာ ဧည့်ကြို ကောင်တာလို စားပွဲရှည်ကြီးနဲ့ အရက်ဘားတွေမှာ ထိုင်လေ့ရှိ ကြတဲ့ ခုံလည်တစ်လုံး၊ ကုလားထိုင်တွေကိုလည်း လေး,ငါး, ဆယ်လုံးလောက် မြင်နေရတယ်။ အောက်ထပ်တစ်ခုလုံး မှန် တွေ ကာထားတာပါ။ ဝင်ပေါက်တံခါးကြီးကလည်း ရွှေရောင် ကျည်းဘောင်တွေနဲ့ ခွေထားတဲ့ မှန်တံခါးပါပဲ။ အခင်းတွေက

t dfu q&mu '¦r dq Bift u dt a umifom
ro Bif&Sr , f' t "ydÜ , &Sd
ajymwmrSf&ydfdwmh0if&mw , f
]at mifcrfom aumifwmay h a t mifv nf a t mif
crfv nfcrfom emr nfu t wdvEdddvf aumif
aqmifwbemr nfUa t ;ay h

ကိုရီးယားပါ ကားတွေ၊ ဧရာမမီးဆိုင်းကြီးတွေ၊ ပန်ကာကြီး တွေ၊ နံရံကပ်မီးအိမ်တွေ…။

ကိုဂျော်နီက ရေနွေးတွေ ငှဲ့ပေးတယ်။ သူလည်း ခုံပု ကလေးတစ်လုံးပေါ် ထိုင်လိုက်လို့။ ဖော်ဖော်ရွှေရွှေ ရှိလိုက် တာ။ တရုတ်ဘာသာစကား နည်းနည်းပါးပါး တတ်သူဆို တော့ သည်ရုံးကြီးမှာ ကုမ္ပဏီဖွင့်ထားတုန်းက စကားပြန် လည်း လုပ်ခဲ့သတဲ့။ ဂျိုးပိန်ကတော့ ခပ်လှမ်းလှမ်းမှာရပ်လို့။ မျက်နှာကိုငုံ့ထားပေသိ မျက်လုံးက လှန်ကြည့်နေတာ ကျွန်မ သတိထားမိတယ်။ ဝတ်ထားတဲ့အင်္ကျီက မန်ချက်စတာယူနိုက် တက် ဘောလုံးအသင်းတံဆိပ်နဲ့။ အင်္ကျီက တော်တော်လေး နွမ်းလှပေသိ ရင်ဘတ်ပေါ်က မန်ယူတံဆိပ်က ထင်းလို့။ ကျွန်မကလည်း နည်းနည်းပါးပါးမှ အသံထွက်ပါစေတော့ရယ် လို့ စကားစ,ကြည့်တယ်။

'ဂျိုးပိန်က မန်ယူကြိုက်တာလား'

'မကြိုက်ဖူးရယ်'

'ဘယ်အသင်းကြိုက်လဲ'

'ဆွမ်းလောင်းအသင်း'

အနားမှာရှိနေတဲ့ သမီးက မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ စကားကြောင့်ထင်ပါရဲ့၊ ရယ်လိုက်တာလေ။ ကလေးဆိုတော့ ပွင့်ပွင့်လင်းလင်း ရယ်လိုက်တာပါ။ ကျွန်မက မသိမသာ လက်ကုတ်တော့မှ မျက်နှာပိုးသတ်လေရဲ့။ ဆရာ နေကလည်း ရယ်ချင်ပုံပေသိ ကျင့်ဝတ်ကြောင့်ထင်ပါရဲ့ မြုံစိစိကြီး။ ကိုဂျော်နီက အားနာသွားပုံနဲ့ ဝင်ပေါက်တယ်။

'ဟာ ဂျိုးပိန်၊ ခက်တဲ့ကောင်ပဲ။ သည်လို ဆရာမရဲ့၊ ကျွန်တော်တို့ရုံးကြီးအပြင်က ရပ်ကွက်မှာ လပြည့်ဆွမ်းလောင်း အသင်းရှိတယ်။ ဂျိုးပိန်က အသင်းဝင်ထားတယ်။ အဖိတ်နေ့ ညဘက်ဆို ဆွမ်းလောင်းရုံသွား ဆွမ်းချက်ကူတယ်။ မနက်မိုး လင်းမှ ပြန်တယ်။ အဲဒါကို ပြောတာပါ'

ကျွန်မလည်း သည်တော့မှ သူ ရိုးရိုးသားသား ပြောတာ ပါလားရယ်လို့ သဘောပေါက်လိုက်တယ်။ ကျွန်မက မိတ္တ ဗလင္ဂီကာ ဖတ်ထားတာပဲဟာ။ ဆက်ပြောကြည့်တယ်။

'ဆွမ်းလောင်းဆွမ်းချက် ကုသိုလ်ယူတာကောင်းပေါ့။ မေးတာက သည်လိုပါ မန်ယူ ဘောလုံးအသင်း ကြိုက်သူတွေ က မန်ယူအင်္ကျီဝတ်ကြတယ်၊ ချဲလ်ဆီးအသင်းကြိုက်သူက ချဲလ်ဆီးပေါ့။ အဲသလိုထင်လို့ပါ။ အင်္ကျီက ဘယ်ကဝယ်တာ လဲ ဒါဖြင့်'

'လှည်းသည်ဆီက'

လုပ်ပြန်ပြီ၊ လှည်းသည်ဆီကတဲ့။ ကိုဂျော်နီက စကားဝင် ဖြည့်ပြန်တယ်။ လှည်းသည်ဆိုတာ မနက်ဈေးကလေးဖွင့်ရင် အဟောင်းထည်တွေ တွန်းလှည်းနဲ့ တွန်းရောင်းတဲ့ လှည်းသည်ကို ပြောတာဖြစ်ကြောင်း၊ သူ ကြိုက်တာတွေ့ရင် ရွေးဝယ်တတ်ကြောင်း၊ ဈေးသက်သာတော့ ဝယ်ပျော်ကြောင်းတွေပါ ရှင်းပြတယ်။ ကျွန်မက သည်နားမှာ ဓမ္မာရုံရှိလားဆိုတော့ ရှိတယ်တဲ့။ သူကတော့ ဥပုသ်မစောင့် ဘူး၊ ဆွမ်းလောင်းရုံမှာ ဆွမ်းပိုင်းကူချက်တာပဲ ရှိတာပါတဲ့။

ကျွန်မတို့လည်း အပေါ်ဆုံးထပ်တက်ဖို့ ပြင်ရပြီ။

'ကျွန်မတို့က သည်နေရာကို ခုမှနေရမှာဆိုတော့ ဘယ် နေရာ ဘာရှိတယ် မသိကြသေးဘူး။ အထူးသဖြင့် ဈေးတို့၊ စားသောက်စရာ ဝယ်ရမယ့်နေရာတို့ကအစ ဘာမှ မသိသေး လေတော့ ကိုဂျော်နီတို့၊ ဂျိုးပိန်တို့က ကူညီကြပါဦးနော်၊ ဂျိုးပိန်



www.burmeseclassic.com

www.burmeseclassic.com

ကိုတော့ များများ အားကိုးရမှာပေါ့’

ကျွန်မက ပြောနေပေမဲ့ ဂျိုးပိန်က ဘယ့်နှယ်မှပြန် မပြောဘူး။ မျက်ခုံးနှစ်ဖက်ကြားမှာ အရေးအကြောင်းပေါ်အောင် မျက်မှောင်ကြီးကြုတ်လို့။ ကျွန်မတို့ကိုများ မကြည်လေရော့သလား။ ကိုဂျော်နီက ပြောလေကွာဆိုတော့မှ မပွင့်တပွင့်နဲ့ ‘ရပါတယ်’တဲ့။ ပြောသာပြောတာ ကျွန်မတို့ကို တည့်တည့်ကြည့်တာမဟုတ်ဘူး။ တစ်အောင့်လောက်ကြာတော့မှ သူ့မှာ ပြောစရာရှိတာတော့ ပြောမှဖြစ်မယ်ဆိုတဲ့ပုံနဲ့ စကားစ ပြောတော့တာပါ။

‘ကျုပ်နာမည်က ဂျိုးပိန်တော့ ဂျိုးပိန်ပဲ၊ အခုနာမည်ပြောင်းထားတယ်’

ဂျိုးပိန်တော့ ဂျိုးပိန်ဆိုတာ ဘယ်လိုပါလိမ့်။ အခုက ဘယ်သူတဲ့လဲ။ ကျွန်မက စကားအလိုက်သင့်ဝင်ပြီး ပြုံးပြလိုက်တယ်။

‘ပြောလေကွာ အခု နာမည်ကဘာတဲ့တုံး၊ တို့က ခေါ်ရမယ့်နာမည် ပြောထားမှပေါ့။ မင်းဆရာက ဂျိုးပိန်ဆိုလို့ ဂျိုးပိန်ခေါ်လိုက်တာပါ’

‘ကျုပ်နာမည် အောင်ချမ်းသာဖြစ်သွားပြီ’

သည်တစ်ခါ မျက်လုံးပြူးသွားသူက ကိုဂျော်နီပါ။ သူ့လူကိုသူ အံ့သြသလိုကြည့်နေလေရဲ့။ ဂျိုးပိန်ကတော့ မျက်မှောင်ကြီးကြုတ်လျက်ပဲ။ လူက ဂနာမငြိမ်သလို တရွရွနဲ့။ ကိုဂျော်နီက ငေါက်တယ်။ ငေါက်တာက နှစ်ချက်ပါ။ တစ်ချက်က ကျုပ်လို့သုံးလိုက်တာ၊ တစ်ချက်က သည်ရုံးကို ရောက်ကတည်းက ဂျိုးပိန်ဖြစ်နေရာက သည်မနက်မှ ဘယ်လိုကဘယ်လို ကောက်ကာငင်ကာ အောင်ချမ်းသာ ဖြစ်တာပါလိမ့်ပေါ့။

‘မင်းမှတ်ပုံတင်မှာ ဂျိုးပိန်ပါ၊ ငါကိုယ်တိုင်လုပ်ပေးခဲ့တာလေကွာ၊ ခုမှ ဘယ်လိုလုပ်ပြီး အောင်ချမ်းသာ ဖြစ်သွားရတာတုံး။ နောက်ပြီး မင်းကိုပြောပေါင်းများပြီ၊ ကျုပ် ကျုပ်နဲ့ မပြောရဘူးဆိုတာ’

‘ကျုပ်’ဆိုတဲ့ အသုံးအနှုန်းက တောကျေးလက်မှာ ကြီးလာရတဲ့ ကျွန်မအဖို့ရာ အဆန်းမဟုတ်တော့ပေသိ ကိုဂျော်နီက ကျုပ် အသုံးကို အားနာဟန်တူပါရဲ့။ ဆက်ပြောနေလေရဲ့။

‘ဂျိုးပိန်က ဂျိုးပိန်ပေါ့ကွ၊ မင်းကို ငါတို့က ငပိန်ခေါ်တာလေ။ တစ်ရုံးလုံးက ငပိန်ခေါ်လာတာ ဘာအခုမှ အောင်ချမ်းသာ ဖြစ်ရတာလဲ။ ဘယ်တုန်းက ဖြစ်သွားတာတုံး’

‘ခုမနက်မှဖြစ်တာ၊ ညက အိပ်မက်ပေးလို့’

‘ဘယ်သူက ပေးတာတုံး’

‘အမေက’

အမေက…။ သူ့အမေက အိပ်မက်ပေးတယ်ဆိုတော့ ခမျာ အမေမရှိရှာတော့ဘူး ထင်ပါရဲ့။

ကိုဂျော်နီက ဘာမှ မပြောတော့ပါဘူး။ ခေါင်းကို တွင်တွင်ခါနေတယ်။ ကျွန်မက စကားဝင်ဖြည့်လိုက်တယ်။ တစ်စုံတစ်ရာတော့ လွဲချော်နေပြီမဟုတ်လား။ ဂျိုးပိန်က သူ့ဟာသူလည်း သေချာပုံမရသလို ခေါင်းကြီးငုံ့လို့။

‘အေးပါ မြို့ရောက်မှတော့ မြို့နာမည်ပေါ့၊ အောင်ချမ်းသာပဲ ကောင်းပါတယ်၊ ဂျိုးပိန်ဆိုတာ ငယ်နာမည်နေမှာပေါ့။ ငယ်ငယ်က ပိန်ပိန်လေးမို့ ဂျိုးပိန်လို့ ချစ်စနိုးခေါ်တာနေမှာပါ၊ ဟုတ်လားဂျိုးပိန်၊ အဲလေ အောင်ချမ်းသာ’

သည်တော့မှ ဂျိုးပိန်က ခပ်ယောင်ယောင်ကလေး ပြုံးတယ်။ ပြုံးတော့လည်း မျက်နှာကမပြုံးဘူး။ မျက်လုံးတွေက ပြုံးတာပါ။ သူ့အမေကို ထည့်ပြောလို့ ကျေနပ်သွားတာပဲလား၊ အောင်ချမ်းသာခေါ်လိုက်တာကို ကြိုက်လို့ပဲလားတော့ မပြောတတ်ပါဘူး။ အိမ်ကဆရာနဲ့ သမီးက အခန်းလွတ်တွေလျှောက်ကြည့်ကြရာက ပြန်ရောက်လာကြတယ်။ ကျွန်မက ဆီးပြီး ဂျိုးပိန်ကို အောင်ချမ်းသာခေါ်ဖို့ ပြောနေတော့လည်း သူ့ပုံက ခင်ဗျားတို့ သဘောပေါက်ရင် ပြီးတာပါပဲ ဆိုတဲ့ပုံ။ အိမ်ကဆရာက ဒါမျိုးဆိုရင် အကျိုးအကြောင်းသာ မသိရင်ရှိရမယ်၊ ဒါ အဓိပ္ပာယ်ရှိလို့ ပြောတာမှန်း ရိပ်မိတော့ ဝင်ရောတယ်။

‘အောင်ချမ်းသာ ကောင်းတာပေါ့၊ အောင်လည်းအောင် ချမ်းလည်းချမ်းသာ၊ နာမည်က အတိတ်နိမိတ်ကောင်းဆောင်တဲ့ နာမည်ပဲ၊ အေးပေါ့’

နာမည်ကိစ္စ သည်မှာ ပြီးသွားတော့ ကျွန်မတို့လည်း အပေါ်ထပ်တက်ကြမယ်ဆိုတော့ ကိုဂျော်နီကသည် အဆောက်အဦကြီးရဲ့သဘာဝ၊ ဝန်ထမ်းတွေရဲ့ သဘာဝတွေပြောပြတယ်။ သူက မနက်တိုင်း ရှိမှာဖြစ်တဲ့အကြောင်း၊ ညနေခြောက်နာရီမှာ ပြန်ရတဲ့အကြောင်း၊ လောလောဆယ် ညဆိုင်းနှစ်ယောက်က နေ့ဘက် တခြားအလုပ်တွေပါ လုပ်ကြလို့ ညဘက်မှသာ ရှိကြမှာဖြစ်ကြောင်း၊ နာမည်တွေက ကျော်အောင်နဲ့ လှထွန်းဖြစ်တဲ့အကြောင်း၊ ညဘက်တစ်ခုခုအကြောင်းထူးရင် သူတို့နှစ်ယောက်ကိုလည်း ခိုင်းနိုင်ကြောင်းတွေ ပြောပြတာပါ။ အလယ်ထပ်က တရုတ်အင်ဂျင်နီယာတွေအကြောင်း စောစောက ကြားထားတော့ မေးရတယ်။

‘သူတို့က ရုံးတစ်ခုလုံးကတော့ ပြောင်းသွားပြီ ဆရာမ။ ဝန်ထမ်းတွေလည်း နားကြပြီ။ အခုကျန်နေတဲ့ သူတို့ သုံးယောက်က စာရင်းတွေချုပ်နေကြလို့ လေး၊ငါးလလောက် ဆက်နေကြသူတွေပါ။ ဝမ်ရယ်၊ ဝေရယ်၊ ဝေါင်ရယ်။ သဘောကောင်းကြပါတယ်။ သူတို့ကလည်း ပြန်လိုက်သွားလိုက်နဲ့ မရှိကြတာများပါတယ်’

ဝမ်ရယ်၊ ဝေရယ်၊ ဝေါင်ရယ်။ ‘ဝ’သုံးလုံးပေါ့ ဒါဆိုရင် အပေါ်ဆုံးထပ်မှာ ကျွန်မတို့သားအဖသုံးယောက်၊ နောက် ကျွန်မမောင် တစ်ယောက်နဲ့ဆိုတော့ လေးယောက်။ အလယ်ထပ်မှာ တစ်ခါတစ်ခါမှ ရောက်လာတတ်ကြတဲ့ ‘ဝ’သုံးလုံး သုံးယောက်။ အောက်ထပ်မှာ ကိုဂျော်နီနဲ့ဂျိုးပိန်က နေ့၊ ကျော်အောင်နဲ့ လှထွန်းက ည။ နာမည်တွေ မှတ်ထားလိုက်ပြီ။ ကိုဂျော်နီက ပြောတယ်။

‘နေဦး ဆရာမ၊ ကျွန်တော်တို့ ဖုန်းနံပါတ်တွေ ယူထားပါ။



www.burmeseclassic.com

www.burmeseclassic.com

နိုင်းချင်တာရှိတော့ ခေါ်လို့ရတာပေါ့။ ဆရာမတို့ အပေါ်ဆုံးထပ်ကို တက်လိုက်ဆင်းလိုက် ဘယ်လုပ်နိုင်မလဲ'

'ဟုတ်ပ့ါ ကိုကျော်နီရယ်၊ မေ့နေလိုက်တာ။ ဖုန်းနံပါတ်တွေ ပြောကြပါဦး'

ကျွန်မက ဖုန်းကိုဖွင့်ပြီး မှတ်ဖို့ပြင်တယ်။ ကိုကျော်နီက သူ့ဖုန်းနံပါတ်ကို ရွတ်ပြတော့ ကျွန်မက လိုက်မှတ်တယ်။ အိမ်ကဆရာလည်း လိုက်မှတ်တာပါပဲ။ သူလည်း အကျိုးအကြောင်းရှိဦးမှာကိုး။ ကျွန်မက ဂျူးပိန်ကို မင်းဖုန်းနံပါတ်ပြောဆိုတော့ သူ့ဖုန်းနံပါတ်ကို ခပ်ဆိုင်းဆိုင်းပြောတယ်။ ဖုန်းနံပါတ်မှတ်ပြီးတော့ GP လို့ ရိုက်လိုက်တယ်။ ဂျူးပိန်ပေါ့။ ကျွန်မတို့က သူ့ဖုန်းနံပါတ်ကို တစ်လှည့်စီခေါ်တော့လည်း သူက မှတ်တယ်။ သူက ကျွန်မဖုန်းနံပါတ်ကို ဆရာမလို့မှတ်တယ်။ အိမ်ကဆရာဖုန်းနံပါတ်ကို မမှတ်ဘူး။ တစ်ယောက်မှတ်ရင် ရပါပြီတဲ့။ ကိုကျော်နီက ငေါက်ပြန်ရော။ ဆရာ့ဖုန်းလည်း မှတ်မှပေါ့တဲ့။ ကျွန်မကလည်း ဟုတ်ပေသားပဲ မင်းဆရာကြီး ဖုန်းနံပါတ်လည်း မှတ်လေလို့ ဝင်ပြောမိတယ်။

'မှတ်လို့မရဘူး၊ ကျုပ်က ခေါ်လို့မရမှတော့ မှတ်မနေတော့ပါဘူး'

'အလို ဘယ်လိုကြောင့်တုံး'

'ဆရာကြီး ဖုန်းနံပါတ်ထဲမှာ တစ်,ပါလို့'

ဆရာနေက သည်တစ်ခါတော့ ထူးဆန်းသလို ဝင်မေးတယ်။ ဘယ်လိုရယ်ဆိုတော့ တစ်,ပါလို့တဲ့လေ။ သည်တစ်ခါတော့ ကိုကျော်နီကပဲ လေအေးလေးနဲ့ ဝင်ပြောရှာတယ်။

'သည်လို ဆရာမရေ၊ သူ့ဖုန်းက Touch phone မဟုတ်ဘူး ကီးပက်ဖုန်း၊ ဂဏန်းဘုလေးတွေ နှိပ်ရတာလေ။ သူ့ဖုန်းမှာက တစ်ဂဏန်းက အထဲကျွံဝင်နေတော့ တစ်ဂဏန်းပါတဲ့ဖုန်း နှိပ်လို့မရဘူး။ တစ်ပါတဲ့ ဖုန်းနံပါတ်ဆိုရင် ဘယ်သူ့မှ ခေါ်လို့မရဘူး'

ကျွန်မ ရယ်ချင်သွားပေမဲ့ မရယ်ရက်ပါဘူး။ သူ့ဖုန်းကို ယူကြည့်တော့ လက်ဆီတွေလိုက်ပြီး ဟောင်းလှပြီ။ မူရင်းထုတ်တဲ့ ကုမ္ပဏီကတောင် မှတ်မိစရာမရှိလောက်ဘူး။ ဂဏန်းတွေကို ကြည့်တော့ တစ်ဂဏန်းက အောက်ထဲ ကျွံဝင်နေလေရဲ့။ သေချာပြီ။ သူ ကျွန်မဖုန်းနံပါတ်ချည်း ခေါ်တော့မှာလေ။ သည်တော့ ချက်ချင်းပဲ ပြဿနာကို ရှင်းပေးလိုက်ရတယ်။

t dfu q &m u awmho lu m; x m;wm 0 i fajymaea v &J ]*kpyefajymaewmyJa t mif c:rfom v Hemr n fajymifyD u w n f u oZmwm w u fv myDwla t mif c:rfom q Hwm u jzt P efwbt arht ydf u &lyDaem u & u fawGS zkef ESifv Hkwmy Jwbe*kt a [ mif eYqkdo kd v Hkwm i fwJb

'ကိုင်း ကိုင်း၊ ကိုအောင်ချမ်းသာ၊ ကျုပ်တို့ သည်မှာလာနေသခိုက် မောင်မင်းကို အားကိုးရမှာဆိုတော့ မနက်ဖြန်ကီးပက်ဖုန်းအသစ်တစ်လုံး ဝယ်ပေးမယ်၊ လက်ဆောင်ပေါ့၊ မင်းဆင်းကဒ်ကို ပြောင်းထည့်လိုက်'

သည်တော့မှ မျက်နှာက နဖူးကြောလျှော့သွားတယ်၊ လန်းလာတယ်။ ပါးစပ်က တစ်ခုခုပြောချင်သလိုလို လုပ်နေပေသိ ဘာသံမှတော့ မထွက်လာဘူး။ မျက်နှာက ဝမ်းမြူးတာကို ဣန္ဒြေလုပ်နေရတဲ့မျက်နှာ။ ပွစိပွယောင်းနဲ့။ ကီးပက်ဖုန်းတွေက ဘယ်လောက်ပေးရတာတုံးဆိုတော့ သုံး,လေးသောင်းလောက်ရှိသတဲ့။ တရုတ်ကဝင်တဲ့ တံဆိပ်အမျိုးမျိုးထဲက တစ်မျိုးမျိုးနေမှာပေါ့လေ။ လမ်းထိပ်ကဆိုင်မှာ သူကြည့်ထားတာရှိသတဲ့။ အနီရဲကလေးဆိုတာလည်းပါရဲ့။ တကယ်လည်းနောက် တစ်နေ့မှာ ဆရာနေက မြို့ထဲထွက်တော့ ဝယ်လာခဲ့တယ်။ လေးသောင်းတန် ပါးပါးလေး။ အောက်ထပ်မှာပဲပေးလိုက်တော့ မျက်နှာကပြုံးလို့တဲ့။ ကိုကျော်နီကပဲ ဖုန်းအသစ်ထဲကို ဆင်းကဒ်လဲပေးသတဲ့။ အောက်မှာ သည်လိုဖြစ်နေတာကျွန်မက အပေါ်ထပ်မှာဆိုတော့ မသိဘူး။ ဆရာနေက မင်းဆရာမဆီ ဆက်ကြည့်စမ်းလို့ ခိုင်းတယ်ထင်ပါရဲ့၊ ကျွန်မဆီဖုန်းဝင်လာတယ်။

'ဆရာမ ကျုပ်ဖုန်းရယ်… ဂဏန်းတစ် ကောင်းသွားပြီ၊ ဆရာကြီးကိုလည်း ဆက်ကြည့်တာ ရပြီ'

'အေး အေး အောင်ချမ်းသာ၊ ဝမ်းသာပ့ါကွယ်'

ကွယ်ရာမှာ ဂျူးပိန်ခေါ်ကြပေသိ သူနဲ့ပြောတော့ အောင်ချမ်းသာ ခေါ်ရတာပါ။ ဒါက သည်အဆောက်အဦကြီးကို ရောက်ရောက်ချင်း စတွေ့ရတဲ့ ဂျူးပိန်ရဲ့ဇာတ်လမ်းအစ ဆိုပါတော့လေ။ သည်ဖုန်းကိစ္စသည်မှာတင်ပြီးရုံပေါ့။ ဖုန်းအသစ်ဆိုတော့ သူကခေါ်ခေါ်၊ ကိုယ်က ခေါ်ခေါ် အဆင်ပြေပြီလေ။ ဒါပဲ မဟုတ်လား။ မဟုတ်ရပါဘူးရှင်။ ဂျူးပိန်က တစ်မျိုးတိုးလာတယ်။

တစ်ညသား ကျွန်မဆီ ဖုန်းဝင်လာတော့ ည ဆယ်နာရီကျော်နေပါပြီ။ ည ဆယ်နာရီဆိုပေသိ ကျွန်မတို့ မိသားစုက အိပ်ကြသေးတာတော့မဟုတ်ဘူး။ စာဖတ်ချင်ဖတ်၊ TV ကြည့်ချင်ကြည့်။ ဟောပြောပွဲမရှိတော့လည်း အိပ်ရာထဲ စောစောဝင်လို့ စောစော အိပ်ကြလို့ဆိုတာမျိုး မရလေတော့ ဖုန်းမြည်လာတာနဲ့ ကျွန်မကောက်ကိုင်လိုက်တယ်။ ညဆယ်နာရီကျော်ဆိုတော့လည်း ဘယ်ကများပါလိမ့်ပေါ့။ ကြည့်လိုက်တော့ GP။

'ဟဲ့၊ ဘာလဲဟဲ့ အောင်ချမ်းသာ၊ ညကြီးမိုးချုပ် အရေးကြီးလို့လား'

ကျွန်မအသံက ငေါက်သံပါနေတော့ တစ်ဖက်က နည်း

www.burmeseclassic.com

www.burmeseclassic.com

နည်းတုံ့သွားတယ်။ တစ်အောင့်လောက်နေတော့မှ ဒါဆိုလည်း ဒါပါပဲတဲ့။ ဆက်တုန်းကဆက်ပြီး ဒါဆိုလည်း ဒါပါပဲဆိုတော့ အနားသာရှိရင် ခေါင်းထခေါက်လိုက်ချင်တာ။

‘ဟဲ့ ပြောလေ၊ ဆက်တုန်းကဆက်ပြီး’

‘သည်လိုပါ၊ ဆရာမတို့ပေးတဲ့ ဖုန်းအသစ်ရတော့ ကျုပ်ကိုင်တဲ့ နဂိုဖုန်းအဟောင်းကို ဆရာမတို့ကို ပြန်မအပ်လိုက်မိလို့ပါ၊ အဲဒါ ကျုပ်စိတ်ထဲ တနုံ့နုံ့ဖြစ်နေလို့ပါ’

သဘောပေါက်လိုက်ပါပြီ။ သူ့ကို ကျွန်မတို့က ကီးပက်ဖုန်း ဝယ်ပေးတယ်။ အမှန်ဆို သူကိုင်နေကျ ဖုန်းအဟောင်းကို ကျွန်မတို့ကိုပေးရမယ်။ သူ့ဖုန်းအဟောင်းကလည်း ရုံးက ဝယ်ပေးထားတာဆိုတော့ သူပိုင်မဟုတ်ပြန်ဘူး။ ရုံးတွေရဲ့သဘောအရ ပစ္စည်းပြန်အပ်ရတာဆိုတာမျိုးတော့ သူသဘောပေါက်ပုံရပါရဲ့။ သည်လိုစဉ်းစားမိရာက မျက်နှာပူပုံရတယ်။ နာရီတွေဘာတွေမကြည့်ဘဲ ဆက်လိုက်တာပါ။

‘မအပ်ရပါဘူးကွာ၊ မင်းဖုန်းအဟောင်းလည်း မယူပါရစေနဲ့၊ မင်းဖုန်းက သုံးမှ မရတော့ဘဲနဲ့။ မင်းဘာသာ မင်းသိမ်းထားလိုက်တော့’

‘အဲဒါပြောချင်လို့ ကျုပ်…’

‘ပြောလေ’

‘ဩော်… သည်ဖုန်း အဟောင်းကို ဆရာမတို့ မယူရင် ရွာပေးလိုက်ချင်လို့ပါ။ ဒါဆို ရွာနဲ့ကျုပ် စကားပြောလို့ရတာပေါ့။ ဆင်းကဒ်အသစ်ဝယ်ထည့်လိုက်ရင် ပြောဖြစ်ပြီ’

‘ကောင်းသားပဲ ပေးလိုက်လေ၊ ဘယ်သူ့ပေးမှာတုံး’

‘အမေ့ကို’

ဂျိုးပိန်က အမေရှိသေးတာကိုး။ စ,တွေ့တဲ့နေ့တုန်းက အမေက အိပ်မက်ပေးတယ်ဆိုတာကကော ဘယ်လိုပါလိမ့်။

‘ဩော် ဩော် မင်း အမေက ဖုန်းဆက်တတ်ရဲ့လား’

‘အမေက မဆက်တတ်ပါဘူး၊ ရွာက ကျုပ်အစ်မဝမ်းကွဲကိုပေးထားမှာ၊ အမေနဲ့ ကြုံရင် အမေနဲ့ကျုပ် စကားပြောလို့ရတာပေါ’

‘ဟဲ့ ကြုံရင်ဆိုတာ ဘာကို ပြောတာတုံး၊ မင်းအမေက ရွာမှာ မရှိလို့လား’

သည်တစ်ခါတော့ ဂျိုးပိန် အသံတိတ်သွားလေရဲ့။ တော်တော်လေးကြာမှ အမေ ရွာဘက်ရောက်တဲ့ အခါပေါ့တဲ့။ ကျွန်မလည်း နားမလည်လှပါဘူး။ ဘာပြောချင်မှန်းလည်း မသိဘူး။ သဘောက ဖုန်းအဟောင်းလေး ရွာပေးချင်တယ်။ အမေက ဖုန်းမဆက်တတ်ဘူး။ သည်တော့ ဖုန်းသဘော နည်းနည်းလေး နားလည်တဲ့ အစ်မဝမ်းကွဲကို ပေးထားမယ်။ အစ်မကတစ်ဆင့် သူက အမေ့ကိုဆက်မယ်။ အမေကလည်း ဆက်ချင်သပဆိုရင် အစ်မကတစ်ဆင့် ဆက်လို့ရမယ်။ ဒါပဲမဟုတ်လား။ အခုပြောပုံက အမေနဲ့ ကြုံရင်တဲ့။ ရွာမှာမရှိလို့လားဆိုတော့ မဖြေပြန်ဘူး။

‘ကိုင်း ကိုယ်တော် မနက်မှ အကျိုးအကြောင်း လာပြောလှည့်’

ဂျိုးပိန်က ဖုန်းချလိုက်တယ်။ ကျွန်မက ဆရာနေကို အကျိုးအကြောင်းပြောပြတော့ ဆရာနေက စိတ်ကောင်းပုံမရဘူး။ သားနဲ့အမိ စကားပြော ချင်ရှာမှာပေါ့လို့ တွေးမိထင်ပါရဲ့။ ကျွန်မတို့ခေတ်တွေတုန်းက သည်လိုဖုန်းတွေ မရှိဘူးလေ။ အဖေ့လှေကြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် စုန်ချည်ဆန်ချည် ကုန်ကူးသန်း ရောင်းဝယ်ရင်း အသက်မွေး ဝမ်းကျောင်းကြတုန်းက အဖေ ဘယ်မြို့ဘယ်ဆိပ်ကမ်း ရောက်နေသလဲဆိုတာ အဝေးက မှန်းကြည့်ကြရုံပါ။ အမေကတော့ ကျွန်မတို့သားသမီးတွေ စိတ်ချမ်းသာအောင်ရယ်လို့ ညည်းတို့အဖေ လှေကြီး အောင်လံဆိပ်ကမ်းမတဲ့၊ ဆင်ပေါင်ဝဲ မိကျောင်းရဲဘက် မတဲ့လို့ ညဘက် ကျွန်မတို့မောင်နှမတစ်တွေ အဖေ့ကို လွမ်းနေကြမှန်း သိရင် စိတ်ထဲရှိတာ ပြောနေတတ်ပါရဲ့။ တကယ်တော့ အမေလည်း ဘယ်သိပါ့မလဲ။ အဖေက မြို့တစ်မြို့ ဆိပ်ကမ်းရောက်လို့တောင် ဖုန်းဆက်အကြောင်းကြားဖို့ရာ မလွယ်ကူလေတော့ လူကြုံရယ်လို့ရှိလာပါမှ သိရကြားရတာမျိုးပါ။ ဒါတောင် လူကြုံက တစ်ပတ်၊ ဆယ်ရက်ကြာမှ သတင်းစကား လာပါးနိုင်တာဆိုတော့ ကျွန်မတို့ သတင်းရချိန်မှာ အဲသည်မြို့၊ အဲသည် ဆိပ်ကမ်းမှာ အဖေမရှိနိုင်တော့ဘူးပေါ့။ ဆက်သွယ်ရေးစနစ်က အလှမ်းဝေးတော့ မှန်းဆရုံပေါ့လေ။ ကျွန်မတို့က အဖေဘယ်ရောက်နေမှန်း မသိရလေ အဖေ့ကို ပိုလွမ်းလေ။ တစ်ခါတလေ ကြေးနန်းရုံးရှိရာမြို့ ဆိပ်ကမ်းကပ်ရတဲ့အခါ အဖေက ကြေးနန်းစာရိုက်ပို့တတ်တယ်။ ရှားရှားပါးပါး ရောက်လာတတ်တဲ့ ကြေးနန်းစာလေးတွေကို အမေက သံဘူးလေးထဲထည့်သိမ်းထားတတ်တယ်။ အခုများတော့ လက်ဝါးလောက်ဖုန်းလေးတွေနဲ့။ ချစ်သူချင်း ခင်သူချင်း ဖုန်းဆက်ရုံပဲ။ အသံကြားရရုံမက ပြောသူအချင်းချင်း ဟိုဘက်သည်ဘက် ရုပ်တောင် ဖော်လို့ရနေပြီမဟုတ်လား။ ကျွန်မ အတွေးကောင်းနေတုန်း ဆရာနေကလည်း သူ့အတွေးနဲ့သူ ရှိပုံရပါရဲ့။

‘မထူးပါဘူးကွာ၊ သူ့အမေအတွက်ပါ တစ်လုံးဝယ်ပေးလိုက်ကြရအောင်ပါ၊ ကုသိုလ်ရပါတယ်’

ကျွန်မလည်း မငြင်းသာပါဘူး။ အနေဝေးကြတဲ့ အမေနဲ့သား အသံလောက် ကြားကြရရင်ပဲ ကောင်းလှချေမဟုတ်လား။ တော့် သဘောပါလို့ ပြောလိုက်ရတယ်။ သည်လိုနဲ့ နောက်ထပ် ကီးပက်ဂဏန်းနှိပ်ဖုန်းကလေးတစ်လုံး ဝယ်ဖြစ်ရပြန်တယ်။ သည့်အရင် ဂျိုးပိန်ကို ဝယ်ပေးတဲ့ ဖုန်းကာဗာက အနီရောင်လေးဆိုတော့ သည်တစ်ခါ အပြာရောင် ဝယ်ပေးလိုက်ရတယ်။ ကျွန်မ မဝယ်ပါဘူး။ အိမ်ကဆရာကပဲ ဝယ်ပေးတာပါ။ အောက်ထပ်မှာ နောက်ထပ် ဖုန်းတစ်လုံးပေးအပ်ပွဲလုပ်တဲ့အခါ ဂျိုးပိန်က ဆရာနေကို ထိုင်ကန်တော့သတဲ့။

‘ဂျိုးပိန် ဆင်းကဒ်ထည့်ပြီးသား၊ ဒါ မင်း လူကြုံနဲ့ မင်းအမေကို လှမ်းပို့လိုက်၊ ဖုန်းနံပါတ်လည်း မှတ်ထားပေါ့။ သားအမိနှစ်ယောက် ပြောလို့ရပြီ၊ များများပြောကွ၊ ဒါမှ တို့များ

စာမျက်နှာ(၂၃၄)သို့…



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာက အိုင်တိုတဲ့။ မကွေးတိုင်းထဲက။ ဘာလို့ အိုင်တိုလို့ ခေါ်တာလဲ ဆိုတာတော့ ဘယ်သူ့မှ မေးမရဘူး။

ဖြစ်နိုင်ခြေရှိတာက တစ်ခုပဲရှိတယ်။ ရွာ့ အနောက်ဘက်ခပ်ရေးရေးမှာ ရွာနွားအုပ်ကို ရေတိုက်ကြတဲ့ အိုင်တစ်အိုင်ရှိတယ်။


ပေကံမြောင်အိုင်တဲ့။ လေးထောင့်စပ်စပ် ခပ်တိုတိုရယ်။ ဒါ့ကြောင့် အိုင်တိုလို့ ခေါ်ကြတာလားတော့ မသိဘူး။ ထားပါ။

အဲဒါက ကျွန်တော့်ရွာ ကိစ္စ။ ပြောချင်တာက ကျွန်တော့်ရွာက ကိစ္စမဟုတ်ဘူး။ ကျွန်တော်ပြောချင်တာက ဇင်းဗျိုးက ကိစ္စကို ပြောချင်တာ။

ဇင်းဗျိုးဆိုတာက ကျွန်တော်တို့ရွာရဲ့ တောင်ဘက် နှစ်မိုင်လောက်အကွာမှာရှိတဲ့ ရွာ။ ကျွန်တော်တို့ရွာထက် ပိုကြီးတယ်။ ကျွန်တော်တို့ အညာလေသံနဲ့ ခေါ်ရင် 'ဈေးမျိုး' လို့ အလွယ်ခေါ်ကြတာရယ်။ အဲဒီရွာကလူ။ ဇင်းဗျိုးသားပေါ့။

သူ့ကို ရွယ်တူတွေက ဘိုကံတဲ့။ သူ့ထက်ငယ်တဲ့လူတွေက ဦးကံဘော်တဲ့။ ကျွန်တော်တို့အမေတို့ ကတော့ မောင်ကံပေါင်ဆိုလား မသိပါဘူး။ ခေါ်ကြတာပဲ။ သူကလည်း ဘယ်လိုခေါ်ခေါ် ထူးတာပဲ။ သူ့နာမည်အတိအကျကို ခုထိ ကျွန်တော် မသိဘူး။ ကျွန်တော်တို့ ကလေးတစ်သိုက်ကတော့ သူ့ကို ဦးကံဘောင်လို့ ခေါ်တာပဲ။ ဒါလည်း သူက ထူးတာပဲ။

သူများ ကျွန်တော်တို့ ရွာထဲ ဝင်လာရင် 'ဦးကံဘောင်ကြီး လာပြီ၊ ဦးကံဘောင်ကြီး လာပြီ' ဆိုပြီး သူ့နောက် ပြေးလိုက်ကြရတော့တာ။ ဘာလို့ သူ့နောက် ပြေးလိုက်ရသလဲဆိုရင် သူလာရင် ကားပါတတ်တယ်လေ။ ဒါကြောင့် သူ့နောက်ပြေးလိုက်ကြတာ။ ကားဆိုလို့ ခုခေတ် ကားတွေလိုမျိုး မဟုတ်ဘူး။ ရှေ့ဘီးသေးပြီး နောက်ဘီးကြီးတဲ့ ထွန်စက်ကား အနီရောင်ကြီး။





www.burmeseclassic.com

www.burmeseclassic.com

အနီဆိုပေမဲ့ နွားနီတစ်ကောင်က ခိုင်းမိုးဆယ်မိုးလောက် ဖြစ်ပြီးမှ နအိုရောဂါနဲ့ သေသွားလို့ သားရေဖင်ထိုင် ဖြစ်သွားရတဲ့ မွဲနီနီအရောင်မျိုး။ ထွန်စက်မှာမှ လေးဘီးတပ်ထားတဲ့၊ နဲ့နေတဲ့ သစ်သားဘော်ဒီ နောက်တွဲနဲ့ ထွန်စက်ပေါ့။ အဲဒီကားကြီးနဲ့ ဦးကံဘောင်ကြီးက ကျွန်တော်တို့ရွာ ကြက်သွန်ပေါ်ချိန်ဆိုအမြဲ ရောက်လာတတ်တာ။ အစကတော့ ကျွန်တော်က သူ့ကားလို့ ထင်တာ။ နည်းနည်း သိတတ်တော့မှ သူ့ကား မဟုတ်မှန်း သိရတာ။ သူက ကားနောက်လိုက်၊ ခုခေတ်အခေါ် စပါယ်ယာပေါ့။

ကျွန်တော်တို့ ကလေးတစ်သိုက်က အဲဒီကားကြီးလာရင် ‘ဟေး‥’လို့ ဝိုင်းအော်ရင်း တွဲလောင်းကျနေတဲ့ နောက်ပိတ်ကြီးကို မီရာဝိုင်းဆွဲပြီး ခိုစီးကြတာပဲ။ ဦးကံဘောင်ကြီးက ‘ဟေ့ကလေးတွေ… ဟေ့ကလေးတွေ’လို့ အော်ရင်း သူ့ခေါင်းမှာ ပတ်ထားတဲ့ ဖျင်တဘက်ကြီးကို ဖြေပြီး မီသလောက်လှမ်းရိုက်တာပဲ။ ကျွန်တော်တို့ကလည်း သူ့ဆို မကြောက်ဘူး။ သူကလည်း နာအောင်ရိုက်တာမှ မဟုတ်တော့ တစ်လမ်းဝင် တစ်လမ်းထွက် လိုက်စီးကြတာပဲ။

သူများ လာပြီဟေ့ဆိုရင် ကျွန်တော်တို့က ကားခိုစီးဖို့ ပြင်ကြသလို လူကြီးတွေက ကြက်သွန်တွေချိန်ဖို့ ပြင်ကြတာပဲ။

ဦးကံဘောင်ကြီးက ကြက်သွန်ထည့်တဲ့ အိတ်နီလိပ်ကြီးကို ထမ်းပြီး ‘မြအုန်းရေ… ဘယ်နှအိတ်လဲ’ လို့ အော်ရင် အမေက ‘အလုံးနှစ်ဆယ်’လို့ ဖြေတာနဲ့ အိတ်အလုံးနှစ်ဆယ်ပေးခဲ့ပြီး နောက်တစ်အိမ် ထပ်သွားတော့တာပဲ။ ခွေးတွေကလည်း သူ့ဆို ဘယ်အချိန်ကတည်းက ဟောင်ချင်နေကြလဲ မသိဘူး။ တဝေါဝေါနဲ့ ထိုးဟောင်ကြတာပဲ။ ဦးကံဘောင်ကြီးတစ်ယောက် ဘယ်အပိုင်းရောက်နေပြီလဲ ဆိုတာကို ခွေးဟောင်သံကြားတာနဲ့ သိကြတာရယ်။

နေကပူ။ ချွေးတွေက တရွှဲရွှဲ၊ ခွေးဟောင်သံ တဆူဆူနဲ့။ အသားမည်းမည်း၊ အရပ်တိုတိုမှာ ဒူးအထိ တက်ဝတ်ထားတဲ့ ဖျင်ပုဆိုးနဲ့။ ကော်လာမှာ ကြေးလက်လေးသစ် နိုင်လွန်စပို့ရှပ်နဲ့။ လွယ်အိတ်အနီတစ်လုံးက ပါလိုက်သေးရဲ့။ ဆံပင်ဖရိဖရဲနဲ့ မြို့သစ်ရွှေကျေးဆိုတဲ့ ကျွန်တော်တို့ဘက်က ထွက်တဲ့ နာမည်ကြီး သနပ်ဖက်ဆေးလိပ်ကို ခဲထားလိုက်သေးတာကလား။

ဦးကံဘောင်ကြီးရဲ့ ပုံစံက စက်ကကျလာတဲ့ ထုတ်ကုန်ပစ္စည်းတစ်ခုလိုပဲ။ ဘယ်တော့မှ ပြောင်းမသွားဘူး။ ဒီအဝတ်နဲ့ ဒီလူ သူမို့ မပြောင်းမလဲဝတ်နိုင်တာ။ မြင်သာကြည့်တော့။

ကနဦးက ပြောသလိုပဲ ဦးကံဘောင်ကြီးအသံက ကြက်သွန်တစ်ရာသီလုံး ကျွန်တော်တို့ရွာမှာ မပြတ်တော့ဘူး။ အသံဝင်နေတဲ့ နွားသိုးတစ်ကောင် ဖျစ်ညှစ်တွန်သလို တွန့်တတ်တဲ့ ‘ဝတ်… ဝတ်… ထ… ရှူး…ဂူး…’ ဆိုတဲ့ အသံမျိုးမြည်ရင်း ဆောင့်ဝင်လာတဲ့ ထွန်စက်အော်သံရယ်၊ ရွာလယ်လမ်းမက ဖုန်လုံးကြီးတွေ လိမ့်လိမ့်တက်လာတာရယ်ရဲ့ နောက်မှာ ‘ဟဲ့ ကလေးတွေ… ဟဲ့ကလေးတွေ’ဆိုတဲ့ ဦးကံဘောင်ကြီးအသံက မပါမဖြစ်ပဲ။

‘ဩော်… ဒီကလေးတွေ… ကားများ နင်တို့ပထွေး မှတ်နေသလား’လို့ ဆဲလည်းဆဲသေးတာ။ ဆဲလည်း သူ့ဆဲသံက လန့်စရာမဟုတ်ဘဲ ပျော်စရာလိုဖြစ်နေတော့ ကျွန်တော်တို့ တစ်ရွာလုံးက ကလေးတွေက ထူးမကြောက်ပါဘူး။ စီးမြဲ စီးတာပဲ။

အဲ… ကြက်သွန်တွေများ ကုန်ပြီဆိုရင်တော့ ဦးကံဘောင်ကြီး အလုပ်ပြောင်းပြီ။ နကန်တစ်ချောင်းကို ခါးမှာထိုးပြီး မြို့သစ်နွားဈေးကို လိုက်ပြီ။ နွားဈေးကိုတက်တိုင်း ကျွန်တော်တို့ ရွာထဲက ဖြတ်ဖြတ်သွားရတာဆိုတော့ အသွားဆို ‘ဘိုခေါင်းရေ… သွားပဟေ့’နဲ့ အော်သွားလိုက်၊ အပြန်ဆို ‘ဘိုခေါင်းရေ… ပြန်ပဟေ့…’နဲ့ အဖေ့နာမည်ကို သူခေါ်ချင်သလို အော်အော်သွားတတ်တဲ့ ဦးကံဘောင်ကြီးရဲ့ အသံပြာကြီးကို ရွာကလူတွေ အလွတ်တောင် ရနေကြတာ။

နွားဈေးဆိုတာက နကန်တစ်ချောင်းရှိရုံနဲ့ ပွဲစားလုပ်လို့ရတဲ့ နေရာဆိုတော့ ဦးကံဘောင်ကြီးတို့လိုလူတွေ စုတဲ့ အရပ်ပဲ။

ဟိုက ဒီက နွားရောင်းသူတွေ လာကြ။ ဦးကံဘောင်ကြီးတို့လို လူတွေက ဖိနပ်မြီးပြတ်ခါးထိုးရင်း နွားကို ဈေးထဲမှာ ဘို့ပေါ် ကြိုးတင်ပြီး နွားကြော့လေးမောင်းပြလိုက်၊ သွားလေးဖြဲပြလိုက်၊ ဈေးခေါ်လိုက်လုပ်ပေးရုံပဲ။နွားတည့်ရင် နွားကိုင်ခ ဆိုပြီး ရကြတာကိုး။

အရင်းမစိုက် လှေထိုးလိုက်ဆိုတဲ့ စကားပုံလို ဦးကံဘောင်ကြီးတို့က အရင်းမစိုက် နွားကိုင် လိုက်ကြတာပေါ့။

အဲ… တစ်ခါတလေ ခုနစ်ရက်တစ်ပတ် အကြွေးပေးတဲ့နွားမျိုးနဲ့တွေ့ရင် ဦးကံဘောင်ကြီးတို့လို နွားကိုင်တွေက အဲဒီနွားကို ဈေးဆစ်ယူပြီး အိမ်ကိုမောင်းလာလို့ ရတယ်။ အိမ်ရောက်မှ ဈေးတင်ပြီး ပြန်ရောင်းတာမျိုးလုပ်ကြတာ။ ဒါလည်း ဆယ်ဖန် တစ်ဖန်လောက်ဆိုတာမျိုးပါ။ ဦးကံဘောင်ကြီးက အဲ့လောက်အထိ အလုပ်မဖြစ်တာကများတယ်။ သူက နွားကိုင်ရုံလောက်ပဲဆိုတော့ နွားကိုင်စားအလုပ်က အဓိကပေါ့။ နွားတည့်တည့်၊ မတည့်တည့် အပုန်းဆိုင်မှာ တောပုန်းလေး တစ်ခွက်လောက် လူမသိ သူမသိ ပြေးချလိုက်၊ နွားပြေးမောင်းလိုက်။ နေလည်းကုန် ရော မူးရော။ အဲဒါ အမြတ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာမျိုး။

ကံမ,ပြီး နွားပါလာတဲ့နေ့ဆို ညနေ နေဝင်ရီးရီချိန်ကြီး ရွာလယ်ကောင်ကနေ နွားကို ချူသံတွေညံနေအောင် စိုင်းရင်း ‘အိုင်တိုသားတွေ… ဘယ်ကောင့်မှ လူမထင်ဘူးကွ…’ လို့ ရန်စ,သွားတတ်သေးတာ။ ရွာကလူတွေကတော့ ဘာပြောလိမ့်မတုံး။ ဦးကံဘောင်ကြီးများဆို ကလေးရော လူကြီးရော ချစ်ကြတာကိုး။

တစ်ခါကြီးတော့ နွားဈေးကအပြန် ကျွန်တော်တို့အိမ်ဝင်လာတယ်။ ကျွန်တော်တို့က ထမင်းစားနေကြတဲ့အချိန်ကြီး။ တောနံ့ကလည်း ဟောင်နေရော။ ‘မြအုန်း… ငါ့ဖို့ ခူးဟာ…’ ဆိုပြီး အမေခူးပေးတဲ့ထမင်းကို ခေါင်းငိုက်စိုက်ကြီးနဲ့ ပါးစပ်ထဲ ထမ်းပိုးကြီးနဲ့ နင်းသိပ်တဲ့အတိုင်း စားတော့တာပဲ။ စားလည်းပြီးရော ပုဆိုးခါးပုံစ လက်သုတ်ပြီး ပြန်မယ်လုပ်တော့ အဖေက ‘ဘိုကံ… ခင်ဗျား… နွားဈေးတက်လိုက်၊ ကားပေါ်တက်လိုက်နဲ့ ဘာမှလည်း ထူးမလာဘူး’ လို့ စကားစ,တယ်။ ဦးကံဘောင်ကြီးက ခဏတော့ တွေသွားသေးတာ။ ပြီးမှ ‘အေးဟာ… အေး… ခေါင်းကြီးရ၊ ငါက ပေါ်ပေါ်စီး ဖတ်ဖတ်စားပဲ… ဟ၊ ပေါ်ပေါ်စီး ဖတ်ဖတ်စားပဲ’ ဆိုပြီး အိမ်ဝိုင်းထဲက ထွက်သွားတော့တာပဲ။ အဲဒီတုန်းက သူ့စကားရဲ့ အဓိပ္ပာယ်ကို အဖေက ရှင်းပြပေမဲ့ ကျွန်တော်က သိပ်အမှတ်မထားမိခဲ့ဘူး။

အဲဒီလိုနဲ့ ကျွန်တော်လည်း အိမ်ထောင်တွေဘာတွေကျပြီး ကလေးတစ်ယောက်ရတယ်။ မြန်မာပြည်မှာ အလုပ်အကိုင်အဆင်မပြေတာနဲ့ မလေးရှားထွက်သွားတာ သုံးနှစ်နဲ့ ခုနစ်လကြာခဲ့တယ်။ ပြန်လာတော့ ကလေးတစ်ယောက်ထပ်ရပြီး ဂျပန် ထပ်ထွက်တာ ငါးနှစ်ကြာတယ်။ အိမ်ထောင်ကျကတည်းက တစ်နယ်တစ်ကျေးမှာ အခြေချနေရလို့ ရွာပြန်မရောက်တာရယ်၊ နိုင်ငံခြားထွက်တာရယ်၊ စုစုပေါင်း ဆယ်နှစ်ကျော်မှ ရွာကို အလည်ပြန်ရောက်တာပေါ့။

ကျွန်တော် ရွာကိုပြန်ရောက်တဲ့လက တန်ခူးလကြီး။ သင်္ကြန်ကျတော့မယ့်ရက်တွေ မတိုင်ခင်ပေါ့။ အဲဒီအချိန်က ကျွန်တော်တို့ အညာဘက်က ထုံးစံအတိုင်း ကြက်သွန်တွေတူးကြ၊ ဖြတ်ကြ၊ အခါတွင်း ငွေသုံးလေးရအောင် မြို့လိုက်ပြီး သွင်သွင်ထုတ်ရောင်းနေကြတဲ့အချိန်ပေါ့။ ရွာစကားနဲ့ ပြောရရင် စုဘူးခွဲချိန်ကြီး ပြန်ရောက်တာပေါ့။

ကျွန်တော် ရွာကိုပြန်ရောက်ပြီး မကြာဘူး။ အဲဒီနေ့ ညနေပိုင်းလောက်ကျတော့ ကားသံကြားရပါလေရော။ ကျွန်တော်လည်း အမှုမဲ့အမှတ်မဲ့ပဲ။ အိမ်ကိုရောက်သခိုက် အမေတို့၊ အဖေတို့ကို ကြက်သွန်တွေ ကူသွတ်ပေးနေတာ။ အဲဒီအချိန်မှာ ‘မြအုန်းရေ… ဘယ်နှအိတ်လဲဟေ့’ ဆိုတဲ့ အသံပြာကြီးကို ကျွန်တော် ကြားလိုက်ရတယ်။

မထင်မှတ်ဘဲ ကြားလိုက်ရတာဆိုတော့ ကျွန်တော့်မှာ ခေါင်းတောင် ဆတ်ခနဲထောင်ဖြစ်သွားရတယ်။ ကျွန်တော် သေချာထပ်နားထောင်မိတယ်။ ကျွန်တော်က ဦးကံဘောင်ကြီးအသံလို့ ထင်တာကိုး။ ကျွန်တော် ထပ်နားထောင်ပေမဲ့ မေးသံက ထပ်မကြားရတော့ဘူး။ ပျောက်သွားတယ်။

‘အိတ်သုံးဆယ် မောင်ကံပေါင်ရေ’

သေချာပြီ။ ကျွန်တော်တို့ ငယ်ငယ်က တဘက်နဲ့ရိုက်တဲ့ ဦးကံဘောင်ကြီးဆိုတာသေချာပြီ။ ကျွန်တော် ငယ်ဘဝကို ပြန်အမှတ်ရပြီး ချက်ချင်းပြုံးလိုက်မိတယ်။ ပြီးတော့ အမေ့ကို ‘အမေ့… အဲဒါ ဈေးမျိုးက ဦးကံဘောင်ကြီးလား…’ လို့ မေးလိုက်မိတယ်။

‘ဟုတ်တယ်လေ လူလေး၊ ဘာလို့လဲ’

အမေက ကျွန်တော့်အမေးကို ဖြေရင်း ပြန်မေးလာတော့ ကျွန်တော် ခေါင်းယမ်းလိုက်တယ်။ ‘ဘာမှ မဟုတ်ပါဘူး အမေရယ်’ လို့ ဖြေရင်း ကျွန်တော့်မျက်လုံးထဲမှာ ဖုန်တလုံးလုံးနဲ့ ကားနောက်မြီးမှာ ခိုစီးရင်း ပျော်ခဲ့ရတဲ့ ငယ်ဘဝကို ပြန်တွေးနေမိတယ်။ တစ်ဆက်တည်း အတော်တောင်ကြာခဲ့ပြီပဲလို့လည်း တွေးမိလိုက်သေးတယ်။ ပြီးတော့ ဦးကံဘောင်ကြီးကို တွေ့ချင်တဲ့စိတ်လည်း ဖြစ်လာတယ်။

‘အဖေ… ဦးကံဘောင်ကြီး အိမ်လာဦးမှာ မဟုတ်လား’ လို့ အဖေ့ကို မေးလိုက်တော့ အဖေက ‘အေးပေါ့ လူလေးရ၊ ကြက်သွန်တွေ လာတင်မှာလေကွာ’ လို ပြန်ဖြေတယ်။

အဲဒါနဲ့ ကျွန်တော်တို့လည်း ကြက်သွန်အိတ်တွေ အသင့်သွတ်ထားပြီး ဦးကံဘောင်ကြီးတို့ ကားအလာကို ရေနွေးဝိုင်းဖွဲ့ရင်း ထိုင်စောင့်နေကြတယ်။ သိပ်မကြာဘူး။ ကားက ရွာမြောက်ပိုင်းကနေ ကျွန်တော်တို့ တောင်ပိုင်းဘက်ကို မောင်းလာတဲ့ အသံကြားရပြီး အိမ်ဝိုင်းထဲ ရောက်လာတယ်။ ကားရပ်တာနဲ့ ဦးကံဘောင်ကြီးက နောက်တွဲပေါ်ကနေ ပုဆိုးဒူးပေါ်နဲ့ ဆင်းလာပြီး ‘ဟိုး…စတော့…’ လို့ အော်လိုက်ရင်း ကားကို ကျမ်းတုံးခုတယ်။ ခုတာခုတာပါ ကားက ကျမ်းတုံးကို ‘ဒုန်း…ဒုန်း’ ဆို တစ်ချက်ကျော်ပြီးသွားမှ ‘ရှူး’ ခနဲ မြည်ရင်း ရပ်တာ။

ကျွန်တော် ဦးကံဘောင်ကြီးကို သေချာကြည့်နေမိတယ်။ သူ့အနားကို ကပ်ပြီးကို သေချာကြည့်နေမိတာ။ အတော်အို စာသွားပြီ။ ဦးကံဘောင်ကြီးက အပြင်မှာ တွေ့ရင် မမှတ်မိလောက်အောင်အထိ အိုစာသွားပြီ။ ဆံပင်တွေက ဖြူပြီး နဖူးပေါ်ကို ဟိုတစ်စ၊ ဒီတစ်စကျနေကြပြီ။ နားထင်မှာ ကပ်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ဆံပင်တွေက ဖြူလွှန်းလို့ ထုံးသုတ်ထားသလားထင်နေရပြီ။ အသားက မည်းတဲ့အပြင် အရေပြားပေါ်မှာ ပေါ်နေတဲ့အကြောတွေကြောင့် တကယ့် လူအိုရုပ်ကိုပေါက်လို့။ လွယ်အိတ်က အရင်အရောင်မဟုတ်တော့ပေမဲ့ ဟောင်းနွမ်းညစ်ပေနေတာကတော့ အရင်လိုပဲ။ အဝတ်အစားတွေကလည်း အရင်လို ဝတ်နေကျတွေ မဟုတ်တော့ပေမဲ့ ပေတူးနေတာကတော့ နဂိုအတိုင်းပဲ။ မျက်နှာပေါ်မှာလည်း အရေးအကြောင်းတွေက ထွန်ရေးထပ်နေတဲ့ ယာကွက်လို ပွလို့။

'နို့… နေစမ်းပါဦး၊ မင်းက ဘယ်သူတုံး'

ဦးကံဘောင်ကြီးက ကျွန်တော့်ကို မျက်မှောင်ကြီးကျုံ့ပြီး ကြည့်ရင်း မေးတော့ ရုတ်တရက် ကျွန်တော် ပျော်သွားတယ်။

'အဲဒါ ခင်ဗျားကားကို ခိုစီးခဲ့တဲ့ကောင်ပေါ့ ဘိုကံရ။ ကျူပ်သားအကြီးလေ၊ မှတ်မိတော့ဘူးလား'

ကျွန်တော် မဖြေလိုက်ရဘူး။ အဖေက ဝင်ဖြေလိုက်တာ။

ဦးကံဘောင်ကြီးက 'ဟော…' ဆိုပြီး ကျွန်တော့်ကို ကြည့်နေတာမှ အကြာကြီး။ သူ့စိတ်ထဲ ကျွန်တော့်ကို ဘယ်လိုထင်နေတယ် မသိဘူး။ ကျွန်တော်ကတော့ သူ့ကို ကွဲသွားတဲ့ ဘကြီးတစ်ယောက်နဲ့ ပြန်တွေ့သလို ကြည့်နေမိတာ။ လွမ်းလွမ်းကြီး။ ဘာပြောလို့ ပြောလိုက်ရမှန်းလဲ မသိဘူး။ သူ့ကို ကြည့်ရင်း ကျွန်တော် ဝမ်းနည်းလာတာတော့ အမှန်ပဲ။ ဘာ့ကြောင့်ဆိုတာ ကျွန်တော် ကိုယ်တိုင်လည်း မသိဘူး။ နောက်ထပ်တော့ သိပ်ထူးထူးထွေထွေ ကျွန်တော်တို့ မပြောဖြစ်ကြဘူး။ အာလာပ သလ္လာပစကားတွေပြောနေရင်း ကြက်သွန်တွေ တင်ကြပြုကြနဲ့ တစ်ခဏအတွင်းမှာပဲ အလုပ်က ပြီးသွားတယ်။

ပြီးတာနဲ့ ဦးကံဘောင်ကြီးက ကားပေါ်ကို ကုတ်ကတ်ပြီး ပြန်တက်သွားတယ်။ ဦးကံဘောင်ကြီး ကားပေါ်ရောက်တာနဲ့ ကားက အိမ်ဝိုင်းထဲကနေ ထွက်တယ်။ အထွက်မှာလည်း ကားကြီးက မူမမှန်ဘူး။ 'ဖလူး… ဖလူး…'နဲ့ အော်ပြီးမှ စိတ်ဆိုးမာန်ဆိုးနဲ့ နိုးပြီးထွက်တာ။ ကျွန်တော်လည်း ဘာရယ်မဟုတ်ဘဲ ဦးကံဘောင်ကြီးကိုကြည့်ရင်း ကားနောက်ကနေ အိမ်ပေါက်ဝ,အထိ လိုက်လာမိတယ်။ ကျွန်တော် ဦးကံဘောင်ကြီးကို ကြည့်ရတာ မဝ,ဘူး ဖြစ်နေတယ်။ ကျွန်တော်က စကားတွေပြောချင်သေးတာမျိုး။

'ဦးကံဘောင်ကြီး…၊ ဦးကံဘောင်ကြီးက ကျွန်တော်တို့ ငယ်ငယ်ကတည်းက ကြက်သွန်ကားနဲ့ လိုက်နေတာ၊ ကြာပြီနော်….'

ကားလည်း အိမ်ဝိုင်းထဲက ထွက်လို့ လမ်းမပေါ်ရောက်ရော၊ ဘယ်လိုမှ ကြိုတင်တွေးမထားတဲ့ မေးခွန်းတစ်ခုက ကျွန်တော့်ပါးစပ်ထဲကနေ ရုတ်တရက်ခုန်ထွက်သွားတယ်။

ဦးကံဘောင်ကြီးက 'ဟော…'လို့ တစ်ချက်ရွတ်ရင်း 'အေးလေကွာ…'လို့ ပြန်ဖြေတယ်။

'အရင်အတိုင်းပဲနော်…' လို့ ကျွန်တော်က ထပ်အော်လိုက်တယ်။ ကားက အရှိန်တင်စပြုပြီလေ။ ဒါကြောင့် ကျွန်တော် အော်ပြောလိုက်တာ။

'ဟ… ကောင်လေးရေ၊ ငါကတော့ ပေါ်ပေါ်စီး ဖတ်ဖတ်စားပဲဟ၊ ပေါ်ပေါ်စီး ဖတ်ဖတ်စားပဲ… ဟား… ဟား…'

ကားကအရှိန်နဲ့ မောင်းထွက်သွားပြီ။ ဖုန်တွေကလည်း တောင်တံခါးအတိုင်း တလိမ့်ခေါက်ကွေးနဲ့ တလိမ့်လိမ့် ကျန်နေခဲ့ပြီ။ ဒါပေမဲ့ ဦးကံဘောင်ကြီးအသံက ကျွန်တော့်နားထဲမှာ ဘယ်တော့မှ ပျောက်မသွားတော့မှာလို ပဲ့တင်ထပ်ပြီး ကျန်နေခဲ့တယ်။ 'ပေါ်ပေါ်စီး ဖတ်ဖတ်စား'ပဲတဲ့။ အဲဒါ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဦးကံဘောင်ကြီး ပြောနေကျစကားပဲ။

သေချာတယ်။ ဒီစကားပဲ။ ငယ်ငယ်က အဖေရှင်းပြခဲ့ဖူးတဲ့ အဲဒီစကားရဲ့ အဓိပ္ပာယ်ကို ကျွန်တော် စဉ်းစားတယ်။ ဒါပေမဲ့ မရဘူး။ ဒါနဲ့ အဖေ့အနားမှာ ဝင်ထိုင်ရင်း မေးလိုက်မိတယ်။

'အဖေ့… ဦးကံဘောင်ကြီးက ခုထိ ပေါ်ပေါ်စီး ဖတ်ဖတ်စားလို့ ပြောတုန်းနော်။ ဘာကိုပြောတာမှန်းလဲ မသိဘူး'

အဖေက ရုတ်တရက်တန်းမဖြေဘူး။ အဖေက တီဗွီကို အငမ်းမရငေးနေသေးတာ။

ကျွန်တော်လည်း အဖေ့ကို ထပ်ပြီး မနှောင့်ယှက်ချင်တာနဲ့ အသာငြိမ်နေလိုက်တော့တယ်။ တစ်အောင့်နေမှ အဖေက လှူပ်လာတယ်။

'ဟ… လူလေးရ၊ ပေါ်ပေါ်စီး ဖတ်ဖတ်စားဆိုတာ ကားက ပေါ်ပေါ်လို့ ဟွန်းတီးရင် ပျော်ပျော်ပါးပါး တက်စီးလိုက်၊ ဆိုင်တွေမှာ ထမင်းစားနားတဲ့အခါ အဖတ်ဟင်းလေးနဲ့ စားလိုက်။ လူမြင်ကောင်းတာကလွဲလို့ ဘာမှ တိုးတက်မလာဘူးလို့ ပြောတာကွ'

အဖေက သူ့ဝသီအတိုင်း စကားကို ပျစ်ပျစ်နှစ်နှစ်ကြီး ပြောချလာတယ်။

'ဒါနဲ့များ အဖေရယ်၊ ဦးကံဘောင်ကြီးက ဘာမှဖြစ်ဖြစ်မြောက်မြောက် ဖြစ်မလာဘဲနဲ့ လုပ်နေသေးတယ်၊ အံ့ပါ့ဗျာ'လို့ ကျွန်တော်က အတွန့်တက်လိုက်မိတယ်။

'မင့်နှယ်… ဘိုကံတင် ပေါ်ပေါ်စီး ဖတ်ဖတ်စားတုန်း မဟုတ်ဘူးကွ။ ဒီထဲက လူတွေလည်း ခုထိ ပေါ်ပေါ်စီး ဖတ်ဖတ်စားနေကြတုန်း။ ဟိုမှာ မင်း မမြင်ဘူးလား'

အဖေက ပြောရုံတင်မဟုတ်တော့ဘူး။ 'မင်း မမြင်ဘူးလား'ဆိုတဲ့ အမေးပါ ပါလာတာနဲ့ ကျွန်တော်လည်း အဖေ့ရဲ့ 'ဟိုမှာ'ကို သိအောင် ကြည့်ရတော့တယ်။ အဖေပြနေတာက ဘယ်ကိုမှတ်နေတုံး။ တီဗွီထဲကိုဗျ၊ တီဗွီထဲကို။ ■

**လူခါး**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေအမြုတေ ပင်တိုင်စာရေးဆရာ ရာပြည့် ကွယ်လွန်

ရွှေအမြုတေမဂ္ဂဇင်း၏ ပင်တိုင်စာရေးဆရာ ရာပြည့်သည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့ နံနက် ၅ နာရီ ၂၀ မိနစ်အချိန်တွင် ကွယ်လွန်သွားခဲ့ပါသည်။ အမည်ရင်း ထွန်းအောင်(ညီမ်း) ဖြစ်ပြီး အဖ ဦးကျားဘညီမ်း၊ အမိ ဒေါ်ကြည်ကြည်တို့၏ မွေးချင်း ၈ ဦးမှ အငယ်ဆုံးသားဖြစ်သည်။ ရွှေအမြုတေမဂ္ဂဇင်း စာတည်းချုပ် ဦးဝင်းငြိမ်း၊ ပန်းပုပညာရှင် ဦးဆန်နီညီမ်း၊ ဦးရဲမြင့်ညီမ်း၊ ရွှေအမြုတေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ၊ Info Digest Journal အယ်ဒီတာချုပ် ဦးမျိုးမြင့်ညီမ်း၊ ဒေါ်မာလာညီမ်း၊ (ဒေါ်စန္ဒာညီမ်း)၊ ဦးထွန်းမောင်ညီမ်းတို့၏ ညီအငယ်ဆုံးလည်းဖြစ်ပါသည်။ အထက ၆ ဗိုလ်တထောင်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရူပဗေဒဘာသာရပ် အဓိကဖြင့် သိပ္ပံဘွဲ့ရသည်။ ကွယ်လွန်ချိန်တွင် Shwe Mi Industrial Co.,Ltd. တွင် Senior General Manager တာဝန် ယူလျက်ရှိသည်။ ရွှေအမြုတေမဂ္ဂဇင်းတွင် နိုင်ငံရပ်ခြားအနုပညာ ဆောင်းပါးများ ပင်တိုင်ရေးသားပြီး Info Digest ဂျာနယ်တွင် နိုင်ငံရေး၊ စီးပွားရေး သုံးသပ်ချက်များ ရေးသားလျက်ရှိသည်။ Friday Times, မြစ်ကြီးနားဂျာနယ်တို့တွင်လည်း နိုင်ငံရေးသုံးသပ်ချက် ဆောင်းပါးများ အခါအားလျော်စွာ ရေးသားလျက်ရှိသည်။

ဘာသာပြန်လုံးချင်း စာအုပ်များအဖြစ် မျက်နှာဖုံးရှင်ရဲ့ **မေတ္တာလက်ဆောင်(၂၀၁၁)၊ မန္တလေးသို့အပြန်(၂၀၁၆)၊ လူစွမ်းကောင်းမဟုတ်သော နေဗီဆီးလ်တပ်ဖွဲ့ဝင် တစ်ယောက်(၂၀၁၆)၊ အရိုင်းဒီရေ(၂၀၁၇)၊ စာအုပ်သူခိုး(၂၀၁၇)၊ အမေရိကန်စနိုက်ပါ(၂၀၁၈)၊ ဓားရိုးကမ်း(၂၀၁၈)**တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ Into the wild ကို **ကန္တာရခရီးသည်** အမည်ပေးပြန်ဆိုထားသည့် ဘာသာပြန်လုံးချင်းကို ငါတို့စာပေက မကြာမီ ထုတ်ဝေမည်ဖြစ်သည်။ Anthony Doerr ရေးသားသည့် All The Light We Cannot See ကို **မမြင်နိုင်သော အလင်းတန်းများ** အမည်ပေးပြန်ဆိုလျက်ရှိသည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မေခိုင်နှင့် သမီး မေရတနာပြည့်၊ မေသရဝဏ်ပြည့်၊ မေသော်တာပြည့်တို့ကျန်ရစ်သည်။ ၁၉၅၉ ခုနှစ် မန္တလေး နှစ်တစ်ရာပြည့်တွင်မွေးဖွားခဲ့သည် ဖြစ်၍ ငယ်နာမည် ရာပြည့်ကိုပင် ကလောင်နာမည်အဖြစ် အသုံးပြုခဲ့ပါသည်။ ညီငယ် ရာပြည့် ကွယ်လွန်ခြင်းသည် ရွှေအမြုတေမဂ္ဂဇင်းအတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

■

**အယ်ဒီတာအဖွဲ့**
**ရွှေအမြုတေမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# နွား ၂၆၀

နေ (ပင်လယ်ဖြာ)

နွားပြန်နေကျအချိန်သည် နွားရိုင်းသွင်းချိန် ဖြစ်သည်။ ဆည်းဆာချိန်တိမ်နီတို့ မပျောက်ခင်ပင် ရွာထဲသို့ နွား ပြန်လာမြဲ။ နွားသည် ကောက်ပြတ်ပင်များရှိသော လယ်ကွက်များကို ဖြတ်ကာ ခပ်ဖြည်းဖြည်း လျှောက်လာတတ်သည်။ နွားကြိုးသည် လယ်ကွက်မြေပေါ်တွင် တရွတ်တိုက်ပါလာသည်။ ထိုမှနေ၍ နွားသည် အမြီးကို တဖျပ်ဖျပ် ရိုက်ရင်း ဖုန်ထနေသော လှည်းလမ်းများဆီသို့ ကူးသည်။ လှည်းလမ်းအတိုင်း တံတားဆီ လာကြသော နွားအုပ်ထဲသို့ ဝင်သည်။

နွားပိုင်ရှင်သည် မနက် ဆယ်နာရီတွင် နွားကို အိမ်မှ လွှတ်မြဲပင်။ ကွင်းထဲ မလွှတ်ခင် နွားကို ရေသာ အဝတိုက်သည်။ ထို့နောက် နွားရုံတံခါးကို ဖွင့်ပေးပြီး နွားကို ချည်တိုင်မှ ဖြုတ်သည်။ နွားသည် တံတားကို ဖြတ်ကာ ကွင်းပြင်ကျယ်ဆီ သွားသည်။

နွားသည် ဆူပူ ရန်လိုတတ်သော နွားတစ်ကောင် မဟုတ်။ ကွင်းပြင်ကျယ်တွင် ရန်လိုတတ်သော နွားများကိုလည်း အလျှော့ပေးကာ ရှောင်ခွာသည်။ ထိုအတွက် နွားသည် အခြား နွားများမရှိသည့် ဝေးသော ကန်သင်းရိုးများ၊ ခနိချုံများသို့ သွားကာ မြက်နုများကို ရှာရသည်။

နွားသည် ငယ်စဉ်ကတည်းက သင်းကွပ်ခံထားရကာ ကွင်းပြင်ကျယ်က နွားမများသည်လည်း နွားအနားသို့ မကပ်

နွားသည်
တစ်နှစ်လုံးပင် ရုန်းခဲ့ပြီးပြီ
နွားပိုင်ရှင်သည်
ချော့တစ်ခါ
ရိုက်တစ်လှည့်ဖြင့်
နွားကို ခိုင်းခဲ့သည်
လယ်ထွန်ခါနီး မိုးရေထဲတွင်
နွား၏ခေါင်းကို ပွတ်၍
'ဖေ့သားကြီး . . ရုန်းလိုက်ကြစို့ဟေ့'
ဟု အားပေးခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြပေ။ နွားသည် အမြဲတစ်ကောင်တည်းပင်။ နွားကို ငုတ်တိုင်ဖြင့် ကြိုးချည်မထားရန် နွားပိုင်ရှင်က မှာထားသည်။ ထိုအတွက် နွားသည် မြက်နုများရှိရာကို စိတ်လိုသလို သွားကာ ရှာစားနိုင်သည်။

နွားပြန်ချိန်တွင် အခြားနွားများနည်းတူ နွားသည်လည်း အသံကျယ်ဖြင့် အော်တတ်သည်။ ဆည်းဆာချိန်တွင် နွားသည် ကန်သင်းရိုးဘေးတွင်ရပ်နေရင်း ဦးခေါင်းကို မော့ကာ အသံကျယ်ဖြင့် အော်သည်။

နွားပြန်ချိန်များတွင် နွားကျောင်းရန် အခကြေးငွေပေး၍ အပ်ထားသော နွားကျောင်းသားသည် တံတားထိပ်မှနေ၍ နွားများကို ရေတွက်သည်။ နွားကျောင်းသားသည် နွားရိုက်ရန် ကိုင်ထားသော သစ်ကိုင်းတုတ်တစ်ချောင်းဖြင့် အနားသို့ တိုးကပ်လာသော နွားများကို စိမ်ပြေနပြေပင် ရိုက်သည်။ ရပ်နေသောနွားများကို "ဟဲ့… နွား သွားစမ်း"ဟု အော်ရင်းရိုက်ပြီး၊ သွားနေသော နွားများကို "ဟဲ့ နွား… မြန်မြန်သွားစမ်း"ဟု အော်ကာ ရိုက်သည်။ တံတားဆီသို့မလာဘဲ ပေကတ်ကတ်လုပ်နေသော နွားများကို ရိုက်နှက်၍ မသွားပြန်လျှင် နွားကျောင်းသားသည် န(နွား)ဖားကြိုးကို တင်းတင်း ဆောင့်ဆွဲသည်။ နွားများသည် တံတားထိပ်ရောက်လျှင် နွားကျောင်းသားအနားမှ ရှောင်ဖယ်ကာ ကွေ့ပိုက်သွားကြသည်။ ညနေတိုင်းပင် နွားကျောင်းသား

EG½kdfo Gfcdf aumfvmonft xd EG jyefa&muf vmaomtc EGyk&Sfonf EGwpfck jzpfnfuk pk&dfvmonf EGonf wpfaumiftnf jyefvmvkifyif &Gx okdY vrf;rSí ur½lSxkd ajy;aejcif;rsKd r&Sd

မရှိသော တံတားဘက်ခြမ်းသို့ နွားများ တိုးဝှေ့ကြပြီး နွားအော်သံများ ညံမြဲပင်။

ပြောင်းပြန်ချိန်တစ်ခုလုံးတွင် နွားသည် စိမ်းစိုသော မြက်များကို ရှာစားရသည်။ နွားသည် တစ်နှစ်လုံးပင် ရုန်းခဲ့ပြီးပြီ။ နွားပိုင်ရှင်သည် ချော့တစ်ခါ ရိုက်တစ်လှည့်ဖြင့် နွားကို ခိုင်းခဲ့သည်။ လယ်ထွန်ခါနီး မိုးရေထဲတွင် နွား၏ ခေါင်းကို ပွတ်၍ "ဖေ့သားကြီး…ရုန်းလိုက်ကြစို့ဟေ့"ဟု အားပေးခဲ့သည်။

ကျီထဲသို့ စပါးတိုက်ပြီးသည့်နေ့မှစ၍ နွားသည် တလင်းကို ခွာရသည်။ တဲနှင့် အိမ်သည် အလှမ်းဝေးသဖြင့် နွားကို တဲတွင်ထား၍ နေ့တိုင်း အစာဆင်းကျွေးရန် မလွယ်ချေ။ နွားပိုင်ရှင်သည် မိုးမကျခင်အထိ နွားကို ရွာတွင်ပင် အတူထားသည်။ နေ့ခင်းများတွင် ရွာအနီးရှိ လယ်ကွင်းများဆီ နွားကို လွှတ်ပေးကာ မြက်များကို ရှာစားစေသည်။ ညနေတွင် နွားသည် အချိန်မှန်ပင် ရွာထဲသို့ ပြန်လာသည်။

နွားပြန်ရောက် မရောက် သိရန် နွားပိုင်ရှင်သည် နွားရုံသို့ ညနေတိုင်း တစ်ခေါက် လာကြည့်သည်။ လိုအပ်လျှင် နွားကို ရေချိုးပေးသည်။ နွားသည် နွားရိုင်းသွင်းချိန်ကို လွန်၍ အပြန်နောက်မကျဖူးပေ။ ပုံမှန်နေ့များတွင် နွားကျောင်းသားသည် နွားကို နွားရုံဘက်သို့ မောင်းထည့်ရင်း ခြံအပြင်ဘက်မှ အော်ဟစ်အသံပေးတတ်သည်။ တချို့ ညနေများတွင် နွားသည် နွားကျောင်းသားမပါဘဲ တစ်ကောင်တည်း အိမ်ပြန်လာမြဲပင်။

နွားပြန်မရောက်သည်ကို နွားပိုင်ရှင်သည် အချိန်မီပင် သိသည်။ တံတားထိပ်လာပြီး နွား ရွာထဲဝင်လာမလာ မေးသောအခါ နွားကျောင်းသားက ဝေ့လည်လည်ဖြေသည်။ လှည်းလမ်းအတိုင်း နွားများစီတန်း ပြန်လာနေဆဲဖြစ်၍ နွားအုပ်ထဲတွင် ပါလာနိုင်ကြောင်း ခပ်ပေါ့ပေါ့ပြောသည်။ နွားကျောင်းရန် အပ်ထားသော နွားများ များလွန်းသဖြင့် နွားကျောင်းသားသည် ရန်မရှာဘဲ အချိန်မှန် ပြန်လာတတ်သော နွားများကို စိတ်မပူလှပေ။

နွားပိုင်ရှင်က လှည်းလမ်းဘက်ကို လှမ်းကြည့်သော်လည်း ဖုန်လုံးများကြားတွင် နွားအုပ်ထဲက သူ့နွားကို မခွဲခြားနိုင်။ နွားများက တိုးဝှေ့လာနေဆဲ။ နွားပိုင်ရှင်သည် ရွာထဲပြန်ဝင်ပြီး နွားရုံထိပ်တွင် ထိုင်စောင့်သည်။ အခြားနွားများ နွားရုံထဲရောက်လာကြပြီ။

နွားရိုင်းသွင်းချိန် ကျော်လာသည်အထိ နွားပြန်မရောက်လာသောအခါ နွားပိုင်ရှင်သည် နွားတစ်ခုခုဖြစ်မည်ကို စိုးရိမ်လာသည်။ နွားသည် တစ်ကောင်တည်း ပြန်လာလျှင်ပင် ရွာထဲသို့ လမ်းမှား၍ ကမူးရှူးထိုး ပြေးနေခြင်းမျိုး မရှိခဲ့။

နောက်ဆုံး မှောင်ချိန်တွင်မှ နွားကျောင်းသား ရောက်လာပြီး နွားရောက်မရောက် မေးသည်။ မြင်ရသမျှ ကွင်းထဲတွင်တော့ နွားတစ်ကောင်ပင် မကျန်တော့ကြောင်း ပြောသည်။ နွားပိုင်ရှင်သည် စိတ်ပူပန်စွာ တဖျစ်တောက်တောက် ရေရွတ်သည်။ နွားကျောင်းသားက ခေါင်းကိုငုံ့လျက်။

နွားပျောက်ပြီ။ နွားကို နောက်ဆုံး တွေ့ခဲ့သည့်နေရာကို မေးရာ နွားကျောင်းသားသည် အမှန်တကယ် မသိပေ။ နွားကို တစ်နေ့လုံးပင် သတိမထားမိ။ သို့သော် ညနေမစောင်းခင် နွားကို ကန်ကြီးဘေးတွင် တွေ့သည်ဟု လိမ်ပြောသည်။ နွားပိုင်ရှင်သည် အရပ်ထဲမှ လူများကို ခေါ်သည်။ နွားပျောက်သဖြင့် ဝိုင်းကူရှာရန် အိမ်နီးချင်းယောက်ျားသုံးယောက် ထွက်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ နွားခိုးခံရပြီဟု လည်း တွေးကြသည်။ တစ်ယောက်မှာ နွားခိုးခံရဖူးသဖြင့် မမိလိုက်သော နွားသူခိုးကို လက်ပူးလက်ကြပ်ဖမ်းချင်၍ နွားရှာရန် ရောက်လာသည်။ နွားအခိုးခံရစဉ်က နွားသူခိုးဟု သံသယရှိသော သူရင်းငှားတစ်ယောက်ကိုလည်း သိထားသည်ဟုလည်း ပြောသည်။ ထိုတဲသို့ အရင်သွား၍ နွားကိုရှာရန် တိုက်တွန်းသည်။

ကွင်းထဲမှ နွားသူခိုးများသည် အမှုပေါ်မည်စိုးဖြင့် နွားကို ရွာဈေးတွင် ဘယ်တော့မှ ဖျက်မရောင်း။ နွားကို ခိုးပြီးနောက် တဲတစ်လုံးလုံးတွင် တစ်ရက်နှစ်ရက် ဝှက်ထားတတ်သည်။ နွားကို အခြားရွာများသို့ သွားရောင်းလိုလျှင် တံတားမှတစ်ဆင့် ရွာလမ်းကို ဖြတ်ပြီးမှသာ သွားနိုင်မည်။ နှစ်ရက်သုံးရက်ကြာပြီးနောက် နွားပိုင်ရှင်တို့ ရှာဖွေရန် လက်လျှော့လိုက်လျှင် လူခြေတိတ်သော ညအချိန်မျိုး၌ နွားကိုဆွဲခေါ်ကာ အခြားရွာများသို့ သွားရောင်းတတ်သည်။ နွားသူခိုးများသည် နွားကို ခိုင်းစားရန် ဝယ်ချင်သူများထံ ရောင်းလေ့မရှိ။ ထိုရွာရှိ နွားသတ်သမားဆီသို့ သွားကာ နွားကို သတ်စေသည်။ ထိုသို့ နွားကို ရွာဆီမှ ထုတ်သွားပြီးလျှင် ပြန်ရနိုင်ရန် အကြောင်းမရှိ။

နွားကို အခြားရွာများသို့ ထုတ်မရောင်းခင် နွားဝှက်ထားသော တဲကို ရှာနိုင်လျှင် ပြန်ရရန် လမ်းရှိသည်။ နွားပိုင်ရှင်သည် ထိုအချက်ကို တွေးမိကာ နွားကို အချိန်

EGo nf
armlv @fí
ac;ifo nfom
apmifyD
ukd fu rvyf
xdknfzif
t udfu df
ukdpm; u nf
aomfv nf
EGu
AGfx dS
wufvm

မနှောင်းခင် ရှာရမည်ကို သိသည်။ နွားအိုဖြစ်သော်လည်း အနည်းဆုံး နှစ်နှစ်လောက် ချော့ခိုင်း၍ ရနိုင်မည်ကို တွေးပြီး နွားကို အဆုံးရှုံးမခံနိုင်။ နွားကို အပူတပြင်းပင် ပြန်လိုချင်သည်။ သူ့မိန်းမသည် နွားရှိမည့် နေရာကို မေးရန် နတ်ကတော်အိမ်သို့ ချက်ချင်းသွားသည်။

'နွားဖြူအိုကြီး မဟုတ်လား'

နတ်ကတော်သည် နတ်ဝင်ပြီးသည်နှင့် နွား၍ ပုံသဏ္ဌာန်ကို ပြောနိုင်သည်။ သူ့ကိုယ်ကို လှုပ်ခါနေရင်း မျက်လုံးတင်းတင်းပိတ်ထားရင်းပင် 'ပိုးမထိဘူး··· နွားဖြူအိုကြီး ပိုးမထိဘူး'ဟု ခပ်လေးလေး ပြောသည်။

'နွားကြီးက ချိုတစ်ဖက်လည်း ကျိုးနေပါတယ်'

နွားပိုင်ရှင်မိန်းမက လက်အုပ်ချီထားရင်း ဝင်ပြောတော့ နတ်ကတော်က မျက်လုံးတစ်ချက် ဖွင့်ကြည့်သည်။

'ပိုးမထိဘူး··· သူခိုးမခိုးဘူး··· ကန်ကြီးရဲ့ အရှေ့ခြမ်းမှာ နွားအိုကြီးကို ရှာကြ···ဘယ်မှမသွားနဲ့··· အရှေ့ခြမ်းမှာပဲရှာ··· သန်းခေါင် မကျော်ခင် နွားကို အိမ်အပါခေါ်နိုင်မယ်'

သို့သော် နွားရှာသူများသည် ကန်ကြီး၏ နောက်ဘက်ခြမ်းရှိ နွားသူခိုးဟု သံသယရှိသူ တဲသို့သာ အရင်သွားကြသည်။ ထိုတဲဘေးက နွားတင်းကုပ်ထဲတွင် အရင်ကြည့်သည်။ လက်နှိပ်မီးဖြင့် ထိုးကြည့်တော့ တင်းကုပ်ထဲတွင် လှဲနေသော နွားနှစ်ကောင်၏ မျက်လုံးများသည် လင်းလျက်။ နွားနှစ်ကောင်၏ ချိုကို ကြည့်ရုံနှင့် နွားပိုင်ရှင်က ခေါင်းခါသည်။ သူ့နွားနှင့် အရောင်အသွေးပင် မတူ။

နွားကို တဲထဲတွင် ဝှက်ထားနိုင်သည်ဟု တွေးကာ တဲဆီသို့ သွားကြပြန်သည်။ နွားသူခိုးဟု သံသယရှိသူ သူရင်းငှားသည် တဲကွပ်ပျစ်တွင် ခြေပစ်လက်ပစ် အိပ်လျက်။ နွားကျောင်းသားက တဲတံခါးကို ခပ်ဖြည်းဖြည်း ခိုးဖွင့်သော်လည်း တံခါးပတ်ပတ်လည်တွင် တပ်ထားသော ချူများမှာ အသံမြည်၍ အိပ်နေသော သူရင်းငှားက ချက်ချင်းနိုးသည်။ တဲထဲတွင် နွားမရှိ။

နွားကျောင်းသားက လက်နှိပ်မီးကို ထိုးလျက်ကြောင်ငေးနေစဉ် သူရင်းငှားက သူခိုးဝင်သည်ဟုထင်ကာ ကွပ်ပျစ်ထောင့်တွင် ထောင်ထားသော ဓားကို ဆွဲသည်။ နွားကျောင်းသားက ရုတ်တရက် ပျာပြီး 'နွား··· နွား···ပျောက်လို့ လာ··· လာရှာတာ'ဟု ထစ်ထစ်ငေါ့ငေါ့ ပြောသည်။ နောက်မှလူများက အခြေအနေကို ဝင်ထိန်းမည် ပြုသော်လည်း သူရင်းငှားက သူ့ကို နွားသူခိုးထင်၍ လာရှာသည်ကို တွေးမိပြီး ဒေါသဖြင့် ဓားကို ဆွဲကာ ကွပ်ပျစ်ပေါ်မှ ပြေးဆင်းလာသည်။

နွားကျောင်းသားက နောက်သို့ ပြေးဆုတ်ရာ အတူပါသူများအားလုံး တဲရှေ့တလင်းဘက်သို့ ထွက်ပြေးကြသည်။ ညအမှောင်တွင် နွားရှာသူများက တစ်ယောက်တစ်ခွန်း အော်ဟစ်ရှင်းပြကြသော်လည်း သူရင်းငှားသည် ဓားကို ယမ်းရင်း အော်ဟစ်ဆဲဆိုကာ စိန်ခေါ်သည်။ နွားကျောင်းသားရှိရာဘက်ကို ဓားယမ်းကာ နောက်တစ်ခါ ရောက်လာလျှင် အသေခုတ်မည်ဟု ခြိမ်းခြောက်သည်။ နွားကျောင်းသားသည် ကြောက်လွန်း၍ တုန်နေသည်။

ထိုတဲအနီးမှ သူတို့ပြေးလာကြပြီး ကန်ကြီးနောက်ဘက်ခြမ်း အစွန်ဆုံးလယ်ကွက်များဆီ ရောက်လာကြချိန်တွင် ခနိချုံဘက်ဆီမှ နွားအော်သံကို ရုတ်တရက် ကြားလိုက်ရသည်။ သူတို့အားလုံး ခဏငြိမ်သွားပြီး သေချာရန် နွားအသံကို စောင့်၍ နားထောင်သည်။ နွားသည်



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ကြိမ် အော်သည်။ နွားပိုင်ရှင်သည် ချက်ချင်းပင် မြနိချုံထဲသို့ ပြေးဝင်သည်။ နွားအသံလာရာဘက်သည် မြနိချုံထဲက ချောင်းဘက်တွင် ဖြစ်သည်။ နွားကျောင်းသားသည် နွားပိုင်ရှင်နောက်သို့ ထက်ကြပ်မကွာ အပြေးလိုက်သည်။ နွားပိုင်ရှင်သည် ချောင်းထဲသို့ နွားကျသွားနိုင်သည်ကို တွေးမိကာ အပူတပြင်းပင် ပြေးသည်။

နွားပိုင်ရှင် စိုးရိမ်နေသလိုပင် နွားသည် ချောင်းထဲသို့ ရောက်နေသည်။ 'နွားချောင်းထဲ ကျနေတယ်'ဟု နွားကျောင်းသားက နောက်လူများကို အသံကျယ်ကျယ် အော်လိုက်သည်။ နွားရှာသူများလည်း ပြေးလာကြပြီး ကမ်းပါးတွင် ရပ်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြသည်။ ချိုတစ်ဖက်ကျိုး နွားတစ်ကောင်။ မျက်လုံးများကလင်းနေပြီး နွားတစ်ကိုယ်လုံးကို မမြင်ရတော့။ နွားခေါင်းနှင့် ကျောပြင်အပေါ်ပိုင်းကိုသာ မြင်ရသည်။ နွားသည် ခေါင်းကို မော့ကာဖြင့် တစ်ချက်အော်ရာ အသံသည်ပင် အားရှိပုံမပေါ်ဘဲ တိုးဖျော့နေသည်။ 'ဟာ ဒုက္ခပဲကွာ… ဘယ်အချိန်ကတည်းက ကျနေလဲ မသိဘူး'ဟု နွားပိုင်ရှင်က ရေရွတ်သည်။ နွားကျောင်းသားသည် မျက်နှာငယ်လေးဖြစ်နေသည်။

နွားသည် ကမ်းနားက မြက်များကို ရှာစားရင်း ချောင်းထဲသို့ ကျသွားခြင်း ဖြစ်မည်။ နွားကျသွားရာ ကမ်းသည် အနည်းငယ် မတ်စောက်သော ကမ်းပါးဖြစ်

]½kefy... azlom;
¦u]Bm}
EpSay¦ifr;m;pGy if
EG;u kd
t¦udfudf
ajymcHompum;
EGykd&Sfrs
EGac¦ifukd
yGvfum
r½kefaom
EG;ukd
rcGv ifuzpfv¦uf

သည်။ နွားပိုင်ရှင်က ချောင်းထဲသို့ ဆင်းရန် လမ်းကြောင်းရှာသော်လည်း ထိုနေရာမှ ဆင်းရန် မဖြစ်နိုင်။ နွားကျောင်းသားက အရဲစွန့်၍ ခုန်ဆင်းမည်ပြုပြီးမှ ကမ်းပါးအောက်ဘက်ရှိ ခရာဆူးချုံကို မြင်၍ နောက်ပြန်ဆုတ်သည်။ နွားရှိရာနေရာသည် ကမ်းပါးနှင့် ချောင်းလယ်ကြားက အနည်းငယ် လျှောစောက်သော ရွှံ့ဗွက်ပြင်ကျယ်တွင် ဖြစ်သည်။ နွားသည် ရန်လေ နစ်လေ ဖြစ်ခဲ့ပုံပေါ်ပြီး တစ်ကိုယ်လုံးနီးနီးပင် ဗွက်ထဲသို့ နစ်ဝင်နေသည်။

နွားပိုင်ရှင်သည် ကမ်းပါးအတိုင်း လျှောက်လာပြီး ချောင်းထဲဆင်း၍ ရနိုင်မည့်နေရာကို လမ်းရှာသည်။ လူငါးယောက်သာ ပါလာ၍ နွားကို ဗွက်ထဲမှ ဆွဲထုတ်ရန် ခက်ခဲမည်ကို ရိပ်မိသည်။ မှောင်လွန်းသဖြင့် နွားကို ဆွဲထုတ်နေချိန်တွင် ဓာတ်မီးထိုးပြသူလည်း လိုလိမ့်မည်။ လူလေးယောက်တည်းဖြင့် တစ်ကိုယ်လုံးနီးပါး နစ်နေသော နွားကို ဆွဲထုတ်ရန် မဖြစ်နိုင်။ နွားရှာသူများထဲမှ နွားသူခိုးကို ဖမ်းချင်၍သာ လိုက်လာသူက ချောင်းထဲ ဆင်းချင်ဟန်မပြ။ နွားပိုင်ရှင်သည် ချွေးပြန်နေသည်။ နွားရှာသူများက အသံတိတ်ရင်း သူ့နောက်မှ လိုက်လာသည်။

နွားပိုင်ရှင်က လူများ ထပ်ခေါ်ရန် နွားကျောင်းသားကို ရွာထဲ လွှတ်လိုက်ရမလားဟု တွေးသည်။

'ရေတက်နေပြီ'ဟု နွားကျောင်းသားက စိတ်ပူစွာ အော်လိုက်သည်။ နွားပိုင်ရှင်က လမ်းရှာနေရာမှ ရပ်ကာ နွားကို ဓာတ်မီးဖြင့် ထိုးကြည့်ပြန်သည်။ နွားရှိရာ ဗွက်ပြင်ကို ရေရောက်လာပြီ။ အသွားအပြန် ကြာချိန်နှင့် သွားခေါ်သော လူများရောက်လာလျှင်ပင် နွားက ရေထဲမြုပ်နေလောက်ပြီ။ လူအင်အား နည်းမည်စိုး၍ နွားကျောင်းသားကို ရွာထဲ မသွားစေတော့။

ဆင်း၍ ရလောက်သည့် ကမ်းပါးရောက်တော့ နွားပိုင်ရှင်က သူ့ပုဆိုးကို ချွတ်ကာ ခပ်မြန်မြန်ပြေးဆင်းသည်။ နွားသည် အသံပင် မထွက်တော့။ 'ဖေ့သားကြီးရေ… တောင့်ထားကွ'ဟု နွားပိုင်ရှင်က အော်သည်။ ပေါင်လယ်လောက်ထိပင် မြုပ်ဝင်သော ဗွက်အိုင်ထဲတွင် နွားကျောင်းသားသည် ခက်ခက်ခဲခဲနှင့် ရှေ့ဆုံးမှ သွားသည်။ ခြေတစ်ဖက်ကို ဗွက်ထဲမှ ဆွဲထုတ်ပြီး ရှေ့လမ်းလျှင် နောက်တစ်ဖက်က နစ်ဝင်သွားရာ သူတို့မှာ နွားဆီရောက်အောင်ပင် ကြိုးစားသွားရသည်။ နွားကျောင်းသားက လျှောစောက်ဖြစ်နေသော ဗွက်အိုင်ကို တည့်တည့် မသွားတော့ဘဲ ချောင်းလယ်ထဲဆင်းကာ ရေကူးရင်းသွားသည်။

အနားသို့ ရောက်ချိန်တွင် ရေသည် ဗွက်ထဲမနစ်ဘဲ ပေါ်နေသော နွား၏ ကျောအနားကိုပင် ရောက်နေပြီ။ အချိန်မရတော့သည်ကိုပင် သိသဖြင့် နွားပိုင်ရှင်သည် ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိဘဲ ပျာယာခတ်နေသည်။ နွားကျောင်းသားက နွားဝမ်းဗိုက်အောက်ဘက်ရှိ ဗွက်များကို လက်ဖြင့် တူးထုတ်ရာ လျှောစောက်ဖြစ်နေသဖြင့် အမြင့်ဘက်မှ ဗွက်များ ကျလာပြန်ပြီး ထင်သလောက် အလုပ်မဖြစ်လှ။ သူတို့လက်များဖြင့် တူးနေလျှင် ရေများ ထိုနေရာသို့ ပိုဝင်လာပြီး နွားခေါင်း ပိုမြန်မြန် မြုပ်သွားမည်ကိုလည်း သတိထားမိကြသည်။

ရေက တဖြည်းဖြည်း တက်လာရာ သူတို့မှာ နွားကိုယ်တစ်လျှောက်လုံးကို လိုက်ကိုင်ရင်း နွားအမြန်ဆုံး ရုန်းထွက်နိုင်အောင် မည်သို့ဆွဲထုတ်ရမည်ကို မသိနိုင်အောင် ဖြစ်နေသည်။ နွားကျောင်းသားမှာ ဗွက်ထဲမြုပ်နေသော နွား၏ ဝမ်းဗိုက်ကို လက်လျှို၍ မ,တင်မည်ပြုရာ သူ့ကိုယ်ပင် ဗွက်ထဲသို့ ပိုနစ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ပြီး ခါးလယ်ထိ မြုပ်ဝင်သည်။ နွား၏ ကျောကို အားပြုရင်းပင် ဗွက်ထဲမှ ရုန်းပြန်ရာ နွား ပို၍ နစ်ဝင်သွားမည်ကို စိုး၍ နွားပိုင်ရှင်မှာ ဆဲဆိုသည်။ နွားပိုင်ရှင်မှာ သူ့နွားကို ကြည့်ရင်းပင် ဒေါသကြီးလာကာ ချောင်းရေကို လက်ဖြင့် ရိုက်ရင်း အော်ဟစ်သည်။

‘မင်း… သောက်သုံးမကျလို့ကွ… မင်း…ပိုက်ဆံယူပြီး… သောက်လုပ်မလုပ်လို့ ဖြစ်တာ။ မနက်ကတည်းက ကျသွားလို့… နွားက ဒီအနေအထားထိ မြုပ်နေတာကွ…’

နွားကျောင်းသားမှာ ခေါင်းငိုက်ကာ ငြိမ်လျက်။

‘ဝါးပိုးဖျားပိုင်း နှစ်ချောင်းလောက်ပါရင် ကောင်းမယ်၊ နွားဗိုက်အောက် ဟိုဘက်ဒီဘက် ထိုးပြီး ဆွဲမ,ရင် အဆင်ပြေမယ်ဗျ’

နောက်ဆုံးတွင် တစ်ယောက်က လက်နှိပ်မီးကိုင်ထားပြီး လူလေးယောက်က နွား၏ ခြေလက်များမှာ နေရာယူသည်။ လက်လျှို၍ နွားကို ပြိုင်တူမ,တင်ချိန်တွင် ဓာတ်မီးကိုင်ထားသူက လက်တစ်ဖက်ဖြင့် န(နွား)ဖားကြိုးကို အားဖြင့် ဆွဲသည်။ နွားသည် မော့လွန်း၍ ခေါင်းသည်သာ စောင်းပြီး ကိုယ်က မလှုပ်။ ထိုနည်းဖြင့် အကြိမ်ကြိမ် ကြိုးစားကြည့်သော်လည်း နွားက ဗွက်ထဲမှ တက်မလာ။

‘ရုန်းပါ… ဖေ့သားကြီးရာ’

နှစ်ပေါင်းများစွာပင် နွားကို အကြိမ်ကြိမ် ပြောခဲ့သော စကား။ နွားပိုင်ရှင်မှာ နွားခေါင်းကို ပွတ်ကာ မရုန်းသော နွားကို မချိတင်ကဲဖြစ်လျက်။

‘ကျွန်တော်တို့ချည်းမနိုင်လောက်တော့ဘူးဗျ၊ နွားကလည်း နွားအိုကြီးဗျာ။ ရုန်းပုံလည်း မပေါ်ဘူး။ ကျွန်တော်တို့ ဘယ်လောက်ဆွဲဆွဲ နွားက ရုန်းမှဖြစ်မှာဗျ’

‘နွားက အားနဲ့မရုန်းရင် မထူးဘူးဗျ၊ တစ်နေ့လုံး ရုန်းထားလို့လားမသိဘူး လှုပ်တောင် မလှုပ်နိုင်တော့ဘူး’

နွားကျောင်းသားက နွားအနားရှိ ဗွက်များကို ရနိုင်သလောက် လက်ဖြင့် တူးသည်။ နွားလက်တစ်ဖက်ကို ကိုင်ကြည့်ရာ ဗွက်ထဲတွင် လက်ခေါက်လျက်ရှိသည်ကို စမ်းမိသည်။

‘နွားက လက်ခေါက်နေတယ်ဗျ’

နွားပိုင်ရှင်မှာ နွားကို ပြန်ကြည့်ရင်း ငြိမ်သွားသည်။ ရေက တဖြည်းဖြည်း မြုပ်လာရာ နွားကျောင်းသားပင် လက်ဖြင့် ယက်ကန်ကန်ဖြစ်နေသည်။ နွားကျောတစ်ခုလုံး မြုပ်သွားပြီး ခေါင်းပင် အဆုံးထိ ထောင်နေသည်။ နွားမရုန်းလျှင် သူတို့ဆွဲထုတ်လည်း မထူးသည်ကို သိ၍ လက်လျှော့ချင်လာကြပြီ။ အားလုံး မောနေပြီး ငြိမ်နေချိန်တွင် တစ်ယောက်က နွားပိုင်ရှင်၏ ပခုံးကို လာကိုင်ပြီး လက်လျှော့လိုက်တော့ရန် ပြောသည်။

နွားပိုင်ရှင်သည် နွားကို အတန်ကြာအောင် ကြည့်နေသည်။ နွားခေါင်းကို ကိုင်ပြီး ကျိုးနေသော ချိုတစ်ဖက်ကို ပွတ်သပ်ပေးသည်။ နှာခေါင်းတွင် န(နွား)ဖားကြိုးတင်းတင်း ဆွဲခံခဲ့ရသဖြင့် သွေးစသွေးနများ။ မျက်လုံးကြီး နှစ်လုံးက မျက်ရည်များကို မြင်ပြီး နွားပိုင်ရှင်လည်း မျက်ရည်ကျသည်။

ရေက မြုပ်လာရာ သူတို့မှာ နွားကိုယ်ကိုပင် အားပြု၍ မြုပ်မသွားအောင် နေရသည်။

‘ဖေ့သားကြီးရာ…’

နွားချိုကို ကိုင်ကာ နောက်ဆုံးအကြိမ် ခေါ်သည်။ ထို့နောက် နွားခေါင်းကို လွှတ်ကာ လှည့်မကြည့်တော့။ နွားပိုင်ရှင်သည် ကမ်းဆီသို့ တိတ်တိတ်ဆိတ်ဆိတ်ပင် သွားသည်။ နွားကျောင်းသားနှင့် ပါလာသူများ အားလုံး နွားခေါင်းကို တစ်ချက်ပွတ်သပ်ရင်း စွန့်ခွာသည်။

ကမ်းပေါ်ရောက်တော့ နွားကျောင်းသားက ရပ်ငေးနေသည်။ နွားပိုင်ရှင်မှာ နောက်သို့ လှည့်မကြည့်တော့ဘဲ သူ့မျက်လုံးကို လက်ဖမိုးဖြင့် သုတ်သည်။

လအလင်းရောင် ကျလာရာ ချောင်းရေပြင်တွင် ခေါင်းကို အဆုံးထိ မော့ထားသော နွားသည် နောက်ဆုံး အကြိမ် တစ်ချက် အော်လိုက်ပါသည်။ ■

**နေ၊ပင်လယ်ပြာ၊**

*__နွား ၂၆၀__ ပေးပို့လာသည့် ဆရာနေ(ပင်လယ်ပြာ)အား ၂၆၀ အဓိပ္ပာယ်ကို မေးကြည့်ခဲ့ရာ ဆရာက ဤဝတ္ထုတွင် နွားဆိုသည့် စကားလုံးပေါင်း ၂၆၀ ပါဝင်အောင် ရေးဖွဲ့ထားခြင်းကြောင့် __နွား ၂၆၀__ ဟု ခေါင်းစဉ်တပ်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။*

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

ကိုလှဆောင်က
သားကြောဖြတ်ဖို့
သဘောတူတယ်တဲ့
သူကတော့ မလာ
တော့ဘူးတဲ့
ထောက်ခံစာပဲ
လူကြုံပါးလိုက်သတဲ့
မသန်းကြည်ပေးတဲ့
ထောက်ခံစာကို
ဝမ်းသာအားရ
ကြည့်မိကာမှ
စိတ်ညစ်ရပြန်တယ်
'မဟုတ်သေးဘူးလေ
မသန်းကြည်ရယ်
ဒါက အကျင့်စာရိတ္တ
ကောင်းမွန်ကြောင်း
ထောက်ခံတဲ့စာကြီးပဲ

# မသန်းကြည်

**ဇေဦးယျာ**

'မသန်းကြည်၊
ကျွန်တော်
တောင်းခိုင်းထားတာတွေ
ရပြီလား။ ဆေးရုံက
မဆင်းခင်လေး
သေချာတင်သွားနော်'
ဘယ်နှကြိမ်မြောက်
မှန်းမသိတဲ့ စကားကို
ကျွန်တော်
ထပ်ပြောနေမိတယ်။
မသန်းကြည့်မျက်နှာ
အကဲခတ်ကြည့်တော့
စိတ်အိုက်နေပုံပဲ။
'ကျွန်မလည်း
ယူတော့ ယူခိုင်း
ထားတာပဲ။ ဒါပေမဲ့
ကိုလှဆောင်က
ယူမလာပေးဘူး
ဆရာရဲ့'
'ကိုလှဆောင်က
ဘာလို့
ယူမလာပေးတာလဲ၊
အရေးကြီးပါတယ်
ဆိုကာမှ'
ကျွန်တော့်လေသံက
စိတ်မရှည်သံ
ပေါ်သွားသလား
မသိဘူး။ မသန်းကြည်က
ခေါင်းလေးငုံ့သွားတယ်။
ဘေးခုတင်က လူနာတွေကို
တောင်ကြည့်မြောက်ကြည့်
ကြည့်ပြီးတော့မှ
တိုးတိုးလေး ပြန်ဖြေတယ်။
'သူက ရှက်လို့တဲ့
ဆရာ'
'ဘယ်လို'

❑

၁။

မသန်းကြည်
ဒီဆေးရုံကိုတက်တာ
ဒါပထမဆုံးပဲ။
မသန်းကြည် အသက်က
၄၃ နှစ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သက်ကြီးကိုယ်ဝန်ထဲမှာ ပါနေတယ်။ ၃ လခံ တားဆေးတွေကို ပုံမှန်ထိုးနေရာကနေ ရာသီက လုံးဝ မလာသလိုဖြစ်တော့ သွေးဆုံးပြီဆိုပြီး ဆေးဆက်မထိုးဘဲ ရပ်ပစ်လိုက်တယ်။ ကံကပေါ်ချင်တော့ နောက်တစ်ဗိုက်က ကောက်ရသလို ရလိုက်ရော ဆိုပါတော့။

မိန်းမတစ်ယောက် ၄၃ နှစ်အရွယ်မှာ ကိုယ်ဝန်ရှိတာ ဘာဆန်းသလဲ မေးလာရင်တော့ သိပ်တော့ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ချေဘူး။ ဒါပေမဲ့ မသန်းကြည်အတွက်တော့ နည်းနည်းထူးဆန်းနေတယ်။ ထူးဆန်းဆို သူ့အတွက်က ဒါပါနဲ့ဆို ၁၃ ကြိမ်မြောက် ကိုယ်ဝန်ကိုး။ ကလေးတစ်ယောက်ကနေ နှစ်ယောက် ယူဖို့တောင် အတော်လေး စဉ်းစားနေရတဲ့ ခေတ်ကာလမျိုးမှာ မသန်းကြည့်ကိုယ်ဝန်က ၁၃ ယောက်မြောက်ဆိုတော့ သာမန်ထက် ထူးဆန်းတဲ့ကိစ္စ ဖြစ်နေတာတော့ အမှန်ပေါ့လေ။

ထားပါတော့။ မသန်းကြည် ဆေးရုံရောက်လာတဲ့အကြောင်းက သွေးတိုးလို့။ ကိုယ်ဝန်ဆောင်ကာလမှာ သွေးတွေက နင်းကန်တိုးနေတော့ ရွာပိုင် သားဖွားဆရာမက ဆေးရုံကို ညွှန်းပို့ပေးတယ်။ မသန်းကြည်က မသွားချင်ဘူးလို့ အတန်တန်ငြင်းတယ်။ အိမ်မှာ လူခွဲမရှိလို့ပါက အစ၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဘဝသမားတွေမို့ပါအဆုံး အကြောင်းပြချက်မျိုးစုံနဲ့ ဆေးရုံတက်ဖို့

t azu
ajymw , f
om;orawG
touf
b , avmuf
awGh
ar; vm&if
ol
rajzwwfbJwbd
b , folu
b , ft o uf&Sf
olv nf
aocmrodbJwbd
t rm;uDuk
ajz&rSv nf
&Sip&mi uDwbd
awmh

ငြင်းတယ်။ သားဖွားဆရာမလေးခမျာမှာလည်း တာဝန်တော့ ကျေရှာပါရဲ့။ ကျေးရွာ ဥက္ကဋ္ဌဆီ အကူအညီတောင်းပြီး အရပ်ကူပါ လူဝိုင်းပါ အစီအစဉ်နဲ့ မသန်းကြည်ကို ဆေးရုံ မရောက်ရောက်အောင် ပို့ရှာတယ်။ မသန်းကြည်ကလည်း မလွဲသာလို့ တက်ရတဲ့ မျက်နှာနဲ့။ ဆေးရုံပေါ် ရောက်လာတဲ့အထိ အိမ်ပြန်ချင်စိတ်ကကြီးနေတုန်း။ ဆေးရုံတက်ဖို့ စာရင်းတောင် မသွင်းရသေးဘူး။ ကျွန်တော့်ကို တိုးတိုးလေး ကပ်မေးတယ်။

'ဆရာလေး ကျွန်မ မသိလို့ မေးတာပါနော်။ မတက်လို့ မရဘူးလား'

ကျွန်တော်က မရဘူးလို့ ပြန်ပြောတော့ မျက်နှာက တော်တော် အိုသွားတယ်။ နောက်ထပ် ထပ်မေးတယ်။ ဘယ်နှရက်လောက် တက်ရမှာလဲတဲ့။

'ရက်ကတော့ ပြောလို့ မရသေးဘူးလေ။ သွေးတိုးက စောင့်ကြည့်ရဦးမယ်။ ထိန်းလို့မရရင် အရေးပေါ်မွေးဖို့ လိုချင်လိုလိမ့်မယ်။ ဘယ့်နှယ် အခုမှ ဆေးရုံရောက်ကာ ရှိသေးတယ်။ ပြန်ချင်နေပြီလား'

ကျွန်တော်က ခပ်ဆတ်ဆတ်လေး ပြန်မေးတော့ မသန်းကြည်မျက်နှာက ညှိုးသွားတယ်။

'အိမ်က ကလေးတွေ စိတ်မချလို့ပါ ဆရာလေးရယ်။ ပြီးတော့ ကျွန်မတို့က ချောင်လည်တာလည်းမဟုတ်ဘူး။ ကျွန်မက ကိုယ်ဝန်ဆောင်ကြီးနဲ့ဆိုတော့ ယောက်ျားလုပ်စာလေးပဲ ထိုင်စားနေရတာ။ ဖြစ်နိုင်ရင်တော့ အကြာကြီး မတက်ပါရစေနဲ့'

ညှိုးညှိုးငယ်ငယ် လေသံနဲ့ ပြောလာတော့ ကျွန်တော် သက်ပြင်းမောချရတယ်။ ကိုယ်ဝန်ဆောင် သွေးတိုးရောဂါအကြောင်း အကျယ်တဝင့်ရှင်းပြတယ်။ မသန်းကြည် မျက်နှာက အီလည်လည်။ အခန့်မသင့်ရင် မိခင်သေနိုင်ကြောင်း ရှင်းပြတယ်။ မသန်းကြည်မျက်နှာက မပြောင်းလဲဘူး။ အီလည်လည်ပဲ။ ပြောရရင် အဲဒီ မသန်းကြည်ဆိုတာ စ,တွေ့တွေ့ချင်းမှာကတည်းကို က ကျွန်တော့်ကို ခေါင်းကိုက်စေတဲ့ လူနာဆို မမှားဘူး။ ❑

၂။

နောက်နေ့ မနက်ခင်း ဆရာဝန်ကြီး လူနာလှည့်တဲ့အခါ မသန်းကြည်ကို တွေ့တယ်။ ၁၃ ယောက်မြောက် ကိုယ်ဝန်ဆိုတာ သိသိချင်းပဲ 'သူ့ကို သားကြောဖြတ် လျှောက်လွှာတင်ဖို့ သေချာဆွေးနွေးကြပေ့'လို့ မှာသွားတယ်။ ဒီလူနာအခန်းက ကျွန်တော် တာဝန်ယူရတဲ့ အခန်းဆိုရကား ဒီတာဝန်က ကျွန်တော့်ခေါင်းပေါ်ကို အော်တိုကျလာတယ်။ သားကြောဖြတ်လျှောက်လွှာ ထုတ်တာ၊ တင်တာအစ နောက်ဆုံးကျလာတဲ့လျှောက်လွှာ လက်ထဲရောက်တဲ့အထိ ကျွန်တော့်တာဝန်ဆိုတော့ မသန်းကြည်နဲ့ ကျွန်တော် ဓာတ်လမ်းတွေဆင်ကြရပြီပေါ့။ အဲ မသန်းကြည်ကို နားချဖို့ဆိုတာ လွယ်တဲ့အလုပ်တော့မဟုတ်။ အတော်ကို ကြိုးစားပမ်းစား ရုန်းကန်ရမယ့်အနေအထား။ မသန်းကြည်ဆိုတာက မအူမလည်တာမှ တော်တော့်ကို မအူမလည်။ တစ်ရက်တစ်ရက် 'ဘယ်နေ့ဆင်းရမလဲ ဆရာ' ဆိုတာက လွဲပြီး တခြားဘာကိုမှ မမေးတတ်ဘူး။ မေးဖို့လည်း စိတ်မဝင်စားတတ်ဘူး။

'ခင်ဗျားဗျာ မေးခွန်းလေး ဘာလေး ပြောင်းမေးဖို့ အစီအစဉ်များ မရှိတော့ဘူးလား မသန်းကြည်'

ကျွန်တော်က ရွဲ့မေးတော့ မသန်းကြည်က ရယ်တယ်။ အိမ်ပြန်ချင်လှပြီ ဆရာရဲ့တဲ့။ ဟုတ်မှာပေါ့။ သူ့ခမျာလည်း ဆေးရုံတစ်



www.burmeseclassic.com

www.burmeseclassic.com

ရက်နေရတာကို တစ်နှစ်လို့ ထင်နေရှာသူကိုး။ အပြစ်တော့လည်း မတင်ရက်စရာ။

'ကိုလှဆောင်ကို လွမ်းလှပြီလား မသန်းကြည်'

'ကိုလှဆောင်ကို လွမ်းလို့တော့ မဟုတ်ပါဘူး ဆရာလေးရယ်၊ ကလေးတွေ စိတ်မချလို့ပါ'

'ကဲ မသန်းကြည်၊ သားသမီးထပ်ယူဖို့များ စဉ်းစားသေးလား'

'တော်ပါပြီ ဆရာရယ်၊ ဒုက္ခရောက်လွန်းလို့။ အရင်ကလေးတွေတုန်းကများ ရှောရှောရှောရှူ ရှူ မွေးလွယ်သလောက် ဒီကိုယ်ဝန်နဲ့ကျမှ ခက်တော့တာရယ်။ နောက်ထပ်တော့ မယူသေးပါ'

မယူဘူး ပြောလို့ ဝမ်းသာရတာတော့ အမှန်ပဲ။ ဒီလောက်ဆို ကိုယ့်ဘက်ပါနိုင်တဲ့ အနေအထားမဟုတ်လား။ ဒါပေမဲ့ မယူဖို့ဆိုတာထက် မယူချင်ရင် ကိုယ်ဝန်တားဖို့က ပိုအရေးကြီးကြောင်း တစ်ဆင့်တက်ဖို့ လမ်းကြောင်းရတယ်။

'ဒီလောက်အများကြီးကို ခင်ဗျား ဘယ်လိုမွေးသလဲ မသန်းကြည်ရယ်'

'ရှေ့က ကိုယ်ဝန်တွေ တစ်လျှောက်လုံးကတော့ ရွာက လက်သည်နဲ့ပဲ မွေးခဲ့တာချည်းပဲ။ အဖတ်တင်တာက ၉ ယောက်၊ မွေးပြီးမီးတွင်းကျမှ ပျက်စီးတာက နှစ်ယောက်။ သူတို့နောက်မှာ ဆုံးသွားတာက တစ်ယောက်။

'နောက်ဆုံး ဆုံးသွားတဲ့ တစ်ယောက်ဆို ချစ်စရာကြီး ဆရာရဲ့။ ယောက်ျားလေးကလည်းဖြစ်၊ တစ်လုံး

]'D , muf;ES f
awmf
&S f&S fwwf
&efum
ol
ar&wd wkdf
tjrifu wfu wfY
aemufxyf
wpfZif; vmuf
xyf;rJy vkdu &
raumif
&d&mh , f

တစ်ခဲကြီးဆိုတော့ ကိုလှဆောင်က လက်ကတောင်သိပ်ချတာမဟုတ်ဘူး။ ဒါပေမဲ့ ဘာက ဘယ်လိုဖြစ်တယ် မသိပါဘူး ဆရာရယ်။ အခါလည်လောက်မှ အသံတွေဝင်၊ အသားတွေ ပြာနှမ်းပြီး ဆုံးသွားတာ။ ဆေးရုံတောင် မရောက်လိုက်ဘူး။ ကျွန်မဖြင့် နှမြောချက်။ တစ်လလောက်တောင် ထမင်းစားမဝင်ဘူး'

အာဂမိခင် ဆိုတာ မသန်းကြည်လို မိခင်မျိုးပြောတာဖြစ်မယ်။ သားသမီး ကိုးယောက်ရှိတာတောင် အားမရသေးဘူး။ ဆုံးသွားတဲ့ တစ်ယောက်ကြောင့် ကြေကွဲရသတဲ့။ ဖြစ်ရလေ မသန်းကြည်ရယ်လို့တောင် ညည်းချင်မိတော့။ အင်းလေ မိခင်တစ်ယောက်ဆိုတော့ သူလည်း ခံစားရမှာပေါ့။ ကိုးလလွယ် ဆယ်လဖွားကြရတာမျိုးကိုး။

'ခင်ဗျားအသက်ရယ်၊ ရောဂါအနေအထားရယ်ကတော့ နောက်ထပ် ကလေးယူဖို့ မသင့်တော့ဘူး မသန်းကြည်ရ။ ကလေးမရအောင် ဘယ်လိုတားမယ် စိတ်ကူးထားတုံး'

'အခုများတော့ မသိသေးပါဘူး ဆရာရယ်။ နောက်မှ ကြည့်ပြီးလုပ်တာပေါ့။ အရင်တုန်းကလို ထိုးဆေး ပြန်သုံးရင် ကောင်းမလားပဲ။ အသက်လည်း ကြီးပါပြီ။ သွေးဆုံးတော့မယ်လည်း ထင်တယ်'

'သွေးဆုံးမယ်၊ မဆုံးမယ်ဆိုတာက အတိအကျ ပြောလို့ မရသေးဘူး။ ဆုံးမယ်သေချာရင်တော့ မခက်ခဲဘူး။ ဒါပေမဲ့ သွေးမဆုံးခင် အထိကတော့ သေချာတားဖို့ လိုနေပြီ။ အကောင်းဆုံးကတော့ သားကြောဖြတ်လိုက်တာ စိတ်အချရဆုံးပဲ။ အဲဒါက ခင်ဗျားလည်း ကရိကထ မများတော့ဘူး။ နောက်ထပ်လည်း မရနိုင်ဖို့က သေချာသလောက်ပဲ။ ဘယ်လိုလဲ ဖြတ်မလား'

ကျွန်တော့် စကားအဆုံးမှာ မသန်းကြည့်မျက်နှာက တွေသွားတယ်။

'မဖြတ်ချင်ပါဘူး ဆရာလေးရယ်၊ ခွဲရစိတ်ရမှာကြောက်လွန်းလို့။ ဆေးရုံဆေးခန်းဆို ခြေဦးတောင် လှည့်ဖူးတာမဟုတ်ဘူး။ အခုတောင် ဆရာမက အတင်းပို့လို့ ဆေးရုံကို ရောက်လာရတာ။ ရွာက ဒေါ်စိန်ကြီး သေသွားလို့ ဆရာလေးရဲ့။ ရှေ့ကလေးတွေတုန်းကဆို သူနဲ့တင် ပြီးတယ်'

'ဒေါ်စိန်ကြီးဆိုတာ ဘယ်သူတုံး'

'ဒေါ်စိန်ကြီးဆိုတာ ရွာက လက်သည်လေ ဆရာရဲ့'

သြော် ကိုယ့်လိုဆရာဝန်နဲ့ ပြောနေရင်းတောင် အရပ်လက်သည်ကို သတိတရ ရှိနေလိုက်တဲ့ မသန်းကြည်။ ရိုးချက်တော့။ ကျွန်တော်တောင် ထိုင်ငိုချင်မိသွားတယ်။

'ကဲပါဗျာ၊ အရင်ကိုယ်ဝန်တွေကို ခဏမေ့ထားလိုက်ပါဦး။ အခုကိုယ်ဝန်က အရေးကြီးနေတယ်လေ။ သွေးတိုးတာများပြီး ကိုယ်ဝန်ဆောင် သွေးဆိပ်တက်လာရင် အချိန်မရွေး ခွဲမွေးရနိုင်တယ်။ သွေးဆိပ်တက်ရင် အသက်အန္တရာယ်ရှိတယ် မသန်းကြည်ရဲ့။ အမေရော ကလေးရော သေနိုင်တယ်။ ဖြတ်တယ်၊ မဖြတ်ဘူးဆိုတာက နောက်ထား။ လောလောဆယ် လျှောက်လွှာလေး အရင်တင်ထားပေါ့။ တကယ်လို့များ ခွဲမွေးဖို့ လိုလာတယ်ဆိုရင် အဲဒီအချိန်ကျ အဆင်သင့် ဖြစ်တာပေါ့။ လျှောက်လွှာကျလာလို့ ကိုယ်က မဖြတ်ချင်သေးဘူးဆိုရင်လည်း မဖြတ်ဘဲနေလို့ရပါတယ်။ အရေးကြီးတာက လျှောက်လွှာ လက်ထဲရောက်နေဖို့ပဲ'

'ကိုလှဆောင်နဲ့ တိုင်ပင်ကြည့်ပါဦးမယ် ဆရာလေးရယ်။ တော်ကြာ သူ့မတိုင်



www.burmeseclassic.com

www.burmeseclassic.com

ပင်ဘဲလုပ်တယ် ဖြစ်နေပါဦး မယ်'

'အဲဒါတော့ ဟုတ်တယ်။ ခင်ဗျားယောက်ျား သဘောတူဖို့ကလည်း လိုသေးတယ်။ တစ်ရက်လောက် လာခဲ့ဖို့ ပြောလိုက်ဦး'

'လျှောက်လွှာတင်ရင် ဘာတွေလိုမှာလဲ ဆရာလေး၊ ပိုက်ဆံကုန်မှာဆိုရင်တော့ မဖြတ်ချင်ဘူး'

'ပိုက်ဆံက မကုန်ပါဘူးဗျာ။ အိမ်ထောင်စုဇယားမိတ္တူရယ်၊ မှတ်ပုံတင်မိတ္တူရယ်၊ ရပ်ကွက်ထောက်ခံစာရယ်၊ ပါတ်စ်ပို့ပုံရယ် လိုမယ်'

'ကျွန်မတို့မှာ အိမ်ထောင်စုဇယားရယ်လို့ မရှိဘူး ဆရာလေးရဲ့။ အမေ့အိမ်မှာပဲ ကပ်နေကြတာ။ အိမ်ပိုင်ယာပိုင်ရယ်လို့လည်း ရှိတာမဟုတ်ဘူး။ ပြီးတော့ ကျွန်မမှာ မှတ်ပုံတင်ကလည်း မရှိဘူး'

'ဗျာ၊ မှတ်ပုံတင်က မရှိတာလား၊ ပျောက်သွားတာလား'

'တစ်ခါမှကို မလုပ်ဖူးတာ ဆရာလေးရဲ့။ ကျွန်မက ရွာကနေ ဘယ်မှ ထွက်တာမှမဟုတ်တာ။ မန္တလေးတောင် တစ်နှစ်တစ်ခေါက်ရောက်တာ မဟုတ်ဘူးရယ်'

'အဲဒါမှ ဒုက္ခပဲ။ အဲဒါဆိုရင် ဒီလိုလုပ်ဗျာ၊ ရွာကျေးရွာအုပ်ချုပ်ရေးမှူးဆီမှာ ထောက်ခံစာယူပေးဖို့ လှမ်းမှာလိုက်။ သားသမီး ဘယ်နှယောက်ရှိကြောင်းနဲ့ အဲဒီကျေးရွာမှာ အမှန်တကယ် နေထိုင်ကြောင်း

ukW &Sqmif&Swmh
cufwmy;yJ
q&mav;&,f
vlu v nf
½kb avmuf
t&Sift alumuf
u v nf
uDwwfvkdufwm
om;aul;rl
r,m;aul;rawmh
wm0efau y&J
b,fav muf&rG Gkd
rSbmr&Say m&Sbj
arGx m;or
uav;awGkd nf
cpfv kdufwmrS
wkfv Wv rpRif
x rifawmif
aumifaumifrdu
wwfwmr [ kvfbj

လေးပါရင် တင်လို့ရလောက်တယ်။ ဓာတ်ပုံကတော့ ဆေးရုံထိပ်က ဆိုင်မှာပဲ ရိုက်လိုက်ပေါ့။ ထောက်ခံစာ ယူပေးဖို့ ခင်ဗျား ယောက်ျား ကိုလှဆောင်ကို လှမ်းမှာလိုက်'

'သူက နေ့စားလိုက်နေရတာ ဆရာရဲ့။ လာနိုင်မယ် မထင်ဘူး၊ မွေးခါနီးမှ လှမ်းခေါ်လိုက်လို့ မှာလိုက်တာရယ်'

'အဲဒါဆိုလည်း တစ်ယောက်ယောက်ကို မှာကြည့်နိုင်းပါဦးဗျာ၊ အဲဒါက အရေးကြီးတယ်။ မမွေးခင် ကိုယ်က ဦးအောင်တင်ထားမှ ဖြစ်မှာ'

မသန်းကြည်ဆီက မှာလိုက်ပါ့မယ်ဆိုတဲ့ စကားကို ကြားလိုက်ရတဲ့ နောက်ပိုင်းမှာ ကျွန်တော့်အတွက် အလုံးကြီးတစ်လုံး ကျသွားသလိုပဲ။ အသက်အရွယ်အရရော၊ သွေးတိုးအတွက်ရောဆို နောက်ထပ်ကိုယ်ဝန် လုံးဝမဆောင်သင့်တော့တဲ့အရွယ်။ ဒါပေမဲ့ အသိက နည်းတော့ သန္ဓေတားဆေးတွေကို သုံးလိုက်၊ မသုံးလိုက် လုပ်နေမှာလည်း စိုးမိတယ်။ အဆင်ပြေကောင်းပါရဲ့လို့ တွေးမိတယ်။ ❑

၃။

နောက်နေ့ထိ ကိုလှဆောင် မလာလို့ မသန်းကြည်ကို မေးကြည့်တော့ မသန်းကြည်က စာလေးတစ်စောင် ထုတ်ပြတယ်။ ထောက်ခံစာတဲ့။ ကိုလှဆောင်က သားကြောဖြတ်ဖို့ သဘောတူတယ်တဲ့။ သူကတော့ မလာတော့ဘူးတဲ့။ ထောက်ခံစာပဲ လူကြုံပါးလိုက်သတဲ့။ မသန်းကြည်ပေးတဲ့ ထောက်ခံစာကို ဝမ်းသာအားရ ကြည့်မိကာမှ စိတ်ညစ်ရပြန်တယ်။

'မဟုတ်သေးဘူးလေ မသန်းကြည်ရယ်။ ဒါက အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံတဲ့ စာကြီးပဲ။ ကျွန်တော်တောင်းခိုင်းတာက သားသမီးဦးရေ ဘယ်နှယောက်ရှိကြောင်း ထောက်ခံစာ။ လွဲနေတယ်ဗျ'

မသန်းကြည် ခေါင်းကိုကုတ်တယ်။ စိတ်ပျက်လက်ပျက်ဟန်နဲ့။ သူ့ဘေးက ကလေးမလေးကို ကြည့်တယ်။ ကျွန်တော့်ကို ကြည့်တယ်။

'ဟုတ်ရဲ့လား ဆရာလေးရယ်၊ ကျွန်မလည်း မသိဘူး။ ဟောဒီ သမီးလေးကို သူ့အဖေကို သေချာပြောပြဖို့ခိုင်းလိုက်တာပဲ။ နင်က သေချာပြောမပြဘူးလား မိစန်းရယ်'

ကျွန်တော့်ကို ပြောနေရင်းကနေ ဘေးက ကလေးမလေးကို လှမ်းငေါက်တော့ ကလေးမလေးက ပျာပျာသလဲ ငြင်းတယ်။

'ကျုပ်က ပြောတယ်တော့။ ကျုပ်ကပြောတော့ အဖေက ကျုပ်ကို အသာနေဆိုပြီး မျက်စောင်းကြီးထိုးပြတယ်'

'ဟဲ့ အသာနေလို့ ရမလားဟဲ့ မိစန်းရဲ့။ အခုတော့ တလွဲတွေဖြစ်ကုန်ပြီ'

'မနေလို့ မရဘူး အမေရဲ့။ အဖေက ပြောတယ်။ သားသမီးတွေက အသက်ဘယ်လောက်တွေတုံး မေးလာရင် သူမဖြေတတ်ဘူးတဲ့။ ဘယ်သူက ဘယ်အသက်မှန်း သူလည်း သေချာမသိဘူးတဲ့။ အများကြီးကို ဖြေရမှာလည်း ရှက်စရာကြီးတဲ့တော့'

'ဒီယောက်ျားနှယ်တော် ရှက် ရှက်တတ်ရန်ကော၊ သူမွေးရတဲ့အတိုင်း။ အမြင်ကတ်ကတ်နဲ့ နောက်ထပ် တစ်ဒါဇင်လောက် ထပ်မွေးပြလိုက်ရ မကောင်းရှိရော့မယ်'

စိတ်တိုတိုနဲ့ ပြောလာတဲ့ မသန်းကြည့်စကားကို ကြားတော့ ကျွန်တော့်မှာ ငိုအားထက် ရယ်အားသန်ရတယ်။

'အဲ နောက်ထပ်တော့ မဒါဇင်ပါနဲ့တော့ မသန်းကြည်ရယ်။ အခုတောင် ဒါဇင်ကျော်နေကာမှပဲကို။ ကိုလှဆောင်ကိုလည်း အမြင်ကတ်



www.burmeseclassic.com

www.burmeseclassic.com

မနေနဲ့။ ဒီတစ်ခါ ကျွန်တော် စာနဲ့ ရေးပေးလိုက်မယ်။ ကျေးရွာလူကြီးကို ပေးလိုက်။ သူလုပ်ပေးလိုက်လိမ့်မယ်’

‘အဖေက မှာလိုက်သေးတယ် အမေရဲ့။ အမေသာ နေကောင်းအောင်နေတဲ့၊ အိမ်အတွက် ဘာမှမပူနဲ့တဲ့။ ကလေးတွေကိုလည်း သူကောင်းကောင်း ထိန်းထားလိုက်မယ်တဲ့။ နေကောင်းမှ ပြန်ခဲ့တဲ့’

ကလေးမလေး ပြောတဲ့ စကားဆုံးတော့ မသန်းကြည် မျက်နှာက မှိုင်သွားပြန်တယ်။

‘အင်း ကိုလှဆောင်နဲ့တော့ ခက်တာပါပဲ ဆရာလေးရယ်။ လူကလည်း ရိုးသလောက် အရက်အကြောက်ကလည်း ကြီးတတ်လိုက်တာ။ သားကျွေးမှု၊ မယားကျွေးမှုတော့ တာဝန်ကျေပါရဲ့။ ဘယ်လောက်မွေးလို့မှ ဘာမှမပြောရှာဘူး။ မွေးထားသမျှ ကလေးတွေကိုလည်း ချစ်လိုက်တာမှ တုန်လို့။ လူမစုံရင် ထမင်းတောင်ကောင်း ကောင်းမျိုကျတတ်တာ မဟုတ်ဘူး။ အခုလည်း သူ တကယ်ရှက်ရှာလို့ နေမှာပါ ဆရာလေးရယ်။ ကျွန်မ ဘာသာ ကြိုးစားပြီး မှာလိုက်ပါ့မယ်’

ဒီလို ဆို တော့ လည်း မသန်းကြည်က သူ့ယောကျ်ားအပေါ်တော့ ချစ်ရှာသား။ စောစောက အပြစ်တင်နေတာ သူ့မှ ဟုတ်ရဲ့လားတောင် ပြန်တွေးချင်မိသွားတယ်။ ဘဝအမောတွေကြားက သံယောဇဉ်နှောင်ဖွဲ့မှုတွေက စိတ်ကြည်နူးစရာ။ ဆွေးဆွေးမြည့်မြည့်ပြောနေတဲ့ မသန်းကြည့်မျက်နှာကို ကြည့်ပြီး ကျွန်တော်ပါ သနားသွားမိရဲ့။ မသန်းကြည်ရဲ့ ဒရာမာဇာတ်ကွက်မှာ ခဏတော့ မျောသွားတယ်။

❑

၄။

ဒီနေ့တော့ မသန်းကြည် ရွာပြန်မယ့်နေ့ပေါ့။ သွေးတိုးကလည်း ထိန်းနိုင်နေတဲ့အပြင် မွေးရက်ကလည်း လိုနေသေးတော့ အိမ်ကို ပြန်နားခိုင်းတယ်။ မသန်းကြည် မျက်နှာက မှိုရတဲ့အတိုင်း။ ဆရာဝန်ကြီးက ပြန်ခွင့်ပြုလိုက်ကတည်းက အထုပ်အပိုးတွေ ထ,သိမ်းတော့တာပဲ။ ခြေထောက်က မြေကြီးထိဟန် မတူတော့ဘူး။ သူ့ခမျာ ပြန်ရက်ကို မျှော်နေရတာကိုး။

ဆေးရုံဆင်းစာအုပ် လာယူတော့ ကိုယ်ဝန်ဆောင်သွေးတိုးနဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေကို သေသေချာချာ မှာရတယ်။ အရပ်လက်သည်နဲ့ မမွေးဖို့ရယ်၊ ရက်ချိန်းပြန်ပြဖို့ ကတိတွေရယ်ကို ကျွန်တော်က အကြိမ်ကြိမ်တောင်းရင်း မသန်းကြည်ကလည်း ခေါင်းကိုတွင်တွင်ညိတ်ရင်းနဲ့ပေါ့။

‘သား ကြော ဖြတ် လျှောက်လွှာရွေးရမယ့်ရက်ကို မမေ့နဲ့ဦးနော်။ သေချာလာရွေးဦး။ နောက်တစ်ခါဆို ကိုလှဆောင်က ထောက်ခံစာယူပေးမှာ မဟုတ်တော့ဘူး။ ရှက်တာနဲ့ ခင်ဗျားကို ပစ်သွားလိမ့်မယ်’

ကျွန် တော့် စကားကို ကြားတော့ မသန်းကြည်က ရှက်ရယ် ရယ်တယ်။

‘အောင်မလေး အဲဒါတော့ စိတ်ချ ဆရာရေ့။ နောက်တစ်ခါ ဗိုက်မကြီးတော့ဘူး။ သူ မရှက်ခင်ကိုယ်အရင် ရှက်ပစ်လိုက်တော့မယ်’

‘အမယ် ဒီလိုဆိုတော့လည်း မသန်းကြည်က အလာသားပါလား။ ဘယ်ဆိုးလို့တုံး။ အခုရော ကိုလှဆောင်က လာမကြိုဘူးလား’

‘အကြိုလာတယ် ဆရာလေးရဲ့။ ဆေးရုံထဲကို ဝင်မလာဘူး။ ဆေးရုံအပေါက်ဝက စောင့်နေတာ’

‘ဟာ ဘာဖြစ်လို့ အထဲထိ လာမကြိုတာလဲ’

‘ပြော မပြောချင်ပါဘူး ဆရာလေးရယ်။ ကလေး ၁၃ ယောက်အဖေဆိုပြီး သူ့ကို ဝိုင်းကြည့်ကြမှာ ရှက်လို့တဲ့။ ယောကျ်ားတွေများ အဲဒါသာကြည့်တော့ ဆရာရေ့။ တကတဲမှပဲ၊ မွေးပေးတဲ့မိန်းမက ရှက်ရတယ် မရှိဘူး။ သူကပဲ တစ်ချိန်လုံး ရှက်နေတယ်’

ပါးစပ်က ပွစိပွစိ ပြောပြီး လှည့်ထွက်သွားတဲ့ မသန်းကြည်ကိုကြည့်ပြီး သဘောတကျ ပြုံးမိတယ်။ ကိုလှဆောင်ကို အရွဲ့တိုက်ပြီး နောက်တစ်ယောက်တော့ ထပ်မမွေးနဲ့နော်လို့ လှမ်းစ,မယ်လုပ်တော့ မသန်းကြည်က အခန်းအပြင်ဘက်ကို ရောက်သွားပြီ။ သွက်လည်းသွက်ပါရဲ့ မသန်းကြည်။ ကိုလှဆောင် စောင့်နေမှာကိုများ အားနာနေသလားပဲ။ အင်း…ပြောလို့သာပြောရ သူ့ခမျာလည်း ကိုလှဆောင်ကို လွမ်းလှရှော့မယ်။ ■

**ဇော်ဦးယျာ**

နုပ်စုံမဂ္ဂဇင်း


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၂၉ နှစ်ပြည့်
ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# ပင်လယ်
# စဉ်ဒိအား

myint maung kyaw 2018

၁။

အိပ်စက်ခြင်းမှ ငါ နိုးထ,ခဲ့သည်။ မျက်စိရှေးရှုရာတွင် လဲ့မှိုဖြူဖြူများ ဖြန့်ချထားသလို ဖွာရရှာကျဲနေသည့် တိမ်တို့ကို မြင်ရ၏။ တိမ်များသည် ပြာကြည်ကြည် ကောင်းကင်ကို နောက်ခံပြု၍ နေဝင်ချိန် အိမ်ပြန် ခရီးနှင်ကြသူ သိုးအုပ်ကဲ့သို့ တရိပ်ရိပ် ရွေ့လျားနေသည်။ မဟုတ်၊ သိုးအုပ်နှင့် တူသည်ဟု ငါ မထင်။ မြားဦးချွန်သဏ္ဍာန် တစ်ရှိန်ထိုးပျံသန်းနေသော ဗျိုင်းများနှင့် ပို၍ တူ၏။ ငေးမောကြည့်ဆဲပင် တိမ်တို့သည် ဗျိုင်းများနှင့် မတူ၊ နဂါးမှ အငွေ့တထောင်းထောင်းမှုတ်ထုတ်တတ်သော ဒေါမာန်ပြင်းပြင်း နဂါးတစ်ကောင်အသွင် ပြောင်းပြန့်သည်။ အဘယ်မျှ အပြောင်းအလဲမြန်သည့် တိမ်တွေပါနည်း။ တိမ်များကို အသိမှတ်မဲ့ ငေးမောစိုက်ကြည့်နေဆဲ တဖျပ်ဖျပ် အသံအား ငါ ကြား၏။ အဘယ်အသံနည်း။ သစ်ရွက် သစ်ခက်များသည် အခန်းနံရံအား ညင်ညင်သာသာ ပွတ်သပ်ရိုက်ခတ်သဖြင့် ထွက်သည့်အသံနှင့် တူ၏။ မဟုတ်၊ တစ်စုံတစ်ခုအား ရေလှိုင်းပုတ်သဖြင့် ထွက်သည့်အသံလည်း ဖြစ်နိုင်ပေသည်။ အရှိန်နှင့် ပြေးလာသည့် ရေလှိုင်းကြက်ခွပ်သည် နံရံတစ်ခုကို ပြေးဝင်ဆောင့်ပြီးနောက် ပြန်လည် ပြေးထွက်လာချိန် မြည်တမ်းသော ရယ်မောသံသဲ့သဲ့မျိုး ဖြစ်ရိုးမှမည်။ ထိုစဉ် ငါ လဲလျောင်းအိပ်စက်ရာနေရာသည် မြောက်ခနဲ တက်၍ ငြိမ့်ခနဲ ပြန်ဆင်းသကဲ့သို့ ခံစားရ၏။ ငါသည် အဘယ်နေရာသို့ ရောက်ရှိနေပါသနည်း။


www.burmeseclassic.com

www.burmeseclassic.com

ကြည့်လေရာ အရပ်ရှစ်မျက်နှာတွင် ပြန့်ပြန့်ပြူးပြူး ကမ္ဘလာတစ်ချပ် ဖြန့်ခင်းထားသည်နှင့် တူသော ရေပြင်ကျယ်ကို ငါ မြင်ရ၏။ အနီးတွင် ရေသည် အစိမ်းလဲ့လဲ့ယှက်သန်းသည့် အကြည်ဖြစ်သည်။ အတန်ငယ် လှမ်းလျှင်မူ ရေသည် စိမ်းပြာရောယှက်သော အကြည်ဖြစ်၍သွား၏။ မျက်စိတစ်ဆုံး မြင်နေရသော အဝေးတစ်နေရာတွင်ကား ကောင်းကင်အပြာနှင့် ရေပြင်အပြာတို့သည် တစ်သားတည်းဖြစ်လျက် ပိုင်းခြားသတ်မှတ်၍ မရ။ ထိုအားလုံး၏ အဆုံးစွန်တွင်ကား နှာမှုတ်တိမ်နဂါးကြီးသည် ရေပြင်ကျယ်အထဲဆီသို့ တဖြည်းဖြည်းငုပ်လျှိုးနေ၏။ ငါသည် ကနဦးတွင် ဘာခံစားချက်မျှ မရှိဘဲလျက် ပင်လယ်ကို ငေးနေမိ၏။ ကြောက်လည်း မကြောက်၊ အထီးကျန်သည်ဟုလည်း မတွေး။ ငါ၏ နှလုံးအိမ် သည် ငါ၏ရှေ့မှ ငြိမ်သက်နေသည့် ပင်လယ်ပြင်နှင့် မခြားနား။ သို့သော် ထိုသို့ ငေးဆဲတွင်မှ ရေလှိုင်းသည် လှေငယ်ကို ပြေးဆောင့်သကဲ့သို့ အတွေးတစ်ခုသည် ငါ့အား ရုတ်တရက် ဝင်၍ဆောင့်၏။ ငါသည် မည်သူနည်း။ ငါသည် ကမ်းခြေကို မမြင်နိုင်သည့် အဆုံးအစမဲ့ ရေပြင်အလယ်တွင် အဘယ်ကြောင့် ရောက်ရှိနေခဲ့ပါသနည်း။ ငါ့အား တင်ဆောင်ထားသည့် သစ်သားလှေငယ်သည် တဖျပ်ဖျပ် ပြေးလွှားနေသော လှိုင်းငယ်၏ အမြှုပ်အချော့တွင် ဆော့ယမ်းသလို မြောက်လိုက်ကျလိုက် ရှိ၏။ ငါ၏ အတွေးသည်လည်း လှေငယ်ကဲ့သို့ လူးလိမ့်နေသည်။ ငါသည် အဘယ်ကြောင့် ပင်လယ်ပြင်အလယ်တွင် အထီးတည်း ဖြစ်နေရပါသနည်း။ ငါသည် အဘယ်အရပ်မှ လာ၍ အဘယ်သို့ သွားမည်နည်း။ ငါ မသိပြီ။ ဆားငန်နံ့ဖုံးသည့် ပင်လယ်လေသည် ငါ့ခန္ဓာကိုယ်အား ရစ်သိုင်းဘိသို့ မသိခြင်း၊ မသေချာခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် ငါ့အား ရစ်သိုင်းလာကြ၏။ ငါသည် ပင်လယ်ပြင်တွင် တွယ်ရာမဲ့ မျောပါနေရသည့် ရေမှော်ပင်ပေလော။ ငါ့ဘဝသည် ပင်လယ်ရေမြှုပ်များကြားတွင် မြုပ်ချည်ပေါ်ချည် ရှင်သန်၍ အကျိုးမဲ့ သေဆုံးရမည့် လိပ်အိုကြီးပေလော။ လှိုင်းကြမ်းမိသည့် လှေငယ်သည် ဖောက်ထိုးမိုးမျှော် လူးလိမ့်တုန်ခါသကဲ့သို့ တုန်လှုပ်စိတ်အပြည့်နှင့် ငါ၏ နှလုံးအိမ်သည် တဆတ်ဆတ် တုန်ခါသည်။ ဟင့်အင်း ငါသည် ဦးတည်ရာမဲ့ မျောသည့် ရေမှော်ပင် မဖြစ်လို။ ပင်လယ်ရေမြှုပ်များကြား မြုပ်ချည်ပေါ်ချည် ကုန်ဆုံးရမည့် လိပ်အိုကြီးလည်း မဖြစ်လိုပြီ။ ငါ ဘာလုပ်ရမည်နည်း။

စူးစမ်းသောအကြည့်နှင့် ကြည့်လျှင် မျက်စိတူရူ လှေဝမ်းထဲတွင် သစ်သားလှော်တက်ငယ်တစ်ခုကို ငါ တွေ့၏။ ရေအပြည့်ပါသော ရေတစ်ဘူးနှင့် စက္ကူပတ်ထားသော အထုပ်တစ်ထုပ်ကို မြင်၏။ ထိုအထုပ်ကို ဖွင့်လျှင် ကြွပ်ရွ၍ ရနံ့သင်းသော ဆန်မုန့်အချို့ကို ငါ တွေ့၏။ ငါသည် ဆန်မုန့်တစ်ခုကို ဆတ်ခနဲယူ၍ စား၏။ အရသာသည် ဆိမ့်တိမ့်တိမ့်ဖြစ်သည်။ ထို့နောက် လှေ၏နံရံပေါ်သို့ ကိုယ်ခန္ဓာကိုကိုင်း၍ ရေပြင်ကျယ်ဆီမှ ရေလက်တစ်ခုပ်ကို အသိမှတ်မဲ့ ငါ ခပ်၍သောက်၏။ ပင်လယ်ရေဟူသော အသိနှင့်အတူ ပျစ်ချွဲချွဲ ရေများသည် ငါ့ခံတွင်းတစ်ခုလုံး ငန်ကျိခါးသက်သွားသည်။ ငါသည် ချက်ချင်းပင် ထွီခနဲ ပြန်ထွေးထုတ်လိုက်၏။ ထို့နောက် ရေဘူးအား ဖွင့်၍ အငမ်းမရ ငါသောက်၏။ ငါ သတိရသည့်အချိန်တွင်ကား ရေသည် သုံးချိုးတစ်ချိုးကုန်လေပြီ။ ယင်းနောက်တွင်ကား ငါသည် လှော်တက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ငေးမိသည်။ ငါ ဘာလုပ်ရမည်ကိုကား သိပြီ။ သို့သော် ငါသည် အဘယ်နေရာသို့ ဦးတည်၍ လှော်ခတ်ရမည်ကိုကား မသိ။ ငါ၏ လွတ်မြောက်ရာကမ်းသည် အဘယ်မှာနည်း။ ထိုစဉ် မရပ်မနား ပျံသန်းနေသော တိမ်ဖြူလိပ်များ၏ကြားတွင် နေရောင်တလက်လက်ကို ငါ သတိထားမိ၏။ ထိုနေရာသည် အရှေ့လော သို့တည်းမဟုတ် အနောက်လော။ ငါ မသိပြီ။ သို့သော် ငါသည် ငေးမောနေရင်းပင် မကြာမတင် လွတ်မြောက်တော့မည်ဟု စိတ်တွင်ထင်၏။ ငါသည် မကြာခင် လွတ်မြောက်တော့မည်။ ကြိုးစားလျှင် ဘုရားပင် ဖြစ်နိုင်သည် မဟုတ်ပါလား။ ကြိုးစားလျက် ငါသည် အဘယ်ကြောင့် မလွတ်မြောက်ဘဲနေမည်နည်း။ လှော်မည်၊ နေရောင်ဆီသို့ ဦးတည်၍ ငါ လှော်မည်။ တစ်၊ နှစ်၊ သုံး၊ လေး…။ ငါ၏ လှော်တက် ဦးချွန်သည် ရေလွှာထဲသို့ တစ်ချက်ပြီး တစ်ချက် ထိုးခွဲ၍ စိုက်ဆင်းသွား၏။ လှေငယ်သည် ဇက်ကြိုးလွတ်လိုက်သော မြင်းတစ်ကောင်ကဲ့သို့ လျှောခနဲ ပြေး၏။

အချိန်တို့သည် ကုန်ခဲ့ပြီ။ တိမ်မျှင်များသည် တဖြည်းဖြည်းပါးလျားပြီး ကောင်းကင်သည် ပို၍ လင်းပလာ၏။ နေလုံးသည် ငါ၏ ရှေ့တူရူမှ ဦးခေါင်းအထက်၊ ထိုဦးခေါင်းအထက်မှ နေ၍ ငါ၏ နောက်ကျောဘက်ဆီသို့ ရောက်ခဲ့ပြီ။ နေ၏ အပူရှိန်သည် မီးပြင်းတိုက်သကဲ့သို့ ပူလောင်လှသည်။ ငါသည် နှမြောသောစိတ်နှင့် ရေတစ်ငုံ လျှော့လျှော့ကို သောက်၏။ မရပ်မနားလှော်ခတ်ခဲ့ရသဖြင့် ငါသည် ပန်းလျ နွမ်းနယ်နေပြီ။ နားလိုက်ချင်ပြီ။ ငါ အဘယ်မျှ ခရီးရောက်ခဲ့ပါပြီနည်း။ ဆန်မုန့်သည် တစ်ခုမျှသာ ကျန်၏။ ရေသည် နှစ်ငုံစာမျှ ပမာဏသာ ကျန်၏။ မကြာခင် မိုးစုံးစုံးချုပ်ပေတော့မည်။ ငါသည် အဘယ်အထိ ဆက်၍ လှော်ခတ်နေရဦးမည်နည်း။ ငါ ရပ်တန့်လိုက်ရမည်လား။ အကယ်၍ လက်



www.burmeseclassic.com

www.burmeseclassic.com

လျှော့ ရပ်တန့်ခဲ့လျှင် ငါသည် ဘာဖြစ်လေမည်နည်း။ လှော်ခတ်ဖြတ်သန်းခဲ့သော ခရီးကို နောက်လှည့်၍ ငါကြည့်မိ၏။ လွတ်မြောက်ရမည်ဟူသည့် ငါ၏ စိတ်သည် မလျှော့သေး၊ သို့သော် ငါ၏ ခန္ဓာကိုယ်ကား ပင်ပန်းနေလေပြီ။

ငါ ငေးမောဆဲ ခဏတွင်ပင် နေလုံးသည် ရုတ်ခြည်း နီစွေးလာ၏။ ကောင်းကင်ပြင်သည် စက္ကူဖြူတစ်ချပ်တွင် သွေးများ ပက်ကြဲထားသည်နှင့် တူလှသည်။ ထိုနီစွေးစွေးအရဲ၏ နောက်ခံတွင် လိမ္မော်ဝါကြန့်ကြန့်သည် စုတ်တံပြားနှင့် ခပ်ကြမ်းကြမ်း တစ်ချက်ဆွဲလိုက်သကဲ့သို့ အမျှင်တန်း၍ တိုးဝင်လာသည်။ ထို့နောက်တွင် အနီ၊ လိမ္မော်ဝါနှင့် အဖြူရောင်များ၏ အကြားအလပ်သို့ အနက်ရောင်သည် တဖြည်းဖြည်းချင်း နယ်ချဲ့၍ လာ၏။ အဆုံးတွင်ကား ကောင်းကင်သည် အနက်ရောင် ပြင်ကျယ်ကြီး ဖြစ်လေပြီ။ အဘယ်မျှ ကြောက်စရာကောင်းသည့် လောကကြီးပေနည်း။ ည၏ မှောင်မိုက်ခြင်းသည် အဆုံးမဲ့။ ငါ့အတွက် မနက်ဖြန်သည် ရှိပါဦးမည်လော။

ကြောက်စရာ အနက်ပြင်တွင် ကြယ်များသည် စိန်ပွင့်သဖွယ် တလက်လက်တောက်ပ ပေါ်ထွက်လာကြ၏။ ထို့အတူ လစန္ဒာသည် ပင်လယ်ရေပြင်အောက် ငုပ်လျှိုးနေရာမှ ရုတ်ခြည်း ခေါင်းပြူလာ၏။ ည၏ တောက်ပသော အလင်းအောက်တွင် ပင်လယ်သည် ရုတ်တရက် မို့မောက်ထကြွလာ၏။ မုန်တိုင်းကျတော့မည်လား။ ငါ ငေးမောကြည့်နေဆဲပင် လှေငယ်သည် ရုတ်တရက် ယိမ်းထိုးလာသည်။ ငါသည် ကြောက်စိတ်နှင့် မရပ်မနားလှော်ခတ်ရင်းပင် ပင်လယ်လှိုင်းများနှင့် လှေငယ်သည် တစ်ပြန်စီ စီးနင်းနေကြသည်ကို သတိထားမိ၏။ ပင်လယ်လှိုင်းများသည် တစ်လုံးပြီး တစ်လုံး ပြေးလာလျက် ငါ၏ လှေငယ်အား ဖုံးလွှမ်းတော့မည်ကဲ့သို့ ဝုန်းခနဲ မြင့်တက်၍ လာသည်။ ခဏကြာလျှင် လှေငယ်သည် လှိုင်းတောင်ကုန်းထိပ်တွင် ထီးထီးကြီး ရောက်၍ နေ၏။ ပြီးလျှင်ကား လှိုင်းထိပ်အမြင့်ဆုံးမှသည် အနက်ရှိုင်းဆုံး လှိုင်းချောက်နက်ကြီးထဲသို့ တစ်ရှိန်ထိုး လျှောဆင်းလျက် ရှိပြန်သည်။ ငါကား ဝမ်းဗိုက်အတွင်းမှ ကလီစာများ ဆွဲနုတ်ခံလိုက်ရသကဲ့သို့ ဟာခနဲ ဟိုက်ခနဲ ရှိ၏။ ဘုရားသခင်… လှိုင်းတံပိုးများသည် မကုန်ဆုံးတော့ပြီလော။ လှိုင်းလုံးများသည် တစ်လိမ့်ပြီးတစ်လိမ့် မြင့်မောက်ထိုးတက်၍ လာသည်။ သေမင်းသည် ငါ၏ အပေါ်တွင် ပျော်ပျော်ကြီး ရစ်ဝဲက,ခုန်၍ နေလေပြီ။ ငါ သေတော့မည် ထင်၏။ ငါသည် တုန်လှုပ်ချောက်ချားစွာပင် လှေဝမ်းထဲ၌ ပျပ်ဝပ်နေရသည်။ ငါ၏လက်ထဲတွင် လှော်တက်သည် မရှိတော့။ ရေချိုဘူးနှင့် ဆန်မုန့်ထုပ်တို့သည် ငါ့အား ဖဲခွာထားရစ်ကာ ပင်လယ်အတွင်းသို့ ခုန်ဆင်း၍ သွားလေပြီ။ ငါ ဘာလုပ်ရမည်နည်း။ ငါသည် ဘာကို အားကိုးရမည်နည်း။ အို အဖဘုရားသခင် ငါ့အား ကယ်မတော်မူပါ။ ငါ၏ ဦးခေါင်းအထက် ကြွချီသီတင်းသုံးတော်မူပါအရှင်။ အသံများ တိမ်ဝင်သွားသည်အထိ အော်ဟစ်ဆုတောင်းဆဲပင် ဧရာမလှိုင်းတစ်လုံးသည် ငါ့အား အထက်သို့ ပင့်တင်လိုက်သည်ကို ငါသိ၏။ ငါသည် လေထဲတွင် ပေါလောမျောလျက် လှိုင်းထန်နေသည့် ပင်လယ်တစ်ခုလုံးကို အထက်မှ ဆီး၍ မြင်နေရ၏။ ငါ၏ လှေငယ်သည် ရုန့်ရင်းကြမ်းတမ်းသော လှိုင်းတစ်ခုနှင့် ဖြန်းခနဲ တိုးပြီး အစိတ်စိတ် အမြွာမြွာ ကွဲထွက်သွားခဲ့ပြီ။ လွတ်လမ်းကား မမြင်ရ။ နောက်ဆုံးတွင် အထက်အမြင့်ဆီမှ တအိအိ ပြုတ်ကျလာသည့် ငါ့အား ပင်လယ်သည် အေးစက်စက် ဆီးကြိုပွေ့၏။ အို မွန်းလှပါပြီကွယ်။ မနက်ဖြန်သည် မရောက်နိုင်ပြီလော။

❑

မျက်လုံးကို ဖွင့်လျှင် ပြာလဲ့ကောင်းကင်သည် မြင်ကွင်းထဲ ဝင်လာ၏။ လမင်းသည် ကောင်းကင်တွင် မီးအိမ်တစ်လုံး ချိတ်ဆွဲထားသကဲ့သို့ ဝင်းဝင်းပပ ရှိသည်။ နံဘေးပတ်ပတ်လည်တွင် ကြယ်မိုတ်တုတ်များသည် စံပယ်ပွင့်ဖြူဖြူများ ဖြန့်ကြဲထားသကဲ့သို့ ရှိ၏။ ရေပြင်သည် နက်ပြာရောင် မှန်တစ်ချပ် ခင်းထားသည်နှင့် တူ၍ လမင်းနှင့် ကြယ်များသည် ရေပြင်ထက်တွင် အရိပ်ထင်ကာ နေသည်။ ငါသည် အသိပျောက်ကွယ်မသွားခင်က ဖြစ်ပျက်ခဲ့သမျှကို တစ်ခုပြီးတစ်ခု ပြန်သတိရ၏။ ပင်လယ်သည် မကြာခင်က သောင်းကျန်းထားသည်နှင့် မတူ အမူပိုလှသည်။လောကသည် အဘယ်မျှ အပြောင်းအလဲ မြန်လိုက်ပါသနည်း။ ငါသည် သေလူ မဟုတ်တော့ပြီ။ မျက်စိရှေ့တွင် ကျိုးပဲ့ပျက်စီးသွားသည့် လှေငယ်သည် အသစ်တစ်ဖန် ပြန်ဖြစ်လျက် ငါသည် အမြိုင့်သား အိပ်စက်လျက် ရှိပြီ။ သေမင်းသည် ငါ့အား ခေါ်ချင်ဟန်မတူ။ ထိုသို့တွေးမိလျှင် ငါ ရယ်သည်။ ရယ်သံသည် လေထဲတွင် ဝေ့ဝိုက်၍ ငါ့ထံသို့ ပြန်လာ၏။ ပင်လယ်လှိုင်းသံသဲ့သဲ့ကို ကြားရသည်။ လေပြည်အချင်းချင်း ပွတ်တိုက်တိုးဝှေ့ နှုတ်ဆက်သံကို ကြားသည်။ ပျောက်ဆုံးသွားခဲ့ပြီးသော လှော်တက်ကို လှေဝမ်းထဲတွင် လဲလျောင်းလျက်သား ပြန်တွေ့၏။ အလို… ပင်လယ်အတွင်း ခုန်ဆင်းသွားခဲ့သည့် ရေချိုအပြည့် တစ်ဘူးနှင့် ဆန်မုန့်များသည် လှော်တက်ငယ်၏ နံဘေးတွင် အိပ်စက်လျက်သား ရှိနေပါသည်ကော။ ငါသည် လှော်တက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၏။ ငါသည် အဘယ်အရပ်ဆီသို့ ဦးတည်၍ လှော်ခတ်ရမည်နည်း။

❑

၂။

သီချင်းသံတစ်သံကို ကြား၏။ အသံသည် လှိုင်း



www.burmeseclassic.com

www.burmeseclassic.com

ခတ်သံသဲ့သဲ့ အကြားတွင် ပေါ်ချည်ပျောက်လိုက်ရှိ၏။ ဆွဲဆွဲငင်ငင် ဖြစ်၏။ နိမ့်ချည် မြင့်ချည်ဖြစ်၏။ လေပြည်တွင် ခိုတွယ်စီး၍ အဝေးတစ်နေရာမှ လွင့်မျောပါလာသည် ကပင် ပြီးပြည့်စုံသောဂီတသံအား ပုံဖော်နေ၏။ *'အသက်တာဟာ တိုတောင်းတယ်၊ လှိုင်းရဲ့ လှပမှုကို မင်းမြင်သလား။ မကြောက်နဲ့ အချစ်ရေ၊ တိုးဝင်လိုက်၊ လှိုင်းစီးရတာ ပျော်စရာပဲ'*။ အို ဘယ်လောက်တောင် သတ္တိသွေးကြွစရာကောင်းသော သီချင်းများပါလဲ။ အသံဆီသို့ ဦးတည်၍ ငါသည် လှေကို သွက်သွက် လှော်၏။ ကနဦးတွင် မြင်ကွင်းသည် အပြာရောင်ဖြစ်သည်။ ထို့နောက် အပြာတွင် အနက်စက်များ။ မြင်ကွင်းသည် ရုတ်ခြည်း ပီပြင်လာ၏။ မြောက်မြားစွာသော လှေများသည် ဦးတိုက်ပဲ့ဆိုင် ရှိနေကြ၏။ လှေပင်လယ်ပေါ်တွင်ကား လူတို့သည် တစ်စင်းမှ တစ်စင်း ကူးလူးဟစ်အော် ပြေးလွှား ဆော့ကစားနေသည်လည်း ရှိသည်။ သံပြိုင်သီချင်းကို ဆိုသူက ဆိုသည်။ ငါသည် လှေအုပ်ထဲသို့ တဖြည်းဖြည်း တိုးဝင်ခဲ့၏။

လူတို့သည် တစ်ဦးနှင့် တစ်ဦး မတူညီကြ။ အပေါင်းလက္ခဏာသဏ္ဌာန်ရှိသောလူ၊ အစားလက္ခဏာ သဏ္ဌာန်ရှိသောလူ၊ စတုရန်းပုံရှိသောလူ စသော သင်္ချာလူများကိုလည်း တွေ့ရ၏။ နွားမျက်နှာနှင့် လူ၊ မြွေမျက်နှာနှင့်လူ၊ ယုန်မျက်နှာနှင့်လူ စသော တိရစ္ဆာန်လူများကိုလည်း မြင်ရ၏။ ငါးပြားစေ့မျက်နှာနှင့် လူ၊ ဆယ်ပြားစေ့မျက်နှာနှင့်လူ၊ ငါးမူးစေ့မျက်နှာနှင့်လူ စသော ပိုက်ဆံလူများကိုလည်း တွေ့ရသည်။ ငါသည် လူပင်လယ်၏ အကြားတွင် သီချင်းဆိုရင်း၊ ပြေးလွှားရင်းပင် အချိန်ကုန်ခဲ့၏။ လူအုပ်သည် ပင်လယ်လှိုင်းထန်လျှင် ကံအမိုက်မှောင်ကျရလေပြီကောဟု တစ်ယောက်နှင့် တစ်ယောက် ဖက်၍ ငိုရှိုက်၏။ အဖဘုရားသခင် ကယ်မတော်မူပါဟု တိုင်တည်၏။ လှိုင်းငြိမ်လျှင်ကား အားလုံးကို မေ့လျော့၍ ဆိုမြဲ၊ က,မြဲပင်တည်း။ တစ်ခါတွင် ငါသည် လူအုပ်ကြီးအား ချန်ထားရစ်ခဲ့တော့မည်ဟု တွေး၏။ အဝေးတစ်နေရာဆီသို့ ထွက်ခွာသွားတော့မည်၊ ကမ်းစပ်တစ်ခုဆီသို့ ဦးတည်၍ လှော်ခတ်တော့မည်ဟု တွေး၏။ သို့သော် အတွေးသည် အတွေးမျှသာတည်း။ ငါသည် ကြိုးနှင့် တွဲဆက် ချည်နှောင်ထားခြင်း မရှိပါဘဲလျက် လူအုပ်ကြီး၏ အပါးမှသည် ဝေးရာဆီသို့ ထွက်မသွားနိုင်ရှိ၏။ ချီတုံချတုံ စိတ်သည် မပြတ်သားနိုင်ရှိ၏။ ဤသို့ဖြင့် ပြာရီမှောင်ဝေသော တစ်ညတွင်မူ ငါသည် လူအုပ်ကြီး၏ အလယ်၌ နှင်းပန်းပွင့်အား တွေ့ဆုံမိလျက် သံယောဇဉ်ကြိုးသည် အတင်းဆုံး ဖြစ်ရလေ၏။

နှင်းပန်းပွင့်၏ မျက်နှာသည် ပန်းခရမ်းအသွေး ပွင့်ချပ်ငါးလွှာရှိသော ပန်းနှင့်တူသည်။ သွယ်နွဲ့နွဲ့လည်တိုင်သည် လေအဝေ့တွင် ကျိုးတော့မယောင် ယိမ်းနွဲ့နေသည့် ရိုးတံနှင့် မခြားနား။ ရေညှိစိမ်းဝတ်ရုံကို လွှမ်းခြုံထားသည့် နှင်းပန်းပွင့်သည် ငါ၏စိတ်တွင် နတ်မိမယ်ပင်တည်း။ နှင်းပန်းပွင့်၏ ခစ်ခနဲရယ်သံကိုပင် ငါ့စိတ်တွင် ဂန္ဓဝင်ဂီတဟု ထင်၏။ ရေပန်းပွားကို ဖျတ်ခနဲ တောက်ထုတ် ဆော့ကစားသည်ကပင် ကခြေသည်၏ က,ကွက်ဟု ငါထင်၏။ ငါသည် နှင်းပန်းပွင့်အား ရည်ညွှန်းသည့် ချစ်ခြင်း၏ တေးသံများကို နှုတ်မှ မရပ်မနားပင် သီကျူးမိ၏။ နှင်းပန်းပွင့်အပါး နေရလျှင် လောကသည် ဘယ်သောအခါမျှ ငြီးငွေ့စဖွယ် ဖြစ်လိမ့်မည် မဟုတ်ဟုလည်း ဟစ်ကြွေး၏။ ခွဲခွာခြင်းကိုကား စိုးစဉ်းမျှ မတွေး။ နှင်းပန်းပွင့်က ရယ်လျှင် ငါ မဆိုင်းမတွ အတူရယ်၏။ နှင်းပန်းပွင့်က ငိုလျှင် ငါ ရှိုက်နင့်သည်းဖို အတူ ငို၏။ နှင်းပန်းပွင့်က ကြောက်ရွံ့လျှင်ကား ငါသည် သတ္တိရှင် ဖြစ်ရလေ၏။ နှင်းပန်းပွင့်သည်သာ ငါ၏ကမ္ဘာတည်း။

အချိန်တို့သည် မည်မျှ ကုန်ခဲ့သည်ကို မသိ။ ထိုကာလတစ်လျှောက် ငါသည် ပင်လယ်ကို သတိမရ၊ လှိုင်းကို အတွေးမဝင်၊ ကမ်းခြေအကြောင်းကို မစဉ်းစား။ အချိန်များစွာ ကုန်ခဲ့လျက် အိပ်မောကျသူသဖွယ် မိန်းမော၍ နေသည်။ မနက်ခင်း တစ်ခုတွင်မှ ငါသည် အိပ်မက်မှ အလန့်တကြား လန့်နိုးသူလို ဖြစ်ရ၏။ ငါမေ့လျော့နေခဲ့သည့် လှိုင်းနှင့် ပင်လယ်သည် နှင်းပန်းပွင့်ရှိသော လူအုပ်ကြီး၏ အဝေးသို့ ငါ့အား သယ်ဆောင်၍ သွားနေသည်ကို အလန့်တကြား တွေ့ရ၏။ နှင်းပန်းပွင့်၏ အရိပ်ကိုမျှ ပျပျမမြင်ရတော့ပြီ။ လူအုပ်၏ အသံကိုမျှ သဲ့သဲ့ မကြားရတော့ပြီ။ မျှော်မဆုံးသော ရေပြင်ကျယ်၏ အလယ်တွင် ကနဦးအစကဲ့သို့ပင် ငါသည် အထီးတည်း။ ကုန်ခဲ့သည့် အချိန်တို့အား ချင့်တွက်မိလျှင် ထိတ်လန့်စိတ်သည် ငါ့အား ရုတ်ခြည်းဝါးမျို၏။ အိုဘုရားသခင် အသင်သည် ရက်စက်လှပေ၏။ ငါ့အား နှင်းပန်းပွင့်နှင့် ခွဲရက်လေသည်။ ငါ ဘယ်သို့ အသက်ရှင်ရမည်နည်း။ လှိုင်းကြက်ခွပ်ပင် မရှိသော ပင်လယ်ပြာပြာသည် ငါ၏ မြည်တမ်းခြင်းကို မသနားလေဟန် ငြိမ်သက်နေသည်။ မထောက်ငဲ့ မညှာတာ အဘယ်မျှ ရက်စက်ရက်ပါသနည်း အိုပင်လယ်…။ ငါ့အား နှင်းပန်းပွင့်ရှိရာသို့ ပြန်လည် မသယ်ယူတော့ပြီလော။ ငါသည် ရှိုက်ကြီးတငင် မြည်တမ်းငိုကြွေး၏။ ထိုစဉ် နေလုံးနီသည် ပင်လယ်၏အောက်သို့ ငုပ်လျှိုး၍သွားသည်။ နှင်းပန်းပွင့် မရှိသော ပင်လယ်သည် မှောင်မိုက်လွန်းလှပေ၏။

❑

၃။

ငါးမန်းရှစ်ကောင်သည် ငါ၏ လှေအနီးတွင် ဝှေ့ဝဲ၍နေ၏။ ရေပြင်အထက်တွင် အရှိန်နှင့် ပြေးနေသည့် ချွန်ထက်ထက် ဆူးတောင်များသည် ငါ၏ လှေနှင့် နီး



www.burmeseclassic.com

www.burmeseclassic.com

လိုက်၊ ဝေးလိုက် ရှိသည်။ တစ်ခါတွင် ငါးမန်းများသည် ရေပြင်အထက်အစွယ်အဖွေးသားနှင့် ခေါင်းကိုဖော်လျက် ငါ၏လှေအား ထိုးမှောက်တော့မည်ကဲ့သို့ တိုးဝင်လာ၏။ ငါသည် ကြောက်စိတ်တို့ ဖုံးလျက် ဘာလုပ်ရမည်မသိ။ လှေနံရံအား လှော်တက်ဖြင့် တဒေါင်ဒေါင် ခေါက်၍ အသံကုန်ဟစ်ရသည်။ ငါ လွတ်နိုင်ပါမည်လား။ ငါ၏ အရိုးစုသည် ပင်လယ်ကြမ်းပြင်ထက်တွင် ငြိမ်သက် ပျက်ယွင်းရတော့မည် ထင်၏။ ငါသည် ငါးမန်းများကို တုန်လှုပ်သော တဟေးဟေး အသံနှင့် နှင်ထုတ်သည်။ ငါ မသေလိုသေး။ ငါးမန်းများ၏ စက်ကွင်းမှ လွတ်စေရန် လှေကို ငါ တွင်တွင်လှော်၏။

ငါသည် မည်မျှ ခရီးပေါက်ခဲ့သည် မသိ။ ငါ၏ မျက်စိရှေ့တွင် စိမ်းညို့ညို့ အရာတစ်ခုကို ရုတ်တရက် မြင်တွေ့ရ၏။ ကျွန်းဟူသည့် အတွေးကြောင့် ငါ၏ ရင်သည် ဒိတ်ခနဲ ခုန်သည်။ ကိုယ့်မျက်လုံးကို မယုံနိုင်စွာ သေချာပွတ်၍ ထိုအခုံးမို့မို့ကို ငါ သေချာပြန်ကြည့်မိသည်။ ဟုတ်သည်၊ ငါ၏ မျက်စိရှေ့တွင် ခရုခွံတစ်ခု ရစ်ခွေနေသည်နှင့် တူလှသည့် ကျွန်းတစ်ကျွန်း ရှိနေလေပြီ။ ကံကြမ္မာ၏ အလှည့်တွင် ငါသည် သေလူအဖြစ်မှသည် ကုန်းမြေကို တွေ့ရလေ၏။ တစ်ချိန်လုံး ရှာဖွေနေခဲ့သည့် ကျွန်းအား ငါ၏ရှေ့တည့်တည့်တွင် မြင်တွေ့နေရလေပြီ။ ပျော်ရွှင်ခြင်းသည် ထိန်းချုပ်၍ မရ၊ ငါ ဟေးခနဲ အော်မိသည်။ ဝမ်းသာစိတ်သည် တလိပ်လိပ်တက်လျက် ငါသည် လှေကို သွက်နိုင်သမျှ သွက်သွက် လှော်၏။ ငါ လွတ်မြောက်ပေတော့မည်။ အဘယ်မျှ ဝမ်းသာစရာနည်း။ ငါသည် မျက်စိရှေ့တွင် မြင်နေရသည့် မြင်ကွင်းကို ပျောက်ဆုံးမည်စိုးရိမ်သဖြင့် မျက်လုံးကို မမှိတ်ဝံ့။ မကြာခင် ကမ်းခြေသို့ ငါ ခြေချနိုင်တော့မည်။ ဒါသည် မြေကြီး၊ ဒါသည် သဲ၊ ဒါသည် သစ်ပင်၊ ဒါသည် ပန်းပွင့်၊ ဒါသည် စမ်းချောင်း၊ ဒါသည် မြစ်ဟု ငါသည် ကိုယ်တိုင်ကိုယ်ကျ လက်နှင့်ကိုင်တွယ် ထိတွေ့ရတော့မည်။ မြေသင်းနံ့များ မွှေးလှသည်ဟု တရှိုက်မက်မက် ဖြစ်ရဦးမည်။ အပျော်ဆုံးသည်ကား မြေပြင်အထက်တွင် မခိုင်မလဲ မတ်မတ်မားမား ရပ်နေမည့် ငါ့ကိုယ်ငါ မြင်ရခြင်းပင်တည်း။ အဘယ်မျှ မာနကြီးထိုက်လှပါသနည်း။ ငါ့အား သယ်ဆောင်ထားသည့် လှေငယ်သည် ရှေ့သို့ အရှိန်နှင့် ပြေး၏။ ဖျော့တော့တော့ အလင်းသည် ဖြည်းဖြည်းချင်း ဝင်းလက်လာပြီး မြင်ကွင်းသည် ရှင်းသည်ထက် ရှင်းလာ၏။ ငါ၏ မလှမ်းမကမ်းတွင် လိုက်လာသည့် ငါးမန်းများသည် အဝေးတွင် ကျန်ခဲ့၏။ အစိမ်းရောင်ကျွန်းသည် ငါနှင့် ပို၍ပို၍ နီးကပ်လာသည်။ နောက်ဆုံးတွင် လှေဦးသည် ရေစပ်စပ်သောင်ပြင်၌ ငြိမ့်ခနဲ ဆိုက်၏။ ငါသည် သောင်ပြင်အထက်တွင် မတ်မတ်ရပ်၍ အဆုံးမဲ့ပင်လယ်ကို ငေး၏။ ပြီးလျှင် မျက်စိရှေ့ ရုတ်တရက် မြင့်မောက် ထိုးတက်သွားသော တောင်များကို တစ်လှည့် မော့ကြည့်၏။ ငါလွတ်မြောက်လေပြီ။ ရုတ်တရက် ကြည်နူးပီတိစိတ်သည် ငါ့ရင်တွင် ဝုန်းခနဲ ဆောင့်လျက် မျက်ရည်များသည် တစ်မုဟုတ်ချင်း စီးကျလာကြ၏။ ငါ၏ ဒူးသည် ချည့်နဲ့ ညွတ်ကျလျှင် ငါဒူး ထောက်ရာသည်ကား ဖြူစင်သော သဲပွင့်များ။ ငါ ငိုမိ၏။ ငါ၏ လွတ်မြောက်ခြင်းအတွက်၊ ငါ့အပါးမှ ပျောက်ကွယ်လေသူ နှင်းပန်းပွင့်အတွက်၊ ငါသည် အရာအားလုံးအတွက် ရှိုက်ကြီးတငင် ငိုမိပါ၏။

ကောင်းကင်သည် လှေဝမ်းထဲမှ ငါအစဉ် ငေးမောနေရသည့် ကောင်းကင်နှင့် မတူချေပြီ။ ကျောက်ဆောင်အား ပင်လယ်လှိုင်းပုတ်သည့် အသံသည် ငါ့နားတွင် စည်းချက်ညီညီ ကြားနေရသည်။ ကဏန်းတစ်ကောင်သည် ငါ့အား ထိခတ်လျက်ပင် လယ်အတွင်း ဆင်းပြေးသွား၏။ ငါ မလှုပ်ရှားမိ။ ငါ ပင်ပန်းလှပြီ။ ငါ နားရမည်။ မနက်ဖြန်တွင် ငါ့အတွက် လုပ်စရာများစွာ ရှိသေး၏။ ရေချိုကို ရှာရမည်။ စားစရာကို ရှာရမည်။ နေထိုင်စရာ အိမ်တစ်လုံးကို ဆောက်ရမည်။ ငါနှင့် မျိုးတူသော လူများ နေထိုင်ရာကို ရှာဖွေရမည်။ မျက်ဝန်းထောင့်တွင် တင်းမာကျန်ရစ်ခဲ့သည့် မျက်ရည်စများကို ပွတ်သုတ်ရင်းပင် ငါ ဟက်ခနဲ ရယ်မိ၏။ မနက်ဖြန်သည် အဘယ်မျှ စိတ်လှုပ်ရှားစရာနည်း။ အိပ်မည်၊ အခုတော့ ငါသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ရပေမည်။

❑

ဖျတ်ခနဲ လူးလွန့်သည့် ခံစားမှုကြောင့် ငါသည် လန့်နိုးလာရ၏။ ငါဘယ်ရောက်နေသနည်း။ ငါ၏ အသိစိတ်သည် ကနဦးတွင် မရှင်းလင်း။ သို့သော် တဖြည်းဖြည်းချင်းပင် အိပ်မပျော်မီက အကြောင်းများကို ငါ သတိပြန်ရ၏။ ငါသည် ငါးမန်းများလက်မှ ထွက်ပြေးခဲ့သည်။ ကမ်းစပ်တစ်ခုကို ဆိုက်ရောက်ခဲ့ပြီးနောက် ပင်ပန်းကြီးစွာ အိပ်ပျော်ခဲ့ရသည်။ ယခု ငါသည် အိပ်ပျော်ရာမှ နိုးလာခဲ့ပြီ။ ရုတ်တရက် ငါ၏စိတ်တွင် အိပ်စက်ရာမြေပြင်သည် လူးလွန့်နေသည်ဟု ထင်၏။ ငါသည် ဘယ်ရောက်နေပါသနည်း။ ငါသည် ဒိတ်ခနဲ ရင်ခုန်သံနှင့် အလန့်တကြား ထ,မိ၏။ ငါ၏ ပတ်ပတ်လည်တွင် မြင်နေရသည်ကား အဆုံးအစမဲ့သည့် ပင်လယ်ပြင်ကြီး။ ငါသည် လှိုင်း၏ အမြှုပ်အတော့တွင် မြောက်ချည်ကျချည်ရှိသည့် လှေငယ်ပေါ်၌ အထီးတည်း။

❑

၄။

ငါ ပင်လယ်ထဲသို့ ရောက်ခဲ့ချိန်သည် အဘယ်မျှကြာပြီ မသိတော့။ ငါသည် ကမ်းကို အကြိမ်ကြိမ် ကပ်မိ၏။ ထိုသို့ ကမ်းကပ်တိုင်းပင် ငါသည် တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ကာ မအိပ်ဟု ဆုံးဖြတ်၏။ သို့သော် တစ်ညနှင့်

စာမျက်နှာ(၁၇၃)သို့…



www.burmeseclassic.com


၂၉ နှစ်ပြည့် ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# စံနှုန်းပျော်ရာ

ဆေးဆေ



www.burmeseclassic.com





တောင်လေမြူးသည့် မိုးရိပ်ဆင် နေ့ရက်များဆိုလျှင် ဇနီးသည်၏ ပူဇော်ပသသံသဲ့သဲ့ကို မကြာခဏ သူကြားရတတ်သည်။ ရာဟုထောင့် ကောင်းကင်မှ မိုးတိမ်မည်းတွေ မြင်လျှင် မျက်စိမျက်နှာပျက်အောင် ကြောက်လန့်တတ်သည့် ဇနီးသည်ကြောင့် မိုးလလယ်များတွင် အဝေးခရီးသွားခြင်းကို သူရှောင်ရှားခဲ့ရသည်မှာ နှစ်မိုးလည်ခဲ့ပြီဖြစ်သည်။ ပြတင်းဝမှာရပ်ရင်း တောင်လေတသုန်သုန်ကို မျက်နှာမူကာ ခြံစပ်စိန်ပန်းပင်အုပ်ထက်မှာ မည်းမှောင်နေသည့် တိမ်ထုကိုကြည့်၍ သူသည် ပြုမြဲအတိုင်း ဇနီးသည်ကိုရှာဖို့ သတိရလာသည်။ ပြတင်းတံခါးကို ခပ်ပြင်းပြင်း ဆွဲပိတ်ရင်း ခြေတံရှည် အိမ်ပေါ်မှ ဒိုင်းဒိုင်းပါအောင် သူဆင်းလာတော့ ခြံအနောက် ငှက်ပျောပင်အုပ်အောက်တွင် သူ့ဇနီးကို လှမ်းမြင်ရသည်။ ကြိုးတန်းပေါ်က အဝတ်ခြောက်များကို ရုပ်သိမ်းနေသည့် သူ့ဇနီးဟန်မှာ အေးအေးသက်သာပင်။ လေကားခြေရင်းမှာ တွေတွေရပ်ရင်း စူးစမ်းကြည့်နေသည့် သူ့ကို ရှောင်ကွင်းကာ လေကားတစ်လျှောက် တက်သွားသည့် ဇနီး၏ နှုတ်တက်ရွရွကို သူ နားစိုက်ကြည့်တော့ မသဲမကွဲသံကိုသာ ဖမ်းရသည်။ အိမ်ရှေ့ခန်းဖျာပေါ် အဝတ်တွေပုံချပြီး ခေါင်းရင်းခန်းဘုရားစင်ကို ကျော်၍ မြောက်အရပ်ထောင့်သို့ သူ့ဇနီးက မျက်နှာမူရင်း အာရုံပြုဟန် ငြိမ်သက်သွားသည်။ ထွေပြားစိတ်ဖြင့် တစ်မူထူးသော ဇနီးသည်ကို စိုက်ငေးကြည့်ရင်းကပင် ခြံ၏ မြောက်စူးစူးသို့ ပြေးသွားကြည့်ချင်စိတ်သည်လည်း သူ့၌ ပြင်းစွာတစ်ဖန် ပေါ်လာသည်။

❑

မိုးသားကင်း၍ သွေ့သော စနေမနက်ခင်းတွင်ဖြစ်သည်။ တက်ရေမြင့်နေသော ရိုးချောင်းကပ်လျက် စက်ဘီးလမ်းကလေးအတိုင်း ခြံ၏ မြောက်စူးစူးသို့



www.burmeseclassic.com

www.burmeseclassic.com

သူ ထွက်ခဲ့သည်။ တောင်အခြေနှင့် မိုင်ရာချီဝေးပေမဲ့ ကျောက်သားပကတိ မင်းဝံတောင်သည် စက်ဘီးလမ်းတစ်လျှောက် လမ်းချိုးလမ်းကွေ့တိုင်းမှာ ပေါ်လာသည်။ ဆေးရုံ လမ်းဟု ခေါ်သည့် ကွန်ကရစ် လမ်းမပေါ် မရောက်မီ ရိုးချောင်းလမ်းအစပ်သည် ညောင်ပင်၊ ကုက္ကိုပြင်၊ ဖျောက်ဆိပ်ပင်များနှင့် ရွက်ချင်းစပ် အုပ်ဆိုင်းနေသည်။ ယခုအချိန်မှာ သစ်သုံးပင်ဟု နာမည်ကြီးသည့် ဤနေရာသည် မြို့ကလေးသို့ သူရောက်လာစ လွန်ခဲ့သော နှစ်သုံးဆယ်ကတော့ ရိုးရိုးသစ်ပင်အုပ်သာ ဖြစ်ခဲ့သည်။ ထိုစဉ်ကတော့ မြို့နယ်နိမိတ်သည် ဆေးရုံဝန်းအဆုံးထိသာဖြစ်၍ သစ်သုံးပင်သည် ရိုးချောင်းဘေးတောအုပ်ငယ်၏ အစလည်း ဖြစ်ခဲ့သည်။ သူတို့ကဲ့သို့ နောက်တိုးမြို့သားများ၏ ကွက်သစ်ဟုခေါ်သော ရိုးချောင်းစပ်ခြံမြေများဖြင့် မြို့ကွက်ကျယ်လာချိန်မှာ သစ်သုံးပင်သည်လည်း မြို့စွန်ရပ်မဟုတ်တော့ပေ။ သူသည် နေ့စဉ် သစ်သုံးပင်ကိုဖြတ်ကာ တစ်ရပ်ကွက်ကျော်ရှိ သူ့ရုံးသို့ စက်ဘီးတစ်စီးနှင့် ကူးသန်းသွားလာရသူ ဖြစ်သည်။ သို့ပေမဲ့ အမှူမဲ့အမှတ်မဲ့ နိစ္စဓူဝ သူဖြတ်သန်းခဲ့သော ဤသစ်သုံးပင်၏ ဩဇာကြီးလာပုံကိုတော့ ယခုအချိန်ထိ သူစဉ်းစားရခက်ဆဲပင်။ သစ်သုံးပင်အောက်သို့ သူစက်ဘီးရပ်မိချိန်တွင် လူတစ်ဦးမျှ တစ်နည်း ပူဇော်ပသသူတစ်ဦးမျှမရှိချိန်ဖြစ်သည်။ ညောင်

t a&; t ci;f wkd if
ai Gn f awG
a u nmawmh
t ck t mu f ynf
ajymifo G wd
Oa rmifo d f q kw d
u k f o n f u
o Yk d
apmi f a& S u f wd
anmi f yi f apmi f
t b u uk f awG
ai G k f , f xm;
t y f u a y; wmeY
v u f x yk d f q k d k f
a&T , f u k f , f
v k f v k d f v k d
o w u m
acw f y u f S
t awmf
u D G cw , f q k D
u m; v k d & o A

ပင်အခြေ ကုန်းကမူထက်ရှိ ဆေးပြာခြယ်နတ်ကွန်းအတွင်းတွင် အငွေ့တလူလူ မီးမွှေးတိုင်နှင့် စီးကရက်တင်စ သုံးလိပ်ကြောင့် ပူဇော်သူတစ်ဦးဦး လာရောက်ပြီးချိန်ဖြစ်မည်ဟု သူတွေးမိသွားသည်။ နတ်ကွန်းအတွင်း ပန်းအိုးအဖြူရောင်နှစ်လုံးတွင် လတ်လတ်ဆတ်ဆတ် ရွှေသပြေများ ဝေနေတာကြည့်ရင်း ယင်းပူဇော်သူသည် သူ အိပ်ရာ မနိုးခင် မနက်စောစော ဈေးထ,သွားသည့် သူ့ဇနီးပင် ဖြစ်နိုင်သေးသည်ဟု ဆက်တွေးလိုက်ကာ သူ သက်ပြင်းချမိသည်။

❑

မိုးတိမ်အုပ်တို့ လွင့်စနေရောင်ဖျော့ဖျော့သာသည့် မွန်းတိမ်းချိန်တွင်ဖြစ်သည်။ ဆေးရုံရှေ့ သက်သာဆိုင်တွင် လက်ဖက်ရည်ခွက်ကိုယ်စီ ရှေ့ချပြီး သူနှင့် မိတ်ဆွေကျောင်းဆရာတို့ လမ်းတစ်ဖက် ခပ်ဝေးဝေးမှာ လှမ်းမြင်နေရသည့် သစ်သုံးပင်ကို ငေးနေမိကြသည်။ ပုဆစ်ဒူးတုပ်ထိုင်ရင်း ဆုတောင်းပူဇော်နေသည့် အမျိုးသမီးသုံးဦးကို လှမ်းကြည့်ရင်း ကျောင်းဆရာက တစ်ချက်ပြုံးသည်။

'ကိုကျော်လွင် ပြောသလိုပဲဗျ၊ ဟုတ်တယ်။ ကျွန်တော်လည်း ပြန်စဉ်းစားကြည့်ရင် ရိုးရိုးသစ်သုံးပင်ကနေ ဘယ်လိုပူဇော်ခံဖြစ်လာရသလဲဆိုရင် ခြေခြေမြစ်မြစ်ကို မသိနိုင်ဘူးဖြစ်နေတယ်။ အဲ့သတိထားမိချိန်မှာတော့ ကိုယ့်အနားထိရောက်နေပြီပြောရမယ်။ အရင်ရက်က ကျွန်တော့်သားလေး အပြင်းဖျားတော့ ကျွန်တော့်အမေရယ်လေ အဘဇံနတ်ကွန်းမှာ သွားဆုတောင်းမယ်နဲ့ တားမရပါရောလားဗျာ...ဖြစ်ပုံ။ ပြောရရင် ကျွန်တော့်အမေဆိုတာ အရွယ်ငယ်ငယ်မုဆိုးမဘဝနဲ့ သားသမီးတွေအတွက် ဒေါင်းတင်မောင်းတင် စီးပွားရှာခဲ့သူ။ ကိုယ်လုပ်မှ ကိုယ်စားဆိုတာမျိုး အတော်မာသူဗျ။ အေးလေ၊ အသက်ကြီးချိန် စိတ်ကျချိန်ကျတော့လည်း စိတ်ရဲ့ ခိုကိုးရာဖြစ်သလားပဲ မသိတော့ဘူးဗျာ။ ကျွန်တော်လည်း ကြည့်နေရတာပဲဗျ'

လက်ဖက်ရည်တစ်ငုံယူသောက်ပြီး ကျောင်းဆရာက တွေးဆဟန်နှင့် သူ့ကို လှမ်းကြည့်သည်။

'ကိုကျော်လွင်တို့ ပြောင်းလာခါစက နတ်ကွန်းမရှိသေးဘူး ပြောတယ်နော်။ ကျွန်တော် မှတ်မိပြီဗျ။ အရေးအခင်းမတိုင်ခင် ငွေမည်းတွေ ကြေညာတော့ အခုအောက်ပြည် ပြောင်းသွားတဲ့ ဦးမောင်သိန်းဆိုတဲ့ ကုန်သည်က သူ့ကို စောင့်ရှောက်တဲ့ ညောင်ပင်စောင့် အဘက ကုန်တွေ ငွေကုန်ဝယ်ထားအိပ်မက်ပေးတာနဲ့ လက်ထဲပိုက်ဆံကုန် ရွှေဝယ်၊ ကုန်ဝယ် လုပ်လိုက်လို့ သူ တကာခေတ်ပျက်မှာ အတော်ကြီးပွားခဲ့တယ်ဆိုပြီး ကြားလိုက်ရသဗျ။ အဲ့ဒီနေ့ကတည်းက ညောင်ပင်အခြေမှာ စင်သေးသေးနဲ့ တစ်ယောက်စနှစ်ယောက်စ ပန်းကလေးထိုး၊ ရေကလေးကပ်နဲ့ တဖြည်းဖြည်း တန်ခိုးထွားလာတာ ခုတော့ တယောင်တဆောင်ပေါ့ဗျာ။ ကျွန်တော်တို့တောင်တွင်းနယ်က သစ်ကြီးဝါးကြီးမြင်ရင်ကို မရှိမသေ မလုပ်ရဲအောင် ရိုးတယ်ဗျ။ ပြီးတော့ ယုံကြည်အားကိုးရတဲ့ သက်ကြီးဝါကြီးဆိုလည်း ကွယ်လွန်ရင်တောင် အသေထွက်ဆိုပြီး နတ်တစ်ပိုင်း ကိုးကွယ်တတ်တဲ့ အလေ့လည်းရှိတာယ်။ အခုနတ်ကွန်းက အဘဇံဆိုရင် ကျွန်တော့် ဘကြီးအောင်ဖေပြောပုံအရဆို လူ့ဘဝတုန်းက အတော် ဆိုးသွမ်းသတဲ့ဗျ။ အသက်ရလာတော့ ရသေ့ဝတ်နဲ့ ဟိုး မင်းဝံတောင်ထိတက် တောတိုးတရားရှာနဲ့ လူတွေ ကြည်ညိုခံရတာပေါ့ဗျာ။ အဲ့ ခုနကပြောတဲ့ ဦးမောင်သိန်းဆိုတာ သွေးစပ်



www.burmeseclassic.com

www.burmeseclassic.com

ရင် သူ့မြေးတော်တာပေါ့။ သူ့အဘိုးက သူ့ကို စောင့်ရှောက်လို့ နတ်ရေကန်ထဲကျသလို ကြီးပွားတော့ လူ့သည်းခြေကြိုက်ဖြစ်ပြီး အဘဖုံနတ်တန်ခိုးထွားရတော့တာပဲဗျ'

သူတို့ငေးမောနေစဉ်မှာပင် ကြိုးတစ်ဖက်ပြုတ်လက်ဆွဲအိတ်ကို စုကိုင်လာသော ဆံပင်ဖွေးဖွေးလျှပ် အမျိုးသမီးတစ်ဦးသည် လူရှင်းသွားသော နတ်ကွန်းရှေ့သို့ ရောက်လာသည်။ အမျိုးသမီးသည် အမွှေးတိုင်တစ်တိုင် မီးညှိပူဇော်၍ စာရွက်ဖြူတစ်ရွက်ကိုဖြန့်ကာ နဖူးထက်တင်သည်။

ကျောင်းဆရာက သက်ပြင်းတစ်ချက်ချရင်း 'ဒီနေ့လကုန်ရက်ပဲ' ဟု ခပ်တိုးတိုးဆိုသည်။

'ကျွန်တော့်မိန်းမလည်း မနက်ဈေးသွားကတည်းက ဝင်ပြီးပုံပါပဲဗျာ'

လက်ဖက်ရည်ခွက် ဆွဲယူရင်း အရယ်တစ်ဝက်နှင့် သူပြောတော့ ကျောင်းဆရာက လိုက်မရယ်ပေ။

'လူတွေကျပ်တည်းလေလေ သစ်သုံးပင်က တန်ခိုးထွားလေလေနေမှာပဲ ကိုကျော်လွင်ရ။ ကျွန်တော်တို့ မြို့သီးနှံဖောက်ကား ရောင်းဝယ်ရင်း အေးဆေးခဲ့ချိန်ကဆို ဒါမျိုးတွေ ဘယ်လာရှိမလဲ။ ခုတော့ မြို့ခံအလုပ် မည်မည်ရရမရှိ၊ လူငယ်မှန်သမျှ အဝေးရောက်၊ ကျန်တဲ့လူ ရာနှုန်းတော်တော်များများက လောင်းကစားနဲ့ မူးယစ်ဆေးထဲရောက်နဲ့ နောင်ဆို စည်ကားရာဆိုလို့ ဒီသစ်သုံးပင်ပဲ ကျန်တော့မယ်ဗျ'

# udwpfzufyfwf vufqGdwfukd pkudfvmaom qyIifazGazGvyf trpdbrD wpfDonf vSfoGaom ewfueffa&Sokd a&mufvmonf trpdbrDonf tar;Twkdfwpfwkdf rDngSaZmfi pm&GujfZLwp&Guf ukd jzeYfum ezJxufwifonf

ကျောင်းဆရာနှင့် သူ စကားဖြတ်ကာ လူစုခွဲတော့ သစ်သုံးပင်အောက်တွင်လည်း လူရိပ်ပြတ်နေပြီဖြစ်သည်။ ❑

မိုးတဖွဲဖွဲရွာသည့် လေအေးကြောင်းသင့် ညနေခင်းတွင်ဖြစ်သည်။ သူသည် သူ့ဇနီးပြင်ပေးထားသည့် ရေနွေးကြမ်းတစ်အိုး၊ ထောပတ်ပဲသုပ်တစ်ပန်းကန်နှင့် ခြေတံရှည်အိမ်၏ ပရပ်ဆောင်မှာ ပျင်းပျင်းရိရိ ထိုင်နေမိသည်။ စနေဝတ်အသင်းသူ ဇနီးသည်က တောင်ပေါ်ဘုရားသို့ ဝတ်ရွတ်ရန်မသွားမီ တာဝန်ပေးခဲ့သော သပြေပန်းဖောက်သည်များကို စောင့်ရင်း သူ ခြေချုပ်မိနေသည်။ တောင်လေတစ်ချက် ဝှေ့လာတော့ မိုးဖွဲအောက်မှာ ရွှေသပြေရုံများ ယိမ်းနွဲ့သွားသည်။ ခြံစပ်ထိလု ရိုးချောင်းရေသည် တဟဲဟဲ မြည်သံပေးကာ နွံ့ရောင်တိုးလာနေသည်။ အထက်ပိုင်းမှာ မိုးများနေပြီဟု သူ တွေးမိရင်း ညအခါဘုရားရှိခိုးပြီးချိန်များမှာ ကြားရမည့် 'တောင်၏သနင်း၊ တော၏အရှင် အဘသခင်ကို ရိုကျိုးပူဇော်ပါ၏။ ရေမြေမိုးလေတို့၏ ဘေးအန္တရာယ်များမှ ဝေးအောင်၊ ကွာအောင်၊ လုံခြုံမှုရှိအောင် စောင့်ရှောက်ပေးတော်မူပါ' ဟူသည့် ဇနီး၏ ဆုတောင်းစကားထံ စိတ်ကရောက်သွားသည်။ မြို့နှင့်လှမ်းသော ရိုးချောင်းစပ်ခြံကျယ်ကြီးထဲ တစ်နေကုန်တကုပ်ကုပ်ရှိတတ်သည့် သူ့ဇနီးသည် အေးဆေးသူဖြစ်သည်။ ဇနီးသည်လည်း သူကဲ့သို့ပင် တောင်တွင်းဇာတိမဟုတ်ပေ။ မြေပြန့် တံတားဦးနယ်တူ နှစ်ဦးက တာဝန်ကျရာ သည်တောင်တွင်းမြို့မှာ ဆုံပြီး အခြေကျခဲ့ကြတာဖြစ်သည်။ စိမ်ကိန်းရုံး နေ့စားဝန်ထမ်းဇနီးသည်က အိမ်ထောင်ကျတော့ အလုပ်ထွက်လိုက်ပြီး မြေစာရင်းရုံးစာရေးဖြစ်သူ သူကတော့ စာရေးကြီးအဆင့်ဖြစ်သည့် ယခုအချိန်အထိ ဝန်ထမ်းဘဝမှာမြဲဆဲ။ အခြေအနေပေးလျှင် ဇာတိသို့ပြန်ကြရန် ဇနီးသည်က အမြဲမျှော်လင့်ခဲ့သော်လည်း သူ့ဆုံးဖြတ်ချက်နှင့်ပင် မြို့ကွက်ချဲ့ချိန် မဲပေါက်သော သည်ရိုးချောင်းခြံကလေးမှာ အခြေချခဲ့ရတာပင်။ နှစ်ဖက်စလုံးမှာ ကျောထောက်နောက်ခံမရှိသူများဖြစ်၍ ဇာတိရပ်ရွာ အိပ်မက်ကို သူ့ဇနီးလည်း မေ့ခဲ့ရပြီ။

'ကိုယ့်ခြံမြေနဲ့ကိုယ် အတည်တကျရှိရတဲ့အရသာ ဘာနဲ့မှ မလဲနိုင်ဘူး နွဲ့ရေ။ ဝန်ထမ်းအလုပ်ကလွဲရင် ဘာမှမစဉ်းစားတတ်ဘူးမပြောနဲ့။ ကိုယ်ပိုင်တဲ့မြေနဲ့ ရှာစားရတာလောက် ခိုင်မာတာမရှိဘူး။ နွဲ့ မကြောင့်ကြစေရဘူး'

ခြံမြေလေးပိုင်ခါစ တောရိုင်းတွေ တပင်တပန်းရှင်းရင်း တက်ကြွနေသည့် အိမ်ထောင်ဦးစီးသူ့နောက်မှာ ဇနီးနှင့်သမီးတို့ ချွေးသံရွှဲရွှဲနောက်က ပါခဲ့ကြသည့် ဘဝအစကို သူ သတိရသည်။ ဆီးခြံတစ်ဖြစ်၊ ဖရဲခြံတစ်ဖြစ်နှင့် ရာသီပေါ်တွေ လှိုင်လှိုင်ထွန်းရင်း ခြံရှင်ဘဝမော်ခဲ့ရင်း သမီး၏ ပညာရေးကို အဆင့်မီမီ ထောက်ကူနိုင်ခဲ့သည့် ဆယ်စုနှစ်တာကာလတွေကို သူ သတိရသည်။ ပြီးတော့ ခြံမြေများ ပျက်စီးလျော့ရဲလာသည့် သည်မှာဘက်နှစ်များ။

'တဖြည်းဖြည်း ခြံတွေမှာ လူတွေနည်းလာလိုက်တာ ကျွန်မတို့ အတန်းဆို ခေါင်းရင်းခြံလည်း လူမရှိတော့ဘူး။ ခြေရင်းခြံက မထားတို့လည်း အလုံပြောင်းတော့မယ်တဲ့။ ကျွန်မပြောရင် အနှစ်မရှိသလို မကြည့်နဲ့ဦး။ မထားက အဘဖုံဆီမှာ ယုံယုံကြည်ကြည် ဆုတောင်းသတဲ့။ အဘဖုံတို့ တောင်တွင်းနယ်ကို ချစ်ပေမဲ့ ဒီလိုမိုးလေကြီးပြီး တောင်ပြိုရေမြုပ်ဆို သမီးတို့ အရမ်းကြောက်လို့ ကိုယ့်နယ်ကို ပြန်ခွင့်ပေးပါနဲ့ တစ်ရက်မပျက် ဆုတောင်းခဲ့တာ သူ့ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်တူးက လမ်းဖောက်တဲ့ ကုမ္ပဏီမှာ ဆီကားမောင်းရတဲ့ ကြားအလုပ်ရပြီး အတော်အဆင်ပြေသွားတာပဲ။ ခုတော့ အလုံက သူ့အမေခြံကိုတစ်ခြမ်းဝယ်နိုင်ပြီး အိမ်ကလေးတောင် ဆောက်နိုင်ကြတယ်'

သည်ဆယ်စုနှစ်များမှာ သူ့ခြံသည် နှစ်ရှည်သရက်ပင်များ၊ သပြေရုံများ ကလွဲလျှင် မိုးလေ မမှန်သည့် ရာသီကြောင့် မြေအက်ကြားပိုများလာသကဲ့သို့ သူ့ဇနီးသည်လည်း များစွာပြောင်းလဲခဲ့ပြီ။ ယခင်က သူ့ရိုးဂုဏ်ကို နှစ်သက်တတ်၊ လေးစားတတ်သည့် ဇနီးသည် အခါများစွာ စကားလွန်မှာစိုးသည့်ပုံနှင့် နှစ်ဦးတည်းရှိသော အိမ်မှာ ငြိမ်နေတတ်ခဲ့ပြီ။ စာတော်သော သူတို့၏ တစ်ဦးတည်းသော သမီးကလေးက အဝေးတက္ကသိုလ်မှာသာ ကျောင်းပြီး၍ အရာရှိစာမေးပွဲတစ်ဆင့် အောင်ချိန်မှာလည်း နယ်စွန်နယ်ဖျားသာ ရောက်ရရှာတော့ ဇနီးမှာ သူ့ကလွဲလျှင် အဖော်မဲ့ရှာသူပင်။ လွန်ခဲ့သည့် သုံးနှစ်က သူတို့တောင်တွင်းမှာ ရာစုနှစ်၏ အဆိုးဝါးဆုံး မိုးကြီးမှုဖြစ်ခဲ့သည်။ ထိုအချိန်က သူသည် ရုံးကိစ္စနှင့် ခရိုင်မြို့သို့ ညအိပ်ခရီး ရောက်နေချိန်ဖြစ်သည်။ တောင်တွေအဆင့်ဆင့်ဖြတ်သည့် ကားလမ်းသည်လည်း တောင်ပြိုကာ ပိတ်သွားသကဲ့သို့ သူတို့ခြံစပ်ပင် မသိဖူးသည့် ရိုးချောင်းက မြစ်မကြီးရေတက်ကာ မြို့သေးတစ်မြို့လုံးကို လွှမ်းပစ်ခဲ့သည်။ ရက်သတ္တပတ်အကြာထိ သူတို့ခြေတံရှည်အိမ်ပေါ်မှာ ခြံ

]a':ykt df 0ifaevld aemufu:o;Gw,f oD[ldfñef vm,lqldld ajymvldfao;w,f or[D&ar;@wl aomumom; zat vkfolu om t b q D o;Gyb Zmf qkwmifay;&if ykt u(dx Jrwb jyefajymvltcif wmav ybZmfay;zdk aeaeomomvkd

အလုပ်သမား လင်မယားနှစ်ယောက်နှင့်အတူ အစာရှာကြံစားရင်း တဟဲဟဲမြည်သံပေးသည့် ရေသံတွေကြား၊ တောင်ပြိုသည့်တော်လဲသံတွေကြား သူ့ဇနီး အားတင်းနေခဲ့ရှာသည်။ ဆိုင်ကယ်လမ်းပွင့်သည်နှင့် ခြေကျင်တစ်ပိုင်း အပြေးပြန်လာသော သူ့ကို မြင်မှ အဖျားကြီးဖျားအောင် သွေးပျက်ခဲ့ရှာသည့် ဇနီးကို အခုအချိန်ထိ သူ သနားမဆုံး။

ကျောင်းဆရာ ပြောတတ်သည့် လူတွေကျပ်တည်းလေ အဘဖဲ့နတ် တန်ခိုးထွားလေဟူသည့် စကားအတိုင်းပင် ရေလွှမ်းချိန်က သစ်သုံးပင်အခြေကုန်းကမူ နတ်ကွန်းအစပ်က သီသီလွတ်လေရာ အဘဖဲ့ဩဇာလည်း ပိုကြီးခဲ့သည်ပင်။

'အဘဖဲ့နယ် တန်ခိုးဒီလောက်ရှိလျက်နဲ့ မြို့တော့ မကယ်ဘဲ ကိုယ့်နတ်ကွန်းစပ်ရောက်ချိန်ထိ ရေစောင့်တာတော့ အတ္တကြီးတာပဲ'

သတင်းစကားတွေအကြား သူ့ထင်မြင်ချက်ပြောမိသည့် တစ်ညနေက သူ့ဇနီး၏ မျက်စောင်းကိုရခဲ့သည်။ တောင်ပြိုကာလပြီး လအတန်ကြာသည်ထိ မိုးသံ၊ လေသံကြားလျှင် ခြေလက်အေးအောင် ချောက်ချားတတ်သော ဇနီးသည်က အဘဖဲ့နတ်ကွန်းသွားတတ်ချိန်မှာ ပူဇော်သံတရွရွနှင့် တည်ငြိမ်သွားသည့် ကျေးဇူးနှင့်ပင် သူသည် ဇနီးသည်ရှေ့မှာ နတ်ကွန်းအကြောင်းမပြောမိအောင် ဆင်ခြင်တတ်ခဲ့ပြီ။

'ကလင်… ကလင်'

စက်ဘီးဘဲလ်သံ ဆူဆူညံညံကြောင့် ပရပ်ဆောင်ပေါ် ငူငူကြီးထိုင်ကာ တွေးချင်ရာတွေးနေသောသူ အသိဝင်လာသည်။

'အဘဖဲ့ငြိုကာချဲ့ လေကန်ဖော် ကျောင်းဆရာခရီးထွက်သွားတော့ အိမ်ကလူလည်း ကြက်ကြီးလည်လိမ်နေသလိုပဲ'

အိမ်အောက်ထဲထိ စက်ဘီးကို တွန်းဝင်လာရင်း ဇနီးသည်က သူ့ကို လှမ်းခနဲ့သည်။

'ဒေါ်ပုအိမ် ဝင်နေလို့ နောက်ကျသွားတယ်။ သီဟိုဠ်ညွန့် လာယူဆိုလို့။ ပြောလိုက်သေးတယ်၊ သမီးနဲ့ မွေးနံ့တူ သောကြာသား ဖအေလုပ်သူကသာ အဘဆီ သွားပူဇော်ဆုတောင်းပေးရင် ပိုအကျိုးထူးမတဲ့။ ပြန်ပြောလိုက်ချင်တာလေ၊ ပူဇော်ပေးဖို့ နေနေသာသာလို့'

လှေကားတစ်လျှောက်တက်လာရင်း သူ့ဇနီးက အလိုမကျဟန် တဖျစ်တောက်တောက် ဆိုသည်။ ဒေါ်ပုသည် သူတို့မြို့၏ တစ်ဦးတည်းသော သက်တော်ရှည်နတ်ဝင်သည်ဖြစ်သည်။ ရေကပြင်မှာထိုင်၍ သီဟိုဠ်ညွန့်တွေကိုင်ကာ ရေဗွမ်းဗွမ်းပါအောင် ဆေးနေသည့် သူ့ဇနီးကို ကြည့်ရင်း မြေပြန့်ပြန်လိုသည့် မိခင်အတွက် ဝန်ထမ်းလိုင်းခန်းတစ်ခန်း ရလောက်သည့် မြေလတ်မြို့တစ်မြို့သို့ ပြောင်းနိုင်ရန် ကြိုးစားနေရှာသည့် သမီးကလေး၏မျက်နှာ နွမ်းနွမ်းကို သူ မြင်ယောင်လွမ်းဆွတ်သွားသည်။

❑

မိုးတစ်လှည့် လေတစ်လှည့်နှင့် အုံ့မှိုင်းဝေရီသည့် သောကြာနံနက်ခင်းတွင်ဖြစ်သည်။ သူသည် စီးတော်ယာဉ် စက်ဘီးကလေးနှင့် ရိုးချောင်းစပ်လမ်းအတိုင်း သူ့ခြံမြောက်ရူးရူးသို့ ဦးတည်လာသည်။ လေတစ်လှည့်အသာတွင် ရွက်ချင်းစပ် သစ်ရွက်များပေါ်ခိုနေသည့် မိုးရေစက်များက သူဆောင်း ထားသည့် ခမောက်ဝိုင်းပေါ် ဖျောခနဲ ကျလာသည်။ သူ့ဇနီး စိတ်လက်ချမ်းသာစွာ ပြင်ဆင်ပေးလိုက်သော စက်ဘီးခြင်းထဲမှ ရွှေသပြေများ၊ သီဟိုဠ်ညွန့်များသည်လည်း လေအဝှေ့မှာ တဖျပ်ဖျပ်လှုပ်ခါသွားသည်။ ■

**ဆေးဆေး**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၆၇)မှ...*

တစ်မွန်းတည့်လျှင် ငါ၏ မျက်လုံးများသည် ကြံ့ကြံ့မခံနိုင်ဘဲ မှေးမှိတ်လာကြသည်။ အိပ်စက်ခြင်းမှ နိုးလျှင်ကား ငါသည် ရေပြင်အလယ်တွင် အထီးတည်း မချင့်မရဲ ရှိပြန်၏။ ငါသည် ကမ်းနှင့် ပင်လယ် သံသရာတွင် ပင်ပန်းလေပြီ။ သို့သော် အားကား မလျော့။ လှော်မြဲ၊ ခတ်မြဲ၊ ပင်လယ်အခြေတွင် ငါ၏ အရိုးမကျစေရဟု စိတ်အားပြင်းထန်မြဲတည်း။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံး၏။ နေ့စဉ်နှင့်အမျှ နေမင်းသည် အရှေ့ပင်လယ်ပြင်မှ ထွက်၍ အနောက်ပင်လယ်ပြင်ထဲသို့ ငုပ်လျှိုးပျောက်ကွယ်သွားသည်။ လသည် အမှောင်နှင့်အတူ ပွင့်ဖူးမြဲ။ ထို့နောက် အလင်းနှင့်အတူ ကွယ်ပျောက်မြဲ။ လှိုင်း တဟည်းဟည်းထသည့် ပင်လယ်ညသည် မကြာခဏ ရောက်လာမြဲ။ တစ်ခါတလေတွင် ငါသည် အမှန်တကယ် သေရတော့မည်ဟု စိတ်ချုံးချုံးကျ ငိုမိသည်။ တစ်ခါတလေကား မနက်ခင်း အလင်းနှင့် လူကောင်းပကတိ ပြန်ဖြစ်နေမည့် အဖြစ်ကို သတိရလျက် ကြောက်စိတ်သည် မရှိ၊ နှင်းပန်းပွင့်ကိုသာ သတိရ မြည်တမ်းနေမိပါ၏။

❑

၅။

မှေးခနဲ အိပ်ပျော်သွားရာမှ နှင်းပန်းပွင့်အား အိပ်မက်၍ နိုးထ,လာရသည့် မနက်ခင်းတစ်ခုတွင် အခါတိုင်းရောက်နှင့်ပြီးဖြစ်သည့် ရေဘူးနှင့် ဆန်မုန့်ကို မတွေ့ရ။ နေလုံးသည် ခါတိုင်းနှင့်မတူ ကောင်းကင်အထက် လျှင်လျှင်မြန်မြန်ပင် မြင့်တက်လာပြီး ချစ်ချစ်တောက်ပူ၏။ အိုး... ဆာလိုက်တာ။ ချွေးများသည် ငါ့ခန္ဓာကိုယ်မှ ရေစိုအဝတ် ညှစ်ထုတ်လိုက်သကဲ့သို့ တလိမ့်လိမ့်စီးထွက်သွားကြသည်။ ဘယ်လိုလုပ်ကြမည်နည်း။ ငါသေရတော့မည်ထင်၏။ ရေ၊ ရေဟု အဆက်မပြတ် မြည်တမ်းရင်းပင် ငါ လှေကို တရစပ် လှော်သည်။ ထိုသို့ လှော်နေရင်းပင် လှူသည် ဟိုက်၍ ဟိုက်၍ လာ၏။ လက်သည် မြဲမြဲမဆုပ်နိုင်တော့။ ထို့နောက် လှော်တက်ငယ်သည် ငါ၏ လက်အတွင်းမှ ဖျတ်ခနဲ ခုန်ချသွား၏။ ငါဘာလုပ်ရမည်နည်း။ ငါ နင့်နင့်သည်းသည်း ငို လိုက်၏။ သို့သော် ကျစရာ မျက်ရည်ကား မရှိပြီ။

အချိန်တို့သည် တဖြည်းဖြည်း ကုန်ခဲ့၏။ နေသည် ပင်လယ်အောက် ပျောက်ကွယ်သွားတော့မည်။ ငါသည် မတ်မတ်ထိုင်ရန်ပင် အားမရှိတော့။ လှေဝမ်းထဲတွင် ဖျော့တော့စွာလဲလျောင်းနေရသည်။ အဘယ်မျှ တိတ်ဆိတ်လိုက်ပါသနည်း။ ပင်လယ်သည် လေပြည်လေညင်းသော်မျှ မရှိ။ အသံသဲ့သဲ့မျှမကြားရ။ အို တိတ်ဆိတ်ခြင်းကို မခံစားနိုင်ပြီ။ သေမင်းသည် တိတ်ဆိတ်ခြင်းနှင့်အတူ ရောက်လာ၍ ငါ့အား သတ်တော့မည်ကဲ့သို့ စိတ်တွင် ထင်သည်။ ထို့နောက် ငါသည် အိပ်နေရင်းပင် လက်ဆစ်ကို ခေါက်ချိုး၍ လှေနံရံကို တစ်ချက်ချင်း ခေါက်ရန် ကြိုးစား၏။ ဒေါက်...၊ ဒေါက်... ဒေါက်။ ဒေါက်... ဒေါက်... ဒေါက်... ဒေါက်။ ခေါက်မည်၊ တိတ်ဆိတ်ခြင်းကို တွန်းလှန်ရန် ငါသည် အဆက်မပြတ် ခေါက်ရမည်။ သေမင်း မလာနိုင်သည်အထိ၊ မနက်ခင်း နေလုံးကြီး ပြန်ထွက်လာသည့်အထိ။ မနက်ခင်း အိပ်ရာနိုးချိန် ရေဘူးနှင့် ဆန်မုန့်သည် ငါ့နံဘေးတွင် ရောက်နေလိမ့်မည်။ ထိုအချိန်အထိ ငါသည် ရပ်တန့်၍ မဖြစ်။ ငါ မရပ်မနား ခေါက်ရမည်။

ငါသည် လှေဝမ်းထဲ မိန်းမောဆဲတွင် ရယ်သံသဲ့သဲ့ကြားသလို ထင်သည်။ နှင်းပန်းပွင့်...၊ နှင်းပန်းပွင့်လား။ ငါသည် လှေနံရံကို ဆုပ်ကိုင်၍ ခေါင်းထောင်ကြည့်၏။ ဟုတ်သည်၊ ဝေါခနဲ ပြေးလာသည့် လှိုင်းများအကြားတွင် ရယ်မောနေသော နှင်းပန်းပွင့်။ နှင်းပန်းပွင့်... နှင်းပန်းပွင့်...။ ငါသည် ငယ်သံပါသည်အထိ အဆက်မပြတ် တကြော်ကြော်အော်သည်။ နှင်းပန်းပွင့်သည် မကြား။ လှိုင်းလုံးများကြားပေါ်ချည်ပျောက်လိုက်ဖြင့် တခစ်ခစ် ရယ်မြဲ။ နှင်းပန်းပွင့်... နှင်းပန်းပွင့်ရေ။ ပင်လယ်လှိုင်းလုံးများကြား တခစ်ခစ်ရယ်နိုင်သူ နှင်းပန်းပွင့်သည် လူ မဟုတ်နိုင်ပြီ။ ငါ့အား လာရောက်ကြိုဆိုသည့် လိပ်ပြာဖြစ်ချိမ့်မည်။ သေမည်၊ နှင်းပန်းပွင့်နှင့် အမြန်ဆုံတွေ့ရန် ငါသည် အမြန်ဆုံးသေရမည်။ သေစိတ်သည် ငါ့ထံ မည်သို့ ခိုဝင်လေသည်မသိ။ ငါကိုယ်တိုင် မသိလိုက်သည့် အချိန်ခဏတွင် ငါသည် စိတ်ကို ပိုင်းဖြတ်လျက် ပင်လယ်အတွင်းသို့ လိမ့်ဆင်းမိပြီးသားဖြစ်နေ၏။ အေးစက်စက် ဝဲဂယက်သည်လည်း ငါ့အား ဆီးကြို၍ ပင်လယ်၏အခြေသို့ ဆွဲချလျက်သားရှိနေ၏။ ငါသည် တစ်ချက်မျှ ရုန်းကန်လိုက်မိသလားတော့မသိ။ တစ်ချက်၊ အလွန်ဆုံး နှစ်ချက်မျှပါပဲ။ နောက်ဆုံးမတော့ ငါသည် အောင်မြင်သွားလိမ့်မည်။ မွန်းလှပြီ။ အို မြန်မြန် ပြီးလိုက်ပါတော့။ သေမင်းထံသို့ တည့်တည့်ပြေးနေဆဲပင် အားလုံးပြီးဆုံးသွားချိန်၌ ရေထုထဲ အသက်မဲ့ ပေါလောမျောနေမည့် ငါ့သဏ္ဍာန်သည် ဘယ်လိုရှိမှာပါလိမ့်ဟု ငါ တွေးမိ၏။ ဂရုစိုက်စရာမဟုတ်၊ အရေးကား မကြီးပြီ၊ အဆုံးတွင် နှင်းပန်းပွင့်သည် အပြုံးမျက်နှာနှင့် စောင့်ဆိုင်းနေမည် မဟုတ်ပါလား။

❑

၆။

ငါ၏ မျက်လုံးအပွင့်တွင် မြင်ရသော ကောင်းကင်သည် ရေဆေးချထားသည့် သလင်းကျောက်ပြားကဲ့သို့ စင်ကြယ်၏။ လှုပ်ယမ်းယိမ်းထိုးနေသည့် လှေငယ်၏ နံရံကို မှီတွယ်အားပြု၍ မျှော်ကြည့်လျှင်ကား ပြန့်ပြူးလှသော ရေပြင်ကျယ်သည် စိမ်းမြမြ ပြာလဲ့လဲ့။ ငါ၏ ခြေရင်းတွင်ကား လှော်တက်ငယ်တစ်ချောင်းသည် အထီးတည်း။ ပင်လယ်သည် အဆုံးမရှိပေတကား။ ■

**ရေအေး**



www.burmeseclassic.com

www.burmeseclassic.com



၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၁

# အပြန်

## မြစ်ကျိုးအင်း

၁။

မရပ်မနား ပျံ့သန်းလာခဲ့၍ အတောင်ပံများ ညောင်းလွန်းလှပြီ။ ရင်ထဲတွင်လည်း တလှပ်လှပ်နှင့် အဆမတန် မောပန်းလွန်းနေသည်။ လေထုကို တိုးခွဲနေရသည့် ခန္ဓာကိုယ်သည် မီးတောက်တော့ မလားပင် ထင်ရ၏။ ခဏတာ နားလိုက်မည် ကြံရွယ်မိတိုင်း ချစ်ဇနီး၏ ရုပ်ပုံလွှာကိုသာ ပြန်မြင်ယောင်ကာ တောင်ပံခတ်နှုန်းကို အရှိန်တင်မိပြန်သည်။ ဆက်ဆက် ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါ့မည် ယုံကြည်စွာ စောင့်နေပါဟု သူ မသွားခင်က မှာထားခဲ့သည်ကို လိုက်နာနေမည့် ချစ်ဇနီးထံကို အမြန်ဆုံး ပြန်ရောက်ချင်လှပါပြီ။ သူ့ဇနီးဘက်က စိတ်မာတတ်နိုင်မာစွာ စောင့်ဆိုင်းနေမည်ကို သူသိသလို၊ သူ အမြန်ဆုံးပြန်လာမည်ကို သူ့ဇနီးလည်း ယုံကြည်နေလိမ့်မည်။

ထိုအပြန်အလှန် ယုံကြည်ချက်ကြောင့်ပင် အတောင်ပံများ ညောင်းညာလာချိန်အထိ သူ မနားရဲပါ။ ဆူညံနေသည့် တောင်ပံခတ်သံ တဖျပ်ဖျပ်သည် သူ့အတွက် စိတ်အားတင်းစရာ ကိုယ်တိုင်တီးခတ်နေသည့် တေးသွားဖြစ်နေမည် ထင်သည်။ သူ့အပြန်လမ်းတွင် အန္တရာယ်များ ဝိုင်းနေသလို သူ့ချစ်ဇနီး အနားတွင်လည်း အန္တရာယ်က ရှိနေသေးသည်။ သူအမြန်ဆုံး ပြန်ရောက်နိုင်ခြင်းသည် သူရော၊ သူ့ဇနီးကိုပါ လုံခြုံနွေးထွေးမှုကို ရစေမှာကြောင့် ခဏတာ ရပ်နားလိုက်ဖို့ကိုပင် မတွေးရဲပါ။ သူ့အိမ်ပြန်ခရီးတွင် လေနီကြမ်းများ

www.burmeseclassic.com

www.burmeseclassic.com

မရောက်လာမီ၊ မှန်တိုင်းထဲ မလွင့်ပါမီ၊ သူကျောပေါ်သို့ သားစားကြူးသည့် စွန်ရဲငှက်တစ်ကောင်ကောင်၏ လက်သည်းချွန်များ မကျရောက်လာမီ အိမ်ပြန်ရောက်မှဖြစ်မည်။

ထို့အတူ လှောင်အိမ်ထဲ ကျန်နေခဲ့သည့် သူ့ဇနီးနံဘေးတွင်လည်း အန္တရာယ်က ရှိနေသေးသည်။ သူ့ဇနီး နံဘေးတွင် ရစ်ဝဲနေသည့် ထိုအကောင်၏ မျက်နှာကို မြင်ယောင်မိလျှင် ဒေါသစိတ်ကြောင့် ခွန်အားများ နှစ်ဆတိုးဝင်လာသလို သူ့တောင်ပံများကို ယခင်ထက်ပို၍ ခတ်ဖြစ်ပြန်သည်။ သူ့ရင်ဘတ်သည် တဆတ်ဆတ်တုန်ယင်နေလေသည်။ သူ့ဇနီးအနားသို့ အတင်းတိုးကပ်နေသော ထိုတစ်ကောင်၏ မြင်ကွင်းသည် နှလုံးသားထဲ တံစို့ထိုးသလိုပင် စူးရှနာကျင်လွန်းလှ ပါသည်။ မုန်းတီးလိုက်တာ။ သူ့ရဲ့ ငရဲခန်းဟာ ဘယ်တော့များမှ ပြီးပါတော့မလဲ။ လွန်ဆန်ခွင့်မရှိ၊ ငြင်းပယ်ခွင့်မရသည့် ဘဝသည် ဘယ်အချိန်ရောက်မှ အေးချမ်းရပါ့မလဲ။

မကြာခဏ ကြုံတွေ့ရသော်လည်း ထိုငရဲခန်း၏ နှိပ်စက်ခြင်းတွင် သူ အသားမကျနိုင်သေးပေ။ အသစ်တစ်ကြိမ် ပြန်ကြုံတွေ့တိုင်း အပူမီးကို အသစ်တစ်ဖန် ခံစားရစမြဲပင်။ မကြာခင်က ကြုံခဲ့ရသည့် ငရဲခန်းကို မြင်ယောင်မိလျှင် တောင်ပံခတ်နှုန်းကို ပိုမြှင့်တင်မိပြန်သည်။ ပထမဆုံး အနေဖြင့် လှောင်အိမ်ထဲ ဝင်လာသည့်

, kd nfpG
apmifaey [k
ol
rofGcifu
rSxm;cbd nfukd
vkd emaernf
cpfZeDx Hkd
tjrefqkd
jyef&mufcif
vSyD
oZeDbufu
pdvfmwfckdfmpG
apmifqkdaernfukd
olod vkd
oltjrefqkd
jyefvmrnfukd
oZeDvnf
, kdnfaevdf
rnf

လက်ကြီးသည် သူ့ရင်ဘတ်ကို မိမိရရ ဆုပ်ကိုင်ကာ လှောင်အိမ်အပြင်သို့ ထုတ်ခြင်းဖြင့် သူတို့ဇနီးမောင်နှံ၏ ငရဲခန်းအစပြုလေသည်။ ထို့နောက် သူ့အစား နောက်တစ်ကောင်ကို လှောင်အိမ်ထဲသို့ ထည့်၏။ ထိုအခါ သူနှင့် ချစ်ဇနီး၏ သာယာနေသောကမ္ဘာ ပျက်လေသည်။ ထိုအကောင်သည် အင်မတန် တာဝန်ကျေလွန်းစွာဖြင့် လှောင်အိမ်ထဲ ကျန်နေခဲ့သည့် သူ့ဇနီးဘေးသို့ အတင်းတိုး ကပ်တော့သည်။ သူကတော့ လောင်မြိုက်လွန်းသော အပူမီးဖြင့် လှောင်အိမ် အပြင်ဘက်မှ တစ်ပတ်ပြီးတစ်ပတ် ပြေးလွှားကာ ဆောက်တည်ရာမဲ့ရတော့သည်။

နောက်မှ တကောက်ကောက်လိုက်နေသည့် ထိုအကောင်နှင့် ဝေးရာသို့ လှောင်အိမ်အတွင်း ရှောင်ပြေးနေသော သူ့ဇနီး၊ ထိုအကောင်ကို မယုံကြည်လိုက်ဖို့ တတွတ်တွတ်ရွတ်ကာ လှောင်အိမ်အပြင်ဘက်မှ လိုက်ပါ ပြေးလွှားနေရသော သူ၏ အရှင်လတ်လတ် ငရဲခန်း အရှိန်မြင့်တက်လာလျှင်တော့ ထိုလက်ကြီးသည် လှောင်အိမ်ထဲမှာ ထိုအကောင်ကို ပြန်ဆွဲထုတ်ကာ သူ့ကိုလှောင်အိမ်ထဲသို့ ပြန်ထည့်ပေးလေသည်။ ထိုအချိန်သည် နွေနေပူကို ဖြတ်သန်းပြီးချိန် စမ်းရေအေးအေးလေး မော့သောက်ခွင့်ရလိုက်သလို စိတ်နှလုံးအေးချမ်း ချမ်းမြေ့ရသော အခိုက်အတန့်သာ ဖြစ်သည်။ ငရဲခန်းမှ လွတ်မြောက်ပြီး ပြန်ဆုံရသော အချိန်မို့ သူနှင့်ချစ်ဇနီးတို့ လည်ချင်းယှက်ကာ ပွေ့ဖက်ရင်း နာကျင်စွာဖြင့် တိတ်တဆိတ်သာ ဖြတ်သန်းနေကြတော့သည်။ ထိုသည်ပင် မကြာခင် ကျရောက်လာတော့မည့် နာကျင်မောပန်းဖွယ်ရာ ငရဲခန်း၏ အစပျိုးချိန်ပင် ဖြစ်တော့သည်။ ထို့နောက် များမကြာမီ အချိန်တစ်ခုတွင် သူသည် ချစ်ဇနီးဖြစ်သူကို ချန်ထားရစ်ခဲ့ကာ ခရီးရှည်တစ်ခုကို အလိုမတူစွာ ထွက်ရတော့သည်။ သူ့အတွက် မရေတွက်နိုင်လောက်သည့် အချိန်များကို ဖြတ်သန်းပြီးမှ ချစ်ဇနီးရှိရာဆီ ပြန်လာခွင့်ရသည်။ ယခု အပြန်လမ်းသည် ခွဲခွာခဲ့ရသည့် အချိန်များကို အဆုံးသတ်ပြီး ချစ်ဇနီးနှင့် ပြန်ဆုံရမည့် အပြန်လမ်းသာ ဖြစ်သည်။ ထို့ကြောင့် ခဏတာ ရပ်နားလိုက်ဖို့ပင် မတွေးရဲပါ။

❑

၂။

*"အားလုံးရင်ဆိုင် ဒီမိုးသက်မုန်တိုင်းများ ကြမ်းတမ်း·××× ကိုယ် ဘယ်ဟာမှ မကြောက်ပြီ ကိုယ့်ရဲ့ ခြေလှမ်း တစ်လှမ်းချင်းလှမ်းရင်း ဆက်ကြိုးစား××× ရည်ရွယ်ခဲ့သောလမ်းတွေ××× ပြန်လာမယ့်လမ်းတွေဆီ××× ကြိုနေတော့ အချစ်ဆုံးလေး ကိုယ်ပြန်လာမယ့်လမ်းတွေဆီ××× ကြိုနေတော့ အချစ်ဆုံးလေး"*

အဆိုတော် အငဲ၏ သီချင်းသံက နားကျပ်မှ တစ်ဆင့် ရင်ထဲအထိ စီးဝင်လာသည်။ ထိုသီချင်းကို အခါခါ နားထောင်ခဲ့ဖူးသော်လည်း ယခုတစ်ကြိမ်လောက် သာယာချမ်းမြေ့ခြင်းမရှိခဲ့။ ယခင် အကြိမ်တိုင်း မျက်ရည်ဝဲရင်း အားတင်းရင်း နားထောင်ဖြစ်ခဲ့သည်။ ယခုအကြိမ်တွင်တော့ စိတ်က မြူးထူးစွာဖြင့် နှုတ်ကပါ ခပ်တိုးတိုးလိုက်ညည်းဖြစ်သည်။ "ဂန္တဝင်မြောက် အိမ်အပြန်" တဲ့။ သီချင်းနာမည်ကိုက အဓိပ္ပာယ်ရှိလွန်းလှသည်။ အခု ကိုယ်ပြန်လာပြီ အချစ်ရေ···ကြိုနှင့်တော့···။ လေယာဉ်ပြတင်းမှ မြင်နေရသော တိမ်တိုက်တချို့ကို ငေး



www.burmeseclassic.com

www.burmeseclassic.com

မောရင်း စိတ်ထဲမှ တိတ်တိတ်လေး ရွတ်နေမိသည်။ ဘယ်လိုပုံစံနှင့် သူ့ကိုကြိုနေမလဲ တွေးမိတော့ စိတ်လှုပ်ရှားရပြန်သည်။ ကောက်ကာငင်ကာ ပြန်ရောက်လာသည့်အတွက် အံ့ဩစိတ်တစ်ဝက်၊ ဝမ်းသာစိတ်တစ်ဝက်ဖြင့် ခုန်ပေါက်မြူးထူးနေလိမ့်မည်။ တကယ်မှ ဟုတ်ရဲ့လားဟု အထပ်ထပ်တွေးရင်း သူ့မျက်နှာကို ချစ်ဇနီးက ငေးမောနေလိမ့်မည်။ သူကတော့ ချစ်ဇနီးကို ရင်ခွင်ထဲ ပွေ့ဖက်ကာ ပစ္စုပ္ပန်အခြေအနေဆီကို ဆွဲခေါ်ရမည်ထင်သည်။ တကယ်ပါ အခု ကိုယ်ပြန်ရောက်လာပြီလေ။ အလွမ်းတွေနဲ့ ဝေးကွာခြင်းတွေကို အဆုံးသတ်ပြီး ပြန်ရောက်လာပြီလေ။ နောက်တစ်ကြိမ်မခွဲတော့ဖို့ အရာရာအဆုံးသတ်ပြီး ကိုယ်ပြန်လာပြီလေဟု တတွတ်တွတ် ရွတ်ဖြစ်မည်ထင်သည်။ ထိုအချိန်တွင်တော့ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကာ လည်ချင်းယှက်ရင်း တိတ်တဆိတ်သာ ဖြတ်သန်းဖြစ်ကြမည်ထင်သည်။

ချစ်ဇနီးနှင့် ပြန်ဆုံချိန်တွင် တိတ်တဆိတ်လေး ပွေ့ဖက်ထားဖြစ်မည်ကို တွေးမိတော့ ငယ်စဉ်က အဘိုး ပြောပြခဲ့ဖူးသည့် ခိုမောင်နှံပုံပြင်ကို ပြန်သတိရလာသည်။ မိုင်ထောင်ချီဝေးသည့် အရပ်မှ မနားတမ်းပျံသန်းလာမည့် ခိုအဖိုသည် သူ့ချစ်ဇနီးဆီကို အမြန်ဆုံးပြန်ရောက်ရန် သူ့တွင် ကျန်ရှိသမျှ ခွန်အားကို သုံးကာ မရပ်မနား ပျံသန်းခဲ့သည်တဲ့။ ထိုသို့ မနားတမ်းပျံသန်းရလောက်အောင်လည်း ခိုအဖိုလေးတွင် ဖိအားတစ်ခု ရှိနေသည်တဲ့လေ။ အဘိုးကို မကြာခဏ မေးဖူးတာမို့ ခိုမောင်နှံဇာတ်လမ်းက ယခုအချိန်အထိ အကျွမ်းတဝင် ရင်းနှီးဆဲဖြစ်သည်။ အိမ်ရှေ့တွင် ခိုကလေးများ လာနားသည်ကို မြင်မိလျှင်လည်း အဘိုးကို ထပ်ပြောပြခိုင်းမိသည်အထိ ထိုဇာတ်လမ်းလေးက စိတ်ထဲ ထိထိရှရှ ဖြစ်ခဲ့ရဖူးသည်။

‘လူတွေပေါ့ မြေးလေးရယ်။ ပေါက်ပေါက်ရှာရှာ နိုင်းစေတတ်တဲ့ လူတွေရဲ့ နည်းလမ်းတွေအောက်မှာ ချစ်ခြင်းမေတ္တာဟာ အသုံးချခံ ဖြစ်ခဲ့ရတယ်။ အဘိုးတို့ ငယ်ငယ်တုန်းကဆိုတော့ လမ်းပန်းဆက်သွယ်ရေး အင်မတန်နှောင့်နှေးတာပေါ့။ ဟိုးအဝေးအရပ်က သတင်းတစ်ခုကို ကြားသိရဖို့ဆိုတာ ရက်ပေါင်းများစွာကြာမှ ဖြစ်နိုင်တာလေ။ ဒီတော့ ကုန်သည်တွေက ကုန်စည်ဈေးနှုန်းတွေကို မြန်မြန်ဆန်ဆန် သိရဖို့ နည်းလမ်းထွင်တယ်။ အဲ့ဒီထဲက နည်းလမ်းတစ်ခုက အခု အဘိုးပြောပြမယ့် ခိုလေးတွေရဲ့ချစ်ခြင်းမေတ္တာကို အသုံးချတဲ့ နည်းလေးပေါ့။

‘သူတို့ လုပ်တဲ့ပုံစံက ခိုအဖိုနဲ့အမ စုံတွဲကို လှောင်အိမ်လေးထဲမှာ အတူတကွ ထည့်ထားတယ်။ အလွယ်ပြောရရင်တော့ ခိုမောင်နှံပေါ့လေ။ နေ့စဉ် အတူတကွထားပြီး သံယောဇဉ်တွေ ဖြစ်လာကြတော့မှ ခိုအဖိုကို လှောင်အိမ်အပြင်ထုတ်ပြီး တခြား ခိုအဖိုတစ်ကောင်ကို လှောင်အိမ်ထဲ ထည့်ပေးလိုက်တာ။ လှောင်အိမ်ထဲရောက်သွားတဲ့ ခိုကလည်း အထဲက ခိုမကို ရစ်တာပေါ့ကွာ။ ရစ်တယ်ဆိုတာ သိလား။ ချစ်စကား ကြိုက်စကားပြောတာပေါ့ကွာ။ ခိုမကလည်း သူ့ယောကျ်ား မဟုတ်တော့ လှောင်အိမ်ထဲ ပတ်ပြေး၊ အခုမှ ဝင်လာတဲ့ ခိုအထီးကလည်း မရမက လိုက်တော့တာပေါ့။

‘ဒါကို လှောင်အိမ်အပြင်ဘက်က မြင်နေရတဲ့ ခိုအဖိုလေးကတော့ ရင်ကွဲနာကျမတတ် ပူလောင်နေရပြီး လှောင်အိမ်အပြင်ဘက်ကနေ တစ်ပတ်ပြီးတစ်ပတ် ပြေးလွှားနေတော့တာပဲ။ သူ့နှုတ်ကနေလည်း အဘိုးတို့ နားမလည်တဲ့ အသံလေးတွေ ရွတ်လို့ပေါ့။ ခိုစကားနဲ့ တူပါတယ်ကွာ။ သူ့ခိုမလေးကို အယုံမလွယ်ဖို့၊ ဘေးမှာ သူရှိနေတုန်းပဲဆိုတာတွေ ပြောချင်တာ ထင်ပါရဲ့။ အဲဒီလို အချိန်တော်တော်ကြာ ထားပြီးရင်တော့ မူလခိုအဖိုကို သူ့နေရာ သူ ပြန်ထည့်ပေးလိုက်တယ်’

‘ဒါဆို ဟို ခိုကြီးကိုရော’

‘သူကလည်း အသုံးချခံရတာပါပဲ မြေးရယ်။ သူ့ကိုတော့ လှောင်အိမ်ထဲက ပြန်ထုတ်တာပေါ့။ လှောင်အိမ်ထဲက ခိုအဖိုလေးကို အချိန်မီ ပြန်မလာရင် သူ့ခိုမလေးကို ဒီခိုကြီးနဲ့ ပေးစားမယ်ဆိုပြီး ခြောက်တဲ့သဘောပေါ့။ ဒီတော့ ခိုအဖိုလေးက ဘယ်နေရာရောက်ရောက် သူ့လှောင်အိမ်ဆီကို အမြန်ဆုံး ပြန်လာရတော့တာပဲ။ ချစ်ခြင်းမေတ္တာများ ဘေးပယောဂဝင်လာရင် သိပ်ပူလောင်ရတာပဲ’

‘ခိုအဖိုလေးက ဘယ်ကိုသွားလို့ လှောင်အိမ်ဆီ ပြန်လာရတာလဲ အဘိုး’

‘ဒါက ဒီလိုကွဲ့။ ကုန်စည်ဈေးနှုန်းတွေ အချိန်မီသိဖို့လိုပြီဆိုရင် ခိုအဖိုလေးကို လှောင်အိမ်ထဲကထုတ်ပြီး ကုန်ကားကြီးနဲ့ တင်ခေါ်သွားတော့တာ။ အဲ့ဒီလို သွားရတော့မယ်ဆိုတိုင်း စောစောက အဘိုးပြောတဲ့ တခြားခိုအထီးတစ်ကောင်ကို လှောင်အိမ်ထဲထည့်ပြီး ခြေမြန်တော်ခိုလေးကို ခြောက်တော့တာပဲ။ ခိုလေးက သူ့ဇနီးပါသွားမှာ ကြောက်နေပြီဆိုတော့မှ အဝေးအရပ်ကို ကုန်ကားနဲ့ တင်ခေါ်သွားတော့တာ။ ဟိုဘက်ရောက်တော့ ကုန်စည် လက်ရှိပေါက်ဈေးနှုန်းတွေဘာတွေ အတည်ပြုပြီးတာနဲ့ စာရွက်မှာရေးပြီး ခိုကလေးခြေထောက်မှာ ချည်လွှတ်ပေးလိုက်တော့တာပဲ။ ခိုကလေးကတော့ သူ့ခြေထောက်မှာ ဘာစာရွက်ချည်ထားလဲတောင် မသိရှာပါဘူး။ သူ့ဇနီးဆီ အချိန်မီပြန်ဖို့ မရပ်မနား ပျံတော့တာပဲ’

‘တော်သေးတာပေါ့ အဘိုးရယ်။ ခိုကလေးက ပြန်လာခွင့်ရလို့’

‘ပြန်လာခွင့်တော့ ရပါရဲ့။ တချို့တွေကတော့ သူတို့ခိုမလေးဆီ ပြန်မရောက်လာနိုင်ရှာကြဘူး’

‘ဟင် ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com

အဘိုး'

'ခိုဖိုလေးတွေရဲ့ အပြန်လမ်းမှာ အန္တရာယ်တွေ အများကြီးပဲ မြေးရဲ့။ ပျံရင်း အတောင်ညောင်းပြီး ကျသေတာတွေ၊ လေမုန်တိုင်းထဲ ပါသွားရတာတွေ ၊ စွန်ရဲတွေရဲ့ လက်သည်းကြားမှာ အသက်ပျောက်ရတာတွေ အများကြီး ရှိတာပေါ့။ ခိုဖိုလေးတိုင်းဟာ သူတို့ရဲ့ ချစ်သူခိုမလေးဆီကို အကုန်အစင် ပြန်မရောက်နိုင်ကြပါဘူး။ တချို့တွေက အပြန်လမ်းမှာပဲ ပျောက်ဆုံးသွားကြရတယ်'

ချောချောမောမော အိမ်ပြန်ရောက်ခဲ့ကြသည့် ခိုအဖိုလေးများ၏ အိမ်ပြန်ချိန် စိတ်ဇောကို သူခံစားမိသည်၊ ကိုယ်ချင်းစာမိသည်။ သူသည်လည်း မလေးရှားနိုင်ငံတွင် အန္တရာယ်မျိုးစုံကို သတိနှင့် ကျော်ဖြတ်ခဲ့ရသည်။ မကျွမ်းကျင်သည့် လုပ်ငန်းခွင်အန္တရာယ်များ၊ လူမျိုးမတူသည့် ကြီးကြပ်အရာရှိများနှင့် အဆင်ပြေအောင် သည်းခံ ဆက်ဆံရခြင်းများ၊ ရရှိလာသည့် လခကလေးကို ကျစ်ကျစ်ပါအောင်စုရင်း ချစ်ဇနီးထံ အချိန်မီ ပြန်ပို့နိုင်ရန် စိတ်ဇောများ၊ အဆိုးဆုံးမှာ ကြမ်းတမ်းစိတ်ဝင်နေသော အိမ်ရှင်နိုင်ငံသား လူဆိုးလူမိုက်များနှင့် မဆုံတွေ့အောင် သတိမလပ် ရှောင်ရှားခဲ့ရသည်။ ကိုယ့်အသက်ကိုယ် တယုတယမွေးမြူရင်း နေ့ရက်တို့ကို ကုန်ဆုံးစေခဲ့ရသည်။ အခုတော့ သူသည်လည်း နှလုံးသား၏ ချည်တိုင်ဆီ၊ ချစ်ခြင်းမေတ္တာ၏ အိမ်ကလေးဆီ ချောချောမော

emu iz G &m
t wdvfwb nf
olqpbrm;ESft wl
ue&pfCyapom;
pG rfcif
aESifu dwb nf
ol
pey , fvdu aom
qpbrm; vd
b , aom t c r
jyef
r q u fyapom;
olwb nfv nf
a t ;c r fu yapom;
t djyefv r fu d
u cpm;yd efcd
o lwdf
a v Sift dfo nf
jrJpbG
&Seyapom;

မော ပြန်ရောက်တော့မည်။

တကယ်ဆို သူ၏ အလုပ်စာချုပ်သက်တမ်းမှာ သုံးနှစ်ဖြစ်သော်လည်း လုပ်သက်နှစ်နှစ် ပြည့်ခါနီးအချိန်တွင် ပြန်လာခဲ့ခြင်းဖြစ်သည်။ စာချုပ်ပြည့်သည်အထိ ဆက်နေနိုင်စွမ်းမရှိတော့။ ငယ်သူငယ်ချင်းများထံမှ ကြားရသည့် သတင်းစကားတချို့က မကောင်းလှပါ။ သူ့ချစ်ဇနီးနားတွင် လူရွယ်တစ်ယောက်ကို မကြာခဏ တွေ့ရသည်ဆိုသော သတင်းစကားကြားခဲ့ရသည့် ညတွင် သူအိပ်၍ပင် မပျော်ခဲ့ပါ။ ပူလောင်လွန်းသောရင်၊ ထိုင်မရ၊ ထမရ ဂနာမငြိမ်သော စိတ်၊ ဒေါသစိတ်ကြောင့် တဒိတ်ဒိတ်သွေးတိုးကာ တဆတ်ဆတ်ခုန်နေသော နှလုံးသားတို့ဖြင့် သူ့ခန္ဓာကိုယ်သည် ဆောက်တည်ရာမရခဲ့။

လုပ်ရက်လိုက်တာဟု အခါခါမြည်တမ်းမိသော အတွေးစကားတို့သည် သူ့ချစ်ဇနီး၏ ဖြေရှင်းချက်တွင် နေလာနှင်းကဲ့သို့ ကွယ်ပျောက်ခဲ့ရပြန်သည်။ အထက်တန်းကျောင်းသူဘဝအထိ နေခဲ့ဖူးသည့် ယခင်မြို့ကလေးမှ ကျောင်းနေဖက် ငယ်သူငယ်ချင်းဖြစ်သူနှင့် ပြန်ဆုံ၍ ခဏတာ သွားလာမိသည်ကို မြင်သူများက သားပုပ်လေလွင့် ပြန်ပြောသည့် စကားများသာ ဖြစ်ကြောင်း ဖြေရှင်းပြ၍ ပူသောရင်သည် တစ်ဖန် အေးချမ်းရပြန်သည်။ ကို့အပေါ် သစ္စာရှိစွာ စောင့်မျှော်နေပါသည်ဆိုသည့် အချွဲအနွဲ့စကားလုံးတို့အောက်တွင် စိတ်သည် တစ်ဖန်ပြန်လည် တက်ကြွခဲ့ရပြန်သည်။

ချစ်ဇနီးအပေါ် အလုံးစုံစိတ်ချသော်လည်း မမြင်နိုင်သည့်ကံကြမ္မာကို မယုံကြည်တော့တာကြောင့် မြန်မာနိုင်ငံပြန်ဖို့ ဆုံးဖြတ်ဖြစ်ခဲ့သည်။ စိတ်အစွဲကြောင့် ထင်သည် ထိုရက်ပိုင်းတွင် သူ့ဇနီးကို မြင်မက်မိသည့် အိပ်မက်တို့မှာလည်း နာကျင်ကြေကွဲဖွယ်ရာများသာ ဖြစ်နေခဲ့သည်။ အိပ်မက်မှ နိုးလာတိုင်း အိမ်ပြန်ချင်စိတ်တို့က ထိန်းမရနိုင်ခဲ့။ နောက်ဆုံး အိမ်ပြန်တော့မည်ဟု ရှူးရှူးမိုက်မိုက် ဆုံးဖြတ်လိုက်တော့သည်။ စာချုပ်မပြည့်သေး၍ ပြန်ရန်ကြိုးစားရသည်မှာ ခက်ခဲလွန်းသည်။ ပြန်လာခွင့်ရရန် ပေးဆပ်ခဲ့ရသည့် အရင်းအနှီးမှာ များလွန်းသော်လည်း ပြန်လာခွင့်ရခဲ့ရုံဖြင့် ကျေနပ်မိခဲ့သည်။

အိမ်ထောင်သက်ခြောက်လသာ အတူနေခဲ့ရပြီး နှစ်နှစ်ကျော်ကြာ ခွဲခွာချန်ထားခဲ့ရသည့် သူ့ဇနီးကိုလည်း လွမ်းလွန်းလှပြီ။ ဇနီးဖြစ်သူကလည်း သူ့လိုပင် လွမ်းနေမည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် သူ၏ အပြန်လမ်းသည် စိတ်အဟုန်လွင့်မျောကာ သာယာချမ်းမြေ့မှုဖြင့် တလှပ်လှပ်ဖြစ်နေခဲ့ရသည်။

❑

၃။

'ဝတ်မှုန်ရော'

လေဆိပ်ထဲရောက်ပြီးချိန် လာကြိုနေသည့် သူငယ်ချင်း အောင်သူရကို မေးတော့ သူ့ပုခုံးကို လာဖက်သည်။

'ရှိတယ် သူငယ်ချင်း။ လာ… လာ အရင် လေဆိပ်ထဲက ထွက်ကြစို့'

မနေ့ညကအထိ ဇနီးဖြစ်သူ ဝတ်မှုန်နှင့် ပြောဖြစ်သည့် အစီအစဉ်မှာ လေဆိပ်ကို အောင်သူရနှင့်အတူ လိုက်လာကြိုရန် ဖြစ်သည်။ တကယ်လာကြိုတော့ အောင်သူရ တစ်ယောက်တည်းသာ။ ထို့ပြင် တစ်လမ်းလုံး ဖုန်းခေါ်လိုက် ဖုန်းလာလိုက်ဖြင့် ဖုန်း တတွတ်တွတ်ပြောရင်း မောင်းလာသည်မှာလည်း သူ့အိမ်ကို မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

‘မင်း ဘယ်ကို မောင်းနေတာလဲ။ ငါ အိမ်ပဲ ပြန်မယ်လေ။ ပစ္စည်းတွေထားပြီးမှ ပြန်ထွက်ကြမယ်။ ငါ့မိန်းမလည်း အရင်ကြည့်ပါရစေဦးဟ။ သူ့ပါ တစ်ပါတည်းခေါ်ပြီး လာကြိုတာ မဟုတ်ဘူးကွာ’

‘အေးပါကွာ။ ဒီနားမှာ ကိစ္စလေးတစ်ခုရှိလို့ပါ။ ဒါထက် မင်းလက်က ပတ်တီးကြီးနဲ့ ဘာဖြစ်တာလဲ’

သူ့ဘယ်ဘက် လက်မနှင့် လက်ခုံကို စည်းထားသည့် ပတ်တီးကို လက်ညှိုးထိုးရင်း အောင်သူရမှ မေးသည့်အခါ ကိုယ့်လက်ကိုယ် ပြန်ငုံ့ကြည့်မိသည်။ တင်းတင်းကျပ်ကျပ်စည်းထားသည့် ပတ်တီးအောက်တွင် လက်မသည် လှုပ်မရ။ သူကိုယ်တိုင်လည်း လှုပ်ကြည့်ချင်စိတ် မရှိလောက်အောင် ယခုချိန်ထိ နာကျင်ရသည့် ဒဏ်ရာတစ်ခုသာ ဖြစ်သည်။

‘အလုပ်ထဲ ရခဲ့တဲ့ ဒဏ်ရာပါကွာ။ မတော်တဆ ဆိုပါတော့’

‘တော်တော်များလားဟ။ မင်းကလည်း သေချာဂရုမစိုက်ဘူးကွာ’

‘ဒါမျိုးက ဖြစ်တတ်ပါတယ်ကွာ။ ဒါထက် မင်းဖုန်းက မအားသေးဘူးလား။ ငါ့ခဏပေးဆက်ဦး၊ ဝတ်မှုန်ဆီဆက်မလို့’

ကားကို လက်တစ်ဖက်ဖြင့် မောင်းရင်း လက်တစ်ဖက်မှ ဖုန်းကိုင်ကာ တွေးတွေးငေးငေးဖြစ်နေသည့် အောင်သူရထံမှ ဖုန်းကိုဆွဲယူကာ ဝတ်မှုန်ကို ခေါ်ကြည့်တော့ ဖုန်းပိတ်ထားသည်။ အထပ်ထပ်ခေါ်ကြည့်သော်လည်း စက်ပိတ်ထားပါသည်ဆိုသည့်အဖြေမျှသာ။ သူနားမလည်စွာဖြင့် အောင်သူရကို ကြည့်တော့ ကားရပ်ပြီး လမ်းဘေးတစ်နေရာကို ငေးမောနေသည်။

‘ဘာတွေ ဖြစ်နေတာလဲကွ၊ ဝတ်မှုန့်ဖုန်းကလည်း ခေါ်မရဘူး’

‘ငါ မပြောချင်ဆုံး စကားပြောရတော့မယ် သူငယ်ချင်း။ ဝတ်မှုန် မရှိတော့ဘူး’

‘ဟာ .. ဘယ်သွားလို့ မရှိရတာလဲကွာ။ ငါညကမှ ဖုန်းပြောလိုက်သေးတယ်လေ။ သေသေချာချာ မှာထားတာ’

‘အေး မင်းမှာထားလို့ပဲ အဝေးဆုံးကို ထွက်သွားတာထင်တယ်။ ငါလွန်ခဲ့တဲ့ လတွေက ပြောဖူးတဲ့ ကောင်လေ။ မင်းမှတ်မိလား။ ဝတ်မှုန်နဲ့အတူ တတွဲတွဲ တွေ့မိတယ်ဆိုတာလေ။ အခု သူတို့နှစ်ယောက် ဒီမြို့ကနေ လစ်ထွက်သွားကြပြီ’

‘ဘာ’

‘ဒီမနက် မင်းကို ကြိုဖို့သွားခေါ်တော့ အိမ်တံခါးသော့ခတ်ထားတယ်။ မင်းတို့အိမ်ခန်း မျက်စောင်းထိုးနားက မုန့်ဟင်းခါးဆိုင်က ပြောပြတာတော့ မနက်စောစောကပဲ ဟိုကောင်က ကားနဲ့လာခေါ်လို့ လက်ဆွဲအိတ် နှစ်လုံးတင်ပြီး လိုက်သွားတယ်တဲ့။ ဘေးခန်းက သူတို့ဆီ အခန်းသော့ အပ်သွားတယ်တဲ့။ သူတို့ပြောတဲ့ သတင်းတွေကလည်း မကောင်းဘူးကွာ။ ငါ သူ့ကို တစ်မနက်လုံး ဖုန်းတွေတောက်လျှောက်ခေါ်တယ်။ မရဘူး’

‘ဟာ’

‘ငါစိတ်မကောင်းပါဘူး၊ သူငယ်ချင်းရာ။ မင်းအတွက် အရမ်းဝမ်းနည်းမိတယ်’

အောင်သူရပြောသည့် စကားများက နားထဲသို့ ရှင်းရှင်းလင်းလင်း မဝင်တော့။ သူသိလိုက်သည်မှာ ဝတ်မှုန်သည် သူ့ကို စွန့်ခွာကာ အဝေးတစ်နေရာသို့ ထွက်သွားခဲ့ပြီ။ ယုံနိုင်စရာပင်မရှိ။ တစ်ခုခုများ လွဲချော်နေမလားဆိုပြီး တွေးသော်လည်း သူ့ခေါင်းများ ထူပူကာ မစဉ်းစားတတ်တော့။ အိပ်မက်မက်နေသလားဟုပင် ထင်မြင်နေမိသည်။ ရင်ထဲတွင်လည်း ဘာမှမရှိတော့အောင် ဟာသွားသည်။ တစ်ဆို့ဆို့ခံစားမှုသည် လည်ချောင်းထဲသို့ပင် ဆန်တက်လာသည်။ သတိလက်လွတ်ဖြင့် ကားထိုင်ခုံလက်တန်းကို ဖျစ်ညှစ်ထားမိသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေ၏။

‘ငါ အခုလိုက်ရှာမယ် အောင်သူရ။ ငါ့ကို လိုက်ပို့ပေးပါကွာ။ ငါ သူ့ကို တွေ့ပြီး မေးချင်တယ်ကွာ။ တောက်… ရက်စက်လိုက်တာ ဝတ်မှုန်ရာ’

‘အခုချိန်မှာ မင်း တည်ငြိမ်အောင်ထိန်းဖို့ ခက်ခဲမယ်ဆိုတာ ငါသိတယ်။ ငါပြောချင်တာက ခဏလေး စိတ်လျှော့ထား။ မနက်ကတည်းက မျိုးကြီးနဲ့ ငတိုးကို လိုက်ရှာခိုင်းထားတယ်။ ခုနကအထိတော့ မတွေ့သေးဘူးလို့ပဲပြောတယ်။ ငါလည်း ဖုန်းတွေ တောက်လျှောက်ခေါ်နေတာပဲ။ ငါကိုယ်တိုင်လိုက်ရှာပေးချင်ပေမဲ့ မင်းကို လာကြိုဖို့ရှိနေတော့ ဟိုကောင်တွေကိုပဲ ရှာခိုင်းလိုက်ရတာ’

‘ငါသေချင်တယ်ကွာ။ ရှက်ဖို့ကောင်းလိုက်တာ။ ငါ အခု ဘာဆက်လုပ်ရမလဲကွာ’

‘ငါနားလည်တယ် သူငယ်ချင်း။ မင်းစိတ်လျှော့ထားကွာ။ ရှက်ရမှာ မင်းမဟုတ်ဘူးလေကွာ’

‘ငါမသိတော့ဘူးကွာ။ ငါ အခုဘာဆက်လုပ်ရမလဲ။ ငါ ဝတ်မှုန်ကို လိုက်ရှာမယ်။ မတွေ့တွေ့အောင် လိုက်ရှာမယ်။ ဘာလို့ ဒီလောက်တောင် လုပ်ရက်တာလည်း ငါမေးကြည့်ချင်တယ်ကွာ။ ငါ့မှာ ဘာချို့ယွင်းချက်ရှိလို့လဲကွာ’

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ တုန်ယင်နေသည့်သူ့ပုခုံးကို အောင်သူရမှ ဆုပ်ကိုင်ကာ နှစ်သိမ့်သည်။

‘မင်း အခု ခဏလေး စိတ်ထိန်းပေးကွာ။ ငါတို့တွေ လိုက်ရှာကြမှာပါ။ အခုအရေးကြီးတာက မင်းစိတ်ကိုငြိမ်အောင် ကြိုးစားပေး’

သူ့လက်မောင်းကို တဖွဖွ ပုတ်ရင်း ကားပြတင်းပေါက်မှတစ်ဆင့် ဟိုးအဝေးကို အောင်သူရ ငေးနေသည်။ သူသည်လည်း ပြောချင်သည့် စကားများ များလွန်း၍ ဘာမျှ ထွက်မလာတော့။ ငုငုကြီးထိုင်ကာ ရှေ့တူရူသို့


www.burmeseclassic.com

www.burmeseclassic.com

သာ စိုက်ငေးနေမိသည်။ သူ့ရှေ့က လမ်းမကြီးကို ပီပီပြင်ပြင် မမြင်ရတော့ပါ။ ရစ်သိုင်းလာသည့် မျက်ရည်များကြောင့် ထင်သည်။ အရာရာကို ဝေဝေဝါးဝါးသာ မြင်နေရတော့သည်။

❏

၄။

သူသည် မြေပြင်ပေါ်တွင် ငုတ်တုတ်ထိုင်ကာ လက်ဝါးနှစ်ဖက်ကို အပြန်အလှန် ဆုပ်ကိုင်ထားသည်။ လက်အထိအတွေ့တွင် ပတ်တီးစည်းထားသည့် ဘယ်ဘက်လက်ကို သတိပြုမိသည့်အခါ သူ သက်ပြင်းတစ်ချက် ရှိုက်မိပြန်သည်။ သူ့ဘဝ သက်တမ်းတစ်လျှောက် မိုက်မဲမှုများရှိခဲ့ဖူးသည်။ သို့သော်လည်း ကိုယ်တိုင် ညာလက်ဖြင့် ရိုက်ချသည့် တူချက်အောက်သို့ ဘယ်ဘက်လက်ထိုးထည့်မိသည့် အခိုက်အတန့်အထိ မမိုက်မဲခဲ့ဖူးပေ။ လွှမ်းဆွတ်ခြင်းဒဏ်ရာနှင့် သွေးထွက်ဒဏ်ရာ ဘယ်အရာ ပိုနာကျင်နိုင်မလဲဟု အဖြေထွက်ပြီး နောက်တစ်နေ့တွင် သူ့ဒဏ်ရာကို သူကိုယ်တိုင် ဖန်တီးဖြစ်သည်။ မပြည့်သေးသည့် စာချုပ်အတွက် သူ့ဘက်က ပေးနိုင်သည့် လျော်ကြေးမှာ ဒဏ်ရာတစ်ခုသာ ဖြစ်ခဲ့သည်။ ထိခိုက်ဒဏ်ရာ ရရှိသူနှင့် နာမကျန်းဖြစ်သူသာ စာချုပ်ဖျက်သိမ်းပြီး အိမ်ပြန်ခွင့်ရသည့် စည်းမျဉ်းအောက်တွင် သူ့အတွက် ရွေးချယ်စရာ များများစားစား မရှိခဲ့ပေ။ ခုတော့ မိုက်မဲမှုများ အားလုံးလည်း ကျန်ရစ်ခဲ့လေပြီ။

မြေပြင်ပေါ်တွင် ငုတ်တုတ်ထိုင်ရင်း သူခေါင်းကို ငုံ့ထားသည်။ သူ့မြင်ကွင်းတွင် ပိတ်ဖြူတစ်စ ရှိနေ၏။ ထို့မှ ကျော်လွန်၍ ကြည့်သည့်အခါ ဆံချကိုယ်တော်၏ သင်္ကန်းအောက်ခြေအနားစနှင့် ခြေအစုံကို မြင်ရသည်။ သူ့ဘေးဘယ်ညာ တစ်ဖက်တစ်ချက်တွင် ပိတ်ဖြူစကို ကိုင်ထားသည့် အောင်သူရတို့ ဖနီးမောင်နှံ၏ လက်တစ်စုံစီ ရှိနေသည်။ ဆံချကိုယ်တော်၏ လက်သည် သူ့ခေါင်းပေါ် ဖွဖွတင်ကာ လက်တစ်ဖက်မှ သင်တုန်းဓါးကို ကိုင်ထားသည်။ အချိန်အခါသည်ကား ကျရောက်လာလေပြီ။ သူ့ဘဝ၏ အပြောင်းအလဲ အခိုက်အတန့်သည် မယုံနိုင်လောက်အောင်ပင်။ ချစ်ခြင်းမေတ္တာအိမ်ကလေးသည်လည်း ပြိုကျခဲ့ရပြီ။ သံယောဇဉ် နှောင်ကြိုးတို့သည်လည်း အစိမ်းသက်သက် ဖြတ်တောက်ခံခဲ့ရသည်။ ရည်ရွယ်ခဲ့သမျှ ပျက်စီးခဲ့ပြီးနောက် မရည်ရွယ်ထားသော အနာဂတ်လမ်းကိုသာ လျှောက်ရန် ရွေးချယ်ဖြစ်ခဲ့သည်။ ထပ်မံပြီးလည်း မမိုက်မဲချင်တော့။ တကယ်ဆိုလျှင် သူသည် အိမ်ပြန်လမ်းကို အမြန်ဆုံး ပြန်ရောက်နိုင်ရန် ကြိုးစားပျံသန်းခဲ့ပါသည်။ သို့သော် ခိုလေးတစ်ကောင်လောက်ပင် ကံမကောင်းခဲ့ပါ။

အဘိုးပြောလေ့ရှိသည့် ခိုမောင်နှံဇာတ်လမ်းတွင် သူအကြိုက်ဆုံး အခန်းတစ်ခန်း ရှိသည်။ အဘိုးက ခိုမောင်နှံဇာတ်လမ်းပြောလျှင် ရင်တဖိုဖိုဖြင့် နားထောင်ရင်း ထိုအခန်းကို အမြန်ဆုံး ရောက်ချင်လေ့ရှိသည်။

'နောက်ဆုံးတော့ ခိုအဖိုလေးက သူ့ခိုမလေးဆီကို အန္တရာယ်တွေ ကျော်ဖြတ်ပြီး ပြန်ရောက်လာခဲ့တာပေါ့ မြေးရယ်'

ထိုအခန်းရောက်ပြီဆိုလျှင် သူ မေးခွန်းတစ်ခု မေးလေ့ရှိပါသည်။

'ခိုမလေးကရော သူ့ကို မှတ်မိရဲ့လား အဘိုး။ မေ့သွားသေးလား'

'မမေ့ပါဘူး မြေးရဲ့ ခိုအဖိုလေးကို မြင်တာနဲ့ ခိုမလေးကလည်း လှောင်အိမ်ထဲမှာ မြူးထူးပြီး ကြိုနေတော့တာပဲ'

ထိုအဖြေလေးကို ပြန်ကြားယောင်မိလျှင် သူ့ဆံစတို့နှင့်အတူ မျက်ရည်စက်အချို့သည် အောက်တွင်ခံထားသော ပိတ်ဖြူစပေါ်သို့ အတူတကွ ကျရောက်သွားတော့သည်။

နာကျင်ဖွယ်ရာ အတိတ်တို့သည် သူ့ဆံစများနှင့်အတူ ကျန်ရစ်ခဲ့ပါစေသား။ စွဲလမ်းခြင်းနှောင်ကြိုးတို့သည် သူစွန့်ပယ်လိုက်သောဆံစများလို ဘယ်သောအခါမျှ ပြန်မဆက်ပါစေသား။ သူတို့သည်လည်း အေးချမ်းကြပါစေသား။ အိမ်ပြန်လမ်းကို ကြိုးစားပျံသန်းခဲ့သူတိုင်း လှောင်အိမ်သည် မြဲမြဲစွာ ရှိနေပါစေသား။

ဝင်သက်ထွက်သက်ကို ဖြည်းညင်းစွာ ရှိုက်သွင်းရင်း စိတ်ကိုတည်ငြိမ်အောင် ထိန်းနေမိသည်။ အရာရာသည် ပြီးဆုံးကျန်ရစ်ခဲ့လေပြီ။ ■

**မြစ်ကျိုးအင်း**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





'....'
နားကြားလွဲတာ
မဟုတ်နိုင်တော့။
ကျောရိုးတစ်လျှောက်
စိမ့်တက်လာသော
ခံစားချက်မျိုး ယခင်က
မကြုံဖူးခဲ့။ အမှောင်ထုက
သူ့အပေါ်မှာ တဖြည်းဖြည်း
ပိကျလာသလို ခံစားရ
သည်။ တစီစီအော်နေသော
ညပိုးကောင်များ၏
အသံတို့ပင် တန့်သွားသည်။
ခုတင်ပေါ်မှ
ခြေထောက်တစ်ဖက်
စမ်းချကြည့်သည်။
ခုတင်မှ အဆက်မပြတ်
ထွက်နေသည့် အသံက
နာနာဘာဝတွေ အံကြိတ်နေ
သယောင်ယောင်။ ဖိနပ်က
ဘယ်ရောက်နေမှန်းမသိ။
တရွေ့ရွေ့စမ်းသည်။
အေးစက်စက်
သမံတလင်း၏
အထိအတွေ့က နောက်ထပ်
ဝင်ရောက်လာသည့်
အကြောက်တရားကို
လက်ကမ်းကြိုဆိုနေသည်။
ငယ်စဉ်က ကြားဖူးသည့်
တစ္ဆေပုံပြင်တွေက
အတွေးအိမ်ဆီသို့
သူ့ထက်ငါ တိုးဝှေ့
ဝင်ရောက်လာသည်။
မအိပ်ခင်က ခေါင်းရင်းမှာ
အသေအချာထားခဲ့သည့်
ဓာတ်မီး။ တော်တော်နှင့်
ရှာမတွေ့။ တစ်စုံတစ်ဦးက
စောင့်ကြည့်
နေသယောင်ယောင်
စိတ်ခံစားမှုသည်
ပို၍ပြင်းထန်လာသည်။
'ဟာကွာ…၊
အရေးထဲ ဓာတ်မီးက
ဘယ်ရောက်နေပါလိမ့်ကွာ'



www.burmeseclassic.com

www.burmeseclassic.com

ခပ်တိုးတိုး ညည်းညူသံက ခြောက်ကပ်ကပ်ထွက်ပေါ်လာသည်။ 'ဟမ်း' ခနဲ လည်ချောင်းရှင်းလိုက်သည်။ ကိုယ့်အသံနှင့် ကိုယ်ပေမဲ့ အနည်းငယ် တည်ငြိမ်မှုရလာသည်။ ထိုစဉ် ခေါင်းအပေါ် တည့်တည့် 'ဂီး' ခနဲ အော်သွားသည့် ငှက်ဆိုးထိုးသံကြောင့် နားသယ်မွေးများ ထောင်ထ,လာသလို ခံစားလိုက်ရသည်။ တစ်တစ်ခွခွ ဆဲလိုက်မိ၏။ ဘယ်အရာကို ရည်ရွယ်မိမှန်းမသိ ဒေါသအလိုလို ထွက်လာသည်။ ကိုယ့်ကိုယ်ကိုလား၊ တစ်ခုခုကိုလား မခွဲခြားနိုင်။ တကော်ခေါက်သံ။

နံရံမှာထားသည့် တုတ်ကို ကိုင်မိချိန် အားတက်လာသည်။ ဘာကောင်ဖြစ်ဖြစ် လာစမ်းကွာ။ ဓာတ်မီးကိုလည်း စမ်းတွေ့ပြီ။ သဘော်ပျက်မှ လွတ်လာသူလို ဝမ်းသာသွား၏။ ဖွေးထိန်နေသည့် အလင်းရောင်က အခန်းကျဉ်းလေးထဲမှာ။ ရေညှိတက်နေသည့် နံရံလေးဖက်။ ယိုင်နဲ့နဲ့ ခုတင်နှင့် ဖြစ်သလို ရိုက်ထားသည့် စားပွဲခုံ သေးသေးလေး။ အားလုံး နေသားတကျ။ ခုတင်အောက်ကို တော်တော်ရောက်နေသည့် ခွေးမသား ဖိနပ်တစ်ဖက်။ မီးမှိတ်သည်။ ဖြန်းခနဲ လန့်လာသဖြင့် ချက်ချင်း ပြန်ဖွင့်လိုက်သည်။ မကြာသေးခင်က အသံတစ်ခုခုကို သူ အသေအချာ ကြားလိုက်ရသည်ပဲ။ လက်ထဲက တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ စေးထန်းထန်း ချွေးတွေကို လက်

> u ef awmfv kd
> v ha w Ga awmh
> t zrf c&Hwm
> t rm; u DyJ
> ac i fi kM m;ckdfyD
> u m;ay: u kd
> t w i f
> q G i fu w , f
> w pfc v m;
> armhu n fhcd v kd
> o pfo m;w kv eJ
> ac i fu kd
> q w feJ
> t ac u c&Zj w , f
> 'D u kd
> a&m u fv mw H x d
> aem u fx yf
> armh u n fh
> jzpf awmh bJ

မှာ ခံစားမိသည်။ ဓာတ်မီးရောင်က တဖြည်းဖြည်း မှိန်လာသည်နှင့်အမျှ အသက်ရှူရသည်မှာ ပို၍ကျပ်တည်းလာပြန်သည်။

'ဘုရား... ဘုရား'

တစ်သက်နှင့်တစ်ကိုယ် ဘုရားကို လိုလိုလားလား တ,မိသည်။ ၁၉ အလီ ရွတ်သည်။ ၁၉ တစ်လီ၊ ၁၉ နှစ်လီ၊ ၁၉ ဆယ်လီအထိ မရောက်။ ကြောက်စရာတစ်ခုခု ကြုံရချိန်၌ အာရုံပြောင်းခြင်းသည် အကောင်းဆုံး နည်းလမ်းဟု သူကြားဖူးသည်။ သို့သော် မထိရောက်လှ။ ညနေစာ စားသည့် ထမင်းဆိုင်မှာ ဓာတ်မီးကို အသေအချာအားသွင်းခဲ့လျှင် အကောင်းသား။ ဆိုင်ရှင်အမျိုးသမီး၏ ခပ်တိုးတိုး သတိပေးသံကိုလည်း ပြန်ကြားမိသည်။

'ဦးလေး... သတိထားနော်။ အဲဒီနေရာမှာ လူတွေအများကြီး သေထားတာ'

အဲဒီတုန်းကတော့ ဟက်ခနဲ ရယ်ရင်း သူ ဘာမှ မတုံ့ပြန်မိ။ လုံခြုံရေးတစ်ယောက်ပီပီ ရင်ကော့နေမိသည်။ ဘာအရေးလဲကွာဟူသည့် သူ့အမူအရာကို အမျိုးသမီးက မြင်နေကျကိစ္စတစ်ခုလို ခပ်ပြုံးပြုံး ကြည့်သွားသည်ကို အမှတ်ရလာသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပြန်သည်။ စောစောက ကြားမိသည့် အသံကို သူ ပြန်စဉ်းစားသည်။ စကားသံ ပီပီသသ။ ၄၂ဧက ရှိသည့် ဧရိယာကြီး တစ်ခုလုံးမှာ သူနှင့် အခြားလုံခြုံရေးသုံးဦးသာရှိသည်။ သူတို့ရော ဘယ်လိုနေပါလိမ့်။ ယခုအချိန် အတူတူရှိကြလျှင် အားပေးဖော်တော့ ရလိမ့်မည်။ သန်လျင်က အစိုးရ ဖိနပ်စက်ရုံအဟောင်းမှာ သူ လုံခြုံရေးလုပ်စဉ်က တစ်ခါ ကြုံဖူးသည်။ ဓာတ်တိုင် အသစ်ပေါ်ကို တက်နေသည့် ကောင်လေးတစ်ယောက် တိုင်လဲပြီး လူပါ,ပါသွားသည်။ ကြောက်စရာ သွေးသံရဲရဲ မြင်ကွင်းကြီးကို အတိုင်းသား မြင်ယောင်နေမိသည်။ ညဘက်လုံခြုံရေးကျတော့ မျက်စိထဲက မထွက်နိုင်သေးသည့် လူငယ်လေးအတွက် သူ အမျှဝေသည်။ သာခု ခေါ်နေစဉ်မှာ အေးစက်စက်လေတွေ ဖြတ်တိုက်လာသလို ခံစားမှုကြောင့် သူ ကျောချမ်းသွားဖူးသည်။ တချို့ကိစ္စတွေကို မျက်စိနှင့် မမြင်ရတိုင်း မရှိဟု မဆိုနိုင်ပြန်။ ထိုစဉ်...။

'ခင်ဗျား ကြောက်နေ... ပြီလား'

အသံထွက်ပေါ်လာရာ နေရာကို သူ အသေအချာ သတိထားလိုက်မိသည်။ ဓာတ်မီးနှင့် ကပျာကယာ ထိုးကြည့်သည်။ ရေဒီယိုဆီက အသံထွက်လာသည်မှာ သေချာသည်။ ဓာတ်မီးရောင်အောက်က ရေဒီယိုကို မမြင်ဖူးသည့် အရာတစ်ခုလို သူ စိုက်ကြည့်နေမိသည်။ ဓာတ်ခဲအားကုန်သဖြင့် မဖွင့်ရသည်မှာ မနေ့ကတည်းက။ ဘာကြောင့် အသံထွက်လာရပါသနည်း။

'မကြောက်ပါနဲ့ဗျ' ဟူသည့် အေးစက်စက်အသံသည် ရေဒီယိုဆီမှ ထပ်မံထွက်ပေါ်လာပြန်သည်။ ရေဒီယိုကို ယူကြည့်သည်။ ပိတ်လျက်သား။ ခလုတ်ကို အဖွင့်အပိတ် လုပ်ကြည့်သည်။ ရှဲရှဲသံပင် ပေါ်မလာ။

'စကားပြောလို့ရမလား၊ ခင်ဗျားကို ဘာမှ မလုပ်ပါဘူး'

ရေဒီယိုက စကားပြောနေသည်ကို သူ ပီပီသသ ကြားရပြန်သည်။ မလွဲနိုင်။ အကြောက်တရားနှင့် စိတ်ဝင်စားမှု ဒွန်တွဲလာသဖြင့် အကြောက်နည်းနည်းလျော့လာသည်။ ရေဒီယိုဖွင့်ထားလျှင် ဖရီကွင်စီတူသည့်အသံလှိုင်းကို ကျူးနင်းလုပ်ပြီးဖမ်းနိုင်သည်။ ပိတ်လျက်သား ရေဒီယိုက မည်သို့အသံထွက်



www.burmeseclassic.com

လာပါသနည်း။ တစ်ဦးဦးက များ စနစ်တကျ နောက် ပြောင်နေသည်လား။ လေသံ တရှုရှုနှင့် စကားသံက ဆက် လက်ထွက်ပေါ်လာသည်။

'ကျွန်တော်နဲ့ ခင်ဗျား ဟာ ဘဝမတူကြဘူး။ အဲဒါ ကို နားလည်ပါ။ ကျွန်တော် လုပ်နိုင်တာတွေထဲက တချို့ နည်းလမ်းတွေကို သုံးပြီး ခင်ဗျားနဲ့ ဆက်သွယ်ကြည့် တာ'

သူ အသံတိတ်ပြီး နားထောင်နေမိသည်။ ယခင် လောက် မကြောက်တော့ သည်ကိုလည်း ခံစားမိသည်။ သိချင်စိတ်သာ တိုးလာခဲ့ သည်။ ကြောက်စိတ်က သိ သိသာသာ လျော့သွား၏။ သို့တိုင်အောင်...။

'မင်း... ဘယ်သူလဲ' ဟု မေးလိုက်သည့် လေသံမှာ တိုးလျ တုန်ယင်နေသည်ကို သတိပြုမိသည်။

'ကျွန်တော် ဘယ်သူလဲ ဆိုတာ အရေးမကြီးတော့ပါ ဘူး။ အဆက်အသွယ်ပြတ်ခဲ့ တာ နှစ်တော်တော် ကြာပြီ လေ'

'ဒါဖြင့် မင်း ဘယ်လို လုပ်ပြီး ရေဒီယိုကနေ စကား ပြောနိုင်တာလဲ'

'ခင်ဗျား အကုန်နား လည်နိုင်ဖို့ မလွယ်ဘူး။ ကျွန် တော်က အော်ဒီယို အင်ဂျင် နီယာတစ်ယောက်ပါ။ အခု လည်း ရေဒီယိုရဲ့ လှိုင်းတို တချို့ကို သုံးပြီး ဝင်ပြောနေ တာ။ ကျွန်တော်တို့အထဲမှာ တချို့က ထူးခြားတဲ့လုပ်နိုင် စွမ်းတွေ ရှိကြတယ်။ ဘဝ ပြောင်းလာပေမဲ့ တချို့ ကိစ္စ တွေနဲ့ ပညာရပ်တွေကို မမေ့

[ bu f
taqmifu
wpfc;wpfc;
xGfvmwJh
pJpJ0;0;
atmfoHwGJ
em;xJS
jyefum;rdw,f
vawGfrm;uDu
wDwkjymaewJh
toHwGJ
wdkfoGapwmyJ
tppfc&if
aoGD&dkY
jyef&mufvmol
&Sdw,f
jyef&muf
rvmoHwG nf
&Sdw,f

နိုင်သေးဘူးလေ'

'ဟော့... ငါလည်း သဘော်အာရုံအိုကွ၊ မင်းပြော တာသိတယ်။ ခေတ်မရှိတော့ လို့ လုံခြုံရေးလုပ်နေတာ။ အဲဒါထားပါတော့။ မင်း ပြောမှာကို စိတ်ဝင်စားတယ်။ ဆက်ပါဦး'

ထိုစဉ် ရေဒီယိုမှ တရှုရှု မြည်သံ ပိုကျယ်လောင်လာ သည်။ ပြတ်တောင်းပြတ် တောင်း စကားသံသာ ထွက် လာ၏။ ထို့နောက် ဘာမျှ ပီပီသသ မကြားရတော့။ လေသံတရှုရှုသာ ပြတ်လိုက်၊ လာလိုက်။ သံတို၊ သံရှည် သင်္ကေတနှင့် စကားပြောနေ ဟန်ရှိသည်။ မော့စ်ကုတ်။ ဟုတ်သည်။ မော့စ်ကုတ်။ သူတတ်နိုင်သမျှ မှတ်ပြီး

ဘာသာပြန်သည်။ ဆယ်စု နှစ်အလွန်က မှတ်ဉာဏ်ကို ပြန်ခေါ်ရသည်။ အင်္ဂလိပ် ဘာသာနှင့် ပြောသွား၏။

'... ခေါ်နေပြီ။ သွား တော့မယ်။ အဆင်ပြေရင် နောက်ရက် လာခဲ့မယ်'

ရေဒီယိုလေးကို လက် နှင့်ပုတ်သည်။ ထပ်ကာထပ် ကာ ပုတ်သော်လည်း မည် သည့် အသံမျှ ထွက်မလာ တော့။ ဓာတ်မီးရောင်က လည်း မှိန်သည်ထက် မှိန် လာသည်။ ဓာတ်မီးကို ပိတ် ပြီးလျှင် ခုတင်ပေါ် ပြန်လှဲချ လိုက်သည်။ အိပ်မက်လား၊ တကယ်လား။ အသက် အောင့်ပြီး စိတ်ထဲမှာ အမှတ် စဉ် ရေကြည့်သည်။ တစ်ရာ မပြည့်ခင် လေတွေ ဝေါခနဲ ပြန်ထုတ်ရသည်။ သေချာ ပေါက် အိပ်မက်မဖြစ်နိုင်။ ပြန်ပြောလျှင်ရော မည်သူ ယုံကြည်ပါမည်နည်း။ ရောင် နီ ပျို့လာသည်အထိ မအိပ် ဖြစ်။ ငှက်ကလေးများ၏ အသံစီစီက ပို၍ကျယ်လောင် လာသည်။ ကမ္ဘာ့အကြီးဆုံး ဓာတ်မီးကြီးကို မေးခွန်း ပေါင်းများစွာနှင့် ကြိုဆိုလိုက် ၏။

သက်တမ်းကြာမြင့်လှ သည့် အဆောက်အဦကြီး တွေ အိုဟောင်းပြိုပျက်နေကြ သည်။ ထိန်းသိမ်းသူ ကင်းမဲ့ သဖြင့် တောကြီးမျက်မည်း အတွင်းက မြို့ပျက်ကြီးတစ်ခု လို တည်ရှိနေသည်။ မလှမ်း မကမ်းမှ ကားဟွန်းသံများကို မကြားရလျှင် မြို့ကြီးတစ်မြို့ အချက်အချာ နေရာကြီးဟု ရုတ်တရက် လက်ခံနိုင်ဖွယ် မရှိ။ ဆေးလိပ်တိုလေးကို

မီးငြိမ်းလိုက်ပြီး မျက်နှာသစ် ရန် သူ ထ,လိုက်သည်။

ထမင်းဆိုင်ကိုရောက် တော့ ဆိုင်ရှင်အမျိုးသမီးက သူ့ကို မကြာခဏ အကဲခတ် နေသည်။ တီဗွီက ရုပ်သံ ဓာတ်လမ်းတစ်ခုကို စိတ်မပါ လက်မပါ ကြည့်ရင်း ဓာတ် မီး အားပြည့်ချိန်ကို စောင့် နေမိသည်။ ဇာတ်လမ်း အမည် ကြည့်လိုက်တော့ **"Mirror"**...။ ကြည့်ရင်း အိပ်ချင်စိတ်ပေါ်လာသဖြင့် ပြန်ရတော့မည်။

'ကျုပ်နှမရေ... ဒီ အနားမှာ ဓာတ်ခဲဝယ်လို့ရ မယ့် နေရာရှိရင် လမ်းညွှန်ပါ ဦး' ဟု မေးလိုက်ရာ ဆိုင်ရှင် အမျိုးသမီးက မျက်စောင်း ထိုးရှိ ဈေးဆိုင်အချို့ဆီ မေး ထိုးပြသည်။

ည...။ သတင်းအစီ အစဉ်အားလုံး ပြီးစီးသွား သဖြင့် ရေဒီယိုလေးမှာ တရှုရှု သာ မြည်နေတော့သည်။ နေ့ခင်းဘက်က အိပ်ထား သည့်အတွက် သူလည်း အား သွင်းထားသည့် ဓာတ်မီး တစ်လက်လို ဖျတ်လတ်နေ ပါသည်။ ဘယ်အချိန် လာ မည်လဲ။ ဓာတ်မီးကို ရင်ခွင် မှာထားသည်။ ရေဒီယိုကို ခုတင်ခေါင်းရင်းရှိ သံမှာ ချိတ်ထားလိုက်သည်။ လက် ကိုင်တုတ်ကို ကပ်လျက်သား နေရာချ၏။ သူက အသင့် အနေအထား။ ဘယ်အချိန်၊ ဘယ်သူလာမှာလဲ။ ရုတ် တရက် ထွက်ပေါ်လာသည့် အသံကြောင့် အသက်ကို အောင့်ထားပြီး နားကို အစွမ်း ကုန်စွင့်ထားလိုက်သည်။ ခြေ သံသဲ့သဲ့။ နီးလာလိုက် ဝေး



www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်။ ခပ်စိပ်စိပ်ခြေသံ။ ဓာတ်မီးကို တင်းတင်းဆုပ်ကိုင်ပြီး အသံထွက်ရာဆီ တည့်တည့်ချိန်ထားသည်။ နောက်ထပ်ခြေသံ။ ဝန်းကျင်တစ်ခုလုံး လင်းထိန်သွား၏။ တောက်…။ သေစမ်း။ ငှက်တစ်ကောင်က ဓာတ်မီးရောင်ကို အကြောင်သား ငေးကြည့်နေသည်။ သက်ပြင်းချမှ ခိုချေးနံ့တွေကို သတိပြုမိသည်။

တစ်ည…။ နှစ်ည…။ သုံးည…။ တကယ်ပဲ အိပ်မက်ဆန်းတစ်ခုကို ကြုံရခြင်းမျိုးလား။ မိုးစင်စင်လင်းသည့်တိုင် မအိပ်ဘဲ သူစောင့်နေသည်မှာ သီတင်းတစ်ပတ်ရှိပြီ။ ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရ။ မနက်ဖြန် တစ်ရက်နားပြီးလျှင် သူ နေ့ဆိုင်းပြောင်းရတော့မည်။ နောက်လူကို မှာခဲ့လျှင် ကောင်းမည်လား။ ယုံမည်လည်း မထင်။ လက်ပေါ် မီးကျမှ ပူတတ်တာမျိုး။ လူသည် ကိုယ်တွေ့မကြုံရသော ပြဿနာကို ရယ်စရာလောက်သာ ထင်ကြသည်ကို တွေးမိသဖြင့် ဘာမျှမပြောရန် သူ ဆုံးဖြတ်လိုက်သည်။ မကြာမီ မိုးလင်းတော့မည်။ လာမည်လည်း မထင်တော့။ ခုတင်နှင့်ကျော ထိတော့ တကျွီကျွီ အသံထွက်လာသည်။ လမ်းလျှောက်စကလေးများစီးသည့် အသံမြည်ဖိနပ်လေးတွေလို သူ လှုပ်တိုင်း ခုတင်က အသံထွက်နေ၏။ ထိုစဉ်-

'…..'

မမျှော်လင့်ဘဲ နားအနီးမှ ကပ်ပြောလိုက်သလို အသံကြောင့် ငေါက်ခနဲ ထိုင်လိုက်မိသည်။ ရေဒီယို။

'အချိန်မရှိတော့ဘူး…'

ဓာတ်မီးနှင့် ထိုးကြည့်မလိုလုပ်ပြီးမှ အသာပင် ပြန်ချထားလိုက်သည်။ ပြောစကားတွေက အဆက်အစပ်မရှိ။ ယခင်တစ်ကြိမ်ကလို အကြောက်မလွန်သည့်တိုင် တထိတ်ထိတ်တော့ ခံစားရဆဲ။

'ခင်ဗျားနဲ့ အဆက်အသွယ်မလုပ်ဖို့ တားကြတယ်။ အကြီးအမှူးတချို့က ဘုံမတူသူချင်း ဆက်သွယ်တာကို မကြိုက်ကြဘူး။ သူတို့သိရင် အပြစ်ပေးလိမ့်မယ်'

လေသံမှာ အနိမ့်အမြင့်မရှိ။ ပေါ့ဝဲဝဲနိုင်လှသည်။

'ဒီနေရာကြီးဟာ အရင်က အရှေ့တောင်အာရှမှာ ပထမဆုံး ပိုလီတက္ကနစ်ဆိုတာ သိတယ်မဟုတ်လား'

'အင်း…ဆက်ပါဦး'

သူက စကားထောက်လုပ်ပေးသည့်တိုင် တော်တော်နှင့် ဆက်မပြော။ ထိုစဉ် ပြတင်းမှန်ကွဲကြားမှ လေအေးအေးက တိုးဝင်လာသည်။ ကျောထဲမှာ စိမ့်ခနဲ။

'ဟတ်ချိုး…ဘုရား'

သူ နှာချေလိုက်သည်။ အင်္ကျီလက်စနှင့် သုတ်လိုက်ရာ နှာရည်တချို့ မျက်နှာမှာ။ ထပ်သုတ်လိုက်စဉ် ရေဒီယိုမှ စကားသံ ထွက်လာသည်။

'ခင်ဗျားနဲ့ ကျွန်တော် ဘာသာ မတူပါလား'

တစ်အောင့်မျှ အသံရပ်သွားပြီး ဆက်တိုက် ထွက်ပေါ်လာသည်။

'ဘာသာမတူလည်း အရေးကြီးတဲ့အခါ တကယ် အရေးမကြီးတော့ပါဘူး။ ကျွန်တော် သင်္ကန်းတစ်ထည်ကို အချမ်းပြေအောင် ခြုံဖူးတယ်။ ဒီနေရာမှာ ကျွန်တော် အဖမ်းခံရတုန်းက လူတွေအများကြီးပဲ။ ရှေ့က ဟောခန်းထဲမှာ လူ ရာနဲ့ချီနေတာ မှတ်မိတယ်။ လူတွေကျပ်လွန်းတော့ လှဲလို့တောင်မရဘူးလေ။ တစ်ယောက်နဲ့တစ်ယောက် မှီပြီး ငိုက်နေရတယ်။ တစ်နေ့ကို ငါး-ကိုးကွပ်ကွပ်အိတ်နဲ့ ထမင်းတစ်ထုပ်၊ ရေတစ်ထုပ်စီရတယ်။ တစ်နေ့ကုန် အဲဒါပဲ သုံးရတယ်။ မျက်နှာမသစ်ရတာ တစ်လျှောက်လုံးပဲ'

မနေနိုင်၍ မေးလိုက်သည်။

'နေပါဦး၊ မင်းကို ဘာဖြစ်လို့ ဒီနေရာကို ဖမ်းခေါ်လာတာလဲ၊ ဘယ်သူတွေက ဖမ်းတာလဲ'

'ဘာကြောင့်မှန်း၊ ဘယ်သူတွေမှန်း ကျွန်တော်မသိဘူး။ ကျွန်တော့်လို လူတွေကတော့ အဖမ်းခံရတာ အများကြီးပဲ။ ခေါင်းငုံ့ထားခိုင်းပြီး ကားပေါ်ကို အတင်းဆွဲတင်ကြတယ်။ တစ်ခါလား မော့ကြည့်မိလို့ သစ်သားတုတ်နဲ့ ခေါင်းကို ဆတ်ခနဲ အခေါက်ခံရဖူးတယ်။ ဒီကို ရောက်လာတဲ့ အထိ နောက်ထပ် မော့မကြည့်ဖြစ်တော့ဘူး။ ဆတ်ခနဲသာပြောတာ ကျွန်တော့်ခေါင်းမှာ တစ်လက်မလောက် ကွဲသွားတယ်'

ခေတ္တမျှ အသံတိတ်သွားပြန်သည်။ အသံရှင်မှာ သူ့ခေါင်းက အမာရွတ်ကို ပြန်စမ်းနေပြီလားမသိ။

'ကျွန်တော်တို့ဆီမှာ ပါသမျှ ပိုက်ဆံ၊ လက်ဝတ်လက်စား၊ ဖုန်း အကုန်သိမ်းသွားတယ်။ ပြီးတော့…'

'ပြီးတော့ ဘာဖြစ်လဲကွ'

'ညဘက်တွေမှာ တစ်ယောက်ချင်းခေါ်စစ်တယ်ဗျ။ ဖုန်းပါတဲ့သူတွေကို အဓိကထားစစ်တာပေါ့။ ဟိုဘက်အဆောင်က တစ်ခါတစ်ခါ ထွက်လာတဲ့ ရှုးရှုးဝါးဝါး အော်သံတွေကို နားထဲမှာ ပြန်ကြားမိတယ်။ လူတွေ အများကြီးက တီးတိုးပြောနေတဲ့ အသံတွေကို တိတ်သွားစေတာပဲ။ အစစ်ခံရရင် သွေးသံရဲရဲနဲ့ ပြန်ရောက်လာသူရှိတယ်။ ပြန်ရောက်မလာသူတွေလည်းရှိတယ်။ ဘယ်ကို

oyfaumuf&m
aumifw,f
tJDcdefqkd
wpfa,mufuEs
wpfa,mufunf
yDtolWdwf
ae&wmayh
vufeufukdf
tapmif
wpfa,mufawmh
uleawmfwkd
tcef0rS&dw,f
toufcyfuDuDJ
'ayrbolY
vufuDawG.
tif...tdvmuf
vuf ajcr
uDwbol
wpfcrS
rjrifZJyblJ



www.burmeseclassic.com

www.burmeseclassic.com

ပို့လိုက်သလဲ၊ ဘယ်သူမှ မမေးရဲဘူးလေ။ သိပ်ကြောက်စရာ ကောင်းတယ်။ အဲဒီအချိန်ဆို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသံတိတ်နေရတာပေါ့။ လက်နက်ကိုင် အစောင့်တစ်ယောက်တော့ ကျွန်တော်တို့ အခန်းဝမှာ ရှိတယ်။ အသက်ခပ်ကြီးကြီးပဲ။ ဒါပေမဲ့ သူ့လက်မကြီးတွေ…။ အင်း… အဲလောက် လက်မ၊ ခြေမကြီးတဲ့သူ တစ်ခါမှ မမြင်ဖူးပါဘူး။ လက်သည်း၊ ခြေသည်း အထူကြီးတွေ၊ ကြေးတွေ အပြည့်ပဲ။ သူ့လက်မဟာ သာမန်လူတစ်ယောက်ရဲ့ ခြေမလောက်ရှိတယ်…။ အစောင့်ရဲ့ လက်ထဲမှာ တစ်တောင်လောက်ရှိတဲ့ တုတ်တစ်ချောင်းကို အမြဲတမ်းကိုင်ထားတယ်။ အဲဒီတုတ်က ကြောက်ဖို့သိပ်ကောင်းတယ်။ အဲဒီတုတ်နဲ့ ကျောကုန်းကို ရိုက်တာ၊ တစ်လလောက် အိမ်သာတက်လို့ မရဘူး။ သိပ်ကြောက်စရာကောင်းတယ်။ မနက်ခင်းတိုင်း ကျွန်တော့်ဘေးမှာ အသက်ကုန်နေသူ တစ်ယောက်မဟုတ် တစ်ယောက်တော့ ရှိတယ်'

'ဒါနဲ့… မင်းရော ဘယ်လိုဘဝပြောင်းခဲ့တာလဲ'

'တစ်ရက်တော့ ကျွန်တော့်ကို ခေါ်မေးတယ်လေ။ မေးတဲ့လူဟာ သူတောင်းစားတစ်ယောက်လို စုတ်ပြတ်နေတာပဲ။ ဒါပေမဲ့…'

ထိုအခိုက် ရေဒီယိုလေးမှာ တရှဲရှဲမြည်လာပြန်သည်။ နားနှင့်ကပ်ပြီး နောက်ထပ်ကြားရသမျှ ဆက်နားထောင်သည်။ အေးတိအေးစက် လေသံပိုင်ရှင်မှာ ယခုတစ်ခါ အလောတကြီးလေသံနှင့် ပြောလာ၏။

'ကျွန်တော့်ကို… ကျွန်တော့်ကို ပြန်ခေါ်နေပြီ။ တစ်ခုပြောပေးပါ။ အဲဒီတစ်ခုကို ပြောပေးပါ…'

'ဘာလဲ… ဘာလဲ။ ငါ ဘယ်သူ့ကို ပြောပေးရမှာလဲ'

ခပ်မြန်မြန်မေးသည်။ ပြတ်တောင်းတောင်း အသံတွေကြောင့် သူ အသံကျယ်ကျယ်နှင့် ထပ်မေးသည်။

'လူတွေ…လူတွေက မေ့ကုန်ကြပြီ။ ကျွန်တော့်ကို မမေ့ပါနဲ့…။ ကျွန်တော်တို့ကို မမေ့ကြပါနဲ့…အဲဒါပြောပေး… အ… အား…'

'ဘယ်ကို သွားပြောရမှာလဲ သေသေချာချာပြောကွ။ ဘယ်သူ့ကို သွားပြောရမှာလဲ'

'ငါ ဘယ်ကို သွားပြောရမှာလဲ၊ ဘယ်သူ့ကို သွားပြောရမှာလဲ'

'ဘယ်သူ့ကို သွားပြောရမှာလဲကွ'

မေးခွန်းတစ်ခုကို သူ ထပ်တလဲလဲ မေးသည်။ ရေဒီယိုလေးမှာ ဘာမှ မတုံ့ပြန်တော့။ ဘယ်သူတွေကို သွားပြောရမှန်းလည်း သူ မသိ။ မသိတာတွေထား။ ယခုဖြစ်ရပ်သည်ပင် အိပ်မက်လား၊ တကယ်လားပင် သူ မသိ။ သူ စောင့်ကြည့်ပါသေးသည်။ နောက်ထပ်လည်း ရေဒီယိုလေးမှာ ဘာသံမျှ ထွက်မလာတော့။

နောက်ထပ် နှစ်တွေဖြတ်သန်းကုန်လွန်သွား၏။ သူ ကြုံရသည့် ပုံပြင်လေးကို မမေ့နိုင်သေး။ သူ့မှာ ပြောစရာ တစ္ဆေသရဲပုံပြင်တစ်ပုဒ်ရခဲ့ပေမဲ့ ပြန်ပြောဖြစ်မည်လား၊ မပြောဖြစ်မည်လား မဝေခွဲတတ်သေး။ ■

**ကိုစက်ဖေ**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် မြစ်ကမ်း နဖူးတွင် ရေတွင်းတူးခဲ့သည့်
သားအဖ နှစ်ယောက်ကို အပြစ်မမြင်ရက်ပါ
သင်ပုန်းချေရေး၊ ပြန်လည်သင့်မြတ်ရေး
ရင်ကြားစေ့ရေး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ
နေထိုင်ရေးတို့ကို ကြားသည့်အခါတိုင်း
သားအဖနှစ်ယောက်ကို ဝမ်းနည်းစွာ
သတိရမိစမြဲ ဖြစ်ပါသည်



# မောင်ရင့်မာ (ကျောက်ဆည်)

## ဝေန်မြစ်ကမ်းနဖူး၌ ရေတွင်းတူးသူများ

### အက်ဆေးအကြောင်းအက်ဆေး

"တကယ်တော့ လူလေးရေ၊ ဒီမြစ်ကြီးဟာ ဖေဖေတို့ဘဝပဲ။ ဒီမြစ်ကပဲ ချိုးရေ သုံးရေခပ်ရတယ်။ ဒီမြစ်ထဲမှာပဲ ရေချိုးကြ ရေကူးခဲ့ကြတယ်။ ဒီမြစ်ကို ဖြတ်ပြီး ကျောင်းတက်ခဲ့ကြတယ်။ဒီမြစ်ကိုဖြတ်ပြီး ရုံးတက်ရတယ်။ ဆေးရုံသွားချင်ရင်လည်း ဒီမြစ်ဖြတ်ရတာပဲ။ ဘဲသားခေါက်ဆွဲကြော် ဝယ်ချင်ရင်လည်း ဒီမြစ်ဖြတ်ရတာပဲ။ ဖေဖေတို့ ပွဲရုံထောင်တော့ သစ်၊ ဝါး၊ ခနော်၊ ကနစို၊ ထင်း ရဖို့ ဒီမြစ်ကြီးကို အားကိုးခဲ့ကြရတာပဲ"

ပုသိမ်၌ ကျောင်းနေစဉ် ကျွန်တော်သည် ရွာကို လွမ်းမိသည့်အခါတိုင်း နွံဝါရောင် မြစ်ပြင်ကျယ်၌ ဗေဒါပင်ကလေးတွေ စုန်ဆန်မျှောသန်းလျက်ရှိသော ဝေန်မြစ်ကြီးကို ငေးမောနေဖူးပါသည်။ မြစ်တစ်ဖက်ကမ်းရှိ မီးခိုးအူအူနှင့် ရွာတန်းရှည်ကလေးကို ရော်ရမ်းနေခဲ့ဖူးပါသည်။ သို့သော် တစ်ဖက်ကမ်းရှိ အိမ်ကြီးတစ်အိမ်၌ လသာသော ညများတွင် မြစ်ကိုငေးငူ၍ အေးအေးလူလူ



www.burmeseclassic.com

www.burmeseclassic.com

စကားဆိုနေလေ့ရှိသော သားအဖနှစ်ဦးတို့ ရှိနေသည်ကို မသိခဲ့ပါ။ ထိုစဉ်က ကျွန်တော်သည် မြစ်ပြင်ကို ချစ်ခင်ရကောင်းသည်ဟု မသိခဲ့ပါ။ ကြောင်တစ်ကောင် ရွှေ့လျားသလို ဆိတ်ငြိမ်တိုးသဲ့စွာစီးဆင်းနေသော ဤမြစ်ကြီးသည် အနက်အဓိပ္ပာယ်များစွာ သိုဝှက်သိမ်းဆည်းထားသည့် အဘိဓာန်ကြီးတစ်ခု ဖြစ်နေနိုင်သည်ကို မသိခဲ့ပါ။

မြစ်သည် လွမ်းစရာလော၊ တွယ်ငြိစရာလော သို့မဟုတ် မြစ်သည် တွေးစရာလော၊ မျှော်လင့်စရာလော။ မြစ်နှင့်စကားဆို၍ ရနိုင်သလော။ မြစ်၏အသံကို နားခံ၍ရသလော သို့မဟုတ် မြစ်ထံမှ သင်ယူ၍ရသလော။

ကမ္ဘာကျော် ဂျာမန်စာရေးဆရာကြီး Hermann Hesse ၏ **Siddhartha** ကို ဆရာပါရဂူ ဘာသာပြန်သည့် 'သိဒ္ဓတ္ထ' ဝတ္ထုကြီးကို ဖတ်ခဲ့ရသောအခါမှ ကျွန်တော်သည် တငြိမ့်ငြိမ့် တသွင်သွင် စီးနှင်နေသော မြစ်ပြင်ကျယ်၌ အနက်အဓိပ္ပာယ် တစ်စုံတစ်ရာ 'ကိန်း' နေနိုင်သည်ဟု ပထမဆုံးအကြိမ် သတိပြုလိုက်မိပါသည်။

ဘုရားလောင်း သိဒ္ဓတ္ထမဟုတ်သည့် ဗြဟ္မဏလုလင်ကလေး သိဒ္ဓတ္ထသည် မိရိုးဖလာ ဗြဟ္မဏဝါဒကို သံသယရှိသဖြင့် သူငယ်ချင်း ဂေါဝိန္ဒနှင့်အတူ တရားရှာဖို့ ခရီးထွက်ခဲ့သည်။ မြတ်ဗုဒ္ဓ၏ တရားဟောကြားသည်ကို ကိုယ်တိုင် နာယူခွင့်ကြုံသော်လည်း မကျေနပ်နိုင်။ သူငယ်ချင်း ဂေါဝိန္ဒက မြတ်ဗုဒ္ဓ၏ အဆုံးအမ၌ သက်ဝင်ယုံကြည်လျက် ရဟန်းဝတ်ကျန်ရစ်ခဲ့သည်။ သူက တရားရှာခရီးကို ဆက်၍နှင်ခဲ့သည်။ လောကီထုပ္ပတ် လူတို့ဓာတ်၌ ဗေဒါပင်ကလေးနှယ် စုန်ဆန်မျှောသန်းလျက် လောကစံလှိုင်းထဲတွင် အလူးလူးအလဲလဲ ဖြတ်သန်းခဲ့သည်။ သို့နှင့် မီးစာကုန် ဆီခန်း၍ အိုမင်းသည့်အရွယ်တွင် ကူးတို့လှေသမားကြီးအဖြစ် သူသည် တရားကို ဆက်လက်ရှာဖွေခဲ့သည်။ နေ့စဉ်နေ့စဉ် သူ ကူးဖြတ်နေသည့် မြစ်ကြီးထံမှ သင်ယူခဲ့သည်။ မြစ်၏အသံကို သူ နားထောင်သည်။ သူ့ကိုယ်သူ မေ့လျော့သွားသည်အထိ နားထောင်သည်။ သူ့ကိုယ်သူ သုညဖြစ်သွားသည်အထိ နားထောင်သည်။ သိဒ္ဓတ္ထသည် နားထောင်ခြင်းကို မြစ်ထံမှ သင်ယူတတ်မြောက်ပြီး သူရှာသော တရားကို တွေ့သွားခဲ့သည်ဟုဆိုသည်။

ဟာမန်ဟက်(စ်)၏ သိဒ္ဓတ္ထသည် အငြင်းပွားစရာ များစွာရှိသော ကျော်ကြားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့ပါသည်။

သိဒ္ဓတ္ထတွေ့သော တရားကို ကျွန်တော်မတွေ့ပါ။ ဆင်ခြင်နိုင်စွမ်းမရှိပါ။ သို့သော် ထိုဝတ္ထုကြီးကို ဖတ်ပြီးသောအခါ ကျွန်တော် သတိပြုမိလာတာတစ်ခု ရှိပါသည်။ မြစ်ကိုပို၍ တွယ်ငြိလာခြင်းဖြစ်သည်။ မြစ်ကို ပို၍ လေးနက်လာခြင်းဖြစ်သည်။ မြစ်၌ သိနားလည်ရန်ခက်ခဲသော အနက်အဓိပ္ပာယ် တစ်စုံတစ်ရာ ကိန်းနေနိုင်သည်ဟု သံသယရှိလာခြင်း ဖြစ်သည်။

❑

'**မြစ်တစ်စင်းနှင့် သားအဖနှစ်ယောက်**'ကို ဆရာက အက်ဆေးအဖြစ် ရည်သန်ရေးသားခဲ့ခြင်း ရှိမရှိ ကျွန်တော်မသိပါ။ ထိုစာအုပ်ကို ဖတ်မိသောအခါ အက်ဆေးများမှ ရတတ်သည့် နှစ်သက်ခြင်းတစ်မျိုးကို ခံစားရသည်ဟု အောက်မေ့မိပါသည်။

'*ပြည်လုံးချမ်းသာ ကမ်းနားကို ရောက်တော့ တစ်ဖက်ကမ်းကို လှမ်းကြည့်မိသည်။ တက်သစ်စ နေရောင်သည် အုန်းပနီ ပင်ကို ဝင်းနေစေသည်။ ကမ်းစပ် မန်ကျည်းပင်ကြီးအပေါ်မှာလည်း နေရောင်ဝင်းနေသည်။မန်ကျည်းပင်ကြီးနောက်တွင် အိမ်ကြီးတစ်လုံး။ ရေနံ့ဝ,နေသော သစ်ပုပ်ပျဉ်များကြောင့် မှိုင်းညို့နေသောအိမ်။ ဤအိမ်ကြီး၏ တစ်နေရာတွင် အဖေထိုင်နေလိမ့်မည်။ သူ့ သိပ်နှစ်သက်သော ထမင်းစားခန်းထောင့်မှ ပက်လက်ကုလားထိုင်ပေါ်တွင် ရေနွေးတစ်အိုး၊ စာတစ်အုပ်ဖြင့် ရှိနေမလား၊ ဧည့်ခန်းက လင်းလင်းကျင်းကျင်းရှိသော ခေါင်းရင်း ပက်လက်ကုလားထိုင်တွင် စာဖတ်နေမလား*'

ဆရာသည် ဝေန်မြစ်ကြီး၏ ဟိုမှာဘက်ကမ်း၌ မွေးဖွားခဲ့လျက် ဝေန်မြစ်ကြီးကို ကြိမ်ဖန်များစွာ ကူးသန်းခဲ့သူဖြစ်သည်။

ပုသိမ်၌ ကျောင်းနေစဉ်၊ အရပ်တစ်ပါးမှာ ပညာသင်ကြားစဉ်၊ အလုပ်ခွင်ဝင်၍ အသက်မွေးမှုပြုစဉ် ဝေန်မြစ်ကမ်းပါးရှိ ရေနံ့ဝ၍ မှိုင်းညို့နေသည့် အိမ်ကြီးဆီသို့ ပြန်လာတတ်သူဖြစ်သည်။ ကုလားထိုင်တစ်လုံးပေါ်တွင် ရေနွေးတစ်အိုးနှင့် ဆေးလိပ်ဖွာနေသော ဖခင်ကြီး၏ နံဘေး၌ လရောင်မှုန်မှုန်ဆမ်းသည့် ဝေန်မြစ်ပြင်ကို ငေးရီရင်း ဖခင်နှင့် စကားဆိုတတ်သူ ဖြစ်သည်။ သားနှင့်အဖတို့ ပြောဆိုခဲ့သည့် ဟိုတုန်းကအကြောင်းများကို လွမ်းလွမ်းနှင့် ပြန်ရေးထားသည်မှာ လွမ်းစရာကောင်းသည်။

ရုံးအုပ်ကြီးဘဝဖြင့် အငြိမ်းစားယူခဲ့သော အင်္ဂလိပ်စာတတ် ဖခင်ကြီးကို ဦးကျော်မင်းဟုဖော်ပြပြီး ဆရာက သူ့ကိုယ်သူတော့ အောင်မောင်း-ဟု ဖော်ပြသည်။ ဆရာ ပြန်လာသည့်အခါတိုင်း သားအဖနှစ်ယောက်သည် အလေးအနက်ကြီးမဟုတ်ဘဲ ရောက်တတ်ရာရာ စကားပြောသည်။ တစ်ညမှာတော့ ကမ်းစပ်မှာ ရေတွင်းတူးသည့်အကြောင်းကို ပြန်ပြောင်းပြောဖြစ်သည်။

'*ကမ်းစပ်က ရေတွင်းကို သားမှတ်မိသေးလား*'

'*ဝေန်မြစ်သည် နွေဦးဝင်သည် နှင့် ရေငန်တက်လာလေ့ရှိ၏။ ရေငန်ဝင်ချိန်ရောက်တော့မည်ဆိုလျှင် မြစ်ရေသည် ထူးထူးခြားခြား ကြည်ပြီး အရသာပေါ့နေတတ်သည်။ ရေပေါ့ချိန်မှ တစ်ပတ်လောက်ဆိုလျှင် ရေငန်ဝင်တော့မည်ကို ဤဒေသတစ်ခုလုံးသိသည်။ ယခုကား ရေငန်ဝင်ပြီးချိန်၊ ငန်ပျပျမြစ်ရေနှင့် ထိတွေ့ရချိန်။ အမြဲတော့ ငန်သည်မဟုတ်။ ရေတက်ဦးတစ်ချက်တွင် ချိုတတ်သည်။ တစ်ပတ်လောက်ပင်*



www.burmeseclassic.com

www.burmeseclassic.com

မကြာပါ'

ဦးကျော်မင်းက ပေါက်ပြားနှင့် ဂေါ်ပြားကိုင်ပြီး ကမ်းနားဆင်းသွားသည်။ ကမ်းစပ်လတာစွန်းမှာ ရေတွင်းတူးရန်ကြံခြင်းဖြစ်သည်။ အောင်မောင်းက ဘာမှမပြောဘဲ အိမ်ပြန်၍ ဘောင်းဘီတို လဲဝတ်ပြီး ပြန်ဆင်းကာ ဖခင်ကို ကူသည်။ တူးရင်းတူးရင်း တိုင်ကီ တစ်လုံးစာလောက် အဝကျယ်လာသည်။ ဒူးဆစ်လောက်အထိ နက်လာသည်။ လတာပြင်ပေါ်၌ ရွှံ့တုံး ရွှံ့ခဲတို့ ပုံနေပြီ။ ရေငန်ချိန်မှာ ရေချိုရတာပေါ့ကွာဟု ဦးကျော်မင်းက ပြောသည်။ လူတစ်ရပ်ခန့် နက်လာသည်။ ရေကမထွက်သေး။ တရွေ့ရွေ့တက်လာသော ဒီရေသည် သူတို့နှင့် သိပ်မဝေးတော့။ ဖခင်ကြီးက သူ့သားကို ရပ်နိုင်းလိုက်သည်။

'အဲဒီတုန်းက ဖေဖေ တော်တော်ရှက်သွားတာကွ။ မြစ်ကမ်းစပ်ရွှံ့ကြားထဲမှာ ရေဘယ်လိုထွက်မလဲကွာ။ ရေတွင်းတူးတယ်ဆိုတာ မြေကြီးအောက်က ရေစီးကြောင်းကို လှမ်းတူးတာလေ။ မြစ်နံဘေးက ရွှံ့ကြားမှာ ဘယ်လိုလုပ်ရေထွက်မလဲကွာ'

ဖခင်ကပြန်ပြောတော့ 'ဩ၊ ဖေဖေ သိခဲ့သားပဲ'ဟု သားက တွေးသည်။

'သားလည်း ဒါကိုသိနေမှာပါလို့ ဖေဖေ စဉ်းစားမိတယ်။ သိပေမဲ့ ဘာမှ ချိုသည် ခါးသည်မပြောဘဲ ဝင်လုပ်ပေးတာပဲ။ ငါ့သား ဝင်ကူတော့ အားတက်တာပေါ့ကွာ'

သားနှင့်အဖတို့၏ ချစ်စရာကောင်းလှသည့် ဆက်ဆံရေးကို လှစ်ခနဲ မြင်လိုက်ရပါသည်။

'ဖေဖေ အခု ဒီမြစ်ကြီးကို ထိုင်ကြည့်ရင်းနဲ့ စဉ်းစားနေမိတယ်။ အဲဒီတုန်းက ငါလုပ်ရင် ဖြစ်မှာပဲဆိုတဲ့စိတ်။ အလကား အချိန် ကုန်တာပေါ့ကွာ။ လုပ်ချင်တာလေး လုပ်ကြည့်လိုက်ရတော့ ကောင်းသကွ'။ ဦးကျော်မင်းက ဆက်ပြောသည်။

'ဘယ်သူမှလည်း မြစ်ကမ်းလတာပြင်မှာ ရေတွင်းမတူးဖူးဘူးလေ။ ဘယ်တူးမလဲ ဖြစ်မှမဖြစ်နိုင်တာကိုး။ ရေချိုလိုချင်ရင် ရေတက်ဦးမှာ စောင့်ခပ်၊ ရသားပဲ။ ဒါပေမဲ့ ဒါဟာ အိုင်ဒီယာပဲ။ သူများမဖြစ်ပေမဲ့ ကိုယ့်ကျ ဖြစ်ချင်ဖြစ်မှာပေါ့။ စိတ်ကူးဆိုတာ ရှိတတ်ကြတာပဲ။ အကောင်အထည်ပေါ်သွားတယ်ဆိုတဲ့လူစားက တကယ်စမ်းလုပ်ကြည့်တဲ့ လူစားကွ'

သူများလုပ်၍ မဖြစ်နိုင်သည့်ကိစ္စကို ကိုယ်လုပ်လျှင် ဖြစ်ကောင်းဖြစ်မည်လားဟု တွေးထင်မိခဲ့ခြင်းမှာ ရှက်စရာဟု ထင်မြင်မိခဲ့စေကာမူ အခြားတစ်ဖက်မှဆင်ခြင်ပါက 'စိတ်ကူးကို တကယ်စမ်းလုပ်ကြည့်ဖို့လည်းလိုသည်'ဟူသော သဘောလည်းဖြစ်သည်ဟု ဖခင်ကြီးက ကောက်ချက်ချလိုခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

'လူဆိုတာ လုပ်ကြည့်ရမှာပဲလေ။ ငှက်ပျံရင်းသေ လူကြံရင်း သေသတဲ့၊ ဟုတ်တယ်မဟုတ်လား။ မောင်လှထွန်းကိုပဲကြည့်'

မောင်လှထွန်းဆိုတာ ဦးကျော်မင်း၏ တပည့်ဖြစ်သည်။ အောင်မောင်း၏ သူငယ်ချင်းလည်း ဖြစ်သည်။ အခြားစာရေးတွေ ရုံးဆင်းလျှင် ဖဲရိုက်၊ အရက်သောက် နေတတ်သော်လည်း မောင်လှထွန်းက အားလျှင် စာဖတ်သည်။ တကုပ်ကုပ်နှင့် စာရေးသည်။ တစ်နေ့တော့ သတင်းစာ၊ မဂ္ဂဇင်းများမှာ ဆောင်းပါး၊ ဝတ္ထုတွေ ပါလာတော့သည်။

'ယုံကြည်ချက်ပေါ့ အဖေ'ဟု သားက ပြောရာ 'ယုံကြည်နေရုံနဲ့တော့ မရဘူးပေါ့ သားရာ။ လမ်းမှန်ကမ်းမှန် ကြိုးစားရမှာပေါ့'ဟု ဖခင်က ဆိုသည်။ ဒါသည်ပင် ကမ်းနဖူး၌ ရေတွင်းတူးသည့်ကိစ္စကို သားဖြစ်သူအား ပြန်ပြောရသည့်အကြောင်းရင်း ဖြစ်နိုင်ပေသည်။

သားကို အဖေက သွန်သင်နေခြင်း မဟုတ်။ ဆိုဆုံးမနေခြင်းလည်း မဟုတ်။ သားနှင့်အဖတို့သည် လရောင်ဆမ်းသည့် ညတစ်ညတွင် ဝေနံမြစ်ကို ငေးမောရင်း၊ ဟိုတုန်းကအကြောင်းတွေကို ပြန်တွေးတောရင်း မိတ်ဆွေရင်းခြာသဖွယ် အေးအေးလူလူ စကားဆိုနေခြင်းပဲ ဖြစ်ပါသည်။

စကားပြောကြရင်း ခင်ကြည်စင်ဆိုသည့် မိန်းကလေးတစ်ဦးကို ပြေးမြင်မိသတဲ့။ မပြည့်စုံသော မိသားစု၌ မွေးဖွားခဲ့ပြီး ဆယ်တန်းအောင်သည်အထိ ကုတ်ကတ် ကျောင်းတက်ခဲ့သူ။ ဆယ်တန်းအောင်တော့ ရုံးမှာ နေ့စားဝန်ထမ်းလုပ်ရင်း စာပေးစာယူတက်သည်။ အားလျှင် စာဖတ်၊ စာရေးသည်။ Dictionary တစ်အုပ်ဖြင့် အင်္ဂလိပ်စာတွေ ဖတ်သည်။ ဘွဲ့ရပြီး အထက်တန်းစာရေးဖြစ်ချိန်မှာ နာမည်ရ ကလောင်ရှင်တစ်ဦးဖြစ်နေပြီ။ ဘာသာပြန်တက်ကျမ်း တစ်ကျမ်းပင် ထွက်သွားပြီဟု ဆိုသည်။

'စာရေးဆရာတစ်ယောက် ရှိခဲ့ဖူးတယ်သားရဲ့။ ဖေဖေနဲ့ ရန်ကုန်ရုံးမှာ အတူလုပ်ခဲ့ရတာ။ ကိုဘသောင်းတဲ့။ သူက ကိုးတန်းအောင်တော့ ရုံးစာရေးဝင်လုပ်ရင်း ဆယ်တန်းဖြေတယ်။ ဖေဖေတို့လည်း ကူသင်ပေးရတာပေါ့။ သူ အောင်သွားတယ်။ ဆယ်တန်းအောင်တော့ သက်ကြီးတက္ကသိုလ် ဆက်တက်တယ်။ အဖော်ကောင်းလို့ ဖေဖေတောင် လိုက်တက်ဖူးသေးတယ်။ ပုသိမ် ပြန်ပြောင်းရတာနဲ့ ပြတ်သွားတာ၊ သူက အသောက်အစားမရှိဘူး။ အားရင် စာဖတ်တယ်။ အင်္ဂလိပ်စာအရေးကျွင့်တယ်။ ရေးပြီး မင်းကြီးတို့ မင်းကြီးချုပ်တို့ ပြတယ်၊ ပြင်ပေးနိုင်းတယ်။ သူရေးတာ ရိုးရိုးကလေးတွေပါကွာ။ ဒလဘက်ကမ်း သွားလည်တာတို့၊ သန်လျင်ကျောက်တန်းသွားပြီး ရေလယ်ဘုရား ဖူးတာတို့တွေပါ။ နောင်တော့ သူ့စာတွေ အင်္ဂလိပ်သတင်းစာတို့၊ ဂါးဒီးယန်းစာစောင်တို့မှာ ပါ၊ပါလာတယ်။ ကလောင်နာမည်က ရိုးရိုးလေးပဲ။ MBT တဲ့။ မောင်ဘသောင်းပေါ့။ နောင်တော့ MBT ဘာဖြစ်သွားသလဲ သိလား။ တဖြည်းဖြည်း ရာထူးတက်ရင်းနဲ့ ကော်ပိုရေးရှင်းတစ်ခုရဲ့ ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com

*ညွှန်ကြားရေးမှူးနဲ့ ပင်စင်ယူသွားတယ်’*

*‘တက်သွားလိုက်တာနော်’*

*‘ကြိုးစားတာကိုး။ ရည်ရွယ်ချက်ပန်းတိုင်တစ်ခုကို မြဲမြဲထားပြီး လမ်းမရအရရှာတဲ့ လူစားမျိုးဟာ ဒီလိုပဲ အောင်မြင်တယ်’*

ဆရာသည် သူ့ဖခင်နှင့်အတူ ကုန်လွန်ခဲ့သော ညပေါင်းများစွာကို ပြန်သတိရနေခြင်းဖြစ်သည်။ လွမ်းဆွတ်နေခြင်းဖြစ်သည်။ ရှေးဖြစ်ဟောင်းများ၊ သတိရမိသည်များကို ပြန်၍ခံစားဆင်ခြင်နေခြင်းပဲ ဖြစ်သည်။ အခါများစွာ၌ သားက နားထောင်သူဖြစ်သည်။ အဖက ပြောသူဖြစ်သည်။ ‘သက်ကြီးစကား’ ဖြစ်ခြင်းကြောင့် သတိရစရာ၊ လွမ်းစရာ၊ အောက်မေ့စရာများ ပါသည်။ လူများ၊ ခေတ်များ ပါသည်။ မှတ်သားစရာ၊ နာယူစရာများ ပါသည်။

*‘အေးပေါ့ကွာ။ ဖေဖေ့ရေတွင်းနဲ့တော့ မတူဘူးပေါ့။ သူတို့က ဖြစ်နိုင်ခြေရှိတာကို ရှာပြီး ဖြစ်အောင်လုပ်တာ။ ဖေဖေကတော့ မဖြစ်နိုင်တာကို ဖြစ်လာမလား လုပ်ကြည့်တာ’*

ဤသို့လျှင် သားနှင့်အဖတို့သည် ငဝန်မြစ်ကမ်းနဖူး၌ ရေတွင်းတူးသည့်အကြောင်းကို ပြန်ပြောင်းအောက်မေ့ခဲ့ကြပါသည်။

❑

‘သားနှင့်အဖတို့၏ ရေနွေးကြမ်းဝိုင်းကလေးမှာ ကြည်နူးမည်ဆိုလျှင် ကြည်နူးစရာဖြစ်သည်။ လွမ်းမည် ဆိုလျှင်လည်း လွမ်းစရာဖြစ်သည်။

မြစ်ကမ်းနဖူး၌ ရေတွင်းတူးစဉ်က ဆရာသည် ကျောင်းသားအရွယ်ဖြစ်သည်။ ထိုအကြောင်းကို ပြန်ပြောင်းပြောသည့်အချိန်တွင် ဆရာသည် သူငယ်ကလေး မဟုတ်တော့။ ပြည်ပ၌ ပညာဆက်လက်သင်ကြားရာမှ ပြန်လာပြီး တက္ကသိုလ်တစ်ခုမှာ ကထိကပင် ဖြစ်နေခဲ့ပါပြီ။ ရေတွင်းတူးသည့်ကိစ္စကို ဦးကျော်မင်းက ပြန်ပြောပြနေစဉ် သားနှင့် အဖတို့သည် တူညီစွာပဲ လူသုံးဦးကို သတိရနေခဲ့သည်။ မောင်လှထွန်း၊ ခင်ကြည်စင်နှင့် မောင်ဘသောင်းတို့ ဖြစ်သည်။

သားနှင့်အဖတို့က သတိတရရှိနေသော သူသုံးဦးစလုံး၌ တူညီသော အချက်တစ်ချက်လည်း ရှိနေသည်ကို တွေ့ရသည်။ ထိုအချက်မှာ ထိုသူတို့သည် မြစ်ကမ်းနဖူးမှာ ရေတွင်းတူးခဲ့သူများ မဟုတ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်း၊ ရေမထွက်နိုင်သည့် နေရာမှာ ရေတွင်းတူးခဲ့သူများ မဟုတ်ခဲ့ခြင်းဖြစ်သည်။ ပြောရလျှင် ထိုသူတို့သည် မဖြစ်နိုင်သည့်အရာကို လုပ်ခဲ့သူများ မဟုတ်ကြ။ ဖြစ်ချင်သည့်အရာကို ဖြစ်နိုင်ခြေရှိသည့် နေရာ၌ ရှာဖွေ၍ ဖြစ်အောင်လုပ်ခဲ့သူများသာဖြစ်သည်။ ရေချိုကိုထွက်နိုင်သည့် နေရာမှာ ရှာဖွေ၍ ထွက်အောင် တူးနိုင်ခဲ့သူများဖြစ်သည်။ ရှန်းကန်ရသည့်ဘဝကို အောင်မြင်လှပစွာ ထုဆစ်နိုင်ခဲ့သူများဖြစ်သည်။ ထိုသူတို့အကြောင်းကို ထားရစ်ခဲ့ပါမည်။ အဘိုးအို ဦးကျော်မင်းကလည်း ထားရစ်ခဲ့ဟန်တူပါသည်။

*‘အေးကွာ။ တူးတုန်းကတော့ ရွံ့ဆိုတော့ လွယ်လွယ်နဲ့မြန်မြန် ပြီးနိုင်မယ်ထင်တာ။ ရေထွက်မယ်လည်း ထင်တာပေါ့ကွာ။ တူးရင်းနဲ့ စဉ်းစားကြည့်တော့ သိပ်မဖြစ်နိုင်ဘူးဆိုတာ သိလာတယ်။ လုပ်မိမှတော့လည်း ဆုံးအောင်လုပ်ရမှာပေါ့။ ဖေဖေ့ကို သတိပေးလိုက်တာက မြစ်ကွ’*

ဟော…။ သူ့ကိုသတိပေးလိုက်တာက မြစ်ဆိုပါကလား။ ထိုအဘိုးအိုသည် ဗြဟ္မဏလုလင်ကလေး သိဒ္ဓတ္ထကဲ့သို့ မြစ်ထံမှ တစ်စုံတစ်ရာ သင်ကြားခဲ့လေသလောဟု စောကြောကြည့်ချင်စရာ ဖြစ်လာပါသည်။

လတာပြင်က ရွံ့ဖြစ်သည်။ တူးရတာ လွယ်ကူသည်။ ရေနှင့် အနီးဆုံးနေရာလည်း ဖြစ်သည်။ ရေထွက်မည်ဆိုလျှင် ထွက်နိုင်ခြေရှိသည်။ သည်တော့ တူးကြည့်ချင်သည့်ဆန္ဒ ပြင်းပြလာသည်။ တော်တော်သဘာဝကျသည့် ကိစ္စဖြစ်သည်ကို စာဖတ်သူလည်း လက်ခံနိုင်မည် ထင်ပါသည်။

ကျွန်တော်တို့သည် လွယ်ကူသောလမ်းကို ရွေးချင်ကြပါသည်။ စာမေးပွဲတွင် အလွယ်ဆုံးဖြေဆိုနိုင်မည်ဟု ထင်ရသည့် ပုစ္ဆာကို ဦးစွာရွေးချယ်၍ ဖြေဆိုချင်ပါသည်။ အခက်ခဲဆုံးပုစ္ဆာကို နောင်မှ ဖြေဆိုချင်ပါသည်။ သို့ရာတွင် တစ်ရံတစ်ခါ၌ အလွယ်ဆုံးဟုထင်ရသည့် ပုစ္ဆာမှာ စာမေးပွဲချိန် ကုန်ဆုံးခါနီးအထိ အဖြေမတွေ့နိုင်ဘဲ ခက်ခဲနေသည်မျိုးလည်း ရှိတတ်ပါသည်။

ဘဝခရီးတစ်လျှောက်တွင် ကျွန်တော်တို့သည် ရေထွက်ဖို့ သေချာသည့်နေရာကို တွေ့အောင်ရှာဖွေပြီးမှ ရေတွင်းတူးသူများ ဖြစ်ခဲ့လေသလောဟု စဉ်းစားကြည့်ပါသည်။ မဟုတ်ပါ။ ကျွန်တော်တို့သည် ရေထွက်ဖို့ သေချာလှသည် မဟုတ်စေကာမူ ရေထွက်မည်ဟု ထင်ရသည့် နေရာများ၌လည်း တူးခဲ့မိသည်ကို တွေ့လာရပါသည်။ ငဝန်မြစ်ကမ်းနဖူးမှ သားအဖနှစ်ဦးကဲ့သို့ အတန်ကြာ တူးပြီးသည့်နောက်တွင်မှ ရေမထွက်နိုင်ကြောင်း သိလာသည့်အခါတို့များစွာရှိခဲ့သည်ကို တွေ့လာရပါသည်။

အချို့ပုစ္ဆာများမှာ လွယ်မယောင်နှင့် ခက်ပါသည်။ တိမ်မယောင်နှင့် နက်ပါသည်။ သဘာဝတရား သို့မဟုတ် ဩကာသ လောကသည် ကျွန်တော်တို့ သင်ယူနာကြား မှတ်သား၍မကုန်နိုင်သည့် ‘ကျောင်းကြီးဝိဟာ’ ဖြစ်နေဆဲပဲ ဖြစ်ပါသည်။ ကျွန်တော်သည် မြစ်ကမ်းနဖူးတွင် ရေတွင်းတူးခဲ့သည့် သားအဖနှစ်ယောက်ကို အပြစ်မမြင်ရက်ပါ။ သင်ပုန်းချေရေး၊ ပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ကြားသည့်အခါတိုင်း သားအဖနှစ်ယောက်ကို ဝမ်းနည်းစွာ သတိရမိစမြဲဖြစ်ပါသည်။ ထို့ပြင် မြစ်ကမ်းယံ လတာစွန်းမှာလည်း ရေကြောတွေ့ကောင်းတွေ့နိုင်ဦးမည်ဟု မျှော်လင့်ချင်တုန်းပဲ ဖြစ်ပါသည်။ ။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

ရည်ညွှန်း။ ။ကမ်းစပ်က ရေတွင်း(မြစ်တစ်စင်းနှင့်သားအဖနှစ်ယောက်)ကြည်မင်း



www.burmeseclassic.com

www.burmeseclassic.com



# နှောင်ငင်ကြိုးကလေး

မင်းချမ်းမွန်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် စိမ်းမြမြ ဘီလူးကျွန်းတွင် မွေးဖွားပြီး မြစ်ဝှမ်းလွင်ပြင်တို့ဖြင့် ပြန့်ကျယ်သော မော်လမြိုင်တစ်ခွင် ကျင်လည်ကြီးပြင်းလာသူဖြစ်ပါ၍ ဆင်ဆိုသော အကောင်ကြီးကြီး အမြီးတိုတိုသတ္တဝါနှင့် နီးစပ်ယှဉ်ပါးခြင်းမရှိတာ အမှန်ဖြစ်ပါသည်။ ငယ်စဉ်တုန်းက မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဆင်ကို စမ်းပြီး ဆင်ဆိုတာကို သူတို့ထိတွေ့ စမ်းမိသည့် အစိတ်အပိုင်းအပေါ် တွေးဆကာ အဓိပ္ပာယ်ဖော်သည့် နယ်သာ ဖြစ်ပါ၏။ ဆင်ကို ဘာမှန်းမသိ။ မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ရောက်ရှိခါမှ မရမ်းကုန်း သစ်စက်၌ သစ်တုံးတွေကို အားစွမ်းသန်သန် ဆွဲရွှေ့နေသော ဆင်ကို အရှင်လတ်လတ် မြင်ဖူးရလေသည်။



ပြီးတော့ 'ရွှတ်ကမန်ဆင်ကြီးလိုပဲ' ဟူသော မော်လမြိုင်ဒေသိယ ဝေါဟာရကို ကြားဖူးလာသည်။ အလုပ်တွေ မည်မျှရှိရှိ ထိုရွှတ်ကမန်ဆင်ကြီးသည် အလုပ်နားချိန် အလုပ်သိမ်းချိန် ရောက်သည်နှင့် ချီမ,ထားသည့် သစ်တုံးကြီးကို ဝုန်းခနဲ ပစ်ချကာ အလုပ်ကို သိမ်းရုပ် ရပ်နားတတ်သဖြင့် ရုံးဆင်းချိန် ရောက်သည်နှင့် အလုပ်ကပျာကယာ သိမ်းတတ်သော ဝန်ထမ်းတွေကို ရွှတ်ကမန် ဆင်ကြီးနှင့်ပမာယှဉ် တင်စား ပြောကြားလေ့ရှိတာ သတိပြုမိပါသည်။

ဆင်ဆိုသည်နှင့် ရွှေနန်းပြည့်ရှင် ရှေးမြန်မာဘုရင်များ၏ ဆင်သတ္တဝါအပေါ် ရူးရူးသွပ်သွပ် လိုလားတပ်မက် ပုံတွေကိုပါ အမှတ်ရလာမိပြန်သည်။ ပြည်သူပြည်သားတွေအပေါ် လုပ်အားဒါနပြုသည့် ဆင်မည်းတွေကိုမဟုတ်။ ပေါက်ပေါက်ဆုပ်လိုဖြူသည့် အရောင်အဆင်း ရှိသော ရတနာတန်းဝင် မင်္ဂလာဆင်ဖြူတော်တွေကိုပဲ ဖြစ်သည်။ ဆင်ဖြူတော်ဟူသည်ကို နယ်နယ်ရရ ပုဂ္ဂိုလ်တွေမရနိုင်။ ဘုန်းလက်ရုံးနှင့် တန်ခိုးတေဇာ ကြီးမားသူတွေသာ ရရှိနိုင်သည်။ သို့ဖြင့် မိမိလက်ထက်တွင် ဆင်ဖြူတော် ရရှိသည်နှင့် ဘဝရှင်မင်းတြားကြီးသည်လည်း ဆင်ဖြူရှင်ဘွဲ့ကို ခံယူပြီး မာန်ဝင့်ဂုဏ်ထည်လေ တော့သည်။

သို့သော် ကျွန်တော်တို့၏ သည်ဘက်ခေတ်၌ ဆင်ဖြူတော်ရရှိသော်လည်း တိုင်းပြည်စီးပွား မဖွံ့ထွားဘဲ တစ်နေ့တခြား မွဲပြာကျလာသော ဖြစ်ရပ်တွေနှင့် ကျွန်တော်တို့ တိုးမိ တိုက်မိတာတွေလည်း ရှိပါသည်။ ဆင်ဖြူတော်ဟု ဘွဲ့မည် ရည်ပေးခဲ့သော ဆင်ကလေးသာ တဖြည်းဖြည်း ဖြူရာမှ နီကြင်မွဲပြာလာသည်။ ခေတ်သစ် ဘဝရှင်မင်းတြားကြီးနှင့် ဆွေတော်မျိုးတော် ရုံရွေတော်တစ်သိုက်ကား အဖွံ့ထွားအကြီးပွားဆုံး စာရင်းဝင်တွေအဖြစ် ဘဝလမ်းမှာ ကျွန်းမာပကတိ ချမ်းသာစွာ ရှိသွားကြတာကိုတော့ ထင်သာမြင်သာ ရှိလှပါသည်။ ဒါလည်း ဆင်ဖြူတော်၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့်ဟု ဆိုပါလျှင် ရယ်ရွှင်ဖွယ်သာ ဖြစ်ပါလိမ့်မည်။

❑

ဆင်ဖြူတော် ရတနာတွေ မကြာခဏ ပေါ်ထွန်းရာ တိုင်းပြည်၌နေပြီး ဆင်ရုပ်ပါ ငွေစက္ကူတွေ သုံးစွဲရင်း မွဲပြီးရင်း မွဲဖူးသော ကျွန်တော်သည် စာဖတ်ဝါသနာ အလျောက် ဆရာ ဖိုးကျော့၏ ဆင်ဝတ္ထုများကို ဖတ်ရသောအခါမှ ဆင်ဆိုတာ ဤသို့သော သတ္တဝါပါတကားဟု သိရှိလာရလေသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော် ဆင်ကို ချစ်စရာထက် ကြောက်စရာ၊ လန့်စရာ သတ္တဝါမျိုးဟုပင် ခံစားနေမိသည်။ ထို့နောက် သနားစရာ သတ္တဝါအဖြစ်လည်း မြင်ယောင်နေမိသည်။

ဆင်ဆိုသော သတ္တဝါက ကိုယ်လုံး ကိုယ်ထည် အလုံးအဖန်ကသာ ကြီးမားသည်၊ ဦးနှောက်ကား ဆွံ့,လှီလှပေစွ။ ဒါကြောင့် ကြီးကောင်ကြီးမားနှင့် သေးညက်သော လူသားတို့၏ ထားရာနေ စေရာသွား အခိုင်းခံဘဝ ကျရောက်လျက်ရှိတာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ အရိုင်းဘဝဖြင့် တောကြီးမျက်မည်းၗ ကျင်လည်ကျက်စားနေသော်လည်း ဆင်ဖမ်းမုဆိုးတို့၏ ကျော့ကွင်းသို့ ဆင်းသက်ကြရသည်။ ပြီးတော့ ကျုံးထဲသို့ ညှပ်ပူးညှပ်ပိတ် အသွင်းခံရ၊ နီရဲအောင် မီးဖုတ်ထားသော သံတောင့်သံချောင်းများဖြင့် အတို့ခံရ၊ လှံဖြင့် ဆီးထိုးခံရသည့် ဘဝက အဆိုးဆုံးဖြစ်၏။

ထို့ပြင် ဆင်ဖမ်း မုဆိုးတို့သည် ဆင်ဖမ်းရာတွင် သံကြိုးကို အသုံးပြုလေ့မရှိတာကိုလည်း သိရသည်။ အဘယ်ကြောင့်ဟူမူ ဆင်တို့သည် ခွန်အားဗလကြီးမား၊ ဒေါသလည်း ပွားတတ်ရာ ရုန်းကန်သည့်အခါ မာကျောသည့် သံကြိုးနှင့် ချည်နှောင်ထားပါက ထိုသံကြိုးသည် ဆင်၏ ခြေလက်ထဲသို့ ရှဝင်နစ်မြုပ်သွားပြီး အရိုးသို့ပင် ထိခိုက်သဖြင့် ကြီးမားသော ဒဏ်ရာအနာတရ ဖြစ်သွားနိုင်သည်။ ဒေါသကြီးသည့် ဆင်များကား ကျုံးထဲထည့်ထားစဉ် မာန်ဝင်ပြီး သူ့ဦးကင်းဖြင့် ကျုံးတိုင်များကို တအားကြီး ဆောင့်လိုက် အောင်းလိုက်လုပ်သည်။ ကိုယ်လုံးကြီးဖြင့်လည်း အားကုန် ပစ်တိုက်ကြသောကြောင့် ဦးခေါင်းနှင့် ကိုယ်လုံးတို့ ပွန်းပဲ့ဒဏ်ရာများ၊ အတွင်းသားကြေ၍ ရောင်ကိုင်း ပြည်တည်သော ဝေဒနာများ ရရှိကုန်တတ်ပါသေးသည်…တဲ့။

တကယ်တော့ ဆင်တို့သည် တောရိုင်း သတ္တဝါ။ ဆင်ဖမ်းသမားတို့က သူတို့ကိုဖမ်းမိပြီး ကျုံးသွင်းသည်။ အစာရေစာ ဖြတ်တောက်သည်။ ထိုအခါတွင် ဆာလောင်ခြင်းနှင့် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ အတူရှိနေသည့် အခြားဆင်မနှင့် ဆင်သားငယ်များကိုပါမကျန် အစွယ်ဖြင့် ထိုးသတ်လေ့ရှိသည်။ ဆင်သားငယ်ကို ရန်လုပ်တော့ မိခင်ဆင်မကြီးက ငုံ့မခံ။ အသက်ပေး ကာကွယ်တိုက်ခိုက်ရာ ကျုံးထဲမှာ ဝုန်းဒိုင်းကြဲ၍ သေပွဲဝင်ကြရတာမျိုးရှိသည်။ အသက်မသေကြလျှင်လည်း အပြင်လောကသို့ ရောက်

q ifzLawmf
&wemawG
rlumcP ay; x ef&m
wkdfy n faelyD
q ifkyf
aiGu lawG
o jzGif
rGD if rBdaom
u efawmfo nf
pmzwf oem
t av muf
q &m zlu m h
q if w+m; uk
zw&aom t crS
q ifq kvm
þ o kom
o wåy w um; [ k
oSd m&av o nf

သည့်အခါ ထိုဆင်တို့ သက်ဆိုးမရှည်၊ အတွင်းကြေ ဒဏ်ရာတွေနှင့် ကွယ်လွင့်ဆုံးပါးသွားကြသည်သာဖြစ်၏။

ဆင်တစ်ကောင် အရိုင်းဘဝမှ ယဉ်ပါးလာဖို့က ဆင်သမားတွေအတော်ကြီး ဉာဏ်ကစား၍ အဆင့်ဆင့်လေ့ကျင့်သင်ကြားခဲ့ရသည်။ အတော်လေးယဉ်ပါးလာသော်ငြား မုန်ယိုလာလျှင် သခင်ကိုပင် အရှင်လတ်လတ် နင်းသတ်ရန်လုပ်လေ့ ရှိသည်။ အချိန်နှင့်အမျှ ပေါ့ဆလို့မရ။ ဒါကြောင့် ဆင်ဆိုတာ ဘယ်တော့မျှ စိတ်မချရ။ သခင်ကို ရန်ပြုရန် တစ်နေ့ကို သုံးကြိမ်မျှ အလစ်ချောင်းလေ့ရှိသည်။ သို့ဖြင့် မြန်မာမှုနယ်ပယ်၌ ဆင်ကြံ ကြံနေသည်ဆိုသော စကား လူသုံးများလာဟန်ရှိပါသည်။

ဤမျှ အကောင်ကြီးပြီး မာန်ဝင်ရိုင်းပျသည့် ဆင်များကို လူသားတွေက နူးညံ့ပျော့ပျောင်းလာအောင် စည်းရုံးသွန်သင်နိုင်တာကလည်း အံ့မခန်းစွမ်းရည်တစ်ရပ်ပဲ ဖြစ်မည်ထင်ပါသည်။ ကျွန်တော် မှတ်သားရဖူးတာတစ်ခုရှိ၏။ ဆင်ကို ယဉ်ပါးစေသည့် အတတ်ပညာ ရှေးမြန်မာရှင်ဘုရင်များ လက်ထက်ကတည်းက ရှိခဲ့သည်။ ရှားရှားပါးပါး အံ့ဖွယ်ပါပဲ။ ယဉ်ကျေးမှုဆိုင်ရာ အများပိုင် အသိဉာဏ် ပစ္စည်းလည်း ဖြစ်၏။

တကယ်တော့ ဆင်သည် တောရိုင်းသတ္တဝါ။ အနှိုင်းမဲ့ မိုက်မဲသည့် ဇီဇနှင့် ဒေါသလည်း ကြီးတတ်တာ အားလုံး အသိ။ သို့ပါသော်လည်း ဆင်ဖမ်းသမားကြီးတွေက ဆင်ရှေ့မှာ ရဲရဲထိုင်ကြသည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ချိုမြိန်သည့် ဆင်ချော့တေးတွေကို သံပြိုင်သီဆိုကြသည်။ ဤသို့ ဆင်ချော့တေးနုတေးယဉ်တွေကို ဆင်တို့၏ နားထဲသို့ သံပြိုင်သွန်းပက်ကြခဲ့ကြလေရာ ဆင်တွေခမျာ အရိုင်းစိတ်တွေ တရိပ်ရိပ်ပဲ့ကြွေ ဒေါမာန်တွေပြေလျော့ကာ ငြိမ်သက် တိတ်ဆိတ်သွားလေသတဲ့။ ပြီးလျှင် ဆင်ဖမ်းသမားကြီးတွေကို တစ်နေ့ထက်တစ်နေ့ သူတို့မိတ်ဆွေအဖြစ် အသိအမှတ်ပြုလာကြလေသတဲ့။ ထိုမျှမက ဆင်ကြီးတွေခမျာ တိတ်ဆိတ်ငြိမ်သက်ရာမှ ဝမ်းနည်းစိတ် တဖြည်းဖြည်း ဝင်ကာ ယဉ်ပါးလာရုံမက မျက်ရည်များပင် ကျလာလေသတဲ့။ တကယ့် အံ့ဖွယ်ရာ မြန်မာတို့၏ ဆင်ချော့တေးပါလားဟု ကျွန်တော် လက်ဖျားခါမိသည်အထိ အံ့သြခဲ့ပါသည်။

သို့ဖြင့်… ဆိုခဲ့ပါအကြောင်းအရာပေါ် ဆက်စပ်ပြီး ကဗျာချစ်သူပီပီ ကျွန်တော် ခေတ်ပေါ်မော်ဒန်ကဗျာတစ်ပုဒ်ကို ခေတ်ရုန့်မဂ္ဂဇင်းမှာ ရေးခဲ့ဖူးပါသည်။ အဆုံးသတ်အပိုဒ်က ဤသို့ပါ…။

*ဩော်*
*ကျွန်တော်*
*ဆရာကြီး ဒဂုန်တာရာရဲ့*
*ရန်သူကို*
*မိတ်ဆွေဖြစ်အောင် ဖွဲ့နွဲ့တဲ့*
*ငြိမ်းချမ်းရေးဒဿနကို*
*ဖျတ်ခနဲ သတိရလာမိတယ်*


www.burmeseclassic.com

www.burmeseclassic.com

*ပြီးတော့…*
*အဲဒီ ဆင်ချော့တေးတွေနဲ့*
*ကျွန်တော်တို့*
*တောကြီးမျက်မည်းထဲက*
*ခေတ်လူမိုက်ကြီး*
*လူမိုက်လေးတွေကို*
*ယဉ်ကျေးလိမ္မာအောင်*
*သွန်သင်ပေးရကောင်းမလား*
*ကျွန်တော် စဉ်းစားနေမိပုံ၊*
*ခေါင်းစားနေမိပုံ*
*နွေဦးမှာ*
*လေရူးတွေကလည်း*
*တသုန်သုန်နဲ့ မဟုတ်လား။*

❑

ဆင်တွေနှင့် စပ်လျဉ်း၍ ခပ်နက်နက် တွေးကြည့်လျှင်-

ဆင်တွေက လူသားတွေနှင့် ကမ္ဘာကြီးကို အဖျက်ပြုသည်ထက် ကောင်းရာမွန်ရာဘက် အကျိုးပြုသည်က ချိန်ခွင်လျှာ သာမည်ထင်ပါသည်။ အရိုင်းဘဝမှ အယဉ်ဘဝသို့ ရောက်အောင် ပြုပြင်သွန်သင်ပြီး စိတ်တိုင်းကျ အားပါးတရ ခိုင်းစားခဲ့ကြသည်။ နောက်ဆုံး အယဉ်ဆုံး၊ အနူးညံ့ဆုံး၊ အလိမ္မာဆုံး အကျင့်စရိုက်ရလေအောင် ပုံသွင်းပြီး ဆပ်ကပ်ပြပွဲတွေအထိ ပို့ဆောင်ကာ ဝင်ငွေရှာခဲ့ကြသည်။

နောက်ပိုင်းမှာ လူတွေက စိမ့်ကြီးမြိုင်ကြီးထဲက ဆင်ရိုင်းတွေကိုလည်း အလွတ်မပေးတော့ဘဲ သဲသဲမဲမဲ ရှာဖွေသတ်ဖြတ်လာကြသည်။ စောစောပိုင်းတုန်းကတော့ အဖိုးတန်အစွယ်ရှိသော ဆင်ဖိုတွေကိုသာ ဖြို့ခွင်းကြ၊ အစွယ်ကိုဖြတ်ယူကြသည်။ အခုတော့ အရိုးရော၊ အသားရော၊ အရေပြားခွံ၊ ခြေသည်းလက်သည်းခွံတွေပါမကျန် မှောင်ခိုဈေးကွက်မှာ အရောင်းအဝယ် ဖြစ်လာကြ၏။ သို့ဖြင့် ဆင်မကြီးတွေသာမက ဆင်သားပေါက်လေးတွေကိုပါ ဝိသမလောဘစောဖြင့် အမောတကော သုတ်သင်သတ်ဖြတ်လာကြလေသည်။ မကြာမီ တောရိုင်းဆင်တွေ မျိုးသုဉ်းကွယ်ပျောက်တော့မည့် အခြေ

]'Dq ifawG
i ,p0fu wnfu
oHu ceYk Jcwf yD
oWWf Sc nfx m;wm
cEIw ,f t u dfu df
½kef u nf bu yDyDv
r&r Sf
ock m; u yDq kwmh
aem u fx yf ½kef zkd
r u Çpm; u awmb J
';al u m ifh
u Ça o;a o;a v ;eJY
i kv f½ ku fyD
c nfx m; v kd nf
&wmay;h
oWd, k] k nfu nf
pGv fx pGe wm u
½kef x G fv kd
r&Enf awmb J q kdw
t pGJ u )G

သို့ ဆိုက်ရောက်လာသည်။ သို့ပါ၍ ဆင်ချစ်သူတွေနှင့် တာဝန်ရှိသူတွေက နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့အား ကမ္ဘာ့ဆင်များနေ့အဖြစ် သတ်မှတ်ကာ လှုပ်ရှားဆောင်ရွက်လာရသည်အထိ ဖြစ်ခဲ့သည်။

လူသားတွေက ဆင်တွေထက် မိုက်မဲကာ အကြင်နာမဲ့ ရက်စက်ရိုင်းပျလာလေပြီလား…ဟု တွေးဆရမလို ဖြစ်နေပြီ ထင်ပါသည်။

❑

ပြောရပါလျှင်-

အခြားသူများအဖို့တော့ မသိပါ၊ ကျွန်တော့်အဖို့တော့ ဆင်ဖြစ်စဉ်တစ်ခုထံမှ ဘဝအတွက် အဖိုးမဖြတ်နိုင်သော အတွေးအမြင် အလင်းခွန်အားတစ်ရပ်ကို ရရှိခဲ့ဖူးပါသည်။

တစ်ခုသော ဆပ်ကပ်ပွဲတွင် ချာတိတ်တစ်ဦးက ဆင်များထားရှိရာ ပွဲကြည့်စင်နောက်သို့ ရောက်သွားသည်။ ကြည့်လိုက်တော့ ရယ်ချင်ပက်ကျိ ဖြစ်သွား၏။ ဆင်တွေ၏ ခြေထောက်ကို ကြိုးသေးသေးလေးဖြင့် မဖြစ်စလောက် ချည်နှောင် ထားတာကို တွေ့မြင်မိ၍ ဖြစ်ပါသည်။ ထုံးခတ် ထားသည့် သဘော ဆိုသော်လည်း ကရော်ကမည် နိုင်လှပေစွ။ သို့ဖြင့် ချာတိတ်လေးက ဆပ်ကပ်ဆရာကို မေးကြည့်လိုက်မိသည်။ 'ဒီလောက် ဖြစ်ကတတ်ဆန်း ကြိုးသေးသေးလေးနဲ့ ချည်ထားတာ ဆင်က အသာလေးရုန်းပြီး ထွက်ပြေး မသွားနိုင်ဘူးလား'။

ထိုအခါ ဆပ်ကပ်ဆရာက ငါ သိပါတယ် သာလီကာရယ် ဟူသော ထေ့ပြုံးဖြင့် ပြန်ဖြေသည်။

'ဒီဆင်တွေက ငယ်စဉ်ကတည်းက သံကြိုးနဲ့ ထုံးခတ်ပြီး သံတိုင်မှာချည်ထားတာ ခံခဲ့ရတယ်။ အကြိမ်ကြိမ် ရုန်းကြည့်ခဲ့ကြပြီးပြီလေ။ မရုန်းနိုင်ထားကြပြီးဆိုတော့ နောက်ထပ်ရုန်းဖို့ မကြိုးစားကြတော့ဘူး။ ဒါကြောင့် ကြိုးသေးသေးလေးနဲ့ ငုတ်ရိုက်ပြီး ချည်ထားလို့လည်း ရတာပေါ့။ သူတို့ ယုံယုံကြည်ကြည် စိတ်ထဲစွဲနေတာက ရုန်းထွက်လို့ မရနိုင်တော့ဘူးဆိုတဲ့ အစွဲပဲကွ'တဲ့။ အတော်ဆင်ခြင် စဉ်းစားစရာကောင်းသည့် စကားပါပဲ။

ကျွန်တော်တို့သည် အကြောက်တရားတို့ဖြင့် ယဉ်ပါးစွာနေထိုင်ခဲ့ကြ၊ အသားကျခဲ့ကြတာ ကာလအတန်ကြာခဲ့ပြီ။

ဆင်ကို မျက်ရည်ကျအောင် ဆင်ချော့တေး ဆိုနိုင်ခဲ့ကြသော လူသားရင်မကြီးတွေကစ ကျွန်တော်ကိုယ်တိုင်က ရော ချည်တိုင်ဟောင်းဝဲသြဃကြီးထဲမှ ဘယ်လိုမှ ရုန်းထွက်လို့ မရတော့ဘူးဟု ရှူးသွပ်ပေါ့သွမ်းစွာ အားမာန်တွေ လျှော့ဖြေထားသည့် အစွဲအလမ်းဟောင်း ချည်မျှင်ကြိုးသေးသေးလေးဖြင့် နှောင်ငင်ခံထားရသော ဆပ်ကပ်ရုံနောက်က ခပ်ညံ့ညံ့ ဆင်တွေလို ဖြစ်နေပြီလားဟု အခါခါ စဉ်းစားရင်း မေးခွန်းထုတ်နေမိပါသည်။ ■

**မင်းချမ်းမွန်**



www.burmeseclassic.com

www.burmeseclassic.com

## ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

ဒီလမှာလည်း စိတ်ဝင်စားစရာ စာမူတချို့ ပါလာသလောက် လက်ရှိခေတ်နဲ့အညီ ဖြစ်ပျက်နေတာတွေကို ထင်ဟပ်တဲ့စာမူကတော့ အနည်းစုသာဖြစ်ပါတယ်။ ဒေသအသီးသီးမှာ လတ်တလော တွေ့ကြုံနေရတာတွေအပေါ် အခြေခံတဲ့စာမူတွေကို မျှော်လင့်နေပါတယ်။

၁။ *လမင်းရောင်ပြန့်မဟပ်သော အခြမ်း၌ နေသည်*
**မင်းကို(မြောက်ဦး)**

အရေးအသားပြေပြစ်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာနဲ့ တင်ပြပုံမှာ ရိုးစင်းပြီး ဇာတ်ကို ပီပြင်အောင် မဖော်ပြနိုင်ခဲ့ပါဘူး။

၂။ *စည်းအပြင်ဘက်က အကာန်*
**အရင်လူ(တွံတေး)**

စကားပြေကို ချောချောမွေ့မွေ့ ရေးသားနိုင်ပေမဲ့ အကြောင်းအရာက ရိုးစင်းနေသလို တင်ပြပုံ၊ ဆွဲဆောင်မှုအားနည်းနေပါတယ်။

၃။ *မညှိုးယန်းတို့ အမြဲမွေးပျံ့နေသည်*
**နေဘုန်းညီ(အင်တိုင်း)**

အရေးအသား ပြေပြစ်ပါတယ်။ ဇာတ်အဖွင့်ကစပြီး ဆွဲဆောင်မှုအားနည်းပါတယ်။ အပြန်အလှန်စကားပြောကို အားပြုလွန်းတဲ့အတွက် ဇာတ်ကောင်တွေရဲ့စရိုက် ပေါ်လွင်ထင်ရှားမှုအားနည်းပါတယ်။

၄။ *သက်တောင့်သက်သာဖိနပ်ကိုသာ စီးပါ*
**မိုးသက်အောင်**

ခေါင်းစဉ်စာလုံးပေါင်းအမှန်မှာ **သက်သောင့်သက်သာ** ဖြစ်ရပါမယ်။ အရေးအသားသင့်ပေမဲ့ အကြောင်းအရာနဲ့တင်ပြပုံ ရိုးစင်းနေပါတယ်။ ဆောင်းပါးဆန်တဲ့ ချဉ်းကပ်မှုမျိုးကိုလည်း တွေ့ရပါတယ်။

၅။ *ရင်ခုန်မှားသောမိန်းမ(ဝါ)ကျွန်မ*
**မိုးသက်အောင်**

**သက်တောင့်သက်သာဖိနပ်ကိုသာ စီးပါ** စာမူကို ပေးပို့တဲ့ ကလောင်နာမည်နဲ့တူပေမဲ့ လက်ရေးတခြားစီဖြစ်နေပါတယ်။ ကလောင်တစ်ခုတည်းက စာမူနှစ်ပုဒ် ပေးပို့တာလား၊ မထင်မှတ်ဘဲ ကလောင်နာမည်တူ နှစ်ယောက်ဖြစ်နေတာလား မကွဲပြားပါဘူး။ ဒီစာမူကတော့ လောကြီးပြီး ရေးထားတဲ့စာမူဖြစ်သလို အကြောင်းအရာထူးခြားမှုမရှိပါဘူး။ နိဂုံးပိုင်းကလည်း အတော်အားနည်းလှပါတယ်။

၆။ *အိမ်ပြန်ချိန်*
**ဖိုးချို(ငပုတော)**

အရေးအသားပိုင်းမှာ အဖွဲ့အနွဲ့နဲ့ ဆွဲဆောင်မှုအားနည်းသလို အကြောင်းအရာကလည်း အတော့်ကို ရိုးစင်းလှပါတယ်။ စာများများဖတ်ပါဦး။

၇။ *သူရယ်မင်းရယ် နဝဒေးတံတားကြီးရယ်*

၈။ *နိဒါန်းမလှတဲ့ အိမ်လွမ်းငှက်တွေ လှိုင်သာယာမှာရှိတယ်*
**ဆည်းဆာမောင်(စက်မှုမြို့)**

စာမူတွေကို ကွန်ပျူတာစာစီပေးလိုက်ပေမဲ့ ပုဒ်ဖြတ်၊ ပုဒ်မ လုံးဝမပါတဲ့အတွက် ဝါကျတွေအားလုံး တစ်ဆက်တည်းလို ဖြစ်နေပါတယ်။ စကားပြေ၊ စကားပြောကလည်း ရောထွေးလွန်းပါတယ်။ စာလုံးပေါင်းအမှားတွေလည်း များပြားလှပါတယ်။ စာမူနှစ်ပုဒ်စလုံးမှာ အကြောင်းအရာအားမကောင်းသလို အပြန်အလှန်စကားပြောကို အားပြုလွန်းတာ တွေ့ရပါတယ်။ စာများများဖတ်ပါဦး။

၉။ *အဖြေမဲ့ ပုစ္ဆာ*
**ရွှေသူရဇ္ဇ(ထားဝယ်)**

အရေးအသား ပြေပြစ်ပါတယ်။ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။

၁၀။ *စံ*
**ခရမ်းသစ်အိမ်**

အရေးအသားရှုပ်ထွေးလှပါတယ်။ ပထမနာမ်စားနဲ့ တတိယနာမ်စားကို ရောထွေးရေးထားသလို ဖြစ်နေပါတယ်။ စကားပြေ၊ စကားပြော ရောထွေးမှုကလည်း ရှိနေပါတယ်။ စာများများဖတ်ပါဦး။

၁၁။ *အခြောက်လား၊ မိန်းမလျာလား...*
**ကျော်မိုးသန့်**

ရွှေအသစ်ကဏ္ဍက ဝတ္ထုစာမူတွေကို စိစစ်တာဖြစ်ပါတယ်။ ဒီစာမူကတော့ ဆောင်းပါးဆန်တဲ့စာစုမျှသာ ဖြစ်ပါတယ်။

၁၂။ *တရားခံ*
**အေပရယ်ညိုညိုချော**

အရေးအသား သင့်ပါတယ်။ လှည့်ကွက်ထည့်ထားပေမဲ့ ရိုးစင်းနေတဲ့စာမူဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၃။ အထီးကျန်မြင်းမိုရ်
မောင်ငြိမ်းချမ်း(ခရမ်းမြေ)

ခေါင်းစဉ်ဖတ်တာနဲ့ ဘယ်လိုဇာတ်လမ်းမျိုး လာမယ်ဆိုတာကို မှန်းနိုင်လောက်အောင် ရိုးစင်းလှတဲ့ စာမူသာ ဖြစ်ပါတယ်။

၁၄။ အဖွင့်စာမျက်နှာလေးများ
ကိုလင်းအောင်(လက်ပုကန်)

အရေးအသား သင့်ပါတယ်။ ပြောချင်တာလည်း ရှိပါတယ်။ အပြန်အလှန်စကားပြောကို အားပြုထားသလိုဖြစ်ပြီး အပွဲ့အနွဲ့အားနည်းသွားပါတယ်။ အကြောင်းအရာအတန်ငယ်ရိုးစင်းပါတယ်။

၁၅။ စိတ်၏စေညွှန်ရာ
မိုးယံဝင့်ထည်

ဆောင်းပါးဆန်တဲ့ တင်ပြပုံမျိုးဖြစ်နေပါတယ်။ အကြောင်းအရာကို တင်ပြပုံဆွဲဆောင်မှုရှိအောင် ရေးသားသင့်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

ညီဆောင်းဦး ရဲ့ ဆန်ရေ၊ ညီကျော်(တန့်ဆည်) ရဲ့ မြင်းမိုရ်တစ်ခြမ်း၏ခြေရာ၊ မျိုးဆွေဦး(မာလဲနတ်တောင်) ရဲ့ မငြိမ်းသောမီးတောက်၊ စီးဆင်းမြဲ ရေအလျဉ်၊ မိုးသက်လေရဲ့ အလွမ်းဆိုသည်ထက်ကိုပို၍၊ ဆန်းငယ်သွေး(ပုတီးကုန်း) ရဲ့ အပူခံအိုးကွဲ၊ မြူမင်းလွင်(မော်လမြိုင်) ရဲ့ သူသာယန့်လျှင်၊ ဟိန်းနွေရှိုင်း ရဲ့ ရေစုံမျောကြသူများ၊ ညိုလင်းမောင်(ရေဦး) ရဲ့ လူနှင့်နောက်ကျောဘက် စာမျက်နှာ တို့ ဖြစ်ပါတယ်။

မသီတာ၊စမ်းချောင်း၊

❑

ဆရာမ မသီတာ(စမ်းချောင်း) စိစစ်ရွေးချယ်တင်ပြပေးလိုက်တဲ့ စာမူများထဲက ဆရာ ညိုလင်းမောင်(ရေဦး)ရဲ့ 'လူနှင့် နောက်ကျောဘက်စာမျက်နှာ'ဝတ္ထုမှာ စိတ်ဝင်စားစရာကောင်း ပါတယ်။ ရေးဖွဲ့ပုံလည်း အဆင်ပြေလို့ ဆရာမ မသီတာက ရွေးချယ် စိစစ်ပေးတဲ့အထဲမှာ ပါဝင်လာတာပါ။ ဒါပေမဲ့ ဒီလမှာ စာမူကောင်းတော်တော်များများ တက်လာတာဆိုတော့ ဆရာ့စာမူက တခြားစာမူများနဲ့ယှဉ်လိုက်ရင် အားနည်းသွားတာဖြစ်လို့ ကျွန်တော် ချန်ထားခဲ့ရပါတယ်။

ဆရာ ဟိန်းနွေရှိုင်းရဲ့ 'ရေစုန်မျောကြသူများ' ဝတ္ထုမှာ သပ်ရပ်တဲ့လက်ရေးနဲ့ ဆွဲဆောင်မှုရှိတဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ဒါပေမဲ့ တယ်လီဖုန်းအင်တာနက်မှ တစ်ဆင့် အပြောကောင်း ကြည့်တဲ့ လူတစ်ယောက်က မကျူးလွန်သင့်တဲ့ မိန်းကလေးတစ်ယောက်ကို ကျူးလွန်လိုက်မိတဲ့ဇာတ် ဖြစ်နေပါတယ်။ ဝတ္ထုထဲက ဇာတ်ဝင်စကားအရ ဦးလေးနဲ့ တူမ ဖြစ်နေတာကြောင့် မသင့်တော်တဲ့အတွက် ကျွန်တော် ပယ်လိုက်ပါတယ်။ နောက်ထပ် ဆရာ့ဝတ္ထုများကို ဖတ်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဆရာ မျိုးဆွေဦး(မာလဲ-နတ်တောင်)ရဲ့ 'မငြိမ်းသောမီးတောက် စီးဆင်းမြဲရေအလျဉ်' ဝတ္ထုက သားကို အလိုလိုက်လွန်းတဲ့ အမေတစ်ယောက်အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ သင်ခန်းစာယူစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။ ဒါပေမဲ့ ဆရာ့ရေးဖွဲ့ပုံက တခြားဝတ္ထုများနဲ့ ယှဉ်လိုက်ရင် အားပျော့နေတာကြောင့် ချန်ထားခဲ့ပါတယ်။

ဆရာ ညီဆောင်းဦးရဲ့ 'ဆန်ရေ'ဝတ္ထုကို ဖတ်ရပါတယ်။ ရိုးရှင်းတဲ့ခေါင်းစဉ် 'ဆန်ရေ'ကို ဖတ်လိုက်ရကတည်းက သားသမီးရဲ့ တုံ့ပြန်မေတ္တာဖြစ်လိမ့်မယ်ဆိုတာ စာဖတ်သူက သိသွားပါပြီ။ ဒါပေမဲ့ ဆရာက အလှည့်အပြောင်းကလေးနဲ့ ရေးထားပါတယ်။ ကျွန်တော် အထက်မှာ ပြောခဲ့တဲ့အတိုင်း ဒီလ ဆန်ခါတင်ဝင်လာတဲ့ ဆရာများက စာရေးကောင်းသူတွေချည်းဖြစ်တာကြောင့် စိတ်ကြိုက်ဝတ္ထု သုံးပုဒ်ကို ဖော်ပြပေးလိုက်ပါတယ်။

ဆရာမ မသီတာ ရွေးချယ်ပေးတဲ့အထဲမှာ ပါတဲ့ ဆရာ ညီကျော်(တန့်ဆည်)က ရွှေအသစ်မှာ နှစ်ကြိမ်ပါပြီးဖြစ်တာကြောင့် ရွှေဝတ္ထုကဏ္ဍသို့ ပြောင်းရွှေ့ပေးလိုက်ပါတယ်။ သင့်တော်ရာလမှာ ဖော်ပြပေးပါမယ်။

အလျှဉ်းသင့်တုန်းမှာ ရွှေအသစ်ကဏ္ဍကို ပေးပို့ကြတဲ့ ဆရာ၊ ဆရာမများကို မေတ္တာရပ်ခံချင်ပါတယ်။ မေးလ်နဲ့ ပေးပို့ကြရာမှာ တစ်ကြိမ်ပို့ရင် ရောက်ပါတယ်။ ကျွန်တော်ကလည်း စာမူရောက်တဲ့အကြောင်း ပြန်ကြားပေးလေ့ရှိပါတယ်။ တကယ်လို့ ကျွန်တော့်ပြန်ကြားချက် မရဘူးဆိုရင်သာ နောက်တစ်ကြိမ် ပို့ပါ။ ရပြီးသားစာမူတွေကို နောက်ထပ် နောက်ထပ် တစ်ကြိမ်ပြီး တစ်ကြိမ် ထပ်ထပ်ပို့နေတော့ စာရင်းသွင်းသူက နှစ်ခါ၊ သုံးခါ စာရင်းသွင်းမိလျက်သား ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ဆီက မေးလ်ပြန်စာ မရဘူးဆိုရင်သာ ထပ်ပို့ပါ။ စာမူရတဲ့သူတိုင်းဆီကို ကျွန်တော် စာပြန်ပေးနေပါတယ်။

ဒါကြောင့် ဒီလမှာ ရွှေအသစ်များအဖြစ် ဆရာ ဆန်းငယ်သွေး(ပုတီးကုန်း)ရဲ့ 'အပူခံအိုးကွဲ'၊ ဆရာ မိုးသက်လေရဲ့'အလွမ်းဆိုသည်ထက်ကို ပို၍'၊ ဆရာ မြူမင်းလွင်(မော်လမြိုင်)ရဲ့ 'သူသာ ယန့်လျှင်' တို့ သုံးပုဒ်ကို ဖော်ပြပေး လိုက်ပါတယ်။

■ ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းပေါ်ဦး ပုတီးကုန်း

# အပူခံအိုးကွဲ

အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၀

၁။

"ကဲ ဘယ်လိုလုပ်ကြမလဲ ကိုမြင့်မောင်"

ညဘက် ရွာဘောလုံးကွင်း အစပ်နားမှာ ဟိုနေရာတစ်စု၊ ဒီနေရာတစ်စု အိုးဖုတ်သူတွေကြား ကျုပ်တို့လင်မယား နှစ်ယောက်လည်း ကိုယ့်အိုးဖိုဘေးမှာပဲ ရှိနေတယ်။ ယောကျ်ားလုပ်သူက သက်ပြင်းချတယ်။ ကျုပ်လည်း စိတ်ညစ်တာပါပဲတော်…။

"မမြခင်ရေ ငါတော့ ဘယ်လိုတွေးတွေး မြို့ကိုတော့ လိုက်မနေနိုင်ဘူးကွာ"


အိုးဖိုကို မီးကျွမ်းအောင်စောင့်ရင်း မိသားစုကိစ္စ တိုင်ပင်နေမိပါပကော…။

"တို့မှာ ဒီသမီးလေး တစ်ယောက်ပဲရှိတာ၊ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဒီအမေ၊ ဒီအဖေနဲ့ ဒီရွာလေးမှာပဲ နေလိမ့်မယ်လို့ ထင်ထားခဲ့တာ’

သမီးဖြစ်သူ ဖြူစင်နုက အထက်တန်းပြဆရာမ၊ သူ့အမျိုးသားကလည်း အထက်တန်းပြဆရာပါပဲ။ အခု ရပ်ဝေးမှာ အတူတာဝန်ကျနေတယ်။ အသက်ကြီးမှ အိမ်ထောင်ကျပြီး အခု သမီးက ကိုယ်ဝန်နဲ့။

‘ကလေးရလာရင်တော့ ပြည်မြို့ပေါ် ပြောင်းနေချင်တယ်’ လို့ ခဏခဏ ပြောနေခဲ့တာ။ ဒါ့အပြင် သမီးက ကလေးမွေးပြီးတာနဲ့ အမေတို့ လက်ရှိအလုပ်ကို ရပ်လိုက်တော့။ အသက်ကြီးပြီနားကြတော့တဲ့။ ဒီလိုသာပြောပေမဲ့ အရင်က သမီးဖြူစင်နုပြောခဲ့တာတွေ မှတ်မိနေပါသေးတယ်။ သမီးက တစ်ရပ်တစ်ရွာမှာ ဝန်ထမ်းအလုပ်နဲ့ တာဝန်ကျလေတော့ မိတ်တွေ ‘ဘာအလုပ်လုပ်လဲ’ မေးရင် ဒီအခါမှာ သမီးက ‘မိုးစပါး၊ နွေစပါးစိုက်၊ လယ်လုပ်ပါတယ်၊ အိုးလုပ်ပါတယ်’ လို့ ပြန်ဖြေတယ်။ ဒီတော့ သမီးကို လှောင်သလို၊ ရယ်ချင်သလို၊ ကဲ့ရဲ့ချင်သလို မျက်နှာတွေကို ခဏခဏမြင်ရသတဲ့။

‘အမယ်လေး သမီးရယ်၊ လယ်အလုပ်နဲ့တင် အမေတို့ ထမင်းစားလောက်ပါတယ်။ ဒါပေမဲ့ အပိုဝင်ငွေရတဲ့ မိရိုးဖလာအလုပ်လေ သမီးရဲ့။ ဒီအိုးလုပ်ငန်းနဲ့ အမေတို့ အပိုစုမိဆောင်းမိဖြစ်လာပြီး ခြံလေးစုမိ၊ အိမ်လေးဆောက်ဖြစ်၊ သမီးကို ကျောင်းထားလုပ်နိုင်ခဲ့တာ။ တစ်ရွာလုံးနီးပါးလည်း ဒီအလုပ်ပဲ လုပ်နေကြတာပဲ။ သူများပစ္စည်း ခိုးစားလုစားတာမှ မဟုတ်တာ၊ သမီးက ရှက်လို့လား’

အမှန်ပြောရရင် အိုးလုပ်ငန်းရဲ့ တစ်လဝင်ငွေက ဝန်ထမ်းလစာထက်တော့ ပိုရလေ့ရှိတတ်တာလေ။ အိုးဖောက်သည်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း အိမ်အထိ လာတင်သွားလေ့ရှိတော့ ရောင်းဖို့အတွက်လည်း မပူရဘူးပေါ့။

ဒီလို ကျုပ်က ပြန်ပြောတော့ 'ရှက်တာတော့ မဟုတ်ဘူးပေါ့ အမေ'တဲ့။ ကျုပ်သိပါတယ်။ သမီးကျင်လည်နေရတဲ့ အလုပ်မှာက တချို့ဝန်ထမ်းတွေရဲ့ မိဘက ကုန်သည်၊ တချို့မိဘက ရွှေဆိုင်နဲ့၊ တချို့က အရာရှိဝန်ထမ်းတွေဆိုတော့ အနည်းနဲ့အများဆိုသလို မောက်မာသူတော့ ရှိလိမ့်မပေါ့။ သမီးလည်း သိမ်ငယ်ရှာမပေါ့။

သမီး ဖြူစင်နု မြို့မှာနေချင်တဲ့ အကြောင်းအရင်းနောက်တစ်ခုက ဒီဇာတိရွာကြောင့်လားလို့ ကျုပ်တွေးမိနေသေးတယ်။ အခု ကျုပ်တို့နေတာက ပေါက်ခေါင်းမြို့နယ်၊ ချောင်းကောင်းရွာ၊ ပေါင်းတလည်မြို့နဲ့ မိုင်ဝက်လောက်သာ ဝေးတဲ့ အိမ်ခြေငါးရာခန့်ရှိတဲ့ ရွာ။ တစ်ခါက နိုင်ငံအကြီးအကဲ ဖြစ်ခဲ့ဖူးတဲ့သူ တစ်ဦးရဲ့ ဇာတိ။ သူက မှားယွင်းတဲ့ အုပ်ချုပ်မှုပုံစံရှိခဲ့လေတော့ သမီးက လုပ်ငန်းခွင်မှာ ခဏခဏ ခလုတ်တိုက်တာခံရ၊ လှောင်ရယ်သလိုလိုနဲ့ ကြုံရ။ ဂျာနယ်တွေမှာ ပါတဲ့ ထိုပုဂ္ဂိုလ်အကြောင်းပြောပြီး ခနဲ့ကြတဲ့ ဒဏ်ကိုလည်း သမီး အလူးအလဲခံနေရပုံပါပဲ။ သမီးက ဒီအတိုင်း ပြောပြခဲ့ဖူးတာကိုး။ လက်ရှိ ရွာသားတွေအပေါ် အရိပ်ထိုးတာခံနေရတဲ့ကိစ္စ။

'ဒါကတော့ သမီးရယ်၊ ဒီချောင်းကောင်းရွာသားလည်း တခြားပြည်သူတွေ ဆင်းရဲသလို ဆင်းရဲတာပါပဲ။

ajr u Dvj tdfukd
v SH feYb ,f
tkdv ykf ,fh
tcdefa&m ufawmh
u ykfwkW if ,m;
ESpfa ,muf
ajr u Du kdkac
avmi;fri;ft kdu;Dx J
x nfa&pdfei;fyD
&Hkp;zpfa tmifvykf
q kd nfay:
wifv SH fhu ykf
pdvfukdu fv uf
cwfeYOkd;fa tmif
ykdzmft ajcmufvef
yD;if
wpfywfumwpfc
uGfy ifae&m x kvf
rDzkvf 'awGukd
w&pyfv ykfcNwm

ရွာသားတွေထဲမှာ အခွင့်ထူးခံတွေလည်း မရှိဘူး။ မြန်မာနိုင်ငံထဲက ဆင်းရဲသားလယ်သမားချင်းအတူတူ ရုန်းကန်လုပ်ကိုင်စားနေရတာပါပဲ။ သူ့ခေတ်တုန်းကတည်းက သူ့ကို ဆန့်ကျင်တဲ့ ဒီရွာသားအကျဉ်းကျသူတွေ၊ သူ့ကို တော်လှန်တဲ့ နိုင်ငံရေးလှုပ်ရှားသူ ပညာတတ်တွေ ရှိခဲ့တယ်ဆိုတာ ပြန်ပြောမပြဖြစ်ရင်တောင် ဂုဏ်ယူပြီး လိပ်ပြာသန့်စမ်းပါ'

ဒီလိုပြောပေမဲ့ မထူးပါဘူး။ မြို့မှာနေဖို့က ဘဝရည်မှန်းချက်ဖြစ်နေလို့ပါတဲ့။ သမီးရဲ့ အခိုင်အမာဆုံးအကြောင်းပြချက်က–

'အမေ သမီး မြို့မှာနေချင်တာက ဘဝရည်မှန်းချက်ပဲ။ မိဘထက် သားသမီးက ခေနဥစ္စာ၊ အသိပညာ၊ လူနေမှုတိုးတက်မှ မျိုးရိုးမြင့်လာမှာ။ ရွာကို အထင်သေးလို့ လုံးဝ မဟုတ်ပါဘူး။ တခြားသူတွေ ဘဝင်မြင့်တယ် ထင်ချင်လည်း ထင်ပါစေ။ အမေ့မြေးရဲ့ ပညာရေးအတွက်လည်းပါတယ်။ သမီးတို့ ရွာမှာနေရင် လယ်ပဲ လုပ်စားဖြစ်မှာ၊ အိုးလည်း လုပ်စားဖြစ်မှာ မဟုတ်တော့ အသက်မွေးမှုနဲ့ လိုက်ဖက်တဲ့ သင့်တော်တဲ့နေရာမှာ နေချင်လို့ပါ မေမေရယ်'

သမီးက ဒီလိုတောင်းတောင်းပန်ပန်နဲ့ ပြောလာတော့ သနားမိသား။ ဒါပေမဲ့ ကျုပ်တို့ တစ်သက်လုံးနေလာခဲ့တဲ့ ကိုယ့်ရပ်ကိုယ့်ရွာ ဘယ်ခွဲနိုင်မလဲ။ သမီးနဲ့၊ သမက်နဲ့၊ မြေးနဲ့ တစည်းတလုံးတည်းနေပြီး ဘုရားသွားကျောင်းတက် ရှိသမျှလေးလှူပြီး နေချင်ခဲ့တာ ကျုပ်တို့ ဘဝအိပ်မက်။ တစ်လောက သမီးအိမ်ပြန်ချင်တယ်ဆိုလို့ အိုးကိုကြိုးစားလုပ်ပြီး အိမ်ကို သင့်တင့်အောင်ပြင်ထားခဲ့တာ။ မြို့နားနီးနီး ဒီရွာလေးမှာပဲ ပျော်မွေ့ချင်ခဲ့တာ။

'ဟဲ့ မြင့်မောင်တို့ နင်တို့ အိုးဖိုက မီးတအားပြင်းနေတယ်၊ ဖွဲလေးဘာလေး ထ, အုပ်ကြဦး'

ညဥ့်နက်နက်မှာ ဘေးမှာရှိတဲ့ အိုးဖိုက အိုးဖုတ်သူတစ်ဦး သတိပေးတော့မှ ယောကျ်ားဖြစ်သူက ဖွဲတောင်းကြီး ပိုက်ပြီး ဖွဲတွေ ပစ်ထည့်တယ်။

ကျုပ်လေ ကျုပ်ယောကျ်ားရဲ့ အမူအရာကို ကြည့်ရတာ စိတ်မကောင်းဘူး။ ကျုပ်လိုပဲ စိတ်ထိခိုက်နေတာ သေချာတယ်။

ဒီတစ်ခါ သက်ပြင်းချရတာက ကျုပ်ပါပဲ။

❑

၂။

သမီး ဖြူစင်နုငယ်ငယ်က သိပ်ချစ်ရာကောင်းခဲ့တာ၊ စပ်စုလိုက်တာလဲ လွန်ရော။ ကျုပ်တို့ငယ်စဉ်ဘဝက အခုလောက်မပြေလည်၊ ဆင်းရဲခဲ့တော့ လင်မယားနှစ်ယောက် ဘဝကို ရုန်းကန်လိုက်ရတာ အိုးလုပ်ရတာ လွယ်မှတ်လို့။

အိုးလုပ်ငန်းမှာ ကိုမြင့်မောင်က လယ်ကွင်းတွေထဲမှာ မြေကြီးတူး၊ အိမ်ကိုလှည်းနဲ့သယ်၊ အိုးလုပ်မယ့်အချိန်ရောက်တော့ ကျုပ်တို့ လင်မယားနှစ်ယောက် မြေကြီးကို ထုခြေ။ လောင်းမင်းအိုးကြီးထဲထည့် ရေစိမ်၊ နင်းပြီး ရွှံ့စေးဖြစ်အောင်လုပ်၊ ဆုံလည်ပေါ်တင်လှည့်၊ ကျုပ်စိတ်ကြိုက်လက်ခတ်နဲ့ ပိုင်းအောင် ပုံဖော်၊ အခြောက်လှန်း၊ ပြီးရင် တစ်ပတ်ကြာတစ်ခါ ကွင်းပြင်နေရာထုတ် မီးဖုတ်၊ ဒါတွေကို တရစပ် လုပ်ခဲ့ရတာ။

သမီးကို ညဘက် အိုးမီးဖုတ်တော့လည်း ခေါ်လာရတာပဲ။ မနက်ပိုင်း အိုးဖော်ချိန်ရောက်တော့လည်း ဘေးနားခေါ်ထားရတာပဲ။ ကူထိန်းပေးမယ့်သူမှ မရှိတာ။

'မေမေ ဒါတွေက အိုးတွေကွဲသွားတာလားဟင်'

အိုးဖော်ချိန်မှာ သမီးက အိုးဖိုရဲ့ပြာမှုန်တွေဖယ်အပြီး ပထမဆုံးမြင်ရတဲ့ ရုပ်ဆိုးဆိုး အိုးအမည်း၊ အိုးအကွဲတွေကို



www.burmeseclassic.com

www.burmeseclassic.com

မေးနေတာလေ။

‘မဟုတ်ဘူး သမီးရဲ့၊ အဲဒါတွေက အိုးမဖုတ်ခင်က တည်းက အိုးအဟောင်း၊ အိုးအကွဲတွေ’

‘ဒါဆို ဘာဖြစ်လို့ အိုးအသစ်တွေထဲ ထည့်ဖုတ်ရတာလဲ’

‘အိုးစိမ်းတွေ ခြောက်သွားတော့ အိုးဖိုထဲ ထည့်မီးဖုတ်တဲ့အခါ ဖွဲမီး၊ ကောက်ရိုးမီး၊ အမှိုက်အစအနမီးတွေကြောင့် အပူလွန်ပြီး အိုးသစ်လေးတွေ မည်းသွား၊ ကွဲသွားမှာစိုးလို့ အောက်ဆုံးမှာရော၊ ဘေးဘက်မှာ၊ အပေါ်မှာ အပြင်ဘက်ဆုံးနေရာအနှံ့မှာ လုံအောင်ကာကွယ်ပေးရတဲ့ အပူခံအိုးကွဲလေးတွေပေါ့ သမီးရေ။ ကဲ···· ဒီမှာကြည့်ပါဦး၊ အိုးသစ်လေးတွေ’

‘ဟေး··· အိုးသစ်လေးတွေ လှလိုက်တာ’

အပူခံ အိုးအမည်း၊ အိုးအကွဲတွေ ဖယ်လိုက်တော့ ပတ္တမြားရောင်တောက်ပနေတဲ့ အိုးသစ်လေးတွေ ထွက်ပေါ်လာတယ်လေ။ ဒါကို သမီးက သဘောကျနေခဲ့တာပေါ့။ သမီးငယ်ငယ်တုန်းက···။

သမီး အသက်အရွယ်ကြီးလာ၊ ပညာတတ်လာတော့ ကျုပ်တို့အနားမှာ တစ်ချိန်လုံး ခေါ်ထားလို့ မရတော့ဘူး။ သမီးရဲ့ ရည်မှန်းချက်ကိုလည်း ပျက်အောင် ကျုပ်တို့အနားမှာပဲ နေရမယ်ဆိုတဲ့ အတ္တနဲ့ ချုပ်နှောင်ထားရင် နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲရရုံရှိတော့မပေါ့။

ကျုပ်တို့လည်း ငယ်ငယ်ကတည်းက ရည်မှန်းချက်ရှိခဲ့တာပေါ့။ ရွာမှာ ကိုယ်ပိုင်ခြံနဲ့ အိမ်ကလေးနဲ့ နေနိုင်ချင်ခဲ့တယ်။ သားသမီးကို ပညာတတ်ဖြစ်အောင် ပြုစုပျိုးထောင်မယ်။ ဒီရည်မှန်းချက်တွေ ပြည့်ဝခဲ့ပါတယ်။ ဒါပေမဲ့ သားသမီးနဲ့ မခွဲအတူနေမယ်၊ သေတဲ့အထိ ရပ်ရွာကိစ္စတွေလုပ်၊ ရွာဘုန်းကြီးကျောင်းသွား၊ ဒါနပြု၊ သီလဆောက်တည် ဒီလိုလေးဖြတ်သန်းချင်တာ ဘဝရည်မှန်းချက်ပေါ့။

အခုတော့ သမီး ဖြူစင်နုက မြို့မှာနေချင်တာ ဘဝရည်မှန်းချက်တဲ့။ ငြင်းဆန်မယ်လုပ်တိုင်းလည်း စိတ်မကောင်းဖြစ်နေမိတာကိုး။ အရင်တစ်ခါက ဖြူစင်နုက ‘အမေရယ် အိမ်ပြင်ပါဦး’ ပြောလို့ ကျုပ် အိုးကိုပဲ အသည်းအသန်လုပ်၊ အိုးခတ်ပြီး ပိုက်ဆံရှာရတာ ဖတ်ဖတ်မော။ အခုလည်း သမီးရဲ့ လိုအင်အတွက် ပိုက်ဆံရှာရဦးမှာပါလေ။

ယောက်ျားဖြစ်သူကတော့ စိတ်ညစ်တယ်ဆိုရင်ပဲ အရက်ဆိုင်ကို ပြေးချင်ပြီ။ ကျုပ် အုပ်နိုင်စီးနိုင်နေလို့။ မဟုတ်ရင် မလွယ်ဘူး။ သူက ကျုပ်ထက် စိတ်ပျော့သေး။ သမီး မသိအောင် မျက်ရည်ကျရသတဲ့။

❑

၃။

ပြည်မြို့စွန် ရပ်ကွက်လေးမှာ ခြံကျဉ်းကျဉ်းကလေးတစ်ကွက်ရဖို့ ဖြူစင်နုက သူ့မှာရှိတဲ့ ရွှေလက်ဝတ်လက်စားတွေ ရောင်းချ၊ သူ့အမျိုးသားကလည်း မင်္ဂလာလက်ဖွဲ့စဉ်က ရှိခဲ့ပေမဲ့ သူ့အရပ်ဒေသက လယ်တွေရောင်းချ။ သူတို့လင်မယား နှစ်ယောက် စုဆောင်းငွေလေးတွေ ပေါင်းလိုက်တာတောင် ခြံအတွက် ငွေမပြည့်ဘူး။ သမီးစိတ်ညစ်၊ စိတ်ဆင်းရဲနေရတာ သိပြန်တော့ ကျုပ်တို့လင်မယား စိတ်မကောင်းဖြစ်တာနဲ့ ရှိတဲ့ လယ်တွေထဲက လယ်အချို့ ရောင်းချပေးလိုက်တယ်။

ဒီလိုနဲ့ ဖြူစင်နုတို့လင်မယား မြို့မှာ နေဖြစ်သွားတယ်။ ကျုပ်တို့ကို ခေါ်ပေမဲ့ ရွာမှာပဲနေကျန်ရစ်ခဲ့မယ်ဆိုပြီး ဖွတ်နေခဲ့တယ်။ ခွဲစကတော့ ရင်ထဲ ဟာတာတာပဲ။ ဘယ်လိုမှ နေလို့ထိုင်လို့ မရပါဘူး။

ပြည်မြို့မှာ နှစ်နှစ်လောက်ကြာတယ်ဆိုရင်ပဲ သမီးက ကလေးတစ်ယောက်နဲ့တစ်ဗိုက် ဖြစ်လာပြီ။ သူ့အမျိုးသားက ကျောင်းအုပ်ရာထူးတိုးဆိုပြီး အဝေးမှာ တာဝန်ကျလေတော့ အိမ်ပြန်ရတယ်လို့ မရှိဘူး။ ဒီတော့ ကျုပ်မလိုက်ချင်ဘဲ လိုက်နေရပြန်ရောပေါ့။

ကျုပ်ယောက်ျား အဘိုးကြီးကတော့ ခေါ်မရဘူး။ ရောက်လာလည်း ခဏပဲ။ သွားချည်ပြန်လှည့်ပဲ။ သူလည်း ရွာမှာ တစ်ယောက်တည်း ကျန်ခဲ့ရတာကိုး။ အိမ်မှာ မိသားစုကလည်း မရှိတော့ တစ်ယောက်တည်း သောက်စားနေမှာပေါ့။

‘တော်··· အရက်တွေ သောက်မနေနဲ့နော်’

ကျိတ်ပြီး ပြောဆိုနေရတယ်။ ကျုပ်လည်း ဒီမှာ နေနေရပေမဲ့ အိမ်ကလူကိုတော့ ဘယ်စိတ်ချပါ့မလဲ။ သမီးရဲ့အိမ်ကိုလည်း ခေါ်ထားလို့မှ မရတာ။

‘အေးပါကွာ’

တစ်လ ပြန်ရနိုးနိုး၊ နှစ်လ ပြန်ရနိုးနိုးနဲ့ ကျုပ်က ပြည်မြို့မှာ အနေကြာလာတယ်။ ဘေးပတ်ဝန်းကျင်နဲ့လည်း ကျုပ်မှာ သိပ်ပြီး အပေါင်းအသင်း အသိမိတ်ဆွေ မရှိပါဘူး။ မြို့စတိုင်က သူ့ ကိုယ့်ကို အဖက်မလုပ်၊ ကိုယ်က သူ့ကို စကားမပြောဖြစ် မဟုတ်လား။ ပြီးတော့ ကျုပ်တို့ရွာဇာတိကို သိသွားတော့ ကြည့်မရ၊ မျက်မုန်းကျိုး ဖြစ်တာတွေလည်း ပါပါလိမ့်မယ်။ အဟင်း··· သူတို့လောက်တော့ ကျုပ်လည်း တိုင်းပြည်ချစ်တတ်ပါတယ်တော်။

ကျုပ်ကတော့ ပြည်မြို့က သမီးအိမ်ကျဉ်းကျဉ်းထဲမှာ ပျင်းလိမ်နေလိုက်တာမှ အရည်တောင်ထွက်လုလုပဲ။ မြေးနှစ်ယောက်နဲ့ အိမ်မှုကိစ္စဗာဟီရနဲ့ အိမ်ထဲမှာ အချုပ်ကျသလိုနေရင်း အချိန်တွေ ကုန်လာလိုက်တာ မြေးနှစ်ယောက် အတန်းကြီးလာတဲ့ အချိန်၊ အိမ်က အဘိုးကြီး ရောဂါဖောက်လာတဲ့အထိပါပဲ။ အိမ်မှာက ဖြစ်သလိုစား၊ အရည်တွေသောက်နေလို့ဖြစ်တာ။ သူ့ကို ပြည်မြို့ပေါ် ခေါ်ဆေးကုတယ်။ ဒီတစ်ခါတော့ အခြေအနေက ခပ်ဆိုးဆိုးရယ်။ လူနာကို ပြည်ကနေ ရန်ကုန်ဆေးရုံလွှဲတော့ အဘိုးကြီးက မသွားဘူး၊ ကိုယ့်ရွာပြန်ပြီး သေမယ်လုပ်တာ။ အသည်းမကောင်းတာဆိုလား ပဲလေ။ ဒါနဲ့ ပြည်ဆေးရုံမှာပဲ သက်သာအောင်ဆက်ထား၊



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းသက်သာတဲ့အချိန် ဆေးရုံက ဆင်းပြီး သမီးရဲ့ အိမ်ကိုခေါ်ထားပေမဲ့ မနေနိုင်ဘူး။ ငါ့ရွာ ငါပြန်မယ်လုပ်တာ။ သမီးကိုတော့ အဘိုးကြီးက စိတ်နဲ့မတွေ့ဘူး၊ ပါးစပ်ကလည်း ထုတ်မပြောဘူးပေါ့လေ။

ဒါနဲ့ ကျုပ်လည်း 'သမီးရယ်၊ ညည်းအဖေ စိတ်ချမ်းသာအောင် ရွာမှာ လိုက်နေ၊ လိုက်ပြုစုဦးမယ်' ဆိုတော့ သမီးက အိမ်ကို အငှားကားနဲ့ လိုက်ပို့တယ်။ ရွာအိမ်မှာ တစ်ရက်လောက်နေတယ်။ ဆေးဝါးစရိတ်ငွေလေး ကန်တော့ပြီး ပြည်မြို့ကို ပြန်သွားတာပဲ။

အကြီးမက ဆယ်တန်းစာမေးပွဲမှာ အမှတ်ကောင်းဖို့ ကိစ္စလည်း လုံးပန်းနေရသေးတာ။

အခု ရွာမှာ ပြန်နေရတဲ့ အခိုက်အတန့်က ကျုပ်ဘဝအတွက်တော့ ဘဝနိဗ္ဗာန်ပဲ။ လာလိုက်ကြတဲ့ ရပ်ဆွေရပ်မျိုးတွေ။ အားပါးတရ စကားပြောကြ၊ အားပေးကြနဲ့ ဆယ်စုနှစ်ကျော်ကျော် ခြောက်သွေ့တိတ်ဆိတ်နေတဲ့ အိမ်ဟာ စိုပြည်နေတော့ အဘိုးကြီးမှာ လန်းဆန်းလာသလိုပဲ။

ဆယ်ရက်လောက်ကြာအောင် ပြုစုအပြီးမှာ အဘိုးကြီး ဆုံးတာပါပဲ။ ကျုပ်စိတ်မကောင်းဖြစ်လိုက်ရတာ။ သမီးတို့လင်မယား ခွင့်ယူပြီး ပြန်ရောက်လာတယ်။ ဖြူစင်နုလည်း အတော်စိတ်ထိခိုက်ပုံရပါတယ်။ 'ဖေဖေသာ မြို့လိုက်နေခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး' ဆိုပြီး တတွတ်တွတ်ပြောပြီးတော့ ငိုလားငိုရဲ့ပေါ့လေ။

]t kjpdfawG
ajcmu fo rG;awmh
t kjzkk Jx n fh;D
zkvfwkt c| zGHf;D
aumu f2kjt;D
t rlu ft p t e
r[awGu mif
t ylv eGfy;D
t kjb pfa v ;awG
r n f;o rG;
u GHGrSpkjv kjf
a t mu fq kjHSa&m
ab;b u fS
t ay:rS
t jyi fb u fq kjH
ae&m t EBS
v kjHt mif
u m u G; fay;&wkt
t ycHt kju GHv ;
awGy|ho r[a&

ဒါပေမဲ့ အဘိုးကြီး ရွာမှာပဲ ခေါင်းချအပြီး ရက်လည်ဆွမ်းသွတ်တွေအပြီးမှာ အိမ်တံခါးသော့ပိတ်ပြီး ကျုပ်ပြည်မြို့ကိုပဲ ပြန်လိုက်ခဲ့ရတော့တာ။ သမီးစိတ်ဆင်းရဲရမှာစိုးလို့ ကျုပ်လည်း အဘိုးကြီးလို ရွာမှာပဲ ဇွတ်အတင်းနေခဲ့ချင်ပါဘိတော့။

❑

ဒီလိုနဲ့ မြေးနှစ်ယောက် တက္ကသိုလ်ရောက်တဲ့အထိ ဖြစ်လာတယ်။ အကြီးမက မမြတ်မှူးဝေတဲ့။ သူက ဆေးကျောင်းတက်ရတယ်။ အငယ်ကောင်က မောင်ဘုန်းဝေတဲ့။ ပြည်နည်းပညာတက္ကသိုလ်မှာ တက်ရတယ်။ နာမည်တွေကတော့ သမီးရဲ့ ခင်ပွန်း ဦးဝေလွင်ကို အစွဲပြု မှည့်ခေါ်ထားသတဲ့။

ကျုပ်လည်း အသက်ရှစ်ဆယ်ကျော် အဘွားကြီးဖြစ်ပြီ။ ကျုပ်ဆုံးမလည်းတောက အဘွားကြီးစကားတယ်နားမထောင်ချင်ကြဘူး။ ကျောင်းစရိတ်ကလည်း ကုန်လိုက်တာ သောက်သောက်လဲ။

မြေးနှစ်ယောက်က အိမ်မှာဆိုရင် အငယ်ကောင်က စာကြည့်၊ ဂိမ်းဆော့၊ အကြီးမက စာကြည့်၊ ဖုန်းပွတ်ခ်သုံးလုပ်နေတာ။ ကိုယ့်အဝတ်ကိုယ်တောင်လျှော်ကြတဲ့သူတွေ မဟုတ်ဘူး။

သမီးရဲ့ အမျိုးသား ဦးဝေလွင်က အခု ပင်စင်ယူခါနီးပြီ၊ အခြားမြို့နယ်မှာ မြို့နယ်ပညာရေးမှူးဖြစ်နေတယ်။ ရိုးရိုးသားသားဆိုတော့လည်း တိုးတိုးပွားပွားက မရှိ။ လစာလေးလောက်အပ်ပြီး သူ့အလုပ်နဲ့သူ ရှုပ်နေတော့တာ။ ဒါကြောင့် အရာရာ အစစ ဖြူစင်နု တာဝန်။

ဖြူစင်နုက အသက်ခြောက်ဆယ်မပြည့်ခင်မှာပဲ လုပ်သက်ပြည့်ပင်စင်ယူလိုက်တယ်။

တစ်ခါတလေ သွေးတက်၊ သွေးပေါင်ကျ၊ ခေါင်းမူးဖြစ်နေတတ်တာလည်း တစ်ကြောင်းပါတယ်။ အဓိကအကြောင်းရင်းကတော့ သားသမီးတွေရဲ့ ကျောင်းစရိတ်၊ အသုံးစရိတ်ကာမိအောင် 'အပြင်မှာ စာအပြေးအလွှားသင်မှ ဖြစ်တော့မယ်' လို့ ပြောလာတော့ 'သမီးရဲ့အပူကို ငါ ဘယ်လိုကူရမလဲ' လို့ တွေးပြီး စိတ်မကောင်းဖြစ်ရသေးတယ်။ အရင်တုန်းကလို ဆိုရင် အိုးလုပ်ပြီး ပိုက်ဆံတွေပေးလိုက်ချင်သေးတာ။ အခုတော့ ကျုပ်က မျက်စိကမှုန်၊ လက်ကတုန်ချင်နေပြီ။

ဖြူစင်နုရဲ့ သားသမီးတွေကလည်း မလိမ္မာကြဘူး။

အငယ်ကောင်က နောက်ဆုံးနှစ်အစမှာပဲ ဆိုင်ကယ်ဝယ်ချင်သတဲ့။ အကောင်းစား၊ အမျိုးအစားကတော့ ကျုပ်မပြောတတ်ဘူး။ သိန်းသုံးဆယ်ကျော်လောက်တန်တယ်။ 'ဖြစ်မှဖြစ်ရလေ မောင်ဘုန်းဝေရယ်၊ ဟော့ ကျောင်းသားက ပညာတတ်ဖို့ အဓိကပဲ' လို့ ကျုပ်က ဝင်ပြီး မာန်လိုက်တော့ 'ဟာ အဘွားကလည်း ဘာသိလို့လဲ၊ လယ်သမားသားသမီးတွေတောင် ဒီလိုဆိုင်ကယ်တွေစီးပြီး ကျောင်းတက်နေတာ ကျွန်တော်က ပြည်မြို့သား အဘွားရဲ့၊ အောက်တယ်…' တဲ့။

'ဘာတွေ အောက်သလဲ' ဆိုပြီး ကျုပ်က နားရင်းထ,ရိုက်ချင်လိုက်တာ။ ဖြူစင်နုကတော့ သူ့သားပြောလိုက်ရင် မျက်နှာငယ်ပြီး 'အေးပါ သားရယ်၊ အမေ ကြံလိုက်ဖန်လိုက်ဦးမယ်' တဲ့လေ။

နောက်တော့ သူ့သားလိုချင်တဲ့ ဆိုင်ကယ် ဝယ်ပေးလိုက်သတဲ့။ အံ့ရော။ ဖြူစင်နု ပြည်ကိုရောက်မှ ဖြည်းဖြည်းချင်း ပြုလုပ်ထားတဲ့ ရွှေတွေလည်း တက်တက်ပြောင်ကရော။

သမီးဖြစ်သူမှာ အကြွေးတွေနဲ့ဆိုတာလည်း ကျုပ် သိထားတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

၅။

အဆိုးဆုံးကတော့ ဆရာဝန်မလေး မြတ်မှူးဝေကိစ္စပဲ။

အဲဒီအကြီးမက အလုပ်ရပြီး တစ်နှစ်အတွင်းမှာပဲ အိမ်ကိုတစ်လှည့်ပြန်ပြီး လုပ်ကျွေးမယ်မရှိ၊ အိမ်ထောင်ပြုတော့မတဲ့။ ဒါကိုလည်း သမီးဖြစ်တဲ့ သင်းတို့က ခွင့်ပြုတာပဲ။

‘ဒီလိုရှိတယ် အမေရေ၊ အခုကောင်လေးက ဆရာဝန်ပဲ။ ရန်ကုန်ဇာတိ၊ လူချမ်းသာတွေ၊ မျိုးရိုးကောင်းတယ်။ အခု သမီးကို လိုက်စ,နေတဲ့ မိန်းမလုပ်ကျွေးတာထိုင်စားချင်နေတဲ့ ကောင်လေးတွေနဲ့စာရင် အဲဒီဆရာဝန်လေးက သင့်တော်တော့မပေါ့’

သမီး ဖြူစင်နုကတော့ သူ့သား၊ သမီးအတွက်ဆို ‘အေးပါသားရယ်၊ အေးပါသမီးရယ်’ပဲ။

ပြော,မပြောချင်ဘူး။ ဒါပေမဲ့ ခက်တာက မြတ်မှူးဝေ ပြောတဲ့ စကားပဲ။

‘မေမေ သူတို့က ခုနှစ်အကုန် နွေရာသီလောက်မှာ အကြောင်းဖောက်၊ စေ့စပ်ကြောင်းမှာ။ ဒီတော့ သူတို့ရောက်လာတဲ့အခါ သမီးတို့ဘက်ကလည်း သင့်တင့်တဲ့ လူနေမှုရှိရမှာပေါ့။ အခုတော့ ကိုယ့်အိမ်ကို ပြန်ကြည့်ဦး မေမေ။ ဟောင်းနွမ်း စုတ်ပြတ်နေပြီ။ ကိုယ့်မိသားစုအပေါ် တအား အင်ပရက်ရှင် မဒေါင်းအောင်တော့ လူနေမှုလေးရှိရမှာပေါ့။ အခုတော့ အိမ်က စုတ်ချာနေတယ်။ အိမ်ကို သပ်ရပ်အောင် ပြင်ပါဦးလား မေမေရယ်’

ကျုပ်မနေနိုင်လို့ ဝင်မေးရတယ်။

‘ဘာ အင်ပရက်ရှင်လဲအေ’

‘ဟာ… အဘွားကလည်း မသိအသာနေစမ်းပါ’

ကျုပ်က မသိပေမဲ့ ဒီမြေးမ ဝယ်ခိုင်းနေတဲ့ ‘အင်ပရက်ရှင်’ဆိုတာကြီးက ဈေးကြီးမယ်မှန်းတော့ ကောင်းကောင်းသဘောပေါက်ပါတယ်။ ပူဆာပြန်ပြီပေါ့ ဒီအကြီးမက။ ဖြူစင်နုရဲ့ မျက်နှာ ဆီးရွက်လောက်ပဲရှိတော့တယ်။ အငယ်ကောင်က ကျောင်းမပြီးသေးဘူး။ အကြွေးတွေက ပတ်လည်ဝိုင်းနေတာ ကျုပ်သာ အသိဆုံး။

ဒီတော့ ကျုပ်ရွာက ခြံလေးရောင်းပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ရွာပေါက်ဈေးဆိုတော့ ငွေသိပ်များများမရလိုက်ပါဘူး။ ဖြူစင်နုအတွက် သောကအပူလျော့သွားစေတာတော့ အမှန်ပါပဲ။ သမီးက ‘ကျေးဇူးတင်ပါတယ် မေမေရယ်’ဆိုပြီး ပြောတာ တဖွဖွ။

တမလွန်က အဘိုးကြီးသိရင်တော့ ကျုပ်ကို စိတ်ဆိုးတော့မှာပဲ။ မြတ်မြတ်နိုးနိုးနဲ့ နေထိုင်ခဲ့တဲ့နေရာလေး ဆုံးရှုံးသွားတာ မဟုတ်လား။

ဒီနေ့တော့ သမီး ဖြူစင်နုက နေ့ခင်း နေပူပူမှာပဲ စာသင်ရအောင်တဲ့ ထွက်သွားပြီ။ သူတပည့်တွေထဲက ကိုယ်ပိုင်ကျောင်းထောင်ထားတဲ့ သူတွေဆီမှာ ‘ငါ့လည်း စာသင်ဖို့ ခေါ်စမ်းပါဟယ်’ ဆိုပြီး မရှက်တမ်း ပြောထားသတဲ့။

ဖြူစင်နုက သက်ပြည့်ပင်စင်ယူအပြီးမှာ ပုံမှန် စာသင်ဝိုင်းကနေ ကိုယ်ပိုင်ကျောင်းတွေအထိ မနားတမ်းပြေးလွှားစာသင်နေပြန်တယ်။ သူတို့အိမ်နဲ့ ပတ်သက်ပြီး သားသမီးတွေ ရှက်မှာ၊ သိမ်ငယ်မှာကိုသာ တွေးပူမှန်းသိသာလွန်းပါတယ်။ ဒီရပ်ကွက်ထဲ စပြီးနေတုန်းက တစ်အိမ်နဲ့ တစ်အိမ် မထူးမခြားနား။ ခုတော့ သူတို့အိမ်ကလေးသာ ဒီအတိုင်းကျန်နေခဲ့ပြီး ဘေးအိမ်တွေက နှစ်ထပ်၊ သုံးထပ်တိုက်ကြီးတွေ ဖြစ်လာကြတာကိုး။

ဒီလိုနဲ့ နေ့လယ် သုံးနာရီလောက်မှာ ဖုန်းဝင်လာတယ်။ သမီး ဆေးရုံတက်ရသတဲ့။ ရုတ်တရက် ကျုပ်စိုးရိမ်ပြီး မိုက်ခနဲ ဖြစ်မသွားအောင် ထိန်းထားလိုက်ရတယ်။ တော်သေးရဲ့၊ အိမ်မှာ အငယ်ကောင်ရှိနေလို့။

‘ဟဲ့ ငါ့သမီး ဆေးရုံမှာတဲ့ လိုက်ပို့စမ်း။ နင့်ဆိုင်ကယ်ကြီးနဲ့ ငါအဆင်မပြေဘူး။ ဘေးအိမ်က လိုက်ထရပ်ကားမောင်းတဲ့ ဖိုးထူးကို ခေါ်’

ကားရောက်လာတော့ ဒရောသောပါး ဆေးရုံလိုက်သွားရတယ်။

အဲဒီမှာ သမီးရဲ့ တပည့်တွေဆိုလား အနားမှာ ရောက်နေတယ်။

‘ဆရာမက သွေးပေါင်တအားကျပြီး မူးလဲသွားတာ၊ ဆေးရုံကို အရောက်မြန်လို့သာပေါ့။ အလုပ်လောဘမကြီးပါနဲ့၊ အားရှိတဲ့အစာ စားပြီး နားနားနေနေ နေပါတဲ့ ဆရာဝန်က ပြောတယ်။ နောက်ပြီး ပြောသွားသေးတယ်၊ ဆေးရုံကို အရောက်မြန်လို့ ကံကောင်းလို့ မသေတာတဲ့’

သမီးရယ် ဖြစ်ရလေ၊ ကံသီပေလို့ပေါ့။ သူနာပြုဆရာမကတော့ အနားမှာ ရှိတယ်။

‘ကျွန်မ သိပ်နားလို့မဖြစ်သေးဘူး’

ဖြူစင်နုက သွေးပိုက်တန်းလန်းနဲ့ ပက်လက်လှဲနေရင်းက ပြောနေသေးတယ်။ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့-

‘ဘာမနားရမှာလဲ၊ ငါ့အရင် နင်သေလို့ ငါရင်ကျိုးမှာဟဲ့။ နင့်အတွက် ငါ ဘယ်လောက်စိတ်ပူစိတ်မောရလဲ သိလား’

ဒီလိုအော်ပစ်တော့မှ အမယ်လေး၊ မယ်မင်းကြီးမက မျက်ရည်တွေကျ၊ ကျုပ်ကိုလည်း လက်အုပ်ချီလို့။ ခဏငြိမ်သွားတယ်။ ပြီးမှ-

‘အမေ… အမေက ခုချိန်ထိ သမီးအတွက် အပူခံအိုးကွဲ ဖြစ်နေသေးတယ်နော်’တဲ့။

ကျုပ်ရင်ထဲ လှိုက်ခနဲ ဆို့တက်လာတယ်။ မီးဖိုမှာ အိုးသစ်လေးတွေ အထိမနာအောင် အပြင်က အလောင်မြိုက်ခံ ကာကွယ်ပေးထားတဲ့ ရုပ်ဆိုးဆိုး အိုးအမည်း၊ အိုးအကွဲ အပူခံအိုးတွေကို ပြေးမြင်မိတယ်။

‘အေး…ညည်းကရော အခု ဘာထူးလို့လဲ’လို့ ပြောအပြီးမှာ ကျုပ် ကြည်နူးပြီး ပြုံးလိုက်မိပေမဲ့ မျက်ရည်ကျမိတာတော့ မတတ်နိုင်ဘူးလေ။ ■

**ဆန်းငယ်သွေး၊ပုတီးကုန်း၊**



www.burmeseclassic.com

www.burmeseclassic.com




ဖိုးသက်ဇေ

# အလွမ်းဆိုသည်ထက်ကိုပို၍

အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

နွေရာသီတောင် ရောက်လာပြန်ပေါ့။
သစ်ရွက်တွေလည်း ဝေ့ဝေ့ဝဲဝဲ။
ကြည့်လေရာမှာ အပင်တွေကလည်း
ကိုင်းခြောက်တွေ ထိုးထိုးထောင်ထောင်နဲ့
အဘိုးကြီးရေ။ ဒီရာသီရောက်လာပြန်ပြီ
ဆိုတော့ တော် ကျူပ်ကိုထားခဲ့တာ
ဆယ်နှစ်ဆယ်မိုးကျော်ခဲ့ပြီထင်ပါရဲ့နော်။
တော်က ကျူပ်ကို အသည်းမာသူကြီးရယ်လို့
ထင်ခဲ့မှာပဲ။ ကျူပ် အသည်းက ခုတော့
မာရုံမကလို့ ကြွပ်ခြောက်တောင်နေခဲ့
ပါပြီလေ။ တော်နဲ့ကျူပ်က
ငယ်လင်ငယ်မယားတွေ ဖြစ်လျက်သားနဲ့
ကျူပ်စိတ်ကို တော်ဘာလို့

မသိခဲ့တာလဲ။ ကျူပ်ရဲ့ မာနလို့ပဲ
ပြောမလား၊ ဆတ်ဆတ်ထိမခံနိုင်တဲ့
စိတ်ကြောင့်လား ဆိုတာတော့
ကျူပ်လည်း မပြောတတ်တော့ပါဘူး။
တော် ကျူပ်ကို အပြီးအပိုင်
ခွဲမသွားခင်ကတည်းက ကျူပ်တို့တွေက
လင်ခန်းမယားခန်း ပြတ်ခဲ့ကြတယ်လေ။
အဲလို ပြတ်စဲခံရတဲ့အကြောင်းကလည်း
ခုခေတ် လူတွေကြားရင်တော့
ရယ်နေကြမယ်ထင်ရဲ့။ ဒါပေမဲ့
ကျူပ်အတွက်တော့ သည်းမခံနိုင်တဲ့
အကြောင်းအရာပဲလေ။ ကျူပ်က
စကားကို ကြမ်းကြမ်းတမ်းတမ်းပြောတာ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်။ တော်ကတော့ ဘာလေးပဲပြောပြော အဆဲလေးပါမှ စားဝင်အိပ်ပျော်တဲ့သူ။ ကဲ ဘယ်လိုများ ဖူးစာပါသွားပါလိမ့်။

ဒါပေမဲ့ အဘိုးကြီးရယ်၊ တော်က ရိုးသားကြိုးစားပြီး မသောက်မစားဘဲ ကျုပ်နဲ့ သမီးတွေကို ရှာကျွေးခဲ့တဲ့ ကျေးဇူးရှင်ကြီးပါတော်။ ကျုပ်တို့လင်မယား ပြဿနာမဖြစ်ခင် အချိန်အထိ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားခဲ့ကြတာ သမီးအငယ်ဆုံးလေး အိမ်ထောင်မကျခင်အထိပေါ့။ သမီးတွေ အိမ်ထောင်အသီးသီးကျပြီး သူ့အိုးသူ့အိမ်တွေ ဖြစ်ကုန်တဲ့အချိန်မှာ တော်ရယ်၊ ကျုပ်ရယ်၊ သမီး အငယ်ဆုံးလေးရယ် စပါးပုတ်တွေ ရက်ပြီး လုပ်ကိုင်စားခဲ့ကြတယ်လေ။ သမီးငယ်လေးက တော်ဖြာထားတဲ့ နှီးတွေနဲ့ ပုတ်တွေရက်၊ ကျုပ်က တော်တို့သားအဖ ရက်ထားတဲ့ ပုတ်တွေကို နွားချေးသုတ်နဲ့ တက်ညီလက်ညီ လုပ်ခဲ့ကြတာကိုး။

စပါးပုတ်ဆိုလို့ ပြောရဦးမယ် အဘိုးကြီးရေ။ တော်တို့ ကျုပ်တို့ခေတ်တုန်းကသာ စပါးပုတ်တွေ ရက်ခဲ့ကြတာ ခုခေတ်မှာ စပါးပုတ်ရက်တဲ့သူလည်း မရှိတော့သလို၊ လိုချင်ရင်တောင် ဘယ်လိုက် ရှာရမှန်း မသိတော့တဲ့ခေတ်ကို ရောက်နေပြီတော့။ ဝါးတွေကလည်း ဟိုးအရင်တုန်းကလို လွယ်လွယ်နဲ့ ခုတ်လို့ မရတော့ဘူးလေ။ ပျူးပင် စည်းဖို့ နှီးတောင် ခပ်ခက်ခက်ပဲ တော်ရေ့။ ဒီခေတ်ကတော့ အဘိုးကြီးရယ် ဘယ်အရာမှ လွယ်လွယ်မရတော့တဲ့ခေတ်ပါတော်။ ပိုက်ဆံက သုံးတော့သာ လွယ်တာ၊ ရှာရ အတော်ခက်နေပြီ။ ရွာမှာဆိုရင် အဝေးတွေနဲ့ မလေးရှားတို့ဆိုလား သွားပြီးလုပ်နေကြရတာနဲ့ သန်သန်မြန်မြန် လူငယ် လူလတ်တွေရော ရှိသေးရဲ့လားမသိဘူး။ ကျုပ်တို့လို ကောင်းကောင်းမလုပ်နိုင်၊ မကိုင်နိုင်တော့တဲ့ အရွယ်တွေပဲ ကျန်ခဲ့တယ်လေ။ ကျုပ်တို့တုန်းကလို ကောက်စိုက်



www.burmeseclassic.com

www.burmeseclassic.com

ပျိုးနုတ် လုပ်ကြတဲ့သူတွေလည်း သိပ်မရှိကြတော့ဘူး။ ကောက်စိုက်ပျိုးနုတ်ဆိုလို့ တော့်ကို ကျုပ် သတိရတာပြောရဦးမယ်။ လယ်စိုက်ချိန်ဆိုရင် တော်က စည်းခေါင်းဆိုတော့ မနက် အုန်းမောင်းခေါက်ပြီး သိပ်မကြာခင် တော့်ရဲ့ ပွန်းကြီးနဲ့ စည်းသားတွေကို လိုက်ပြီး နှိုးတတ်တယ်လေ။ ပွန်းသံတပွိုပွိုနဲ့ပေါ့။ ဒါပေမဲ့ ကောက်စိုက်ပျိုးနုတ် စည်းသားတွေကို တော်မနှိုးခင် ကျုပ်က တော့်ကို အရင်နှိုးရတာပါတော်။ ခုတော့ အဲလိုတွေလည်း မရှိတော့ပါဘူး။ ကောက်စိုက်ပျိုးနုတ်လိုက်မယ့်သူကိုပဲ မနည်းခယ,ပြီး ပြောနေရတဲ့အခြေအနေတော့။

❑

အဘိုးကြီးရယ်၊ တော့်ရဲ့ ဘုရားကိုးဆူဆွမ်းကပ်သံလေးကိုလည်း လွမ်းလိုက်တာ တော်။ တော် ဘုရားကိုးဆူဆွမ်းကပ်တဲ့ ဌာန်ကရိုဏ်းကျကျ ပါဠိပါဠ်သားသံကို နားထောင်ပြီး ကျုပ်မှာ ကြည်နူးရသလို စိတ်ထဲမှာလည်း ကုသိုလ်ဖြစ်တယ် တော့။ ခုကလေးတွေတော့ ဘုရားကိုးဆူဆွမ်းကပ်တယ်ဆိုတာကိုရော သိကြသေးရဲ့လား မသိဘူး။ ကြာဖက်လေးကို ဆွမ်းဟင်းခွက်လုပ်ပြီး အထဲမှာ ထမင်းတွေ၊ သစ်သီးတွေ ထည့်ရတဲ့ ဂြိုဟ်စာခွက်ဆိုတာကိုရော သူတို့လေးတွေ သိမှ သိကြရဲ့လား။ တော်ရဲ့ ဘုရားကိုးဆူဆွမ်းကပ်တဲ့ ပညာကိုလည်း သားသမီးမြေးတွေ တစ်ယောက်မှ မရလိုက်ကြဘူးမဟုတ်လား။

ykd fq kd
o jkdwmkom
v G fwm &S&
t awmC u faeyD
&Gr Sq &kif
t a0;awGY
ra v;&S;wkd kdm;
o GyD
v kfae u &wmeY
o efo efrefref
v li , f
v lv wfawG&m
&Sdo;&Jv m;r okd j
u ykfwkd kd
a u mifa u mif
r v kfEkdf
r u kdEkdfa wmkdwb
t &G fawGJ
u eCkdv , fa v

ကြက်လျှာတိုင်တို့၊ တံခွန်လုံးတို့၊ ထီးတို့၊ ယပ်တို့ကိုတော့ မြေးလေး တစ်ယောက်နှစ်ယောက်က လုပ်တတ်ကြပါတယ်တော်။ ပြီးတော့ တော့်ရဲ့ ခေါပန်းတောင်းရက်တဲ့ ပညာကိုလည်း သူတို့တွေ မတတ်ကြပြန်ဘူးနော်။ နည်းနည်းရက်တတ်တဲ့ မြေးလေးလုပ်ထားတာကျပြန်တော့ တော် ရက်ထားတဲ့ ခေါပန်းတောင်းလောက် မလှဘူးတော့။ ကျုပ်တို့တုန်းက နေမကောင်းရင် ခေါပန်းတောင်းလေးထဲ ထမင်းဖြူ၊ မုန့်ဖြူ၊ မုန့်နီ၊ ကွမ်းယာတွေထည့်ပြီး ရွာပြင်သစ်ပင်မှာ သွားချိတ်ထားရတဲ့ ခေါပန်းတောင်းပစ်တယ်၊ ခေါစာပစ်တယ်ဆိုတဲ့ အလေ့ကို အချို့ကလေးတွေက သိမှာမဟုတ်တော့ဘူး။ ရောဂါနည်းနည်းပြင်းလွန်းရင် အမဲသားအစိမ်းထည့်ပြီး ပစ်ကြရတာကိုရောပေါ့။ ဒီခေတ်ကလေးတွေက ခေတ်ပညာတွေ ဘာတွေ တတ်လာကြတော့ အဲဒါတွေကိုလည်း အယုံအကြည် မရှိကြတော့ဘူး။ နေမကောင်းဖြစ်ရင် ဆေးခန်းသွားကြတော့တာပဲ။ အံမယ်၊ ပြောသာပြောရတာ ကျုပ်တောင်ခုဆိုရင် နေမကောင်းရင် ကျုပ်သမက်လေး ဆေးထိုးပေးမှ သက်သာတယ် ထင်တော့တာ။

အဘိုးကြီးရယ်၊ တော်က ကျုပ်နဲ့ယှဉ်ရင် အင်မတန်ချူချာတယ်နော်။ အေးပေါ့၊ တော်က အစားလည်း နည်းတာကိုး။ မြေးလေးတွေက ကျုပ်ကို လာလာပြီး တိုင်ကြတယ်။ တော်က သူတို့ကျွေးတာတွေ မစားဘဲနဲ့ အခြားသူတွေကို ကျွေးပေးတယ်ဆိုလားပဲ။ သူတို့ကလည်း သူတို့အဘကိုပဲ စေတနာရှိမှာပေါ့တော်။ တော့်ကို အားရှိအောင် ကျွေးကြတာမဟုတ်လား။ ပြီးတော့ တော်က တစ်ခုခုများ ကျွေးပြီဆို လက်တခါခါ ခေါင်းတယမ်းယမ်းနဲ့။ သူတို့ စိတ်ကျေနပ်အောင်တော့ စားရမှာပေါ့ အဘိုးကြီးရယ်။ ကျုပ်ကိုတော့ဖြင့် မြေးတွေက ချစ်ကြတာ တော်အသိ။ ကျုပ်ကလည်း သူတို့စိတ်ချမ်းသာအောင် သူတို့ကျွေးတာ စားတယ်လေ။ ကျုပ်တို့အရွယ်က အစားလေးလည်း ဝင်ဦးမှာတော့။ ဒါမှ ကျန်းမာပြီး ကိုယ်သွားချင်တာ၊ ကိုယ်လုပ်ချင်တာ လုပ်နိုင်မှာလေ။ ခုချိန်ထိတော့ ကျုပ်ကျန်းမာရေးက ကောင်းနေပါသေးတယ်တော်။ ကျုပ် မြေးလေးတွေနဲ့ လယ်တောထဲကို သွားနိုင်သေးတယ်။ လယ်တောကိုသွားရတာ နားအေးပါးအေး ရှိတယ်မဟုတ်လား။ အိမ်မှာက မျက်စိရှုပ်၊ နားရှုပ်တယ်။ ကျုပ်က အသက်ကြီးလာလို့လည်း ဖြစ်မှာပေါ့လေ။ မြေးလေးတွေက ကာတွန်းကားကြည့်တဲ့သူ၊ ဇာတ်လမ်းတွဲကြည့်တဲ့သူနဲ့ဆိုတော့ မီးလာနေသရွေ့ တီဗွီက မနားဘူးလေ။ ကျုပ် သူတို့ကို အပြစ်မမြင်ပါဘူး။ ဒါပေမဲ့ ကျုပ်လည်း တစ်ခါတလေ နားအေးပါးအေး နေချင်တော့ လယ်တောထဲပဲ သွားချင်တော့တယ်။ ကျုပ်သမီးရဲ့ လယ်တွေ ကောင်းရဲ့လား၊ သရက်ပင်တွေရော ဒီနှစ်သီးသလား၊ ငှက်ပျောရော ဘယ်နှခိုင်ကျန်ပါလိမ့်ဆိုတဲ့ အတွေးပေါင်းစုံနဲ့ပေါ့တော်။ လယ်ထဲမှာ လေကလည်း တဖြူးဖြူးမဟုတ်လား။

❑

အဘိုးကြီးရယ်၊ တော်နဲ့ကျုပ် ပြဿနာဖြစ်တဲ့အကြောင်းကို စဉ်းစားမိပြန်တော့လည်း ဘာမဟုတ်တာလေးနဲ့ပါလား။ တော့်ကို စပါးပုတ်ရက်ဖို့ မှာသွားတဲ့သူကတစ်ယောက်၊ လာယူသွားတာက တခြားတစ်ယောက်လေ။ တော်မရှိတုန်း လာသယ်တော့ ကျုပ်ကလည်း ပေးလိုက်မိတာပေါ့။ လူလွဲသွားတာကို ကျုပ်မသိလိုက်ဘူး။ တော်ရောက်လာတော့မှ လွဲသွားတာကို ကျုပ်သိရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မသိလို့လည်း မရဘူးလေ။ တော်က မိုးမွှန်နေအောင်ဆဲဆိုပြီး ဝင်လာတော့တာကိုး။ ကျုပ်မကြိုက်ပါဘူးလို့ အတန်တန်ပြောထားတာကို တော်ရယ်။ ဒီလိုနဲ့ပဲ အသက်ကြီးမှ ကျုပ်တို့တွေ ရှင်ခန်းပြတ်တော့တာပေါ့။ မြေးမလေးတစ်ယောက်က ပြောဖူးတယ်။ 'မီးမှတ်မိတဲ့ အရွယ်မှာ ဘနဲ့ဘွားကို အတူတူယှဉ်တွဲပြီး ကန်တော့ရတာ နှစ်နှစ်ပဲ ကြုံဖူးတယ်'တဲ့။ ကျုပ်တို့မြေးအဘွားတွေ တစ်ခါတလေ ပြောဖြစ်ကြတာပေါ့တော်။ မြေးတွေက သီတင်းကျွတ်တိုင်း ကျုပ်တို့ကို လာကန်တော့နေကျမဟုတ်လား။ ကျုပ်တို့ ပြဿနာဖြစ်ပြီးကတည်းက သမီးလတ်က သူ့အိမ်ကို ခေါ်ထားတော့တာပဲ။ တစ်အိမ်တည်းနေပေမဲ့ ကျုပ်တို့နှစ်ယောက်က မျက်နှာချင်းမဆိုင်ဖြစ်ခဲ့ကြဘူးလေ။ တော် အိမ်ရှေ့မှာရှိရင် ကျုပ်က အိမ်နောက်မှာနေတယ်။ ကျုပ် အိမ်ရှေ့မှာနေရင် တော်က အိမ်ရှေ့မလာဘူး။ ဒီလိုနဲ့ ကျုပ်တို့နှစ်ယောက် နီးလျက်နဲ့ ဝေးခဲ့ကြတာပေါ့တော်။

မှတ်မှတ်ရရတစ်ခုကတော့ သမီး အလှူပွဲမှာပဲ။ သမီးတွေက အဖေနဲ့အမေကို အတူတွဲပြီး ဓာတ်ပုံရိုက်ချင်ကြသတဲ့လေ။ ကျုပ်ကလည်း မာနနဲ့၊ တော်ကလည်း မာနနဲ့။ ဘယ်သူမှ မရိုက်ချင်ကြဘူးမဟုတ်လား။ အိမ်ကိုလာနေကျ လှမောင်ကြီးက ကျုပ်အဘွားအို ကိုယ်လုံးကို ဇွတ်ခနဲပွေ့ပြီး တော့်နား ဖွတ်ချပေးလိုက်တော့လေ ကျုပ်

t b|ku ]D , f
awm&U
b &m; u |kq l
q Gfu yfo ,lv ;
u b|v n f
v Gfv kd fwm awmf
awmf
b &m; u |kq l
q Gfu yfwl
Xmefu ½kH P fu : u :
y Vwd Xfo m; o Hkd
em;a x m i fyD
u :yfS
l u n E|&o v kd
p&v fx J/S v n f
u ko b|v fZpfw , f
awmh

ရင်ထဲတစ်မျိုးပဲ။ ဒါပေမဲ့ တော်က ဆိုးခနဲ ဆတ်ခနဲ ထ,ထွက်သွားတော့ ကျုပ်စိတ်ထဲ မကောင်းဘူးတော့။ သမီးတို့ ဆန္ဒလည်း မပြည့်ဝတော့ဘူးပေါ့။ ကျုပ်ကို အဲဒီလောက်တောင် နာကြည်းသွားတာလား အဘိုးကြီးရယ်။

❑

အညာမှာလည်း ပိုပိုပြီး ပူလာတယ် အဘိုးကြီးရယ်။ ကျုပ်တို့ငယ်ငယ်ကတည်းက အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ရှိခဲ့တဲ့ မန်ကျည်းပင်ကြီးတွေလည်း ကုန်သလောက်ဖြစ်နေပြီ။ အမွေးတိုင်လုပ်ဖို့ဆိုလား လာဝယ်ကြတယ်။ ပိုက်ဆံရချင်တာတစ်ခုပဲ သိကြတော့ လာဝယ်သမျှအပင်ကြီးတွေကို အကုန်ခုတ်ရောင်းပစ်ကြတာကိုး။ အပင်ကြီးတွေဆို မရှိသလောက်ပါပဲ။ မြေးလေးတွေ ပြောပြောနေကြတဲ့ ဘာအလွှာဆိုလား ပေါက်လို့ ခရမ်းရောင်တွေ လွင့်လာတာဆိုလားတော်၊ လေတွေကလည်း ညစ်ပတ်လာတယ်ဆိုလား။ ကျုပ်လည်း သူတို့ပြောနေတာတွေ ကြားရတာပေါ့။ နာမည်တွေတော့ မခေါ်တတ်ပါဘူး။ ဘာကြောင့်ရယ် မသိပေမဲ့ ပိုပိုပြီး ပူလာတာတော့ အမှန်ပဲတော်။ ဒီလို ပူလွန်းတာကြောင့်ပဲ တော်နဲ့ကျုပ် အပြီးအပိုင် ဝေးခဲ့ကြတာပေါ့။ ဘယ်လောက်ပဲပူပူ အညာကို ကျုပ် မမုန်းဘူး။ ကျုပ်ရွာလေးကိုလည်း ကျုပ်ချစ်တယ်။ တော် ခေါင်းချသွားတဲ့ ဒီရွာမှာပဲ ကျုပ်ခေါင်းချမယ် အဘိုးကြီးရေ။ တော် ကျုပ်ကို ထာဝရ နှုတ်ဆက်သွားတဲ့နေ့က နေက ပူလွန်းတယ်လေ။ သမီးတို့ကလည်း သူတို့တတ်နိုင်သလောက် ပြုစုပေးကြပါရဲ့။ ဒါပေမဲ့ တော်က အစားလည်း ကျုပ်လောက်မှ မဝင်တော့ ခံနိုင်ရည်မရှိ ဖြစ်တော့တာပေါ့။ တော် အမောဖောက်နေတော့ တော့်နောက်ကျောကို လာကပ်ပြီး ရင်ဘတ်လေးကို ဖိပေးထားတာ ကျုပ်ပါ အဘိုးကြီးရယ်။ ချွေးတွေကိုလည်း ကျုပ်လက်ထဲကိုပဲ ထွေးထည့်ခိုင်းခဲ့တာပါတော်။ အဲဒီချွဲနဲ့အတူ…။

အဘိုးကြီးရယ်၊ တော်နဲ့ကျုပ်က ငယ်လင်ငယ်မယားတွေအပြင် မောင်လှယ် နှမလှယ်ဆိုတော့ တခြားလင်မယားတွေထက် ပိုရင်းနှီးတာပေါ့။ တော့်ရဲ့ ထွက်သက်ကို ကျုပ်ကိုယ်တိုင် မြင်ခဲ့ရတာပါ အဘိုးကြီးရဲ့။ သွားနှင့်ဦးတော့ အဘိုးကြီးရယ်၊ သွားနှင့်ဦးတော့။ ကျုပ်လည်း တော့်နောက်ကို သိပ်မကြာခင် လိုက်ခဲ့ရမှာပဲမဟုတ်လား။ ကျုပ် မငိုဘူး အဘိုးကြီး၊ ကျုပ် မငိုပါဘူး။ နောက်ဆုံးအကြိမ် တော် အိမ်ကထွက်တော့မယ့် အခါတော့ ကျုပ်တော့်ကို ငွေငွေကြီး ကြည့်မိပါရဲ့။ ကောင်းရာဘုံကို ရောက်မယ်လို့ ကျုပ် ယုံကြည်တယ်။ တော်ဟာ ဝသီကြမ်းတာကလွဲလို့ စိတ်ကောင်းရှိတဲ့သူကြီး၊ သူများကို အမြဲတမ်း ကူညီတတ်တဲ့သူကြီး၊ ဘုရားကိုးဆူဆွမ်းကပ်ဆရာကြီးပါတော်။ သူများတွေအပေါ် မဟုတ်တာ မလုပ်ခဲ့တဲ့ ရိုးသားတဲ့သူကြီးပါတော်။ ကျုပ် အသိဆုံးပါ။ ကျုပ်လေ…ကျုပ် မငိုပါဘူး။ တော့်ကို နောက်ဆုံးအကြိမ် ကန်တော့လိုက်ပါတယ်။ သွားနှင့်ပေဦးတော့ အဘိုးကြီးရေ…။

နွေရာသီကို ရောက်ရောက်လာတိုင်း ပိုပိုပြီးပူလာသလို တော့်ကိုလည်း ပိုပိုပြီး သတိရမိပါရဲ့။ ကျုပ်ရဲ့ နေဝင်ချိန်က နီးပြီမဟုတ်လား။ ခုချိန်မှာတော့ ကျုပ်စိတ်လေး အေးချမ်းနေပါပြီ။ အေးချမ်းအောင်လည်း ကျုပ်ကြိုးစားပြီး နေ,နေပါတယ်။ ခုဆို သမီးအငယ်ဆုံးလေး မိသားစုနဲ့ ကျုပ်နေတယ်လေ။ တော်နဲ့ကျုပ် နေခဲ့ကြတဲ့ ဟိုး…အရင်အိမ်ကလေးမှာပဲပေါ့ အဘိုးကြီးရယ်…။

■

**မိုးသက်လေ**



www.burmeseclassic.com

www.burmeseclassic.com



# မြမင်းလွင်(မော်လမြိုင်)

## အညာပန်းကျော့

အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

ဥသြသည် နွေကို ကြိုနှင့်ပြီ။ ဝန်းကျင်တစ်ခွင်လုံးလည်း မြရွက် စိမ်းစိမ်း မြရည်လိမ်း၍ မြသားပင်ဆင့် ရိုးတံရင့်ကြပြီ။ တချို့အပင်ကြီး များကတော့ ရွက်ဟောင်း ညှာကျင်ကို ခြွေလှစ်ကာ ဝတ်ရုံသစ် ဖူးပုရစ်ကို ဆင်မြန်းကြတော့မည့် ဟန်ဖြင့် မာန်သွေးတကြွကြွ ဟန်ရေးပြခါစ။ ဟေမန်နှောင်း၏ သရုပ်သကန်သည် စုတ်ချက်ခပ်ကြမ်းကြမ်းဖြင့် ဂိမှာန်ကို အမွှမ်းတင်ရန် မျက်နှာလို မျက်နှာရ ပြေးလွှားပြင်ဆင်ကုန်ပြီ။

ဒီဇယ်ပုံးကို ထမ်းရင်း တောလမ်းလေးဘေးရှိ ဘကြီးသိန်း၏



www.burmeseclassic.com

www.burmeseclassic.com



တဲရှိရာ
လမ်းမြောင်လေးထဲ
ချိုးဝင်လိုက်သည်။
ဘကြီးသိန်းတဲက
တောင်ခြေ မရောက်ခင်
လျှိုကလေးအနားတွင်ဖြစ်၏။
စိုက်ခင်းထဲမှာတော့
လူတစ်ရပ်သာသာ
ပြောင်းပင်ထိုးထိုးထောင်
ထောင်က တပြန့်တပြော။
ထွာဆိုင်သာသာ
ပြောင်းဖူးများ၏
အပြင်ဘက်ဆုံး
အလွှာတွေက နီကြင်ကြင်
အရောင်ပြောင်းစ။
တဲအဝရောက်သည်
အထိ ဘကြီး၏
အရိပ်အခြည်ပင်
မတွေ့ရ။
'ဘကြီးသိန်း'
'.....'
'ဗျို့ ဘကြီး'
'.....'
ပြန်ထူးသံ
မကြားရပေမဲ့
တဲအနောက်ဘက်
ပြောင်းခင်းအစပ်မှ
ချိုးချိုးချွတ်ချွတ်
အသံကိုကြား၏။
ဘကြီးသိန်းက
ခေါ်သံကြားသည်နှင့်
ချက်ချင်း ပြန်အော်
ထူးတတ်သည်။
စိတ်ထဲ
သက်ာမကောင်းသလို
ဖြစ်မိ၏။
ဒီဇယ်ပုံးကိုချပြီး
အနောက်ဘက်သို့
လှမ်းဝင်ခဲ့သည်။
တွေ့ပါပြီ၊ မိန်းမ
တစ်ယောက်
ပြောင်းခင်းအစပ်မှာ။
'ဟော့ ဘယ်သူလဲ'

ညနေခင်း
သုတ်ဖြူးလိုက်သော
လေပြည်သည်
တစ်စုံတစ်ရာကို
ယူဆောင်သွားသလို
ရင်၌ နွမ်းလျနေ၏
လျှောက်လာရင်း
အမှတ်တမဲ့
မီးတားလမ်း
ဟိုဘက်ရှိ အင်ကြင်း
ပင်ရင်းဆီ
အကြည့်ရောက်သည်
သစ်ခေါက်မှာ
ကပ်ပေါက်နေသည့်
သစ်ကပ်ပန်းလေး
တစ်ခက် မပွင့်မီ
အဖူးဘဝမှာပင်
မီးသင့်နှင့်ပြီ


www.burmeseclassic.com

www.burmeseclassic.com

ဘာမှ ပြန်မပြော။ လှည့်ပင်မကြည့်။ ဘကြီးသိန်း ထောင်ထားဟန်တူသော ပိုက်ထဲမှ တစ်ကောင်ကောင်ကို ဖမ်းနေ၏။ အနားသို့ ခပ်သုတ်သုတ်လျှောက်သွားမိသည်။ လက်တစ်ကမ်း အကွာရောက်သွားမှ အလိုမကျဟန်ဖြင့် ဖျတ်ခနဲ လှည့်ကြည့်၏။

‘ဟင်’

အယောင်ယောင် အကန်းကန်းဖြင့် ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။ ထင်ထားသလိုမဟုတ်၊ အသက်နှစ်ဆယ်ဝန်းကျင်သာရှိဦးမည့် ကောင်မလေးတစ်ယောက်။ မျက်နှာနုနုလေးထက် မျက်တောင်ကော့ရှည်ကြီးတွေက ထင်းနေ၏။ နှာတံက ပြေပြေသွယ်သွယ်။ စိုက်ခနဲတစ်ချက်ကြည့်ပြီး ပိုက်ဘက်ပြန်လှည့်သွားသည်။

‘မင်း ဘယ်သူလဲ၊ ဒီမှာ ဘာလုပ်နေတာလဲ’

‘ငှက်ကလေးတွေ လွှတ်နေတာလေ’

စကားလည်းအဆုံး ပိုက်မှာမိနေသော ငုံးကလေးနှစ်ကောင်လည်း သူ့လက်ထဲရောက်လာ၏။ ငုံးနှစ်ကောင်ကို ပြောင်းခင်းတွေဆီ ခပ်ဖွဖွ လွှတ်လိုက်သည်။ ငုံးနှစ်ကောင်မှာ မြေပြင်သို့ ရောက်သည်နှင့် တောင်ပံကိုဆတ်ခနဲ မြှောက်ရင်း ပြောင်းခင်းအတွင်း ခုန်ဝင်ပျောက်ကွယ်သွား၏။

ရုတ်တရက် ကြောင်ငေးနေမိသည်။

‘ဩော် မောင်လွင်ရောက်နေတာကိုး’

ဘကြီးသိန်း အပြင်မှ ပြန်လာဟန်တူသည်။ ခေါင်းမှာ ပေါင်းထားသော လုံချည်ကို ဖြေရင်း တဲနောက်ဘက် ထွက်လာ၏။

‘ဘကြီးကို မတွေ့လို့ အနောက်ဘက်ဝင်လာရင်း သူ့ကို တွေ့တာပဲ၊ ဒီမှာ ငုံးတွေ လွှတ်နေတယ်’

တိုင်တန်းသလိုအပြောကြောင့် ခပ်သဲ့သဲ့ ပြုံး၏။

‘ကဲ သမီးရေ ငှက်တွေ လွှတ်ချင်ရင်လည်းလွှတ်၊ ပြီးရင် ခဏလာဦး၊ အဘ မိတ်ဆက်ပေးချင်လို့’

ငှက်ကလေးတွေကို ငေးနေရာမှ အနားလာရပ်၏။ တီရှပ်ဖြူဖြူရှည်ရှည်နှင့် မိန်းမကြီးတွေဝတ်တတ်သော ထဘီအပွင့်ခပ်ရွယ်ရွယ် ဝတ်ထားသည်။ အသားက ဖြူသည်မဟုတ်ပေမဲ့ ညက်ညက်စင်စင်။ သေသေချာချာကြည့်မိလေ လှလေဟု ဘာသာပဲ အမှတ်ပေးမိသည်။ အကြည့်ရဲသွား၍ထင်သည် မျက်ဝန်းတစ်ချက်လှန်ကြည့်ပြီး ခေါင်းငုံ့သွား၏။ ရင်ခုန်သံကို နားမှ ပြန်ကြားမိလိုက်သလို။

‘ဒါက မောင်လွင်ဟန်၊ အင်တော့ဘေးက ကျွန်းစိုက်ခင်းရဲ့တာဝန်ခံ တောအုပ်ပေါ့။ မောင်လွင်၊ ဒါက ဘကြီးသမီးအငယ်ဆုံး နှင်းနှင်းသွယ်တဲ့၊ ဘားအံမှာ ကျောင်းတက်နေတာ။ အခု နောက်ဆုံးနှစ်ဖြေပြီးလို့ မြို့ပြန်လာတာ၊ အိမ်မှာတစ်ရက်ပဲနေပြီး တောထဲ လာလည်တာပဲ’

ဘကြီးသိန်းမှာ သားသမီးသုံးယောက်ရှိပြီး အကြီးနှစ်ယောက် အိမ်ထောင်ကျပြီမှန်းတော့ သိ၏။ စကားမစပ်မိသဖြင့် တစ်ခါမှ မေးမေးမြန်းမြန်းမရှိခဲ့။

‘တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ခုနက ကျွန်တော် မသိလို့ ငေါက်မိတာ ခွင့်လွှတ်ပါ’

‘ရပါတယ်ရှင်၊ နှင်းနှင်းကလည်း ငှက်လွှတ်ဖို့ ဇောကပ်နေတာနဲ့ ဘာမှပြန်မပြောမိဘူးကိုး’

အပြုံးနှင့် ပြန်ဖြေ၏။ ရင်၌ စမ်းတစ်ခု ဖြတ်စီးသည်။ တဲအရှေ့ဘက်ထွက်ခဲ့တော့ ဘကြီးနုတ်လာဟန်တူသည့် သစ်တုံးမှိုပလိုင်းငယ်တစ်လုံး ခပ်မောက်မောက်ကို တဲရှေ့ ချထား၏။

‘ကျွန်တော် ပြန်ဦးမယ် ဘကြီး’

‘ဟေ၊ ပြန်တော့မလို့လား၊ ထမင်းစားပြီးမှ ပြန်ပါလား မောင်လွင်’

‘နေပါစေတော့၊ စခန်းမှာ ဆီကုန်နေလို့ တောင်ခြေသစ်စက်မှာ ဆီတစ်ပုံးလာယူရင်း လမ်းကြုံတာနဲ့ ဝင်လာတာ။ ဟိုမှာ ညီညီလည်း ရောက်နေတော့ စားဖို့သောက်ဖို့ ပြင်ဆင်ရဦးမယ်လေ။ နောက်မှပဲ လာလည်တော့မယ် ဘကြီး၊ ပြန်ဦးမယ် မနှင်းနှင်းသွယ်၊ နောက်မှပဲ’

ခေါင်းညိတ်ရင်း ပြုံးပြ၏။ အကြည့်ကို အလျှင်အမြန်လွှဲဖယ်လိုက်မိသည်။

ဆောင်းနှောင်း ညနေခင်းသည် ကြည်လင်လွန်းပါဘိ။ သစ်ပင်အုပ်ကလေးလည်း လှသည်။ တိမ်သားပြာပြာလွှင်လွှင်လည်း လှသည်။ မြေနီတောလမ်းလေးလည်း လှသည်။ ငှက်ကျေးသံလည်း အလာတုန်းကထက် သာယာနေသလို။ မဲကနယ် တောင်တန်းထက်မှာတော့ နှုတ်ဆက်မြူတွေ ဆိုင်းဆိုင်းဆို့ဆို့ ရှိ၏။ မျက်တောင် ကော့ရှည်ရှည်တွေကို မြင်ယောင်မိသည်။ လမ်းလျှောက်ရင်း ပြုံးလိုက်မိပြန်၏။

❑

‘ဟော ကိုကို ပြန်လာပြီ’

ညီညီက စာဖတ်နေရာမှ ထပြီး ဆွဲလာသော ဒီဇယ်ပုံးကို ပြေးယူ၏။

‘ကိုအုံ့မောင်တို့ရော ညီညီ’

‘ဟင်းစားသွားရှာမယ် ဆိုပြီး ခုနလေးကပဲ တောင်ခြေဘက် ထွက်သွားတယ်၊ ကိုကို ဘာခိုင်းစရာ ရှိလို့လဲ’

‘ဘာမှ မခိုင်းပါဘူး၊ ညီညီရောက်တုန်း ဆတ်သားခြောက်တွေ မီးကင်မလို့ပါ’

‘ညီညီ ကင်ပေးမယ်လေ၊ ဆတ်သားခြောက်တွေ ဘယ်နားမှာလဲ’

‘နောက်ဖေးတဲ ကျပ်နိုးစင်ပေါ်မှာ ညီညီ၊ သွားယူလာခဲ့ ကိုကိုလည်း ကူကင်တာပေါ့’

ညီညီထွက်သွားတော့ အင်ပင်အခြေနားရှိ မီးဖိုကို ပြာရှင်းလိုက်သည်။ ဖိုဘေးနားရှိ ရှားသားသစ်ကိုင်းတွေကို စီရင်း မီးမွှေး၏။

ထမင်းအိုးကျက်တော့ မြေတွင်းမီးဖိုထဲမှာ မီးခဲရဲရဲတွေ ရှိနှင့်ပြီ။ ကျပ်တင်ထားသည့် ဆတ်သားခြောက်အချို့ကို ဝါးသိတ်ထဲထည့်ပြီး မီးကင်လိုက်၏။ တပို့တွဲလ ကုန်ခါနီးပေမဲ့ တောရိပ်၊



www.burmeseclassic.com

www.burmeseclassic.com

တောင်ရိပ်၊ သစ်ပင်ကြီးရိပ်တွေကြောင့် အေးအေးစိမ့်စိမ့်ရှိသည်။ နေအဝင်လည်း စော၏။ ဘုတ်ငှက်အော်သံကြောင့် ကျွန်းပင်ပျိုးထားသော တောအုပ်ကလေးမှာ ပို၍ ဆိတ်ငြိမ်နေသယောင်။ ညီညီက ဂျင်းဂျက်ကက်ထူထူဝတ်၍ အနားလာထိုင်သည်။

'စာမေးပွဲ ဖြေနိုင်ရဲ့လား ညီညီ'

'ဟုတ်ကဲ့ ဖြေနိုင်ပါတယ်။ ကျောင်းမှန်မှန်တက်၊ ကျောင်းလခ မှန်မှန်ပေးရင်ပဲ စာမေးပွဲက အောင်ဖို့ သေချာနေပါပြီ ကိုကိုရဲ့။ မတော်တဆ တစ်ဘာသာလောက် ကျသွားရင်လည်း ဆပ်ပလီ ပြန်ဖြေရင် စာမေးပွဲက အောင်မှာပါ'

'ဟင်၊ ညီညီက မဖြေနိုင်ဘူးလား'

'စကားအဖြစ်ပြောတာပါ၊ ညီညီက ဆပ်ပလီ ဖြေစရာမလိုဘဲ အောင်မှာပါ'

'ဒိုင်း…'

စကားပြောနေရင်း တောင်ခြေဘက်မှ တောပုန်းသေနတ်သံ ကြား၏။ သေနတ်သံက တောင်ပြန်လေနှင့် ရော၍ အတန်ကြာ မြည်ဟည်းနေ၏။

'ကိုအုံမောင်တို့တော့ တောကောင်ပစ်ပြီနဲ့တူတယ်။ ဒါနဲ့နေပါဦး၊ ညီညီက ဘွဲ့ရရင် ဘယ်လိုင်းလျှောက်မယ် စိတ်ကူးလဲ'

'ဖောရက်စ်လေ ကိုကို။ ကိုကို့လို တောအုပ်လုပ်မယ်။ ပြီးရင် ဒီမြေ၊ ဒီသစ်ပင်၊ ဒီတောင်၊ ဒီတောတွေကို ကိုယ့်စွမ်းဉာဏ်စရှိသမျှ ကာကွယ်စောင့်ရှောက်မယ်လေ'

ညီညီ့စကားကြောင့် ကျေနပ်စွာ ပြုံးမိသည်။ တောတောင်သစ်ပင်တွေကို ချစ်မြတ်နိုးတတ်သည့် စိတ်ကို မွေးမြူပေးလိုက်သည့် ဖေဖေ့ကိုလည်း ကျေးဇူးတင်မိ၏။ ကိုအုံမောင်နှင့် သံချောင်း ပြန်လာတော့ သံချောင်းပခုံးထက် ဖွတ်ခပ်ရှယ်ရှယ် တစ်ကောင် ထမ်းလာ၏။

'အစ်ကိုလေးကို ဖွတ်သားချက်ကျွေးချင်လို့ ရေသောက်ဆင်းချိန် စောင့်ပစ်နေတာနဲ့ နည်းနည်းနောက်ကျသွားတယ်'

'ဟာ ဖွတ်က အသည်းယားစရာကြီးဗျ၊ ကျွန်တော် မစားရဲဘူး'

'ဟား ဟား၊ မစားဖူးခင်က ကျွန်တော်တို့လည်း အဲ့လိုပဲ ထင်တာ။ တစ်ခါစားဖူးမှ ဖွတ်သားဘယ်လောက် နူးညံ့လဲသိသွားမယ်။ နောက်ဆို ဖွတ်နဲ့ခပ်ဆင်ဆင်တူတဲ့ ပုတ်သင်ညိုတို့၊ အိမ်မြှောင်တို့ မြင်ရင်တောင် လက်ညှိုးထိုးသွားစေရမယ်'

ရယ်မောလိုက်သံတွေက ကျွန်းတောလေးအတွင်း ပျံ့နှံ့တိုးဝင်သွား၏။ သံချောင်းက သစ်သားပြားပေါ်တင်၍ ဖွတ်ကိုဖျက်ရန် ပြင်သည်။ အပြင်ဘက်တွင် မှောင်ရိပ်သန်းစပြုပြီ။ ကိုအုံမောင်တို့က သောက်တတ်စားတတ်ကြသူတွေမို့ သည်ညတော့ အိပ်ရေးပျက်ဦးမည်ဟု တွေးမိ၏။ ဘကြီးသိန်းတဲဆီ သွားချင်စိတ်ကို မျိုသိပ်ရင်း သစ်လုံးအိမ်လေးပေါ် လှမ်းတက်လိုက်သည်။ ညီညီဖတ်လက်စ စာအုပ်ဆီ အကြည့်ရောက်၏။ '**ငွေကန္တာဦး**' တဲ့။

ဆောင်းနှောင်းနေရှိန်က ပိုပြင်းလာ၏။ တစ်ချက်တစ်ချက် မွှေ့ပတ်တိုက်ခတ်လာသော လေနုအေးကြောင့် အတန်အသင့်တော့ သက်သာရာရသည်။ အရင်ကလည်း ဘကြီးသိန်း ပြောင်းသိမ်း၊ ပဲသိမ်းချိန်ဆို အလုပ်အားတိုင်း လာကူတတ်၏။ သည်တစ်ခါတော့ စိတ်ထဲမလုံမလဲရှိရသည် အမှန်။ နေ့စားအလုပ်သမား ရှားသဖြင့် တောင်ယာသိမ်းချိန်ဆို ယာခင်းရှင်တွေကသီလင်တ ဖြစ်ရသည်။ ပြောင်းဆို ရင့်သွားနိုင်သလို ပဲကလည်း ရိတ်ချိန်မရိတ်ပါက ကွဲအက်ပြီး အသီးပွင့်သွားတတ်၏။ အလေအလွင့်များလျှင် ယာခင်းရှင်တို့ ထိခိုက်နစ်နာကြရသည်။

ပြောင်းချိုးရင်း မလုံမလဲဖြစ်မိပေမဲ့ သူကတော့ ခပ်တည်တည်ပင်။ တစ်ခုတော့ ချီးကျူးမိသည်။ တက္ကသိုလ်ကျောင်းသူဆိုပေမဲ့ သနပ်ခါးခပ်ထူထူလူး၊ ခမောက်တစ်လုံးဆောင်း၊ ယောကျ်ားဝတ် ရှပ်အင်္ကျီလက်ရှည်ဝတ်ပြီး နေပူပူထဲမှာ ပြောင်းလည်းချိုး ခါးစောင်းလောက် မြွေရေခွံအိတ်ကြီးလည်း ဆွဲနေရပေမဲ့ ပင်ပန်းနွမ်းနယ်ဟန် တစ်စက်မျှ မမြင်ရ။ အလုပ်ကိုသာ အားကြိုးမာန်တက် ရှိလွန်းလှ၏။ တစ်ချက်တစ်ချက် ခိုးကြည့်လာသော မျက်ဝန်းတွေထဲမှာ အရိပ်အယောင်တစ်ခုကို ရှာမိသည်ကိုတော့ ကိုယ့်ကိုယ်ကို မလိမ်ညာချင်ပါ။

နေ့လယ်ထမင်းစားနားချိန် ပြောင်းအိတ်ဆွဲပြီး တဲထဲဝင်မည်ပြင်သည်။ သည်တစ်ညနေနှင့် နောက်နေ့တစ်ဝက်လောက်ဆို ကုန်လောက်ပြီဟု တွက်မိ၏။ ရေအိုးစင်မှ ရေခွက်ကို လက်လှမ်းသည့်အခိုက်-

'ဆရာလေး ဆရာလေး၊ ကျွန်းတောနားမှာ တောမီးလောင်နေလို့'

ပြောင်းခင်းအစပ်မှ အော်ပြောရင်း သံချောင်း ပြေးဝင်လာ၏။ ရေခွက်ကို ချ၍ ဘကြီးသိန်းကို လှမ်းကြည့်မိသည်။

'သွားလိုက် သွားလိုက် မောင်ဟန်၊ မီးများရင် ဘကြီးတို့ပါ နောက်ကလိုက်ခဲ့မယ်'

'ရတယ် ဘကြီး'

ထမင်းဝိုင်းပြင်နေရာမှ လှမ်းကြည့်၏။ မျက်ဝန်းထဲမှာ စိုးရိမ်နေမှုက အတိုင်းသား။ တဲအပြင်သို့ ခပ်သုတ်သုတ်လှမ်းထွက်လာခဲ့သည်။

ယာခင်းနှင့် ကျွန်းတောက သိပ်မဝေးလှပေမဲ့ မိနစ်နှစ်ဆယ်သာသာလောက် လမ်းလျှောက်ရသည်။ ခပ်သွက်သွက် ပြေးတော့ သံချောင်းက မလှမ်းမကမ်းမှ ကပ်ပါလာ၏။ တောမီးကျွန်းခင်းထဲဝင်ပါက အားလုံးဒုက္ခရောက်ပြီ။ ကျွန်းပင်က မီးလောင်လွယ်သည်။ ထို့ပြင် အခုချိန်က ဆောင်းကုန်နွေကူး ရွက်ဟောင်းကြွေချိန်။ တောမီးက ရွက်ကြွေကို လောင်ပြီး အပင်ကိုပါ ဝါးမျိုပစ်တတ်၏။ စိုက်ခင်းကလည်း နှစ်နှစ်ကျော်ဆိုတော့ မီးဝင်သွားလျှင် နိုင်ငံတော်၏ ဘဏ္ဍာ ဆုံးရှုံးနစ်နာသလို အချိန်ကုန် လူပန်းလည်း ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

‘မီးများလား သံချောင်း၊ အခုဘယ်ကို ရောက်နေပြီလဲ’

‘များသားပဲ ဆရာလေး၊ အင်တောထဲကိုတော့ ဝင်နေပြီ။ မီးတားလမ်းကိုတော့ အစ်ကိုလေးနဲ့ ကိုအံ့မောင်တို့ လုပ်နေကြတယ်’

မီးခိုးလုံး ခပ်မှိုင်းမှိုင်းကို လှမ်းမြင်ရပြီ။ မီးခိုးတွေအထက်မှာတော့ ငှက်တစ်အုပ် ဝဲပျံဆူညံနေကြ၏။ မီးကြောင့် အပေါ်ပျံတက်လာသော ပိုးနံ့ကောင်များကို အုပ်စုလိုက် ပျံဝဲထိုးဆိတ်နေကြခြင်းဖြစ်သည်။ စိုက်ခင်းရောက်တော့ ညီညီနှင့် ကိုအံ့မောင်တို့လင်မယား မီးတားလမ်း တော်တော်လုပ်ပြီးနေပြီ။ မီးတားလမ်းဆိုသည်မှာ တောမီးလာမည့် လမ်းတွင် မြေအပြင်တန်းဖြစ်အောင် လမ်းပြောင်ကလေး ရှင်းကြခြင်းပင် ဖြစ်၏။

‘သစ်ရွက်ခြောက်နဲ့ စုထားတဲ့အမှိုက်တွေ မီးတားလမ်းအပြင်ဘက်မှာ နိုင်သလောက် ဖြန့်တော့ ကိုအံ့မောင်’

တစ်ဖွဲ့လုံး သစ်ရွက်ခြောက်တွေ တောင်းထဲကျုံးထည့်ပြီး မီးတားလမ်းဘေးတွင် ဖြန့်လိုက်ကြသည်။ တောမီးကလည်း သစ်ရွက်ခြောက်တွေ လောင်မြိုက်သံ တဖြောက်ဖြောက်နှင့် တဖြည်းဖြည်းနီးလာ၏။ ခြံကွက်ကျယ်ကြီးနှစ်ကွက်စာအကွာလောက်ရောက်တော့မှ ပုံထားသော ရွက်ခြောက်တွေကို တစ်ပြိုင်တည်း မီးရှို့လိုက်သည်။ ရှို့လိုက်သောမီးသည် ရွက်ကြွေများရှိသည့် လောင်စာအမှိုက်များအတိုင်း လောင်လေ၏။ ညီညီက တအံ့တသြ ငေးကြည့်နေသည်။ တောမီးလောင်နေသည်ကို သည်ဘက်က မီးပြန်ရှို့နေသဖြင့် အထူးအဆန်း ဖြစ်နေလိမ့်မည်။ ဘာမှတော့ မမေး။

ပြန်ရှို့လိုက်သော မီးသည် သစ်ရွက်ခြောက်များကို လောင်မြိုက်ရင်း တောမီးနှင့် လမ်းခုလတ်တွင် ဆုံမိကြသည်။ သစ်ရွက်ခြောက်ကုန်သည်နှင့် လောင်စရာမရှိတော့၍ တောမီးလည်း ငြိမ်းပြီ။ ထိုအခါကျမှ အားလုံး သက်မချနိုင်တော့သည်။

‘ခပ်စောစောက ကိုကိုတို့ မီးတားလမ်းလုပ် သစ်ရွက်ခြောက်နဲ့ အမှိုက်တွေ ဖြန့်နေကြတာ နားမလည်ဘူး၊ အခုမှ သဘောပေါက်တယ်။ လောင်လာတဲ့မီးကို ဒီဘက်ကမီးနဲ့ ပြန်တိုက်ပြီး ငြိမ်းရတာကိုး’

သစ်ကိုင်းခြောက်ငယ်များမှာ တစ်စွန်းတစ်စ ကျန်ရစ်သည့် မီးကြွင်းကိုလိုက်သတ်နေရင်း ညီညီက ပြော၏။

‘ဟုတ်တယ် ညီညီ၊ တောမီးကို မီးတားလမ်းလုပ်ပြီး မီးနဲ့ပြန်ငြိမ်းရတယ်။ ဒါပေမဲ့ အမြဲတမ်း ဒီလိုလုပ်လို့တော့ မရဘူး။ မီးအနည်းအများကို ကြည့်ရတယ်၊ လေတိုက်နေတဲ့ဘက်ကို သတိထားရတယ်။ မီးများနေရင်တော့ ဒီနည်းနဲ့မရဘူး။ လူစုပြီး မီးထဲအထိလိုက်ငြိမ်းရတာ။ အခုလောင်တဲ့မီးက ရွက်ကြွေတွေလောက်ပဲ လောင်လို့ တော်သေးတယ် ပြောရမှာပေါ့’

‘ဟုတ်တယ် အစ်ကိုလေးရေ၊ မိုးဦးကျများ ဒီလိုတောမီးလောင်လို့ကတော့ နောက်နှစ်ရက်လောက်ဆို ပုတတ်စာတွေ ဖွေနေတာပေါ့’

ကိုအံ့မောင်က သစ်ကိုင်းအစိုတစ်ခုဖြင့် မီးခိုးအူနေသော မြက်အစုကို ရိုက်နေရင်း ဝင်ပြောသည်။ ကောင်းကင်ထက်မှာတော့ ငှက်အုပ်က တဖြည်းဖြည်းကျဲသွားပြီ။ မြေသင်းနံ့နှင့်ရောသော မီးခိုးငွေ့တွေက ဝန်းကျင်မှာ ပျပျသင်းသင်း ရှိနေသေး၏။

မီးခိုးအတော်အတန်ပြယ်သွားမှ စခန်းဘက် လှည့်ပြန်ခဲ့ကြသည်။ စိုက်ခင်းအဝ မြေလမ်းဘေးတွင် လူသုံး, လေးယောက် လျှောက်လာကြ၏။ ဘကြီးသိန်း၊ သူနှင့် အလုပ်သမားနှစ်ယောက်။ တဖြည်းဖြည်း နီးလာတော့ ရင်ကခုန်၏။ အကြည့်ချင်းဆုံမိတိုင်း၊ ပုံရိပ်ကလေး မြင်လိုက်တိုင်း။

အနားရောက်တော့ ညီညီ့ကို တအံ့တသြကြည့်နေသည်ကို တွေ့၏။ ညီညီ့မျက်နှာထက်မှာလည်း အံ့သြမှုက အထင်းသား။

‘မီးငြိမ်းသွားပြီလား မောင်ဟန်’

‘ဟုတ်ကဲ့ ဘကြီး၊ မီးကသိပ်မကြီးလို့ တော်သေးတာပေါ့။ မနှစ်တုန်းကလိုသာ လောင်ရင်တော့’

စကားပင်မဆုံးသေး–

‘ကိုဝေက ဒီကိုလာတာလား’

ညီညီ့ကို လှမ်းမေး၏။

‘ဟုတ်တယ်လေ၊ နှင်းကို၊ အဲ နှင်းနှင်းသွယ်ကို ပြောထားသားပဲ ကျောင်းပိတ်ရင် ကိုကို့ဆီသွားလည်မှာလို့’

ညီညီက ပြန်ဖြေ၏။ ရင်သည် ရုတ်ခြည်းလေးလံသွားသည်။

‘မသိဘူး၊ အစ်ကိုဆီသွားမယ်ဆိုတော့ ဒီမှာလို့ မထင်မိဘူးလေ၊ ထူးဆန်းလိုက်တာ’

‘ကျွန်တော်လည်း ကိုကို့ကိုပါ ခေါ်ပြီး နှင်းနှင်းသွယ်တို့အိမ် လာလည်မလို့။ ခုတော့ တိုက်တိုက်ဆိုင်ဆိုင်’

‘ဒါက ကျွန်တော့်ညီ ဝေယံမောင်ပါ ဘကြီး၊ ဘားအံ တက္ကသိုလ်မှာ နောက်ဆုံးနှစ်ဖြေပြီး လာလည်တာ။ မနှင်းနှင်းသွယ်နဲ့တော့ မိတ်ဆက်ပေးစရာ မလိုတော့ပါဘူးနော်’

သုံးယောက်သား ပြိုင်တူလိုပင် ရယ်မောမိကြသည်။ မျက်နှာပေါ်တွင် ညှိုးငယ်ရိပ်များ သန်းသွားမလားဟု စိုးရိမ်၏။

‘ဘကြီးတို့ စခန်းထဲလိုက်ဦးမလား ခင်ဗျ’

‘မလိုက်တော့ဘူး မောင်ဟန်ရေ၊ မီးငြိမ်းသွားပြီဆို ပြောင်းလက်စလေး သတ်လိုက်ဦးမယ်၊ မနက်ဖြန်တော့ ကုန်လောက်ပါပြီ’

‘ကျွန်တော် နောက်မှလာခဲ့တော့မယ် ဘကြီး၊ ခုနက ရှုပ်ထားတာလေးတွေ ရှင်းချင်လို့’

‘ရပါတယ် ကွာ၊ မောင်ဟန်အားမှ လာကူပါ။ ထမင်းလည်း စားလိုက်ဦးဟေ့၊ ရောဂါ ရနေဦးမယ်’

ဘကြီးသိန်းက ပြောရင်း ပြန်လှည့်သွား၏။ နေ့စားအလုပ်သမားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဘကြီးနောက် လိုက်သွားသည်။ သူကတော့ ညီညီနှင့်စကားစ ပြတ်သေးဟန်မတူ။ နှုတ်မဆက်တော့ဘဲ ကျွန်းစိုက်ခင်း လမ်းသွယ်လေးထဲ ဝင်လာခဲ့သည်။ မြူနှင့် မီးခိုးတို့ ရောယှက်နေသေးသဖြင့် ဝန်းကျင်တစ်ခိုက ဆိုင်းဆိုင်းမှိုင်းမှိုင်း။ ညနေခင်း သုတ်ဖြူးလိုက်သောလေပြည်သည် တစ်စုံတစ်ရာကို ယူဆောင်သွားသလို။ ရင်၌ နွမ်းလျနေ၏။ လျှောက်လာရင်း အမှတ်တမဲ့ မီးတားလမ်း ဟိုဘက်ရှိ အင်ကြင်းပင်ရင်းဆီ အကြည့်ရောက်သည်။ သစ်ခေါက်မှာ ကပ်ပေါက်နေသည့် သစ်ကပ်ပန်းလေးတစ်ခက် မပွင့်မီ အဖူးဘဝမှာပင် မီးသင့်နှင့်ပြီ။

❑

ကြိုးစားပြီး အိပ်ကြည့်ပေမဲ့ အိပ်မပျော်။ ချမ်းလွန်း၍ပါဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်မိသော်လည်း မဟုတ်မှန်းသိနေ၏။ ဆောင်းလယ်ဆီက အရိုးစိမ့်မတတ် အေးမြမှုကိုပင် လျစ်လျူရှုနိုင်ခဲ့သည် မဟုတ်လား။

'ဟဲ့ခွေး… ဟဲ့ခွေး…. ဒီခွေးတွေကတော့ ငါရိုက်ပြီးဟင်းချက်လိုက်ရ မကောင်းရှိတော့မယ်'

ကိုအံ့မောင် အော်သံကြောင့် အိပ်ရာမှထ,လိုက်သည်။ သစ်လုံးအိမ်အနောက်ဘက်ရှိ ကြက်ခြံမှ ကြက်တွေကတော်လိုက်သံကလည်း စူးခနဲညံတက်လာ၏။ နာရီကို ကြည့်တော့ ညဆယ့်နှစ်နာရီ။ တံခါးဖွင့်လိုက်သည်နှင့် နှင်းကြွင်းလေက ဝေ့ခနဲပက်သည်။ ကိုအံ့မောင်က ကြက်ခြံနားမှာ တုတ်ရှည်တစ်ချောင်း၊ ဓာတ်မီးတစ်လုံးကိုင်ပြီး တောအုပ်ဘက်ကို အော်ငေါက်နေ၏။

'တောခွေးတွေ လာပြန်ပြီလား ကိုအံ့မောင်'

'ဟုတ်တယ် ဆရာလေး၊ ဒီကောင်တွေ မီးလောင်ပြင်က ပုတတ်လေး၊ ပုတ်သင်ညိုလေး မီးလောင်နံ့ရတာကို စားပြီး ကြက်ခြံဘက် လာကပ်တာ။ သိပ်တော့ မများပါဘူး လေး,ငါးကောင်လောက်ပါပဲ'

'ကြက်ခြံက လုံပါတယ် ကိုအံ့မောင်။ စိတ်ချလက်ချအိပ်ပါ။ ညဥ့်လည်းနက်လှပြီ မနက်ကျ ပေါင်းရှင်း သင်းသတ် လုပ်ရဦးမယ်လေ'

'ဟုတ်ကဲ့ ဆရာလေး'

ကိုအံ့မောင် ပြန်သွားတော့မှ အိမ်ဘက်လှည့်ပြန်ခဲ့၏။ လေထုက စိုစွတ်အေးမြနေသည်။ ညဘက် အစာရှာထွက်သော ငှက်တစ်ကောင် ဂီးခနဲအော်ရင်း ပျံသွားသည်မှအပ ဝန်းကျင်က တိတ်ဆိတ်လွန်းနေ၏။ သည်အချိန်ဆို အိပ်နေလောက်ပြီပေါ့။ မသင့်တော်ပါဘူးလေဟု ကိုယ့်ကိုယ်ကို သတိပေးမိလိုက်ပြန်သည်။ မတွေးသော်လည်း စိတ်ထဲအလိုလိုရောက်လာမည်ကို စိုးကြောက်မိသည် အမှန်။

အိမ်ပေါ်တက်လိုက်တော့ ညီညီက အခန်းဝမှာထိုင်နေ၏။

'မအိပ်သေးဘူးလား ညီညီ'

'ကိုကို အိပ်ငိုက်ပြီလား'

'အင်း၊ အိပ်တော့ မအိပ်ချင်သေးဘူး၊ ညီညီပြောစရာ တစ်ခုခုရှိလို့လား'

'ဟုတ်ကဲ့'

ညီညီရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ပြော ကိုကို့,ကို ဘာပြောမလို့လဲ'

'ညီညီ့မှာ ကောင်မလေး ရှိတယ်ကိုကို'

'အင်း'

'သူက ကျောင်းပိတ်တုန်း သူ့မိဘတွေနဲ့ ညီညီ့ကို တွေ့စေချင်တယ်။အဆင်ပြေရင် စေ့စပ်တာမျိုး လုပ်ထားစေချင်တယ်။ လောလောဆယ်တော့ လက်မထပ်ကြသေးပါဘူး။ ဘွဲ့ယူပြီး အလုပ်အကိုင် အတည်တကျရှိမှ လက်ထပ်ကြမှာပါ'

'ကောင်းပါတယ်'

'အဲ့ဒါ သူ့မိဘတွေနဲ့ တွေ့ကြဖို့ ကိုကို အရင်လိုက်ခဲ့ပေးပါလား။ နောက်အခေါက်တွေကျမှ ဖေဖေ့ကို ခေါ်သွားချင်လို့ပါ'

'လိုက်ပေးရမှာပေါ့ ညီညီရယ်၊ ကိုကို့မှာ ဒီညီလေး တစ်ယောက်တည်း ရှိတာ။ နောက်ပြီး ဘကြီးသိန်းက ကိုကိုနဲ့သိပ်ခင်တာ။ လူငယ်သဘာဝကို လည်း နားလည်တယ်။ ကိုကိုပြောရင် ရလောက်ပါတယ်။ အဲဘကြီးဖေနီးကိုတော့ မတွေ့ဖူးဘူး'

'ကိုကို ဘာတွေပြောနေတာလဲ'

ညီညီက တအံ့တသြ ပြန်မေး၏။

'ညီညီ့ကောင်မလေး ဆိုတာမနှင်းနှင်းသွယ် မဟုတ်ဘူးလား၊ သူ့ကို ပြောတာပဲလေ'

'အာ၊ နှင်းက ညီညီ့ကောင်မလေးရဲ့ သူငယ်ချင်းပါ ကိုကိုရဲ့'

အခုမှ ရင်သည် ထိတ်ခနဲ ခုန်လာပြန်၏။

'ညီညီက နှင်းလို့ခေါ်လိုက်တော့ ထင်မိသွားတာ'

'သူတို့ သူငယ်ချင်းတွေက နှင်းလို့ခေါ်တာနဲ့ ညီညီလည်း နှင်းလို့လိုက်ခေါ်ရင်း နှုတ်ကျိုးသွားတာ။ သူ့အဖေရှေ့မှာမို့ သတိထားပြီ ပြန်ခေါ်လိုက်တာပါ'

ရင်သည် ပေါ့ပါးသွားသလို။ ဝမ်းသာစိတ်ကြောင့် နှုတ်ခမ်းတွေ မပြုံးမိစေရန် အတော်ပင် သတိထားနေရ၏။

'ညနေက ညီညီ့ကို ကိုကို့အကြောင်းတွေ ပြောတယ်'

'အင်း၊ ဘာပြောလဲ'

သတိထားသည့်ကြားမှ လွတ်ခနဲ မေးလိုက်မိသည်။ ညီညီက ပြုံး၏။

'ကိုဝေ့အစ်ကိုက ကိုဝေထက် ပိုကြည့်ကောင်းပြီး တည်တယ်တဲ့။ ပြီးတော့ သူ့အဖေကလည်း ကိုကို့အကြောင်း ခဏခဏ ပြောတယ်တဲ့'

ခပ်စောစောက မသိသာသော အအေးဓာတ်သည် အခုမှ သိသိသာသာ လွှမ်းခြုံလာသည်ထင်၏။ လက်ဖျားကို ခပ်ဖွဖွ ဆုပ်လိုက်မိသည်။

'ကိုကိုက အသောက်အစားကင်းပြီး ဘာသာတရားလည်း သိတယ်။ လူကြီးသူမကိုလည်း ငုံ့ညွှတ်တယ် တဲ့။ နှင်းကလည်း နောက်ဆုံးနှစ်ရောက်



www.burmeseclassic.com

www.burmeseclassic.com

တဲ့အထိ ချစ်သူမထားဘူး ကိုကို၊ စာပဲကြိုးစားတာ။ သူ့မိဘတွေကို တစ်လှည့် ပြန်လုပ်ကျွေးမယ်တဲ့။ ညီညီက တောင် စ,လိုက်သေးတယ်။ ကိုကို့,ကို တောထဲတစ်ယောက်တည်း ထားရတာ စိတ်မချဘူး။ ဖြစ်နိုင်ရင် ကူညီပါလားလို့။ ဘာမှတော့ ပြန်မပြောဘူး။ ခေါင်းငုံ့ပြီး ပြုံးသွားတာ ညီညီ သေချာ တွေ့လိုက်တယ်'

အိပ်ရာဝင်တော့ ညတစ်နာရီကျော်ပြီ။ အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲမှာ ကြာမျိုးစုံပွင့်နေသည့် ရေကန်ကြီးတစ်ခုနား ရပ်နေမိ၏။ ပျား၊ ပိတုန်းတွေက ကြာပန်းများအပေါ် တရစ်ဝဲဝဲ ရှိသည်။ ငှက်မျိုးစုံတို့၏ တေးသံကလည်း ချိုချိုကြည်ကြည်။ လေညင်းသယ်ဆောင်လာသည့် ပန်းရနံ့တို့ဖြင့်လည်း ပျံ့ပျံ့သင်းသင်း။ မြူခိုးတွေတော့ ခပ်ဆိုင်းဆိုင်းရှိသည်။ ထိုစဉ်အခိုက် အနောက်နားဆီမှ ခြေသံသဲ့သဲ့ကြောင့် လှည့်ကြည့်မိတော့ သူ။ နှင်းမှုန်ကြားမှ ထိုးထွက်လာသည်။ ဖြန့်ထားသော ဆံနွယ်မျှင်အချို့က လေမှာ လွင့်ဝဲနေသယောင်။ အနားရောက်တော့ လက်ထဲမှ တစ်စုံတစ်ခု ကမ်းပေးလာ၏။ သူ့လက်ထဲမှာ ညနေက တွေ့ခဲ့သော မီးသင့်သစ်ကပ်ပန်းခက်အဖူးကလေး။ ကြည့်နေရင်း ညိုးခြောက်နေရာက တဖြည်းဖြည်း ပြန်လည်စိမ်းလန်းလာပြီး အပွင့်တွေနှင့် ဝေဆာတင့်တယ်နေလိုက်ပုံများလေ။ ■

**မြူမင်းလွင်၊မော်လမြိုင်၊**

## ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ
## ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်အထိ

(၁) အောဘုန်းခေတ် *ခေါင်းဆောင်အုပ်ဆိုးသောလူ* ၊ရန်ကုန်၊
(၂) မောင်စည်သူ(အဖျောက်) *ဒီချောင်းကငါး ငါတို့ စား၏* ၊ရန်ကုန်၊
(၃) ထင်ကျော်(စက်မှုတက္ကသိုလ်) *ဘဝမြင့်အောင် အီးကျူမြှင့်ကြစို့* ၊မကွေး၊
(၄) လင်းသပြေမောင် *ဖြေသိမ့်ခွင့်* ၊-၊
(၅) နေဘုန်းညီ *ပွင့်သောပန်းတိုင်း လန်းပါစေ* ၊ရှမ်းပြည်နယ်၊
(၆) နေဘုန်းညီ *အိမ်ရှိက်သံ* ၊ရှမ်းပြည်နယ်၊
(၇) နေခြည်(ကြီးနီ) *အရက်မူးနေသော မြားနတ်မောင်* ၊မကွေးတိုင်း၊
(၈) ကြယ်ငါး *ခေါက်ကျိုးတဲ* ၊ရန်ကုန်၊
(၉) ဒေါက်ဇော် *ထင်းတောင်းရွက် အမေကြီး* ၊သရက်မြို့၊
(၁၀) နောင်သွေးညို *ကမ္ဘာပျက်တေး* ၊ကလေးမြို့၊
(၁၁) ဂျူနိယာခင်လေး *မင်ရောင်တစ်ချက် မြတစ်ချက်* ၊ရန်ကုန်၊
(၁၂) ကိုဇော်(နွေဥဩ) *2D (သို့) လောင်းကစား* ၊ဟသာတ၊
(၁၃) ကတ္တီပါဖြူ *အဖြူရောင်စာရွက်လေးများ* ၊မအူပင်၊
(၁၄) မောင်ဗလ *အထုပ်ထဲက အရှုပ်* ၊တမူးမြို့၊
(၁၅) ထူးရဲလွင်(ဝိဇ္ဇာ) *ဂါရဝေါစ နိဝါတောစ* ၊-၊
(၁၆) တေဇာလင်း *နားလှည့်ပါးရိုက်* ၊-၊
(၁၇) မိုးအောင် *အစာမကြေတဲ့ရောဂါ* ၊မကွေးမြို့၊
(၁၈) မေဂျိုးငယ် *မေတ္တာကျွန်* ၊ပြင်ဦးလွင်၊
(၁၉) မိုးသောက်ထွန်း *အရုက်တရား ရှာပုံတော်* ၊ဧရာဝတီတိုင်း၊
(၂၀) မင်းသျှင်(msh) *လှေနှစ်စင်း* ၊သန်လျင်၊
(၂၁) ဒေးဗစ်မောင်မောင် *တန်ပြန်ဝင့်ဝေဒနာ* ၊မကွေးတိုင်း၊
(၂၂) ဒေးဗစ်မောင်မောင် *အချစ်မေတ္တာ ဤမြေကမ္ဘာ* ၊မကွေးတိုင်း၊
(၂၃) မိုးယံဝင့်ထည် *အကြွေးယူကြသူများ* ၊ရန်ကုန်၊
(၂၄) နေခြည်(ကြီးနီ) *သံသယရထား* ၊မကွေးတိုင်း၊
(၂၅) လင်းသပြေမောင် *တမာကို ယိုထိုး စားချင်သတဲ့လား* ၊-၊
(၂၆) နောင်ရိုးနွယ်(မုံရွာ) *လက်တို့၏ ခြေရာများ* ၊ရန်ကုန်၊
(၂၇) မေစိုး *'အေး မာန'* ၊ရန်ကုန်၊
(၂၈) ကိုဇော်(နွေဥဩ) *ပေးဆပ်သူတို့ နှလုံးသား* ၊ဟသာတ၊
(၂၉) လူလေး(သစ်လိန်) *အိပ်တန်း* ၊မုံရွာမြို့၊
(၃၀) ပြုံးနွဲ့နွဲ့ဝါ *လောကဓာတ်ခုံ* ၊-၊
(၃၁) ထင်ကျော်(စက်မှုတက္ကသိုလ်) *ဓားထက်နေမှ ရတဲ့ ခေတ်* ၊မကွေး၊
(၃၂) ချစ်ခိုင်စံ(ဘီအီးဒီ) *အသုပ်သည်မသား* ၊ပဲခူးတိုင်း၊
(၃၃) မင်းစိုးသစ် *မျက်နှာနှစ်ခုနဲ့ ငါးရာတန်တစ်ရွက်* ၊စစ်ကိုင်း၊
(၃၄) သိန်းဖုံဝင်း(ဒီပဲယင်း) *ဖူးစာရေစက်* ၊စစ်ကိုင်း၊

*မြိုးမြိုးခိုင် ပြုစုသည်။*




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၂၉ နှစ်ပြည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈

# မိခင်...သောက

ခင်သန္တာ

အမှတ် ၃၄၈၊ နိုဝင်ဘာ၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com




၁။

အထုပ်အပိုးများ ပြင်ဆင်ထုပ်ပိုးနေသည့် သမီးကို ကြည့်ရင်း မိခင်တစ်ယောက် စိတ်မရှည်ချင်တော့။ လွန်ခဲ့သည့် တစ်ပတ်ကတည်းက လိုအပ်သည့် အသုံးအဆောင်များကို စဉ်းစားပြီး ထည့်ထားဖို့ ပြောပြီး ဖြစ်သည်။ ပထမနှစ်ဝက် လေးလစာအတွက် သူ့ဘာသာ ပြင်ဆင် ထည့်တတ်အောင် ဘာမှ လုပ်မပေးတော့ဟု ဆုံးဖြတ်ထားသည်။ အစစ အရာရာ ပူသည့်စိတ်ဖြင့် လိုက်လုပ်ပေးနေသမျှ သူကိုယ်တိုင် တတ်မြောက်တော့မှာ မဟုတ်ဟု တွေးမိ၍ ဖြစ်သည်။ ယခုလည်း ဟိုတစ်ပုံ၊ ဒီတစ်ပုံ ပြန့်ကျဲနေသည့် သူ့အသုံးအဆောင် ပစ္စည်းများကို ကြည့်ရင်း ဆွဲယူထည့်ပေးချင်စိတ် ပေါက်နေသည်။ ဒီလိုပုံစံဖြင့် အဆောင်တွင် သူ ဘယ်လိုနေထိုင်လိမ့်မည်လဲ။ ရေချိုးခန်းဝင်လည်းကြာ၊ အိမ်သာတက်လျှင်လည်း ဖုံးပါယူသွားပြီး အပြင်ဘက်မှ အော်ပြီး သတိမပေးမချင်း တော်တော်နှင့် ထွက်မလာတတ်။ ရေလဲလုံချည်ကို နေရာတကျ ဖြန့်လှန်းဖို့မေ့၊ အသုံးပြုပြီး အလှကုန်ပစ္စည်းများကို သင့်ရာနေရာထား။ ဆံပင်များကို ဖြီးသင်ပြီးတိုင်း ကြမ်းခင်းပေါ်တွင် ကျနေသည့် ဆံပင်ချည်များကို သိမ်းကောက်ဖို့မေ့။ မိခင် ငယ်စဉ်က အမေ တစ်ခါ သွန်သင် ဆုံးမထားပြီးလျှင် ဘယ်တော့မှ မမေ့တတ်တော့။ အဆူအပြောခံရမည်၊ အရိုက်ခံရမည်ကို ရှက်ခြင်းကြောင့် မမေ့မလျော့ လုပ်တတ်သည်။ မိခင် သမီးကတော့ အကြိမ်ပေါင်းများစွာ ပြောရင်းကပင် လိုက်လုပ်ဖို့ မေ့လျော့နေတတ်သည်။

မွေးကတည်းက တစ်ခါမှ မခွဲဖူးသဖြင့် ပူသည့် စိတ်တွင် အလွမ်းတို့က ထပ်ပိုးနေသည့်အခါ အစိုးရိမ်လွန် စကားတို့ ပြောနေမိသည်။အများသုံးရေချိုးခန်း၊ အိမ်သာတို့တွင် အလိုက်မသိကြာနေလျှင် အများနှင့် ရောနှော မနေထိုင်ဖူးသည့် သူ့ကို ငြိုငြင်ကြမှာ စိုးသည်။ ဖုန်းအားသွင်းကြိုး တန်းလန်းဖြင့် ဖုန်းသုံးနေလျှင် အိမ်မှာလို သတိပေးမည့်သူမရှိ၊ ဒီအတိုင်း အိပ်ပျော်သွားပြီး ဝိုင်ယာရှော့ဖြစ်လျှင် ဒုက္ခ၊ ခေါင်းလျှော်ပြီး ဆံပင်ရေစက် လက်ဖြင့် အခြောက်ခံစက် သုံးနေမည်လား။ သတိမမူ နေတတ်သည့်အတွက် အခြောက်ခံစက်၏ နောက်ဘက် လေထွက်ပေါက်လေးထဲသို့ သမီးဆံပင်တွေ ဝင်သွားဖူးသည်မှာ အခါခါ။ အိမ်မှာဆိုလျှင်တော့ မိခင်က ဆူဆူပြောပြောနှင့် ဆွဲထုတ်ပေးရသည်။

'ဟူး…'

'အမေရယ် မိခင်တို့ ငယ်ငယ်တုန်းက အဲ့ဒီလောက် မပြောခဲ့ရဘူး ထင်တယ်နော်။ မောင်နှမတွေ များပေမဲ့ ကိုယ့်တာဝန် ကိုယ်ယူတတ်ကြတာဆိုတော့လေ'

အိမ်အလည် ရောက်သည့် အမေ့ကို တိုင်တည်မေးမေးမိရသည်။

'ပြောတော့ ပြောရတာပါပဲအေ။ ဒါပေမဲ့ ဒီခေတ်ကလေးတွေက ပိုပြီး အချိုးမပြေကြတာလား မသိပါဘူး။ အိမ်မှာလည်း ညည်းတူက ဒီအတိုင်းပါပဲ'

မိခင်ကိုယ်တိုင်ကလည်း စိတ်မြန်တတ်သူမို့ သမီးကို တစ်ခုခု ခိုင်းပြီးတိုင်း ချက်ချင်း မဆောင်ရွက်လျှင် ကိုယ့်ဘာသာ ထ,လုပ်ပစ်တတ်သည်။ ကြာလာတော့ သူ့ကို ပါးစပ်ကသာ ခိုင်းပြီး ကိုယ်က လက်က လုပ်နေရတော့သည်။ ယခုလည်း ပြောနေရင်း လိုအပ်မည်ထင်သမျှကို ကိုယ်တိုင်သာ ကောက်ထည့်ပေးမိသည်။ သူတက်ရမည့် ကျောင်းရှိရာ နယ်မြို့လေးသို့ ကိုယ်တိုင် လိုက်ပို့ပေးသည်။ ကျောင်းသို့ သတင်းပို့၊ ကျောင်းအပ်ပြီးသည်နှင့် နေထိုင်ဖို့ အဆောင် နေရာ ရှာရတော့သည်။ မိခင်တို့ ကျောင်းတက်တုန်းကတော့ ကျောင်းတွင်း အဆောင်များရှိသဖြင့် လုံခြုံရေး စိတ်ချရသည်။ ယခုတော့ ကိုယ့်မျက်ကွယ် နေရာတွင် အပြင်ဆောင်ထားရမည့်အရေးမို့ ပိုလို့ တွေးရသည်။ ကျောင်းစာရေးမလေးတစ်ယောက်က ညွှန်းလိုက်သဖြင့် အပျိုကြီးများ



www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ပြီး ဖွင့်လှစ်ထားသည့် အဆောင်လေးသို့ ရောက်သွားခဲ့သည်။ စည်းကမ်းပိုင်းလည်း တင်းကျပ်သည်ဟု အမည်ရထားသဖြင့် ပိုစိတ်ဝင်စားသွားသည်။

အဆောင်ကလေးက နေချင့်စဖွယ်။ ဝန်းတံတိုင်းများကို အုတ်ရိုးခတ်ထားပြီး နှစ်ထပ်ဆောင် ဖြစ်သည်။ အဆောင်ရှေ့တွင် သရက်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းနှင့်မို့ ပူပြင်းသည့် ဒီမြို့လေးတွင် သက်သာရာ ရနိုင်မည်။ မိခင် အနှစ်သက်ဆုံးကတော့ ဇော်ဂျီမြစ်နှင့် ဆက်စပ်နေသည့် ဇော်ဂျီမြောင်းလေး ရှိနေသည်။

သရက်ပင်များအောက်တွင် အပန်းဖြေထိုင်စရာ အုတ်ခုံလေးများလည်း ရှိသည်။ အဆောင်မှူး အပျိုကြီးနှင့် စကားပြောကြည့်သည့်အခါ ရိုးသားပွင့်လင်းသည်။ စည်းကမ်းပိုင်းများလည်း ကြိုက်နှစ်သက်သည်မို့ ဒီအဆောင်လေးမှာပဲ ငှားဖို့ ဆုံးဖြတ်လိုက်ကြသည်။ နှစ်ယောက် တစ်ခန်း နေရသည်ဖြစ်ပြီး အပေါ်ထပ်တွင်သာ အခန်းလွတ်ရှိတော့သည်။ သမီးက အခြားသူတစ်ယောက်နှင့် အတူမနေချင်ဟု ဆိုလာသဖြင့် နှစ်ယောက်ခန်းစာပေးငှားပြီး သူ့တစ်ယောက်သာ နေဖို့ ဆုံးဖြတ်လိုက်ကြသည်။ ပထမနှစ်ဝက် လေးလစာ တစ်ခါတည်း ပေးချေကာ အခန်းကို သန့်ရှင်းရေးလုပ်ကြသည်။ သန့်ရှင်းရေးလုပ်ကြသည်ဆိုသော်လည်း ထုံးစံအတိုင်း တလှုပ်လှုပ်လုပ်နေသည့် သမီးကို စိတ်မရှည်တော့ ကိုယ့်ဘာသာပင် လုပ်လိုက်သည်။

သမီးနေရမည့် အခန်းလေးအတွင်း လိုအပ်သည်များ တစ်ခါတည်း စီစဉ်ပေးခဲ့လိုက်သည်။ အဆောင်က ပေးထားသည့် ခုတင်နှင့် စာကြည့်စားပွဲကို သမီးက မလိုချင်ဟု ဆိုပြန်သည်။ ကြမ်းပြင်မှာပင် ဆင်းအိပ်ချင်သည် ဆိုသဖြင့် တစ်ခန်းလုံး ဖယောင်းပုဆိုး ခင်းရတော့သည်။ မွေ့ရာနှင့် ခြင်ထောင်များ ဝယ်ရသည်။ စာကြည့်စားပွဲ အသစ်ဝယ်ရသည်။ အဝတ်များထည့်ရန် အလူမီနီယံ ဗီရိုတစ်လုံးဝယ်သည်။ ကိုယ်လုံးပေါ် မှန်တစ်ချပ်၊ အဝတ်လှန်းချိတ်များ၊ ရေချိုးရန် အသုံးအဆောင်ပစ္စည်းများ။ အားလုံးဝယ်ပြီးသည့် အချိန်မှ မိခင့်ဘာသာ သတိထားမိရသည်။

'အိမ်ထောင်တစ်စုစာပါလား' ဟူ၍။

❑

၂။

ကျောင်းတက်ဖို့ လိုက်ပို့တော့လည်း မိခင် ကိုယ်တိုင်ပင်။ သမီးနှင့် ပတ်သက်လျှင် ဘယ်သူ့ကိုမှ စိတ်မချတတ်သည့် ကိုယ်သာ အပင်ပန်းခံရသည်။ စိတ်မချသည် ဆိုသည်မှာ သမီးအထာ၊ သမီးလုပ်သမျှကို နိုင်အောင် ပြောနိုင်သူမှာ ကိုယ်သာရှိသည်ဟု အထင်ရောက်သဖြင့် ဖြစ်သည်။ ကျောင်းသို့ ကိုယ်တိုင် လိုက်ပို့ပေးသည်။ ကျောင်းအုပ်ဆရာကြီးနှင့် မေဂျာတာဝန်ခံ ဆရာမထံ အပ်နှံသည်။ ကျောင်းတက်အချိန်ဇယားတို့ကို မှတ်သားသည်။ အဆောင်နှင့် ကျောင်းက ဆယ်မိနစ်လောက်တော့ လမ်းလျှောက်ရသည်။ စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် မစီးတတ်သူမို့ လမ်းလျှောက်နိုင်းတာသာ အန္တရာယ်အကင်းဆုံးဖြစ်သည်ဟု မိခင် ဆုံးဖြတ်လိုက်သည်။ သုံးရက်လောက် သမီးနှင့်အတူနေပြီး ကျောင်းသွား ကျောင်းပြန် လိုက်ကြည့်သည်။ အားလုံး အဆင်ပြေသည်ဟု ဆိုရမည်။ အစားအသောက်တော့ နည်းနည်းခက်သည်။ အဆောင်မှာ ဟင်းချက်ခွင့် မပေး။ စီနီယာ အဆောင်သူအချို့ ပေါင်းအိုးလေးများနှင့် ထမင်းချက်နေသည်ကို တွေ့သည်။

သမီးတို့ ကျောင်းချိန်က မနက် ရှစ်နာရီမှ ညနေ လေးနာရီထိ ဖြစ်သဖြင့် ခုနစ်နာရီခွဲကျော်လောက် အဆောင်မှ ထွက်ရသည်။ သူ့ပုံစံ နှေးနှေးဖြင့် ဘာမှချက်ချိန်ရမည် မထင်။ အိမ်မှ အကြော်အလှော်အချို့ ယူလာခဲ့သော်လည်း ပြန်နွေးဖို့က ကိုယ်ရှိနေသဖြင့် အဆင်ပြေခြင်းဖြစ်မည်။ ပြန်မနွေးဖြစ်လျှင် အစားအသောက်တို့ မှိုတက်ကုန်လိမ့်မည်။ မှိုတက်သည် မတက်သည်ကိုမသိ စားလိုက်တော့မည်။ ချိုင့်ဆွဲ လပေး စီစဉ်ပေးခဲ့လျှင် အဆင်ပြေမည်လားဟု စုံစမ်းကြည့်သော်လည်း မနက်ခုနစ်နာခွဲလောက် အရောက် ဘယ်ဆိုင်ကမှ ထမင်းချိုင့် ပို့မပေးနိုင်ကြ။ ပိုဆိုးသည်က နည်းပညာကျောင်းနှစ်ကျောင်းကြားရှိ ဆိုင်များတွင် ထမင်းဆီဆမ်း၊ လက်ဖက်ထမင်း၊ ကြာဆံပြုတ်၊ ခေါက်ဆွဲပြုတ်နှင့် ထမင်းကြော်၊ ပုံထမင်းဟင်းတို့သာ ရသည်။ သုံးရက်လောက် သမီးနှင့် အတူလိုက်စားကြည့်သည့် မိခင်ပင် မစားနိုင်၊ ငြီးငွေ့ရသည်။ အိမ်မှာဆိုလျှင်တော့ ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး အရသာရှိသည့် အစားအသောက်တို့ စားနေသည့် သမီး လေးလကြာအောင် စားနိုင်၊ နေနိုင်ပါ့မည်လား။

အပူသောကတို့ဖြင့် စိတ်မချသော်လည်း အလုပ်တစ်ဖက်နှင့်မို့ ထားခဲ့လိုက်ရသည်။ အပြန် ကားဂိတ်ဆင်းခါနီး နှုတ်ဆက်တော့ 'မေမေ'ဟု အော်ကာ ပြေးဖက်သည်။ မူကြိုတုန်းက ကျောင်းပို့ခဲ့သလို အသံထွက်ငိုနေသည်။

'ဟဲ့ မရှက်ဘူးလား၊ မငိုနဲ့ တိတ်။ သမီးနဲ့ ရွယ်တူတွေ အများကြီးပဲ။ ဒီလိုပဲ မိဝေးဖဝေး လာနေကြတာ၊ အမှုမှတ်မဲ့ မနေနဲ့၊ လိမ်လိမ်မာမာနေ၊ ကြားလား'

'သမီးရယ် ခဏမလို့ပါ။ နောက်ဆို ငါ့သမီး ပျော်သွားမှာ။ အဆောင်မှာ သူငယ်ချင်းတွေ အများကြီးကို၊ မေမေပြန်ခါနီး စိတ်မကောင်း မလုပ်နဲ့၊ လာ'

အဆောင်မှူးကလည်း ထွက်လာပြီး သမီးကို လာချော့သည်။

သမီးရှေ့တွင် မာန်တင်းခဲ့သော်လည်း အဝေးပြေးကားကြီးပေါ်ရောက်တော့ တစ်ယောက်တည်း မျက်ရည်တွေကျလာသည်။ အဆောင်လည်း လေးလစာ ငှားပြီး၊ ကျောင်းလည်း အပ်ပြီးခါမှ မနေနိုင်ဘူး၊ ပြန်လာမည်ဆို



www.burmeseclassic.com

www.burmeseclassic.com

လျှင် ဘယ်လို လုပ်ရပါ့။ မိခင်ကိုယ်တိုင်လည်း အဲ့ဒီလောက် အကြာကြီး သမီးနှင့် ခွဲနေနိုင်ပါမည်လား။ ရန်ကုန် အပြန် တစ်လမ်းလုံး တွေးလာရင်း ကျောင်းလာထားမိသည်မှာ မှားပြီလားဟုပင်။ အိမ်ပြန်ရောက်သည်နှင့် သမီးဆီ ဖုန်းခေါ်မိတော့ သမီးက လေသံတိုးလေးဖြင့် -

'မေမေ သမီးက စာသင်ခန်းထဲမှာလေ၊ ဆရာမ စာသင်နေတယ်။ နေ့လယ်စာ ဆင်းချိန်မှ ပြန်ခေါ်လိုက်မယ်' ပြန်ဖြေသည်။ ဒီတော့မှ စာသင်ချိန်များကို မိခင် သတိရတော့သည်။ သမီးအသံက တိုးပေမဲ့ ကြည်ကြည်လင်လင်မို့ အဆင်ပြေသည်ထင်ပါသည်။ နေ့လယ် ပြန်ဆက်တော့ စိတ်မချသည့်အတိုင်းပင် မနက်စာ မမီလို့ မစားခဲ့ရဟု ဆိုသည်။

'မီအောင် စောထ,လေ သမီးရယ်၊ နေ့တိုင်းဆို ဘယ်လိုလုပ်မလဲ'

'အင်းပါ မေမေရဲ့ ညက လိုင်းသုံးတာ နောက်ကျသွားလို့ပါ'

'အဲ့ဒါပဲ မေမေ မကြိုက်တာ။ ဖုန်းကို ညဥ့်နက်တဲ့ထိ မသုံးနဲ့လို့ ပြောထားလည်း နားမထောင်ဘူး'

အစချီကာ ဆက်ပြောမည် ကြံရုံရှိသေး-

'အင်းပါ၊ အင်းပါ မေမေရယ်။ အခု နေ့လယ်စာ စားလိုက်ဦးမယ်နော်' ဟု ဆိုကာ ဖုန်းချသွားသည်။

မိခင်တစ်ယောက် ဘယ်လိုပင်ပြောပြော သမီးကတော့ မနက်စာ မစားရဘဲ ကျောင်းသို့ သွားရသည်ဟု

q ,fau;mfo uf
refuav;
tr;m;pkwkd nf
olwkdxifuD&m
tcuf;m;&Sd nf
a,muf;av;rm;ukd
pdwfoifm;wwf
luonf
txJozif
olwkdGef&Sd nf
t&nftcifrm;
&Sdev ifykdD
txifuDwwf
luonf
'DwkdukdVif
orDav;
[kwf oGm;Ef
aumif;av;tm;
pdwfoifm;aeyDm;

သာ ကြားရမြဲ။ နောက်တော့လည်း မနက်စာနှင့် နေ့လယ်စာကို ပေါင်းစားလိုက်သည်ဟုပင် သိလာရသည်။

'မနက် ကိုးနာရီခွဲဆိုရင် ကော်ဖီဘရိတ် ပေးတယ်လေ မေမေရယ်၊ အဲ့ဒီအချိန်ကျမှ နေ့လယ်စာနဲ့ ပေါင်းစားလိုက်တယ်။ နေ့လယ် ထမင်းစားဆင်းတော့ အဆောင်ပြန် ရေချိုးတယ်။ ဒီမှာက တအားအေးတာ မေမေရဲ့၊ မနက်အစောကြီး မချိုးနိုင်ဘူး။ ပြီးတော့ စာအုပ်တွေ ချိန်းထည့်တယ်၊ ခဏလှဲတယ်လေ အဆင်ကို ပြေလို့'

သူ့အကြောင်းပြချက်နှင့် သူတော့ အဆင်ပြေနေသည်။ သုံးပတ်ခန့်အကြာ တစ်ခေါက်လိုက်သွားသည်။

အမေလာမည်ကို ကြိုပြောထားလျက်နှင့် အခန်းက ရှုပ်ပွနေသည်။ ဒါတောင် ရှင်းထားတာဟု ဆိုသည်။ အခန်းတွေက ကပ်လျက်မို့ မဆူမိအောင် ကိုယ့်ဘာသာပဲ ထိန်းထားလိုက်ရသည်။ သူ့အခန်းနီးချင်း သူငယ်ချင်းများနှင့် မိတ်ဆက်ပေးသည်။ သူတို့အခန်းဝမှတစ်ဆင့် အခန်းတွင်းကို လှမ်းကြည့်မိတော့-

'အင်း…'

သမီးအခန်းထက်ပင် ပိုရှုပ်ပွနေသေးသည်။ သားအမိနှစ်ယောက် ညစာကို မြို့ထဲထိ ထွက်စားကြသည်။ အဆောင်နှင့် မြို့ထဲက အနည်းငယ်လှမ်းတော့ ဆိုင်ကယ်ကယ်ရီနှင့် သွားကြရသဖြင့် သမီးတို့အတွက် နေ့တိုင်း ထွက်စားဖို့ မပြေကြ။

သမီး၏ တစ်ယောက်အိပ်ရာမှာပင် သားအမိနှစ်ယောက် ပူးကပ်အိပ်ကြရင်း စကားတွေ ပြောကြသည်။

'သမီးမှာ ပိုက်ဆံ ဘယ်လောက်ကျန်သေးလဲ'

'ဟီး… နှစ်ရာပဲ ကျန်တော့တာ မေမေ'

'ဟင် ဘာတွေသုံးလို့လဲ၊ မေမေ ပိုပိုလိုလိုတောင် ပေးခဲ့သေးတာကို'

'ရှူး တိုးတိုးပြော မေမေ။

'ဟိုဘက်ခန်းက သူငယ်ချင်းက ပြီးခဲ့တဲ့ တစ်ပတ်က တော်တော်နေမကောင်းဖြစ်လို့ ဆေးခန်းသွားရတော့ သူ့မှာ ပိုက်ဆံ မရှိတော့လို့တဲ့ သမီးဆီက သုံးသောင်းချေးထားလို့ပါ'

'ပြန်မရသေးဘူးလား၊ တစ်ပတ်ရှိပြီလေ'

သမီးက လေသံကို ထပ်တိုးလိုက်ပြီး-

'ကျောင်းက စတိုင်ပင်ကြေး သုံးသောင်းရရင် ပြန်ပေးမယ်တဲ့၊ ရမှာပါ မေမေရဲ့'

'ညည်းအေ သိကြတာမှ မကြာသေးဘူး ရှုပ်ရှုပ်ယှက်ယှက်တွေ'

မိခင် စကားမဆုံးသေးခင် သမီးက မိခင်ပါးစပ်ကို လက်ဖြင့်လာပိတ်ပြီး တစ်ဖက်ခန်းကို လက်ညှိုးထိုးပြသည်။

'မေမေ ရောက်မလာရင် ညည်း ဘာနဲ့သုံးမှာလဲ'

'မေမေလာမှာ သိနေလို့ပါ'

ညဆယ်နာရီခွဲလောက် ရောက်တော့ အဆောင်အောက်မှ ဂစ်တာတီးသံကို ကြားလိုက်ရသည်။

'ဟဲ့ အဆောင်မှာ ဂစ်တာတီးတတ်တဲ့သူ ရှိတာလား'

'အောက်ထပ်က စီနီယာအစ်မကြီး တစ်ယောက်တော့ တီးတတ်ပါတယ်။ ဒါပေမဲ့ အခုကြားနေရတာ သမီးတို့ အဆောင်က မဟုတ်ဘူး မေမေ။ တီယူက အစ်ကိုကြီးတွေ အဆောင်ရှေ့မှာ လာတီးကြတာပါ'

'အလို' ဟုပင် မိခင် စိတ်ထဲက တ,လိုက်မိသည်။ သမီးက အဆောင်သူတစ်ယောက်၏ဘဝ၊ ဖီလင်အပြည့်ရနေသူပါလား။ ဟုတ်သည်လေ၊ လူငယ်တို့သဘာဝ ဒီလို ဂီတ ခံစားနားဆင်တတ်ရမည်။ မိခင်တို့ တက္ကသိုလ်ဘဝများကိုပင် ပြန်လွမ်းမိသေးသည်။ နောက်ထပ် ဂစ်



www.burmeseclassic.com

www.burmeseclassic.com

တာတစ်လက်သံ ထပ်ကြားလိုက်ရပြန်သည်။

'ဒီနေ့ည ငါတို့အဖွဲ့ အရင် ရောက်တာနော် ယောက်ဖတို့' ကောင်လေးတစ်ယောက် ပြောသံကို ကြားလိုက်ရသည်။ သမီးကို မေးဆတ်ပြီး ဘာလဲဆိုသည့် သဘောလုပ်ပြတော့၊ သမီးက အခန်းမီး ထ,ပိတ်လိုက်သည်။

ပြီးမှ 'ည ညဆို ဂစ်တာလာတီးကြတာက နှစ်ဖွဲ့၊ သုံးဖွဲ့ မေမေရေ'

'အမယ် တယ်ဟုတ်ပါလား၊ ညည်းတို့ အဆောင်သူတွေ စွံချက်'

'သမီးတို့ ကျောင်းနဲ့ တီယူကျောင်းက အစ်ကိုကြီးတွေလေ ၊နားလည်မှုယူပြီး တစ်ဖွဲ့ပြီးမှ တစ်ဖွဲ့ တီးကြတာ'

မဆိုးဘူးဘဲ၊ စည်းကမ်းတော့ ရှိကြသားဟု တွေးလိုက်မိသေးသည်။ သီချင်းနားထောင်နေရင်း သမီးနာမည်ကို ထည့်ဆိုသံ ကြားလိုက်ရသည်။ မိခင် နားကြားလွဲတာဟု ထင်လိုက်သေးသည်။ နှစ်ခါ၊ သုံးခါ ထည့်ဆိုနေမှ သေချာသွားသည်။ ဝရန်တာ မီးရောင်က သမီးမျက်နှာလေးပေါ် ဖြာကျနေသည်။ ကျေနပ်နေသည့် အပြုံးလေးပါလား။ နောက်တစ်ဖွဲ့ သီဆိုတော့လည်း သမီးအတွက် ရည်ရွယ် သီဆိုတာပါဟု အတိအလင်း ကြေညာပြီးမှ ဂစ်တာတီး သီဆိုကြသည်။

မိခင် နည်းနည်း တုန်လှုပ်ရပြီ။ အခုမှ ကြားလိုက်ရသည့် မိခင်တောင် ကျေနပ်သလို ဖြစ်မိသေးတာ သမီးလေး သာယာတိမ်းမူးနေမှာ အသေအချာပင်။ ထိုသို့ဆိုလျှင် မိခင်ကွယ်ရာတွင် ဘာတွေများ ဆက်ဖြစ်နိုင်မည်လဲ။ တွေးမိလိုက်တော့ ရင်တစ်အုံလုံး ပူထူသွားရပြီ။ အခုမှ ဆယ့်ခုနစ်နှစ်ပင် မပြည့်တတ်သေး။ အရာရာဘာမှ အလေးမထားဘဲ ကလေးတစ်ယောက်လို ပေါ့ပေါ့တန်တန်လေး နေထိုင်တတ်သူ။ သမီးနှင့် စကားများများပြောမှ ဖြစ်တော့မည်။ သူငယ်ချင်းလုပ်မှ ရတော့မည်။ အရွယ်မတိုင်မီ ဘာမှ အဖြစ်မခံနိုင်။ မိခင်တစ်ယောက်တည်း အတွေးတို့ဖြင့် ယောက်ယက်ခတ်နေချိန်၊ မိန်းကလေးတစ်ယောက် သီချင်းဆိုညည်းသံ ကြားလိုက်ရသည်။ မိခင် မမေးခင်မှာပင်-

'မေမေ နားထောင်၊ အဲဒါ သမီးတို့ စီနီယာ မမက ဒီဘက်ကနေ ဂစ်တာ လိုက်တီးပြီး အပြင်အဖွဲ့နဲ့ သီချင်းအတူတူ လိုက်ဆိုတော့မှာ၊ နားထောင်လို့ ကောင်းတယ်'

သမီးက သတင်းပေးသည်။ အဆောင်စည်းကမ်းအရ ည ခုနစ်နာရီကျော်လျှင် အပြင်ထွက်ခွင့်မပေး၊ အဆောင်မှူး အပျိုကြီးကိုယ်တိုင်က တစ်ခန်းဝင် တစ်ခန်းထွက် လှူလိုက်စစ်ပြီး ဝင်းတံခါးကို သော့ခတ်သည်။ သို့သော်လည်း အသံတော့ အပြင်မထွက်ရ လုပ်လို့မှ မရသည်ပဲ။ အပေးအယူ တည့်စွာ အပြန်အလှန် သီချင်းဆိုသံကို နားထောင်ရင်း သမီးကပါ တီးတိုးလေးလိုက်ဆိုနေသည်။

အခုချိန် မိခင် စကားပြောကြည့်လည်း အရာဝင်မည် မထင်။ ဆယ့်နှစ်နာရီကျော်လောက်မှ ပြန်သွားကြသည်။ သမီးကို အိပ်တော့ဟု ပြောမည် စိတ်ကူးပြီးမှ မိခင် အသာငြိမ်နေလိုက်တော့သည်။ မိခင်ကိုယ်တိုင်လည်း အိပ်လို့မှ မပျော်သည်ဘဲ။

မနက် ခြောက်နာရီလောက်တွင် တစ်ဆောင်လုံး ပြေးလွှားနေသည့် ခြေသံတို့က ပြင်းထန်လှသည်။ သမီးက ခုတင်နှင့် မဟုတ်ဘဲ ကြမ်းပြင်တွင် မွေ့ရာခင်းအိပ်သဖြင့် ပိုဆူညံစွာ ကြားနေရသည်။ မိခင် အနားတွင်လည်း သမီး မရှိတော့။ အောက်ထပ်တွင် ရေချိုးခန်း၊ အိပ်သာ လုနေကြပြီထင်သည်။ တစ်ခုတော့ ကောင်းသည်။ အိမ်မှာလို သူ့ အချိန်ဆွဲပြီး နေလို့ မရတော့။ ခဏအကြာ ပြန်တက်လာကြသည့် ခြေသံတို့နှင့်အတူ စကားသံတွေပါ ကြားနေရသည်။

'အဲ့ဒီကောင် တီးတာတော့ ငါ အသေကြွေတယ် သိလား။ ငါတို့ မေဂျာက တော့ မဟုတ်ဘူးဟ၊ နင်လည်း ကြိုက်တာလား။ ဟဲ့ အကြိုက်ချင်း တူနေပြီနော်'

စိတ်လွတ်လက်လွတ် ပြောနေသည့် သမီးအသံ စာစာလေးကို ကြားလိုက်ရသည်။

'စီနီယာ မမကို အားကျတယ်ဟာ။ ငါက ပီယာနိုပဲ တီးတတ်တာ၊ ဂစ်တာ မတီးတတ်တာ နာတာပဲ။ ဒီတစ်ခေါက် အိမ်ပြန်ရင် ငါ့အဖေဆီက ဂစ်တာတီး သင်ပစ်ဦးမယ်'

ပြောပြောဆိုဆို အခန်းထဲသို့ ပြန်ဝင်လာသည်။

'မေမေနိုးနေပြီလား၊ ရောက်တုန်း သမီးနဲ့ မနက်စာ အတူသွားစားမယ်လေ၊ သမီး ကျောင်းသွားမှ ပြန်အိပ်ပေါ့'

'ပြန် မအိပ်ပါဘူး၊ သမီးကို ကျောင်းလိုက်ပို့မလို့။ ငယ်ငယ်တုန်းကလိုလေ'

'ဟာ မပို့ပါနဲ့ မေမေကလည်း၊ မေမေ မျက်စိနောက်ရလိမ့်မယ်'

'ဟင် ဘာကို မျက်စိနောက်ရမှာလဲ'

'ကျောင်းသွားတဲ့ လမ်းမှာ လိုက်ပို့သူ၊ စကားလိုက်ပြောသူတွေက များလို့လေ'

ပြုံးထေ့ထေ့ မျက်နှာပေးဖြင့် သမီးက ပြန်ဖြေတော့ မိခင် စိတ်ဝင်စားသွားရသည်။ သုံးပတ်ဆိုသည့် အချိန်ကာလလေးအတွင်း သမီးက အပျိုကြီး ဖြစ်သွားပြီပဲ။

ထိုနေ့က မိခင် ကျောင်းလိုက်ပို့တော့ ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် မယောင်မလည် ကိုကျောင်းသားတို့ ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြသည်။ မိခင်မပါသည့် သမီး၏ ကျောင်းသွားနေ့ရက်များက ရင်ခုန်တိမ်းမူးဖွယ် ဖြစ်နေမည်လား။ သမီးထံနား နှစ်ရက်သာ နေနိုင်ပြီး ရန်ကုန်သို့ ပြန်လာခဲ့ရသည်။ ဒီတစ်ခါ မိခင် ပြန်သည်ကို သမီးက အပြုံးဖြင့် နှုတ်ဆက်နေနိုင်ပြီ။ ကျောင်းပို့စကတော့ မပျော်မှာ စိုးရသည်။ ယခုတော့ အပျော်များ လွန်နေပြီလားဟု တွေးပြီး စိုးရပြန်



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ -)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစ္စာချောင်

ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၀၇၃၇၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁-၅၅၄၃၉၇/၀၉လ-၅၁၁၃၅၃၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း(AMBO Hotel) အမှတ်-၈၁/အေ-၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ဗဟန်း။ ဖုန်း၀၉-၅၁၂၂၀၀၃၊၀၁-၅၃၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းဦး(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ကျိုက်ဖြူရိပ်သာ၊ ကျိုက်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂၂၄၁၊၀၉-၇၉၅၄၄၈၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ကမ္ဘာ့ဇရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၃၉၂၀၊၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ "စိုးပုလဲ ထာဝရငွေပင်"
ဦးမြင့်စိုး+ဒေါ်နှင်းပုလဲ(သမီး)Dr.နှင်းနှင်းဦး၊ (သား) Dr.စိုးစိုးစံ+မရီရီမြင့်
(မြေး) မောင်ဥက္ကာစိုးစံဟိန်း မိသားစု။ ၁၅,၀၀,၀၀၀ိ/-
စိုးပုလဲပွဲရုံ၊ မန္တလေးမြို့။ (တစ်ဆယ့်ငါးသိန်း)

၂။ "နိုင်ခန့် ထာဝရငွေပင်"
Dr.ဦးဝင်းကြိုင်+ဒေါ်နီလာခင်(သမီး) မနိုင်ဇာဝင်း
(သား) Dr.ခန့်ဇော်သန့် မိသားစု။ ၂၀,၀၀,၀၀၀ိ/-
ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ၊ စစ်ကိုင်းမြို့။ (သိန်းနှစ်ဆယ်)

www.burmeseclassic.com

www.burmeseclassic.com

၃။ ‘နွဲ့စည်သူ ထာဝရငွေပင်’
(ဧယျကျော်ထင် ဗိုလ်မှူးကြီး စည်သူ)+ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု၊ ၄၀၅,၀၀,၀၀၈/-
ရန်ကုန်။ (လေးရာ့ငါးသိန်း)

၄။ ‘ရွှေမြရတနာ ထာဝရငွေပင်’
ဗိုလ်မှူးကြီး ဘရွှေ(ငြိမ်း)နှင့် ဒေါ်မြသိန်းတို့အား ရည်စူး၍
သမီး ဒေါ်ခင်မြရွှေ၊ ဒေါ်ခင်မြလွင်
အမှတ် ၂၅၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ၂၀၀,၀၀,၀၀၈/-
ရွှေတောင်ကြား ၁ ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်။ (သိန်းနှစ်ရာ)

၅။ ‘Dr.ခင်မောင်လေး + Dr.ဒေါ်လှလှ ထာဝရငွေပင်’
အငြိမ်းစားပါမောက္ခချုပ် Dr.ခင်မောင်လေး ကွယ်လွန် ၁၀ နှစ်ပြည့်အား
ရည်စူး၍ Dr.ဒေါ်လှလှ(ရန်ကုန်တက္ကသိုလ်ဆေးရုံ၊ ဆေးရုံအုပ်ကြီး-ငြိမ်း)နှင့် ၁၀၀,၀၀,၀၀၈/-
သားသမီးမြေးမြစ် မိသားစု ကောင်းမှု (သိန်းတစ်ရာ)

၆။ ‘ကမ္ဘာ့ဇဘဏ်မိသားစု ထာဝရငွေပင်’
ကမ္ဘာ့ဇဘဏ် မိသားစု
အမှတ် ၆၁၅/၁၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်။ ၁၀၀,၀၀,၀၀၈/-
၂၈-၉-၂၀၁၈ တွင် စတင်စိုက်ထူလှူဒါန်းသည်။ (သိန်းတစ်ရာ)

၇။ ‘Dr.သိန်းထွန်း + Dr.ဒေါ်သန်းတိုး ထာဝရငွေပင်’
ကွယ်လွန်သူ သားကြီး ဦးကျော်မင်းထွန်း(၂၂-၉-၁၈ အသက် ၄၀ ပြည့် မွေးနေ့အလှူ)
Dr.သိန်းထွန်း + Dr.ဒေါ်သန်းတိုး မိသားစု။ ၄၀,၀၀,၀၀၈/-
အမှတ် ၉၉၂/ဘီ၊ ၉ လမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။ (သိန်းလေးဆယ်)

၈။ ‘မင်္ဂလာဆေးတိုက် ထာဝရငွေပင်’
Drဦးအောင်နိုင် + Dr.ဒေါ်ဖြူဖြူဝင်း မိသားစု။ ၃၅,၀၀,၀၀၈/-
အမှတ် ၃၀၊ ဆေးရုံလမ်း၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်၊ ရန်ကင်း။ (သုံးဆယ့်ငါးသိန်း)

၉။ ‘ဦးစောဘိန်ဟော ထာဝရငွေပင်’
ဦးစောဘိန်ဟော် + ဒေါ်အော်ချိုက်လျှန်နှင့် ဦးယုပို့ တို့အား ရည်စူး၍
(သား) ဦးယုလှိုင်၊ (သမီး) ဒေါ်သန်းငွေး ၂၅,၀၀,၀၀၈/-
အမှတ် ၂၃(တတိယလွှာ)၊ ၁၉ လမ်း၊ လသာ။ (နှစ်ဆယ့်ငါးသိန်း)

၁၀။ ‘ကံတင် ထာဝရငွေပင်’
အဖ ဦးကံဟိုး + အမိ ဒေါ်စောတင် တို့အား ရည်စူး၍
ဦးလှဒင်+Dr.ဒေါ်ယုယုထွေး၊ (မြေး) သိမ့်သိမ့်သူ၊ ဘုန်းသန့်ထက်နှင့်
လင်းသန့်ဟိန်း၊ ထူးနန္ဒအောင်၊ မင်းခန့်ဇော်။ ၂၀,၀၀,၀၀၈/-
အမှတ် ၉၇၊ ၅၄ လမ်း။ (သိန်းနှစ်ဆယ်)

၁၁။ ‘ဒေါ်မာမာဝင်း ထာဝရငွေပင်’
ဒေါ်မာမာဝင်း မွေးနေ့အကြိုအလှူ ၅,၀၀,၀၀၈/-
‘မာမာဝင်း’ ပီနံအိတ်ဆိုင်၊ မန္တလေးမြို့။ (ငါးသိန်း)

၁၂။ ‘ဦးခိုင်ထွန်း + ဒေါ်ခင်မမ ထာဝရငွေပင်’
ဦးခိုင်ထွန်း + ဒေါ်ခင်မမ မိသားစု။ ၅,၀၀,၀၀၈/-
ခိုင်ထွန်း ပီနံအိတ်ရောင်းဝယ်ရေး၊ မန္တလေးမြို့။ (ငါးသိန်း)

၁၃။ ‘ဦးမြင့်သိန်း + ဒေါ်တင်အေး ထာဝရငွေပင်’
ဦးမြင့်သိန်း + ဒေါ်တင်အေး မိသားစု။ ၅,၀၀,၀၀၈/-
ရွှေလိပ်ပြာ ပီနံအိတ်ရောင်းဝယ်ရေး၊ မန္တလေးမြို့။ (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

သည်။ အဝေးပြေးကားပေါ်တွင် မိခင် အိပ်မပျော်နိုင်၊ နာရီကိုကြည့်ရင်း ဒီအချိန်ဆို အဆောင်ရှေ့တွင် ဂစ်တာလာတီးနေကြပြီလား။ သမီးကြွေသည်ဆိုသည့် အသံရှင်လေး ပါလာမည်လား။ ဆယ်ကျော်သက် မိန်းကလေးအများစုတို့သည် သူတို့အထင်ကြီးစရာ အချက်များရှိသည့် ယောကျ်ားလေးများကို စိတ်ဝင်စားတတ်ကြသည်။ အထူးသဖြင့် သူတို့တွင် မရှိသည့် အရည်အချင်းများရှိနေလျှင် ပိုပြီး အထင်ကြီးတတ်ကြသည်။ ဒီလိုဆိုလျှင် သမီးလေး ဟိုအသံရှင်ကောင်လေးအား စိတ်ဝင်စားနေပြီလား။ အတွေးပေါင်းစုံ၊ သောကပေါင်းစုံတို့ဖြင့် ထိုညလည်း ကားပေါ်တွင် အိပ်မပျော်ခဲ့။

❑

၃။

သမီး ဝမ်းကွဲအစ်မက သူ့ညီမလေးအား လွမ်းလို့လိုက်သွားချင်သည် ဆိုလာသောအခါ၊ လိုအပ်မည့် ပစ္စည်းများ အကြံထည့်ပေးဖို့လုပ်ရင်း တစ်ခု စဉ်းစားမိသွားသည်။

'အန်တီ ဒါကြီးက ဘာလုပ်တာလဲဟင်၊ ညီမလေးဆီ ထည့်ပေးလိုက်မလို့လား'

ထုပ်ပိုးထားသည့် အော်ဂင်ဘူးကြီးကို ကြည့်ရင်း တူမလေးက တအံ့တသြ ဆိုလေသည်။

'အေး ဟုတ်တယ်။ သယ်သွား၊ ကားဝမ်းဗိုက်ထဲ ထည့်သယ်တာပဲ၊ ဘာမှ မခက်ပါဘူးအေ။ ညည်း ညီမက ဟိုမှာ ဂစ်တာလေး

]orDefuav;
arGxm;yD
acwefY
ywfuefyeY
&Sf
uefwd
tpfuDvd
wefuvd
r&awmbJav
wifvefvW nf
r&
av mhay; vW nf
rzpf
yifefomGyD
em;y/ reufu
orEdvm&if
zkefq ufdfvdu f
yh ,f

မတောက်တခေါက်လောက် ခေါက်တတ်တဲ့ ကောင်တွေကို အထင်ကြီးနေတာ၊ သူလည်း တီးတတ်တာ ပြန်သတိရအောင်'

'အန်တီကလည်း ဘာမှလည်း မဆိုင်ဘဲနဲ့'

စောဒက တက်လာသည့် တူမစကားကို မိခင် မသိကျိုးကျွန်ပြုကာ ထည့်ပေးလိုက်လေသည်။ ကိုယ့်အတွေးနှင့်ကိုယ်တော့ မှန်သည်ဟု ထင်သည်။ သမီးဆီမှ တူမလေး ပြန်လာသည့်ညက နယူးရီးယားည ဖြစ်လေသည်။ ညနေပိုင်း မိခင်ဖုန်းလှမ်းဆက်တော့ သီချင်းသံတွေ၊ စကားပြောသံတွေနှင့် ဆူညံနေသည်။ သမီးတို့အဆောင်မှူးက ဟော့ပေါ့နှင့် ငါးကင်များ ကျွေးပြီး၊ စီနီယာအစ်မများက ဝိုင်းဝန်းချက်ပြုတ်နေကြသည်ဟု တူမလေးက သတင်းပေးသည်။ သူလည်း ကားဂိတ်ဆင်းခါနီးဖြစ်နေသဖြင့် စကားကြာကြာ မပြောတော့ဘဲ ဖုန်းချလိုက်သည်။ ည ကိုးနာရီလောက် သမီးဆီ ဖုန်း လှမ်းဆက်တော့ သူ့သူငယ်ချင်းမလေးတစ်ယောက် ဖုန်း လာကိုင်သည်။

'အန်တီ ခဏလေးနော်၊ သူ အော်ဂင်တီးပြီး အဆောင်က အစ်မတွေက သီချင်းဆိုနေကြလို့။ ပြီးမှ ပြန်ခေါ်ခိုင်းလိုက်မယ်'

ဖုန်းထဲမှ သီချင်းသံများလည်း တစ်စွန်းတစ်စ ကြားနေရသည်။ ဖုန်းမချခင် ဂစ်တာသံလည်း ကြားလိုက်သေးသည်။ မိခင် အနည်းငယ်တော့ ကျေနပ်သလို ဖြစ်သွားမိသည်။ သမီး သူ့အရည်အချင်းတော့ သူပြန်မြင်လောက်ပြီ။

သမီး ဖုန်းပြန်ခေါ်မည်လားဟု စောင့်နေရင်း နာရီကြည့်မိတော့ ည ၁၁နာရီပင် ထိုးလုပြီ။ တစ်ခါ ထပ်ဆက်လိုက်တော့ သူ့သူငယ်ချင်းမလေးကပင် ဖုန်းကိုင်ပြန်သည်။

'အန်တီ မနက်ကျမှ ပြန်ဆက်ပေးပါလား။ သူ နည်းနည်းမူးနေလို့ စကားမပြောနိုင်ဘူး'

'ဟင် ဘာဖြစ်တာလဲ ။ နေမကောင်းတာလား၊ ငါးကင်တွေ အများကြီး စားလိုက်တာလား။ သူက ကြိုက်ရင် အဲဒီလိုပဲ အများကြီး စားတတ်တာ။ သူ့အခန်းထဲမှာ မဟာဖြေဆေးဘူး ရှိတယ် သမီးရယ်၊ သွားယူပြီး တိုက်ပေးပါလား'

ပူပန်သည့်စိတ်တို့ဖြင့် ဆက်တိုက်ပြောနေမိသည်။ တစ်ဖက်မှ-

'မဟုတ်ဘူး အန်တီ၊ ဟိုလေ ဒီည အဆောင်မှာ အသီးတွေနဲ့ ကောက်တေးလုပ်တိုက်တာ။ အဲဒါ သူ အများကြီး သောက်ပြီး မူးသွားလို့'

မိခင် နားကြားလွဲသည်ဟု ထပ်မေးလိုက်မိတော့ အဖြေစကား ထိုအတိုင်းပင်။ ဖုန်းထဲမှ သမီးအသံ ဗလုံးဗထွေးကိုလည်း ကြားလိုက်ရသည့်အခါ လူတစ်ကိုယ်လုံး ထူပူသွားပြီး-

'ပေးလိုက်စမ်း သူ့ကို ဖုန်းပေးလိုက်၊ သူ့အမေ ပြောနေတာလို့'

ကလေးမလေးက အဖြေ ပြန်မပေးနိုင်သေးခင် သမီးက-

'ဟာ မပြောဘူးနော်၊ ငါ့မပေးနဲ့။ အခုနေ ပြောရင် အဆူပဲခံရမှာ။ စကားလုံးတွေနဲ့ ပစ်လို့ ပိုမူးသွားပါ့မယ်'

ဟင်…၊ ဒါ သမီးနှုတ်က ထွက်သည့် အသံတဲ့လား၊ သမီး အသံတဲ့လား။

'ဟယ်လို… ဟယ်လို' မိခင် ဆက်တိုက်ခေါ်နေသော်လည်း တယ်လီဖုန်းကို ပါဝါပင် ပိတ်ပစ်လိုက်ကြတော့သည်။ ပူပန်သည့်စိတ်မှ ဒေါသသို့ ကူးပြောင်းသွားတော့သည်။ အဆောင်မှူး အမျိုးသမီးထံ ဖုန်းခေါ်လိုက်တော့သည်။

'အစ်မကြီးတို့ ဘယ်လိုလုပ်တာလဲ။ မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို ကောက်တေးတိုက်စရာလား။ ဒါ နယူးရီးယားညအထိမ်းအမှတ်လား။ အခု သမီးက လူမှန်းမသိအောင်တောင် မူးနေပြီ ထင်တယ်။ ကျွန်မဖုန်းဆက်တာ စက်ပိတ်ထားတယ်။ သူ့ဆီ ဖုန်းသွားပေးလိုက်ပါ။ အခု ကိုင်လို့ ကျွန်မ ဒီည သူ့အသံကြားရမှဖြစ်မယ်'

အဆောင်မှူး ဖုန်းကိုင်သည်နှင့် စကားလုံးတို့ကို အကြားအလပ်မရှိ ဆက်တိုက် ပြောပစ်လိုက်တော့သည်။ သမီးအဆောင်အပေါ်ထပ်သို့ တက်သွားပြီး ကြည့်ပေးသော်လည်း အခန်းတံခါး ပိတ်ထားလိုက်ပြီဟု ဆိုသည်။

'မရဘူး၊ အစ်မကြီး ခေါက်ပြီး နိုးပေးပါ၊ သမီးအသံကြားရမှ ကျွန်မ စိတ်အေးမှာ'

ဇွတ်တွန်းပြောနေမိသည်။ အခန်းထဲမှ သမီးအသံ မပီမသကိုတော့ ကြားလိုက်ရသည်။

'သမီးအမေ ကြားတယ်နော်၊ သူအိပ်ချင်နေပြီ။ မနက်ကျမှ ပြောပါတော့'

အဆောင်မှူး အမျိုးသမီးအသံ ကြားရသည်မှာ အနည်းငယ် စိတ်ရှုပ်နေပုံရသည်။ ကိုယ့်စိတ်ကလည်း မပြေ။

'သမီးနဲ့ မပြောရရင် အစ်မကြီးနဲ့ပဲ ပြောမယ်။ မိန်းကလေးတွေအများကြီးကို တာဝန်ယူထားတဲ့ အဆောင်မှူးက ကောက်တေးတိုက်စရာလား။ ဟော့ပေါ့နဲ့ ငါးကင်လောက် စားကြရင် တော်ရောပေါ့။ မူးပြီး တစ်ခုခုဖြစ်ကြရင် ဘယ်လိုလုပ်မလဲ၊ နယူးရီးယားညဆိုတာ ဘာများ ထူးပြီး ကြီးကျယ်နေလို့လဲ'

'ကျွန်မ ပြောတာလည်း နားထောင်ပေးပါဦး၊ နယူးရီးယားညက သမီးတို့အမေအတွက်လည်း ဘာမှမထူးခြားသလို ကျွန်မအတွက်လည်း ဘာမှ မဟုတ်ဘူးရှင့်။ မိန်းကလေးတွေချည်း ထားတဲ့ အဆောင်မလို့ ပိုပြီး ဂရုစိုက်ပေးပါတယ်။ တာဝန်ယူထားတယ်လို့တော့ မပြောပါနဲ့။ ကျွန်မတို့က အပြင်ဆောင်၊ ရှင်တို့ခေတ်တုန်းကလို ကျောင်းအတွင်းဆောင်တွေ မရှိတော့ဘူး။ ကျောင်းဆောင်တွေက အဆောင်မှူးတွေက သူတို့ကို စာသင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေ အုပ်ချုပ်တာ။ အရှိန်ရှိတယ်၊ မကြောက်တောင် လေးစားသမှုတော့ ရှိကြမယ်။

'ကျွန်မပြောချင်တာ အခု နယူးရီးယားည သမီးတို့အမေ ဒီကို လာကြည့်ကြည့်လိုက်။ အဆောင်တိုင်း တစ်ညလုံး ထွက်ခွင့် ပေးထားရတယ်။ တီယူနဲ့ ဂျီတီအိုင်အဆောင်က ကျောင်းသား၊ ကျောင်းသူတွေ ဆိုင်ကယ်တွေ တဝီဝီနဲ့ လျှောက်သွားနေကြတာ။ ကျွန်မအဆောင်တစ်ခုပဲ ည ခုနစ်နာရီကတည်းက အဆောင်ဝန်းတံခါး ပိတ်ထားလိုက် ပြီ။ အုတ်တံတိုင်း အမြင့်ကြီးတွေမလို့၊ အတွင်းနဲ့အပြင် စကားတွေ အော်ပြောလို့ပဲရမယ်။ အစောပိုင်းတုန်းက သမီးက အော်ဂင်တီးပြီး အပြင်က သီချင်း လိုက်ဆိုနေကြတာ။ ကျွန်မလည်း အတွင်းမှာ အတူ ရှိနေပါတယ်။ အခု သမီးမူးပြီး အိပ်ပျော်နေတယ်။ သူ့အခန်းထဲမှာ ဘာအန္တရာယ်မှ မရှိဘူး။ ညဦးနက်သန်းခေါင် ဘယ်မှ လျှောက်သွားလို့ မရဘူး။

'အဆောင်အပြင်မှာ သူများတွေ အော်ဟစ်ဆူညံနေကြတာ။ ကျွန်မက အဆောင်တံခါးပိတ် ဘာမှ မလုပ်ကြနဲ့၊ အိပ်လို့ လုပ်လို့ မရဘူး။ သူတို့အတွက် တစ်ခုခုလေးတော့ စိတ်ကျေနပ်အောင် ဖန်တီးပေးရမယ်။ နှစ်တိုင်း ကျွန်မ ပိုက်ဆံနဲ့ ကျွန်မ အကုန်ခံပြီး အစားအစာတွေ ကျွေးတယ်၊ ပိုင်လေး၊ ကောက်တေးလေး စီမံပေးတယ်။ သူတို့လည်း ကျေကျေနပ်နပ် အပြင်မထွက်ကြဘူး၊ ပျော်ကြတယ်။ ဘယ်သူ့ ထိခိုက်လို့လဲရှင်'

သည်တစ်ခါ သူပြောရမည့်အလှည့်ဟုများ အဆောင်မှူးမမ တွေးပြီး ပြောနေသလား မသိ။ မိခင်တစ်ယောက် ပါးစပ်ပိတ်ကာ နားထောင်နေရသည်။ ကိုယ့်ဘက်က အသံငြိမ်တော့ သူကပင် ဆက်ပြီး ပြောပြန်သည်။

'သမီးမိန်းကလေး မွေးထားပြီး ခေတ်နဲ့ ပြတ်မကျန်ခဲ့ပါနဲ့ရှင်။ ကျွန်မတို့၊ အစ်မကြီးတို့တုန်းကလို မရတော့ဘူးလေ။ တင်းလွန်းလို့လည်း မရ၊ လျှော့ပေးလို့လည်း မဖြစ်။ ပင်ပန်းသွားပြီ၊ နားပါ။ မနက်ကျ သမီးနိုးလာရင် ဖုန်းဆက်ခိုင်းလိုက်ပါ့မယ်'

အဆောင်မှူး ပြောခဲ့သည့် စကားတို့ကို ပြန်သုံးသပ်လျှင် မိခင်လည်း နားလည်ပါသည်။ သို့သော် စိတ်တို့ ကျေနပ်သည်ထိတော့ မဟုတ်။

မနက်ရှစ်နာရီထိ သမီးဖုန်းကို မျှော်သော်လည်း ပေါ်မလာ။ ခေါ်ကြည့်တော့လည်း စက်ပိတ်ထားဆဲ။ ကိုးနာရီထိုးသည့်အခါတွင်တော့ လေယာဉ်အရောင်းဌာနတစ်ခုသို့ ဖုန်းလှမ်းပြီး ယခုအချိန်မှ အနီးဆုံး ထွက်ခွာမည့် လေယာဉ်ချိန်ကို မေးပြီး လက်မှတ်ဖြတ်လိုက်တော့သည်။ ရန်ကုန်-မန္တလေး ပျံသန်းချိန် ငါးဆယ့် ငါးမိနစ်၊ တံတားဦး-ကျောက်ဆည် ကားမောင်းနှင်ချိန် မိနစ်အစိတ်။ တစ်နာရီခွဲလောက်အတွင်း သမီးအဆောင်သို့ မိခင် ရောက်သွားတော့သည်။

'ဟင် မေမေ'

အိပ်ချင်မူးတူးဖြင့် နိုးလာစ သမီးက အလန့်တကြား ဆိုသည်။

'အေး ညည်းအမေကို လျှော့မတွက်နဲ့၊ တစ်နာရီခွဲအတွင်း အရောက်လာနိုင်တယ်နော်'

မပြေသည့် စိတ်တို့ဖြင့် ပြောနေမိသည်။

'ပင်ပန်းလိုက်တာ အစ်မရယ်'ဟု အဆောင်မှူး အမျိုးသမီးက ပြုံးပြဆိုသည်။

သားအမိနှစ်ယောက် အပြင်ထွက် ညစာစားကြရင်း နယူးရီးယားည ဇာတ်လမ်းကို သမီးက ပြောပြသည်။ အသီးတွေကြိုက်တတ်သည့် သမီးက ကောက်တေးထဲမှ ပန်းသီးများ၊ ဖရဲသီးများကို အများကြီး စားပစ်ပြီး မူးသွားသည်ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com

သည်။

'အဆောင်မှူး အခန်းပြင်က လာပြောသံကြားပြီး အိပ်ပျော်သွားတာ၊ အခု မေမေရောက်လာမှ နိုးတာပဲလေ။ ဘယ်မှလည်း မသွားပါဘူး မေမေရာ'

'ဘယ် လို ဖြစ် ဖြစ် နောက်တစ်ခါ အဲဒီလိုမျိုး မကြားချင်ဘူးနော်။ ဒါပဲ'

သမီးဆီမှ ပြန်လာပြီး နောက်တစ်ပတ် အကြာ မိခင်တစ်ခေါက် ရောက်သွားရပြန်သည်။ သမီးတို့ကျောင်း၏ ဖရက်ရှာဝဲလ်ကမ်းပွဲ ရှိလို့ဖြစ်သည်။ မေဂျာကွင်း လျှာထားခြင်းခံရသည့် သမီးအတွက် ပွဲတက်ဝတ်စုံလေး ယူသွားပေးရင်း သူ့ကျောင်းသို့ ရောက်ရသည်။ မိခင်ရောက်သွားသည့်အခါ သမီးတို့ မေဂျာအဖွဲ့ အက,တိုက်ခြင်း ပြီးစီးသွားလေသည်။ ကွင်းဆလက်ရှင်များ လမ်းလျှောက် ကိုယ်ဟန်ပြပြီးသည့်အခါ သမီးက အက,အဝတ်အစားများကို လဲပြီး စင်ပေါ်ပြန် တက်က,သည်။ သမီးတို့အဖွဲ့၏ က,ကွက်များကို မေဂျာအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ အော်ဟစ်အားပေးကြသည်။ မိခင်မျက်စိထဲတွင်တော့ ဘယ်လိုမှ အဆင်မပြေ၊ ရဲတင်းလွန်းသည့် အက,များဟု ထင်မိသည်။ ဘယ်ချိန်က ဘယ်လို သမီး ဒီလိုတွေ က,တတ်သွားသည်ကို မိခင် မသိလိုက်။ ကျောင်းတွင် အက,တိုက်နေသည်ဟုတော့ ဖုန်းဆက်လျှင် ပြောပြဖူးသည်။ အော်ဟစ်အားပေးနေသည့် ကလေးများကို လှည့်ကြည့်

]orDuk'DeY acmu v uf au;r ,fol &Gv ,fv)k ajymifyonf pwpfuma v; wufvmonf ][ if xdwfoG;onf pdwfuk xdfvkufonf ]'ayrk ararau;wb acmu v ufu ykt &om&Gv ,f aemf Elwfcrfykd pwpfuma v;y wG;ufvmonf

လိုက်မိတော့ သူတို့ကြားတွင် ကျောင်းအုပ်က မတ်တတ်ရပ်ပြီး ပြုံးပြုံးကြီးကြည့်နေသည်။ ရှေ့တန်းက ဆိုဖာခုံများတွင် ထိုင်နေကြသည့် ဆရာမများကို တစ်ဖန် ကြည့်မိပြန်သည်။ အကနောက်ဆုံးကွက်တွင် ကောင်လေးတစ်ယောက်က သမီးကို ခါးမှ ဖက်က ဆွဲလှည့်လိုက်ပြီး၊ သမီးက အလိုက်သင့် ကိုယ်ကို ကော့ညွတ်ကာ ယိမ်းနွဲ့က,လိုက်သည်။ ဆရာမများ လက်ခုပ်တီး အားပေးနေကြသည်။

မနက်က အဆောင်တွင် ပွဲအတွက် ပြင်ကြဆင်ကြရင်း ပြောနေကြသည့် စကားလုံးများ၊ ဖရီဖရဲ အခန်းတွင်း ပစ္စည်းပုံများ၊ သူတို့ချစ်သူများနှင့် ပြောနေကြသည့် ကျယ်ကျယ်လောင်လောင် ရှိလှသည့် ဖုန်းသံများ၊ မိဘများ ဖုန်းဆက်သည့်အချိန်တွင် ကလေးတစ်ယောက် သဖွယ် ချွဲနွဲ့ပြောကြသည့် အသံများ နားထောင်ရင်း ကိုယ့်သမီးလည်း ကိုယ့်ကွယ်ရာတွင် ထိုသို့ပဲ ဖြစ်နေမည်လားဟု အတွေးတို့ တွေးမိသေးသည်။ ယခုလည်း ကိုယ့်အမြင်ဖြင့် တော်တော်အဆင်မပြေသည့် က,ကွက်များအား အားလုံးက သဘောကျ အားပေးနေကြသည်။ သမီးတို့ ကျောင်းအုပ်သည် မိခင်ထက်ပင် အနည်းငယ် အသက်ငယ်နိုင်သေးသည်။ ဆရာမများအချို့ကတော့ မိခင်ထက် ကြီးသူ အချို့ပါနေသည်။ သူတို့လည်း စိတ်အနှောင့်အယှက် ဖြစ်ကြသည့်ပုံ မပေါ်။ မိခင်တစ်ယောက်သာ ကမ္ဘာတစ်ခုသို့ ရောက်နေသလို ခံစားနေရသည်။ ထမင်းစားနားသည့်အချိန်တွင် သမီးအတွက်ပါ ထမင်းဘူးလေး သွားယူပေးလိုက်သည်။ ကျောင်းသားများကြား ဖြတ်လျှောက်သည့်အချိန်တွင် 'ယောက္ခမကြီး၊ ယောက္ခမကြီးကလည်း လှတယ်နော်' ဆိုသည့် ရယ်မော လှောင်ပြောင်သံများကြား ခြေလှမ်းတို့ မှားသည်ထိ ဖြစ်ရသည်။ ပြုံးပြရမည်လား၊ စိတ်ဆိုးတကြီး ရန်တွေ့လိုက်ရမည်လား မသိ။ ကိုယ့်သမီးနှင့် ရွယ်တူတွေဆိုတော့ ကိုယ့်သားအရွယ်များ ဖြစ်နေကြသည်။သူတို့အနားတွင် ကျောင်းအုပ်ကြီးလည်း ရှိနေသည်။ ဘယ်လို ခေတ်သားသမီးများပါလိမ့်။ ရိုင်းလိုက်ကြတာ။ မိခင်တို့တုန်းကတော့ ချစ်သူများ ဖြစ်နေကြလျှင်ပင် မိဘများရှေ့တွင် ရဲရဲတင်းတင်း မပြောရဲ၊ မဆိုရဲကြ။ ကျောင်းအုပ်လုပ်သူကလည်း ဟန့်တားဆုံးမခြင်း မရှိ။ မကြားသည်လား၊ မကြားယောင်ဆောင်နေသည်လား မသိ။

မြို့ပြ အင်ဂျင်နီယာ မေဂျာအဖွဲ့၏ သံချပ်တိုင်သည့်အခါတွင်လည်း ကျောင်း၏စုတ်ပြတ်နေပုံ၊ ဆရာမများ ကျောင်းဝတ်စုံရောင်းစားပုံ၊ ဒရောရင် အသုံးအဆောင်နှင့် တီစကွဲရားများ ကျောင်းမှသာ ဝယ်ယူရကြောင်းများနှင့် အင်ဂျင်နီယာ အခေါ်အဝေါ်အချို့များအား သရော်ထားကြသည်။ ထိုအခါတွင်လည်း ကျောင်းအုပ်ကြီးနှင့် ဆရာမများ ရယ်မောနေကြသည်မှာ သောသောညံပင်။ သည်တစ်ခုတော့ ကိုယ်တို့ခေတ်ထက် သာသွားလေပြီ။ မိခင်တို့တုန်းက ကျောင်းတွင် သံချပ်တိုင်ခွင့် မရှိ။ စကားရည်လုပွဲအတွက် ပြောကြမည့် စကားများကိုပင် ဆင်ဆာဖြတ်ပြီးမှ ပြောခွင့်ရသည်။ ကျောင်းမဂ္ဂဇင်းစာအုပ်ဆိုသည်မှာလည်း ထိုခေတ် အစိုးရဖားခြင်းတို့ဖြင့် ပြည့်နှက်နေသဖြင့် မိခင်တို့ကျောင်းသားများရေးချင်သည့် ကဗျာတို့၊ စာတို့ ပါဝင်ခွင့်မရသည်က များသည်။ ညနေပိုင်းတွင် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူတို့၏ မေဂျာအလိုက် တီထွင်ထားသည့် မြက်ရိတ်စက်၊ ဘက်ထရီသုံး စက်ဘီးများ၊ လမ်းတံတား၊ အဆောက်



www.burmeseclassic.com

www.burmeseclassic.com

အညီ ပုံစံငယ်များနှင့် ကိုယ်မသိသည့် အင်ဂျင်နီယာသုံးပစ္စည်းများစွာကို လျှောက်ကြည့်နေမိသည်။ တီထွင်ထားကြသည့် ကျောင်းသားများ ကိုယ်တိုင် ရှင်းပြနေကြသည်။ မိခင်ကို တွေ့တော့ ကျောင်းသားတစ်ယောက်က-

'ဩော် အန်တီ အမ်ပီက ပရင့်ဇက် အမေပဲ၊ ကျွန်တော်တို့ တီထွင်ထားတာလေးတွေ ကြည့်သွားပါဦး' ဆိုကာ ခလုတ်များကို ဖွင့်ပြီး ရှင်းပြနေသည်။ အမ်ပီမေဂျာမင်းသမီးလေးဘွဲ့ ရထားသည့်သမီး၏ အမေမှန်း သူတို့ သိနေကြသည်။ စကားပြောနေကြရင်းမှ နေ့လယ်က မိခင်အား ယောက္ခမကြီးခေါ်ကာ လှောင်ပြောင်စ,နောက်ခဲ့သည့် ကလေးတွေမှန်း သိရတော့သည်။ ဒီလိုဆိုတော့လည်း အရည်အချင်းမဲ့ လူငယ်များဟု မဆိုသာပြန်ပါ။ မေဂျာအလိုက် ပြသထားသည့် ပုံစံငယ်များကြား ကျောင်းအုပ်ဆရာကြီးက လျှောက်သွားနေသည်။ မိခင်ကို စက်တစ်ခုအကြောင်း ရှင်းပြနေသည့် ကျောင်းသားတစ်ယောက်က သူတို့ ကျောင်းအုပ်အား ကွမ်းထုပ်လှမ်းပေးလိုက်သေးသည်။

❑

၄။

ရန်ကုန် ပြန်မည့် မနက်တွင် ကျောင်းအုပ်ကြီး ရုံးခန်းသို့ ဝင်ခွင့်တောင်းကာ သွားတွေ့လိုက်သည်။ သမီးမေဂျာနှင့် အမည်ကို ပြောပြပြီး အမြင်မတော်လျှင် ဆိုဆုံးမပေးဖို့ အပ်ပါကြောင်း ပြောမိသည်။ မိဘမျက်ကွယ်တွင်ထားရပြီး အမြဲတမ်းလည်း လာမကြည့်နိုင်သည့်အတွက် စိတ်ပူရကြောင်း၊ ပျက်စီးယိုယွင်းလာသည့်ခေတ်နှင့် စိတ်တိုင်းမကျသည့် ကျောင်းပညာရေးစနစ်များအကြောင်း၊ ပြောမိသည့် စကားတိုင်းတို့တွင် ကျွန်မတို့တုန်းက၊ ကျွန်မတို့တုန်းက ဆိုသည့် နှိုင်းယှဉ်ချက်တို့လည်း ထည့်ပြောမိတတ်သေးသည်။ မိခင်ပြောသမျှ နားထောင်ပြီးသည့်အခါ -

'အစ်မကြီးရဲ့ လူငယ်တွေကို အမြင်မတော်တာရှိရင် ဆုံးမပါလို့ ပြောတာထက် အမြင်တော်အောင် ကြည့်ပေးပါလို့ ပြောရမယ့်ခေတ်ကို ရောက်နေပြီ။ ကျွန်တော့်ကျောင်းက ကလေးတွေကို အရင်ဆုံး ကျောင်းနေပျော်စေချင်တာပါ။ စာတော်တာ၊ မတော်တာလည်း ကျွန်တော် စိတ်မဝင်စားဘူး။ ဒါပေမဲ့ စာတော့ တတ်ရမယ်။ သူတို့ဟာ တစ်ချိန်မှာ အင်ဂျင်နီယာဖြစ်မယ့်သူတွေဗျ'

စကားကို ခဏရပ်ထားပြီး ကွမ်းထုပ်လေးဖြေကာ ကွမ်းထုတ် ဝါးလိုက်သေးသည်။

'စာတွေကို အလွတ်ကျက်၊ ကျောင်းစာသင်ခန်းထဲက တစ်ဖဝါးမှ မခွာဘဲနေနိုင်းလို့မှ မရတာ။ ပြီးတော့ သူတို့က ဆယ်တန်းကျောင်းသား ကျောင်းသူတွေ မဟုတ်ကြတော့ဘူးလေ။ လူကြီးတစ်ယောက်လို ဆက်ဆံပေးရမယ်။ ကျောင်းမှာလည်း ဆရာမတွေနဲ့ ကျွန်တော် ဒါပဲ ပြောနေရတယ်။ အခုပြီးသွားတဲ့ ဖရက်ရှာဝဲလ်ကမ်းအတွက် အကတိုက်ချိန်၊ သီချင်းတိုက်ချိန်၊ ကင်းတွေ၊ ကွင်းတွေ လမ်းလျှောက်လေ့ကျင့်ချိန်၊ သံချပ်တိုက်ကြချိန်အတွက် စာသင်ချိန် နှစ်ပတ်ပျက်တယ်။ ဆရာမတွေက မကျေနပ်ကြဘူး။ သူတို့ စာသင်ချိန်တွေ လျော့လို့တဲ့၊ သတ်မှတ်ချိန်တွင်း သင်ရိုးမကုန်ရင် သူတို့ပဲ ထုချေလွှာတင်ရမှာ မို့လို့တဲ့လေ၊ ရှေ့လထဲမှာလည်း အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ကျွန်တော့်ကျောင်းက ဝင်ပြိုင်ဖို့ စာရင်းပေးထားလိုက်ပြီ။ အဲဒီအတွက်လည်း ကျွန်တော့် ဆရာမတွေနဲ့ စကားအချေအတင် ပြောရဦးမယ်'

'စာကတော့ သင်နေရမှာပဲလေ။ ဒါပေမဲ့ ရသနဲ့ အားကစားလည်း ခံစားတတ်ဖို့ လိုတယ်။ သူတို့ခေတ်ကို ကျွန်တော်တို့ ခေတ်နဲ့ နှိုင်းလို့ မရသလို၊ ဆွဲသွင်းလို့လည်း မရဘူး။ သူတို့မှာ ကျွန်တော်တို့ထက် တော်တဲ့ အတွေးအခေါ်၊ အယူအဆ အချို့ ရှိနေတယ်။ လမ်းမလွဲသွားအောင်တော့ ထိန်းရမှာပေါ့ဗျာ။ တစ်ခုပဲ သတိထားရမှာ သူတို့ကို လူကြီးတစ်ယောက်လို ဆက်ဆံပေးဖို့ပါပဲ'

သူကချည်း ပြောသွားသည်မို့ မိခင် ပြောချင်သည်များ အကုန်ပြောခွင့် မရခဲ့လိုက်။

မေဂျာမင်းသမီးဘွဲ့ ရသွားပြီးသည့်နောက်ပိုင်း သမီးကို လူဝိုင်းသည့် ဓာတ်လမ်းတို့က ပိုကြားလာရသည်။ ထိုအခြေအနေကို တိမ်းမူးသွားပြီး လမ်းလွဲသွားမည်ကိုလည်း စိုးလှသည်။ ထိုစိတ်တို့ဖြင့် ယခင်ထက် ပို၍ ဖုန်းခေါ်ဖြစ်သည်။ ချက်ချင်း ဖုန်းမကိုင်လျှင် ဘယ်များရောက်နေသည်လဲဆိုသည့် သံသယစိတ်တို့ဖြင့် ဆူပူပြောဆိုမိသည်။ ဖုန်းအားကုန်သွားသည်ဟု အကြောင်းပြလျှင် ပါဝါဘန့် ဝယ်ပို့လိုက်သည်။ သို့သော်လည်း ဖုန်းကို ချက်ချင်းမကိုင်သည်က များနေသည်။ ထိုအခါ ဗွီဒီယိုကောလ်ခေါ်ကာ စကားပြောသည်။ ကျောင်းသွား၊ ကျောင်းပြန်လမ်းမှာပင် ဗွီဒီယိုကောလ်ဖြင့် လမ်းလျှောက်စေသည်။

'မေမေနဲ့ စကားပြောရင်း လမ်းလျှောက်နေတော့ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ တိုက်မိကုန်မှာပေါ့။ အဆောင်ရောက်မှ ခေါ်လိုက်မယ်လေ'

'တိုက်မိတော့လည်း မေမေ ချက်ချင်းမြင်ရ၊ သိရတာပေါ့ သမီးရယ်'

အကြောင်းပြစကားဟု ထင်ကာ မိခင် လက်မခံ။ အခန်းသို့ ပြန်ရောက်တာ မြင်ရမှ ဖုန်းချပေးလိုက်သည်။ ကြာလာသည့်အခါ သမီးက-

'မေမေ အဲဒီလောက် လိုက်လုပ်နေရင် သမီးရူးတော့မယ် သိလား'

'အေး အဲဒီလိုမှ မလုပ်နေရင် မေမေလည်း ရူးတော့မှာ သိလား'

သားအမိနှစ်ယောက် အပြန်အလှန် ဖုန်းထဲမှာ စကားအချေအတင် ပြောရသည်။ အထင်အမြင်လွဲကာ ငိုကြွေးကြရသည်။ ထိုတစ်



www.burmeseclassic.com

www.burmeseclassic.com

လတည်းတွင်ပင် ဖုန်းဘောလ်နှစ်သိန်း ကုန်လေသည်။ နောက်ပိုင်းတွင် မိခင် ဖုန်းခေါ်တိုင်း သမီးက ကိုင်ချင်မှ ကိုင်တော့သည်။ အလုပ်တစ်ဖက်နှင့်မို့ အချိန်တိုင်းလည်း သူ့ဆီ ပြေးမသွားနိုင်ပြန်။ ဆယ်တန်းအောင် ရမှတ်များဖြင့် အပြစ်ပေးသလို အမှတ်ခွဲသည့် ပညာရေးစနစ်ကို အပြစ်တင်ရမည်လား။ ကျောင်းဆောင်များ ထားမပေးသည့် နည်းပညာကျောင်းကို ရန်တွေ့ရမည်လား။ ဖုန်းပြော၊ ဗွီဒီယိုကောလ် ခေါ်ရုံဖြင့်တော့ သမီးနှင့် မနီးစပ်နိုင်မှန်း သိသည်။ သူတို့ကျောင်းအုပ် ပြောစကားများကိုလည်း စဉ်းစားရပြီ။ သမီးကို ကလေးတစ်ယောက်ကဲ့သို့ စိတ်မချသလို ပြောဆိုဆက်ဆံနေမိပြီလား။ အရွယ်မတိုင်ခင် မတော်တရော်များနှင့် ချစ်သူထားသွားမည်ကိုလည်း စိုးရိမ်လှသည်။ ပူပန်သည့် စိတ်မှ ပူလောင်သည်ထိ ဖြစ်လာသည့်အခါ အလုပ်လုပ်ရသည်မှာလည်း စိတ်မဖြောင့်တော့။ ကျောင်းထုတ်လိုက်ကာ အနားပြန်ခေါ်ထားဖို့ပင် တွေးမိသည်။ သို့သော်လည်း သူဝါသနာပါရာ အင်ဂျင်နီယာလေးတော့ ဖြစ်စေချင်ပြန်သည်။

ဗျူဟာပြောင်းကြည့်လိုက်သည်။ အချိန်တိုင်း ဖုန်းမခေါ်တော့။ လိုအပ်သည်မှသာ ဖုန်းခေါ်ပြောဖြစ်သည်။ ပြောဖြစ်သည့်အခါတွင်လည်း ကိုယ့်ဘက်က ပူပန်စိတ်ဖြင့် မေးသည်တို့ မလုပ်တော့ဘဲ၊ သူပြောချင်သည်တို့ကိုသာ နားထောင်ပေးလိုက်သည်။ ထိုအခါ မမေးရပါဘဲ အကြောင်းအရာအချို့ သမီးစကားမှတစ်ဆင့် သိခွင့်ရသည်။ သူ့နား ချဉ်းကပ်လာသည့် ကောင်လေးများအကြောင်း ပေါ့ပေါ့ပါးပါး နားထောင်ပေးလိုက်သည်။ ယခုချိန်ထိ သူ့စိတ်တွင် စွဲစွဲလမ်းလမ်း ငြိတွယ်နေသူ မရှိသေးဟု မှန်းဆကြည့်မိသည်။ သမီးဘက်မှ ဖုန်းစ,ခေါ်လာသည်ထိ သည်းခံစောင့်ပေးကြည့်သည်။ ထိုအခါ မိခင်၏ ပူပန်စိတ်တို့ အနည်းငယ် လျော့ပါးလာရပြီ။

တစ်ညတွင်တော့ သမီးက အရင်ဖုန်းဆက်လာသည်။ သူပြောချင်သမျှ နားထောင်ပေးရင်း မနက်ဖြန် ဗယ်လင်တိုင်းဒေးဆိုသည့်အကြောင်း ရောက်သွားကြသည်။ ဖုန်းချခါနီးတွင် -

‘မေမေ၊ မေမေ့သမီး အက်ဖ်အေ (FA) လေးကို မသနားဘူးလား၊ ချစ်သူများနေ့မှာ ချောကလက်တောင် ကျွေးမယ့်သူ မရှိဘူးလေ’

‘ဟဲ့ ဘာတုံး အက်ဖ်အေဆိုတာ’

‘မေမေကလည်း Forever Alone တစ်ယောက်တည်း ဖြစ်နေတာ၊ ချစ်သူရှိမနေတာကို ပြောတာလေ။ RS ချိတ်တယ် ဆိုတာ Relationship ချစ်သူ ရှိနေတာကို ပြောတာ။ မှတ်ထားနော်။ အဲ့ဒါ အက်ဖ်အေလေးမို့ ချောကလက် ပို့ပေးပါလို့ ပြောတာ သိပြီလား’

သမီးက ရယ်မောပြောကာ ဖုန်းချသွားလေသည်။ စိတ်ထဲတော့ ကျေနပ်သလို ဖြစ်သွားရသည်။

နာရီကို ကြည့်လိုက်တော့ ည ကိုးနာရီခွဲပြီ။ နှစ်ဆယ့်လေးနာရီ ဖွင့်သည့် စီးတီးမတ်တွေ ရှိသည်။ ချက်ချင်းပင် ကောက်ထ, သွားလိုက်ပြီး ချောကလက်ပုံစံမျိုးစုံ ဝယ်ခဲ့လိုက်သည်။ အဆောင်မှ သူငယ်ချင်းများလည်း ကျွေးချင် ကျွေးလို့ရအောင်ဆိုပြီး ပုံစံတစ်မျိုးကို နှစ်ဘူးဝယ်ထည့်ပေးလိုက်သည်။ မနက်အစောကြီးကားဖြင့် သမီးဆီ ပို့ပေးလိုက်တော့သည်။ မနက်ဖြန် ဗယ်လင်တိုင်းဒေး အမီ သမီးဆီ ရောက်ပြီ။ ဗယ်လင်တိုင်းဒေး ညနေတွင် သမီးက မက်ဆင်ချာမှ ချောကလက်ပုံလေး ပို့လာသည်။ အလုပ်လုပ်နေချိန် မအားသေးသဖြင့် စာပြန်ရိုက်ရင်း အပြန်အလှန် စကားပြောကြသည်။

‘မေမေ ပို့ပေးတဲ့ ချောကလက်လေး စားလို့ကောင်းလိုက်တာ၊ သူငယ်ချင်းတွေလည်း ကျွေးလိုက်တယ်နော်’

အသည်းပုံစတစ်ကာလေးများ ပလူပျံတက်လာသည်။

‘အေးပါ၊ စားကောင်းတယ်ဆို ပြီးတာပါပဲအေ’

စာရိုက်ပြီးသည်နှင့် သမီးပို့သလိုပင် အသည်းပုံ စတစ်ကာလေး ပြန်ပို့လိုက်သည်။

‘နေကောင်းတယ် မဟုတ်လား၊ အာဟာရပြည့်အောင် စားနော် သမီး’

‘ဟုတ် စားပါတယ် မေမေ။

‘ပြောရဦးမယ် သိလား မေမေ’

‘အင်း ဘာလဲ၊ ရေးထား သမီး’

အလုပ်တစ်ဖက်နှင့်မို့ စာရိုက်ထားပြီး ဖုန်းနားက ခဏခွာလိုက်သည်။

‘သမီးကို ဒီနေ့ ချောကလက် ကျွေးမယ့်သူ ရှိတယ်လို့’

ပြောင်ပြသည့် စတစ်ကာလေး တက်လာသည်။

‘ဟင်’

ထိတ်သွားသည့် စိတ်ကို ထိန်းလိုက်သည်။

‘ဒါပေမဲ့ မေမေ ကျွေးတဲ့ ချောကလက်က ပိုအရသာရှိတယ်နော်’

နှုတ်ခမ်းပုံ စတစ်ကာလေးပါ တွဲလျက်ပါလာသည်။

‘အေးပါ’

ကျေနပ်သည့် စိတ်တို့ဖြင့် အနမ်းပုံလေးများ ပို့လိုက်သည်။

‘သူကျွေးတဲ့ ချောကလက်က ဖောက်မစားရသေးလို့ မေမေ’

ပြောင်ပြနေသည့် စတစ်ကာအကြီးကြီး ပို့ပြီး လိုင်းက ထွက်သွားလေသည်။ ဒီတစ်ခါတော့ မိခင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိတော့သည်။ သူ့အမေ ပူပန်နေသည့် စိတ်ကို သိသဖြင့် စ,နောက်တတ်သည် ဆိုလျှင် သမီး လူကြီးဖြစ်ပြီပဲ။ အနည်းငယ် စိတ်အေးသလို ဖြစ်ပြီးခါမှ -

‘ဟင် သူ တကယ်ပြောနေတာ ဆိုရင်ရော’ ဆိုသည့် အတွေးတို့ ဝင်လာသည့်အခါ မိခင်သောကတို့ တစ်ဖန် ပြန်ပေါ်လာတော့သည်။ ■

ခင်သန္တာ



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၄၃)မှ. . .*

များကုသိုလ်ရမှာ'

သည်တော့မှ ဂျိုးပိန်က ပြောသတဲ့။ အမေက ဖုန်းမဆက်တတ်ဘူးတဲ့။ သည်စကားကြားတော့ 'မင်းပဲ ဖုန်းအပြောင်း အမေဆီပို့ချင်ဆို' ဆိုတော့ 'ဟုတ်တယ်၊ အစ်မဝမ်းကွဲကို ပေးထားရမှာ' လို့ ပြောပြန်သတဲ့။ 'ဘယ်သူ့ပေးပေးကွာ အမေနဲ့ပြောရမှာပဲ မဟုတ်လား' ဆိုတော့ အမေက ရွာမှာရှိဦးမှကိုးလို့ လုပ်ပြန်သတဲ့။ အိမ်ကဆရာလည်း ခေါင်းနောက်နောက်နဲ့ ဖုန်းကလေးထားခဲ့ပြီး ပြန်တက်လာတယ်။

တကယ်တော့ သည်ဖုန်းကိစ္စက မပြီးသေးပါဘူး။ ကျွန်မတို့ဆီတော့ ရောက်မလာဘူး။ အောက်မှာ ကိုဂျော်နီနဲ့ ဂျိုးပိန်နဲ့ ဖြစ်ပျက်နေတာတွေ ကိုဂျော်နီပြောပြလို့ ပြန်ကြားရတာပါ။ ကြားရတော့လည်း ရယ်ရခက်၊ ငိုရခက်။ တစ်ရက်တော့ ကျွန်မတို့ မြို့ထဲသွားကြဖို့ အောက်ထပ်ဆင်းတော့ ကိုဂျော်နီနဲ့ တွေ့တယ်။

'ဆရာမရေ ပြောရဦးမယ်။ ဖုန်းက ရမယ့်ရတော့ နှစ်လုံးဖြစ်နေတာ မဟုတ်လား၊ သူက အနီကိုင်မယ်ဆိုရာက အပြာကိုင်ချင်ပြန်လို့ ဆင်းကဒ်လဲပေးရတယ်။ နောက်ရက်ကျ ဆရာမကြီးတို့က ကျူပ်ကို အနီရောင်ဝယ်ပေးထားတာ မကောင်းဘူးထင်ပါရဲ့။ ကျွန်တော့်ဆင်းကဒ် အနီထဲ ပြန်ထည့်ပေး လုပ်ပြန်ရော။ တစ်ခါ တစ်ဂဏန်းကျွံနေတဲ့ နဂိုဖုန်းအဟောင်းကိုလည်း နမြောလို့ ဆင်းကဒ်တစ်ကဒ် ဝယ်ထည့်မယ်လုပ်နေလို့ ကျွန်တော်ပဲ သိမ်းလိုက်ရတယ်'

'သူ့အမေကို လှမ်းမပို့သေးဘူးလား'

'ပြီးခဲ့တဲ့ လေး၊ငါးရက်ကတော့ နှစ်လုံးစလုံးကိုင်နေတာ ဆရာမ၊ မနေ့ကမေးတော့ သူ့အစ်မဝမ်းကွဲ လိုက်လာလို့ ပေးလိုက်ပြီပြောပြန်တယ်၊ ဟုတ်မဟုတ်တော့ မပြောတတ်ဘူး'

'ကိုင်းပါလေ၊ ပေးပြီးပြီဆိုရင်လည်း ပြီးတာပါပဲ၊ ဂျိုးပိန်က တစ်မျိုးရယ်'

'ကျွန်တော်လည်း ပြောမလို့ ဆရာမ၊ သည်ကောင်က ကြည်လိုက်နောက်လိုက်နဲ့၊ လိုမ့်လိုက်တဲ့ အန်စာတုံးလိုပဲ။ ကျချင်တဲ့ဂဏန်း ကျတာရယ်'

ကိုဂျော်နီပေးတဲ့ ဥပမာကပဲ ဟုတ်သေးတော့။ သဘောက နှစ်ကျချင်ကျ၊ သုံး၊လေး၊ငါး ကျချင်တဲ့အခါကျ။ ကြည်လိုက်နောက်လိုက်တဲ့။ စိတ်က ပုံမှန်မဟုတ်ဘူးလို့ ပြောချင်တာလား။ အဲသလိုတော့ ဟုတ်ပုံမရပါဘူး။ ကျွန်မတို့ကို အပေါက်ဝ လိုက်ပို့ရင်း ပြောပြနေရဲ့။

'ဆရာမကို ပြောဦးမယ်၊ ညနေက ပန်းပင်တွေ ရေလောင်းရင်းပြောနေတာ။ လမ်းထိပ်က တစ်ပတ်ရစ်ဖုန်းတွေ ရောင်းတဲ့ဖုန်းဆိုင်ကို သူ ရောက်တယ်ဆိုလား။ တစ်ပတ်ရစ်လက်ပွတ်ဖုန်းတွေ တွေ့ခဲ့သတဲ့။ Touch phone ကို ပြောတာနေမှာပေါ့။ ကီးပက်ဖုန်းအသစ် ပိုက်ဆံအလိုက်ပေးပြီး လဲရင်ရလောက်တယ်တဲ့။ ကျွန်တော်က မင်းကတော့ လုပ်ပြန်ပြီဆိုတော့ ကိုဂျော်နီတို့ကြည့်တာမျိုး ကြည့်ချင်လို့တဲ့။ ရုံးက ဝိုင်ဖိုင်ရတာကိုသိတော့ သူလည်း ဖေ့စ်ဘုတ်ကြည့်ချင်တယ် ပြောနေတာ'

သည်အဆောက်အဦကြီးမှာ ကုမ္ပဏီရှိတုန်းက တပ်ထားတဲ့ အင်တာနက်ဝိုင်ဖိုင်က ရှိနေလေတော့ လွယ်လွယ်ကူကူ ဖွင့်ကြည့်လို့ရနေတာကိုး။ ကြည့်လည်းကြည့်ကြတယ်။ ဝိုင်ဖိုင်က အားကောင်းတော့ ကျွန်မတို့သားအဖတစ်တွေတောင် ဟန်ကျနေတာမဟုတ်လား။ ဂျိုးပိန်က သူတကာကြည့်သလို ကြည့်ချင်ရှာထင်ပါရဲ့။ သူ့ဖုန်းကို တစ်ပတ်ရစ်အရောင်းဆိုင်က Touch Phoneနဲ့ လဲမလို့ဆိုပါရောလား။ ဒါတော့ သူ့သဘောပေါ့လေ။ သူလည်း ကြည့်ချင်ရှာမှာပေါ့။

'လုပ်ပါစေ ကိုဂျော်နီရယ်၊ ဒါထက် သူ့အမေနဲ့ကော ဖုန်းပြောကြပြီလား၊ ကျွန်မတို့က အဲဒါ ဝမ်းသာနေကြတာပါ'

'မကြားသေးဘူး ဆရာမ၊ ကျွန်တော်မေးတော့ ဗယီး ဗယား ဖြေတယ်။ သူ့အမေ ရွာမှာမရှိသလိုလို၊ တယ်လီဖုန်းတော့ မြို့ကိုဆေးခန်းလာပြတဲ့ သူ့အစ်မဝမ်းကွဲကိုတော့ ပေးလိုက်ပြီတဲ့'

ကျွန်မတို့လည်း ဘယ့်နှယ်ကြောင့်များ ဂျိုးပိန် ဖုန်းကိစ္စထဲ တောက်လျှောက်ပါ နေရတာပါလိမ့်။ အိမ်ကဆရာကတော့ သူကြားထားတာ ဝင်ပြောနေလေရဲ့။

'ဂျိုးပိန်ပြောနေတာပဲ၊ အောင်ချမ်းသာလို့ နာမည်ပြောင်းပြီးကတည်းက သူ့ဇာတာ တက်လာပြီတဲ့။ အောင်ချမ်းသာဆိုတာ ကိုးဂဏန်းတဲ့၊ အမေ့အိပ်မက်ရပြီး နောက်ရက်တွေမှာ ဖုန်းနှစ်လုံးရတာပဲတဲ့။ နဂိုအဟောင်းနဲ့ဆို သုံးလုံးတောင်တဲ့'

ကျွန်မတို့ အပြင်ကို ခပ်သုတ်သုတ် ထွက်လာခဲ့ရတယ်။ ကိုဂျော်နီက မပြောလို့သာ၊ ကျွန်မတို့မသိတဲ့ ဖုန်းကိစ္စတွေ ရှိချင်ရှိနေဦးမှာ မဟုတ်လား။

❑

၃။

ဂျိုးပိန်က ကျေးလက်တောရွာဘက်က လာသူဆိုတော့ တောမှာနေသလို ပုဆိုးရင်ခေါင်းစည်းနဲ့။ ရှက်သလိုလို၊ ရွံ့သလိုလိုနဲ့ ညှိုးငယ်တဲ့မျက်နှာက ဟန်လုပ်ထားပေသိ မပျောက်ဘူး။ အသားက အညိုဘက်များတယ် ပြောရမှာပါ။ ကြည့်လိုက်ရင် တစ်ခုခုအလိုမကျသလို မျက်မှောင်ကြုတ်ထားတတ်တာများလို့ ထင်ပါရဲ့။ ဘယ်တော့မှ ပွင့်ပွင့်လန်းလန်း မရှိဘူး။ အလိုကျတဲ့အခါ စကားတွေသာ ပြောချင်ရာပြောမယ်၊ လူတွေကို မယုံရဘူးဆိုတဲ့ စိတ်ခံစားမှုက အမြဲရှိနေပုံလည်းရရဲ့။ မျက်လုံးတွေက အရွယ်နဲ့စာရင် မှိန်လွန်းလှသလို နားကလည်း တစ်ဖက်ကများများပြောရင် နားလျှံသလို အမိအရ မရှိတတ်ဘူး။ ဒါပေသိ မရှင်းလို့ ပြန်ပြောစမ်းပါ ဆိုတာမျိုးလည်းမရှိဘူး။ နဖူးကမောက်မောက်၊ မေးက ရှေ့ချွန်ထွက်နေတာဆိုတော့ မျက်နှာက ခပ်ကောက်ကောက်ရယ်။ ထူးခြားတာက အချိန်အခါမရွေး မျက်နှာပေါ်မှာ မိုးပွင့်လို့ခေါ်တဲ့ စနိုးတစ်မျိုး လိမ်းထားသလို ပြာတာတာ ဖြစ်နေတာပါ။ ဂျိုးပိန်ကို မင်း



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေလိမ်းတာတုံးလို့တော့ မမေးနဲ့၊ ဘာမှမလိမ်းဘူးလို့ပဲ ဖြေတတ်သတဲ့။ ဒါပေမဲ့ အနံ့ကျတော့ ကွယ်လို့ မရလေတော့ သူ့ဆီက အမွှေးနံ့တစ်မျိုးမျိုးကလည်း တော်တော်ဝေးဝေး ကတည်းက အူထွက်နေတော့တာပါ။

တစ်ခါများ ကျွန်မက 'မင်းဆွတ်ထားတဲ့ရေမွှေးက မွှေးလှချည်လား' ဆိုတော့ ရှက်တရေးရေးနဲ့။ တကယ်မွှေးတာ အောင်ချမ်းသာရဲ့ ဆိုတော့မှ မျက်လှည့်ဝိုင်းက ဝယ်လာတာလို့ ပြောတယ်။ ဟုတ်လောက်ပါရဲ့။ ဒေါနဆီလို၊ စံပယ်ဆီလို အီတောက်တောက် စိမ်းရွှေရွှေအနံ့မျိုး။ ကျွန်မမှ မဟုတ်ဘူး၊ ဆရာ နေကလည်း ပြောဖူးတယ်။ ဆရာ နေက ဂျိုးပိန်ကို နောက်ကျော ဆေးလူးခိုင်းတာမျိုး၊ အခန်းရှင်းခိုင်းတာမျိုးရှိ တတ်တယ်။ အလုပ်ပြီးလို့ သူပြန်သွားရင် သူ့ဆီက အမွှေးနံ့ကြီး ချန်ထားခဲ့တာ တစ်နာရီနဲ့ မပျောက်ဘူးတဲ့။ နောက်တော့ အမွှေးနံ့မရပြန်ဘူး။ မေးကြည့်တော့ တစ်ခါတလေ ရောက်လာတတ်တဲ့ သူတို့ဆရာ သူဌေးက အနံ့ပြင်းပြင်းတွေ မလိမ်းရဘူးလို့ ပြောလို့တဲ့။

ဂျိုးပိန်ရဲ့ နောက်စတိုင်တစ်ခုက တီရှပ်သေးသေးလေးတွေ ဝတ်တာပါ။ သေးတာမှ လူနဲ့မလိုက်အောင် (ကြည့်မကောင်းအောင်)ကို သေးတာ။ သည်ကြားထဲ တီရှပ် အင်္ကျီလက်ကို နှစ်ခေါက် ခေါက်ထားတာရှိသေး။ များသောအားဖြင့်က လက်ဖက်ခြောက်ကြော်ငြာ၊ ကွမ်း,ကွမ်းသီးရောင်းဝယ်ရေးကြော်ငြာ၊ အင်ဂျင်ဝိုင်ကြော်ငြာ၊ စက်သုံးဆီရောင်းဝယ်ရေးကြော်ငြာ၊ မွတ်တားနှင့်ညီများ မီးစက်ကြော်ငြာ၊ ရုပ်ကွက်ဘုံဆွမ်းလောင်းအသင်း တူညီဝတ်စုံ စသည်ဖြင့် ကြော်ငြာတံဆိပ် တစ်မျိုးမျိုး ရိုက်ထားတဲ့ တီရှပ်တွေပါ။ တစ်ခါတော့ အနီတစ်ရစ်၊ အဝါတစ်ရစ်၊ အဖြူတစ်ရစ် တီရှပ်လိုလို စပို့ရှပ်လိုလို အင်္ကျီခပ်ကျပ်ကျပ်နဲ့ ဒူးကျ ဘောင်းဘီတိုနဲ့ ဆိုတော့ အိမ်ကဆရာက 'အောင်ချမ်းသာ ဟုတ်လှချေလား၊ လူငယ်ပဲ ဝတ်ကွ၊ ငယ်တုန်းဝတ်ရတာ' ဆိုတော့ ပြုံးသလိုလို လုပ်နေသတဲ့။ တီရှပ်နဲ့၊ ပုဆိုးနဲ့ နေခဲ့ရာက သည်လိုပုံစံဝတ်ရတာကိုပဲ ရှက်တအေးအေး ဖြစ်နေတယ်နဲ့တူပါရဲ့။

'ဂျိုးပိန်က သူ့စိတ်ထဲ အလိုကျတာမကျတာကို မျက်နှာခံနဲ့ ပြတာမဟုတ်ဘူး။ မျက်လုံးတွေနဲ့ပြတာ။ ပါးစပ်ကတော့ ပိတ်လျက်ပဲ၊ မင်း ကြည့်ပါလား'

ဟုတ်အံ့ထင်ပါရဲ့၊ ဂျိုးပိန် အားရပါးရ ပြုံးလိုက်တာ၊ အားရပါးရ ရယ်လိုက်တာလို့တော့ မမြင်ဖူးဘူး။ အသက်တော့ အစိတ်,သုံးဆယ်လောက် ရှိရောပေါ့။ လည်ပင်းမှာ တစ်မတ်လုံးလောက်ရှိမယ့် ကျစ်ကြိုးတစ်ချောင်း ဆွဲထားတယ်။ ကလေးများ သူငယ်နာရှိလို့ ပရိတ်ချည်၊ ချည်မန်းကွင်း ဆွဲကြသလို ဆွဲထားတာပါ။ ဆရာ နေက မင်းလည်ပင်းက ကြိုးက ဘာကောင်းတာလဲဆိုတော့ အစုံကောင်းတာတဲ့။ ဘယ်ဆရာက လုပ်ပေးတာတုံးဆိုတော့ ရွာက ဘုန်းကြီးလူထွက် ဆေးဆရာက လုပ်ပေးတာတဲ့။ အမေက ငယ်ငယ်ကလေးတည်းက မချွတ်ရဘူးဆိုလို့ ဆွဲထားတာလို့ပြောတယ်။ မြို့ကလူတွေ လုပ်ကြသလို သားရေ ပိုက်ဆံအိတ်ပြားလေးကို ခါးကြားညှပ်တာကတော့ မြို့ရောက်မှ ဖက်ရှင်လုပ်တာ ထင်ပါရဲ့။

ခြုံပြီးကြည့်ရင်တော့ ညစ်သိုးသိုးနေတာမျိုးတော့ မဟုတ်ဘူး။ ဆံပင်ကို ပါးပါးလျားလျားညှပ်ပြီး သပ်သပ်ရပ်ရပ်နေတာတော့ မြင်သာတယ်။ ကွမ်းတော့ကြိုက်ပုံရသား။ ခါးမှာ ကွမ်းထုပ်တစ်ထုပ် အမြဲညှပ်ထားတတ်တယ်။ ကွမ်းကတော့ မပူရဘူးဆိုတာလည်း ပြောဖူးရဲ့။ ဆွမ်းလောင်းရုံက မိတ်ဆွေတွေ၊ အနားက ဆိုင်ကယ်ကယ်ရီသမားတွေ၊ ကွမ်းယာ ဆိုင်က ကွမ်းယာသည်တွေက အမြဲကျွေးကြသတဲ့။ ကွမ်းစားပေသိ ပေပေပွပွ စားတာမျိုးတော့ မဟုတ်ဘူး။ များသောအားဖြင့် ကွမ်းတစ်ယာကို ပါးစောင်ကပ်ထားတတ်လို့ ပါးတစ်ဖက်က အမြဲ ဖုနေတာလည်း ဂျိုးပိန်ရဲ့စတိုင်ပါ။

ကျွန်မတို့က ခိုင်းချင်လို့ ဖုန်းဆက်ခေါ်လိုက်ရင် အပေါ်ဆုံးထပ် သုံးထပ်မှာနေတဲ့ ကျွန်မတို့ဆီကို ပိုးခနဲရောက် လာတတ်တယ်။ ကျွန်မက 'မင်း လှေကားတွေများ ကျော်ခွလာရော့သလားကွာ မြန်လိုက်တာ' လို့ဆိုရင် ဂျိုးပိန်က 'ကျုပ်က ဒီလှေကားတွေ တစ်နေ့ အခါနှစ်ဆယ်လောက် ဆင်းလိုက်တက်လိုက်လုပ်နေတာ မြန်တာပေါ့ ဆရာမရဲ့' တဲ့။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ကျွန်မတို့က ဆင်းလိုက်တက်လိုက် မလုပ်နိုင်လေတော့ ဘာလုပ်ချင်လုပ်ချင် 'အောင်ချမ်းသာရေ တက်ခဲ့ဦး' လုပ်ရတာကိုး။ ခေါ်တိုင်းလည်း လာရှာပါရဲ့။ ခိုင်းတိုင်းလည်း လုပ်ရှာပါရဲ့။ တစ်ခါတလေ ဖုန်းဆက်မရတဲ့အခါ ငေါက်ရတာရှိသေး။ ဖုန်းကိုတော့ လက်ထဲဆုပ်တဲ့အခါ ဆုပ်ထားတတ်တယ်။ ပါမလာတာမျိုးလည်းရှိတယ်။

သည်ဖုန်းကို ခေါ်ရတဲ့ အကြောင်းလည်း ရေးပါရစေဦး။ ဂျိုးပိန်ရဲ့ဖုန်းက ဖုန်းခေါ်သံ (ring tone)နှစ်မျိုး ထွက်တယ်။ ကျွန်မတို့ဝယ်ပေးထားတဲ့ ဖုန်းကလေးကို တစ်ပတ်ရစ်ဆိုင်မှာ (touch phone) အဟောင်းတစ်လုံးနဲ့ လဲကိုင်ထားပြီဆိုတော့ ဖုန်းမြည်သံကို သူ့စိတ်ကြိုက်လုပ်ထားပုံရရဲ့။ ဂျိုးပိန်ကို ဖုန်းခေါ်ပြီဆိုပါတော့။ ပထမခေါ်သံက မေတ္တာပို့အမျှဝေသံ။ ဒုတိယအသံက ဇော်ဝင်းထွဋ်ရဲ့ ရှောခ်သီချင်းတစ်ပုဒ်။ ဘယ်လိုလုပ်ထားတာလဲတော့ ကျွန်မလည်း မသိပါဘူး။ မေတ္တာပို့သံပေါ်လာလို့ ထူးတော့မယ်မတွက်နဲ့။ 'လူကြီးမင်း ခေါ်ဆိုသော ဖုန်းနံပါတ်သည် သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့်....' ဆိုတာ ပေါ်လာနိုင်သေးတာကိုး။ ပေါ်လည်း ပေါ်လာတာပါပဲ။ သည်တော့ နောက်တစ်ကြိမ်ပြန်ခေါ်ပေါ့။ သည်တစ်ခါပေါ်လာတဲ့ ring tone သံက ရှောခ်သီချင်းသံ။ ဒါလည်း မသေချာသေးဘူး။ 'လူကြီးမင်းခေါ်ဆိုသော ဖုန်းနံပါတ်သည်...' ဆိုတာ ပေါ်ချင်ပေါ်လာနိုင်သေးတာလေ။ မေတ္တာပို့အမျှဝေသံတစ်လှည့်၊ ဇော်ဝင်းထွဋ်တစ်လှည့် အသံတွေသာပြောင်းတယ်၊ စိတ်ရှည် လက်ရှည်ခေါ်လို့လည်း ရချင်မှရတာပါ။ တစ်ခုတော့ ကောင်းတယ်။ သူ့ဖုန်းကိုသူ ကိုင်မိရင်



www.burmeseclassic.com

www.burmeseclassic.com

တော့ ပြန်ခေါ်လေ့ရှိတယ်။

‘ဆရာမ ဖုန်းခေါ်ထားလို့’

‘အခုမှ ဖုန်းခေါ်ထားလို့ လုပ်မနေနဲ့၊ မနက်က ခေါက်ဆွဲလေးတစ်ပွဲလောက် ဝယ်ခိုင်းမလို့ခေါ်တာ ခေါ်လို့ကို မရဘူး... ဘယ်သွားနေတာလဲ အောင်ချမ်းသာ’

‘မြက်ရှင်းနေလို့ ဆရာမ’

‘ဟဲ့ တစ်ကွင်းလုံးက မြက်တွေ မင်းရှင်းနိုင်လို့လား’

‘တိုက်အခြေပတ်လည်တင်ပါ၊ မြက်ရိတ်စက်နဲ့ ရိတ်တာဆိုတော့ မကြာရဘူး၊ သူဌေးက ဆရာမတို့ မြွေကိုက်မှာစိုးလို့တဲ့’

‘မြွေရှိလို့လား’

‘ရှိတယ်၊ ကျုပ် ရိုက်သတ်တာတောင် နှစ်ကောင်ရှိပေါ့’

သူပြောမှ ကြောက် ကြောက်စရာ။ ကျွန်မတို့ မိတ်ဆွေကုမ္ပဏီပိုင်ရှင်က မြက်တွေရှင်းပေးထား၊ မြက်ထူရင် မြွေအောင်းတတ်တယ်လောက် ပြောတာနေမှာပါ။ ဂျိုးပိန်က သူ မြွေမကြောက်ကြောင်း ကြွားလုံးထုတ်တာလည်း ပါမှာပေါ့။ အဲသလို ဖုန်းက တစ်ခါတည်းနဲ့ခေါ် မရရင် ဆင်ခြေတွေတော့ ပေးတတ်တယ်။ ကိုဂျော်နီက ဘယ်လိုခိုင်းလိုက်လို့၊ ရုံးဘက် သွားနေလို့၊ ဆိုင်ကယ် ကယ်ရီသူငယ်ချင်းက ခေါ်သွားလို့၊ လမ်းဘေး မျက်လှည့်ဝိုင်းကြည့်နေလို့၊ ခွေးသွားကျောင်းနေလို့၊ အကြောင်းအရာပေါင်းစုံ မထပ်စေရဘူး။ ခိုင်းချင်ရင် ဖုန်းခေါ်ရတာ တစ်လုပ်။

‘ဖုန်းတော့ ခါးထိုးထားမှပေါ့ ငါ့တူရဲ့၊ ဖုန်းဆိုတာ ဆက်သွယ်ဖို့ထားတာ ကိုယ်နဲ့ မနီးမဝေးမှာရှိမှပေါ့’

‘ခါးထိုးထားလို့ တစ်ခါက ရေထဲပြုတ်ကျပြီးပြီ။ မနီးမဝေးထားတော့ တစ်ခါမေ့ထားခဲ့မိတာ ကံကောင်းလို့ မပျောက်တယ်၊ တစ်ခါတလေ ဖုန်းက မျက်စိလှည့်သေးတာ’

သူကတောင် ကျွန်မကို ပညာပြန်ပေးနေသေးတော့။ တစ်ဖက်က အေးပါ အေးပါလောက် ပြောနိုင်တော့တာပါ။ ဂျိုးပိန်ကို ခေါ်နေရတာကလည်း ကျွန်မတို့နှစ်ယောက်စလုံး အပေါ်နဲ့အောက် တစ်ခေါက်ကနှစ်ခေါက် မဆင်းနိုင် မတက်နိုင်တာရော၊ လိုချင်တာကလေးတွေ ဘယ်နေရာ ဘယ်ဆိုင်မှာ ရောင်းတာ မသိတာလည်း တစ်ကြောင်းကိုး။ သည်တော့ ထန်းလျက် တစ်ကိုက် ထန်းတစ်ကိုက် ဝယ်ချင်တာ စားချင်တာများရှိရင် ဂျိုးပိန်ကိုပဲ ခိုင်းရတယ်။ သူက သည်နားတစ်ဝိုက် ကိုးကျင်းကိုးကျောင်း လျှောက်သွားနေတတ်တာဆိုတော့ ဘာကလေးတော့ လိုချင်တယ်ပြောလိုက်ရင် မျက်မှောင်ကြီးကြုတ်ပြီး တစ်အောင့်စဉ်းစားလိုက်သေးတာ။ ပြီးရင်တော့ ရပြီ၊ သိပြီ ဆိုပြီး မရရအောင်ရှာ ဝယ်ပေးတတ်တယ်။ ဖုန်းခေါ်မရ ရင်သာပါ၊ ဖုန်းခေါ်လို့ မိလိုက်ရင်တော့ စားရပြီ၊ ဝယ်ရပြီဆိုတာ သေချာတယ်။ အဲသလိုတော့ ဝယ်ပေးရှာရဲ့။ သူ့ကျတော့လည်း အပေါ်ထပ်ကို လွှားခနဲ လွှားခနဲ တက်လာတာများ ကျွန်မတို့ ငယ်ငယ်ကဖတ်ခဲ့တဲ့ ကာတွန်းဆရာကြီး ဦးအောင်ရှိန်ရဲ့ ဓာတ်ကောင်(သူဌေးကြီးဦးကပ်စေးရဲ့ဒရိုင်ဘာ) လက်ဖတင်နင် တိုက်ဂါးလိုပဲ။ မြန်လွန်းလို့ အရှိန်လျှော့ထားရတယ် ဆိုတာမျိုး။ လှေကားထစ်တွေကို နှစ်ထစ် သုံးထစ် ကျော်တက်လာသလား အောက်မေ့ရရဲ့။ ကျွန်မက မင်းတို့များတော့ လေယာဉ်ပျံ ကျလို့.လို့များ ဆိုလိုက်ရင် အိမ်ကဆရာပြောသလို ဂျိုးပိန်က မျက်နှာက မပြုံးဘူး၊ မျက်လုံးတွေက ပြုံးနေလိုက်တာ။ ပါးစပ်ကတော့ မပွင့်ဘူး။ သူပြောတဲ့ စကားထဲမှာ သူ့ဘဝ အစအနကလေးတွေလည်း မြင်ရရဲ့။ ဟုတ် မဟုတ်တော့ အာမ မခံနိုင်ပေဘူး။ လူက တော်တော်ရယ် မဟုတ်လား။

‘ဒါက ဘာဟုတ်သေးတုံး ဆရာမရဲ့၊ ကျုပ်က ရွာမှာ ထန်းတက်လာတာ၊ တစ်မနက်ခင်းနဲ့ အပင်သုံးဆယ်လောက်များ တစ်အောင့်ရယ်၊ ကျုပ်က ထန်းသုံးဆယ်လောက်နဲ့ မမောဘူး။ ထန်းရှင်က တော်တော့ဆိုလို့သာ’

ဆရာနေက မင်းက ငထွေရှူးထက်တောင် စွမ်းနေပါရောလားဆိုတော့ ဘယ်ရွာကတုံးတဲ့။ မင်းတို့ရွာနားကပဲဆိုတော့ ကျုပ်တို့ရွာနားတော့ ငထွေရှူးရယ်လို့ မရှိပါဘူးတဲ့။ ကျွန်မက မရယ်ဝံ့ဘူး။ သူက မျက်နှာတည်ကြီးနဲ့ ပြောနေတာ မဟုတ်လား။ အတန်းပညာရယ်လို့ ဟုတ်တိပတ်တိ သင်ခဲ့ဖူးပုံတော့ မရဘူး။ မင်းရွာမှာ ဘာတွေလုပ်စားခဲ့ဖူးလဲလို့ မေးတော့ ကာလသားခေါင်းတဲ့။ နောက်ကောဆိုတော့ ရွာတွေလှည့်ပြီး ပခုက္ကူစောင်တွေ ထမ်းရောင်းဖူးတယ် ပြောပြန်တယ်။ ဒါပဲလားဆိုတော့ ရွာကထွက်တဲ့ ဓနိထန်းလျက်၊ ပေါက်ပေါက်ဆုပ်လည်း ဆိုင်းထမ်းနဲ့ တစ်ဆင့်ခံဝယ်ရောင်းဖူးတာလည်းပါရဲ့။ ဘယ်သွားရောင်းတာလဲဆိုတော့ မြို့ဈေးမှာတဲ့။ ဘယ်မြို့ဈေးတုံးဆိုပြန်တော့ စက်ဘီးနဲ့တော့ တစ်အောင့်ရယ်။ လူလျှောက်ရင်တော့ တော်တော် ဝေးတယ်ဆိုတော့ ဘယ်မြို့ဘယ်ရွာ ကျွန်မလည်း မမှန်းတတ်ဘူး။ သူပြောပုံတော့ ရွာဘုန်းကြီးကျောင်းမှာလည်း ကိုရင်ဝတ်ဖူးသတဲ့။ ပဌင်းဘောင်တက်ပြီးမှ လူထွက်လိုက်တာတဲ့။ သူရင်ငှားလည်း လုပ်ခဲ့ဖူးသတဲ့။ ရွာက ဘကြီးက သင်ပေးလိုက်လို့ ခွေးကိုက်မန်း၊ ထုံးမန်း၊ နနွင်းမန်းလည်း ကုတတ်သတဲ့။ ရွာကျောင်းဆရာတော် သင်ပေးလိုက်လို့ ဗေဒင်လည်း ဟောတတ်သတဲ့။ ဟုတ်လေ၏၊ မဟုတ်လေ၏တော့ မပြောတတ်ပေဘူး။

‘ဒါဆို မင်းဟာက မြားပစ်နဲ့ ဝါးလုံးထောက်ခုန် ကျန်တော့တာပါလား’

အိမ်ကဆရာက နောက်တာပါ။ ဒါကိုပဲ ဂျိုးပိန်က အဲဒါတော့ မလုပ်ဖူးဘူး၊ လောက်လေးခွတော့ တည့်အောင်ပစ်နိုင်တယ်ဆိုလို့ ကျိတ်ရယ်မိတယ်။ ဂျိုးပိန်က ပင်ကိုအားဖြင့် ရိုးသားသူပါ။ မြို့ရောက်လို့ မြို့ဂိုက်ကလေး မမီမကမ်းဖမ်းတာလောက် ရှိပေသိ တောစိတ်တောခံ မပျောက်ရှာဘူး။ ရွာမှာ ကာလသားခေါင်း လုပ်ဖူးတယ်ဆိုလို့ ကျွန်မမောင်ပြောတာ သတိရလိုက်မိတယ်။ ကျွန်မမောင်က တစ်ဆင့်ခံ ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဂျိုးပိန်အကြောင်းတွေကိုလည်း ကျွန်မတို့ ပြန်ကြားရတာပါပဲ။

ကျွန်မမောင် ကိုစိုးခက မောင်တွေထဲမှာ နို့သာကောင်ပါ။ နံပါတ်ငါးပေါ့။ လူပျိုကြီးဆိုတော့ ကျွန်မတို့မိသားစုကို စောင့်ရှောက်ရင်း ကျွန်မတို့နဲ့အတူ လိုက်နေပေးရှာသူပါ။ အခိက,က ကျွန်မသမီး သူ့တူမကို ကျောင်းပို့ကျောင်းကြိုတာဝန်ယူတဲ့ အပြင် စာအုပ်ပုံးပို့တာကအစ အိမ်ဖာဟီရ တောက်တိုမည်ရတွေ လည်း သူပဲ လုပ်ပေးတတ်တယ်။ အပေါ်ဆုံးထပ်မှာ အခန်း တွေရှိတော့ လွတ်တဲ့အခန်းမှာနေတယ်။ ကျွန်မတို့နှစ်ယောက် စလုံး စာပေဟောပြောပွဲခရီး အတူထွက်ရတဲ့နေ့ဆိုရင် သူပဲ အိမ်စောင့်ပေါ့။ နို့မို့ရင်တော့ ညဘက် သူ့အိမ်သူ(အမေ့အိမ်) ပြန်တာပါပဲ။ မနက် သူ့တူမ ကျောင်းချိန်မီပြန်လာတာလည်း ဝတ်မပျက်ဘူး။ သမီးကို မနက်ကျောင်းပို့ပြီး မပြန်တော့ဘဲ ညနေကျောင်းကြိုပြီးတဲ့အထိတော့ ကျွန်မတို့နဲ့ အတူနေတာပါ ပဲ။ သို့ပေသိ သူ့အခန်းမှာ တက်နေခဲတယ်။ အောက်ဆုံးထပ်က ကိုကျော်နီတို့၊ ဂျိုးပိန်တို့နဲ့ အတူနေတာများတယ်။ သည်နားက ရေမြောင်းမှာ အဝတ်လျှော်ကြတဲ့ မအိုးတို့၊ မတိုးတို့ကသည် အဆောက်အဦဝင်းကြီးထဲက မြက်ခင်းကျယ်ကြီးထဲမှာ လျှော် ပြီးသား အဝတ်တွေ လာလှန်းကြတာဆိုတော့ တစ်ခါတစ်ခါ ထမင်းဟင်း အတူချက်ကြ၊ အတူစားကြ။ မချက်ဖြစ်တဲ့နေ့တွေ မှာတော့ အနားက တစ်ခါပြင်ဆိုင်တွေမှာ သွားစားကြတယ်။ ကျွန်မ မောင်က အိမ်က ကျွန်မချက်တဲ့ ထမင်းဟင်းတောင် မမက်ပါဘူး။ တရုန်းရုန်းနဲ့ စားကြတာပျော်လို့တဲ့၊ ဂျိုးပိန်တို့နဲ့ သောကောရောကော စားလိုက်တာများတယ်။ တချို့ နေ့ခင်း တွေမှာတော့ လက်ဖက်ရည်စုဝယ်ပြီး တစ်ကျိုက်စီတစ်ငုံစီ သောက်ကြတာလည်း ရှိတတ်သတဲ့။ သည်လိုနေပါများတော့ ဂျိုးပိန်က သူတို့အချင်းချင်းရယ်လို့ သူ့အတွေ့အကြုံတွေ ပြော တတ်တာကိုး။ သည်လိုဆိုတော့ ဂျိုးပိန်အကြောင်းတွေ ကျွန်မ တို့ဆီ ပါ,ပါလာတတ်တယ်။

'ဂျိုးပိန်က ရွာကာလသားခေါင်း လုပ်တုန်းက ရွာမှာ သာရေးနာရေး ဦးဆောင်ရတာပေါ့ဟာ။ တစ်ခါတော့ ရွာက နာရေးပေါ်တော့ နာရေးရှင်က ငွေနှစ်သောင်း ထုတ်ပေးပြီး ကာလသားအဖွဲ့ကို နာရေးမြေကျရေး တာဝန်ပေးတာပေါ့။ သူတို့ဆီမှာ ထုံးစံရှိသတဲ့။သည်လို အကြောင်းပေါ်ရင် ကာလ သားအဖွဲ့ကို အပ်တယ်ပေါ့လေ။ အဲသလောက်ပိုက်ဆံ မကိုင် ဖူးတော့ ဂျိုးပိန်က သွေးတကြွကြွနဲ့တဲ့။ လက်ထဲ ငွေနှစ် သောင်းတော့ ကိုင်ထားပါရဲ့၊ ဘာလုပ်ရမှန်း မသိဘူးတဲ့။ အရင်က အတွေ့အကြုံရှိတဲ့ ကာလသားခေါင်း ကိုလည်း မမေးဘူး။ ကာလသားအဖွဲ့ထဲက ဘယ်သူ့ကိုမှလည်း တာဝန် ခွဲမပေးဘူး။ သူ့အတွက် ငွေနှစ်သောင်းက များလွန်းနေတာ ကိုး။ ထားရမယ့် နေရာမရှိတော့ အစ်မဝမ်းကွဲကို အပ်တာပေါ့။ အစ်မကလည်း အယူသီးကြသူတွေဆိုတော့ သည်လိုပိုက်ဆံ မကိုင်ချင်ဘူး ဖြစ်ပါလေရော။ သူကလည်း ပိုက်ဆံ တကိုင် ကိုင်နဲ့ဆိုတော့ ဖဲဝိုင်းမှာ ဖဲရှုံးတဲ့သူငယ်ချင်းက ဂျိုးပိန် မင်း ပိုက်ဆံ တစ်ညလောက် ချေးကွာဆိုတော့ အစက ငြင်းသေး သတဲ့။ နောက်တော့ ဟိုက မနက်ကျ မင်းနှစ်သောင်းကို နှစ်သောင်းခွဲ ပေးမယ်ကွာဆိုတော့ မလုပ်ပါနဲ့ကွာ၊ သူတို့ နာရေးက သုံးရက်ထားမှာ သန်ဘက်ခါမြေချမှာပါ။ မနက်ဖြန် ပိုက်ဆံတွေ ခွဲရတော့မယ်၊ ဘုန်းကြီး သုံးပါးက ဘယ်ရွေ့ဘယ် မျှ၊ ကန်တော့ပွဲက ဘယ်လောက်၊ ကျင်းတူးအဖွဲ့ကို အရက်ဖိုး ပေးရမှာနဲ့ဘာနဲ့ သုံးရတော့မှာဖြစ်လို့ မချေးနိုင်ကြောင်း ပြောပြ သတဲ့။ သည်တော့ ပိုက်ဆံချေးတဲ့သူငယ်ချင်းက 'ဟကောင်ရ၊ မိုးလင်းရင် ငွေမြင်ရမယ့်ဟာ ခုတစ်ညတည်းပါကွာ ဂျိုးပိန်ရ၊ လုပ်ပါဆိုတော့ အားနာနာနဲ့ ခါးပုံစထဲ လိပ်ထည့်ထားတဲ့ပိုက် ဆံ ထုတ်ချေးလိုက်ရော။ ပိုရမယ့် ငါးထောင်လည်း မက်တာပါ သတဲ့။ မနက်ကျ ဖဲရှုံးတဲ့ သူငယ်ချင်းက သူချေးလိုက်တဲ့ ပိုက်ဆံပါ ဆက်ရှုံးတော့ မိုးမလင်းခင် တခြားရွာကို ထွက်ပြေး သတဲ့။ ဂျိုးပိန်အိပ်ရာက နိုးတော့ ရှာမတွေ့တော့ဘူး။ ငွေနှစ် သောင်းမပြောနဲ့ နှစ်ကျပ်တောင် ရှာဖို့ခက်တဲ့ အရပ်မှာ တကယ် ဒုက္ခရောက်တာက ဂျိုးပိန်ဖြစ်နေရော။ ဒါနဲ့ ဘာ လုပ်တုံးဆိုတော့ နာရေးရှင်ကို သွားပြောတယ်။ ခင်ဗျားတို့ မသာ သုံးရက်ထားပါ၊ ဆွေမျိုးတွေစုံအောင် စောင့်ပါဦး ဘာ ညာ သွားပြောတော့ ဟိုက လက်ခံသတဲ့။ ဂျိုးပိန်က နှစ်ရက် တိုးရလို့ ဝမ်းသာပေမဲ့ ငွေနှစ်သောင်းအတိုးနဲ့ လိုက်ရှာတာကိုပဲ ဘယ်ကမှ ချေးမရဘူး။ သည်လိုနဲ့ သုံးရက်ကုန်ပြီ နောက် တစ်နေ့ မြေကျရတော့မယ်ဆိုတော့ နာရေးရှင်ကို တစ်ခါသွား ပြောပြန်ရော။ ခင်ဗျားတို့ကိစ္စ ငါးရက်ထားပါ အဝေးရွာတွေက မေးကြစမ်းပါစေဦးပေါ့လေ။ သည်ကြားထဲ ပိုက်ဆံလိုက်ချေး တာ ဘယ်ကမှမရတော့ ရွာထိပ်ကဇရပ်ပေါ် စိတ်ညစ်ညစ်နဲ့ သွားထိုင်နေသတဲ့။ နောက်တော့ နာရေးရှင်ကသိသွားလို့ ဇရပ် ပေါ်လိုက်လာပြီး ငွေနှစ်သောင်း ထပ်ပေးသတဲ့။ အဲသည်ကျမှ ချက်ချင်း အလောင်းမြေကျဖို့ စီစဉ်နိုင်သတဲ့။ ဂျိုးပိန်က ရှိးတာ ရော၊ ဖဲရှုံးတဲ့ကောင်က ညစ်တာရော ကာယကံရှင်တွေက သိသွားကြလို့သာပေါ့။ နောက်မှ သူ့ပေါ်တင်နေတဲ့ အသုဘ ကြွေး နှစ်သောင်း ဖြည်းဖြည်းချင်း ရှာဆပ်ခဲ့ရသတဲ့။ ဒါနဲ့ ငါက မေးတယ် တော်သေးတာပေါ့၊ မင်းကို နာရေးရှင်က ငွေထပ်မပေးရင် ဘယ်လိုလုပ်မလဲမေးတော့ မတတ်နိုင်ဘူး လေ နာရေးရှင်ကို ကိုးရက် အထားခိုင်းရတော့မှာပေါ့တဲ့။ ငါဖြင့် ရယ်လိုက်ရတာဟာ'

ကျွန်မမောင်က ကြားလာတာကို ပြောလည်းပြော ရယ် လည်းရယ်နေလေရဲ့။ ဖြစ်ရလေ။ သူ့မှာ အဲသလို ဇာတ်လမ်း တွေ ရှိဦးမယ်ထင်တာပါပဲ။ ကျွန်မစိတ်ထင်တော့ ပိုက်ဆံချေး လိုက်တယ်ဆိုတာက ပိုရမယ့် ငါးထောင်ကို မက်တာထက် အားနာတာကပိုမယ်ထင်ပါရဲ့။ တစ်ရက်တော့ သူ့ရွာအကြောင်း မေးကြည့်ရဦးမယ်လို့လည်း စိတ်ထဲတေးထားမိတယ်။

သိပ်မကြာပါဘူး။ ဂျိုးပိန်က သူ့ရွာမှာကြုံခဲ့တာတွေကို ပြောပြန်သတဲ့။ သည်အတိုင်းတော့ ပြောချင်လှချည့် ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောတာတော့ မဟုတ်ဘူး။ ချော့ချော့မော့မော့နဲ့ မေးလို့ ထွက်လာတဲ့ စကားလို့လည်းဆိုရဲ့။ ကျွန်မမောင် စိုးခက အောက်ထပ်မှာ လက်ဖက်ရည်နှစ်ခွက် ဝယ်ခိုင်းပြီး နေ့လယ်ဘက်တွေမှာ ကိုကျော်နီနဲ့ဂျိုးပိန်ကို တိုက်နေကျပါ။ ဂျိုးပိန် လက်ဖက်ရည်ဝယ်ချေကွာဆိုရင် ပုဆိုး ရင်ခေါင်းမြှောက်ပြီး ပြေးတော့တာပဲ။ လက်ဖက်ရည် ကြိုက်မှန်းသိတော့ သောက်မလားဆိုရင် သောက်ချင်လှချည့်ဗျားလို့တောင် ပြောသတဲ့။ 'ပြောစမ်းပါဦး ဂျိုးပိန်ရ မင်းတို့ရွာအကြောင်း' ဆိုတော့ 'ဘာမှပြောစရာမရှိပေါင်ဗျာ၊ တောရပ် တောရွာ ဘာထူးဆန်းလိမ့်မတုံး' လို့လည်း စကားခံသတဲ့။

'ဥပမာကွာ မင်းတို့ရွာမှာ ကြက်တိုက်တာ၊ ယုန်လိုက်တာ၊ ဗေဒင်ဟောတာ၊ နတ်ဝင်တာ သရဲတစ္ဆေပူးတာမျိုးပေါ့ကွ'

'ကြက်တိုက်တာတော့ ရွာမှာ တချိန်းချိန်းပေါ့ဗျာ၊ ကျုပ်တို့ကာလသားတုန်းက တိုက်ကြက်ဆိုတာကလည်း ကာလသားတိုင်း ကိုယ်ပိုင်ရယ်လို့ တစ်ယောက်တစ်ကောင်တော့ အောက်ထစ်ရှိသူချည်းကိုးဗျ။ ခက်တာက ကျုပ်က ကြက်ဆိုတာကြီးကို အာရုံကို မရှိတာ။ တစ်ခါ ကြက်ပွဲ အသွားကောင်းလို့ ရေနံသုတ် ဒဏ်သင့်ပါသကော'

'ရေနံသုတ်ဒဏ်က ဘာတုံး'

'ရေနံသုတ်ဒဏ်က ရေနံချေးသုတ်ရတဲ့ဒဏ်ပေါ့ဗျ။ အပြစ်ရှိတဲ့လူကို ရွာလူကြီးက ဘုန်းကြီးကျောင်းမှာ ဥပုသ်တစ်သီတင်း မြက်ပေါက်ချေ၊ မြက်ရှင်းချေဆို ရှင်းရတာပေါ့။ ဘုန်းကြီးကျောင်းတစ်ပတ်လည် ရေနံသုတ်ဆို သုတ်ရတာပေါ့'

'မင်းက ကြက်တိုက်လို့လား'

'မတိုက်ပါဘူး၊ သွားကြည့်တာပါ။ တစ်ခါသွားပါတယ် တစ်ခါမိတာပဲ'

'ပြောပါဦး ဂျိုးပိန်ရ'

ကျွန်မမောင်ပြောသလောက်တော့ ဂျိုးပိန်တို့ရွာတွေမှာ ကာလတစ်ခုတုန်းက ကြက်ပွဲတွေခေတ်ထသတဲ့။ တရားဝင်ခွင့်ပြုတာမဟုတ်တော့ နှစ်ရွာ၊ သုံးရွာဆုံတဲ့ တောခြေတွေ၊ ချောက်တွေ၊ လျှိုတွေထဲမှာ ကြက်ခိုးတိုက် ရတာပေါ့လေ။ ဂျိုးပိန်တို့ရွာနဲ့ မနီးမဝေးမှာ မသောင်းလှ ချောက်ဆိုတာ နေ့ခင်းကြောင်တောင် လူမဖြတ်ဝံ့တဲ့ချောက်တဲ့။ အရင်ကတော့ ရွာတွေက သည်နားက ချောက်ကို ခေါ်ရိုးခေါ်စဉ် လင်းမြွေချောက်ခေါ်ကြတာပါ။ သည်ချောက်ထဲ အမဲပေါ်၊ ဝက်ပေါ် လုပ်ကြတာ၊ အရက်ပုန်းချက်ကြတာ၊ ရွာမဝင်ဝံ့တဲ့ သူခိုးဓားပြတွေ ခိုကြတာဆိုတော့ တောင်လိုပုံနေတဲ့ အမဲရိုးတွေ၊ အရက်ချက်ဖိုခ နောက်ဟောင်းတွေ၊ မီးဖိုဟောင်းတွေနဲ့ ပေပွနေတဲ့ နေရာပေါ့။ သည်လိုခေါ်ကြရာက သည်ချောက်ထဲ မသောင်းလှဆိုတဲ့ မိန်းမ မှိုရှာရင်း ပိုးထိလို့သေတာ ပုပ်ပွနေမှ ရွာက သိကြရသတဲ့။ အဲသည်ကတည်းက သည်ချောက်ကို မသောင်းလှချောက်ခေါ်ကြသတဲ့။ မသောင်းလှချောက်ထဲက မြေပြန့်မှာ

ထန်းပင်လုံးလောက်ရှိတဲ့ ကုက္ကိုပင်တွေ သုံး,လေးပင်လောက်ရှိတော့ နောက်ပိုင်း ကြက်ပိုင်း ဖဲဝိုင်းလုပ်ကြရင် လူတစ်ယောက်ကို ကုက္ကိုပင်ပေါ်မှာ လူစောင့်ချထားတတ်ကြတယ်။ ရွာလူကြီးတွေ လာဖမ်းရင် အချိန်မီသိအောင်လို့ပေါ့လေ။ အဝေးကိုမြင်အောင် ကင်းချထားတဲ့သဘောပေါ့။ ကင်းသမားက ရွာဘက်ကို လှမ်းကြည့်နေရတဲ့တာဝန် ယူရတယ်။

တစ်ရက်မှာတော့ ဂျိုးပိန်က ရွာထဲနေရတာ ပျင်းပျင်းရှိတာနဲ့ ကြက်ပွဲရှိရာ မသောင်းလှချောက်ဘက်ကို ဆိုက်ဆိုက်ကြီး ရောက်သွားသတဲ့။ ဂျိုးပိန်ရောက်တော့ ကြက်ပွဲကကြီးလှပြီ။ သူလည်း ကြက်ပွဲကြည့်သူတွေကြားထဲ ငုတ်တုတ်ပေါ့။ အနားမှာလည်း ငုတ်ကောင်းကောင်းရိုက်ပြီး လံထားတဲ့ ကြက်တွေလည်းရှိတယ်။ ကြည့်နေတုန်း တောင်ရွာက သာဗျောက သွေးရဲရဲနဲ့ လည်ပိုက်စိုက်ကျနေတဲ့ ကြက်တစ်ကောင်ကို သူ့လက်အပ်ရင်း 'မင်းတို့ရွာက အောင်ခင်ကို လူကြုံပေးလိုက်ပါရစေ၊ သူ့ကြက် ယူတိုက်တာ ရှုံးပါရောလားကွာ။ ငါ မပို့အားလို့ မင်းပဲ ပိုက်သွားစမ်းပါ' ဆိုသတဲ့။ ဂျိုးပိန်က 'ငုတ်ရိုက်ပြီးလံထားဗျာ၊ ကျုပ်ပြန်တော့ ယူသွားပါ့မယ်' ဆိုပြီး တိုက်လက်စကြက်နှစ်ကောင်ကိုပဲ သဲကြီးမဲကြီး ထိုင်ကြည့်နေသတဲ့။

'ခဏနေတော့ ကျုပ်က တပိုတပါးသွားချင်လာလို့ တောစပ်ဘက်ဆင်းနေတုန်း သစ်ပင်ပေါ်က လူစောင့်က ဆင်းလာပြီး ရွာလူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေ လာနေပြီလို့လည်း သတင်းပေးရော ဘာပြောကောင်းမတုံး ကိုယ့်ကြက်ကိုယ်ပိုက်ပြီး ပြေးကြတာများ ဘာသံမှ မကြားရဘူး။ ကြက်ပွဲကြည့်တဲ့ လူတွေက ဒါမျိုးရိုးနေမှာပေါ့။ ကျုပ်ကသာမသိတာ။ တပိုတပါးက ထ,လာတော့ လူတွေတစ်ယောက်မှကို မရှိတော့တာ။ ကျုပ် စိတ်ထဲ ဘယ်လိုဖြစ်ပါလိမ့်လို့တော့ အောက်မေ့သားပေါ့။ ဒါနဲ့ တစ်ကောင်တည်း လံထားတဲ့ သာဗျောကြက်ကို ကြိုးဖြုတ်နေတုန်း ကျုပ်ကို မိတာပဲ။ လူကြီးအိမ်ရောက်တော့ စစ်ကရော၊ စစ်တော့ ကျုပ်ကလည်း မှတ်မိတဲ့လူတွေ နာမည် အကုန်ပြောတာပဲ'

'အရေးထဲ မင်းက အခင်းသွားနေရသေးကွာ'

'သွားချင်တာကိုးဗျ'

'မိတော့ ဘယ်လို အပြစ်ပေးတုံး'

'ကျုပ်ကဖော်လို့ စာရင်းပါတဲ့လူအားလုံး နာမည်တွေရေးပြီး ရွာပေါက်စေ့လိုက်ကပ်တယ်။ ဘယ်နေ့၊ ဘယ်ရက် အသာတကြည် လာဝန်ခံရင် ဘုန်းကြီးကျောင်း ရေနံသုတ်ရုံဒဏ်နဲ့ပြီးမယ်၊ မလာရင် ရာဇဝတ်ဒဏ်ဆိုတော့ မလာဘဲ မနေဝံ့ကြဘူးလေ။ ကျုပ်လည်း ကြက်သမားတွေက ဆဲကြစမ်းဆိုတာများ'

'ကြက်သမားတွေက မင်း မုန်းကြရောလား'

'မုန်းမုန်းလေ၊ ကျုပ် ဖော်လိုက်တော့ ဘုန်းကြီးကျောင်းမကြီး ရေနံတောင်ဝ,သွားသေး။ ကျုပ်ကြောင့် သူတို့ ကုသိုလ်ရကြကရော။ ရေနံသုတ်ဒဏ်ထဲမှာ ကျုပ်တို့ ရွာက ကြက်ငှား



www.burmeseclassic.com

လိုက်တဲ့ ကိုအောင်ခင်တောင် မလွတ်ဘူး'

ကျွန်မဖြင့် ရယ်လိုက်ရတာ။ သူ့ကိုမိတယ်ပဲထားပါဦး။ ထွက်ပြေးတဲ့သူတွေကို ဘာကိစ္စဖော်တာတဲ့လဲ။ ရွာကလူကြီးတွေက ဇက်ကြီးလိမ်နေတဲ့ ကြက်တစ်ကောင်နဲ့ မိပြီဆိုမှတော့ ဘယ်အလွတ်ပေးတော့မှာတုံး။ ကိုစိုးခက 'မင်းက ဘယ်လိုဖော်တာတုံး' ဆိုတော့ ဂျိုးပိန်က ဖြေသတဲ့။

'ကျုပ်ကို ကြက်လည်လိမ်နဲ့တွေ့တော့ ဒါ ဘယ်သူ့ကြက်လဲတဲ့။ ကျုပ်က ရွာက ကိုအောင်ခင့်ကြက်၊ တစ်ရွာသားကိုသာဗျောက ကြက်ငှားပြီး ကျုပ်ပို့ခိုင်းတာလို့ ပြောကာရှိသေးလူကြီးက နေဦး နေဦး စာရင်းမှတ်စမ်းတဲ့။ ဂျိုးပိန်သာဗျော ခင်အောင် ဟုတ်ပြီ၊ နောက် ဘယ်သူတွေတုံးဆိုတော့ ကျုပ်က အကုန်ဖော်တာပဲ။ မလိမ်ဝံ့ဘူးဗျ၊ လိမ်ရင်တစ်မှု ထပ်တိုးမှာ' ဆိုတာတောင် ပါသေးသတဲ့။ နောက်ပိုင်းတော့ ကြက်ပိုင်းကို ဂျိုးပိန်လာရင် မောင်းထုတ်ကြသတဲ့။ ပေကတ်ကတ်နဲ့ မသွားဘဲနေရင် ပိုက်ဆံနှစ်ရာပေးကြသတဲ့။ 'ကျုပ်က ပိုက်ဆံပြတ်ရင် ကြက်ပိုင်းဘက် သွားတာပဲ၊ ငွေနှစ်ရာရရင် ပြန်လှည့်လာတာပဲ' တဲ့လေ။ ဆက်ပြောသေးတာတဲ့။

'ကျုပ်က ညဘက်ရောက်တော့ ငါးဖော်တာ လူတစ်ယောက်လိုနေတယ်၊ ဘယ်သူကျွန်ပါလိမ့်လို့ ညဦးကတည်းက စဉ်းစားတာ မပေါ်ဘူး။ ည သန်းခေါင်လောက်ကျတော့ ပေါ်ရော။ သစ်ပင်ပေါ်တက်ပြီး ကင်းစောင့်တာဝန်ကျတဲ့ ငချစ်ကျန်နေတာ။ ဒါနဲ့ ညကြီးသန်းခေါင် လူကြီးအိမ် ထ,သွား၊ ရအောင်နှိုးပြီး စာရင်းပေးလိုက်တယ်။ လူကြီးက လာနှိုးရပါ့မလားလို့ ငေါက်လိုက်တာဗျာ။ ငေါက်တာက အရေးမကြီးဘူး မနက်လင်းမှ ငချစ်ကျန်တာ သိသွားရင် ကျုပ်အပေါ် အမှုထပ်တိုးမှာလေ'

'မင်းက ကြက်ပိုင်းသွားတာနဲ့ နှုတ်ပိတ်ခငွေနှစ်ရာ နှစ်ရာရနေတော့ ကိုက်ပြီပေါ့'

'သူတို့က ပေးတော့ ပေးကြပါရဲ့ ကြိမ်းသေးတာ။ မင်းငွေနှစ်ရာယူပြီး ပါးစပ်ပိတ်နေတဲ့၊ သည်တစ်ခါဖော်ရင် မင်းတစ်ကိုယ်လုံး ရေနံချေးသုတ်ပြီး မီးကင်ပစ်လိုက်မယ်တဲ့။ တကယ်လုပ်မယ့်လူတွေဗျ၊ ဘယ်ဖော်ဝံ့တော့မှာတုံး။ ဒါပေမဲ့ ဖော်ချင်တာ ပါးစပ်များ ယားချက်'

ဟုတ်မှာပဲ။ တောသူ တောင်သားတွေဆိုတာ ရိုးကြသူတွေများတယ်။ ဂျိုးပိန်ကတော့ ရိုးတဲ့ဟိုဘက် အူတဲ့အထိ ရောက်နေတာလေ။ နှုတ်ပိတ်ခ ယူတာကယူတာပဲ၊ ပါးစပ်များ ယားချက်ဆိုတာလည်း တကယ့်ခံစားမှုပါ။ တစ်ရက်တော့ ဂျိုးပိန်ကို ရွာကြောင်းရပ်ကြောင်းတွေ မေးမယ်လို့ တေးထားမိတယ်။

ဂျိုးပိန်နှင့် သူ၏ ကမောက်ကမများပေါ့လေ။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ခင်ခင်ထူး**




**အရိုင်းဒီရေ** သည်
မြန်မာပရိသတ်နှင့် ရင်းနှီးပြီးဖြစ်သည့်
ကမ္ဘာကျော်စာရေးဆရာ
Amitav Ghosh ၏
ထင်ရှားသည့် လက်ရာစာအုပ်ကို
ဆရာရာပြည့်က
မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။
ဆွန်ဒါဘန်စ်မြစ်ဝှမ်းမှ
ကျွန်းတစ်ကျွန်းပေါ်တွင်
အခြေချလာရောက်နေထိုင်သူများကို
အိန္ဒိယအစိုးရက ရက်ရက်စက်စက်
ချေမှုန်းရှင်းလင်းပစ်ခဲ့ပုံများ၊
ဆွန်ဒါဘန်စ်၏ နာမည်ကျော်လူသားစားကျားများအကြောင်း၊
ဧရာဝတီလင်းပိုင်အပါအဝင်
ရေချို၊ ရေငန် လင်းပိုင်များ၏
အလေ့အထများအကြောင်း
ရက်ရှယ်ရေးဖွဲ့ထားသည့်
ဇာတ်လမ်းဖြစ်သည်။

■

NDSP

Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
E-mail : www.ndspbook.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၈၂၂၀


www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်စွာ စားသောက်နေထိုင်မှုဘဝပိုင်ဆိုင်နိုင်ဖို့ Papaya Enzyme ကို သောက်ကြစို့

NATROL

# Papaya Enzyme




အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဗိုက်အောင့်ခြင်း တို့ အစဉ်ကင်းဝေး



ဝါးစားနိုင်သော ဆေးပြားများ




MADE IN U.S.A

အမေရိကန် စံနှုန်းပြည့်အရည်အသွေးမြင့်ဆေးဝါးဖြစ်ကြောင်း အာမခံသည်။

NATROL
35 Years of Quality Uncompromised

21411 Prairie Street
Chatsworth CA 91311 (USA)

Myanmar Distributor :
Saung Thazin Trading Co.,Ltd.

Yangon: No 262/264, Pyay road, Dagon Center 1, Room 704-B, Sanchaung township, Yangon, Myanmar
Ph: 539115, 516678, - Fax: 539115

Mandalay: No.263, D-3, 81 Street, Between 23rd & 24 Street, Mandalay, Myanmar.
Tel:02 60177 HP:09 2057624, 09 5022631

www.burmeseclassic.com

www.burmeseclassic.com


ပွဲလမ်းအလှူ အိမ်မှာသုံးလက်ဆောင်ပေးရန်အကောင်းဆုံး




အမှတ်-၂၂ နဝဒေးလမ်း
ဒဂုံမြို့နယ်
ရန်ကုန်မြို့

ယုဇနလက်ဖက်နှင့်အကြော်စုံ ®

ဖုန်း - ၀၁ ၂၄၂၅၂၆ ၀၁ ၂၅၅၅၂၅ ၀၁ ၂၅၅၆၃၅ ၀၉ ၂၅၀၃၁၀၄၇၅-၇၆


www.burmeseclassic.com